
# မေတ္တာရှင် (ရွှေပြည်သာ)

## အရှင်ဝိစိတ္တာလင်္ကာရ (ရွှေစုန်းချောင်းဆရာတော်)



# စိတ်ဓာတ်မြင့်မှ လူမြင့်မယ်

စိတ်ဓာတ်မြင့်မှ လူမြင့်မယ် - အရှင်ဝိစိတ္တာလင်္ကာရ (ရွှေစုန်းချောင်းဆရာတော်) မေတ္တာရှင် (ရွှေပြည်သာ)

မေတ္တာရှင် (ရွှေပြည်သာ)

အရှင်ဝိစိတ္တာလင်္ကာရ (ရွှေစုန်းချောင်းဆရာတော်)



စိတ်ဓာတ်မြင့်မှ လူမြင့်မယ်

# မေတ္တာရှင် (ရွှေပြည်သာ)

# စိတ်ဓာတ်မြင့်မှ လူမြင့်မယ်

**စိန္ဒိုးယံစာပေ**

အမှတ်(၁၅)၊ အောင်တော်မူလမ်း၊

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

– ၀၉၅၁၈၄၁၀၀

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၀၀၃၅၉၀၅၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၃၆ဂ၀၆၁၁

**စီစဉ်သူ**

ကိုဖြိုး

**ထုတ်ဝေသူ**

ခင်မာချို (ပန်းဝေဝေစာပေ)

အမှတ်(၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန်

(ကျောက်စိမ်းပုံနှိပ်တိုက်)

အမှတ်(၁၇၁)၊ ၃၃-လမ်း (အထက်)၊ ရန်ကုန်မြို့

**ထုတ်ဝေခြင်း**

၂၀၁၁ ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀၀၊ တန်ဖိုး (၂၀၀၀) ကျပ်

၂၉၄. ၃

မေတ္တာရှင် (ရွှေပြည်သာ)၊ အရှင်ဝိစိတ္တာလင်္ကာရ (ရွှေစုန်းချောင်း)

စိတ်ဓာတ်မြင့်မှလူမြင့်မယ် / မေတ္တာရှင် (ရွှေပြည်သာ)၊

အရှင်ဝိစိတ္တာလင်္ကာရ (ရွှေစုန်းချောင်း) ။ - ရန်ကုန်။

ပန်းဝေဝေစာပေ၊ ၂၀၁၁ ။

၂၅၀ - စာ ၊ ၁၃. ၂၁ x ၂၀. ၈၃ စင်တီ။

(၁) စိတ်ဓာတ်မြင့်မှလူမြင့်မယ်

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


ဘုရားတည်မှု ---------------------------------------- ၁၀
စိတ်ဓာတ်မြင့်မှ လူမြင့်မယ် ------------------------------ ၁၃
ပါဏာတိပါတအဖွင့် ------------------------------ ၁၈
ရည်ညွှန်းသူနှင့်မရည်ညွှန်းသူ ------------------------ ၂၀
ကိုယ့်ကိုယ်ကိုသတ်သေတာ ပါဏာတိပါတကံ ထိုက်မထိုက် ---- ၂၂
ဂေါဓိကဝတ္ထု ------------------------------------ ၂၃
သီဟာထေရီဝတ္ထု ---------------------------------- ၂၄
ပါဏာတိပါတ အပြစ်ကြီး အပြစ်ငယ်သဘော ------------ ၂၅
ပါဏာတိပါတကံရဲ့ ဆိုးကျိုးများ ---------------------- ၂၇
ပါဏာတိပါတဆိုးကျိုး လက်တွေ့ခံစားရသူတစ်ယောက်အကြောင်း
(သို့မဟုတ်) နန်းရင်းဝန်ဟောင်းဂဠုန်ဦးစော ------------ ၂၈
နန်းရင်းဝန်ဟောင်း ဂဠုန်ဦးစော(၁၉၀၀-၁၉၄၈) -------- ၂၉
ပိုက်ဆံမကုန်ဘဲ ရသောကုသိုလ် --------------------------- ၅၃
ပုဏ္ဏားဆိုတာ ---------------------------------- ၅၆
ပုဏ္ဏားဟူသော ဝေါဟာရ -------------------------- ၅၈
အပြစ်ကင်းသော သေခြင်း ------------------------- ၅၉
ပေရွက်တစ်ရွက်ရဲ့ သက်တမ်း ------------------------ ၆၂
ခိုး၍မရသောအရာ --------------------------------------- ၆၅
လိုတရသီလ ------------------------------------------- ၉၃
ပင်လယ်ရေနဲ့မြစ်ရေ ------------------------------------ ၁၁၃
မီးတောင်ထိပ်က နတ်စောင်းသံများ ------------------------ ၁၄၅
အပိုင်း(၁) သေဘက်သို့နီး သက်တော်ကြီး၍ ------------ ၁၄၉
အပိုင်း(၂) အမာတာပုတ္တိကဘေး --------------------- ၁၅၁
အပိုင်း(၃) ဆရာမိုက် ------------------------------ ၁၅၆
အပိုင်း(၄) သံယောဇဉ် အကျဉ်းသား ------------------ ၁၆၀
အပိုင်း(၅) ချမ်းသာအတု -------------------------- ၁၆၅

အပိုင်း(၆) တစ်ခုလျှုက လေးမျိုးရ --------------------၁၇၀
သုပ္ပဗ္ဗသာသုတ္တန် ---------------------------- ၁၇၁
သုဒတ္တသုတ္တန် ---------------------------- ၁၇၃
ဘောဇနသုတ္တန် ----------------------------၁၇၄
အပိုင်း(၇) ယမမင်းရဲ့ အကြံအစည် ------------------ ၁၇၅
ကြိမ်ပိုက်ချောင်း ငရဲ ----------------------- ၁၇၉
ခွေးစားငရဲ ------------------------------၁၈၀
အပိုင်း(၈) ပိဋကတ်တော်ထဲက ဝိတ်လျှော့နည်းကလေး ------- ၁၈၁
အပိုင်း(၉) သောတတင်းအောင် --------------------၁၈၆
အပိုင်း(၁၀) ပြောတဲ့အတိုင်း လုပ်ဆောင်ပါ --------------၁၉၁
ရိပ်သာဘုန်းကြီး၏လုပ်ရပ်ကြောင့်
နိုင်ငံခြားသားယောဂီလန့်ပြေးရခြင်း --------- ၁၉၆
အပိုင်း(၁၁) နေရာ --------------------------------၁၉၈
အပိုင်း(၁၂) အနာဂတ်ဘေး ------------------------ ၂၀၄
အပိုင်း(၁၃) ရဟန္တာတွေ ကြောက်တြသေးသလား -------- ၂၀၉
အပိုင်း(၁၄) လူမဲတစ်ယောက်ရတဲ့ တုသိုလ် -------------၂၁၅
အပိုင်း(၁၅) ဆူးရဲ့အလွန် --------------------------- ၂၂၀
မေတ္တာလမ်း ------------------------------------------ ၂၂၅
ဒဏ်ရာနဲ့ဒါန --------------------------------------------၂၂၉
ဘုရားရှင်မြင့်မြတ်ပုံကိုမေးခြင်း -------------------- ၂၃၀
လူအစစ်မှာ ရှိတဲ့သတ္တိ ------------------------------- ၂၃၂
သေခြင်းကင်းအောင် ဒါကိုဆောင် ----------------------၂၃၉
မြေသန့်ကြိုက်၍ သုသာန်မဟုတ်သော မြေနေရာကို
ရှာဖွေသူ ပုဏ္ဏား ---------------------------------- ၂၄၀
မရဏာနုဿတိဘာဝနာ ------------------------ ၂၄၃
တုဘက်မဲ့ဗုဒ္ဓမြတ်စွာ၏ မရဏာဿတိကထာ
တာဝန်ယူမှုအပိုင်း -------------------------------၂၅၀
မရဏာနုဿတိပွားများရကျိုးလက်ာ ------------------ ၂၅၁
ရှိလောင်ဇာတ်လမ်း --------------------------------၂၅၂

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ပန်ကြားလွှာ

ဤစာနိဒါန်း
ပုလဲပန်းဖြင့်
စိတ်ကြမ်း မာန်လျှော့
ကျွန်ကန်တော့ကာ
တောင်းပန်ပါ၏
ကဝိသူတော်
ပညာကျော်တို့
ခွင့်တော်အပြစ်-လွှတ်စေသော်...။

သာကီနွယ်
(ဓမ္မဗျူဟာ ဦးမြသောင်း)

## ရွှေစုန်းချောင်းဆရာတော်၏ အမှာစာ

အမှာစာဆိုတာ ဘယ်လိုဟာမျိုးလဲဟု တွေးတောဖူးသူတွေ ရှိကောင်း ရှိကြပါလိမ့်မည်။ မရှိချင်လည်း မရှိနိုင်ပါ။ ရွှေစုန်းချောင်းအရှင်တို့ စာတွေ ကဗျာတွေ စတင်ရေးသားကာစ ၁၉၉၉-ခုနှစ်ဝန်းကျင်တွင် အမှာစာများကို ကျော်ဖတ်ကြသည်။ အမှာစာဆိုတာကို အပိုစာဟုထင်သည်။ ယခု ကိုယ်တိုင် လုံးချင်းစာအုပ်ကလေးတွေ လှိုင်လှိုင်ရေးလာသည့်အခါကျမှ အမှာစာဆိုတာ ဘယ်လိုဟာမျိုးလဲဟု တွေးရကောင်းမှန်း သိလာသည်။ တွေးမိသည်။ တွေး သည့်အတိုင်းလည်း သဘောပေါက်တန်သလောက် ပေါက်သည်။ အမှာစာ ဆိုသည်မှာ ဆရာဖေလင်းသစ်ပြောသော လူပျိုကြီးတစ်ဦးနှင့် အလွန် တူပါသည်။

ဖြစ်ပုံမှာ ဤသို့တည်း. . .။

အလွန်ကြွားချင်လှသော ကျော်ဌေးအမည်ရှိ လူပျိုကြီးသည် ရွှေဆွဲကြိုး တုတ်တုတ်ကြီးတစ်ကုံး ဆွဲသည်။ ဆွဲကြိုးကို အင်္ကျီအပြင်ဘက်တွဲလောင်းထုတ် ဆွဲဖို့ကလည်း ယောက်ျားသားဖြစ်နေ၍ မသင့်တော်။ ဆွဲကြိုးရှည်ရှည် တုတ် တုတ်ကြီးဆွဲထားတာကို လူလည်းသိစေချင်သေးသည်။ သူက လူမြင်၊ သူမြင် လည်ပင်းမှာပေါ်နေသည့် ရွှေဆွဲကြိုးနေရာ၌ စာချိတ်ထားလိုက်သည်။ “အထဲမှာ အရှည်ကြီးကျန်သေးတယ်” ဟူသတတ်။

စာအုပ်တစ်အုပ်၏ အမှာစာမှာလည်း ထိုနည်းၰင်းပင် ဖြစ်ပါသည်။ အထဲမှာဖတ်စရာတွေ အရှည်ကြီးကျန်သေးကြောင်း စာဖတ်ပရိသတ်ကို ရှေးဦးစွာ သတိပေးလှုပ်နှိုးသောစာသည် အမှာစာပင် ဖြစ်သည်။

စိန်မိုးယံစာပေ ထုတ်ဝေသူ ဒကာကိုဖြိုးနှင့်မစန္ဒီတို့က တရားဝါသနာထုံကြသည်။ အထူးသဖြင့် မေတ္တာရှင်(ရွှေပြည်သာ)၏ တရားတော်များနှင့် စာအုပ်များကို နှစ်သက်ကြသည်။ လောကအကြောင်း၊ ဓမ္မအကြောင်း ကွက်ကွက်ကွင်းကွင်းသိရ၍ ဆရာတော်အားကျေးဇူးတင်ကြသည်။ ဆရာတော်၏ ဆိုဆုံးမမှုအတိုင်း လောကကောင်းကျိုးသယ်ပိုးလိုကြရာသည်။ ယနေ့ခေတ်စားနေသော စကားဖြင့်သုံးရပါမူ ပရဟိတလုပ်ငန်း လုပ်ချင်ကြသည်။ ပရဟိတဆိုရာမှာလည်း အစုလိုက်အဖွဲ့လိုက် မလုပ်ချင်။ သူတို့ဇနီးမောင်နှံနှစ်ဦးတည်း စာအုပ်စာပေမှရသော အကျိုးအမြတ်လေးနှင့် တစ်ပိုင်တစ်နိုင် ပရဟိတလုပ်ငန်းမျိုးလေး လုပ်ချင်သည်။ ထိုကိစ္စ ရွှေစုန်းချောင်းအရှင်ကို လာရောက်အကူညီတောင်းကြ၏။ နောင်တော်ကြီး ဦးဇဝန (မေတ္တာရှင်-ရွှေပြည်သာ)၏ ဟောတရားထဲမှ ရွှေစုန်းချောင်းအရှင် အကြိုက်ဆုံးတရားသုံးပုဒ်နှင့် ဓနသိဒ္ဓိစီးပွားရေးသတင်းစုံဂျာနယ်၌ အပတ်စဉ်ရေးသားဖော်ပြခဲ့ပြီးသော ရွှေစုန်းချောင်း၏စာမူများကိုပေါင်းစပ်၍ စာအုပ်တစ်အုပ်စာ လုပ်ပေးလိုက်ပါသည်။ ထိုကိစ္စအား မေတ္တာတရားကြီးမားစွာ ခွင့်ပြုပေးခဲ့သော နောင်တော်ကြီးကို ကျေးဇူးတင်ပါသည်။ ကျန်းမာချမ်းသာပါစေကြောင်းလည်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ စိန်မိုးယံစာပေဒကာ ကိုဖြိုးနှင့် ဒကာမ မစန္ဒီတို့လည်း ကျန်းမာချမ်းသာပြီး အမျိုးဘာသာ၊ သာသနာအကျိုးကို တိုး၍တိုး၍ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမိပါသည်။ စာဖတ်ပရိသတ်များလည်း ကျန်းမာချမ်းသာတော်မူနိုင်ကြပါစေကုန်သတည်း။

အမျိုးဘာသာ၊ သာသနာ၊ ရောင်ဝါလင်းစေသော်. . .

ရွှေစုန်းချောင်းဆရာတော်
ဘဒ္ဒန္တဝိစိတ္တာလင်္ကာရ
(ဓမ္မကထိက/ စာရေးဆရာ)
ပဓာနနာယက ဆရာတော်
ဖူးပွင့်ဝေကျောင်းတိုက်
၁၂ရပ်ကွက်၊ ဘုန်းကြီးလမ်း၊ ပေါ်ဦးလမ်းသွယ်(၄)
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်။
HEROrose125@gmail.com
၀၉၇၃၀၇၂၅၉၃

## ထုတ်ဝေသူ၏အမှာစာ

ကျွန်တော်ဟာ ဆရာတော်အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ)ရဲ့ စာဖတ်ပရိသတ်တစ်ဦးဖြစ်ပါတယ်။ ဆရာတော်ရဲ့ တရားအဆုံးအမများ၊ ဒဿနများကြောင့် ကျွန်တော့်ရဲ့စိတ်ဓာတ်များက တဖြည်းဖြည်းလမ်းမှန်သို့ ရောက်ရှိခဲ့ရပါတယ်။

ကျွန်တော်ရဲ့အလုပ်အကိုင်က စာအုပ်ထုတ်ဝေသူ တစ်ယောက်ပါ။ ကျွန်တော်တို့ စာပေတိုက်က တိုက်ငယ်လေးတစ်ခုသာ ဖြစ်ပါတယ်။ ဆရာတော်ရဲ့ စာအုပ်ကို ထုတ်ဝေခွင့်ရလိမ့်မယ်လို့ တစ်ခါမှ မမျှော်လင့်မိခဲ့ပါဘူး။ ဆရာတော်ရဲ့ စာအုပ်တွေဖတ်၊ တရားကြားတွေနာကြားရင်း စာထဲ၊ တရားထဲမှာတာ ရင်းနှီးနေတာပါ။ တစ်ရက်တော့ ရွှေစုန်းချောင်းဆရာတော်နဲ့ မမျှော်လင့်ဘဲတွေ့ဆုံခဲ့ရပြီး ဆရာတော်ရဲ့စာမူနဲ့ ရွှေစုန်းချောင်းဆရာတော်တို့ရဲ့ စာမူကိုထုတ်ဝေခွင့်ရခဲ့လို့ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပါတယ်။

ကံမြင့်ကျောင်းတိုက်တွင် ရွှေစုန်းချောင်းဆရာတော်က မေတ္တာရှင်ဆရာတော်အား မိတ်ဆက်ပေး၍ စာအုပ်ထုတ်ဝေမည့်အကြောင်း လျှောက်ထားသောအခါ. . .

"အေး. . . ကောင်းတာပေါ့. . . ဒီလိုမှမထုတ်ရင် လေထဲမှာပျောက်သွားမယ့်အရာတွေကို တန်ဖိုးရှိအောင် စာအုပ်ထုတ်တယ်ဆိုတော့ ကောင်းတာပေါ့၊ အရင်ကကော စာအုပ်ထုတ်ဖူးလား"

"တင်ပါ့ဘုရား. . . ထုတ်ဖူးပါတယ်"

"အေး. . . ကောင်းပါတယ်ကွယ်. . . စာဖတ်တဲ့ပရိသတ်တွေကိုလည်း တန်အောင်ပေးရတယ်. . . နောက်ပြီး ရလာတဲ့အကျိုးအမြတ်ကိုလည်း

အကျိုးရှိတဲ့ ပရဟိတလုပ်ငန်းတွေမှာ အသုံးပြုပေါ့"

ဟု မိန့်တော်မူပါတယ်။ ကျွန်တော်သိလိုက်တဲ့ အသိလေးကတော့ ဆရာတော်ဟာ စာပေအပေါ်ထားရှိတဲ့ စိတ်ဓာတ်၊ စာဖတ်ပရိသတ်အပေါ်မှာထားရှိတဲ့ စေတနာ၊ လူသားတွေအပေါ်ထားရှိသော မေတ္တာကရုဏာစိတ်ဓာတ်ဟာ ကျွန်တော်အရင်က စာအုပ်တွေ၊ တရားတွေထဲက သိထားတဲ့ အသိတွေထက် ပိုပြီး မေတ္တာကရုဏာထားပါလားဆိုတာ ကိုယ်တွေ့ကြုံခဲ့ရလို့ ဆရာတော်အား ပို၍ကြည်ညိုလေးစားမိပါတယ်။

ဆရာတော်ဟာ စာမူတွေကို ဒါနပြုခဲ့တာပါ။ ကျွန်တော်တို့ဆီက တန်ဖိုးတစ်စုံတစ်ရာမျှ မတောင်းခံခဲ့ပါဘူး။ ကျွန်တော်တို့က ဒီစာအုပ်မှ ရရှိတဲ့ အကျိုးအမြတ်ကို ပရဟိတလုပ်ငန်းတွေနဲ့ ဆရာတော်ရဲ့ဩဝါဒအတိုင်း ပါရမီထိုက်တဲ့ဒါနတွေမှာ လှူဒါန်းဖို့ ရည်ရွယ်ခဲ့ပါတယ်။ ကျွန်တော်အရင်က ကိုယ်လုပ်တဲ့ ဒါနတွေ ပါရမီထိုက်မှန်းလည်း မသိ၊ လူတစ်ယောက်ဖြစ်ပြီး လူပီသအောင် ဘယ်လိုစိတ်ဓာတ်တွေနဲ့ နေထိုင်ရမလဲ မသိခဲ့ပါဘူး။ ဒီလိုစိတ်ဓာတ်တွေပြုပြင်ပြောင်းလဲနိုင်ခဲ့တာလည်း ဆရာတော်ရဲ့ ထိမိလှတဲ့ဥပမာတွေနဲ့ ဆုံးမသွန်သင်ခဲ့တဲ့ တရားတွေနဲ့စာအုပ်တွေကို ဖတ်ရှုနိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီစာအုပ်လေးမှာလည်း ဗုဒ္ဓဘာသာဝင် အများစု သတိမထားမိတဲ့ အလှူဒါနတွေအကြောင်းနဲ့ လူတစ်ယောက်ဖြစ်ပြီး လူပီသဖို့အတွက် လိုအပ်တဲ့ပြုပြင်သင့်တဲ့ စိတ်ဓာတ်အခြေအနေတွေကို ကွက်ကွက်ကွင်းကွင်း ထိထိမိမိဖော်ပြထားတဲ့အတွက် အကျိုးကျေးဇူးများ လှပါတယ်။ ဘာသာ၊ သာသနာ၊ လူမျိုးအတွက် အကျိုးရှိမယ့်အရာတွေကို ဆရာတော်နဲ့အတူ ထမ်းဆောင်နိုင်ကြတဲ့ သူတော်ကောင်းများ ဖြစ်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။

ဆရာတော်၏ ဩဝါဒများ၊ ဆိုဆုံးမမှုများအတိုင်း ကံကြမ္မာက သတ်မှတ်ပေးမည့် ကျန်ရှိနေတဲ့အချိန်တွေမှာ စောင့်တည်ရမယ့် သီလ၊ ပြုလုပ်ရမည့် ပါရမီထိုက်တဲ့ ဒါနများနှင့် ကျင့်ကြံအားထုတ်ရမယ့် ဝိပဿနာတရားများကို စောင့်ပြုကျင့်ကြံလျက် ဆရာကောင်းတပည့်ပီသအောင် နေထိုင်သွားရင်း ဆရာတော်ဘုရား၏ မေတ္တာအစွမ်း ကမ္ဘာလွှမ်း၍ ဆရာတော်ဘုရား ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လမ်းဖြာဖြာဝေလို့ . . .

အစဉ်မေတ္တာပို့လျက်

ကိုဖြိုး (စိန်မိုးယံစာပေ)

# ဘုရားတည်မှု

ဘုရားစေတီ တည်ထားရာ၌ ကုသိုလ်ရသည်ကား မှန်ပါ၏။ သို့သော် အကျိုးရသင့်သမျှ အပြည့်အစုံရဖို့ စဉ်းစဉ်းစားစား တည်ထားသင့်ကြသည်။ မဟာဝဂ္ဂသံယုတ် ဝိဟာရဝဂ္ဂဋ္ဌကထာ၌ သမ္မာဒိဋ္ဌိ ဖြစ်ပုံကို ပြရာဝယ် "အပ္ပတိဋ္ဌိတေ ဒိသာဘာဂေ စေတိယ ပတိဋ္ဌပနံ=စေတီမတည်ရသေးသောအရပ် (မြို့,ရွာ) တို့၌ စေတီတည်ခြင်းကို သမ္မာဒိဋ္ဌိ=အယူမှန်ခြင်း"ဟု ဆို၏။ စေတီရှိပြီးနေရာ၌ ထပ်၍တည်ခြင်းကို အဋ္ဌကထာမလိုလားကြောင်းမှာလည်း ဉာဏဝိဘင်္ဂအဋ္ဌကထာ၌ "ဧကသ္မိံ ဝိဟာရေ ဒွိန္နံ စေတိယာနံပိ လာဘသက္ကာရော ဥဠာရော န ဟောတိ" တစ်ကျောင်းတစ်တိုက်ဝယ် စေတီတော်နှစ်ဆူရှိရာ၌ လာဘ်ပူဇော်မှုမများ (မကောင်းနိုင်)ဟူသော စကားဖြင့် သိသာ၏။

ထိုအဋ္ဌကထာစကားကို လက်ရှိအခြေအနေကလည်း ထောက်ခံလျက်ရှိ၏။ စေတီတော်များပြားသည့်အတွက် မည်သည့်စေတီတော်မျှ အစောင့်အရှောက်ကျကျနနနှင့် သားနားသပ္ပါယ်အောင် စေတီတော်ရောက်သွားလျှင် စိတ်ကြည်နူးအောင် ကိုးကွယ်ထားသည်ကို မတွေ့ရ။ စေတီတော်များ၏ ရင်ပြင်တော်၌သော်မှလည်း လူများ၏ ခြေရာတွေနှင့် ခွေးမစင်၊ ပန်းအမှိုက် စသည်များကို တွေ့ရပါသေးသည်။

တချို့စေတီတော်ဝင်းအတွင်း၌ စေတီအငယ် ဆင်းတုတော်အငယ်တွေ အများအပြားရှိကြ၏။ တစ်ဖက်ကိုလှည့်၍ ဦးချနေခိုက် များစွာသော ဆင်းတုတော်များကို ကျောပေးထားရာ ရောက်တော့၏။ နာမည်ကြီးသော ဆင်းတုတော်မှာ ပန်းတွေပြည့်နေသော်လည်း ထိုဆင်းတုတော် စေတီတော်အငယ်များ၌ ပန်းတစ်ပွင့်မျှ မရှိကြချေ။ ကျေးရွာများ၌ ဘိုးဘွားအစဉ်အဆက်က

တည်ထားပြင်ဆင်လာသော စေတီတော်များ ရှိတတ်သေး၏။

သားစဉ်မြေးဆက်တို့ စီးပွားတက်ချိန်၌ ထိုစေတီတော်များ တန်ခိုးကြီးမား၍ သားစဉ်မြေးဆက်တို့ ဆုတ်ယုတ်သောအခါ ထိုဘိုးဘပိုင်စေတီများလည်း ညှိုးမှိန်ခြောက်သွေ့၍ (ဆင်းရဲသော ကျောင်းဒကာ၏ ဘုန်းကြီးပမာ) အရှိန်အဝါ မတောက်ပနိုင်ကြချေ။

ကာလအတော်ကြာလျှင်ကား မြက်သစ်ပင်များပေါက်ရောက်ရာ အုတ်ပုံဘဝသို့ရောက်၍ တစ်ချို့စေတီများမှာ ဌာပနာအဖောက်ခံရုံတွင်မက အုတ်တွေကို လူတို့က အသုံးပြုကာ ဖြစ်ချင်သလို ဖြစ်နေရရှာလေတော့သည်။

အနာဂတ်ကာလ၌ ပုဂ္ဂလိက ဘိုးဘပိုင်ဘုရားစေတီဆင်းတုတော်များ အသစ်မတည်ဘဲ ရွာလုံးမြို့လုံး ကိုးကွယ်ဖို့ရာ အဟောင်းစေတီများကို စုပေါင်းပြင်ဆင်၍ ဖြစ်စေ၊ လုံးလုံးမရှိသေးလျှင် အသစ်တည်၍ဖြစ်စေ၊ ကြီးကျယ်ခမ်းနားသော စေတီတော်ဆင်းတုတော်ကိုသာ တည်ထားကိုးကွယ်၍ မဟာရံတံတိုင်းတံခါးပိတ်များဖြင့် သားနားသပ္ပါယ်စွာ ဆင်ပြင်ထားသင့်ပါသည်။

အဘိုးအဘွားအရွယ်နှင့် သူတော်ကောင်းစိတ်ဓာတ်အပြည့်ရှိသော ငယ်ရွယ်သူတို့လည်း နံနက်နှင့်ညနေပိုင်း၌ စေတီဝင်းသို့သွားရောက်ဖူးမြော်ကာ မြက်သစ်ပင်တို့ကို ရှင်းလင်းခြင်း၊ ပန်းပင်စိုက်ခြင်း၊ ရေလောင်းခြင်းတို့ဖြင့် သက်တော်ထင်ရှား ဘုရားရှိနေသော ကျောင်းတိုက်လို သဘောထားကာ (စွမ်းနိုင်ပါမူ) ထိုဘုရားဝင်းအတွင်းမှာပင် ကမ္မဋ္ဌာန်းထိုင်လျက် နောင်သံသရာရေးအတွက် ကြိုးစားသင့်ကြပါသည်။ [ဆင်းတုတော်များကိုလည်း များသောနေရာမှ လုံးလုံးမရှိသေးသော (ချင်းတောင်ဒေသ စသော) ဇရပ်များသို့ ပင့်ဆောင်ကိုးကွယ်သင့်ပါသည်။]

**မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏**
**အနာဂတ်သာသနာရေးကျမ်းစာ**
**စာမျက်နှာ ၄၆၃ မှ ၄၆၅**



ခေါင်းဆောင်စိတ်ဆိုတာ

လောကကောင်းကျိုး ဖြစ်ထွန်းစေမယ့်

အလုပ်မျိုးဆို မခိုင်းဘဲနဲ့လုပ်တယ်။

အဲဒါဟာ ခေါင်းဆောင်စိတ်ပဲ။

လောကကောင်းကျိုး ဖြစ်ထွန်းစေမယ့်

အလုပ်တွေကို ခိုင်းမှလုပ်တတ်တာကတော့

နောက်လိုက်စိတ်ပဲ။

တစ်နည်းပြောရင် ကျွန်စိတ်ပါပဲ။

# စိတ်တာတော်ဖြင့်မှ
# လူဖြင့်မပေါ်

မေတ္တာရှင်(ရွှေပြည်သာ)

# စိတ်ဓာတ်မြင့်မှ လူမြင့်မယ်

အတွေးအခေါ်ပါတဲ့ တရားတစ်ပုဒ် ဟောပေးမယ်။

တရားခေါင်းစဉ်ကိုတော့ "စိတ်ဓာတ်မြင့်မှ လူမြင့်မယ်" လို့မှတ်လိုက်ပါ။ ကဲ. . . ဟောကြစို့။

စိတ်ဓာတ်မြင့်မှ လူမြင့်တယ်ဆိုတာ မာနကြီးတာကို ပြောတာမဟုတ်ဘူး။ မာနကြီးတာ မကောင်းဘူး။ မာနကြီးရင် ငါသာတတ် ငါသာမြတ်ဆိုတဲ့ စိတ်နဲ့ ရိုသေသင့်တဲ့ပုဂ္ဂိုလ်တွေကို မရိုသေတော့ဘူး။ လေးစားသင့်တဲ့သူတွေအပေါ်လည်း မလေးစားတော့ဘူး။ အဲဒါဆို ဘာဖြစ်လဲ။ စူဠကမ္မဝိဘင်္ဂသုတ္တန်မှာ မြတ်စွာဘုရားဟောထားတာ တစ်ခုရှိတယ်။

"မရိုမသေ၊ မျိုးယုတ်ချေ၊ ရိုသေ မျိုးမြတ်သည်"တဲ့။ ဟုတ်တယ်။ တောဒေယျပုဏ္ဏားကြီးဆိုတာ ရိုသေသင့်တဲ့ မြတ်စွာဘုရားကို မရိုသေလို့ ငါတတ် ငါတော် ငါမြတ်ဆိုတဲ့ မာနထားခဲ့မိလို့ သေပြီးနောက်ဘဝကျတော့ သူ့သားသုဘရဲ့အိမ်မှာ ခွေးဖြစ်ရသတဲ့။ ကဲ. . . ဘယ်လောက်အမျိုးယုတ်သွားသလဲ။ နောက် အနာထပိဏ်သူဌေးအိမ်က ကျွန်မကလေး ပုဏ္ဏာ။ သူဟာ အရင်ဘဝတစ်ခုတုန်းကတော့ တိပိဋကဓရ ဆရာတော်ကြီးတစ်ပါးပဲ။ အဲဒီဘဝမှာ မာနတက်ခဲ့မိလို့ အခုဘဝရောက်တော့ သူတစ်ပါးအိမ်မှာ အစေခံ လာဖြစ်ရရှာတယ်။

ဒါကြောင့် မာနတက်တာ မကောင်းဘူး။ စိတ်ဓာတ်မြင့်တယ်ဆိုတာ မာနကြီးတာကို ပြောတာမဟုတ်ဘူး။ သဘောထား မြင့်မြတ်တာကို ပြောတာ။ အနစ်နာခံတာကို ပြောတာပါ။ ဒီအကြောင်းကို ဆရာတော်တို့ ပထမဦးဆုံးထုတ်ဝေထားတဲ့ မျက်ရည်မကျခင်သိစေချင် စာအုပ်မှာလည်း ရေးထားပါတယ်။

တောင်တန်းသာသနာပြုဆရာတော် ဘုရားကြီး ဦးဥတ္တမသာရ

ရေးသားတော်မူခဲ့တဲ့ "ကိုယ်တွေ့မှတ်တမ်း" စာအုပ်ကြီးထဲက ဆောင်းပါး တစ်ပုဒ်မှာ မှတ်သားဖူးခဲ့တဲ့ အောက်တန်းစား စိတ်ဓာတ်ပိုင်ရှင် နယ်ပိုင် အရာရှိနဲ့ အထက်တန်းစိတ်ဓာတ်ပိုင်ရှင် နယ်ပိုင်အရာရှိတစ်ယောက်တို့ အကြောင်းပါ။ တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ကိုယ်တွေ့ တကယ့်ဖြစ်ရပ်မှန်ပါ။

အဲဒီ နယ်ပိုင်အရာရှိ နှစ်ယောက်ထဲမှာ တစ်ယောက်က စိတ်ဓာတ်နိမ့်ကျ တယ်။ သဘောထား သေးသိမ်တယ်။ သူတစ်ပါးအတွက် ဘယ်တော့မှ အနစ်နာမခံဘူး။ နောက် နယ်ပိုင်အရာရှိတစ်ယောက်တော့ စိတ်ဓာတ် မြင့်မြတ်တယ်။ သဘောထား ကြီးမားတယ်။ သူတစ်ပါးအတွက် အနစ်နာခံ တယ်။ စိတ်ဓာတ်နိမ့်ကျတဲ့အရာရှိက ဒီမြို့နယ်ကို သူကိုင်ရတဲ့အချိန်မှာ အလုပ်တာဝန်ဝတ္တရားတွေကို ဝတ်ကျေတန်းကျေလောက်ပဲ လုပ်တယ်။ ဆိုလိုတာကတော့ ရာထူးမပြုတ်ရုံလောက်ဘဲ သူလုပ်တယ်။ အင်တိုက် အားတိုက် အားအပြည့်နဲ့ မလုပ်ဘူး။ သူ အဲဒီမြို့ကပြောင်းခါနီးပြီဆိုလို့ ရှိရင်လေ လုပ်စရာအလုပ်တွေ စာရင်းဇယားတွေပုံပြီးတော့ အထပ်လိုက်ကြီး ထားပစ်ခဲ့တယ်။ နောက်ရောက်လာမယ့် နယ်ပိုင်အရာရှိ ဒုက္ခရောက်အောင် လို့ . . . သူသက်သာအောင်လို့။ အဲဒါ စိတ်ဓာတ်နိမ့်ကျတာပါ။ စိတ်ဓာတ် နိမ့်တော့ ကြည့် လူနိမ့်သွားလိမ့်မယ်။

နောက် သူနေတဲ့ခြံထဲမှာလည်း ဘာပင်မှမစိုက်ဘူး။ အရင်လူတွေ စိုက်ခဲ့တာတွေသာ ခူးဆွတ်စားသောက်ပစ်နေတယ်။ သူ့အနေနဲ့ကတော့ ဘာပင်မှ အသစ်ထပ်မစိုက်ဘူး။ အစိုးရက ပေးတဲ့တိုက်လည်းပဲ အရောင် ပြယ်ချင်ပြယ် မပြယ်ချင်နေ၊ ဆေးအသစ်ထပ်မသုတ်ဘူး။ ငါတစ်သက်လုံး နေသွားရမယ့် တိုက်မဟုတ်ဘဲဆိုတဲ့စိတ်နဲ့ ဘာဖြစ်ဖြစ် ပစ်ထားတယ်။ ဒီလိုနဲ့ နယ်ပိုင်အရာရှိဟောင်းဟာ နောက်တစ်နယ်ကို ပြောင်းသွားတယ်ပေါ့။ တောင်တန်းသာသနာ ပြုဆရာတော်ဘုရားကြီးက သေသေချာချာကို မှတ်တမ်းပြုပြီးတော့ကို ရေးသားထားတာပါ။ စိတ်ဓာတ်နိမ့်တဲ့ နယ်ပိုင် အရာရှိတဲ့ စိတ်ဓာတ်မြင့်တဲ့ နယ်ပိုင်အရာရှိ၊ ဒီပုဂ္ဂိုလ်နှစ်ယောက်တို့ရဲ့ ဘဝတွေ ဆုံးခန်းတိုင်တဲ့အထိကို စိတ်ရှည်လက်ရှည် စေ့စေ့စပ်စပ်လေ့လာပြီး ရေးတော်မူထားတယ်။

နောက်အရာရှိတစ်ယောက်ကျတော့ စိတ်ဓာတ်မြင့်မြတ်လိုက်တာ၊ ခေါင်းဆောင်စိတ်အပြည့်ရှိတယ်လို့ ခေါ်တယ်ပေါ့။ ခေါင်းဆောင်စိတ်ဆိုတာကို လူငယ်တွေအတွက် ရှင်းပြပါ့မယ်။ ခေါင်းဆောင်စိတ်ဆိုတာ လောကကောင်းကျိုး ဖြစ်ထွန်းစေမယ့်အလုပ်မျိုးဆို မခိုင်းဘဲနဲ့ လုပ်တယ်။ အဲဒါဟာ ခေါင်းဆောင်စိတ်ပဲ။ လောကကောင်းကျိုးဖြစ်ထွန်းစေမယ့် အလုပ်တွေကို ခိုင်းမှလုပ်တတ်တာကတော့ နောက်လိုက်စိတ်ပဲ။ တစ်နည်းပြောရင် ကျွန်စိတ်ပါပဲ။ နောက်ထပ် ခေါင်းဆောင်စိတ်ဆိုတာကတော့ အလုပ်ကို အများကြီး လုပ်ပြီးတော့ အခွင့်အရေးယူစရာကြုံလာတဲ့အခါ နည်းနည်းပဲယူတယ်။ အဲဒါ ခေါင်းဆောင်စိတ်ပဲ။ ဆန့်ကျင်ဘက်အားဖြင့် အလုပ်ကို နည်းနည်းလေး လုပ်ပြီးတော့ အခွင့်အရေးယူစရာကြုံလာတဲ့အခါ အများကြီး ယူပစ်တယ်ဆိုရင် အဲဒါ နောက်လိုက်စိတ်ပဲ။ ကျွန်စိတ်ပဲ။

ဒီကနေ့ တို့မြန်မာနိုင်ငံတော်မှာ မြေပေါ်မြေအောက် သယံဇာတတွေပေါများပါလျက်ကယ်နဲ့ တိုးတက်သင့်သလောက် မတိုးတက်တာဟာ ခေါင်းဆောင်စိတ်ရှိတဲ့ ပုဂ္ဂိုလ်တွေ နည်းနေသေးလို့ပါ။ များသောအားဖြင့် နောက်လိုက်စိတ်ဓာတ်အပြည့်နဲ့ ကိုယ်ကျိုးရှာသမားတွေသာ များတယ်။ နိုင်ငံတော်အတွက် လူမျိုးအတွက် စေတနာထားပြီးတော့ ခေါင်းဆောင်စိတ်အပြည့်နဲ့ တကယ်အလုပ်လုပ်တဲ့လူက နည်းတယ်။ ရှားပါးနေသေးတယ်။

ဥပမာ တစ်ခုပြောမယ်။ ဆရာတော်ပြီးခဲ့တဲ့ ၂-နှစ်လောက်က မြိတ်ကနေပြီး ရန်ကုန်ကြွတဲ့အခါ လေဆိပ်မှာပေါ့။ ဆရာတော် သန့်စင်ခန်းထဲဝင်မလို့သွားတော့ ဆရာတော်ရှေ့မှာ နိုင်ငံခြားသားနှစ်ယောက် တွေ့ရတယ်။ သန့်စင်ခန်းရှေ့မှာ သူတို့နှစ်ယောက် ဒုက္ခရောက်နေတယ်။ ဘာဒုက္ခရောက်တာလဲဆိုတော့ အဲဒီသန့်စင်ခန်းကြီးက ပျက်စီးပြီး ရေမလာဘူးလေ။ အညစ်အကြေးတွေ ပွစိတက်လို့ အပေါ့အပါးတောင်မှ သွားလို့မရတော့ဘူး။ အဲဒီနိုင်ငံခြားသားနှစ်ယောက်က ညစ်ပတ်စုတ်ပြတ်နေတဲ့ သန့်စင်ခန်းကြီးကို ဗွီဒီယိုရိုက်ယူနေကြတာ။ ကြည့်စမ်း. . . ဒါဟာ နိုင်ငံတကာမှာ တို့မြန်မာတွေ သိက္ခာကျရတော့မယ်။ အဲဒီတော့ ဆရာတော်ဘာလုပ်သလဲ။

ချက်ချင်းပဲ အဲဒီလေဆိပ်ကနေ ဆရာတော်ရဲ့ဒကာမတစ်ယောက်ဆီ ဖုန်းလှမ်းဆက်ပါတယ်။ မြိတ်မြို့က ဒကာမတစ်ယောက်ပါ။ မမော်လို့ခေါ်တယ်။ မမော်. . . လို့ လေဆိပ်က သန့်စင်ခန်းကြီးကို ဒီနေ့ပဲ ပြင်ပေးပါ။ ကုန်ကျသမျှငွေ ဆရာတော်ပေးမယ်။ ပြင်ဖို့အတွက် အဲဒီလေဆိပ်က တာဝန်ရှိသူတွေနဲ့လည်း ဆွေးနွေးပါလို့ ပြောလိုက်တယ်။ သူတို့က ခွင့်ပြုရင်လုပ်ပါ။ အခု သူပြင်ပေးလိုက်ပါပြီ။ ရေတွေဘာတွေရော အပြီးပါပဲ။ ဒကာမကလည်း တော်ပါတယ်။ ဆရာတော်ဆီက ကုန်ကျစရိတ်မယူတော့ဘူး။ သူပဲလှူမယ်တဲ့။ အဲဒီလေဆိပ်က သန့်စင်ခန်းကိုပြင်ဖို့အတွက် ဆရာတော်ကို ဘယ်သူမှ မခိုင်းပါဘူး။ လုပ်သင့်လုပ်ထိုက်လို့ လုပ်တာပါ။ အဲဒီလို မခိုင်းဘဲနဲ့ ဟောဒီက လူငယ်တွေကိုလည်း လုပ်တတ်စေချင်ပါတယ်။ အတွေးအခေါ်လေးတစ်ခုကတော့. . .

မခိုင်းဘဲလုပ်တဲ့အလုပ်ဟာ တစ်သိန်းတန်ရင်
ခိုင်းမှလုပ်ရင် တစ်ကျပ်ပဲ တန်တယ်။

ဆိုလိုတာကတော့ တန်ဖိုးမရှိတော့ဘူးလို့ ဆိုလိုပါတယ်။ နောက်ထပ်လည်းပဲ မြိတ်ဆေးရုံမှာပေါ့။ မြမြမူဆိုတဲ့ ကလေးမလေးက ဆရာတော့်ဆီ ဖုန်းဆက်ပါတယ်။ သူက ဖုန်းသာဆက်တာ လက်နှစ်ဘက်စလုံး မရှိဘူး။ အရင်းကနေပြီးတော့ ပြတ်နေတာပါ။ မွေးကတည်းက ပါမလာရှာဘူး။ သူ့ခြေထောက်ကလေးနဲ့ပဲ ဖုန်းကိုင်ဆက်တာနေမှာပေါ့။ သူနဲ့ဆရာတော် ဘယ်လိုသိကြသလဲဆိုတော့ သူက သဇင်ဆိုတဲ့ တံငါရွာကလေးကလေ။ ဆရာတော်တို့ ဘုရားဟောလည်း ရှိတာကိုး။ သူ့အသက်သတ်ဖြတ်ခဲ့တဲ့ပုဂ္ဂိုလ်ဟာ ဖြစ်ရာဘဝမှာ အသက်တိုတယ်။ မွေးကတည်းက ခြေပြတ်လက်ပြတ်ကလေး ဖြစ်လာတတ်တယ်။ တံငါရွာမှာ ပဋိသန္ဓေနေကတည်းက သူဟာ အရင်ဘဝတွေမှာ တံငါသည်ဖြစ်ခဲ့ဖူးလိမ့်မယ်ဆိုတာ ခန့်မှန်းလို့ရပါတယ်။ ဒီနေရာမှာ သူ့အသက်သတ်ခြင်းနဲ့ ပတ်သက်တဲ့ ဒေသနာဗဟုသုတလေးတွေ ပြောပြချင်ပါတယ်။

## ပါဏာတိပါတအဖွင့်

ကံငါးပါးထဲမှာ ပထမဦးစွာလာတဲ့ ကံတစ်ပါးဖြစ်ပါတယ်။ ပါဏာတိပါတာ ဝေရမဏီသက္ခာပဒံ သမာဒိယာမိလို့ ပါဠိလိုဆိုပြီးတော့ ဆောက်တည်ကြတယ်။ မြန်မာလိုတော့ "သူတစ်ပါး အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏" လို့ အဓိပ္ပါယ်ရတယ်။ ဒီသိက္ခာပုဒ်ကို ဆောက်တည်ထားရင် သူ့အသက်သတ်ခြင်းကနေ ရှောင်ကြဉ်ရတယ်။ မရှောင်ကြဉ်ရင် သိက္ခာပုဒ်ပျက်တာပဲ။ သူတစ်ပါးအသက်ကိုသတ်ခြင်းဆိုတဲ့နေရာမှာ အသက်ဆိုတာကတော့ လောကလူသားတွေ ပြောရိုးပြောစဉ်ဝေါဟာရ ပညတ်အရ သတ္တဝါကိုခေါ်တယ်။ ပရမတ္ထသဘောအားဖြင့်တော့ ရုပ်သက် (ရုပ်ဇီဝိတိန္ဒြေ)၊ နာမ်သက် (နာမ်ဇီဝိတိန္ဒြေ) နှစ်မျိုးစလုံးကို အသက်လို့ခေါ်တယ်။ ဒီရုပ်သက်၊ နာမ်သက်နှစ်မျိုးစလုံးက အမိဝမ်းမှာ ပဋိသန္ဓေနေတဲ့ (ဂဗ္ဘသေယျက) သတ္တဝါမျိုးတွေဆိုရင် ကလလရေကြည်တည်ချိန်ကစပြီး ဖြစ်ပေါ်တည်ရှိနေကြပြီလို့ ယူဆတယ်။ ဒါကြောင့် အသက်ကို ကလလရေကြည်တည်ချိန်ကနေစပြီး ယူရမယ်လို့ ပါရာဇိကဏ် အဋ္ဌကထာ အစရှိတဲ့ ကျမ်းဂန်တွေမှာ ဖွင့်ဆိုထားကြတာပေါ့။ ကိုယ်ဝန်တည်ခါစအချိန်မှာ ကိုယ်ဝန်ပျက်ကျစေလိုတဲ့ စေတနာနဲ့ ကိုယ်ဝန်ပျက်ကျအောင် ကိုယ်ဝန်ပျက်ကျဆေးတိုက်ကျွေးခြင်း၊ နှိပ်နယ်ခြင်းအစရှိတဲ့ နည်းအမျိုးမျိုးနဲ့ ပြုလုပ်လို့ ကိုယ်ဝန်ပျက်ကျသွားရင် လုပ်သူမှာ ပါဏာတိပါတကံထိုက်တယ်။ အလုပ်ခံရသူမိခင်က သဘောတူတယ်ဆိုရင်လည်း မိခင်ပါ ပါဏာတိပါတကံထိုက်ပါတယ်။ နောက်တစ်ခု. . . အကောင်ပေါက်နိုင်တဲ့ကြက်ဥ၊ ဘဲဥ၊ ငုံးဥ အစရှိတာတွေကို ကြော်လှော်ချက်ပြုတ်စားမယ်ဆိုရင်လည်း စေတနာပါရင် ချက်ပြုတ်ကြော်လှော်သူ၊ စေခိုင်းသူ၊ သဘောတူသူတို့အားလုံး ပါဏာတိပါတကံထိုက်ကြပါတယ်။ ဒီနေရာမှာ သေသေချာချာ နားလည်ထားစရာ အချက်တစ်ခုက သူတစ်ပါးအသက်ဆိုသည်မှာ မိမိမှတစ်ပါး အခြားသက်ရှိသတ္တဝါအားလုံးရဲ့အသက်ဖြစ်တယ်ဆိုတဲ့အချက်ပါပဲ။ ဒါကြောင့် သက်ရှိသတ္တဝါမှန်ရင် တိရစ္ဆာန်အမျိုးမျိုး၊ ကြမ်းပိုး၊ သန်းဥ၊ ခရု၊ ယောက်သွား၊ ကျွဲ၊ နွား၊ ပုရွက်ဆိတ်အစရှိတဲ့ သတ္တဝါတို့ရဲ့အသက်ကိုပင် မသတ်ရ။ သတ်ရင် ပါဏာတိပါတကံထိုက်ပါတယ်။

**ပါဏာတိပါတ၏အဓိပ္ပါယ်**

ပါဏ=သူတစ်ပါး၏အသက်ကို

အတိပါတ=လျင်မြန်စွာကျစေမှု (ဝါ) သေချိန်မရောက်မီသတ်ဖြတ်မှု။

**ပါဏာတိပါတ အင်္ဂါ ၅ပါး**

၁။ သတ္တဝါလည်းဖြစ်ခြင်း

၂။ သတ္တဝါမှန်းလည်းသိခြင်း

၃။ သတ်လိုသော စေတနာလည်းရှိခြင်း

၄။ သတ်ဖြတ်မှု လုံ့လပယောဂတစ်ခုခုကိုလည်း ပြုလုပ်ခြင်း

၅။ ထိုလုံ့လပယောဂဖြင့်လည်း သေခြင်း။

သူတစ်ပါးအသက်ကို သတ်တယ်ဆိုတဲ့နေရာမှာ အထက်ပါ အင်္ဂါ ၅ပါးနဲ့ ပြည့်စုံညီညွတ်မှ ပါဏာတိပါတကံဖြစ်တယ်။ ကမ္မပထမြောက်ပါတယ်။ ဒီအင်္ဂါ ၅ချက်နဲ့ မညီရင်တော့ ဒုစရိုက်မျှသာ ဖြစ်တယ်။

**သတ်ဖြတ်နည်းများ**

သတ်ဖြတ်မှု လုံ့လပယောဂတစ်ခုခုကိုလည်း ပြုလုပ်နည်းများ (ဝါ) သတ်ဖြတ်နည်းများကို ကျမ်းဂန်တွေမှာ ၆မျိုး ပြဆိုထားပါတယ်။ အဲဒီ ၆မျိုး ကတော့. . .

၁။ မိမိကိုယ်တိုင် တုတ်၊ ဓားစသော လက်နက်တို့ဖြင့် ကိုယ်ထိလက်ရောက် ရိုက်ပုတ်၊ ထိုးခုတ်သတ်ဖြတ်ခြင်း။

၂။ သူတစ်ဦးကို နှုတ်ဖြင့်ဖြစ်စေ၊ စာရေးသား၍ဖြစ်စေ၊ အရိပ်နိမိတ်ပြ၍ဖြစ်စေ အသတ်ခိုင်းခြင်း။

၃။ လေး၊ သေနတ်၊ အမြောက်၊ ဗုံးစသည်တို့ဖြင့် ပစ်ခတ်၍ သတ်ဖြတ်ခြင်း။

၄။ အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့၊ မန္တာန်၊ ရုပ်တား နာမ်တား၊ ဆေးဝါး အတတ်ပညာများဖြင့် သတ်ခြင်း။

၆။ သီဟိုဠ်ကျွန်း၌ ပိတုမင်းစသူတို့ကဲ့သို့ ကံကြောင့်ဖြစ်သောတန်ခိုး

(ကမ္မဇိဒ္ဓိ)ရှိသူတို့က အစွယ်ခေါက်ခြင်း၊ မျက်စောင်းထိုးခြင်း စသည့်ဖြင့် တန်ခိုးဖြင့်သတ်ခြင်း။

တို့ဖြစ်ကြပါတယ်။ မှတ်သားရလွယ်ကူအောင် ဆောင်ပုဒ်စီထားတာ ရှိတယ်။

ဆောင်ပုဒ်လင်္ကာ

ကိုယ်တိုင်စေလင့်၊ တွင်းဗုံးဖြင့်၊
ပစ်လွှင့် လက်နက်များ။
ပညာတန်ခိုး၊ သတ်ခြင်းဆိုး၊
ခြောက်မျိုးလုံ့လပြား။ ။

## ရည်ညွှန်းသူနှင့် မရည်ညွှန်းသူ

အထက်ဖော်ပြပါ သတ်နည်းအမျိုးမျိုးထဲက သတ်နည်းတစ်ခုခုနဲ့ သတ်ဖြတ်တဲ့အခါ မိမိရည်ညွှန်း(သေစေချင်)တဲ့ သတ္တဝါသေမှသာ ပါဏာတိပါတကံထိုက်ပါတယ်။ မရည်ညွှန်းတဲ့သတ္တဝါသေပါက ပါဏာတိပါတကံမထိုက်ပါ။ ဥပမာ-ကျွဲတွေ နွားတွေအပေါ်မှာ နားနေတဲ့ဗျိုင်းကို ရည်ညွှန်းပြီး ပစ်ခတ်ရင် အဲဒီဗျိုင်းကို ထိမှန်ပြီး ဗျိုင်းသေမှသာ ပါဏာတိပါတကံထိုက်ပါတယ်။ ရည်ညွှန်းတဲ့ဗျိုင်းကိုမမှန်ဘဲ ကျွဲနွားတွေကိုမှန်လို့ ကျွဲနွားတွေသေသွားရင်တော့ ပါဏာတိပါတကံမထိုက်ဘူးပေါ့။ ဒီလိုပါပဲ။ လူကိုသေစေလိုတဲ့အတွက် တွင်းတူးထားခြင်း၊ ကြောင့်ထောင်ထားခြင်း၊ မိုင်းဗုံးမြှုပ်ထားခြင်းအစရှိတာတွေမှာ ရည်ညွှန်းထားတဲ့လူကမသေဘဲ တခြားမရည်ညွှန်းတဲ့ တိရစ္ဆာန်တွေကျသေရင် အဲဒါ ပါဏာတိပါတကံမထိုက်ဘူး။ တိရစ္ဆာန်ကို ရည်ညွှန်းပြီး တွင်း၊ ကြောင့်၊ ဗုံးအစရှိတာတွေနဲ့ သတ်ရာမှာ တိရစ္ဆာန်မသေဘဲ လူဝင်သေရင်လည်းပဲ ပါဏာတိပါတကံ မထိုက်ပြန်ဘူး။ ဒါပေမယ့် သတ္တဝါတစ်ဦး

တစ်ယောက်ကို အထူးမရည်ရွယ်ဘဲ သေချင်တဲ့ကောင်သေပစေကွာဆိုပြီး ပစ်ခတ် ထောင်သတ်တဲ့နေရာမှာတော့ လူပဲဝင်သေသေ တိရစ္ဆာန်ပဲဝင်သေသေ ပါဏာတိပါတကံထိုက်ပါတယ်။

စေခိုင်းလို့မို့ သတ်ရတဲ့နေရာမှာတော့ သတ်ရမယ့်လူ၊ သတ်ရမယ့်အချိန်၊ သတ်ရမယ့်အရပ်ဒေသ၊ သတ်ရမယ့်လက်နက်၊ အသတ်ခံရမယ့်လူရဲ့ထိုင်၊ ရပ်၊ လျှောက်စသော ဣရိယာပုတ် (ဥပမာ-ထိုင်နေတုန်းသတ်ခဲ့၊ ရပ်နေတုန်းသတ်ခဲ့စသည်) ထိုးခြင်း၊ ခွဲဖြတ်ခြင်းအစရှိတဲ့ သတ်ရမယ့်နည်းဆိုပြီး သတ်မှတ်ချက် ၆မျိုး ရှိပါတယ်။ သတ်ခိုင်းသူ မှာကြားလိုက်တဲ့ သတ်မှတ်ချက်အတိုင်း အတိအကျသတ်ရင် ခိုင်းသူရော သတ်သူရော နှစ်ဦးစလုံး ပါဏာတိပါတကံထိုက်တယ်။ သတ်ခိုင်းသူ မှာကြားလိုက်တဲ့ အချက်တွေထဲက တစ်ချက်ချက်လွဲချော်ပြီး သတ်လိုက်တယ်ဆိုရင်တော့ သတ်တဲ့လူပဲ ပါဏာတိပါတကံထိုက်ပါတယ်။ အသတ်ခိုင်းသူမှာ ပါဏာတိပါတကံမထိုက်ပါဘူး။ ဥပမာ-သတ်သူက လူမှားပြီးသတ်တာ၊ မနက်ပိုင်းသတ်ရမယ့်ဟာ ညနေကျမှသတ်တာ၊ ရွာထဲမှာ သတ်ရမယ့်လူကို တောထဲမှာသတ်တာ၊ ဓားနဲ့ထိုးသတ်ပါခိုင်းတာကို သေနတ်နဲ့ပစ်သတ်တာ၊ အိပ်နေစဉ်သတ်ပါလို့ ခိုင်းတာကို ထိုင်နေစဉ်သတ်တာ၊ အဲဒါတွေပေါ့။ ဒါ ပါရာဇိကဏ်အဋ္ဌကထာမှာ လာပါတယ်။ ပါဏာတိပါတကံအင်္ဂါ (၅)ပါးထဲမှာ သတ်လိုတဲ့စေတနာရှိခြင်းနဲ့ မိမိလုံ့လ ပယောဂကြောင့် သတ္တဝါသေခြင်းဆိုတဲ့ အင်္ဂါနှစ်ချက်ဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

# ကိုယ့်ကိုယ်ကိုသတ်သေတာ ပါဏာတိပါတကံထိုက်မထိုက်

လောကမှာ တချို့လူတွေဟာ တစ်စုံတစ်ခုသောအကြောင်းကြောင့် ကြိုးဆွဲချသေတာတို့၊ အဆိပ်သောက်သေတာတို့၊ သေနတ်ပြောင်းပါးစပ်ထဲ ငုံ့ပြီး ပစ်သေတာတို့၊ ဓား လှံ ပုလင်းကွဲအစရှိတာတွေနဲ့ ကိုယ့်ဘာသာကိုယ် လှီးဖြတ်သတ်သေတာတို့ လုပ်လေ့ရှိကြတယ်။ သူတို့ရော ပါဏာတိပါတကံ ထိုက်သလားတဲ့။ မထိုက်ဘူး။ ပါဏာတိပါတကံ မမြောက်ဘူး။

သာရတ္ထဒီပနီ ဋီကာ၊ ဝိမတိ ဝိနောဒနီဋီကာကြီးတွေမှာ မိမိမှ တစ်ပါးသောသတ္တဝါဟု ထင်မှတ်ခြင်းအင်္ဂါလက္ခဏာချို့ယွင်းခြင်းကြောင့် ပါဏာတိပါတကံမမြောက်ဘူးလို့ ဆိုထားပါတယ်။ လယ်တီဆရာတော် ဘုရားကြီးရေးသားစီရင်တော်မူတဲ့ ပရမတ္ထဒီပနီဋီကာကြီးမှာလည်း "မိမိကိုယ်ကို မိမိသတ်ရာ၌ ပါဏာတိပါတမဖြစ်"လို့ မိန့်ဆိုတော်မူထား တယ်။ ဒါ့အပြင် မင်းကွန်းအလယ်တောရအရ ညဝါသီဆရာတော် ဘုရားကြီးနဲ့ မန်လည်ဆရာတော်ဘုရားကြီးတို့ရဲ့ အမေးအဖြေမှာလည်း အခုလိုတွေ့ရတယ်။

မေး။ သတ္တဝါ ဇီဝိတကို၊ သတ်သည်ပ မှန်မသွေ။
အင်ငါးဖြာစုံ၊ လုံလောက်လျက်၊ ကံမမြောက်ပေ။
အိပ်မက်လည်းမဟုတ်ချေ။ စေ့ရေပင်ကြံဆ။
ဘယ်သူ့ကို ဘယ့်နှယ်သတ်မှတ် ထိချင်လှ။

ဖြေ။ သတ္တဝါဇီဝိတကို သတ်သည်ပ မှန်မသွေ။
အင်ငါးဖြာစုံ၊ လုံလောက်လျက် ကံမမြောက်ပေ။
အိပ်မက်လည်းမဟုတ်ချေ။ ကယ်ပင်လေမှန်လှ။
ကိုယ့်ရှင်ကို ကိုယ်ပင်သတ်တယ်။ မှတ်လေမုချ။

အဲဒီမှာ မန်လည်ဆရာတော်ဘုရားကြီးက ထပ်မိန့်သေးတယ်။ အရိယာ ဖြစ်မယ့်ဆဲဆဲ ပုဂ္ဂိုလ်တချို့တောင် မိမိတို့ကိုယ်ကို မိမိသတ်သေတတ်ကြ သေးတယ်။ သို့သော် ပါဏာတိပါတကံမမြောက်တဲ့။ ဂေါဓိကဝတ္ထုနဲ့ သီဟာ ထေရီအပဒါန်တို့မှာ ထင်ရှားတယ်လို့ မိန့်တော်မူပါတယ်။

## ဂေါဓိကဝတ္ထု

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူနေတဲ့အချိန်။ အရှင်ဂေါဓိကဆိုတဲ့ မထေရ်မြတ်က ဘယ်မှာသီတင်းသုံးနေလဲဆိုတော့ ဣသိဂိလိတောင်နံဘေးက အညိုရောင်ကျောက်ဖျာကြီးပေါ်မှာ သီတင်းသုံးတော်မူနေတယ်။ တရားအားထုတ်ရင်း သီတင်းသုံးတော်မူနေတာပါ။ အရှင်ဂေါဓိကမထေရ်မြတ် ပြင်းထန်တဲ့ သမ္မပ္ပဓာန် လုံ့လဝီရိယနဲ့ အားထုတ်တဲ့အခါ 'စေတောဝိမုတ္တိ'လို့ခေါ်တဲ့ လောကီစျာန်ကို ရပါတယ်။ သို့သော်လည်း အမြဲစွဲကပ်နေတဲ့ ရောဂါကြောင့် စျာန်ကို အထပ်ထပ် မသုံးသပ်နိုင်ဘူး။ စျာန်က ပြန်ပြန်လျှောကျသွားတယ်။ ဒီလိုနဲ့ စျာန်ပြန်ရလိုက် လျှောက်ကျလိုက်ဖြစ်နေတာ ၆ကြိမ်ရှိနေပြီတဲ့။ ၇ကြိမ်မြောက်စျာန်ပြန်ရတဲ့အခါမှာတော့ "စျာန်လေးမလျှောခင် ငါ့ကိုယ်ငါ အဆုံးစီရင်လိုက်ရရင်ကောင်းမယ်"လို့ အကြံဖြစ်၊ ညောင်စောင်းမှာ လဲလျောင်းပြီး သူ့လည်ပင်းသူ သင်ဓုန်းဓားနဲ့လှီးတယ်။ ဖြစ်ပေါ်လာတဲ့ ပြင်းထန်တဲ့ခံစားမှုကို သတိပညာနဲ့ သိမ်းဆည်းပြီး မူလကမ္မဋ္ဌာန်းကို ဆင်ခြင်သုံးသပ်တဲ့အခါမှာ စုတေချိန်နဲ့ ကိလေသာကုန်ခမ်း ရဟန္တာဖြစ်ချိန် တစ်ထပ်တည်းဖြစ်လို့ ပရိနိဗ္ဗာန်စံဝင်တော်မူတယ်။ ဒါကို ဘယ်ကျမ်းဂန်မှာ အခိုင်အမာတွေ့နိုင်သလဲဆိုတော့ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဂေါဓိကသုတ္တန်နဲ့ ဓမ္မပဒပါဠိအဋ္ဌကထာ ဂေါဓိကဝတ္ထုတို့မှာ အခိုင်အမာ တွေ့နိုင်ပါတယ်။

## သီဟာထေရီဝတ္ထု

သီဟာထေရီဆိုတာ လည်ပင်းမှာ ကြိုးကွင်းစွပ်ပြီး သူ့ကိုယ်သူ သတ်သေဖို့ လုပ်နေတုန်း ဝိပဿနာဉာဏ်ဝင် ဆင်ခြင်ရှုပွားမိတဲ့အတွက် အရဟတ္တဖိုလ်ဆိုက်ရောက်တော်မူခဲ့တဲ့ ရဟန္တာအရှင်မတစ်ပါး ဖြစ်ပါတယ်။ တို့မြတ်စွာဘုရားရှင်လက်ထက် ဝေသာလီပြည် သီဟစစ်သူကြီးရဲ့နှမက မွေးဖွားခဲ့တဲ့ အမျိုးကောင်းသမီးလေး ဖြစ်ပါတယ်။ ဦးရီးတော်ဖြစ်သူ သီဟစစ်သူကြီးရဲ့ နာမည်အတိုင်း အမျိုးကောင်းသမီးလေးရဲ့ နာမည်ကိုလည်း 'သီဟာ' လို့ မှည့်ခေါ်ကြတယ်။ သီဟာသတို့သမီးလေး အရွယ်ရောက်လာတဲ့အခါ ဦးရီးတော် သီဟစစ်သူကြီးရဲ့ ကုသိုလ်လုပ်ငန်းတွေကို ဝိုင်းကူလုပ်ရတာပေါ့။ ကုသိုလ်တော်ပွဲတိုင်း မကြာခဏဆိုသလို မြတ်စွာဘုရားရဲ့တရားတော်တွေကို နာကြားရတယ်။ တရားတော်ကို ကြည်ညိုလွန်းလို့ အမိအဖများထံခွင့်ပန်ပြီး သာသနာတော်ထဲ ဝင်ရောက်လာခဲ့တယ်။ ဘိက္ခုနီရဟန်းပြုတယ်ပေါ့။

ရဟန်းဘဝရောက်လာတဲ့ သီဟာထေရီဟာ ဝိပဿနာကမ္မဋ္ဌာန်းကို ရခါမှသာ စီးဖြန်းနိုင်ပါတယ်။ များသောအားဖြင့်တော့ စိတ်ပျံ့လွင့်ပြီးနေတာ များတယ်။ မသင့်မတင့်နှလုံးသွင်းမိလို့ ကာမရာဂတွေရဲ့ ပူလောင်နှိပ်စက်ခြင်းကို ခံနေရတယ်။ သူ့စိတ်ကိုသူ လိုရာပါအောင် မစွမ်းဆောင်နိုင်ဘူး။ ကိလေသာတရားတွေက သီဟာထေရီရဲ့စိတ်ကို ပိတ်ဆို့ထားကြတယ်။ အာရုံငါးပါး ကာမဂုဏ်တရားတွေကို တင့်တယ်ပေစွ၊ ကောင်းပေစွလို့ မှတ်သားတဲ့ သညာနောက်ကို ကောက်ကောက်ပါအောင် လိုက်နေတယ်။ ရာဂနဲ့ယှဉ်တဲ့ စိတ်နောက်ကို လိုက်နေရတာမို့ စိတ်နှလုံးအေးချမ်းမှုမရဘူး။ ဒီလိုအာရုံ အမျိုးမျိုးကျက်စားနေရတာ မကောင်းဘူးလို့တော့ သိပါတယ်။ သို့သော်လည်း မကောင်းတဲ့အကျင့်တွေကို မပယ်နိုင်တဲ့အတွက် သီဟာထေရီခမျာ စိတ်ဆင်းရဲခြင်းကြီးစွာ ခံစားနေရတယ်။

စိတ်ဆင်းရဲတော့ ဘာဖြစ်လဲ။ အစားအသောက် ပျက်တာပေါ့။ အစားအသောက်ပျက်တဲ့အတွက် သီဟာထေရီရဲ့ ခန္ဓာကိုယ်ဟာ ကြုံလှီလာတယ်။ ပိန်လာတယ်ပေါ့။ အသွေးအသားတွေ ခန်းခြောက်ပြီးတော့ အသားအရည် ဖြူဖတ်ဖြူရော် ဖြစ်လာတယ်။ အရင်က လှပတဲ့ သီဟာထေရီခမျာ အခုတော့ အရုပ်ဆိုးအကျည်းတန်လာတယ်။ နေ့ရောညပါ စိတ်ချမ်းသာမှုမခံစားရဘဲ လွန်လွန်ကဲကဲ စိတ်ဆင်းရဲမှုတွေပဲ ဆက်တိုက်ဖြစ်နေတာ (၇)နှစ်။ (၇)နှစ်ကြီး

များတောင် သာသနာ့ဘောင်မှာနေပြီးတော့မှ လူထွက်မယ်ဆိုပြန်တော့လည်း အခက်သား။ လူထွက်မယ့်အစား အသက်ထွက်တာကမှ မြတ်ဦးမယ်ထင်ပါရဲ့၊ အဲဒီလို နှလုံးသွင်းမိတဲ့ သီဟာထေရ် ကြိုးတစ်ချောင်းယူပြီး ကျောင်းထဲက တိတ်တဆိတ်ထွက်လာခဲ့တော့တယ်။ လူသူအရောက်အပေါက်နည်းတဲ့ တောအုပ်ထဲ ရောက်တော့ သစ်ပင်တစ်ပင်ပေါ် တက်ပါတယ်။ ခိုင်ခန့်တဲ့ သစ်ကိုင်းတစ်နေရာမှာ ကြိုးစတစ်ဘက်ကို မြဲမြဲချည်နှောင်လိုက်ပြီး ကျန်တဲ့ ကြိုးစတစ်ဘက်ကိုတော့ ကွင်းလျှောလုပ်တယ်။ သူ့လည်ပင်းသူစွပ်လိုက်တယ်။ အားလုံးပြီးရင် သစ်ပင်အောက် သူခုန်ချတော့မယ်။ ဒါဆို ပွဲကသိမ်းပြီပဲ။ ကန့်လန့်ကာချတီးလုံးကတော့ သာယာ နာပျော်ဖွယ်ရှိမှာ မဟုတ်ဘူး။ သို့သော် သီဟာထေရ် သေကံမရောက် သက်မ ပျောက်ခဲ့ဘူး။ သစ်ပင်ပေါ်က ခုန်ချမယ့် ဆဲဆဲ အချိန်ကလေးမှာ သူ့စိတ်နှလုံး အထူးကြည်လင်လာပါတယ်။ သူ့ဘဝသူ မှန်မှန်ကန်ကန် သုံးသပ်မိလာတယ်။ စိတ်နှလုံးမတည်မငြိမ်ဖြစ်ခဲ့သော်ငြား ကာယကံ၊ ဝစီကံဖောက်ပြန် ကျူးလွန်ခြင်း မရှိသေးလို့ သူ့သီလစင်ကြယ်နေတာကို ဆင်ခြင်မိတယ်။ စင်ကြယ်တဲ့ သီလကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်လို့ ဝိပဿနာကမ္မဋ္ဌာန်းကို ရှင်လန်းစွာ စီးဖြန်း လိုက်တာ အဲဒီနေရာမှာပဲ အာသဝေါကုန်ခန်းတဲ့ ရဟန္တာဖြစ်တော်မူခဲ့ပါတယ်။

## ပါဏာတိပါတ အပြစ်ကြီး အပြစ်ငယ်သဘော

သူတစ်ပါးအသက်ကို သတ်တယ်ဆိုတဲ့နေရာမှာ အပြစ်ကြီးလေးပုံ၊ အပြစ်သေးငယ်ပုံဆိုတာကိုလည်း ကွဲပြားခြားနားစွာ သိထားသင့်ပါတယ်။ လူနဲ့တိရစ္ဆာန်တို့ကို ယှဉ်သတ်တဲ့အခါ တိရစ္ဆာန်ကိုသတ်တာထက် သီလ၊ သမာဓိ၊ ပညာဂုဏ်တွေရှိတဲ့လူကို သတ်တာကပိုပြီး အပြစ်ကြီးပါတယ်။ တိရစ္ဆာန်ကိုသတ်တဲ့နေရာမှာလည်း အသတ်ခံရတဲ့ သတ္တဝါရဲ့ ခန္ဓာကိုယ် အကြီးအသေးလိုက်ပြီး အပြစ်အကြီးအသေးကွာခြားပြန်ပါတယ်။ ခန္ဓာကိုယ် သေးငယ်တဲ့ တိရစ္ဆာန်ကိုသတ်တဲ့အခါ အားထုတ်မှု လုံ့လပယောဂ သိပ်မစိုက် ရလို့ သေစေလိုတဲ့ စေတနာဖြစ်ကြိမ် နည်းပါတယ်။ အဲဒါကြောင့် အပြစ်

သေးငယ်တာပေါ့။ ခန္ဓာကိုယ်ကြီးမားတဲ့ တိရစ္ဆာန်ကိုသတ်တဲ့အခါမှာတော့ အားထုတ်မှု လုံ့လပယောဂအလွန်စိုက်ရလို့ သေစေလိုတဲ့ စေတနာဖြစ်ကြိမ် များပါတယ်။ အဲဒါကြောင့် အပြစ်ပိုကြီးသွားတာပေါ့။ ခန္ဓာကိုယ်ငယ်တဲ့ တိရစ္ဆာန်နဲ့ ခန္ဓာကိုယ်ကြီးတဲ့တိရစ္ဆာန်တို့ကို သတ်တဲ့နေရာမှာ လုံ့လ ပယောဂ အားထုတ်မှုချင်းတူနေစေကာမူ ခန္ဓာကိုယ်ကြီးတဲ့တိရစ္ဆာန်ကို သတ်တာက ပိုအပြစ်ကြီးတယ်လို့ အဋ္ဌသာလိနီ အဋ္ဌကထာမှာ ဆိုပါတယ်။

မူလဋီကာကျမ်းမှာတော့ ခန္ဓာကိုယ်ငယ်ငယ်ကြီးကြီး သေစေလိုတဲ့ စေတနာကြီးရင် အပြစ်ကြီးတယ်။ သေစေလိုတဲ့စေတနာသေးရင် အပြစ်သေးလို့ စေတနာကို ပမာနထားပြီး မိန့်ဆိုပါတယ်။ တိရစ္ဆာန်တွေကိုသတ်တဲ့ နေရာမှာ ပိုးရွခြပုန်းတို့ကို သတ်တာထက် ကြွက်၊ မြွေအစရှိတဲ့ သတ္တဝါတွေကို သတ်တာက ပိုအပြစ်ကြီးတယ်။ ကြွက်တွေ မြွေတွေကို သတ်တာထက် ဖွတ်ကိုသတ်တာက ပိုအပြစ်ကြီးတယ်။ ဖွတ်ကိုသတ်တာထက် ယုန်ကိုသတ်တာက ပိုအပြစ်ကြီး တယ်။ ယုန်ကိုသတ်တာထက် သမင်ကိုသတ်တာက ပိုအပြစ်ကြီးတယ်။ သမင်ကို သတ်တာထက် နွားကိုသတ်တာက ပိုအပြစ်ကြီးတယ်။ နွားကို သတ်တာထက် မြင်းကိုသတ်တာက ပိုအပြစ်ကြီးတယ်။ မြင်းကို သတ်တာထက် ဆင်ကို သတ်တာက ပိုအပြစ်ကြီးတယ်။ ဆိုလိုတာကတော့ အကောင်ကြီးလေ အပြစ် ပိုကြီးလေပေါ့။ ဒါက သမ္မောဟဝိနောဒနီ အဋ္ဌကထာမှာ ဖွင့်ဆိုထားတာပါ။

လူကိုသတ်တဲ့နေရာမှာ အသတ်ခံရသူရဲ့ သီလ၊ သမာဓိ၊ ပညာအကြီး အသေးကိုလိုက်ပြီး အပြစ်အကြီးအသေးကွာခြားပါတယ်။ သီလ၊ သမာဓိ၊ ပညာဂုဏ်ငယ်တဲ့လူကိုသတ်တာထက် သီလ၊ သမာဓိ၊ ပညာဂုဏ်ကြီးတဲ့လူကို သတ်တာက ပိုအပြစ်ကြီးတယ်။ တကယ်လို့ အသတ်ခံရတဲ့ လူနှစ်ဦးက သီလ၊ သမာဓိ၊ ပညာဂုဏ်ရော အရွယ်ပမာဏပါ တူညီနေရင် သတ်သူရဲ့ ကိလေသာ ပြင်းထန်မှု၊ မပြင်းထန်မှု၊ သတ်တဲ့နေရာမှာ လုံ့လပယောဂ အားကြီးမှု၊ အားသေးမှု တွေပေါ် မှာမူတည်ပြီး အပြစ်အကြီးအသေး ကွာခြားသွားပါတယ်။ ဒေါသအစရှိတဲ့ ကိလေသာတွေ ပြင်းထန်ရင် အပြစ်ကြီးတယ်။ ဒေါသအစရှိတဲ့ ကိလေသာတွေ မပြင်းထန်ရင် အပြစ်ငယ်တယ်။ အားထုတ်မှု လုံ့လပယောဂ သေးငယ်ရင် အပြစ်သေးငယ်တယ်လို့ အဋ္ဌသာလိနီ အဋ္ဌကထာက ဖွင့်ဆိုထားပါတယ်။

နောက်ထပ် သမ္မောဟဝိနောဒနီ အဋ္ဌကထာက အခုလို ဖွင့်ဆိုပြန်ပါတယ်။ လူကိုသတ်တဲ့နေရာမှာ သီလအစရှိတဲ့ ဂုဏ်အလိုက် အပြစ်အကြီးအသေး

ကွာခြားတယ်တဲ့။ ဆင်ကြီးကိုသတ်တာထက် သီလမရှိတဲ့လူကိုသတ်တာက အပြစ်ပိုကြီးတယ်။ သီလမရှိတဲ့လူကိုသတ်တာထက် နွားအကျင့်မျိုးကျင့်တဲ့ အယူမှားသူကို သတ်တာက ပိုအပြစ်ကြီးတယ်။ နွားအကျင့်ကျင့်သူကို သတ်တာထက် သရဏဂုံတည်သူကို သတ်တာက အပြစ်ပိုကြီးတယ်။ သရဏဂုံတည်သူကို သတ်တာထက် သာမဏေကိုသတ်တာက ပိုအပြစ်ကြီးတယ်။ သာမဏေကိုသတ်တာထက် ပုထုဇဉ်ရဟန်းကိုသတ်တာက ပိုအပြစ်ကြီးတယ်။ ပုထုဇဉ်ရဟန်းကိုသတ်တာထက် သောတာပန်အရိယာကိုသတ်တာက ပိုအပြစ်ကြီးတယ်။ သောတာပန်အရိယာကို သတ်တာထက် သကဒါဂါမ် အရိယာကိုသတ်တာက ပိုအပြစ်ကြီးတယ်။ သကဒါဂါမ် အရိယာကိုသတ်တာထက် အနာဂါမ်အရိယာကိုသတ်တာက ပိုအပြစ်ကြီးတယ်။ အနာဂါမ် အရိယာကိုသတ်တာထက် ရဟန္တာကိုသတ်တာက အလွန့်အလွန် အပြစ်ပိုကြီးပါတယ်။

## ပါဏာတိပါတကံရဲ့ဆိုးကျိုးများ

ပါဏာတိပါတကံရဲ့ဆိုးကျိုးဆိုတဲ့နေရာမှာ မုချဆိုးကျိုးလို့ခေါ်တဲ့ မူရင်းဆိုးကျိုးနဲ့ ဆိုးကျိုးရဲ့အဆက်ခေါ် အဖျားအနားဆိုးကျိုးဆိုပြီး နှစ်မျိုးရှိတယ်။ ပါဠိလိုတော့ ဖလနဲ့ အာနိသံသပေါ့။ မုချဆိုးကျိုးအရ မကောင်းတဲ့ဘဝမှာ ဖြစ်ခြင်းအကျိုးကို ရရှိတတ်တယ်။ ဆိုးကျိုးဆက်အရ အဲဒီမကောင်းတဲ့ဘဝမှာ ဆင်းရဲအမျိုးမျိုးတို့ကို ခံစားရတတ်တယ်။ ပါဠိလိုတော့ ပဋိသန္ဓေအကျိုးနဲ့ ပဝတ္တိအကျိုးလို့ ခေါ်ပါတယ်။

သူတစ်ပါးအသက်သတ်လိုက်လို့ ပါဏာတိပါတကံမြောက်သွားရင် ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်အပါယ်လေးဘုံ တစ်ဘုံဘုံမှာ ဖြစ်ရတတ်တယ်။ တကယ်လို့ ကုသိုလ်ကံအလျောက် အပါယ်လေးဘုံကနေ လွတ်မြောက်ပြီး လူ့ဘဝကို ရောက်လာမယ်ဆိုရင်လည်း အသက်မရှည်ဘူး။ အသက်တိုတတ်တယ်။ ဒါကို ဘယ်ကျမ်းဂန်မှာ အထင်အရှားတွေ့နိုင်သလဲဆိုရင် အင်္ဂုတ္တရနိကာယ်၊ ဒုစ္စရိတဝိပါကသုတ္တန်မှာ တွေ့နိုင်တယ်။

နောက်ပြီးတော့ ပါဏာတိပါတကံကို ပြုလုပ်တဲ့သူဟာ အခုလက်ရှိဘဝမှာတင် ဘေးရန်အမျိုးမျိုးတို့နဲ့ ကြုံတွေ့ရတတ်တယ်။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲများစွာ ဖြစ်ရတတ်တယ်။ အာဏာပိုင် မင်းအစိုးရတို့ရဲ့ သတ်ဖြတ်ခြင်း၊ ချုပ်နှောင်ခြင်း၊ တိုင်းပြည်က နှင်ထုတ်ပစ်ခြင်းတို့ကိုလည်း ခံရတတ်တယ်လို့ အင်္ဂုတ္တရနိကာယ်၊ ပဌမဝေရသုတ္တန်နဲ့ ရာဇသုတ္တန်တို့မှာ မြတ်စွာဘုရား ဟောကြားတော်မူထားတယ်။ ဒီသဘောလေးပိုပြီး ထင်ရှားသွားအောင် လက်တွေ့သာဓကတစ်ခု ပြောပြချင်တယ်။ အားလုံးသိပြီးသား ဖြစ်ရပ်ကလေးပါ။ ဂဠုန်ဦးစောအကြောင်းပေါ့။ ဒီမှာတော့ လိုရင်းလောက်ပဲ ပြောပါမယ်။ အကျယ်သိချင်ရင်တော့ ဆရာမောင်ဇေယျာရေးတဲ့ မြန်မာလူကျော်တစ်ရာစာအုပ်၊ ပဌမအုပ်၊ စာမျက်နှာ ၃၇မှာ ဖတ်ကြည့်ကြပါ။

**ပါဏာတိပါတဆိုးကျိုး လက်တွေ့ခံစားရသူတစ်ယောက်အကြောင်း**
**(သိမှဟုတ်)**
**နန်းရင်းဝန်ဟောင်းဂဠုန်ဦးစော**

ကိုလိုနီခေတ် မြန်မာ့နိုင်ငံရေးသမိုင်းမှာ အုတ်ဖိုမောင်စော၊ မျိုးချစ်ပါတီခေါင်းဆောင် ဂဠုန်ဦးစော၊ ၉၁-ဌာနအုပ်ချုပ်ရေးကာလ နန်းရင်းဝန် ဦးစောဆိုတဲ့ နာမည်တွေနဲ့ ထင်ရှားခဲ့သူပါ။ အတန်းပညာ ၆တန်းအောင်အထိပဲ သင်ယူခဲ့ဖူးတယ်။ ၆တန်းဆိုပေမယ့်လည်း အထင်သေးလို့တော့ မရပြန်ဘူး။ သူ့ထူးသူချွန်ကြိုးစားမှုကြောင့် အဲဒီခေတ်က ဘီလပ်ပြန်ဝတ်လုံ နိုင်ငံရေးသမားတွေနဲ့အပြိုင် နာမည်ထွက်လာခဲ့တယ်။

နောက်ပိုင်းမှာ အရှိန် အဝါသြဇာကြီးမားလှတဲ့ သူရိယသတင်းစာကြီး အသုံးချပြီးတော့ နိုင်ငံရေး အာဏာရရှိဖို့ ကြိုးစားခဲ့တယ်။ သူအာဏာရဖို့အတွက် ဆရာရင်းဖြစ်တဲ့ ဘကြီးဘဘေကို ထောင်သွင်းအကျဉ်းချခဲ့တယ်။ ကိုယ်ကျိုးစွန့်နိုင်ငံရေးသမား သခင်လူငယ်များကို ဝါးရင်းတုတ်နဲ့ ပြင်းပြင်းထန်ထန် နှိပ်ကွပ်ခဲ့တယ်။ သူ့ကိုယ်ကျိုးအတွက် နိုင်ငံရေးစတန့်အမျိုးမျိုး ထွင်ပြခဲ့တယ်။

လွှတ်တော်အတွင်းမှာ ဗြိတိသျှကုန်သည်ကြီးများအကြိုက် စခန်းသွားခဲ့တယ်။

သူက တိုင်းပြည်အကျိုးထက် ကိုယ်ကျိုးစီးပွားကိုပိုပြီးတော့ ရှေ့တန်းတင်သူဖြစ်တယ်။ နောက်ဆုံး အငြိုးအတေး အာဃာတ၊ တွေဝေမိုက်မဲမှု မောဟဖိစီးပြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မြန်မာ့လွတ်လပ်ရေးဗိသုကာ အပေါင်းတို့ကို လုပ်ကြံသတ်ဖြတ်တဲ့ နိုင်ငံတော်လုပ်ကြံမှုတရားခံဘဝနဲ့ ဇာတ်သိမ်းသွားခဲ့ရပါတယ်။ သူ့အကြောင်းကို ဆရာမောင်ဇေယျာက အခုလို ရေးသားတင်ပြထားပါတယ်။

## နန်းရင်းဝန်ဟောင်း ဂဠုန်ဦးစော (၁၉၀၀-၁၉၄၈)

၁၉၀၀ပြည့်နှစ် မေလ ၁၆ရက်တွင် သာယာဝတီခရိုင် အုတ်ဖိုမြို့၌ ဖွားသည်။ အဖ မြေပိုင်ရှင်ဦးဖိုးကြူး၊ အမိ ဒေါ်ပန်းဖြစ်သည်။ ညီအစ်ကို နှစ်ယောက်တွင် အကြီးဖြစ်၍ အမည်ရင်း မောင်စောဖြစ်သည်။

ကြို့ပင်ကောက်မြို့ ရိုမန်ကက်သလစ် သာသနာပြုကျောင်း၌ ၇တန်းအထိ ပညာသင်ယူခဲ့သည်။ အင်္ဂလိပ်စာကို အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့သို့ သွားရောက်သင်ယူခဲ့သည်။ ၁၉၂၇ခုနှစ်တွင် မြန်မာနိုင်ငံ၌ နောက်ဆုံး ကျင်းပခဲ့သော တတိယတန်းရှေ့နေခေါ် အောက်တန်းရှေ့နေ စာမေးပွဲ အောင်မြင်ခဲ့သည်။

သာယာဝတီမြို့မ ဝံသာနုကောင်စီတွင် အတွင်းရေးမှူးအဖြစ်ဆောင်ရွက်၍ ဝံသာနုနိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။ ၁၉၂၁ခုနှစ် ဂျီစီ ဘီအေ အကွဲတွင် ဖခင်ဦးဖိုးကြူးနှင့်အတူ ၂၁ဦးဘက်မှ ပါဝင်ခဲ့သည်။ ၁၉၂၅ခုနှစ် ပထမအကြိမ် ဒိုင်အာခီရွေးကောက်ပွဲတွင် ဝင်ရောက်အရွေး ခံသော်လည်း ရှုံးနိမ့်ခဲ့သည်။ ၁၉၂၇ခုနှစ် ဒိုင်အာခီရွေးကောက်ပွဲ၌ သာယာဝတီ တောင်ပိုင်း မဲဆန္ဒနယ်မှ ဥပဒေပြုလွှတ်တော်အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

၁၉၂၉ခုနှစ်တွင် ဝါရင့်နိုင်ငံရေးသမား သာယာဝတီ ဦးပုကို အနိုင်ရ၍ လွှတ်တော်အမတ်အဖြစ် ဆက်လက်အရွေးခံရသည်။ ၁၉၃၆ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲ၌ ဟင်္သာတမြောက်ပိုင်းမှ ရွေးချယ်ခံရသည်။

၁၉၃၁ခုနှစ် ဩဂုတ်လ ၂ရက်နေ့တွင် တောင်သူလယ်သမားပုန်ကန်မှု ခေါင်းဆောင် ဆရာစံကို ရှမ်းပြည်နယ်နောင်ချိုမြို့နယ်၌ ဖမ်းဆီးရမိခဲ့သည်။ ဆရာစံ၏အမှုကို သာယာဝတီမြို့တွင် အထူးခုံရုံးဖွင့်၍စစ်ဆေးရာ ဦးစောသည် ဆရာစံဘက်မှတရားခံရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့သည်။ တောင်သူလယ်သမားပုန်ကန်မှုနှင့်ပတ်သက်၍ အင်္ဂလိပ်အစိုးရသည် ပုန်ကန်သူများအား ရက်ရက်စက်စက်နှိပ်ကွပ်ခဲ့ကြောင်း အစိုးရထံ အိတ်ဖွင့်ပေးစာတစ်စောင် ရေးသားခဲ့သည်။

ထို့အပြင် အင်္ဂလိပ်ဘာသာဖြင့် မြန်မာပြည်အရေး စာအုပ်တစ်အုပ် ရေးသား၍ နိုင်ငံခြားသို့တင်ပို့ရာ အင်္ဂလိပ်အစိုးရ၏ ပိတ်ပင်တားဆီးမှုခံရသည်။ သာယာဝတီတောင်ပိုင်း အမတ် ဦးစောသည် ‘၁၉၃၀-၃၁ခုနှစ် မြန်မာပြည်အရေး’ စာအုပ်ထုတ်ဝေရာ အစိုးရအား အကြည်ညိုပျက်စေသော စာသားများပါဝင်၍ ပုဒ်မ ၁၂၄(က)အရ အပြစ်ပေးနိုင်ကြောင်း အထူးဂေဇက် အထုတ်ခံရသည်။ ဥပဒေပြုလွှတ်တော် အစည်းအဝေးတွင်လည်း ဆရာစံပုန်ကန်မှုနှင့်ပတ်သက်၍ အင်္ဂလိပ်အစိုးရ၏ အရေးယူဆောင်ရွက်မှုများကို ပြင်းပြင်းထန်ထန် ဝေဖန်ပြောကြားခဲ့ရာ ထိုစဉ်က ပြည်ထဲရေးအတွင်းဝန် မစ္စတာ ဘုသ်ဂရေ့ဗလီ (Mr.Booth Gravely) က ဦးစောအား ‘မောင်စော ဂဠုန်ဖြစ်လာပြီ’ဟု ပြောရာမှ ဂဠုန်ဦးစောဟု အမည်တွင်လာခဲ့သည်။

ဦးစောသည် ၁၉၃၄ခုနှစ်တွင် ရန်ကုန်မြူနီစပယ်လူကြီးအဖြစ် ဝင်ရောက်ဆောင်ရွက်ခဲ့သည်။ ၁၉၃၅ခုနှစ် မေလ ၂၃ရက်နေ့တွင် သူရိယသတင်းစာတိုက် ကိုယ်စားလှယ်အဖြစ် ဂျပန်နိုင်ငံသို့သွားခဲ့ရာ ခမ်းခမ်းနားနား ကြိုဆိုခြင်းခံရသည်။ ဂျပန်နိုင်ငံတွင် အဆာဟိရှင်ဘွန်းသတင်းစာကို လေ့လာခဲ့သည်။ အပြန်ခရီးတွင် ကိုးရီးယား၊ တရုတ်၊ ထိုင်း၊ မလေးရှားနိုင်ငံများသို့ ဝင်၍ နိုင်ငံရေးကို လေ့လာခဲ့သည်။ ဂျပန်မှအပြန် ဦးစောသည် ဂျပန်လမ်းညွှန် (A Guide to Japan)စာအုပ်ရေး၍ သူရိယမှ ထုတ်ဝေခဲ့သည်။ သူရိယသတင်းစာရှယ်ယာများ ထပ်မံဝယ်ယူ၍ ၁၉၃၆ခုနှစ်တွင် သူရိယသတင်းစာ ဒါရိုက်တာအဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ၁၉၃၈ခုနှစ်တွင် သူရိယသတင်းစာ အယ်

ဒီတာချုပ်အဖြစ် ဆောင်ရွက်သည်။ လစာမှာ ၈၅ဝကျပ်ဖြစ်သည်။ သူရိယသတင်းစာ အယ်ဒီတာချုပ်အဖြစ် ဩဇာကြီးမားလာသည်နှင့်အမျှ သူရိယသတင်းစာ၏ မူဝါဒကို ကြိုးကိုင်ပြောင်းလဲခဲ့သည်။

၁၉၃၆ခုနှစ်တွင် ဂဠုန်စစ်သူကြီးဘွဲ့ခံပြီး ဂဠုန်တပ်၏ ဗိုလ်ချုပ်အဖြစ် ဆောင်ရွက်သည်။ ၁၉၃၆ခုနှစ် ဒုတိယကျောင်းသားသပိတ်တွင် ကျောင်းသားများနှင့် ရင်းနှီးမှုရရန် ကြိုးစားခဲ့သည်။ ၁၉၃၈ခုနှစ် ဒီဇင်ဘာလ ၁၉ရက်နေ့၌ ရွှေတိဂုံစေတီတော်ခြေရင်း ဦးဘရီဇရပ်၌ မျိုးချစ်တပ်ဖွဲ့ဝင်များ၊ ဂဠုန်တပ်များနှင့် အာဏာဖီဆန်မှုကို တတိယကျောင်းသားသပိတ်အား ဟန်ရေးပြလှည့်ကွက်အဖြစ် လုပ်ဆောင်ခဲ့ရာ ခေတ္တအဖမ်းခံရသည်။ ၁၉၃၈ခုနှစ် မတ်လတွင် မျိုးချစ်ပါတီကို ဖွဲ့စည်းခဲ့သည်။ မျိုးချစ်ပါတီဌာနချုပ်ကို သူရိယသတင်းစာတိုက် မျက်နှာချင်းဆိုင်နေရာနှင့် ဦးစော၏ အေဒီလမ်းနေအိမ်တွင်ထားရှိသည်။ မျိုးချစ်ပါတီတွင် ဝတ်လုံတော်ရ ဦးအေး၊ ဖျာပုံသူဌေး ဦးအုန်းခင်၊ ဟသ်ာတဦးမြ၊ ပဲခူးဦးစိန်ဝင်းတို့ခေါင်းဆောင်များအဖြစ် ပါဝင်ကြသည်။

၁၉၃၈ခုနှစ် ဩဂုတ်လတွင် ကျင်းပသော အောက်လွှတ်တော် အစည်းအဝေး၌ ဦးစောသည် ဒေါက်တာဘမော်ဦးဆောင်သော ညွန့်ပေါင်းအစိုးရကို အယုံအကြည်မရှိကြောင်း အဆိုတင်သွင်းခဲ့သည်။ အကြောင်းပြချက်မှာ အုပ်ချုပ်ရေးမကျွမ်းကျင်မှု၊ ကုလား-ဗမာအဓိကရုဏ်းဖြစ်ပွားမှု တို့ဖြစ်သည်။ ဦးစော၏အဆိုသည် ၆၆မဲ-၆ဝမဲဖြင့် ရှုံးနိမ့်ခဲ့သည်။

၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ ၁၆ရက်နေ့ လွှတ်တော်အစည်းအဝေး၌ ဒေါက်တာဘမော် ဦးဆောင်သော ညွန့်ပေါင်းအစိုးရအား အယုံအကြည်မရှိ အဆိုထပ်မံ တင်သွင်းရာ ၇ဝမဲ-၃၇မဲဖြင့် အနိုင်ရသည်။ ၁၉၃၉ခုနှစ် မေလ၃ဝရက်နေ့တွင် ရွှေကျင်ဦးပုဦးဆောင်သည့် ညွန့်ပေါင်းအစိုးရအဖွဲ့၌ ဦးစောသည် လယ်ယာနှင့်သစ်တောရေးဝန်ကြီး ဖြစ်လာသည်။

၁၉၄ဝပြည့်နှစ် စက်တင်ဘာလ ၉ရက်နေ့ လွှတ်တော်အစည်းအဝေးတွင် နန်းရင်းဝန် ရွှေကျင်ဦးပုအား အယုံအကြည်မရှိ အဆိုထပ်မံ တင်သွင်း၍ ရာထူးမှဖြုတ်ချကာ ဦးစောကိုယ်တိုင် နန်းရင်းဝန်အဖြစ် အစိုးရအဖွဲ့ကို ဦးဆောင် ခဲ့သည်။ နန်းရင်းဝန်ဦးစောသည် အင်္ဂလိပ်ကုန်သည်ကြီးများ အလိုကျ ငြိမ်ဝပ်ပိပြားမှုကိုဦးစားပေး၍ ခပ်ကြမ်းကြမ်းကိုင်တွယ်ခဲ့သည်။ ထို့ကြောင့် ၁၉၄၁ခုနှစ် မတ်လ၁၉ရက်နေ့ အောက်လွှတ်တော်အစည်းအဝေး၌

ဗိုလ်တစ်ထောင်မဲဆန္ဒနယ် အမတ်ဦးဘဘေသည် ဦးစောဦးဆောင်သော အစိုးရအဖွဲ့အား အယုံအကြည်မရှိ အဆိုတင်သွင်းခဲ့သည်။ သို့သော် ၇၂မဲ- ၄၇မဲဖြင့် ရှုံးနိမ့်ခဲ့သည်။ ထိုအစည်းအဝေးတွင် အမတ်ဦးဘိုးထီက နန်းရင်းဝန်ဦးစောနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဘသီတို့နှစ်ဦးကို ရည်ရွယ်၍ "နန်းရင်းဝန်က ခြောက်တန်း၊ ဘဏ္ဍာရေးက စောက်ကန်း"ဟု ပြောကြားခဲ့ရာ ကာကွယ်ရေး ဥပဒေအရ အရေးယူခံခဲ့ရသည်။ လုပ်ဖော်ကိုင်ဖက် ဒေါက်တာ ဘမော်၊ ဦးဘဦး၊ ဦးဘဝင်းတို့ကိုသာမက နိုင်ငံရေးဆရာတစ်ဆူဖြစ်သော ဦးဘဘေကိုပါ ထောင်ဒဏ်ပေးခဲ့သည်။ သခင်ခေါင်းဆောင်များကိုလည်း အရေးယူခဲ့သည်။

တို့ဗမာအစည်းအရုံး သိက္ခာကျစေရန် "လယ်သမားဖိုးရွှေလုံး ညည်းချင်းနှင့် သခင်ဋီကာ"ဟူသော စာအုပ်ကို အစိုးရငွေဖြင့် စောင်ရေ အမြောက်အမြား ပုံနှိပ်ဖြန့်ချိခဲ့သည်။ ထို့ကြောင့် လွှတ်တော်ပြင်ပတွင် ကျောင်းသားများက "ဗမာပြည်ကြီးနစ်ဖို့ဖန် ကလိမ်ဉာဏ်နှင့် ငစော ငစော။ ငစောမို့တက်လို့လာ သူ့မျက်နှာ အရှက်မရှိ။ ညာတာဝါဒ လှိမ့်လို့ဖန် မျိုးချစ်ဉာဏ်ဟာ ဘမော်လိုပဲ" ဟူသော သံချပ်များဖြင့် သံပုံးတီး တောထုတ်တာ ခံခဲ့ရသည်။ သို့သော် မြန်မာပြည်ဘုရင်ခံ ဒေါ်မန်စမစ်သည် ၁၉၄၁ခုနှစ်တွင် ကျင်းပရမည့် ရွေးကောက်ပွဲအား စစ်ကိုအကြောင်းပြ၍ ဦးစောအစိုးရ ဆက်လက်တည်တံ့စေခဲ့သည်။

၁၉၄၁ခုနှစ် အောက်တိုဘာလ ၈ရက်နေ့တွင် နန်းရင်းဝန်ဦးစောသည် အိုင်စီအက်စ်ဝန်ထမ်း ဦးတင်ထွဋ်ကို အကြံပေးအဖြစ်ခေါ်ဆောင်၍ နန်းရင်းဝန် ချာချီနှင့်တွေ့ရန် အင်္ဂလန်သို့ သွားရောက်ခဲ့သည်။ အင်္ဂလန်တွင် နန်းရင်းဝန် ချာချီနှင့် တွေ့ခွင့်ရသော်လည်း စစ်ပြီးလျှင် မြန်မာနိုင်ငံအား ဒိုမေနီယန် အုပ်ချုပ်ရေးပေးရန် တောင်းဆိုရာ အောင်မြင်မှုမရခဲ့ချေ။ အင်္ဂလန်မှအပြန် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့သို့အရောက် ဂျပန်ကောင်စစ်ဝန်ရုံးနှင့် ဆက်သွယ်မှုဖြင့် ပါလက်စတိုင်း (အစ္စရေး)ပြည် ဟိုင်ဖာမြို့တွင် အင်္ဂလိပ်အစိုးရ၏ ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၄၂ခုနှစ် ဇန်နဝါရီလ ၁၈ရက်နေ့တွင် နန်းရင်းဝန် ဦးစောအား မြန်မာပြည်ပြန်ခွင့်မပြုဘဲ ဆက်လက်ထိန်းသိမ်းကြောင်း အင်္ဂလိပ်အစိုးရ ကြေငြာခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဦးစောအား အာဖရိက တိုက်ရှိ ယူဂန္ဒာနိုင်ငံတွင် အကျဉ်းချထားခဲ့ပြီး အိုင်စီအက်စ် ဦးတင်ထွဋ်ကို

အိန္ဒိယနိုင်ငံ ဆင်းမလားသို့ပို့ကာ မြန်မာပြည် စစ်ပြေးအစိုးရ၏ အကြံပေးအဖြစ် ဆောင်ရွက်စေခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၆ခုနှစ် ဇန်နဝါရီလ ၂၇ရက်နေ့တွင် နန်းရင်းဝန်ဟောင်းဦးစော ယူဂန္ဒာမှ မြန်မာပြည်သို့ ပြန်ရောက်လာခဲ့သည်။ မေလတွင် မျိုးချစ်ပါတီကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ၁၉၄၆ခုနှစ် စက်တင်ဘာလ ၁၂ရက်နေ့တွင် မြန်မာပြည်ဘုရင်ခံ ဆာဟူးဘတ်ရန့်၏ ခေါ်ယူတွေ့ဆုံခြင်း ခံရသည်။ ထိုနှစ် စက်တင်ဘာလ ၂၁ရက်နေ့တွင် ရန်ကုန်မြို့ မြေနီကုန်း စိန့်ဗင်းဆင့်ဘုရားကျောင်းရှေ့၌ သေနတ်ပစ်ခံရ၍ မျက်စိဒဏ်ရာရခဲ့သည်။ စက်တင်ဘာလ ၂၆ရက်နေ့တွင် ဘုရင်ခံ၏ အမှုဆောင်ကောင်စီ၌ ပညာရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၄၇ခုနှစ် ဇန်နဝါရီလ ၉ရက်နေ့တွင် ဗြိတိသျှအစိုးရ၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ဆွေးနွေးရန် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် အင်္ဂလန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ဇန်နဝါရီလ ၂၇ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ချုပ်ဆိုသော အောင်ဆန်း အက်တလီ စာချုပ်ကို ထိုစဉ်က အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော သခင်ဗစိန်နှင့်အတူ လက်မှတ်ထိုးရန် ငြင်းပယ်ခဲ့သည်။ မြန်မာပြည်ကိုပြန်ရောက်ပြီး ဖေဖော်ဝါရီ ၁၉ရက်နေ့တွင် သခင်ဗစိန်နှင့်အတူ ဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့သည်။

အစိုးရအဖွဲ့မှနုတ်ထွက်ပြီးနောက် သခင်ဗစိန်၊ ဒေါက်တာဘမော်တို့နှင့်အတူ မဟာဗမာအဖွဲ့ ဖွဲ့စည်း၍ ဖဆပလအတိုက်အခံအဖြစ် ဆောင်ရွက်သည်။ ထိုစဉ်က စာနယ်ဇင်းများတွင် စောစိန်မော်ဂိုဏ်းဟု ကင်ပွန်းအတပ်ခံရသည်။ ၁၉၄၇ခုနှစ် ဇူလိုင်လ ၁၉ရက်နေ့ နံနက်၁၀း၃၀ ဝန်းကျင်တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ဝန်ကြီးများလုပ်ကြံခံရသော နိုင်ငံတော်လုပ်ကြံမှုကြီး နောက်ကွယ်မှ အဓိက ကြိုးကိုင်ခဲ့သူ လုပ်ကြံမှုကြီး၏တရားခံအဖြစ် ထိုနေ့ညနေမှာပင် လူသတ်တရားခံများနှင့်အတူ အဖမ်းခံခဲ့ရသည်။

နန်းရင်းဝန်ဟောင်းဦးစောသည် ၁၉၄၈ခုနှစ် မေလ ၈ရက် အရုဏ်ဦးတွင် နိုင်ငံတော်လုပ်ကြံမှု တရားခံအဖြစ် အပေါင်းအပါတရားခံ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်၊ စိန်ကြီး၊ မှုန်ကြီးတို့နှင့်အတူ ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်၌ ကြိုးပေးခံခဲ့ရသည်။

မောင်ဇေယျာ
မြန်မာလူကျော်　　-၁၀၀ (ပထမအုပ်)
စာမူခွင့်ပြုချက်အမှတ်　　-၄၀၀၄၃၃၀၅၀၉ .
မျက်နှာဖုံးခွင့်ပြုချက်အမှတ်　　-၄၀၁၁၆၈၁၀၀၉
ယူနီတီ စာပေ၊ ရန်ကုန်။

ဒါက ပါဏာတိပါတ အကုသိုလ်ကံကြောင့် ဒီဘဝမှာတင် ဆိုးကျိုးခံစားရပုံကို သိလွယ်တဲ့ သာဓကတစ်ရပ်အနေနဲ့ ပြောပြတာပါ။ ပါဏာတိပါတရဲ့ ဆိုးကျိုးနဲ့ ပတ်သက်ပြီး သာရတ္ထသင်္ဂဟ အဋ္ဌကထာက ဘယ်လိုပြောသလဲ။ အချက် ၉ချက်ပြောထားပါတယ်။ ပါဏာတိပါတအကုသိုလ်ကံ လွန်ကျူးသူဟာ-

၁။ ခြေလက်စသော ကိုယ်အင်္ဂါချို့ယွင်းခြင်း။

၂။ ရုပ်အသွင် မွဲခြောက်ပြီး စိုစိုပြည်ပြည်မရှိခြင်း။

၃။ အားအင်ချို့ယွင်းခြင်း (အားနည်းခြင်း)။

၄။ ဘေးရန်နှင့် ကြုံလာလျှင် ကြောက်ရွံ့တတ်ခြင်း။

၅။ သူတစ်ပါးအသတ်ခံရခြင်း (သို့မဟုတ်) ကိုယ့်ကိုယ်ကို သတ်သေခြင်း။

၇။ အနာရောဂါထူပြောခြင်း။

၈။ အခြွေအရံပျက်စီးခြင်း။

၉။ အသက်တိုခြင်း။

ဆိုတဲ့ ဆိုးကျိုး ၉ခု ခံစားရတတ်တယ်တဲ့။ ဒါကို ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက အခုလို လင်္ကာလေး သီကုံးဖွဲ့ဆိုပေးထားပါတယ်။

ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့လတ်အင်္ဂါ၊
မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊
ဘေးကို ကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊
ခြွေရံပျက်၍၊ အသက်တိုလျှ၊ ဖြစ်များလှသည်. . .
ရှောင်က အပြန်အကျိုးတည်း။

ဒီတော့ သဇင်ဆိုတဲ့ တံငါရွာကလေးက မြမြမူလည်း ဘဝတစ်ခုခုမှာ ပါဏာတိပါတကံ ကျူးလွန်ခဲ့ဖူးပါလိမ့်မယ်။ ဒါကြောင့် အခုဘဝမှာ လက်အင်္ဂါချို့တဲ့ရရှာပါတယ်။ အဲဒီ မြမြမူလေးက ဆရာတော်ဆီ ဖုန်းဆက်ပါတယ်။ တစ်ရက်ပါတော့ ကျောင်းသားတစ်ယောက်က ဆရာတော်ကို သတင်းပေးတယ်။ အဲဒီ သဇင်ရွာမှာဘုရား. . . ကလေးမလေးတစ်ယောက် လက်သာမပါတာ၊ ၇တန်းရောက်နေပြီ၊ ခြေထောက်နဲ့စာရေး၊ ပြီးတော့ ကျောင်းတက်တယ်။ အခု ဆင်းရဲနွမ်းပါးတဲ့အတွက် ကျောင်းဆက်မတက်နိုင်ဘူးဆိုလို့ ဆရာတော်က အဲဒီကလေးမလေးများ ကျောင်းဆက်တက်မယ်ဆိုရင် တက္ကသိုလ်ဘွဲ့ရတဲ့အထိ တာဝန်ယူပြီး ကူညီမယ်ဆိုပြီးတော့ အဲဒီတံငါရွာလေးကို ရောက်အောင် သွားခဲ့တာ။ တော်ရုံတန်ရုံ မေတ္တာစေတနာနဲ့ မရောက်နိုင်ပါဘူး။

ဆရာတော်တို့ သဇင်ရွာကို ရောက်သွားတော့ မိုးတောင်ချုပ်နေပြီ။ အဲဒီရွာကို သွားတဲ့လမ်းက ဆိုင်ကယ်နဲ့ပဲ သွားလို့ရတယ်။ တခြား ကားတွေဘာတွေနဲ့ သွားလို့မရဘူး။ လမ်းမှာ ဆိုင်ကယ်လဲသေးတယ်။ ဆရာတော့်ခြေသလုံး အိပ်ဇောအပူလောင်သွားသေးတယ်။ ရောက်သွားတော့ မြမြမူတို့ကလည်း ဝမ်းသာအားရပါပဲ။ သို့သော် သူကျောင်းဆက်မနေတော့ပါဘူးတဲ့။ ကျန်းမာရေးမကောင်းတာကတစ်ကြောင်း၊ စာတွေများလာတော့ ခြေထောက်နဲ့လိုက်ရေးဖို့ မလွယ်တော့တာကတစ်ကြောင်းကြောင့် သူကျောင်းဆက်မတက်ချင်တော့ဘူးတဲ့။ ဒါဆို သမီးဘာလိုသလဲလို့မေးတော့ ဆရာတော်ရဲ့တရားတွေ နာချင်တယ်၊ စာအုပ်တွေဖတ်ချင်တယ်တဲ့။ အဲဒါနဲ့ ကက်ဆက်တစ်လုံးရယ်၊ ဆရာတော်ရဲ့တရားခွေတစ်စုံရယ်၊ ဆရာတော်ရေးတဲ့စာအုပ်တစ်စုံရယ်၊ ပြီးတော့ တခြားဗဟုသုတစာအုပ်တွေရယ် ပေးခဲ့တယ်။ အခုကလေးမလေးက တရားပြည့်ဝသွားပါပြီ။ ဘယ်လောက်ပြည့်ဝသလဲဆိုတော့ သူ့ရဲ့အမေ အဖေတွေကိုတောင် တရားတွေဘာတွေ ပြန်ဟောနေနိုင်ပြီ။ သူ တရားခဏခဏဟောလို့ သူ့အမေ အဖေတွေက တံငါအလုပ်ကို စွန့်လွှတ်လိုက်ကြပြီ။ အခုတော့ မိသားစုစားဝတ်နေရေးအတွက် စိုက်ပျိုးရေးလုပ်ကိုင်နေကြတယ်ပေါ့နော်။

အဲဒီကလေးမလေးက ဆရာတော်ဆီ ဖုန်းဆက်တာပါ။ ဆရာတော်. . . တပည့်တော်မ ဆေးရုံကို ရောက်နေတယ်တဲ့။ ဘာရောဂါလဲဆိုတော့ နှလုံးရောဂါ။ အဲဒါ ဆရာတော်. . . ဆေးရုံရောက်လို့ ဆေးရုံ သန့်စင်ခန်း

သွားလိုက်မှ နှလုံးရောဂါက ပိုဆိုးလာတယ်လို့ ပြောပါတယ်။ ဆရာတော်က ဘာဖြစ်လို့တုန်းလို့မေးတော့ ဆေးရုံအိမ်သာတွေက ညစ်ပတ်နေလို့တဲ့။ ရေလည်းမရှိ။ မီးလည်းမရှိဘူးတဲ့။ လူတိုင်းကြုံဖူးကြပါလိမ့်မယ်။

ဘယ်နေရာ ဘယ်ဒေသတွေကိုရောက်ရောက် အများဆိုင် အများသုံး သန့်စင်ခန်းတွေက ညစ်ပတ်နေတတ်တယ်။ စိတ်ဓာတ်မြင့်မြတ်တဲ့ နိုင်ငံသားတိုင်းမှာ အများဆိုင်ပစ္စည်းတွေကို စောင့်ရှောက်ရမယ့် တာဝန်ရှိပါတယ်။ အခု ကျောက်ပန်းတောင်းမြို့ စက်မှုသိပ္ပံကျောင်းက ကျောင်းသားတွေ ကိုယ် ဒီမှာနေတယ်၊ သန့်စင်ခန်းတွေ ညစ်ပတ်နေတာတွေ့တယ်၊ ကိုယ်ဆေးမယ်လေ၊ ကိုယ့်ကျောင်းပဲ။ ပြင်လိုက်မယ်။ ဒီလိုပဲ လုပ်ရမှာပါ။

အခု ဆရာတော် အဲဒီက ဒကာကြီး ဦးနေဝင်းကို ဖုန်းဆက် အကြောင်းကြားထားပါတယ်။ ဆေးရုံအုပ်ကြီးနဲ့တိုင်ပင်ပြီး ပြင်ပေးလိုက်ပါ။ ကုန်ကျတာ ဆရာတော် ပေးပါ့မယ်။ လှူပါ့မယ်ပေါ့။ နောက်ထပ်တော့ ဖုန်းဆက်ပြီး မေးမကြည့်ရသေးဘူး။ အဲဒီ ဆေးရုံက သန့်စင်ခန်းတွေဆိုလည်း ဆရာတော်နဲ့ ဘာမှမဆိုင်ဘူး။ ဆရာတော်ကို ဘယ်သူမှလည်း မပြင်ခိုင်းပါဘူး။ မခိုင်းဘဲနဲ့ လုပ်တာပါ။ အဲဒီတော့ အခု တရားနာတဲ့လူငယ်တွေလည်းပဲ အဲဒီအလေ့အကျင့်လေးကို ယူစေချင်တယ်။ ခိုင်းမှလုပ်တာကတော့ ဘာတန်ဖိုးမှမရှိပါဘူး။ အခု ဒုတိယအရာရှိ အကြောင်း ပြန်ဆက်ရအောင်။

အဲဒီ အရာရှိကြီးကျတော့ မြင့်မြတ်တဲ့ စိတ်ဓာတ်ရှိတဲ့အတွက် လူကလည်း မြင့်မြတ်တာပေါ့။ အလုပ်ဆိုလို့ရှိရင် ဝတ်ကျေတန်းကျေ မဟုတ်ဘူး။ ကောင်းနိုင်သမျှ ကောင်းအောင် လုပ်တယ်။ မနေ့က ငါထက်ဒီနေ့ ငါက ပိုကောင်းရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ တအားကြိုးစားတယ်။ နောက် အစိုးရက ပေးထားတဲ့ ခြံအကျယ်ကြီးထဲမှာလည်း သီးပင်စားပင်တွေ စိုက်ပျိုးပေးပါတယ်။ တချို့ သီးပင်စားပင်တွေက သူ့လက်ထက်မှာ မသီးသေးပါဘူး။ နောက်အရာရှိတစ်ယောက်ယောက်ရဲ့ လက်ထက်ကျမှ သီးမှာပါ။ ကိစ္စမရှိပါဘူး။ နောက်လာတဲ့ ပုဂ္ဂိုလ်တွေ စားရပါစေ။ အဲဒါ မြင့်မြတ်တဲ့စိတ်ဓာတ်နော်။ စိတ်ဓာတ်မြင့်ရင် လူလည်းမြင့်ပါတယ်။ စိတ်ဓာတ်နိမ့်ရင်တော့ လူလည်းနိမ့်သွားတာပါပဲ။ နောက်တစ်ခါ စိတ်ဓာတ်မြင့်တဲ့အရာရှိရဲ့ လုပ်ငန်းလုပ်ပုံကိုင်ပုံပါ။ သူပြောင်းရွှေ့ခါနီးပြီဆိုတော့ နောက်ရောက်လာမယ့် အရာရှိကြီး အေးအေးချမ်းချမ်းနဲ့ တာဝန်ထမ်းဆောင်နိုင်ပါစေဆိုပြီး လုပ်ငန်းမှန်သမျှ

အပြတ်လုပ်ပေးခဲ့တယ်။ မေတ္တာ စေတနာတွေပေါ့။ အဲဒီလို ပုဂ္ဂိုလ်တွေကျတော့ ကိုယ့်တာဝန်ကိုယ်ထမ်းဆောင်ရင်းနဲ့ ကုသိုလ်တွေဖြစ်နေတယ်။ အဲဒီ တစ်ချက် တို့ဗုဒ္ဓဘာသာတွေမှာ အားနည်းတယ်ပေါ့။ ဘာသာရေးမှာ မေတ္တာစေတနာထားသလောက် လူမှုရေးမှာကျတော့ မေတ္တာစေတနာ အားနည်းတယ်။ ကိုယ့်တာဝန်နဲ့ ပတ်သက်ရင်လည်း မေတ္တာစေတနာထားရ ကောင်းမှန်း သိပ်မသိကြဘူး. . . ထားကြပါ။ အဲဒါ ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်ရင်းနဲ့ ကုသိုလ်တွေ ဖြစ်နေမှာပါ။

ဥပမာ တစ်ခု-ဈေးရောင်းတယ်ပေါ့။ အမြတ်ရရင်ပြီးရော ငွေပဲ အဓိကထားတယ်။ ဒါဆိုရင် ငွေပဲရမယ်။ ကုသိုလ်တော့မရဘူး။ ငါ့ဆီမှာ ဈေးဝယ်တဲ့ပုဂ္ဂိုလ်တွေ သူများဆိုင်ထက်စာရင် ဈေးသက်သာပါစေ။ ပစ္စည်း ကောင်းကောင်းလေး သုံးပါစေ။ အဲဒီ မေတ္တာပါမယ်ဆိုရင် ဈေးရောင်းရင်းနဲ့ ကုသိုလ်လည်း ရတယ်။ ငွေလည်းရပါတယ်။ ကိစ္စနှစ်ခု တစ်ခါတည်း ပြီးသွားတယ်။ အဲဒီ စိတ်ဓာတ်လေး ပြောင်းပေးလိုက်ကြပေါ့။

သီးပင်စားပင်တွေစိုက်ပြီးတဲ့နောက် အပြီးပြောင်းကာနီးကျတော့ နောက်ရောက်လာမယ့် အရာရှိကြီး ဒီတိုက်မှာ သပ်သပ်ရပ်ရပ်နဲ့ ချမ်းချမ်း သာသာနေရပါစေဆိုပြီး ဆေးတွေဘာတွေ သုတ်ပေးသွားလိုက်သေးတယ်။ ကြည့်စမ်း. . . စိတ်ဓာတ်မြင့်မြတ်လိုက်တာနော်။ ယောဒိလူငယ်တွေအားလုံးကို အဲဒီလို စိတ်ဓာတ်မြင့်မြတ်စေချင်တာပါ။ အဲဒီ ဒုတိယအရာရှိကြီးလည်း နှစ်ပြည့်တော့ တစ်နယ်ကိုပြောင်းသွားတာပေါ့။ တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီးက အဲဒီအရာရှိနှစ်ယောက်ရဲ့ နောက်ဆုံးအချိန်ထိကို လိုက်ပြီးတော့ လေ့လာတာပါ။ ဇာတ်သိမ်းခန်းမှာ စိတ်ဓာတ်နိမ့်တဲ့ အရာရှိကြီးက ရာထူးပြုတ်ပြီး ဆင်းဆင်းရဲရဲနဲ့ ဘဝနိဂုံးချုပ်ရတယ်။ စိတ်ဓာတ်မြင့်တဲ့ အရာရှိကြီးကျတော့ အမြင့်ဆုံးဝန်ကြီးအဆင့်ထိ ရသွားတယ်တဲ့။

ဒါဘာလဲဆိုတော့ စိတ်ဓာတ်နိမ့်သူနဲ့ စိတ်ဓာတ်မြင့်သူရဲ့ ကွာခြားချက်ပါ။ တစ်ခုရှိပါတယ်။ စိတ်ဓာတ်နိမ့်ကျပြီးတော့ မဟုတ်မတရားတဲ့ နည်းတွေနဲ့ မြင့်တဲ့နေရာရောက်နေတဲ့ ပုဂ္ဂိုလ်တချို့ တွေ့ပါလိမ့်မယ်။ အားမကျပါနဲ့၊ အတွေးအခေါ်လေးတစ်ခုပြောလိုက်ပါ့မယ်။ ဘဝပေးအခြေအနေအရ အောက်ကျနောက်ကျဘဝရောက်နေသော်လည်းပဲ စိတ်ဓာတ်က မြင့်မြတ်နေရင် မြင့်မြတ်တဲ့ဘဝ ပြန်ရောက်ပါတယ်။ နောက်ကျဘဝရောက်နေသော်လည်းပဲ

စိတ်ဓာတ်ကမြင့်မြတ်ရင် မြင့်မြတ်တဲ့နေရာ ပြန်ရောက်ပါတယ်။ ဘဝပေး အခြေအနေအရ အင်မတန်မြင့်တဲ့ ရာထူးကြီးရနေသော်လည်းပဲ စိတ်ဓာတ် နိမ့်ကျမယ်ဆိုရင်တော့ တစ်ချိန်ချိန်မှာပြန်ပြီးတော့ ဘဝလည်း နိမ့်ကျသွားတာ ဘာမှမကြာဘူး။ ဒီတော့ စိတ်ဓာတ်မြင့်အောင် ကြိုးစားပါ။ စိတ်ဓာတ်မြင့် အောင် ကြိုးစားမှုနဲ့ပတ်သက်ပြီးတော့ တခြားပုဂ္ဂိုလ်တွေ သာဓကထားစရာတော့ အများကြီးပါပဲ။ အဲဒီထဲကမှ ပိုပြီးတော့ခိုင်မာအောင် ပလ္လင်ပေါ်က ဘုန်းကြီးရဲ့ ကြိုးစားအားထုတ်ပုံလေးကို ဒီက လူငယ်များအတွက် မျှဝေချင်ပါတယ်။

အမိက ဆရာတော်ရဲ့ဘဝကို အောင်မြင်တဲ့ ဘဝရောက်အောင် ပို့ပေးတဲ့ အမိကတွန်းအားဟာ အနစ်နာခံတဲ့စိတ်ဓာတ်ကို မွေးခြင်းနဲ့ စာပေခွန်အား။ ဒီနှစ်ချက်က ဆရာတော့်ကို အောင်မြင်တဲ့ဘဝရောက်အောင် ပို့ပေးပါတယ်။ ဆရာတော်တို့ ဘယ်သူနဲ့ပဲတွေ့တွေ့ ကိုယ့်ဘက်က အနစ်နာခံဖို့ပဲ စိတ်ကူး ပါတယ်။ အသာစံဖို့ ဘယ်တော့မှ စိတ်မကူးပါဘူး။ ဘယ်သူနဲ့ဖြစ်ဖြစ် ဘယ်သူ့ကို ဘာပေးရမလဲ။ ဘာကူညီရမလဲ။ အဲဒါပဲ တွေးတယ်။ နောက်ဆိုလို့ ရှိရင် ဆရာတော်တို့ စာရေးနိုင်တယ်ဆိုတာလေ ကိုယ်ရေးသင့်တဲ့စာကို အပုံတစ်ရာပုံရင် ဒါဟာ ဆယ်ပုံလောက်ပဲ ရေးနိုင်တာပါ။ ကျန်တဲ့ အပုံကိုးဆယ်လောက်က မရေးနိုင်ဘူး။

ဆရာတော်တို့ အနယ်နယ်အရပ်ရပ် ကူညီထောက်ပံ့ခဲ့တာတွေကို ဆရာတော်ရဲ့ ကပ္ပိယဦးသန်းဝင်း မှတ်တမ်းရေးပေးနေပါတယ်။ အခုဆို ဆရာတော် တရားဟောထွက်နေတာ ၆လလောက်ရှိပြီလေ။ ကျောင်းကို တစ်ခေါက်မှ ပြန်မရောက်သေးဘူး။ ဒီကြားထဲမှာ ကြုံရင်ကြုံသလိုပေါ့နော်။ လောကအတွက် စွန့်လွှတ်လှူဒါန်းခဲ့တာ ရေနံချောင်းမှာ ပထမည တရား ဟောတယ်။ အဲဒီ ရေနံချောင်းက ဗိမာန်ဆောက်တဲ့ ဒကာကြီးလည်း မပြီးသေးလို့ပေါ့လေ။ တရားပွဲလည်း ကျင်းပချင်တယ်။ ဒကာကြီး ရက်က မလွယ်ဘူးလို့။ စောင့်ရဦးမယ်။ ဒါပေမယ့် ဒီနေ့ည တရားပွဲလာခဲ့ကြ။ အဲဒီ ပထမညရတဲ့ငွေငါးသိန်းကျော် လှူပေးခဲ့တယ်။ ဒါတွေကို ဆရာတော်တို့ စာရင်းတင်ဖို့ အချိန်လည်းမရှိဘူး။ ဘေးကလူ ရေးမှသာ တို့ပရိသတ် ရေ. . . သိရမှာ။

နောက်ဆုံး ညကျတော့ ရေနံချောင်း သပွတ်စုမှာ ဟောရတယ်။ အဲဒီမှာ လည်း အဲလိုပဲ ဆရာတော် တရားဟောတဲ့ သပွတ်စုရွာ ကျောင်းဝင်းထဲမှာ

အလယ်တန်းကျောင်းခွဲလေးရှိတယ်။ ကျောင်းအုပ်ကြီးလာကန်တော့ရင်းနဲ့ ဘုန်းကြီးက မေးတယ်။ အလယ်တန်းကျောင်းခွဲလေးကနေ အလယ်တန်းကျောင်း မဖြစ်သေးဘူးလားဆိုတော့ မဖြစ်သေးဘူးဘုရား. . . အဆောက်အဦလေး လိုနေ့လို့တဲ့။ ကျောင်းသားရော ပညာသင်ပုံရော စံချိန်မီတယ်။ ကျောင်းအဆောက်အဦ လိုတာတဲ့။ ကျောင်းအဆောက်အဦတစ်ခုကဆို အကာမရှိဘူး။ အမိုးနဲ့ အခင်းပဲရှိတယ်။ အဲဒါလေးကို အကာလေးနဲ့ သပ်သပ်ရပ်ရပ်ပြီးသွားရင် အစိုးရက အလယ်တန်းကျောင်းပေးမှာလို့ ပြောပါတယ်။ ဒါဆို ဘုန်းကြီး သီးသန့်မ,တည် လှူပေးမယ်ဆိုပြီးတော့ အဲဒီညရတဲ့ ငါးသိန်းလှူပေးခဲ့တယ်။ ပြီးတော့ ဆရာတော်ရဲ့ ဒကာဒကာမတွေ ဆက်သွယ်ပေးတာ ရန်ကုန်ကလည်း အခုလှူကြမှာ။ ပြီးသွားမှာပါ။ အဲဒီလို အနစ်နာခံတဲ့ စိတ်ဓာတ်ပေါ့။ အနစ်နာခံတဲ့ စိတ်ဓာတ်လည်း မွေးယူရပါတယ်။

ဥပမာပေးရလို့ရှိရင် ဟောဒီ ကျောင်းဝင်းထဲမှာ မြက်ပင်တွေ ချုံဖုတ်တွေ သီးသန့်စိုက်စရာ လိုသလား။ မလိုဘူးနော်။ ရှင်းတောင် ပစ်ရသေးတယ်။ ထို့အတူပဲ အသာစံချင်တဲ့စိတ်၊ အချောင်လိုချင်တဲ့စိတ်ဟာ လုံးဝသီးသန့် မွေးစရာမလိုပါဘူး။ မွေးကတည်းက ပါပြီးသားပဲ။ အဲ. . . သီးပင်တွေစားပင်တွေ အရိပ်ရပင်တွေကျတော့ သေချာစိုက်ပျိုးရပါတယ်။ သေသေချာချာ စိုက်ပျိုးမှ ရပါတယ်။ ထို့အတူ အနစ်နာခံတဲ့စိတ်ဓာတ်ကျတော့ သေသေချာချာ မွေးမြူရပါတယ်။ ဒါကို ပါရမီလို့လည်း ခေါ်ပါတယ်။ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေမှ လုပ်နိုင်ပါတယ်။ စိတ်ဓာတ်နိမ့်ကျတဲ့ ပုဂ္ဂိုလ်တွေ မလုပ်နိုင်ပါဘူး။ အဲဒီတော့ သီးသန့်ကြိုးစားပြီးတော့ ယူစေချင်တယ်ပေါ့။

အခု စာပေနဲ့ပတ်သက်လို့ပေါ့လေ တခြားလူတွေ မပြောပါနဲ့။ ဘုန်းကြီးရဲ့ အမျိုးတွေလည်း စာဖတ်တာပဲ။ ဘုန်းကြီးသာ စာရေးဆရာဖြစ်တာ။ ဘုန်းကြီးရဲ့ခယ်မတော်မှာပေါ့။ ဘုန်းကြီးညီရဲ့ အမျိုးသမီး မခိုင်တဲ့။ ဘယ်လောက်စာဖတ်လဲ ပြောမလို့။ ဘုန်းကြီးစာရေးတဲ့အခါမှာ အခုလို အဝေးကနေ ရေးရတာလေ။ စာကြည့်စရာ ကိုယ့်ဘေးမှာ အစုံမရှိဘူး။ သယ်တော့သယ်လာတာပေါ့။ အကုန်တော့ ဘယ်သယ်လာနိုင်ပါ့မလဲ။ ဘုန်းကြီးက အသာစံခြင်းနဲ့ အနာခံခြင်းစာအုပ်ကြီးရေးတော့ အဲဒီမှာ တစ်ကမ္ဘာလုံးက နိုင်ငံရေး၊ ဘာသာရေး၊ စီးပွားရေး လောကသား အနစ်နာခံတဲ့ ပုဂ္ဂိုလ်တွေ

အကြောင်းလည်း အဲဒီထဲမှာပါတယ်။ ဒါ မြတ်စွာဘုရားရဲ့ အတုလိုက်တဲ့ ပုဂ္ဂိုလ်တွေပဲ။ နောက်တစ်ခါ အရှင်ဒေဝဒတ်ကြီးနည်းအတိုင်း အသာစံတဲ့ လူယုတ်မာတွေအကြောင်းလည်းပါတယ်။ အဲဒီစာအုပ်ကြီးက အထူးကြီးရေးမှာ။ အတွဲလိုက်ကြီး။ ဖတ်လို့လည်းကောင်းမယ်။ ရေးလို့လည်းကောင်းမယ်ပေါ့နော်။ တကယ့်ဖြစ်ရပ်တွေပဲ ရေးမှာကိုး။ တကယ်ဖြစ်ခဲ့တဲ့ပုဂ္ဂိုလ်တွေချည်းပဲ။ ဆိုလိုတာကတော့ ဟိုအရင့်အရင်စာအုပ်တွေက ရှောင်စရာသို့မဟုတ် ဆောင်စရာ။ ဒီဟာကတော့ ရှောင်စရာဆောင်စရာ နှစ်မျိုးလုံးရေးမှာပေါ့။ အားလုံးဖတ်ပြီးသားပါ။ ဆရာတော်က ပြန်စဉ်းစားရုံပဲ။ ရေးမယ့်ဟာတွေ ခေါင်းထဲမှာ စီတန်းပြီးသွားပြီ။

အဲဒီမှာ ဆရာတော်က ဘယ်သူ့အကြောင်းရေးမလဲဆိုတော့ အနစ်နာခံတဲ့နေရာမှာ နိုင်ငံရေးလောကထဲက မော်စီတုန်းအကြောင်းလည်းရေးမှာ။ တရုတ်ခေါင်းဆောင်ကြီးပေါ့နော်။ ဥက္ကဋ္ဌကြီးမော်လို့လည်း ခေါ်တာပေါ့။ တစ်ကမ္ဘာလုံးသိပါတယ်။ သို့သော် ဆရာတော်ရဲ့ခယ်မက မသိရှာဘူး။ အဲဒီတော့ဖုန်းဆက်တယ်။ ဟော့. . . မခိုင်လား။ ဟုတ်တယ်ဘုရားတဲ့။ ငါ့ကို မော်စီတုန်းရဲ့အတ္ထုပ္ပတ္တိစာအုပ် ကားကြုံနဲ့ပို့ပေးလိုက်။ ငါအခု ဘယ်ရောက်နေပြီပေါ့။ မှန်ပါတဲ့။ သူက သေသေချာချာမှတ်ဦးဆိုတော့ သူက ရေးမှတ်နေတယ်။ ဆရာတော်က သူ့ကို စမ်းကြည့်တယ်။ သိလား။ စာဘယ်လောက်ဖတ်လဲလို့။ မခိုင် နင်မော်စီတုန်းဆိုတာ ကြားဖူးလားဆိုတော့ ကြားဖူးတာပေါ့ဘုရားတဲ့။ ဘယ်နိုင်ငံကတုန်းဆိုတော့ တပည့်တော်အိမ်ဘေးက တရုတ်ကလေးတဲ့။ သေရော. . . ကဲ. . . သူ့အိမ်ဘေးက တရုတ်ကလေးကို မော်စီတုန်းထင်တာတဲ့။ တို့မြန်မာတွေဟာ စာပေဗဟုသုတ ဘယ်လောက်ခေါင်းပါးသလဲဆိုတာ ပြောပြတာ။

အခု လူငယ်တွေ ဆရာတော် အတွေးအခေါ် တစ်ခု ပြောပေးခဲ့ဦးမယ်။ တို့မြန်မာတွေဟာ အင်္ဂလိပ်ကျွန်အဖြစ် အနှစ်တစ်ရာကျွန်ဖြစ်ခြင်းအကြောင်း အများကြီးပေါ့လေ။ အဲဒီထဲကမှ အကြောင်းတစ်ခုကိုပြောပြမယ်။ မြန်မာတွေစာမဖတ်လို့လည်းဘဲ အင်္ဂလိပ်ကျွန်ဖြစ်သွားတာ။ အဲဒါ တစ်ကြောင်းပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းခုနစ်ရာလောက်ကတည်းက အဲဒီအင်္ဂလန်မှာ စာကြည့်တိုက်တွေ ရှိနေပြီ။ ဒီအချိန်မှာ တို့မြန်မာတွေ စာအုပ်တောင် မမြင်ဖူးသေးဘူး။ တကယ့် နလပိန်းတုန်းတွေပဲ။ ဘုန်းကြီးတွေလောက်ပဲ စာပေလိုက်စားကြတာပါ။

တခြားနိုင်ငံက စာအကြောင်းပေအကြောင်းတွေ ဘာမှကိုမသိသေးဘူး။

စာဖတ်သူက အတွေးအခေါ် ဉာဏ်ပညာတွေ တဖြည်းဖြည်းကြီးကျယ်လာတာလေ။ စာမဖတ်သူက အစာစားလို့ ခန္ဓာကိုယ်ကြီးသာ ကြီးလာတာ။ အသိဉာဏ်က တဖြည်းဖြည်းသေးလိုက်လာတာ။ အင်္ဂလန်မှာ အခုရှိတဲ့ စာကြည့်တိုက်ဘေးက စာဖတ်ခန်းကြီး အင်္ဂလန်ကလူတွေ ဘယ်လောက်ဖတ်လဲလို့ အဲဒီစာဖတ်ခန်းက အဝိုင်းကြီးဆောက်ထားတယ်တဲ့။ ဓာတ်ပုံကြည့်ချင်ရင် အခု ကျောက်ပန်းတောင်းက စာအုပ်ဆိုင်မှာ သွားဝယ်လိုက်။ ဖေမြင့်ရဲ့ နောက်ဆုံးထွက်တဲ့စာအုပ်။ စာအုပ်နာမည်က စာအုပ်ကမ္ဘာတဲ့။ အဲဒီထဲမှာ အခု ဆရာတော်ပြောတဲ့ စာဖတ်ခန်းဓာတ်ပုံကြီးပါတယ်။ ဒီစာဖတ်ခန်းကြီးက ဘယ်လောက်ကြီးမားသလဲဆိုရင် အဲဒီစာဖတ်ခန်းအဝိုင်းကြီးကို အလျား ဆွဲဆန့်ရင် ၂၅မိုင် ရှည်လျားတယ်။ ကြောက်စရာလန့်စရာပဲ။ စာဖတ်ခန်းက ကျောက်ပန်းတောင်းမြို့နယ်လောက်ကိုရှိမယ်။ တို့နိုင်ငံမှာ ပေ၂၅၀ စာဖတ်ခန်းတောင် မရှိဘူး။ ဟိုမှာ မိုင်နဲ့ပြောတာ ၂၅မိုင်ရှိတဲ့စာဖတ်ခန်း။ အခုလို စနေ၊ တနင်္ဂနွေအားလပ်ရက်ဆို အင်္ဂလန်တစ်ပြည်လုံး အဲဒီစာကြည့်တိုက်ကြီးမှာ စာဖတ်နေကြတာ။ တို့နိုင်ငံမှာကတော့ အချိန်တွေဖြုန်းကြတာလေ။ ဒါကြောင့်လည်းပဲ အသိဉာဏ်ဗဟုသုတနည်းတဲ့လူမျိုးဟာ အသိဉာဏ်ဗဟုသုတများတဲ့လူမျိုးရဲ့ ကျွန်ဖြစ်တာမဆန်းဘူး။

ဒါကြောင့် စာဖတ်ကြပါလို့နော်။ စာဖတ်မှ အသိဉာဏ်ဗဟုသုတဆိုတာ အကုန်ရှိသွားတာ။ ဒီနေရာမှာ မှတ်ဉာဏ်ကောင်းတဲ့နည်းကလေးကို ပေးဦးမယ်။ ဆရာတော် လှိုင်မှာနေတုန်းက တက္ကသိုလ်ကျောင်းသားတစ်ယောက် ဆရာတော့်ကို မေးဖူးတယ်။ သူသိချင်တဲ့ဟာလေးပေါ့နော်။ ဆရာတော်တဲ့. . . သူစာတွေကျက်ပြီးတဲ့အခါ မေ့မေ့ကုန်တာများတယ်တဲ့။ မှတ်ဉာဏ်ကောင်းတဲ့ နည်းကလေးပေးပါတဲ့။ ကဲ. . . ကျောင်းသူကျောင်းသားတွေ မှတ်ဉာဏ်ကောင်းနည်း ယူကြမှာလား။ ယူမယ်တော့ပြောတာပဲ။ ယူချင်ရင် အာရုံမများရဘူး။ ဖြစ်နိုင်ရင် စာသင်ချိန်မှာ ရည်းစားမထားနဲ့။ အဲဒါ အကောင်းဆုံးပဲ။ ရည်းစားထားလိုက်ရင် ဘာမှမကောင်းတော့ဘူး။ စာပေနဲ့ပြောရင်တော့ နီဝရဏပေါ့နော်။ လူ့လောကလိုပြောရင်တော့ လောဘ၊ ဒေါသတွေ အမြဲတမ်း အမှောင်ဖုံးနေတဲ့လူဟာ ဘယ်တော့မှ ဉာဏ်မကောင်းဘူး။ ဒါ အသေအချာပဲ။ ဆရာတော်တို့ကို အမျိုးကျူးခံရတယ်။ စာရေးဆရာကြီးတွေက

ဘာပြုလို့လဲဆိုတော့ ဆရာတော်ရေးတဲ့စာက ဘုန်းကြီးရေးတဲ့ စာသာဖြစ်တာ။ သူတို့စာရေးဆရာတွေ မမီတဲ့ဟာတောင်ပါတာကိုး။ ကမ္ဘာနဲ့ပတ်သက်တာတွေ အများကြီးပါတာ။ ဆရာတော် မှတ်ဉာဏ်တွေ ကောင်းလှချည်လား။ ဘယ်လိုများ မှတ်ဉာဏ်တွေ ရတာတုန်းတဲ့။ ဘယ်အချိန်များ စာရေးတုန်းတဲ့။ တစ်နှစ်လုံး တရားဟောထွက်နေတာ အဲဒီတရားဟောသွားနေရင်းနဲ့ ရေးနေတာပဲလေ။ ထူးတော့မထူးဆန်းပါဘူး။ ဒကာကြီးတို့လို ဘုန်းကြီးက အာရုံ တစ်မျိုးထဲ ထားတာလို့။

ဒါကြောင့် မှတ်ဉာဏ်ကောင်းချင်ရင် အာရုံတစ်မျိုးထဲ ထားရတယ်။ ကိုယ်က အခု ဒီမှာစာသင်နေတယ်ပေါ့။ ဒီအချိန်မှာ ကျောင်းစာကလွဲပြီး တခြားဘယ်လိုအကြောင်းရာမှ ခေါင်းထဲအပိုမထည့်နဲ့။ အဲဒါဆို မှတ်ဉာဏ် ကောင်းတယ်။ အကုန်မှတ်မိတယ်။ မျက်စိထဲတောင် မြင်နေလိုက်သေးတယ်။ ဆရာတော်တို့က အဲဒီစာပေအာရုံတစ်ခုပဲထားတာ။ ကျန်တာတွေ ခေါင်းထဲ ထည့်ကိုမထည့်ဘူး။ စဉ်းလည်းမစဉ်းစားဘူး။ စဉ်းစားတာ နှစ်ခုထဲပဲ။ စာအုပ် ကောင်းကောင်းလေးတွေဖတ်မိပြီဆိုရင် ဒီလောက်ကောင်းတဲ့ အကြောင်းအရာ လေးတွေကို ဘယ်စာအုပ်ထဲမှာ ထည့်ရေးမလဲ။ အဲဒါမျိုးလောက်ပဲ တွေးတယ်။ ကျန်တာ ဘာမှမတွေးဘူး။ ပြောရရင်တော့ မိဘတစ်ယောက် ကောင်းကောင်း စားရတဲ့အခါမှာ ကိုယ့်သားသမီးကို သတိရသလိုပဲ။ ဆရာတော်တို့ စာကောင်း ဖတ်ရရင် ကိုယ့်စာဖတ်ပရိသတ်ကို တမ်းသတိရတာ။

ဒါကြောင့် မှတ်ဉာဏ်ကောင်းချင်ရင် နံပါတ်-၁က အာရုံတစ်ခုထဲ ထားပါ။ မဟုတ်တဲ့အာရုံတွေ ခေါင်းထဲမသွင်းနဲ့။ ဘုရားကတော့ နီဝရဏ ကင်းအောင်နေပါတဲ့။ အမှန်တော့ ရှင်းအောင်ပြောရရင် လောဘဒေါသတွေ မပေါ်စေနဲ့။ အဲဒါဆို စိတ်ကလေးက ကြည်နေတာပဲ။ စိတ်ကြည်နေတဲ့ပုဂ္ဂိုလ် ဟာ ဘာစာဖတ်ဖတ် မှတ်မိတယ်။ နောက်တစ်ချက်က စာဖတ်တဲ့အခါ တရားနာတဲ့အခါတွေမှာ မငိုက်ရဘူး။ အိပ်ငိုက်နေရင် မှတ်မိပါ့မလား။ မမှတ်မိ တဲ့အပြင် အကုန်မှား။ ကြည့်ပါလား။ ကိုရင်လေးတစ်ပါး ဂုဏ်တော်ကျက် တာတဲ့။ ငိုက်တော့ မှားကုန်တာ ပြောမလို့။

သူက သမ္မာသမ္ဗုဒ္ဓဂုဏ်တော်။ အမှန်က သမ္မာသမ္ဗုဒ္ဓေါ-အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်မှန် သယမ္ဘုဉာဏ်ဖြင့် သိတော်မူ မြင်တော်မူသော မြတ်စွာဘုရား။ အဲဒါ သူက မှားကျက်တော့ ဘုန်းကြီးဆီလည်းပြန်ရော

တစ်မျိုးပြောင်းသွားတယ်။ သူက ငိုက်လာတာကိုး။ သူပြန်တော့ကြည့်။ သမ္မာသမ္ဗုဒ္ဓေါ်-အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်မှန် ကိုယ်ဉာဏ် ကိုယ်ဉာဏ်နဲ့ သိတော်မူသောမြတ်စွာဘုရားဆိုတော့ ဘုရားတောင် ကိုဉာဏ် ကိုဉာဏ် ဖြစ်ကုန်တယ်။ အဲဒါကြောင့် ငိုက်လို့ရှိရင် အကုန်မှားပဲ သိလား။ အမှန်မရောက်ဘူး။ တစ်ခါကဆို ဆရာတော်ဟောတဲ့ တရားက မျက်ရည်မကျချင် သိစေချင်တဲ့။ အဲဒါ တရားထောက်တစ်ယောက်ကို ပြန်မေးတော့ ဒကာမကြီး တစ်ယောက်က ဖြေတယ်။ ဒီနေ့ဘုန်းကြီးဟောမယ့်တရားက ဘာပါလိမ့်ဗျ ဆိုတော့ မြတ်တွေမရိတ်ခင်သိစေချင်ပါဘုရားတဲ့။ သူလုပ်မှ ဆရာတော်ပါ မြတ်ရိတ်သမားဖြစ်သွားတယ်။

နောက်ဒကာမတစ်ယောက်က ပိုဆိုးတယ်။ သူကတော့ ဘုန်းကြီးတွေကို ဆွမ်းကပ်ဖို့ ဒီနေရာမှာ အစားအစာဗဟုသုတကို လူငယ်တွေအတွက် ပြောပြဦးမယ်။ ဖြစ်နိုင်လို့ရှိရင် အစပ်ကြိုက်တဲ့ ပုဂ္ဂိုလ်ကလေ ငရုပ်သီးကို အစိမ်းထောင်းစားတာ ကောင်းတယ်။ ဖြစ်နိုင်ရင် ငရုပ်သီးမှုန့်တွေ မစားနဲ့တဲ့။ ငရုပ်သီးမှုန့်အများစုက မလတ်ဆတ်တာများတယ်။ မြန်မာပြည်မှာ လူဆယ်ယောက်ရှိရင် ရှစ်ယောက်လောက်က အသည်းရောင်အသားဝါ ဘီပိုး ဖြစ်နေကြတယ်။ အဲဒါ မသန့်လို့။ အဲဒီ ငရုပ်သီးခြောက်တွေကို သူတို့က တစ်ခါတည်း မသန့်တဲ့ ဖလံဖြူလို့ခေါ်တဲ့ ပုပ်ပြီးတော့ ခြောက်တဲ့ဟာတွေ လည်း ထည့်ကြိတ်။ နောက်ဆုံး ငရုပ်အရိုးအညှာတွေလည်း ထည့်ကြိတ်။ တချို့ညစ်ပတ်တဲ့ ပုဂ္ဂိုလ်များဆိုရင် လွှစာမှုန့်တွေတောင် ထည့်ကြိတ်ပစ်လိုက် သေးတယ်။ အဲဒါတွေက အသည်းမှာ သွားထိတော့ ကိုယ့်မြန်မာလူမျိုး အားလုံး ဒုက္ခတွေရောက်လို့။ ဒါကြောင့် ဖြစ်နိုင်ရင် ငရုပ်သီးကို အစိမ်းစားပါ။ အသန့်ရှင်းဆုံးပဲ။ သို့မဟုတ် ကိုယ်တိုင် ငရုပ်သီးခြောက်အသန့်ကို ဝယ်ပြီးတော့ ကိုယ်တိုင်ထောင်း။ အဲဒါ ကောင်းတယ်။ ကျန်းမာရေး ဗဟုသုတပေါ့။

နောက် အချိုမှုန့်လုံးဝမစားနဲ့။ ဆီးချို သွေးချိုကင်းမယ်။ စားအုန်းဆီ တွေ လုံးဝရှောင်။ ဆီမှန်သမျှလျှော့စား။ သွေး တိုးလုံးဝမရှိတော့ဘူး။ အခု အဲဒီရောဂါနှစ်ခုက လူတွေကို ဒုက္ခပေးနေတာ။

အဲဒီတော့ အဲဒီ ဒကာမကြီးက သံဃာတွေဆွမ်းကပ်တဲ့အခါ တစ်ကျောင်းလုံး ပင့်တာကိုး။ စာသင်တိုက်သံဃာတွေပေါ့။ အသားငါးတွေ အကုန်ကျက်တယ်။ ငရုပ်သီးကျမှ ဒကာမကြီးက သန့်သန့်ရှင်းရှင်းကပ်ချင်လို့

ကိုယ်တိုင်ထောင်းတာ တစ်ညလုံးထောင်းရတယ်။ ငိုက်လိုက်ထောင်းလိုက်၊ ထောင်းလိုက် ငိုက်လိုက်နဲ့။ အဲဒီအချိန် ဘုန်းကြီးတွေလည်း ကြွလာရော။ သူ့သမီးကို လှမ်းပြောတာ ပြောင်းပြန်လန်သွားတယ်။ သူပြောချင်တာက သမီးတို့ မြန်မြန်လုပ်။ ဒီမှာ ငရုပ်သီးထောင်းတုန်း ဘုန်းကြီးတွေကြွပြီ ပြောချင်တာကိုး။ အခုတော့ ပြောင်းပြန်ဖြစ်နေတယ်။ သမီးတို့ မြန်မြန်လုပ်။ ဒီမှာ ဘုန်းကြီးတွေထောင်းတုန်း ရှိသေးတယ်။ ငရုပ်သီးတွေက ကြွလာပြီတဲ့။ ဟော. . . ပြောင်းပြန်။ ကြွရမှာကဘုန်းကြီး။ အခုတော့ ငရုပ်သီးက ကြွနေတယ်။ ငိုက်လို့ရှိရင်တော့ ပြောင်းပြန်လန်တာများတယ်။ မငိုက်ကြနဲ့။

နောက်တစ်ခါ တရားပဲနာနာ စာပဲဖတ်ဖတ် မှတ်မိချင်လို့ရှိရင် စေတနာလေး တိုးလိုက်ပါတဲ့။ ဒါ ဆရာတော့်ကိုယ်တွေ့လေးပဲ။ ဘာတိုးရမှာတဲ့တုန်း။ စေတနာတိုးရမှာ။ ဆိုလိုတာကတော့ ငါသိသလို အခု ဒီနေ့တရားနာရတယ် လေ။ တရားနာတဲ့ပုဂ္ဂိုလ်က နည်းနည်းလေးပဲ။ မနာတဲ့ပုဂ္ဂိုလ်က အများကြီး ဆိုတော့ တရားနာတဲ့သားငယ်သမီးငယ်တွေက ကိုယ့်သူငယ်ချင်း ကိုယ့်မိတ်ဆွေ တစ်ယောက်ယောက်ကို ပြန်ပြောချင်တဲ့ စေတနာလေး တိုးလိုက်ရတယ်။ ဟာ ဒီနေ့တရားလေးကောင်းလိုက်တာ။ ငါ့သူငယ်ချင်းကို ပြန်ပြောပြမယ်။ အဲဒီစေတနာလေးတိုးလို့ရှိရင် ပိုမှတ်မိတယ်။ ဆရာတော် စာတွေမှတ်မိတာ အဲဒါပါပဲ။ ကိုယ့်ရဲ့စာဖတ်ပရိသတ်ကို ပြန်ပြောပြချင်တယ်။ ဒါကြောင့် စာထဲက သိပ်ကောင်းတဲ့အချက်တွေ လုံးဝမမေ့ဘူး။ စွဲကျန်နေခဲ့တယ်။ အခု နှစ်ချက် လောက်ပြောပြမယ်နော်။ ထူးခြားတာလေးတွေ။ အဲဒါ တကယ်ဆို ဆရာတော် ဖတ်ထားတာ ကြာလှပြီ။ အခုပြောမယ့်စာအုပ်ဆိုရင် ဖတ်ထားတာ ၇နှစ် လောက်ရှိပြီ။ မမေ့ဘူး။ လူထုဦးလှစာအုပ်ကတော့ မကြာသေးဘူး။ ၃နှစ် လောက်ပဲရှိဦးမယ်။ လူထုဦးလှရဲ့ အတ္ထုပ္ပတ္တိပေါ့။ အဲဒီထဲမှာကြည့်စမ်း။ စာမျက်နှာ ၅၀၀လောက်ရှိမယ်။ လူငယ်တွေကို ပြောပြစရာတစ်မျက်နှာပဲ တွေ့တယ်။ ကျန်တာပေါ့နော်။ အကောင်းဆုံးအနှစ်ကလေ။ ကျန်ခဲ့တာ။ အချက်က (၂)ချက်။

တစ်ချက်ကတော့ ဒီက ဆရာဆရာမများရော ကျောင်းသားများပါ ဘဝအတွက် သိပ်တန်ဖိုးရှိတဲ့ အတွေးအခေါ်လေးပေါ့။ အဲဒါ လူထုဒေါ်အမာ ကိုယ်တိုင်ရေးတာပါ။ သူက ဘယ်လိုရေးလဲဆိုတော့ လူထုဦးလှဟာ ပိုက်ဆံတော့မရှိဘူး။ သို့သော် တစ်သက်လုံးစိတ်ချမ်းသာတဲ့လူပါတဲ့။

ဘာကြောင့်လဲဆိုတော့ သူ့ကျောင်းကိစ္စပြီးပြီဆိုကတည်းက စာပေလုပ်ငန်းကို ဇောက်ချပြီးတော့လုပ်တာတဲ့။ သူက စာရေးချင်တယ်။ စာအုပ်ထုတ်ချင်တယ်တဲ့။ သူ့ရဲ့ဝါသနာအတိုင်း စာတွေရေးရတယ်။ စာအုပ်တွေ ထုတ်ရတယ်။ သူစိတ်ချမ်းသာပြီးတော့ သေသွားရတယ်တဲ့။

ဒါကြောင့် လူ့လောကမှာ တကယ်စိတ်ချမ်းသာချင်တယ်ဆိုရင် ကိုယ်ဝါသနာပါတဲ့အလုပ်ကို လုပ်ပါတဲ့။ သိပ်ကောင်းတယ်။ ဝါသနာမပါတာမလုပ်နဲ့။ ပိုက်ဆံဘယ်လောက်ရရ ဝါသနာမပါဘူးဆိုရင် မလုပ်တာကောင်းတယ်။ ပိုက်ဆံတစ်ခုတည်းရပြီးတော့ ဝါသနာမပါဘဲလုပ်ရရင်လေကြာတော့ အိုစာနာစာကျသွားတာ။ စိတ်ဆင်းရဲတယ်။ ဒါကြောင့် ဖြစ်နိုင်ရင်လေကလေးတို့လည်းပဲ ဝါသနာပါတဲ့အလုပ်ကို ဦးစားပေးပြီးလုပ်ကြပါ။ ဒါအဲဒီစာအုပ်က ရတဲ့အချက်ကလေး။

နောက်တစ်ချက်ကတော့ မိမိတို့ရဲ့ သားသမီးများကို စာရိတ္တကောင်းစေချင်ရင် ငယ်ငယ်ကတည်းက ဆုံးမသွန်သင်ရတယ်။ လူထုဦးလှ အဲဒီတုန်းက ၇တန်းကျောင်းသားတဲ့။ သူတို့အဖေက သူတို့ရွာမှာ လယ်သမား၊ ယာသမားတွေကို ချေးငွေထုတ်ပေးတာပေါ့လေ။ ပုဂ္ဂလက ချေးငွေထုတ်ပေးတာပေါ့။ တစ်ခါတော့ လယ်သမားကြီးတစ်ယောက် ချေးငွေလာဆပ်တဲ့အခါမှာ အတိုးတွက်မှားပြီး ပိုပေးခဲ့တယ်။ အဲဒီလို ပိုပေးမိတာကို လူထုဦးလှရဲ့အဖေလည်း မသိဘူး။ လယ်သမားကြီးလည်း မသိဘူး။ ကျောင်းသားဖြစ်တဲ့ လူထုဦးလှက ဘေးကနေတွက်ကြည့်ပြီးတော့ သိနေတယ်။ ဆိုကြပါစို့။ ငွေနှစ်ရာပိုနေတယ်ပေါ့။ဟိုတုန်းက ငွေနှစ်ရာဆိုတာ အများကြီးနော်။ ဝင်မပြောဘူး။ မှိန်းနေလိုက်တယ်။ လယ်သမားကြီး အိမ်အပြင်ထွက်သွားမှ သူ့အဖေကို ပြောတယ်။ အဖေ အဲဒီလယ်သမားကြီး အတွက်မှားတာ။ ကျွန်တော်တို့ဆီမှာ ငွေနှစ်ရာပိုခဲ့ပြီတဲ့။

ဒီတရားပွဲမှာ မိဘတွေ ပါပါတယ်။ ကိုယ့်သားသမီး သူတော်ကောင်းဖြစ်စေချင်ရင် အဲဒီလိုအချိန်မှာ ထိထိမိမိ ဆုံးမရတယ်။ ဒီအချိန်မှာမင်းတော်တော် တော်တဲ့ကောင်ပဲကွာလို့ဆိုရင် မင်းခိုးလို့ ပြောတာနဲ့အတူတူပဲ။ လူထုဦးလှရဲ့အဖေက လူထုဦးလှကို တန်းငေါက်တာ။ အဲဒါမင်း သူခိုးစိတ်တဲ့။ ဘာဖြစ်လို့ သူများချွေးနည်းစာကို မတရားယူချင်ရတာလဲ။ မင်း ငါ့ကိုစောစောက မပြောဘူး။ သွား အခုချက်ချင်းလိုက်ခေါ်

တဲ့။ နောက်မှတ်ထား။ တစ်သက်လုံးအဲဒါမျိုးမလုပ်ရဘူး။ သူများအိမ်နောက်ဖေးက မသိအောင်တက်ခိုးမှ ခိုးတာမဟုတ်ဘူး။ လိမ်ညာလှည့်ပတ်ပြီး မတရားနည်းနဲ့ယူတာမှန်သမျှ ခိုးခြင်းပဲတဲ့။ တွေ့လား။ ချက်ချင်းဆုံးမတယ်။ လယ်သမားကြီးကို ချက်ချင်းပြန်ခေါ်ပြီးတော့ ငွေနှစ်ရာပြန်ပေးခိုင်းတာ။ လူထုဦးလှကိုယ်တိုင် ဝန်ခံတယ်။ ကျွန်တော့်အဖေကြောင့် ကျွန်တော်သူတော်ကောင်းဖြစ်တာတဲ့။

နောက်တစ်ခုကတော့ တော်တော်ကြာပြီ။ ၄-၅နှစ်လောက်ရှိပြီ။ အဲဒါက အဏ္ဏဝါစိုးမိုးရဲ့ စာအုပ်ကြီးထဲကဖြစ်ရပ်ပါ။ သူက သင်္ဘောသားလေ။ ကမ္ဘာပတ်နေတာ။ သူ့ရဲ့အတွေ့အကြုံတွေကို ရေးထားတာ။ စာရေးကောင်းပါတယ် ဒီလူကြီး။ အဲဒီမှာ ကလေးတို့ အမေရိကန်နိုင်ငံဟာ တို့ထက် မချမ်းသာဘူးလား။ ချမ်းသာတယ်။ ချမ်းသာတဲ့အကြောင်းတွေ အများကြီးထဲမှာ တစ်ခုပြောပြမယ်။ နိုင်ငံတော်က ထုတ်ဆင့်ထားသော ဥပဒေကို အဖြူအမည်းမကွဲပြားဘူးတဲ့။ အမေရိကန်နိုင်ငံသူနိုင်ငံသားအားလုံး လိုက်နာကြတယ်။ မဖောက်ဖျက်ဘူး။ အစိုးရသိသိ မသိသိ၊ ရဲတွေသိသိ မသိသိ၊ ရှေ့တင်မှာရော ကွယ်ရာမှာပါ ဥပဒေကို လိုက်နာကြတယ်။ တို့ဆီမှာကတော့ လစ်ရင်လစ်သလို ဖောက်ဖျက်တာ။ ဘယ်မောင်း ညာမောင်းရှိတယ်။ မော်တော်ပီကယ်မရှိရင် မောင်းချင်တဲ့ဘက်ကမောင်းပစ်တာ။ မီးနီ မီးဝါ မီးစိမ်း ည မော်တော်ပီကယ်မရှိရင် မီးနီလည်းဖြတ်မောင်းတာပဲ။ ဒါကြောင့် တို့မြန်မာပြည်မချမ်းသာဘူး။

တကယ်တော့ ဥပဒေစည်းကမ်းဆိုတာ အကုန်လိုက်နာရတာ။ အမှန်ကတော့ လူငယ်တွေမကဘူး။ လူကြီးတွေကပါ လိုက်နာရမှာ။ ဘယ်သူတွေပါ လိုက်နာရမှာလဲ။ လူကြီးတွေပါ လိုက်နာရမှာ။ အခု လူကြီးတွေက သူတို့ကိုယ်တိုင် မီးနီဖြတ်မောင်းပစ်တာလေ။ အဲဒီတော့ အောက်က လူငယ်တွေက ဘယ်လိုလုပ်လိုက်နာလို့ ရတော့မှာတုန်း။

ဟိုတလောတုန်းက ဖတ်ရတယ်။ ဖိလစ်ပိုင်သမ္မတကြီး။ ဂျာနယ်ထဲမှာပါလာတာ။ မီးနီကို သူ ကိုယ်တိုင်စောင့်တယ်တဲ့။ ပြည်သူနဲ့အတူတူပဲ။ စိမ်းတဲ့အချိန်မှာ မောင်းတယ်တဲ့။ ဥပဒေကို ကိုယ်က စလိုက်နာမှ ပြည်သူကလိုက်နာမှာပေါ့။ ငါကတော့ ဖောက်ဖျက်မယ်။ မင်းတို့တော့ လိုက်နာကြ။ ဒါမျိုးမရဘူး။ ကဲကြည့် အမေရိကန်ပြည်ထောင်စုဟာ တို့မြန်မာနိုင်ငံထက်

၃၁ဆလောက် ပိုကျယ်ဝန်းသတဲ့။ တို့မြန်မာပြည်ဟာ အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ်တစ်ခု စာပဲရှိတယ်။ အဲဒီမှာ အလာစကာပြည်နယ်ဆိုတာ ရုရှား နိုင်ငံကနေပြီးတော့ အမေရိကန်က ဝယ်ထားတာ။ ပြည်နယ်ကြီးကိုက မြန်မာနိုင်ငံထက် ပိုကြီးတယ် ပြောတယ်။ အကြီးကြီးပဲ။ ဘေးက ပင်လယ်ကြီးရံထားတာ။ ကျွန်းကြီးပေါ့လေ။ ရုရှားက ဘာလို့ရောင်းလဲဆိုတော့ အသုံးမလိုလို့ ရောင်းတာပဲ။ လူလည်းမရှိဘူး။ လူမနေဘူး။ ရုရှားနယ်က အရမ်းကျယ်တာကိုး။ ပြီးတော့ အဲဒီပြည်နယ်ကြီး တစ်ခုလုံးက ရေခဲပြင်ကြီး ဖုံးထားတာ။ ဘာပင်မှမရှိ။ သုံးလည်းမရတော့။ ဒေါ်လာ သန်းဘယ်နှစ် ထောင်နဲ့လဲ မသိဘူး။

အမေရိကန်ကလည်း ချမ်းသာတော့ ငါတို့နိုင်ငံကြီး ကျယ်ပြန့်ရင် ပြီးရောဆိုပြီး ဝယ်ထားလိုက်တယ်။ သူလည်း အသုံးမလိုမှန်းတော့သိတယ်။ သို့သော် ဒီအမေရိကန်တွေက ကုသိုလ်ရှိတယ်။ ပြောကြမယ်ဆိုလို့ရှိရင် သူတို့အလှူတွေကလေ ခရစ်ယာန်သာဖြစ်တာ။ သူတို့အလှူမျိုးတွေကို ဘုရားက သာဓုခေါ်တယ်။ တို့ဗုဒ္ဓဘာသာအလှူတွေကျတော့ ဘုရားသိရင် သာဓုမခေါ်မှာက များတယ်။ တို့မြန်မာတွေက လှူပြီဆိုရင် ကုသိုလ်ရပြီးရော လောကအတွက် သာသနာအတွက် အကျိုးရှိမရှိ ထည့်မတွက်ဘူးလေ။ သူတို့ကျတော့ ကုသိုလ်လည်းရ လောကအတွက်လည်း အကျိုးရှိ သာသနာ ဆိုတဲ့အချက်ကို အဓိကထားတာ။ လောကကောင်းကျိုးအတွက်ကြည့်ရင် ကုသိုလ်က ရပြီးသားချည်းပါပဲ။

အဲဒီတော့ လှူမယ်ဆိုရင် သတိပေးချင်တာက လောကအတွက် သာသနာအတွက် အကျိုးရှိမယ့်နေရာကို ဦးစားပေးလိုက်။ အဲဒါဆို ကုသိုလ်ပါ တစ်ခါတည်း ရသွားတယ်။ တချို့နေရာကျတော့ ကုသိုလ်တော့ရတယ်။ လောကနဲ့သာသနာအတွက် အကျိုးမရှိတာမျိုး ဖြစ်တတ်တယ်။ ဥပမာတစ်ခု ဘုရားတစ်ဆူတည်တယ်ဗျာ။ လူငယ်တွေမှတ်ထား။ လူကြီးတွေတော့ မပြောတော့ဘူး။ လူကြီးတွေက ဒီစကားကို လက်ခံမှာမဟုတ်ဘူး။ လူငယ်တွေ ကတော့ အတွေးအခေါ်ရှိတယ်။ အတွေးအခေါ်ဆန်းသစ်လတ်ဆတ်တယ်။ ဒါကြောင့်မို့ လက်ခံနိုင်ပါလိမ့်မယ်။

ကဲ. . . ဘုရားတစ်ဆူတည်ရင် ဌာပနာပစ္စည်းတွေ မထည့်ကြဘူးလား။ စိန်လက်စွပ်တွေ ဆွဲကြိုးတွေဖြုတ်ထည့်ကြတယ်။ ကဲ. . . အဲဒါကို ဝေဖန်

ဆန်းစစ်ကြရအောင်။ ဌာပနာပစ္စည်းထဲထည့်တာ လှူတာဆိုတော့ ကုသိုလ်တော့မရဘူးလား။ ရတယ်။ ဒါပေမယ့်လို့ အဲဒီဌာပနာက အသေပိတ်လိုက်တာလေ။ အဲဒီ ဌာပနာတိုက်ထဲက ပစ္စည်းတွေကို ဒီဘုရားရှပ်ပွားတော်ကြီးကရော သုံးလို့ရသလား။ လောကအတွက်ရော အကျိုးရှိသလား။ သာသနာအတွက်ရော အကျိုးရှိလား။ အဲဒါကျတော့ ဂရုစိုက်ရတယ်။ ကုသိုလ်တော့ရတယ်။ လောကအတွက်၊ သာသနာအတွက် အကျိုးတော့မရှိဘူးဆိုရင် ဒါစဉ်းစားရတယ်။ အခု ဘုန်းကြီးတို့လှူတယ်။ နှစ်သက်ကယ်အလှူတဲ့။ ကိုယ်ဝန်ဆောင်မိခင်တွေ ဘုန်းကြီးလှူတယ်။ မီးမဖွားနိုင်ဘူးလေ။ သေရင်နှစ်သက်လုံး သေသွားတာ။

ဘုန်းကြီးတို့ဆင်းရဲစဉ် ရွှေပြည်သာမှာနေတုန်းကတည်းက လှူတာ။ လွန်ခဲ့တဲ့ဆယ်နှစ်ကတည်းက လှူတာ။ အဲဒီတုန်းကတည်းက ငွေလေး ၂သိန်းကို တစ်နှစ်လောက်စုရတယ်။ နှစ်သက်ကယ်ချင်လို့။ အဲဒီတုန်းက တိုက်အုပ်ဘုန်းကြီး ဦးသုစိတ္တက ၂သိန်း၊ ဘုန်းကြီးက ၂သိန်းစုပြီးတော့ နာရေးကူညီမှုအသင်းကို သွားအပ်လိုက်တယ်။ ဒကာကြီးတို့ ဆေးရုံကိုသွားပြီး လှေလာပါ။ မီးဖွားမယ့်မိခင်လောင်းလျာတွေ သွားစုံစမ်း။ ခွဲစိတ်မွေးရမယ်။ ပိုက်ဆံမတတ်နိုင်ရင် အဲဒီပိုက်ဆံနဲ့ခွဲပေး။ အဲဒီတုန်းကတည်းက လှူတာ။ ကဲ. . . ဒါမျိုးကျတော့ ကုသိုလ်ရောမရဘူးလား။ အကျိုးရော မရှိဘူးလား။ အဲဒါမျိုးကျတော့ နိုင်ငံခြားသားတွေက လှူတတ်တယ်။ တို့မြန်မာတွေက မလှူတတ်ဘူး။ တို့မြန်မာတွေက ပိုက်ဆံရှိရင်ဘာလုပ်မလဲ။ ဘုရားတည်မယ်တဲ့။ ဌာပနာပစ္စည်းတွေ ရှိသမျှအကုန်ထည့်မယ်။ အဲဒီတော့ ပြောကြစို့။ အဲဒီလို အမေရိကန် တွေက လိုတဲ့နေရာလှူတတ်တော့ သူတို့မှာ ကုသိုလ်တွေရှိတယ်။ ဒီပရိသတ်ရဲ့ စိတ်ကို ဆန်းစစ်ကြည့်ရဦးမယ်။ တို့ပရိသတ်ကဖြေပေါ့။ မလိမ်မညာဘဲ ဖြေရမယ်နော်။ ဒါမှ စကားက အဓိပ္ပါယ်ရှိမှာ။ လိမ်ညာပြီးတော့ ဖြေရင် ဘုန်းကြီးပြောတဲ့စကားက အဓိပ္ပါယ်မရှိတော့ဘူး။ ဆက်ပြောလို့လည်း အရသာမရှိတော့ဘူး။ ကိုယ့်စိတ်ကိုယ် မလိမ်ဘဲနဲ့ဖြေရမယ်။

နယူးယောခ်မှာနေတဲ့ ဒကာမကြီးတစ်ယောက်က ဘုန်းကြီးကို လျှောက်တာ။ အဲဒီ နယူးယောခ်ကိုကြွဖို့ ပင့်နေတာကြာပြီ။ ဘုန်းကြီး မကြွဘူး။ မကြွချင်လို့ကို မကြွတာ။ သူတို့အမေရိကန်သံရုံးကရစ်လို့။ အမြင်ကတ်လို့ မကြွတော့ဘူး။ နာဂစ်ဖြစ်တော့ အဲဒီနယူးယောခ်က အမေရိကန်ကြီး

တစ်ယောက်က လှူ မယ်တဲ့။ တစ်ခါထဲ သူ့ဘဏ်စာအုပ်ထဲ သွားကြည့်တယ်။ ငွေအခြေအနေအရဆိုရင်တော့ ဒီလူ ချမ်းသာတာမဟုတ်ဘူး။ လူဆင်းရဲ အဆင့်ပဲ။ သူချမ်းသာသမျှ ဘဏ်ငွေမှာက ဒေါ်လာတစ်သိန်းနှစ်သောင်းနဲ့ ငါးရာပဲရှိတယ်။ ဒါ သူချမ်းသာသမျှ အကုန်ပဲ။ အဲဒါ သူနာဂစ်အတွက် လှူမလို့။

တို့ပရိသတ်များ ကိုယ့်စိတ်ကူးနဲ့ကိုယ်လှူကြည့်ထားလိုက်ပေါ့။ ငါဆိုရင် အဲဒီနာဂစ်အတွက် ဘယ်လောက်လှူမလဲလို့။ နောက်ကလူငယ်ကျောင်းသားတွေ မင်းတို့ဆိုရင် ဘယ်လောက်လှူမလဲ။ ဒေါ်လာတစ်သိန်းနှစ်သောင်းနဲ့ ငါးရာရှိတယ်။ မှန်းကြည့်စမ်း။ ဘယ်လောက်လှူမလဲ။ ငါးရာဟုတ်လား။ ကဲ. . . မိန်းကလေးတွေ ဘယ်လောက်လှူမလဲ။ ၃သောင်း။ ဒေါ်လာနော်။ မြန်မာငွေမဟုတ်ဘူး။ ဒေါ်လာတစ်သောင်းဆို မြန်မာငွေသိန်းတစ်ရာရှိတယ်။ ထင်ပါတယ်။ မြန်မာတွေလှူလို့ရှိရင် ဒေါ်လာငါးရာလောက်ပဲလှူမှာပါ။ အဲဒီလောက်ပါပဲ။ ဒီထက် သဒ္ဓါတရားကောင်းရင် ဒေါ်လာ ၂သောင်းပေါ့။ ဒီထက်မပိုပါဘူး။ အဲဒီ အမေရိကန်ကြီး ဘယ်လောက်လှူတယ်မှတ်သလဲ။ ဒေါ်လာတစ်သိန်းနှစ်သောင်းလှူပစ်တာ။ ငါးရာပဲ ဘဏ်စာအုပ်စောင့်ဖို့ ထားခဲ့တာ။ အဲဒီတော့ သူတို့ကို ခရစ်ယာန်တွေဆိုပြီး အထင်မသေးနဲ့နော်။ လှူရဲတယ်။ မြန်မာသူဌေးတွေတောင် သူတို့လောက်မလှူရဲဘူး။

အခု မြန်မာသူဌေးလှူတာ ရှိပါတယ်။ သိန်းသုံးထောင်တို့ ဘာတို့။ သိန်းသုံးထောင်ဆိုပေမယ့် သူတို့ချမ်းသာတာက သိန်းပေါင်းရှစ်သောင်း ကိုးသောင်းမကဘူးလေ။ လှူတာနန်နဲ့လေးရယ်။ အမေရိကန်တွေဆီမှာလည်း တို့အတုခိုးစရာတွေရှိတယ်။ ဒါကြောင့် အမေရိကန်ချမ်းသာလာတာ အလုပ်ကြိုးစားတာပါသလို ဒီမိုကရေစီစနစ်ရှိတာပါသလို လှူတာလည်းပါတယ်။

အဲဒီတော့ အဲဒီအလစကာပြည်နယ်ကြီးဟာ အမေရိကန်လက်ထဲလည်း ရောက်ရော ဟော. . . ကောင်းကျိုးပေးပြီ။ အဲဒီရေခဲတွေက အကုန်လုံး အရည်ပျော်သွားကြတယ်။ မြေကြီးတွေ ပေါ်လာတယ်။ ဟာ တန်ဖိုးရှိတဲ့ ကျွန်းကြီး ဖြစ်သွားတယ်။ ပြီးတော့ မြန်မာနိုင်ငံလောက်ရှိတဲ့ အလစကာပြည်နယ် ကျွန်းကြီးတစ်ခုလုံး ထင်းရှူးပင်တွေ အပြည့်ပေါက်ပေးတာ။ အမေရိကန်တွေ အတွက် ပဒေသာပင်ပဲ။ အဲဒီ ထင်းရှူးပင်တွေကို သူတို့က ဂျပန်ကို ရောင်းစားပြီးတော့ တအားချမ်းသာတာ။ ခုတ်လို့လည်း မကုန်နိုင်ဘူးလေ၊

ဘယ်ကုန်နိုင်မလဲ၊ မြန်မာပြည်လောက်ရှိတဲ့ ကျွန်းကြီးကိုး။ သူတို့ တစ်သက်လုံးခုတ်နေကြတာ။ ခုတ်လိုက်ပြန်ပေါက်လိုက်ပဲ။ ထင်းရှူးသားကလည်း တို့မြန်မာပြည်မှာတော့ ဘာမှသုံးမရဘူးပေါ့နော်။ ဆပ်ပြာထည့်တဲ့ပုံးလောက် ရိုက်ကြတာကိုး။ ဟိုမှာကတော့ ပရိဘောဂအကုန်လုပ်လို့ရတယ်။ ဂျပန်နိုင်ငံက ဆေးတစ်မျိုးနဲ့စပ်လိုက်တာနဲ့ မာပြီးတော့ သစ်ကောင်းဖြစ်သွားတယ်။ အဲဒီတော့ ကုန်ကြမ်းတွေကို အမေရိကန်က ဂျပန်ကိုရောင်းတယ်။ ဂျပန်က ကုန်ချော လုပ်ပြီးတော့ ပြန်ဖြန့်တယ်။ အဲဒါနဲ့ သူတို့ချမ်းသာနေကြတာ။

ဆရာအဏ္ဏဝါစိုးမိုးတို့သင်္ဘောက အဲဒီထင်းရှူးသားတွေတင်တာ အပင်လိုက်ကို တင်တာပါ။ ပြောချင်တာက ဒီလို။ အဲဒီ အလစကာပြည်နယ်ကို သင်္ဘောဆိုက်ပြီဆိုရင် လ-ဝ-ကတို့ဘာတို့လာတယ်လေ။ ဟတ်စကီးနဲ့လာတာ များပါတယ်။ သူ အံ့ဩစရာပြောပြတယ်။ ချမ်းသာတဲ့နိုင်ငံတွေ ဝင်လိုက်လို့ ရှိရင်တဲ့ လာဘ်စားမယ့်ဝန်ထမ်းတစ်ယောက်မှ မရှိဘူးတဲ့။ အတင်းပေးရင် တောင် မယူဘူး။ သူတို့တာဝန်သူတို့လုပ်ပြီး ပြန်သွားကြတာပဲ။ အီဂျစ်လို အာဖရိကလို အာရှလိုနေရာတွေဝင်ရင်တော့ ဝင်လာကတည်းကကို ညစ်မယ့် ကောင်တွေ နှစ်ဆယ်အစိတ် အရက်ပုလင်းကအစ မရမကလိုက်တောင်းကြ တာတဲ့။ ရှက်စရာကောင်းလိုက်တာ။ ထားကြပါစို့။

အဲဒီ အလစကာပြည်နယ်မှာ သစ်တွေတင်ရင်းနဲ့ အမေရိကန်နိုင်ငံသား လူမဲတစ်ယောက် ပင်လယ်ထဲကနေပြီးတော့ ငါးကြင်းကောင်လေးတွေ မျှားနေတာ။ အဏ္ဏဝါစိုးမိုးက အသေအချာကြည့်နေတာပေါ့။ ခဏခဏမိတာ။ ပေါတယ်တဲ့။ အကောင်အကြီးကြီးတွေ။ သို့သော်လည်း သူက ငါးမိလိုက်ပြီဆိုရင် တန်းဖြုတ်ပြီး ပလိုင်းထဲမထည့်ဘူးတဲ့။ အကောင်တစ်ကောင်မိပြီဆိုရင် သူ့ရဲ့ အိတ်ထဲက ပေတံထုတ်ပြီးတိုင်းသေးတာ။ တိုင်းပြီးတော့ သူ့သဘောမကျရင် ရေထဲပြန်လွှတ်လိုက်တာ မယူဘူး။ ဆိုကြပါစို့။ သူ အကောင်သုံးဆယ်မိတဲ့ အထဲမှာ ဆယ်ကောင်ပဲယူတယ်။ အကောင်နှစ်ဆယ်မယူဘူး။ ရေထဲပြန်လွှတ် တော့ မြန်မာက အံ့ဩသွားပြီလေ။ လာမေးတယ် အင်္ဂလိပ်လိုပေါ့။ မိတ်ဆွေ ကျုပ် ခင်ဗျားကို အစအဆုံးကြည့်နေတာ အကောင်သုံးဆယ်လောက်မိတယ် လေတဲ့။ နှစ်ဆယ်လောက်က ဘာပြုလို့ပြန်လွှတ်တာတုန်းတဲ့။-ဟိုကပြောပြီ။ ကြည့် . . . သူတို့ချမ်းသာတဲ့အကြောင်းလေး။ ကျွန်တော်တို့အမေရိကန် ပြည်ထောင်စုမှာ ဥပဒေတစ်ခုထုတ်ထားတယ်တဲ့။ ဒီပင်လယ်ထဲက ငါးကြင်းတွေကို

ဖမ်းတဲ့အခါမှာ ခြောက်လက်မ ပြည့်မှဖမ်းရမယ်တဲ့။ ခြောက်လက်မ မပြည့်ရင် မဖမ်းရဘူးတဲ့။ ကျွန်တော်တိုင်းကြည့်တာ ခြောက်လက်မပြည့်မပြည့် တိုင်းကြည့်တာ။ ပြန်လွှတ်လိုက်တာတွေက ခြောက်လက်မ မပြည့်တဲ့အကောင်တွေတဲ့။ ခြောက်လက်မ ပြည့်တဲ့ကောင်ပဲ ကျွန်တော်ယူတယ်တဲ့။ ဒီလောက်ဆို လူငယ်တွေနားလည်ပါပြီ။ သူတို့နိုင်ငံဘာကြောင့်ချမ်းသာတယ်ဆိုတာလေ။

တကယ်ဆိုကြည့်စမ်း။ အလစကာပြည်နယ်မှာ ရဲလည်းမရှိဘူး။ စစ်တပ်လည်း မရှိဘူး။ လူကိုမနေဘူး။ အလုပ်သမားတွေပဲ သင်္ဘောဆိုက်တဲ့အချိန်လေး လာလုပ်ကြတာပါ။ ဆိုလိုတာက သူ့ကို အရေးယူမယ့်လူမရှိဘူး။ အရေးယူမယ့် လူမရှိလည်း နိုင်ငံဥပဒေအတိုင်းလိုက်နာတယ်။ အဲဒါကြောင့် ချမ်းသာတာ။ ဒါကြောင့် ကလေးတို့ကိုပြောချင်ပါတယ်။ တကယ်တိုးတက်ချင်ရင် တစ်ယောက်ကစပြီး ကိုယ့်ကိုယ်ကိုထိန်းသိမ်းလိုက်မှ နိုင်ငံကြီးတစ်ခုလုံး ကောင်းတာ။ ဒါကြောင့် စိတ်ဓာတ်ကောင်းလေးတွေ မွေးမြူကြပါ။ အဲဒါ ဆရာတော် လွန်ခဲ့တဲ့ ၄-၅-၆နှစ်ကတည်းက ဖတ်ထားတဲ့အကြောင်းအရာလေးပေါ့။ ပြောရင်တော့ အများကြီးပါပဲ။ အဲဒါလေ ဆရာတော်စာအုပ်ဖတ်တဲ့အခါ ပါလာပါလိမ့်မယ်။ နိဂုံးချုပ်မှာချင်တာကတော့ မှတ်ဉာဏ်ကောင်းတဲ့ အချက်ကို ပြန်ပြောမယ်ဆိုရင်. . .

နံပါတ်-၁က အာရုံတစ်ခုထဲ ထားရမယ်။ ကိုယ်စာလုပ်တဲ့အချိန်မှာ စာတစ်ခုထဲတွေး။ ကျန်တာတွေ မတွေးနဲ့။ တကယ်မှတ်ဉာဏ်ကောင်းပါတယ်။ မှတ်မိတယ်ပေါ့။ ဒီမှတ်ဉာဏ်ဟာ သိပ္ပံနည်းနဲ့အရဆိုရင် အသက်ကြီးလေ မှတ်ဉာဏ်ကောင်းလာလေပဲတဲ့။ တချို့ပုဂ္ဂိုလ်တွေ အသက်ကြီးတဲ့အခါ ဘာကြောင့်မို့ မှတ်ဉာဏ်ထိခိုက်ပြီး သူငယ်ပြန်ရသလဲတဲ့။ မှတ်စရာတွေများပြီးတော့ မမှတ်နိုင်တော့တာတဲ့။ အဲဒါပဲ။

ဒါကြောင့် မလိုအပ်တာတွေကို မမှတ်တာကောင်းတယ်။ ဆရာတော်တို့ဆိုရင် အခုလိပ်စာတွေ နာမည်တွေ မမှတ်မိဘူး။ ဘာလို့မမှတ်မိလဲဆိုတော့ မှတ်ကိုမထားဘူးလေ။ အဲဒါမျိုး အတွက် ဆရာတော့်ခေါင်းထဲမှာ နေရာမပေးနိုင်ဘူး။ ကျော်ကြားထင်ရှားတဲ့ပုဂ္ဂိုလ်တွေဟာလေ သာမန်ကာရှန်ကာအကြောင်းတွေ ဦးနှောက်ထဲ မထားဘူး။ လျှပ်စစ်မီးတီထွင်တဲ့ အက်ဒီဆင်။ တစ်ခါတော့ သူဟာ ဘဏ်ကို ငွေသွားထုတ်တယ်ပေါ့။ ဘဏ်စာရေးမက မေးတယ်။ ရှင့်နာမည်ဘာယ်သူလဲ တဲ့။ အက်ဒီဆင်မေ့နေပါတယ်။

ကျွန်တော့်နာမည်ဆိုပြီး စဉ်းစားနေတယ်။ ခေါင်းကြီးမော့လို့။ သူက ကမ္ဘာကျော်နေပြီလေ။ ဘေးလူက ဝင်ပြောရတယ်။ အက်ဒီဆင်ကြီးရယ်။ လျှပ်စစ်မီးတီထွင်တာ သူပေါ့တဲ့။ အဲဒီကျမှ သြော်. . ဟုတ်တယ် ဟုတ်တယ်၊ ကျွန်တော့်နာမည် အက်ဒီဆင်ဆိုပြီး သတိရသွားတယ်။ အဲဒါ ရယ်စရာ မဟုတ်ဘူးနော်။ သူက တကယ့်ကိုမေ့သွားတာပါ။ ဟုတ်တယ်လေ။ သူ့ဘဝ တိုးတက်မှုအတွက် ဒီနာမည်က ဘာအရေးကြီးလို့လဲ။ မေ့လည်းဘာမှ မဖြစ်ဘူး။

ဒါကြောင့် တကယ်မှတ်ဉာဏ်ကောင်းချင်ရင် မိမိခေါင်းကို ဘုရားခန်းလို ထားရတယ်။ ဘုရားခန်းထဲမှာ မဟုတ်တရုတ်တွေ မထည့်ဘူးလေ။ ထို့အတူ မိမိဦးခေါင်းထဲမှာ မဟုတ်တရုတ်တွေ ဘာမှမထည့်ရင် မှတ်ဉာဏ် အကောင်းဆုံးပဲ။ ဘဝတိုးတက်မှုအတွက် မှတ်ဉာဏ်အရေးကြီးတယ်။

နံပါတ်-၂ကတော့ တရားနာတဲ့အခါ စာဖတ်တဲ့အခါ မှတ်ဉာဏ် ကောင်းချင်ရင် စေတနာလေးတိုးရတယ်။ အခုဆို ကိုယ်သင်ရတဲ့စာတွေကို ကိုယ်က တစ်ဖန်ပြန်သင်ပေးရတဲ့ဆရာ ဖြစ်လာနိုင်တာပဲ။ ငါပြန်သင့်တဲ့အခါ ကျရင် ဘယ်လိုကောင်းအောင် ပြန်သင်မယ်။ အဲဒီလို စေတနာလေးတိုးရင် ပိုမှတ်မိလိမ့်မယ်။ ဒီနှစ်ချက်အရေးစိုက်လို့ရှိရင် မှတ်ဉာဏ်လည်းကောင်းပါပြီ။

ဒါကြောင့် သူတော်ကောင်းတို့. . .

ဒီနေ့ပြောတဲ့စကားအကျဉ်းချုပ်ကတော့ စိတ်ဓာတ်မြင့်ရင် လူမြင့်ပါတယ်။ ဒါကြောင့် စိတ်ထားကို မြင့်မြတ်ပေးကြပါ။ ဘဝသံသရာတစ်လျှောက်လုံးမှာ အသာစံခဲ့တဲ့ဘဝတွေ များခဲ့ပါပြီ။ ဒီဘဝကိုတော့ အနစ်နာခံဖို့အတွက် အသုံးပြုပေးကြပါ။ အနစ်နာခံ မြင့်မြတ်တဲ့စိတ်ဓာတ်ကိုမွေးပြီးတော့ အဆင့်တန်းမြင့်မားတဲ့ လူတော်လူကောင်း လူစွမ်းကောင်းကြီးများ မုချမသွေ ဖြစ်ကြပါစေကုန်သတည်း။

သာဓု. . . သာဓု. . . သာဓု
ပညာပြည့်ဝ၊ နှလုံးလှ၊ ချမ်းမြကြည်သာရှိပါစေ
မေတ္တာရှင်(ရွှေပြည်သာ)

# ပိုက်ဆံမကုန်ဘဲ
# ရသောကုသိုလ်

မေတ္တာရှင်(ရွှေပြည်သာ)

# ပိုက်ဆံမကုန်ဘဲ ရသောကုသိုလ်

ကိုယ့်အောက်နိမ့်ကျသူအပေါ် သနားလျှင် ကရုဏာဟူသော ကုသိုလ်ဖြစ်သည်။ ကိုယ့်ထက်သာသူအပေါ် ဝမ်းမြောက်လျှင် မုဒိတာဟူသော ကုသိုလ်ဖြစ်သည်။ သို့သော် ကရုဏာကုသိုလ်ဖြစ်ဖို့အတွက် မိမိအိတ်ထဲမှ ပိုက်ဆံအနည်းငယ်ကုန်ရသေးသည်။ မုဒိတာကုသိုလ်ဖြစ်ဖို့အတွက်ကား ပိုက်ဆံကုန်စရာမလိုပေ။ မြန်မာအများစုသည် ပိုက်ဆံကုန်ရသော ကရုဏာကုသိုလ်ဖြစ်ဖို့အတွက် လွယ်ကူသလောက် ပိုက်ဆံမကုန်သော မုဒိတာကုသိုလ်ဖြစ်ဖို့အတွက်ကား ခက်ခဲနေတတ်ကြသည်။ မြန်မာပြည်သည် သယံဇာတပစ္စည်းပေါများကြွယ်ဝပါလျက် အဆင်းရဲဆုံးနိုင်ငံဖြစ်ရခြင်း၏ အကြောင်းများစွာတွင် မိမိထက်သာသူအပေါ် မုဒိတာမပွားနိုင်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

မြန်မာလုပ်ငန်းရှင် သူဌေးအများစုသည် မိမိရဲ့အလုပ်သမားများကို ကျေးကျွန်လိုသဘောထားတတ်သည်။ ဂျပန်လုပ်ငန်းရှင် သူဌေးအများစုကား မိမိရဲ့အလုပ်သမားများကို ကျေးဇူးရှင်လို သဘောထားကြသည်။ အကျိုးဆက်ကား ဂျပန်လုပ်ငန်းရှင်သူဌေးများသည် ကမ္ဘာ့အဆင့်ထိပေါက်ရောက်၍ မြန်မာလုပ်ငန်းရှင်သူဌေးများကား ကမ္ဘာ့အဆင့်သို့ပေါက်ရောက်နိုင်မှု မရှိခြင်းပင်တည်း။

လောက၌ အောင်မြင်မှုမရသူများသည် ကဲ့ရဲ့ဖို့သာသတိရပြီး ချီးမွမ်းဖို့မေ့လျော့နေသူများသာ ဖြစ်သည်။

သင်သည် မိမိ၏ သားသမီးတပည့်အလုပ်သမား၏ ကောင်းသောအကွက်ကို သင့်ဘဝသက်တမ်းတစ်လျှောက်တွင် ဘယ်နှစ်ကြိမ်ချီးကျူးဖူးပါသနည်း။ ချီးမွမ်းခြင်းသည် တစ်ဖက်လူအား အညွန့်တလူလူ တက်စေသည်။ ကဲ့ရဲ့ရှုတ်ချခြင်းသည် တစ်ဖက်လူ၏ တက်နေသော အညွန့်ကို ချိုးပစ်ခြင်းဖြစ်သည်။

ဘုရားရှင်ကိုယ်တော်မြတ်သည် တပည့်သာဝကတို့အား အတော်ဆုံး တေဒဂ်ဘွဲ့ထူးပေးခြင်းသည် ထင်ထင်ပေါ်ပေါ် ချီးမွမ်းခြင်းပင် မဟုတ်ပါလော။

စာရေးဆရာစိုးအောင်၏ 'ဗုဒ္ဓဝင်မှ သိမှတ်ဖွယ်'စာမူကိုဖတ်ရသော အခါ စာရေးသူထက်သာသောအချက်တစ်ချက်ကို ကွက်ကွက်ကွင်းကွင်း မြင်လိုက်ရသည်။ စာရေးသူသည် မင်းကွန်းဆရာတော်ကြီးရေးသားသော မဟာဗုဒ္ဓဝင်ကျမ်းစာရှစ်အုပ်ကို အစအဆုံးဖတ်ပြီး စာအုပ်တစ်အုပ်ရေးသား မည်ဟု ကြံစည်ထားသည်မှာ နှစ်အတော်ကြာပြီ ဖြစ်သည်။

အသက်သုံးဆယ်အရွယ်ကတည်းက ကြံစည်ခဲ့သော်လည်း ယခု အသက် လေးဆယ့်ခြောက်နှစ်အရွယ်ထိ မအောင်မြင်သေးပေ။ စာရေးဆရာ စိုးအောင်ကား မဟာဗုဒ္ဓဝင်ရှစ်အုပ်လုံး ပြီးဆုံးအောင် ဖတ်ရှုပြီးသည့်အပြင် ဖတ်ပြီးနောက် မေ့မေ့ပျောက်ပျောက် ဖြစ်မသွားဘဲ 'ဗုဒ္ဓဝင်မှ သိမှတ်ဖွယ်' ဟူသော စာအုပ်တစ်အုပ်ကိုပင် အောင်မြင်စွာ ရေးသားနိုင်ခဲ့သည်။ ဤ အချက်ကား စာရေးသူထက်သာလွန်သော အချက်တစ်ချက်ပင် ဖြစ်၏။

သူ၏စာမူကိုဖတ်လိုက်လျှင် မဟာဗုဒ္ဓဝင်စာအုပ်ကြီးရှစ်အုပ်ကို ဖတ်ပြီး သားဖြစ်သွားလောက်အောင် အနှစ်ချုပ်ရေးသားနိုင်သည်ကို တွေ့ရသည်။ အောင်မြင်သောစာရေးဆရာဖြစ်ရန်အတွက် အရေးကြီးသောအချက်တစ် ချက် ရှိ၏။ ထိုအချက်ကား လိုအပ်လျှင် ကျယ်ဝန်းသောအရာကို အကျဉ်း ချုပ်ရေးတတ်ရပြီး ကျဉ်းသောအရာကိုလည်း အကျယ်ချဲ့ရေးတတ်ရသည်။ ထိုဂုဏ်ကို အလင်္ကာကျမ်း၌ ဩဇဂုဏ်ဟု ခေါ်သည်။

စာရေးဆရာစိုးအောင်၏ ဗုဒ္ဓဝင်မှသိမှတ်ဖွယ်ကျမ်းစာသည် အကျယ်ကို အကျဉ်းချုပ်ပြီး ရေးသားနိုင်သောကြောင့် ဩဇဂုဏ်မြောက်သော ကျမ်းစာ ဟု ဆိုသင့်ပေသည်။ စာရေးသူတို့သိသလိုလိုနှင့် တကယ်မသိသေးသော အရာများကို ထုတ်နှုတ်ပြရင်းဖြင့် ဤမိတ်ဆက်စာကို နိဂုံးချုပ်လိုက်ပါသည်။

## ပုဏ္ဏားဆိုတာ

ပါဠိလို ဗြဟ္မဏ မြန်မာလို ပုဏ္ဏား ဟုခေါ်သော ပုဂ္ဂိုလ်ဆိုသည်မှာ ဒီဃနိကာယ် ပါထိကဝဂ္ဂပါဠိ အဂ္ဂညသုတ်၌ ကမ္ဘာဦးအခါက လူများအကျင့်ဖောက်ပြန်သည့်အတွက် မဟာသမ္မတမင်းမြောက်တင်၍ အုပ်ချုပ်သည့်အခါတွင် အချို့သော သူတို့သည် "လောကကြီး၌ မကောင်းမှုတရားတွေ လွှမ်းမိုးနေလေပြီ၊ မင်းနှင့်အုပ်ချုပ်ရလောက်အောင်ပင် မကောင်းမှု ထူထပ်သောသူတို့နှင့် ရောနှော၍ မနေလို၊ ငါတို့သည် တောတောင်အရပ်သို့ ချဉ်းကပ်ကာ မကောင်းမှုများကို ကိုယ်မှအပပြုကာ နှင်ထုတ်မျှောလွှင့်ပစ်ကုန်အံ့"ဟု တောအရပ်သို့ ချဉ်းကပ်ကာ ဈာန်တရားတို့ကို ရအောင်ပွားများ၍ နေကြ၏။ ဤသို့နေသည့်အတွက် ထိုပုဂ္ဂိုလ်တို့ကိုဗြဟ္မဏဟု ခေါ်ကြသည်၊

ဗြဟ္မဏဟူသော ပါဠိစကားမှာ မကောင်းမှုကို အပပြုသောသူဟူ၍ အဓိပ္ပါယ်ရရှိ၏။ ထိုပုဂ္ဂိုလ်တို့သည် အစားအသောက်များကို မိမိတို့ဘာသာ ချက်ပြုတ်၍ မစားကြ၊ အလိုလိုကြွေကျသော သစ်သီးများကိုသော်လည်းကောင်း၊ မြို့ရွာတို့မှ စားဖွယ်တို့ကို အလှူခံ၍သော်လည်းကောင်း၊ စားကြကုန်၏။ ထိုပုဂ္ဂိုလ်တို့ကို ဗြဟ္မဏဟူ၍ခေါ်ခြင်းမှာ ဗြဟ္မဏဟူ၍ ပါဠိမှ ထွက်သည့်အဓိပ္ပါယ်နှင့် ထိုသူတို့၏အကျင့်ဂုဏ်သိက္ခာတို့ ညီညွတ်ကြသောကြောင့် ပါဠိလို ဂုဏဗြဟ္မဏဟူ၍ ခေါ်သည်။ ဂုဏ်ကျေးဇူးအားဖြင့် ဗြဟ္မဏမည်သော သူတို့ဟု ဆိုလိုသည်။

နောင်ကာလ ရှည်လျားလာသောအခါ ထိုဂုဏဗြဟ္မဏ အပါအဝင်အချို့တို့သည် ဂုဏဗြဟ္မဏ ပုဏ္ဏားတို့အကျင့်အကြံ ဈာန်အားထုတ်မှုကို မပြုနိုင်သည့်အတွက် မြို့ရွာအနီး ချဉ်းကပ်ကြပြီးလျှင် မြို့ဦးရွာဦးမှာနေကာ ဗေဒင်၊ ကျမ်းစာတို့ကို ရေးသားကြ၏။ သင်ကြားလိုသူများကိုလည်း သင်ကြား

ပေးကြ၏။ ထိုသူတို့ကား မကောင်းမှုကို ကိုယ်မှအပပြုရန် ဈာန်အားထုတ်မှု မရှိတော့ချေ။ သို့သော် ပြဟ္မဏဟူသောအမည်ကိုကား ခံယူလျက်ပင် ရှိ၏။

ထိုသူတို့ခံယူသည့် ပြဟ္မဏဟူသောအမည်မှာ မိမိတို့၌ ပြဟ္မဏဖြစ်ထိုက်သည့်ဂုဏ်မရှိသဖြင့် ဂုဏပြဟ္မဏမဟုတ်သော်လည်း ဂုဏပြဟ္မဏ အစဉ်တို့မှဆင်းသက်လာသော အမျိုးအနွယ်ဖြစ်သောကြောင့် ဇာတိပြဟ္မဏ ဟူ၍ ခေါ်သည်။ ထိုဇာတိပြဟ္မဏများကို ဈာန်ရအောင် အားမထုတ်နိုင်သည့်အတွက် ထိုအခါက အညံ့စားဟူ၍ အသိအမှတ်ပြုကြ၏။

နောင်ကာလ ရှည်လျားလာသောအခါ ဈာန်ကိုအားမထုတ်နိုင်စေကာမူ ဗေဒင်ကျမ်းဂန်ရေးခြင်း၊ ဗေဒသင်ကြားပေးခြင်းများကို အခြေပြုကာ အမြတ်စားပြုလုပ်ကြသဖြင့် အများကလည်း အမြတ်ဟူ၍ သမုတ်ကြပြန်၏။ ထိုဇာတိဂုဏပြဟ္မဏ (အမျိုးအနွယ်မျှဖြစ်သည်ကိုစွဲ၍ ခေါ်ရသောပြဟ္မဏ)တို့သည် ဈာန်တရားဖြင့် တကယ်စင်စစ် ကိလေသာတို့ကို ပယ်ထုတ်မျှောလွှင့်ခြင်း မပြုနိုင်ကြစေကာမူ ပယ်ထုတ်မျှောလွှင့်ခြင်းပြုကြသေးသည်ဟု လူအပေါင်းတို့အား ပြစားလိုသည့်အတွက် မြစ်ချောင်းများသို့ဆင်း၍ ရေစိမ်ကာ အညစ်အကြေးတို့ကို မျှောလွှင့်သည်ဟု ပြောဆိုပြုလုပ်ကြကုန်၏။

ဤသို့ ပုဏ္ဏားနှစ်မျိုးနှစ်စားရှိရာတွင် သည်းခံခြင်းသည် ရဟန်းပုဏ္ဏားတို့၏အားဖြစ်သည်ဟု မြတ်စွာဘုရားဟောကြားရာတွင် ပုဏ္ဏားဟူသည်မှာ ဂုဏပုဏ္ဏားကိုရည်ရွယ်၍ ဟောကြားတော်မူခြင်း ဖြစ်သည်။ ဤအဋ္ဌသာသုတ်ပါဠိတော်အရ သာသနာပအခါမှာ ဖြူစင်သောအဝတ်ကိုဝတ်ကာ မကောင်းမှုကိလေသာကို ပယ်ရှားရန် ရည်သန်အားထုတ်နေသူများကို ပါဠိလို ပြဟ္မဏ မြန်မာလို ပုဏ္ဏားဟု ခေါ်၏။ သာသနာတော်အတွင်း ရောက်သောအခါ ပြဟ္မဏ ခေါ်ဆိုထိုက်သည့် မြင့်မြတ်သော ဂုဏ်အင်္ဂါတို့ကို အသီးသီးဖော်ပြလျက် ဂါထာပေါင်း (၄၂)လေးဆယ့်နှစ်ဂါထာတို့ဖြင့် ပြဟ္မဏဝဂ်ဟူ၍ ဝဂ်တစ်ဝဂ်ဖွဲ့လျက် ဓမ္မပဒပါဠိတော်၌ ဟောကြားတော်မူသည်။ ဤသို့ ဟောကြားအပ်သော ပြဟ္မဏတို့မှာ ဂုဏပြဟ္မဏချည်းသာ ဖြစ်ကြကုန်၏။ ဤဂုဏပြဟ္မဏတို့မှာကား ထပ်မံကွဲပြားခြင်းမရှိ။ ဇာတိပြဟ္မဏကသာ အမျိုးမျိုး အဖုံဖုံ ကွဲပြားလာသည်။

## ပုဏ္ဏားဟူသော ဝေါဟာရ

ပါဠိလို ဗြဟ္မဏကို မြန်မာလို ပုဏ္ဏားဟု ခေါ်ခြင်းမှာ ပါဠိသဘောသို့ လိုက်ခြင်းမရှိဘဲ မြန်မာတို့၏ ဝေါဟာရ အဆင့်ဆင့်ပြောင်းလဲ ခေါ်ဝေါ်ခြင်းသာ ဖြစ်သည်။ ရာဇဝင်ကြောင်းနှင့်ကြည့်လျှင် သရေခေတ္တရာ (ပြည်မြို့) ကောင်းစားစဉ် အခါက ဗြဟ္မဏကို ဂဝံပတိဟူ၍ ခေါ်ခဲ့ကြ၏။ ဗြဟ္မဏတို့သည် များသောအားဖြင့် နွားမွေး၍ အသက်မွေး စားသောက်ကြသည်ကို စွဲပြီးလျှင် ပါဠိလို ဂဝံပတိဟု ခေါ်ကြခြင်းဖြစ်ရာ (ဂဝံ-နွားတို့၏၊ ပတိ- အရှင်သခင်၊ ဂဝံပတိ-နွားပိုင်ရှင်)ဟု ဆိုလိုသည်။ ဤ ဂဝံပတိဟူသော ပါဠိစကားသည် ပါဠိစကားပင်ဖြစ်သော်လည်း ပုဏ္ဏားဟူသောအနက်ကို ဟောသည့်ပါဠိအုပ်စုမှာ ဗြဟ္မဗန္ဓု၊ ဒွိဇ၊ ဗြဟ္မ၊ ဘောဝါဒီ၊ ဗြဟ္မဏဟူ၍ ခြောက်မျိုးသာ မာဂဓအဘိဓာန်၌ ပြဆိုသည်။ ဂဝံပတိ ဟူသော ပါဠိမပါချေ။ ဤ ဂဝံပတိဟူသောပါဠိစကားမှာ မြန်မာတို့က မျက်မြင် အကြောင်းအနက်ကိုကြည့်၍ မှည့်ခေါ် ပြောဆိုအပ်သော ပါဠိစကားသာဖြစ်၏။

သရေခေတ္တရာခေတ်လွန်မြောက် ပုဂံခေတ်ရောက်သောအခါ ဂဝံပတိဟူ၍ မခေါ်တော့ဘဲ ဟူးရာသမားဟူ၍ ပြောင်းလဲခေါ်လာသည်။ ဟူးရာ ဟူသည်မှာ နက္ခပေဒင်ကျမ်းကိုခေါ်သော အမည်ဖြစ်၏။ ထိုပေဒင်ကျမ်းဂန်တတ်သော သူများကို ဟူးရာသမား ဟူ၍ခေါ်၏။ ပေဒင်တတ်သောသူများ ကို ဟူးရာဟူ၍ခေါ်ကာ ပုဏ္ဏားမဟုတ်ဘဲ ပေဒင်တတ်သူတို့ကို ဟူးရာညီဟူ၍ ခေါ်ဝေါ်ကြသည်။

ပုဂံခေတ်လွန်မြောက် ပင်းယခေတ်သို့ရောက်သောအခါ ဟူးရာဟူ၍ လည်း မခေါ်တော့ဘဲ ပုဏ္ဏားဟူ၍သာ ယခုကာလအထိ ခေါ်စမှတ်ပြုကြ တော့၏။ ဤသို့ခေါ်ခြင်းအကြောင်းရင်းကို စီစစ်သော် ထိုပေဒင်တတ်သူ ဟိန္ဒူလူမျိုးတို့သည် များသောအားဖြင့် အိန္ဒိယနိုင်ငံ ပုနားမြို့မှသာ ပင်းယမြို့

ခဂ္ဂဝိသာဏသုတ်အဖွင့်၌ ပြဆိုထားချက်ဖြစ်၏) နိယတဗျာဒိတ်ခံယူရရှိပြီး နောက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအကြား သံသရာတလျှောက် အလောင်းတော်ကြီးတို့ ကျင်လည်ရောက်ရှိရာ ဘုံဘဝအမျိုးမျိုးထဲတွင် အောက်ပါဘုံဘဝ (၁၈)မျိုး မပါဝင်ပေ။

ဤကား အလောင်းတော်ကြီးတို့၏ ဓမ္မတာပင် သဘောဖြစ်သည်။

၁။ ပဋိသန္ဓေအားဖြင့် ကန်းသောသူ (ဝမ်းတွင်းကန်း) မဖြစ်ခြင်း
၂။ ပဋိသန္ဓေအားဖြင့် နားပင်းသူ မဖြစ်ခြင်း
၃။ ရူးသွပ်သူ မဖြစ်ခြင်း
၄။ အ,သောသူ မဖြစ်ခြင်း
၅။ ခြေလက် ဆွံ့ (လမ်းမသွားနိုင်သူ) မဖြစ်ခြင်း
၆။ လူရိုင်း မဖြစ်ခြင်း
၇။ ကျွန်မဝမ်း၌ ပဋိသန္ဓေ မနေခြင်း
၈။ နိယတ မိစ္ဆာဒိဋ္ဌိ အယူရှိသူ မဖြစ်ခြင်း
၉။ လိင်ဖောက်လွဲ ဖောက်ပြန်မဖြစ်ခြင်း (ယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့ ပြောင်းလွဲ၍ မဖြစ်ဟု ဆိုလိုသည်)
၁၀။ အနန္တရိယကံ ငါးပါးကို မလွန်ကျူးခြင်း
၁၁။ နူသောသူ (ကုဋ္ဌနူနာရောဂါရှိသူ) မဖြစ်ခြင်း
၁၂။ တိရစ္ဆာန်ဘဝ၌ဖြစ်ရသော်လည်း ငုံးအောက်(မုံရွေးဆရာတော်၏အလိုမှ နှံပြည်စုတ်ငှက် ဖြစ်သည်)
၁၃။ ခုပ္ပိပါသိကပြိတ္တာ၊ နိဇ္ဈာမတဏှိကပြိတ္တာနှင့် ကာဠကဉ္စိက အသူရာ တို့၌ မဖြစ်ခြင်း

(ခုပ္ပိပါသိပြိတ္တာဟူသည်မှာ အစာရေစာ မစားမသောက်ရသဖြင့် အခါ ခပ်သိမ်း ဆာလောင်မွတ်သိပ်နေသော ပြိတ္တာမျိုးတည်း။ နိဇ္ဈာမတဏှိကပြိတ္တာ ဟူသည်မှာ အမြဲလောင်ကျွမ်းနေသဖြင့် ပူပင်နေရသော ပြိတ္တာတည်း။ ကာဠကဉ္စကအသူရာဟူသည် ထိုပြိတ္တာအသူရာ၏ အမည်ဖြစ်သည်။ ထိုပြိတ္တာ အသူရာ၏ ခန္ဓာကိုယ်သည် သုံးဂါဝုတ်မျှရှိ၍ အသွေးအသားနည်းပါးကာ ဖက်ရွက်ရော်အဆင်းနှင့် တူ၏။ မျက်စိများမှာ ပုဇွန်မျက်စိကဲ့သို့ အပြင်သို့ ထွက်ပြီးလျှင် ထိပ်ထက်၌ တည်နေကုန်၏။ ခံတွင်းမှာလည်း အပ်နဖားပေါက်မျှ ရှိလျက် ထိပ်ထက်မှာပင် တည်နေသောကြောင့် ထိုပြိတ္တာအသူရာများ

သို့ လာကြခြင်းကြောင့် လာရင်းမြို့၏ အမည်ကို အစွဲပြုကာ ပုနားဟု ခေါ်ကြသည်။ ထိုပုနားမှ စကားရွေ့လျားကာ ပုဏ္ဏားဟူ၍ ခေါ်ဝေါ်ခြင်း ဖြစ်သည်ဟု မှတ်ယူအပ်၏။

## အပြစ်ကင်းသော သေခြင်း

စကားဆက်စပ်သဖြင့် ကြားဖြတ်ပြောရန်တစ်ခုမှာ ဘုရားအလောင်းတော်ကြီးများသည် အသက်ရှည်လွန်းသော နတ်ဗြဟ္မာဘဝများသို့ ရောက်ကြသော်လည်း ထိုနတ်ပြည် ဗြဟ္မာပြည်၌ ပါရမီဖြည့်ရန် ခဲယဉ်းလှသောကြောင့် အသက်တမ်းကုန်ဆုံးအောင် တည်နေတော်မမူကြဘဲ အဓိမုတ္တိမရဏ ခေါ်သော သေခြင်းမျိုးဖြင့် နတ်သက် ဗြဟ္မာသက် ချွေခဲ့ကြပြီးလျှင် လူ့ပြည်လောက၌သာ တဖန်ဖြစ်၍ ပါရမီတို့ကို ဖြည့်ကျင့်တော်မူကြသည်။ စိတ်ကို ဆောက်တည်၍ သေခြင်းကို အဓိမုတ္တိမရဏ ဟုခေါ်သည်။

ယခုပင် ငါ၏သေခြင်းသည် ဖြစ်စေသတည်းဟု စိတ်ကိုဆောက်တည်လိုက်သည်။ အခြားမဲ့မှာပင် သေခြင်းမျိုးဖြစ်သည်။ ထိုသေခြင်းမျိုးကား ဘုရားလောင်းများမှာသာ ဖြစ်နိုင်သည်။ တစ်ပါးသူတို့အား မဖြစ်နိုင်။

ပါရမီတော်တို့၏ လွန်ကဲစွာဖြစ်ခြင်းကြောင့် ထိုထိုဘဝဝယ် အဘိညာဉ်သမာပတ်တို့ဖြင့် ခန္ဓာအစဉ်ကို အထူးသုတ်သင်ပြုပြင်အပ်ပြီးရကား ကိုယ်ခန္ဓာ၌ တွယ်တာခြင်း၊ သိနေဟတရား အလွန်ပါးသောကြောင့်လည်းကောင်း၊ သတ္တဝါတို့အပေါ် ကရုဏာတော်လွန်ကဲသဖြင့် အဓိဋ္ဌာန်ဆောက်တည်ချက်၏ ထက်မြက်သန့်ရှင်းတော်မူလှသောကြောင့်လည်းကောင်း၊ အလောင်းတော်ကြီးများ လိုလားချက်မှန်သမျှ ပြည့်စုံထမြောက်လေသည်။

သို့သော် နိယတဗျာဒိတ်ခံယူရရှိပြီးသော ဘုရားအလောင်းတော်ကြီးတို့သည် အောက်တွင်ဖော်ပြမည့် ဘုံဘဝ (၁၈)ဌာန (အဘဗ္ဗဌာန (၁၈)ပါး) သို့ မရောက်မကပ် မဖြစ်ကြရပေ။ (ထို (၁၈)ပါးမှာ သုတ္တနိပါတ အဋ္ဌကထာ

အစာကိုတွေ့သောအခါ ကုန်း၍ အစာကိုယူကြရကုန်၏။)

၁၄။ အဝီစိငရဲနှင့် လောကန္တရိက်ငရဲတို့၌ မဖြစ်ခြင်း

(လောကန္တရိက် ငရဲဟူသည် စကြာဝဠာလောက ခွတ်သုံးခုတို့ဆုံမိရာ လစ်လပ်နေသော အကြားပင် ဖြစ်သည်။ ဤအကြားမှာ မကောင်းမှုပြုသော သူတို့ အပြစ်ဒဏ်ခံရာဖြစ်၍ ငရဲတစ်မျိုးအနေဖြင့် လောကန္တရိက်ငရဲဟူ၍ ခေါ်ဆိုသည်။)

၁၅။ ကာမာဝစရနတ်ဘုံတွင် မာရ်နတ် မဖြစ်ခြင်း

၁၆။ ရူပါဝစရဘုံတွင် အသညသတ်ပြဟ္မာနှင့် သုဒ္ဓါဝါသပြဟ္မာဘုံ တို့၌ မဖြစ်ခြင်း

၁၇။ အရူပါဝစရဘုံ၌ မဖြစ်ခြင်း

၁၈။ တစ်ပါးသော စကြာဝဠာသို့ ပြောင်း၍ မဖြစ်ခြင်း

စသည်တို့ ဖြစ်သည်။

အဋ္ဌာသာလိနီ အဋ္ဌကထာနှင့် ဗုဒ္ဓဝင်အဋ္ဌကထာတို့တွင်

၁။ မရူးခြင်း

၂။ ခြေလက် မဆွံ့ခြင်း

၃။ လူရိုင်း မဖြစ်ခြင်း

၄။ ကျွန်မဝမ်း၌ မဖြစ်ခြင်း

၅။ ယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့ မပြောင်းခြင်း

၆။ နူသောသူ မဖြစ်ခြင်း

၇။ မာရ်နတ် မဖြစ်ခြင်း

၈။ အခြားစကြာဝဠာသို့ ပြောင်း၍ မဖြစ်ခြင်း

စသော ရှစ်ပါးတို့မပါဝင်ဘဲ သုတ္တနိပါတ်အဋ္ဌကထာထက်ပိုနေသော သုံးပါးမှာ-

၁။ မိန်းမ မဖြစ်ခြင်း

၂။ ဉဘတောဗျည်း မဖြစ်ခြင်း

၃။ ပဏ္ဍုတ် မဖြစ်ခြင်း တို့ဖြစ်ပါသည်။

## ပေရွက်တစ်ရွက်ရဲ့ သက်တမ်း

သက္ကရာဇ်တွေက နည်းနည်းရှုပ်သွားနိုင်တော့ အစဉ်အတိုင်း ပြန်ရေကြည့်ရအောင်။

| | |
|---|---|
| သာသနာသက္ကရာဇ် ၂၃၇ | - အရှင်သောဏနှင့် အရှင်ဥတ္တရ အမှူးပြုတဲ့ ရဟန္တာငါးပါးသုဝဏ္ဏဘူမိကိုကြွလာ |
| သာသနာသက္ကရာဇ် ၄၅၀ | - ပေထက်အက္ခရာတင် (စတုတ္ထသင်္ဂါယနာတင်ပွဲ) |
| သာသနာသက္ကရာဇ် ၉၃၀ | - အရှင်ဗုဒ္ဓဃောသ သီဟိုဠ်မှ ပိဋကတ်ပေမူများ |
| သာသနာသက္ကရာဇ် ၁၆၀၁ | သုဝဏ္ဏဘူမိသို့ ယူလာ |
| မြန်မာသက္ကရာဇ် ၄၁၉ | } အနော်ရထာဘုရင်ကြောင့် ပုဂံသို့ ပိဋကတ်ပေမူများရောက် |
| မြန်မာသက္ကရာဇ် ၇၃၀ | - ပုဂံခေတ်ဆုံး |
| မြန်မာသက္ကရာဇ် ၇၂၆ | - အင်းဝခေတ်စ |
| မြန်မာသက္ကရာဇ် ၁၁၁၃ | - အင်းဝခေတ်ဆုံး |
| မြန်မာသက္ကရာဇ် ၁၁၁၄ | - ကုန်းဘောင်ခေတ်စ |
| မြန်မာသက္ကရာဇ် ၁၂၁၄ | - မင်းတုန်းမင်းနန်းတက် |
| မြန်မာသက္ကရာဇ် ၁၂၃၃ | - ပဉ္စမသင်္ဂါယနာတင် (သာသနာသက္ကရာဇ် ၂၄၁၅) |

ဆိုလိုချင်တာက သာသနာသက္ကရာဇ် (၄၅၀)မှာ စတုတ္ထသင်္ဂါယနာတင်တဲ့ ပေရွက်တွေဟာ ပဉ္စမအကြိမ်သင်္ဂါယနာတင်တဲ့ (သာသနာသက္ကရာဇ် ၂၄၁၅)အထိ နှစ်ပေါင်းနှစ်ထောင်နီးပါး ခံနိုင်ပါ့မလားဆိုတာ စဉ်းစားဖို့အတွက် အဲဒီလောက်အထိ ချဲ့ပြီးစဉ်းစားလိုက်ရပါတယ်။ ဒီအထက်အများ

ကြီး ချဲ့ပြီးစဉ်းစားလို့လည်း ရပါသေးတယ်။ ဟိုရှေ့ပိုင်းမှာ ပြောခဲ့တဲ့ ပါးစပ်ရာဇဝင်ဆိုတာနဲ့ ပတ်သက်ဆက်စပ်ပြီး ပေရွက်ပေါ်ကို ကူးပြောင်းတဲ့အဆင့် အဲဒီကနေ ကျောက်ထက်အက္ခရာတင်တဲ့အထိ (ပဉ္စမသင်္ဂါယနာတင်တဲ့အထိ) ကို ဆက်စပ်ပြီး စဉ်းစားရတာမျိုးဖြစ်တယ်။ အရင်တုန်းကတော့ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှာ လွန်ခဲ့တဲ့နှစ်ပေါင်း ငါးရာလောက်က ပိဋကတ်စာပေတွေ ထိန်းသိမ်းထားတာရှိတယ်လို့ ကြားဖူးတယ်။ ပေရွက်ဆိုတာဟာ သေသေချာချာ စောင့်ရှောက်ထားရင် နှစ်ပေါင်းတစ်ထောင်လောက်ခံတယ်လို့လည်း လူကြီးသူမတွေက ပြောဖူးတယ်။ တကယ်ဆိုရင် နှစ်ပေါင်းငါးရာမခံလည်းဘဲ ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ပေမူအသစ်တွေ အဆက်ဆက်လက်ပြောင်းပြီး ကူးယူခဲ့ရင်လည်း နှစ်ပေါင်းနှစ်ထောင်မက တည်တံ့နိုင်သေးတာပဲဟာ။ အဲဒါကြောင့်မို့ မင်းတုန်းမင်းကြီးက သူ့ရဲ့ပေမူတွေနဲ့ သီဟိုဠ်က ပေမူတွေတိုက်ကြည့်တော့ အတူတူပဲလို့ ပြောတာပေ့ါ။ မြန်မာပြည်ကလည်း အဆက်ဆက် ကူးယူသိမ်းခဲ့ကြမှာပေါ့။ သီဟိုဠ်မှာလည်း ထိုနည်းလည်းကောင်း အဆက်ဆက်ကူးယူသိမ်းထားခဲ့ကြမှာပေါ့။ ရှေ့ပိုင်းသာသနာတော်နှစ် (၄၅၀)အထိ မျိုးဆက်ပေါင်း (၂၀)ဆိုပေမယ့် နှစ်အရေအတွက် (၄၅၀) ဆိုတာက တကယ်တမ်းကြတော့ သိပ်ကြာလှချည်ရဲ့မဟုတ်ဘူး။ ဒီကြားထဲမှာလည်း သင်္ဂါယနာသုံးကြိမ်တောင် တင်ခဲ့သေးတာပဲ။ ဒီဘက်ခေတ်ကြတော့ ပါးစပ်ရာဇဝင်မဟုတ်ကြတော့ပါဘူး။ ပေတွေ ကျောက်စာတွေ စာအုပ်တွေနဲ့ မှတ်တမ်းတင်ခဲ့ကြပါပြီ။ နှစ်ပေါင်းနှစ်ထောင်ကျော်ခဲ့ပြီပဲ။ ပါးစပ်ရာဇဝင်ဆိုတာနဲ့ပတ်သက်လို့ ဒီလိုမျိုး အဆင့်ဆင့်စစ်ဆေးလိုက်တော့ ယုတ္တိယုတ္တာကျနေတာပဲ မဟုတ်ဘူးလား။ ဒါကြောင့်လည်း ပါးစပ်ရာဇဝင်ဆိုတိုင်း ရမ်းမပယ်သင့်ဘူး။

မေတ္တာရှင် (ရွှေပြည်သာ)
၁၃၇၂ခု၊ သီတင်းကျွတ်လဆန်း (၁)ရက်
(၉-၁၀-၂၀၁၀)

ဘယ်ပညာ မဆိုတတ်သွားပြီးရင်

ထူးချားနိုးလို့ရှိရဲ့လား။

မရဘူးနော်။

ဒါလေး မှတ်ထား။

အဲဒီတော့ ဘုရားရှင် ဖြည့်ဆည်းတော်မူသွားတဲ့

ပါရမီတော်တွေထဲမှာ

ပညာပါရမီဆိုတာ မပါဘူးလား။

အဲဒီပညာဟာ အရေးအကြီးဆုံးပဲ။

# ဒိုးချမရသောအာရော

မေတ္တာရှင်(ရွှေပြည်သာ)

# ခိုး၍မရသောအရာ

(မအူပင်မြို့၊ သာသနာ့ဗိမာန်တော်ကြီး၌ ၁၃၇၂-ခုနှစ် ပြာသိုလဆန်း (၅)ရက်၊ ၉-၁-၂၀၁၁ တနင်္ဂနွေနေ့တွင် ဟောကြားအပ်သော တရားတော်)

ဒီနေ့ည ဟောကြားမယ့်တရားက ခိုး၍မရသောအရာတဲ့။ အဲဒါဘာလဲ? နာကြားကြည့်မှသိမှာ ဟုတ်တယ်မို့လား။ ဆက်လက်နာကြားချင်အောင် ဘာဆိုတာဖော်မပြတာ။ ပြီးအောင်နာကြားကြပေါ့။ ဘုန်းကြီးက အထူးတွေက ပေါလို့ သာမန်တရားပွဲလို့ပြောတာ။ နောက်ဆုံးတော့ မထူးပါဘူး ထူးချင်လို့ သာမန်လုပ်တာပါပဲ။ နိုင်ငံရေးတရားပွဲတစ်ပွဲက နာရသလိုပေါ့။ အဲဒီနိုင်ငံက ပရိသတ်တို့ရေ တစ်နိုင်ငံလုံး မယားကြောက်တယ်။ အဲဒီလိုကြောက်ကြ တော့ ဘုရင်ကြီးက စ,လို့ သူ့မိဖုရားကြီး ကြောက်တယ်။ တစ်နေ့တော့ ဘုရင်ကြီးက တိုင်းပြည်ကို စည်လည်စေတယ် တဲ့။ မင်းတို့တိုင်းပြည်ထဲမှာ ယောကျ်ားမှန်သမျှ အကုန်လာခဲ့ကြ၊ လာပြီးလို့ရှိရင် တို့နေရာ နှစ်နေရာ စီမံထားတယ်တဲ့။ မိန်းမကြောက်တဲ့ ယောကျ်ားတွေက အလံပြာတိုင်အောက်မှာ နေရာယူ။ မိန်းမ မကြောက်တဲ့ ယောကျ်ားတွေက အလံနီတိုင်အောက်မှာ နေရာယူဆိုပြီးတော့ ကြေငြာလိုက်တာပေါ့။လာလိုက်ကြတဲ့ ယောကျ်ားတွေ အပြာအောက်ချည်းပဲ သိလား။ သွားကြ သွားကြနဲ့။ ကုန်ခါနီးကျမှ တစ်ယောက်ထဲ အလံနီတိုင်အောင်သွား ဝင်တယ်။ ဘုရင်ကြီးက အထင်ကြီး သွားတယ်။ ကြည့်စမ်း. . . ဒါသူရဲကောင်းပဲ. . . တဲ့။ တိုးတိုးလေး သွားမေးရှာ တယ်။ သူလည်း မယားနိုင်တဲ့နည်းရချင်တာကိုး။

"ဟော့ကောင်. . . ဟော့ကောင် ပြောစမ်းပါဦး။ မင်းက မယားမကြောက်ဘူးလား။ ဘယ်လိုနည်းကြောင့် မကြောက်တာတုန်း" ပေါ့။

ဘာပြန်ပြောတယ်မှတ်တုန်း။

"အရှင်မင်းကြီး ကျွန်တော့်မိန်းမက မှာလိုက်တယ်။ သူများလုပ်တိုင်းလိုက်မလုပ်နဲ့ဆိုလို့" တဲ့။

သူက ပိုကြောက်နေတယ် ဟုတ်လား။

အခုလည်း သိပ်မထူးဘူး ထင်တယ်နော်။ သာမန်ဆိုမှ ပိုထူးသွားတယ်။

ကဲ. . . ဒီနေ့တော့. . . ဒီက ဒကာမကြီးတွေ အားပေးလို့ အားဆေးအလုံးသုံးဆယ်လောက် သောက်လာတယ်။ နည်းနည်းတော့ အသံထွက်လာတယ်မှတ်တာပဲ။ ကိုင်း. . . တို့ အနန္တငါးပါးရှိခိုးပြီး မေတ္တာပွားပေးပါ။

၁။ ဗုဒ္ဓ ဂုဏံ သက္ကစ္စံ အဟံ ဝန္ဒာမိပါဘုရား။

ဗုဒ္ဓဂုဏ်ကိုရည်၊ ယုံကြည်မြတ်နိုး လက်စုံမိုး၊ ရှိခိုးပါ၏ ဘုရား။

၂။ ဓမ္မဂုဏံ သက္ကစ္စံ အဟံဝန္ဒာမိပါဘုရား။

ဓမ္မဂုဏ်ကိုရည်၊ ယုံကြည်မြတ်နိုး လက်စုံမိုး၊ ရှိခိုးပါ၏ ဘုရား။

၃။ သံဃဂုဏံ သက္ကစ္စံ အဟံဝန္ဒာမိပါဘုရား။

သံဃဂုဏ်ကိုရည်၊ ယုံကြည်မြတ်နိုး လက်စုံမိုး၊ ရှိခိုးပါ၏ ဘုရား။

၄။ မာတာပိတုဂုဏံ သက္ကစ္စံ အဟံဝန္ဒာမိပါဘုရား။

အမိအဘဂုဏ်ကိုရည်၊ ယုံကြည်မြတ်နိုး လက်စုံမိုး၊ ရှိခိုးပါ၏ ဘုရား။

၅။ အာစရိယ ဂုဏံ သက္ကစ္စံ အဟံဝန္ဒာမိပါဘုရား။

ဆရာ့ဂုဏ်ကိုရည်၊ ယုံကြည်မြတ်နိုး လက်စုံမိုး၊ ရှိခိုးပါ၏ ဘုရား။

ကဲ. . . အနန္တငါးဖြာရည်မှန်းပြီး ဦးချလိုက်ကြပါ။

အနန္တငါးပါးကို ရှိခိုးပြီးတဲ့နောက် တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ်အားလုံးတို့ရဲ့ အေးမြကြည်လင်တဲ့ မေတ္တာရေချမ်းတွေကို သတ္တလောကကြီးအား ပက်ကာဖျန်းပေးလိုက်ကြရအောင်။

စကြာဝဠအနန္တ၌ ရှိကြကုန်သော်. . .

လူ နတ်ပြဟ္မာ သတ္တဝါ အားလုံး. . .

ဘေးရန် ကြောင့်ကြဆင်းရဲကင်း၍. . .

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ. . .

ကောင်းကျိုးလိုရာ ဆန္ဒ ပြည့်ဝကြပါစေ. . .

အနန္တငါးဖြာရှိခိုးပြီး မေတ္တာလည်းပွားများပြီးတဲ့နောက် ပရိသတ် အပေါင်း သူတော်ကောင်းတို့ ချမ်းသာတဲ့ ဣရိယာပုတ်နဲ့နေပြီးတော့ ခိုး၍ မရသောအရာဆိုတဲ့ တရားကို နာကြရအောင်။

ဟောကြမယ် နာကြမယ်ဆိုတော့ ဘုန်းကြီးလည်း နားရုံတဲ့ရက်မရှိဘူးလေ။ ဒီလည်းချောင်းက နာမှာပေါ့။ စက်လိုပဲ များများခိုင်းတာကိုး။ ဒကာ၊ ဒကာမ တို့ကတော့ နာချင်ကြတာပဲ။ ဘုန်းကြီးဒကာမကြီးတို့က ပထမညတုန်းက နာရီ တောင်ကြည့်ထားတာ မိနစ်၅၀ထဲ နည်းလို့ဆိုပဲ။ ဒုတိယည တစ်နာရီကျော် တယ်ပေါ့။ ဟုတ်တယ်လေ။ ဗုဒ္ဓဘာသာမှန်သမျှ တရားဆိုလျှင် ကြားလိုချင်ကြ တာချည်းပါပဲ။ ဘုန်းကြီးက မသိရင်တော့ ကောင်းတာပဲ သိရင်သာ မကောင်းတာ လို့။ အဲဒီ ဥပမာလေးနဲ့ပုံပြင်လေးတစ်ပုဒ် သွားအမှတ်ရမိတယ်။

ဘုန်းကြီးတို့အညာ သစ်ပေါတဲ့ဒေသတွေမှာ အိမ်တွေဘာတွေ ဆောက် ပြီဆိုရင် သစ်မဝယ်ကြဘူး။ ဆိုကြပါစို့. . . အိမ်ထောင်ဦးစီး ဆယ်ယောက်က နွားလှည်းဆယ်စီးနဲ့ သစ်သွားခုတ်ကြတယ်။ အဲလို ခုတ်တဲ့အခါမှာ တစ် ယောက်က လှည်းစောင့်ကျန်ရစ်ပြီးတော့ ဟင်းထမင်းချက်ရတယ်။ ကိုး ယောက်ခုတ်ရတယ်။ အားလုံးပြီးမှ အညီအမျှခွဲဝေယူပြီးတော့ ပြန်ကြတယ်။ ရက်ရှည်သစ်ခုတ်ခရီးစဉ်ပေါ့။ အဲဒီလိုသစ်ခုတ်ကြရော။ အဲဒီမှာ လှည်းစောင့် ကျန် ထမင်းချက်တဲ့ဒကာတစ်ယောက်က ထမင်းဟင်းချက်ပါတယ်။ သူ့လူ တွေ သစ်ခုတ်ပြီး ပြန်လာတဲ့အခါ မောမောပန်းပန်းဆာဆာလောင်လောင် ဖြစ်လာရင် စားဖို့ပေါ့။ သူတို့ပါလာတဲ့ ငါးခြောက်၊ ငါးခြမ်းလေးတွေ ကုလားပဲ လေးတွေ ဖွယ်ဖွယ်ရာရာဖြစ်အောင် ချက်ရပြုတ်ရတာပေါ့။ သူက ဘာချက် သလဲဆိုတော့ ပထမဆုံး ပဲဟင်းချိုတစ်ခွက်ချက်လိုက်တယ်။ ကုလားပဲဟင်းချို ပြောရင်းနဲ့ သွားရည်တောင်ကျလာပြီ။ ဆွမ်းဝိုင်းမှာ ကုလားပဲဟင်းချို မတွေ့ ရသေးဘူးနော်။ ကုလားပဲဟင်းချိုပြီးတော့ သူကစဉ်းစားတယ်။ အင်း. . . ကုလားပဲဟင်းချိုနဲ့ဆိုရင် ငါးပိထောင်းလေးလည်း ပါတယ်ပေါ့နော်။ ဆား လေး ငရုပ်သီးလေးနဲ့ပေါ့။ ဒါပြီးရင် အချဉ်တစ်ခွက်ပါရဦးမယ်။ ဘာတွေ့ မလဲလို့ အနီးဝန်းကျင်းလျှောက်ကြည့်လိုက်တာ ဟော. . . အတော်ပဲ မန်း ကျည်းသီးတွေ တွေ့တယ်။ ဒီမန်ကျည်းသီးစိမ်းတွေကို သေသေချာချာ ထောင်းလိုက်ရရင်တော့ အဆင်ပြေပြီ။ ဟိုကောင်တွေ ခံတွင်းတွေ့ပြီဆိုပြီး

တက်ခူးလိုက်တော့ ဆယ်ယောက်စာပေါ့။ ပြီးမှ ပြဿနာတက်ပါပြီတဲ့။ ထောင်းစရာ ရေပ်ဆုံမပါဘူး။ ဒါပေမယ့် လိုလျှင်ကြံဆ နည်းလည်းရလေ။ မန်ကျည်းသီးတွေ ညက်အောင်ပါးစပ်နဲ့ဝါးတယ်။ ဝါးလိုက်ထွေးလိုက် ဝါးလိုက်ထွေးလိုက်ပြီးမှ အဲဒါကို ကြက်သွန်တွေဘာတွေနဲ့ နယ်ပေါ့။ ဆီတောင် သိပ်မပါဘူး။ သူကတော့ ဆယ်ယောက်စာဝါးလိုတ်ရလို့ သွားကျိန်းသွားပြီလေ။ အဲဒါနဲ့ပရိသတ်တို့ရေ ဟိုကိုးယောက်ပြန်လည်းလာရော ဟင်းစပ်က ထည့်တာကိုးဗျ။ စားလိုက်ကြတာ ခေါင်းကိုမဖော်ကြဘူး။

ဟိုကောင်က မစားနိုင်ဘူး သွားကျိန်းနေတာလေ။ ပါးစပ်လေးကိုင်ပြီး ထိုင်နေတယ်။ မသိတော့ ကောင်းတာပေါ့ ပရိသတ်တို့ရဲ့။ ဒါနဲ့ ဟိုကိုးယောက် ကပြောကြရှာတယ်။ ဟေ့ကောင်. . . စားစမ်းပါဟ ဒီလောက်မြိန်တဲ့ထမင်း ဝိုင်း တွေ့ကိုမတွေ့ဖူးဘူး စားစမ်းပါဟပေါ့။ ဟိုက ပြန်မပြောရှာဘူး။ သိရင် လည်း ရွံ့ပြီး အန်ကြတော့မှာလေ။ ပရိယာယ်နဲ့ပြောတယ်။ မင်းတို့ကသာ ကောင်းနေ ဒီမှာဆုံကျိန်းနေပြီတဲ့။

အခုလည်း တို့ပရိသတ်က နာလို့ကောင်းနေတာ ဘုန်းကြီးကဆုံကျိန်း နေပြီနော်။

ကဲ. . . စကြမယ်။ ဘုန်းကြီးတို့ ဒီနေ့ဟောမယ့်ဟာက ပညာပါရမီ အကြောင်းဟောမလို့။ ဘာပါရမလဲ။ ပညာပါရမီ။ အဲဒီပညာကို ခိုးလို့ရ လား။ ဒါကိုပြောတာပါနော်။ တတ်ထားတဲ့အတတ်ပညာမှန်သမျှ ဘယ်သူမှ ခိုးယူလို့မရဘူး။ ဒါကြောင့် အတတ်ပညာမှန်သမျှ ကိုယ့်သားသမီးတတ် မြောက်အောင် သင်ပေးရတယ်။ ဒီနေရာမှာ အတွေးအခေါ် ရှိရတယ်။ အဲဒါ ဆရာတော့်ညီ ဖြေရှင်းပေးလိုက်တဲ့ ပြဿနာတစ်ခုတင်ပြမယ်။ ဘုန်းကြီးရဲ့ ကျောင်းကတော့ ဒုက္ခသည်ကယ်ဆယ်ရေးကျောင်းလို့ အမည်ပေးလို့ရတယ်။ ဒုက္ခသည်မျိုးစုံ အကုန်လာတယ်။ တစ်ခါကျတော့ အဘွားတစ်ယောက် ရောက်လာတယ်တဲ့။ ဆရာတော့်ညီ ဦးစိုးတင့်နဲ့ပဲတွေ့တယ်။

အဲဒီအဘွားက ဘာအကူအညီတောင်းလဲဆိုတော့ သူ့မြေးလေး ကျောင်းထားဖို့ပေါ့နော်။ ရှစ်တန်းထားရမှာ. . . မထားနိုင်လို့ပါတဲ့။ အဲဒါ ဆရာတော်ကူညီတယ်ဆိုလို့ ထားပေးပါပေါ့။ အဲဒီမှာ ဆရာတော့်ညီက ပြောပြတယ်။ ကဲ. . . အဒေါ်ထားပါပြီတဲ့ ကျွန်တော်တို့ကျောင်းထားပေး မယ်။ စားစရိတ်ထောက်ပံ့မယ်။ ဆရာတော် ထောက်ပံ့ပေးနေတာ အများကြီး

ပဲတဲ့။ အဲဒီတော့ အဒေါ်မှာ ကျောင်းထားတဲ့အချိန်အတွင်းမှာလည်း ဒီမြေးက အဒေါ့်ကိုလုပ်မကျွေးနိုင်ဘူး။ ကျောင်းပဲတက်နေရတာကိုး။ ကျောင်းပြီး တော့လည်းပဲ အလုပ်မရှိလို့ လုပ်မကျွေးနိုင်ဘူး။ အဲဒီတော့ နှစ်ခါ နာတယ် တဲ့။ ဒီတော့. . . အခုကတည်းက အသက်မွေးဝမ်းကျောင်း အတတ်ပညာ တစ်ခုခုသင်းပေးရင် အဒေါ် သူသင်ပြီး တစ်နှစ် နှစ်နှစ်ဆိုစားလို့ရပြီ။ အဒေါ်မျက်စိမှိတ်သွားဦးတော့ သူ့ခြေထောက်ပေါ် သူရပ်တည်လို့ရပြီ။ အတတ်ပညာတတ်ပြီးရင်လည်း အဘွားကိုလုပ်ကျွေးလို့ရတယ်။ ကျွန်တော် ကတော့ ကျွန်တော့်ဘုန်းကြီးရဲ့ ဩဝါဒအတိုင်း ကျောင်းထားချင်ရင်လည်းပဲ စားရိတ်ထောက်မယ်။ အသက်မွေးဝမ်းကျောင်း ပညာသင်ချင်တယ်ဆိုရင် လည်းပဲ အဲဒီအတွက်ထောက်ပံ့ပေးမယ်။ အဲဒီလိုပြောလိုက်မှ အဲဒီအဘွားက နားလည်သွားတာ။

အသက်မွေးဝမ်းကျောင်း ပညာတစ်ခုသင်ပေးခိုင်းတယ်။ အခု လုပ် ကျွေးနေပြီလေ။ ကဲ. . . အဲဒီအသက်မွေးဝမ်းကျောင်း အတတ်ပညာကျ တော့ ခိုးယူလို့ရရဲ့လား. . .။ မရဘူး. . .။ တစ်ဆက်တည်းပြောလိုက်မယ်။ အပိုဆုလေးပေါ့ မိဘတွေ။ များသောအားဖြင့် မိဘအများစုဟာ သားသမီးကို လူကြီးစိတ်တွေးခွင့် သိပ်မပေးကြဘူး။ ကလေးလိုပဲမြင်ပြီး သက်သာကြီးလာ တယ်တဲ့ ကိုယ့်အားကိုယ်ကိုးချင်စိတ် မရှိကြတော့ဘူး။ အဲဒါ မိဘအပြစ်ပဲ။ ဒါကြောင့် သားသမီးကို မိဘများက ကိုယ့်အားကိုယ်ကိုးနိုင်အောင် အပြီး တာဝန်ပေးရတယ်။ သူတို့နိုင်သလောက် တာဝန်ပေါ့နော်။ ဥပမာ-ဆယ့် လေးငါးနှစ် အရွယ်ကို ဈေးထဲဈေးဝယ်ခိုင်းလို့ရတယ်။ သွား. . . ဈေးဝယ် လိုက်. . . ဘာဝယ်ခဲ့။ တစ်ခါတစ်ရံ မှားရင်လည်းခွင့်လွှတ်လေ။ နောက်ဆို တတ်သွားမှာပေါ့။ ထမင်းချက်ခိုင်းလိုက်။ ဆိုင်ထိုင်ခိုင်းလိုက်. . . တာဝန် ပေးရဲရတယ်။ တာဝန်မပေးရဲတဲ့အတွက်ကြောင့် မပျက်စီးသင့်ဘဲ ပျက်စီး သွားတဲ့ ကလေးတွေအများကြီးပဲ။

ဘုန်းကြီးရဲ့ မေတ္တာဖြင့်စီးပွားရှာခြင်းထဲမှာ ပါတယ်လေ။ ရှရှားနိုင်ငံ ဗိုလ်ချုပ်ကြီးရဲ့သမီးလေး ပြည့်တန်ဆာဖြစ်သွားတာ။ အဲဒါဘာကြောင့်လဲ ဆိုတော့ မိဘများက အသက်မွေးဝမ်းကျောင်းပညာ ဘာတစ်ခုမှသင်မပေး ခဲ့ဘူး။ သူတို့နိုင်ငံအာဏာသိမ်းခံရတော့ ဗိုလ်ချုပ်ကြီးရော၊ သူ့မိန်းမရော၊ အရွယ်ရောက်ကာစ သူ့သမီးလေးရော ထွက်ပြေးရတာ။ ပြေးရင်းပြေးရင်းနဲ့

နောက်ဆုံး နယ်စပ်တစ်ခု၊ နိုင်ငံတစ်ခုရောက်တော့ သူ့အဖေကဆုံးသွားတယ်။ နောက်တစ်ခါ ဆက်ပြေး သားအမိနှစ်ယောက်၊ မိရင်သေဒဏ်ပေးခံရမှာကိုး။ ယောင်ကောင်ကျတော့ အမေပါသေးသွားတယ်။ သမီးတစ်ယောက်ပဲ ကျန်တယ်။ ကဲ. . . အသက်မွေးဝမ်းကျောင်းပညာ ဘာမှမတတ်ဘူးလေ။ ကျောင်းပညာကလည်း စကောစကနဲ့ အဲဒီမှာတင် ပြည့်တန်ဆာမလေး ဖြစ်သွားတာ။ ဘဝပျက်သွား ရှာတာပါ။ ဒါကြောင့် သူတစ်ပါးခိုးလို့မရတဲ့ အသက်မွေးဝမ်းကျောင်းပညာတစ်ခုခုကို မဖြစ်မနေသင်ပေးရတယ်။ ကျောင်းပညာလည်း အလေးထားသင်၊ အသက်မွေးဝမ်းကျောင်းပညာလည်း သင်ပေါ့နော်။

နောက်ဒီမှာ လူငယ်များလည်း ပါလိမ့်မယ်။ လူငယ်အများစုကလည်း အနောက်နိုင်ငံက ကောင်းတဲ့အကျင့်တော့ ယူရလိမ့်မယ်။ မကောင်းတဲ့ အကျင့်ကျတော့ ချက်ချင်းယူတယ်။ လမ်းသရဲတွေ ဆံပင်အရှည်ကြီးထားတာမျိုး၊ စကတ်တိုတွေကို တောင်ကခွဲဝတ်၊ မြောက်ကခွဲဝတ် ဝတ်တာမျိုး။ ဒါမျိုးကျတအား အတုခိုးတယ်။ အခုဆို ယောကျ်ားလေးတွေ နားပေါက်ဖောက်ပြီး ပုံဆိုးပန်းဆိုး နားကပ်တွေပန်ကြာမျိုး။ ကောင်းတာကတော့ အနောက်နိုင်ငံတွေမှာ (၁၈)နှစ်ပြည့်တာနဲ့ မိဘလုပ်စာနဲ့ လုံးဝကျောင်းမတက်ဘူး။

အဲဒါအတုယူကြလေ။ ၁၈နှစ်ပြည့်ရင် လူကြီးဖြစ်ပြီတဲ့။ အဲဒီအချိန်မှာ ကျောင်းမပြီးရင် အနောက်နိုင်ငံက အမျိုးသား၊ အမျိုးသမီး ကျောင်းသူကျောင်းသားအားလုံး စီးပွားရေးထွက်လုပ်ပြီးတော့ ကိုယ့်လုပ်စာနဲ့ကိုယ်ကျောင်းတက်တယ်။ ဘယ်လောက်ဂုဏ်ယူစရာ ကောင်းလဲ။ ဘယ်လောက်အတုခိုးစရာကောင်းလဲ။ ဒါကြောင့် သူတို့နိုင်ငံတိုးတက်တာ။

ဒီမှာက မိဘလုပ်စာနဲ့ ကျော့ကျော့မော့မော့ အသက် ၁၉/၂၀အထိ ကျောင်းတက်ရင် ဂုဏ်ယူလို့။ အနောက်နိုင်ငံတွေက ရှက်တယ်။ အလကားကောင်၊ အလကားကောင်မ။ ကိုယ်ရည်ကိုယ်သွေး မရှိတဲ့ကောင်၊ ကိုယ်ရည်ကိုယ်သွေး မရှိတဲ့ကောင်မ။ အသက်က ၁၈နှစ်ကျော်ပြီ အခုထိ မိဘလုပ်စာလက်ဖြန့်တောင်းပြီး ကျောင်းတက်နေတာ ရှက်စရာကြီး။ အဲဒီလို အပြောခံရတယ်။ ဘယ်သူမှ အဲဒီလိုမလုပ်ဘူး။ ဒီဘက်မှာကျတော့ အထင်သေးတယ်။ ကြည့်စမ်း ပိုက်ဆံမရှိဘူး။ ကျောင်းတက်စရာမရှိလို့ ကိုယ်တိုင်အလုပ်လုပ်ရသတဲ့။ အနောက်နိုင်ငံက အဲဒါကိုဂုဏ်ယူတာ။ ဂုဏ်ယူရမယ့်ဟာကို တို့မြန်မာပြည်က ဂုဏ်မယူဘူး။ ဂုဏ်မယူရမယ့်ဟာကျတော့ ဂုဏ်ယူတယ်။

အဲဒါကြောင့် တို့မြန်မာပြည်တိုးတက်သင့်သလောက် မတိုးတက်တာပါ။

မကောင်းတဲ့အကျင့်ကိုယူ။ နယူးဇီလန်နိုင်ငံမှာ ပညာသင်ဖူးတဲ့ ဒကာကြီးတစ်ယောက်ပြောဖူးတယ်။ ဆရာတော်. . . ကမ္ဘာမှာတော့ နေချင်စရာအကောင်းဆုံးနိုင်ငံဟာ နယူးဇီလန်ပဲတဲ့။

တိုင်းပြည်အုပ်ချုပ်တဲ့ လူကြီးတွေက သူတို့နိုင်ငံသားတွေသာမက ပညာသင်ရောက်လာကြတဲ့ တခြားနိုင်ငံသားတွေကိုပါ သားသမီးလို မေတ္တာထားတယ်။ သူဆိုရင် ပညာသွားသင်တာပါ။ အဲလိုပညာသင်တဲ့အချိန်မှာ သူတို့နိုင်ငံသားရော တခြားနိုင်ငံသားရော သူတို့နိုင်ငံမှာ ပညာသင်ပြီဆိုရင် အစိုးရကလေ အလကားသင်ပေးတာ။ ဒါတင် မကသေးဘူး။ ပညာသင်ချိန်အတွင်းမှာလည်း လစာပေးလိုက်သေးတယ်။ ဘယ်လောက်ကောင်းတဲ့ နိုင်ငံလဲ။ ဆိုကြပါစို့. . . ပညာတတ်သွားပြီ အလုပ်မရသေးဘူးနော်. . ကိစ္စမရှိဘူး လျှောက်လွှာလေးနဲ့ ကျွန်တော်ဘယ်သူ အလုပ်ရှာဖွေဆဲ အလုပ်မရသေးပါ။ မိသားစု ငါးယောက်ရှိပါတယ်။ အထက်ကိုတင်ပြလိုက်။ လာစစ်တယ်။ မှန်တယ်ဆိုရင် လစာပေးတယ်။ အလုပ်မရသေးခင်မှာ လစာပေးတာ နယူးဇီလန်ပဲရှိတယ်။ သူတို့နိုင်ငံက ရိုးသားတယ်။ မလိမ်ဘူးလေ။ မြန်မာပြည်သာ အဲဒီလိုလုပ်ကြည့်လိုက်ပါလား။ တစ်ပြည်လုံး အလုပ်မလုပ်ဘဲ လျှောက်လွှာတင်စားကြတော့မှာ ဟုတ်တယ်မို့လား။

ဟိုမှာ အဲဒီလိုမရှိဘူး။ ထားကြပါစို့။ အဲဒီမှာ တစ်ခါတော့ မြန်မာပြည်က အမျိုးသမီးတစ်ယောက် သင်တန်းတစ်ခုသွားတက်ရင်းနဲ့ ကိစ္စတစ်ခုရှိလို့ ပေါ့ ကားငှားသွားတယ်။ မောင်းတဲ့ကောင်လေးက လူငယ်လေး။ စကားစပ်မိလို့ ပြောကြည့်တော့ ဆေးကျောင်းသားလေး ဖြစ်နေတယ်။ ဒါနဲ့သူက မြန်မာလိုပဲထင်တော့ မောင်လေးတို့အိမ်က နွမ်းပါးလို့ ကျောင်းစရိတ်မတတ်နိုင်လို့ ကားမောင်းနေတာလားလို့ မေးသတဲ့။ ဟိုကပြန်ဖြေတယ်။ မဟုတ်ဘူး ကျွန်တော်က ၁၈နှစ်ပြည့်ပြီးရင် လူကြီးဖြစ်သွားပြီ။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ရတယ်။ ဒါကြောင့် ကားမောင်းပြီးတော့ ကျောင်းလခရှာနေတာ၊ ပြီးပြီဒါပဲ။ ဂုဏ်ယူစရာပါ

အောင်လံမှာရှိတယ်။ ဘုန်းကြီးတို့ဟောဖူးတဲ့ အောင်လံတရားပွဲတစ်ပွဲမှာ ကျင်းပတဲ့ကောင်လေးက တစ်ဦးတည်းကျင်းပတာ။ မောင်နိုင်ဇော်လို့တော့ မှတ်မိတယ်။ ဒီကလေးက အဲဒီမှာ အချမ်းသာဆုံး စာရင်းထဲမှာပါ

တယ်။ ဆန်အရောင်းအဝယ်၊ မီးသွေးအရောင်းအဝယ်. . . နောက်. . . ထုံးအရောင်းအဝယ်ပေါ့။ သူပြောပြတယ်။ ဆရာတော် တပည့်တော်အခုလို ချမ်းသာတာ အမေက တပည့်တော်ကို ကိုယ့်အားကိုယ်ကိုးလို့ စိတ်ကိုမွေးပေးခဲ့လို့ ဘုရားတဲ့။ သူ့အဖေက မရှိတော့ဘူး။ အစောကြီးဆုံးသွားတယ်။ အမေကျန်တယ်။ အမေကလည်း ဆန်အရောင်းအဝယ် မီးသွေးအရောင်းအဝယ်ပဲ လုပ်တယ်ပေါ့။ တပည့်တော်က မွေးရာပါ မျက်လုံးတစ်ဖက်မပါဘူး။ မျက်စိတစ်ဖက်ချို့ယွင်းလို့ ကျောက်မျက်လုံးတပ်ထားရတယ်။ တပည့်တော် ဆယ်တန်း တစ်ကြိမ်ကျလိုက်ကတည်းက အမေက သိတယ်။ "သား. . . မင်းမှာ ပညာပါရမီမပါဘူး. . . ဆက်မဖြေနဲ့. . . ပိုက်ဆံကုန်တာပဲရှိမယ်" ကိုယ့်သားသမီးအခြေအနေကို မိဘတွေက သိရတယ်။ လုံးဝပညာ မထွန်းကားနိုင်တဲ့ ကလေးကို ဝါသနာမပါတဲ့ ကလေးကို ကျောင်းဆက်မထားနဲ့။ အဲဒီတော့ သားစီးပွားရေးလုပ်။ သားက အင်္ဂါချို့ယွင်းထားတယ်။ ပိုပြီးတော့ ကိုယ့်အားကိုယ်ကိုးရမယ်။ မနက်ဖြန်ခါ ငါ့သား မီးသွေးသွားကောက်။ မီးသွေးသွားကောက်ဆိုတာ တောနယ်တွေဆင်းပြီး မီးသွေးသွားဝယ်ခိုင်းတာ။ ကြည့်စမ်း လွှတ်တယ်လေ ၁၅နှစ်သားလေး သွား. . .။ ပထမတော့ တပည့်တော် မသိဘူး။ အမေက ငါ့ကိုနှိမ်တယ်ပေါ့။ ငါ့ကိုချည်းပဲ ခိုင်းတယ်ပေါ့။ မဟုတ်ဘူး။ အင်္ဂါချို့ယွင်းတဲ့သားလေးမို့ ကိုယ့်အားကိုယ်ကိုးလိုစိတ်ရှိအောင် ခိုင်းတာ။ သင်ပေးတာ။ ကျွမ်းကျင်သွားတယ်။ ပြီးတော့ သား. . . သွား. . . ရောဝတီတိုင်းကိုသွား ဆန်တွေသွားဝယ်။ လွှတ်တာ။ အခု အမေဆုံးပြီဆရာတော် တပည့်တော် ချမ်းချမ်းသာသာကျစ်ရစ်နေခဲ့ပြီ။ အမေပေးခဲ့တဲ့အမွေတဲ့။ အမေသာ ဟာ. . . ငါ့သားလေးက ငယ်ငယ်လေးရှိသေးတယ်ဆိုပြီး နေရာတကာ အလိုလိုက်အရိပ်မိုးနေရင် သစ်ပင်ကြီးအောက်က သစ်ပင်လေးလိုပဲ မတက်တော့ဘူး။

ဒီနေ့မြန်မာမိသားစုဝင်သားသမီးတွေ မတက်ကြတာ အဲဒါကြောင့်ပဲ။ အရိပ်ကြီးအမြဲတမ်းမိုးပြီး ဘာမှတာဝန်မပေး၊ ဘာမှမခိုင်းဘူးလေ။ နိုင်သလောက် တာဝန်ပေးရတယ်။ ခိုင်းရတယ်။ အရမ်းကိုအလို မလိုက်ရဘူး။

ဘယ်ပညာ မဆိုတတ်သွားပြီးရင် သူများခိုးလို့ရရဲ့လား။ မရဘူးနော်။ ဒါလေး မှတ်ထား။ အဲဒီတော့ ဘုရားရှင် ဖြည့်ဆည်းတော်မူသွားတဲ့ ပါရမီတော်တွေထဲမှာ ပညာပါရမီဆိုတာ မပါဘူးလား။ ပါတယ်။ အဲဒီပညာဟာ

အရေးအကြီးဆုံးပဲ။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး အားကစား ကအစ ပညာအရေးကြီးတယ်။ အဲလို ပညာအရေးကြီးပုံကို ဘုန်းကြီးက စာပေဟောပြောပွဲမှာ နားထောင်ခဲ့ဖူးတဲ့ ဟာလေးပြန်ပြောပြမယ်။ ရယ်တော့ ရယ်စရာပဲ။ ဘောလုံးပွဲတစ်ပွဲ ကျင်းပတယ်တဲ့။ တစ်ဖက်အသင်းက ဝိတ္တဇဝေဒနာသည်အသင်း။ အရူးအသင်း။ တစ်သင်းလုံး အရူးတွေ။

တစ်ဖက်အသင်းက မျက်စိမမြင်တဲ့အသင်း။ ဘောလုံးကန်ကြမယ်။ ဟာ. . . မျက်စိမမြင်ဘဲ ဘောလုံး ဘယ်လိုကန်မလဲဆိုတော့ လွယ်လွယ်လေးပါ။ ဘောလုံးမှာ ခြူကလေးဆွဲပေးထားတယ်။ အသံကြားရာ လိုက်ကန်ကြမှာပေါ့နော်။ ကဲ ပရိသတ်တို့ မှန်းကြည့်စမ်း။ ခြေကောင်း လက်ကောင်း မျက်စိမြင်တဲ့ကောင်တွေက အရူးတွေနော်။ ဟိုကောင်တွေကျတော့ မျက်စိမကောင်းဘူး စိတ်ကောင်းတယ်။ ကန်ကြတော့။ ကန်ပုံတွေ မပြောတော့ဘူးဗျာ ကြာနေမှာ စိုးလို့။ မိနစ် ၉၀နှစ်ပိုင်းလည်းပြီးရော မျက်စိမမြင်တဲ့အသင်းက အရူးအသင်းကို ၁၁ဂိုး-ဂိုးမရှိနဲ့ နိုင်တယ်။ ယုတ္တိမရှိဘူး မထင်နဲ့။ နားထောင်ဦး. . . တကယ်နိုင်သွားတာနော်။ အရှင်ဘုရား ဂိုးတိုင်မမြင်ဘဲ ဘယ်လိုသွင်းသလဲ မဟုတ်ဘူး။ ဟိုဘက်က အရူး၁၁ယောက်က သူ့တို့ဂိုးသူတို့ ပြန်သွင်းတာ ၁၁ဂိုး။ သူ့ကို့က ပညာမရှိဘူးလေ။ စိတ္တဇဝေဒနာသည်တွေ။ ကွင်းလယ်ခေါင်မှာ ဘောလုံးစတည်လိုက်ပြီဆိုကတည်းက စိတ္တဇ ဝေဒနာသည်တွေ အပေးယူ စောပ်ရတာ။ ပထမဆုံး စိတ္တဇဝေဒနာသည် အသင်းခေါင်းဆောင် ဟိုဖက်ကို ဆွဲသေးတယ်။ ခြူသံကြားတော့ အကန်းတွေက ဝိုင်းဖျက်တယ်လေ။ ဟာ. . . ဒီကောင်တွေဖျက်တတ်တယ်ဆိုပြီး ခပ်လှမ်းလှမ်းမှာ သွားရပ်ထားတယ်။ ရပ်ထားရင် ဟိုဖက်မမြင်တော့ဘူးလေ။ စဉ်းစားတယ်။ အဲဒီအရူးက. . . အင်း. . . သူတို့ဖက်ကိုဆွဲရတာ ပင်ပန်းတယ်။ ဒီဆယ်ယောက် ငါကျော်ရမယ်။ ဂိုးသမားတစ်ယောက်ဆီရောက်ဖို့အရေး လူ၁၁ယောက်ကျော်မှ ရမယ်။ ငါ့ဘက်ကကောင်တွေက ငါသိပြီးသားတွေ ငါ့အသိတွေ။ ငါ့ဘက်ဂိုးသွင်းရင် ဘယ်သူမှမဖျက်ဆီးဘူးဆိုပြီး သူ့ဘက်သူ ဂိုးပြန်သွင်းတယ်။ အေးဆေး. . . ဂိုး။ သူတို့ပါ ဝိုင်းခုန်နေတာ။

ပထမခေါင်းဆောင်သွင်းပြီးတော့ ဒုတိယခေါင်းဆောင်ကလည်း သူသွင်းရင် ငါလည်းသွင်းမယ်ဆိုပြီး ချတာ. . . ဂိုး။ ဆယ်ဂိုးပြီးတော့ကျတော့ ဟော

နောက်ဆုံး ဂိုးသမား။ ဒီကောင်တွေမှသွင်းနေရင် ငါလည်းသွင်းရမယ်။ သူက လည်း တည်တဲ့ပြီး ကန်သွင်းလိုက်တာ ၁၁ဂိုးပြီးသွားရော။ ပရိသတ်များရေ ပြောပြချင်တာက ဘယ်လောက်ခြေကောင်း၊ လက်ကောင်းဖြစ်ဖြစ် အတွေး အခေါ်ပညာမရှိရင် အားကစားတောင် လုပ်လို့မရဘူး။ ဒါကြောင့် ပညာ အရေးမကြီးဘူးလား။ ဟိုက မျက်စိသာကန်းတာ ပညာရှိတာယ်လေ။ ဒီဘောလုံးကို ဟိုဖက်ဂိုးထဲ သွင်းရမယ်လို့ သိတယ်။ ပညာ။ အရှုံးဘက်က အဲဒီပညာမရှိ ဘူး။ ခိုးလို့မရတဲ့ ပညာဟာ အရေးကြီးပါတယ်။ ပြောလိုက်ပါဦးမယ်။ အဲဒီ ပညာကလည်းပဲ တကယ့်ပညာအစစ်က လောကကြီးထဲကနေ သင်ယူရတယ် ဆိုတာ မှတ်ထားဦး။ ဒီလောကကြီးက ကိုယ့်ဆရာ။ ကိုယ့်ကိုပညာပေးတာ။

မနေ့ကတရားခွေ တစ်ခွေနာလိုက်တယ်။ သီတဂူဆရာတော်ဘုရားကြီးရဲ့ တရားခွေ။ ကောင်းလိုက်တာ။ အကျဉ်းချုပ်ကတော့ အမေရိကန်နိုင်ငံ တင်နက်စီပြည်နယ်မှာ ဗန်ဒါဗစ်ဆိုတဲ့ တက္ကသိုလ်ကြီးတစ်ခု ရှိတယ်။ အကြီး ကြီးပဲ။ တက္ကသိုလ်ကြီး။ ကျောင်းသားတွေ ထောင်နဲ့ချီတက်နေကြတာ။ အဲဒီ ဗန်ဒါဗစ်တက္ကသိုလ်မှာ သီတဂူဆရာတော်ဘုရားကြီးက ဘာသာရေးနဲ့ ပတ် သက်တဲ့ပညာကို ၂နှစ်ပို့ချခဲ့ရတယ်။ ပြောပြချင်တာက အဲဒီဗန်ဒါဗစ်ဆို တာဟာ လူတစ်ယောက်ရဲ့ နာမည်။ အဲဒီတက္ကသိုလ်ကြီးကို ဗန်ဒါဗစ်ဆိုတဲ့ လူက လှူပစ်ခဲ့တာ။ တကယ့် ရောမတက္ကသိုလ်အကြီးကြီး။ အလှူရှင်သူဌေး ကြီး ဗန်ဒါဗစ်က လုံးဝကျောင်းမနေခဲ့ရရှာဘူး။ စာမတတ်ပါဘူး။ ဒါပေမယ့် အထင်မသေးနဲ့ လောကကြီးထဲက သူသင်တာ။ သူက နယူးယောခ့်သား။ ဟင်းရွက်ခူးရောင်းတာ။ အဲဒီမှာက ကျွန်းကလေးတွေ ရှိတယ်။ ရေလမ်း ခရီးများတယ်။ ပုံစံကြည့်ရတာ ဧရာဝတီတိုင်းလို ဖြစ်လိမ့်မယ်။ ဟင်းရွက် တွေ စိုက်တယ်။ မြို့တက်ရောင်းတယ်။ နောက် သူ့မှာ စက်လှေကလေး ရှိတယ်ပေါ့။ တခြား ရောင်းချင်တဲ့လူတွေကိုလည်း စက်လှေခယူပြီးတော့ တင်ပို့ပေးတယ်။ သူက. . . ကိုယ်ကျင့်တရား ကောင်းတယ်။ ခေါင်းဆောင် စိတ်ရှိတယ်။ အသုံးအဖြုန်းမကြီးဘူးပေါ့။ အမြဲတမ်း တိုးတက်အောင် ကြိုးစား တယ်။ နောက်တော့ သူက ထပ်တိုးချဲ့တယ်။ စက်လှေကနေ မော်တော်ဖြစ် သွားတယ်။ မော်တော်နဲ့သယ်ယူပို့ဆောင်ပေးပေါ့။ နောက်. . . မော်တော် တစ်စင်းထဲကနေ မော်တော်ဆယ်စင်း၊ အဲဒီနောက် သင်္ဘောကြီး။ နောက်ကြ တော့ အင်္ဂလန်နဲ့အမေရိကန်ပြေးတဲ့ သင်္ဘောကြီးပါပိုင်ပြီးတော့ ချမ်းသာ

သွားတယ်။ အဲဒီမှာ ငါ့လိုပညာမဲ့ ပုဂ္ဂိုလ်တွေမရှိအောင်ဆိုပြီးတော့ အဲဒီ ဗန်ဒါဗစ်တက္ကသိုလ်ကြီး ဆောက်လှူခဲ့တာ အခု. . . အနှစ် ၂၀၀တောင် ကျော်ပြီဆိုပဲ။ အဲဒီတော့ ကျောင်းနေကြပါ။ သို့သော်. . ကျောင်းမနေနိုင်ရင် လည်း အားမငယ်နဲ့။ လောကကြီးဟာ ပညာပေးတဲ့တက္ကသိုလ်ကြီးပဲ။ ကျောင်းနေနိုင်ရင်တော့ အကောင်းဆုံးပေါ့။ ကျောင်းက သင်ပေးတဲ့ပညာ ရော၊ လောကကြီးက သင်ပေးတဲ့ပညာရောတတ်မယ်ဆိုရင်တော့ အတိုင်း ထက်အလွန်ပေါ့။ နောက်. . . စာဖတ်ပါ၊ တရားနာပါ။ အဲဒါလည်း ပညာ သင်တာပဲ။ ဒါလေးမှတ်ပေါ့။

အဲဒီတော့ ပရိသတ်တို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးလည်း ပညာ ပါရမီကို ဆည်းပူးခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ ပါရမီဆယ်ပါးထဲမှာ မေတ္တာပါရမီရော မပါဘူးလား။ ပါတယ်။ ဆိုလိုတာက ဒီသတ္တဝါတွေကို မေတ္တာနဲ့ချစ်ရုံနဲ့ မလုံလောက်ဘူးတဲ့။ ပညာနဲ့ဒီသတ္တဝါတွေ ချမ်းသာအောင် ကယ်ဆယ်နိုင်ဖို့လည်း လိုသေးတာ။ နိုင်ငံရေးမှာလည်း လိုတာပဲ။ ဘုန်းကြီး ရေးခဲ့တဲ့ အရှုံးမရှိသော ဒဿနထဲမှာ ဖတ်ကြည့်လေ။ ၁၉၇၄-ခုနှစ်ကပေါ့။ နိုင်ဂျီးရီးယားနိုင်ငံ၊ အဲဒီတုန်းက နိုင်ငံသမ္မတက နိုင်ငံတော့ချစ်တယ်။ မေတ္တာ ရှိတယ်လေ။ သူ့နိုင်ငံသားတွေကို တိုးတက်စေချင်တယ်။ အနောက်နိုင်ငံ ကဲ့သို့ ငါ့နိုင်ငံသားတွေကို တဲပေါ်ကနေ တိုက်ပေါ်တင်မယ်ဆိုပြီး အိမ်ယာ စီမံကိန်းကြီး အကုန်ဆွဲတဲ့။ ပြီးတော့လေ ဘိလပ်မြေတွေမှာတာ တန်-သန်း ပေါင်း ၂၀မှာလိုက်တယ်။ အဲဒီပမာဏဟာ ၁၉၇၄-ခုနှစ်ဝန်းကျင်မှာ တစ် ကမ္ဘာလုံးကထုတ်တဲ့ ဘိလပ်မြေ သုံးပုံတစ်ပုံစာရှိတယ်။ မှာချလိုက်တာ သင်္ဘောနဲ့။ လာရော သင်္ဘောတွေ၊ အကုန်ဆိပ်ကမ်းကပ်. . . ဘယ်နည်းမှာ တုန်း။ တန်ပေါင် သန်းနဲ့ချီတာဆိုတော့ အိတ်ပေါင်းလည်း သန်းချဲ့ချီတာ ပေါ့။ ဟော. . . ဒုက္ခရောက်ပြီတဲ့။ သူတို့နိုင်ငံရဲ့ ဆိပ်ကမ်းက တစ်ရက်မှ ဘိလပ်မြေတန် ၂၀၀၀ပဲတင်လို့ရတယ်။ တစ်နေကုန်စာတင်မှ တန်၂၀၀၀ ပဲတင်လို့ရပါတယ်။ အဲဒီတော့ တန်ပေါင်း သန်း၂၀ကို တစ်နေ့မှ တန်၂၀၀၀ ပဲတင်လို့ရတယ်ဆိုတော့ သူတို့ အသေချာအတိကျ တွက်ကြည့်တဲ့အခါမှာ သင်္ဘောပေါ်က ဘိလပ်မြေတွေ နိုင်ဂျီးရီးယားဆိပ်ကမ်းပေါ်ရောက်ဖို့အတွက် ၂၇နှစ်ကြာမယ်တဲ့။ သွားရော. . . ဘိလပ်မြေတွေအကုန်လုံး ပင်လယ်ထဲ ပစ်ချလိုက်ရတယ်။ ဘယ်လောက်ဆုံးရှုံးသွားလဲ တွေးကြည့်နော်။ အဲဒါဘာလဲ

ဆိုရင် အဲဒီသမ္မတသည် သူ့နိုင်ငံသားတွေကိုချစ်သော မေတ္တာရှိပြီး အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုး ခွဲခြားသိတဲ့ ပညာကျတော့ မရှိလို့ပါပဲ။

သူ့နိုင်ငံပိုမွဲသွားတာပေါ့။ ဒါကြောင့် ပညာတအားလိုတယ်။

ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပညာပါရမီကိုပါ ဆည်းပူးရတာပါ။ ဘုန်ကြီးတို့မှတ်တမ်းလေး ရေးထားပါတယ်။ ဂေါတမဘုရားအလောင်းတော်ဟာ နိယတဗျာဒိတ်ရပြီး ဖူးတွေ့ရတဲ့ ၂၃ဆူသော ဘုရားရှင်တို့အနက်မှာတဲ့ ၉ဆူသောဘုရားရှင်တို့ သာသနာမှာ ရဟန်းပြုပြီးတော့ တရားဒေသနာတွေ သင်ကြားခဲ့တယ်။ ပို့ချခဲ့တယ်။ ဟောကြားခဲ့တယ်တဲ့။ အဲဒါဟာ ပညာပါရမီ ဆည်းပူးတာပဲ။ ပညာပါရမီကို ၃မျိုးခွဲရတယ်။

၁။ ပညာ ပါရမီ

၂။ ပညာ ဥပပါရမီ

၃။ ပညာ ပရမတ္ထပါရမီ

အဲဒီ အဋ္ဌသာလိနီ အဋ္ဌကထာက ဖွင့်ပြတယ်။ ရိုးရိုးပညာပါရမီဆိုတာ သူတစ်ပါးတို့အတွက် ပစ္စည်းဥစ္စာတွေရရှိဖို့ ဉာဏ်ပညာနဲ့စောင့်ရှောက်တာဟာ ရိုးရိုးပညာပါရမီ။ သူတစ်ပါးတို့ရဲ့ ခြေလက်အစရှိတဲ့ ကိုယ်လက်အင်္ဂါအစရှိတာတွေ မပျက်စီးအောင် စောင့်ရှောက်ပေးတာက ပညာဥပပါရမီ။ သူတစ်ပါးတို့ အသက်မသေအောင် ဉာဏ်ပညာနဲ့စောင့်ရှောက်ပေးတာက ပညာပရမတ္ထပါရမီလို့ မြတ်စွာဘုရားပညာပါရမီကို သုံးမျိုးစလုံး ဖြည့်ဆည်းပါတယ်။ အကျယ်ကိုတော့ ဘုန်းကြီးတို့ရေးတဲ့ အရှုံးမရှိသောဒသနစာအုပ်မှာ ဖတ်ပါ။ အဲဒီထဲမှာ မပါတဲ့ဘုရားရှင်ပညာ ပါရမီဖြည့်ခဲ့တဲ့။ အံ့သြစရာကောင်းတဲ့ လောကဓံရင်ဆိုင်တဲ့အခါမှာ ငါတို့ရင်ဆိုင်ရတဲ့ လောကဓံဟာ ဒီဇာတ်တော်ထဲမှာပါတဲ့ ဂါမဏိဒန္တအမတ်ကြီးနဲ့စာရင် သေးသေးလေးပါလားဆိုပြီး ဖြေတတ်သွားအောင် ဘုန်းကြီးတို့ဇာတ်တော်တစ်ခုထုတ်ပြပါ့မယ်။ ဧကနိပါတ်၊ ဂါမဏိစန္ဒဇာတ်ပေါ့။

ဗာရာဏသီပြည်မှာ ဇနသန္ဓမင်းကြီး အုပ်ချုပ်တယ်တဲ့။ သူ့သား အာဒါသမုခကြေးမုံပြင်ထက်စင်ကြယ်သူတဲ့။ ပြောရရင် အဲဒီသားလေး ၇နှစ်သားအရွယ်မှာ အဖေဆုံးသွားတယ်။ ဆုံးသွားတော့ ထုံးစံအတိုင်း ဒီသားကိုမင်းမြှောက်ရမယ်။ သို့သော် ၇နှစ်သားပဲရှိသေးတယ်။ ဒီလောက်အရွယ်လေးဆိုရင်

သိပ့်ါမလား၊ နားလည်ပ့ါမလား အုပ်ချုပ်တတ်ပ့ါမလားဆိုပြီးတော့ တော်ပါတယ်အမတ်ကြီးတွေက ဒီဂုနှစ်သားဘုရင်လေးကို ခုမျိုးလောက်စမ်းသပ်တယ်။ ပထမတစ်မျိုးက လူနဲ့လူ့အရွယ်နီးပါးရှိတဲ့ မျောက်ဝံတစ်ကောင်ကို လူလိုဝတ်စားပြီးတော့ ခေါ်လာတယ်။ အရှင်မင်းမြတ် ဒါဟာ အသင့်အဖေလက်ထက်ကတည်းက မြေနဲ့ပတ်သက်ပြီး ကြန်အင်လက္ခဏာတွေ ဖတ်တဲ့ပညာရှိတဲ့သူ့ကိုဆက်ပြီးတော့ ပညာရှိအမတ်နေရာမှာ ထားပါ။ ဟိုကလေးက သိတယ်။ ဒါဟာ မျောက်ပဲ လူမဟုတ်ဘူး။ ပညာရှိနေရာမှာ ထားစရာမလိုဘူးတဲ့။ အဲဒီလို အမျိုးမျိုးစမ်းသပ်ပြီးမှ မင်းသားလေးကို မင်းအဖြစ်ခန့်အပ်လိုက်ကြတယ်။ ဒီအချိန်မှာ ဂါမဏိစန္ဒဆိုတဲ့ အမတ်ကြီးတစ်ယောက်က သူက အသက်ကြီးပြီ။ အဲဒီတော့ ငါကအသက်ကြီးပြီးတဲ့ ငါ့မြေးအရွယ်မင်းလေးကို ဒီအရွယ်ကြီးနဲ့ ခစားလို့မသင့်တော်ဘူး။ ငါ့အောက်လက်ငယ်တဲ့ ပုဂ္ဂိုလ်တွေကို နေရာပေးသောအားဖြင့် ဒီအလုပ်မလုပ်တော့ဘူးဆိုပြီး သူက အမတ်ကြီး ရာထူးကထွက်ပြီး ဘယ်သူမှမသိတဲ့ ခေါ်ရွာနေပုဒ်မှာ လယ်လုပ်ပြီးတော့ စားတာ။ အေးချမ်းတယ် ပရိသတ်တို့။ ဘုန်းကြီး အတွေးအခေါ်သစ်လေးတစ်ခု တစ်နေ့က စာအုပ်တစ်အုပ်မှာ ရေးပေးလိုက်တယ်။ အဲဒါက ဘာလဲဆိုတော့. . .

လိုချင်မှုများလေ ဆင်းရဲများလေ. . .

လိုချင်မှုနည်းလေ ချမ်းသာများလေတဲ့။

ဒါကြောင့် တကယ်ချမ်းသာချင်ရင် လိုချင်တပ်မက်တဲ့စိတ်ကို နည်းသထက်နည်းအောင် ကြိုးစားပါ။ ဒါကြောင့် တို့ပရိသတ်များ သစ္စာလေးပါးထဲမှာ သမုဒယသစ္စာဆိုတာ ဆောင်ရမယ့် တရားလား၊ ပယ်ရမယ့် တရားလား။ ဒါကြောင့် လိုချင်တပ်မက်မှု တဏှာ၊ လောဘ၊ သမုဒယသစ္စာကို ပယ်နိုင်အောင် ကြိုးစားကြပါ။ ဒီနေရာမှာ စိတ်ဝင်စားစရာလေး တစ်ခုပြောလိုက်ပါဦးမယ်။ မအူပင်က ဒကာမတွေ နှုတ်ဆက်ပွဲသည့် တန်သွားအောင်ပေ့ါ။ ဘုန်းကြီး အခုရေးနေတဲ့ဆောင်းပါးတစ်ပုဒ်အကြောင်းပါ။ ဓမ္မကာရီ ဆရာတော်ကြီးရဲ့ ဒကာတစ်ယောက်က စာအုပ်ထုတ်ချင်တယ်ဆိုလို့ ဆောင်းပါးရေးပေးရတာပါ။ ဘုန်းကြီးတစ်ပါးထဲတော့ မဟုတ်ဘူး။ တခြားဆရာတော်တွေနဲ့ ပေါင်းထုတ်မှာ။

ဘုန်းကြီးဘာရေးထားတုန်းဆိုတော့ ပရိသတ်တို့. . . ဟိုး. . . ကျွဲပွဲမြို့

ဆိုတာ ကြားဖူးလိမ့်မယ်။ အဲဒီ ကျွဲပွဲမြို့မှာ ဒေါ်သန်းဝင်းဆိုတဲ့ ဒကာမကြီး တစ်ယောက်က ဆရာတော်တစ်ပါးကို ဆည်းကပ်ကိုးကွယ်တယ်။ အဲဒီ ဆရာတော်က ဝါမကြီးသေးပါဘူး။ ရှိလှရင် ၁၅ဝါလောက်ပေါ့။ သူက ဘုန်းကြီးတို့ ရွှေပြည်သာက ပရိယတ္တိစာသင်တိုက်တစ်ခုမှာ စာသင်ခဲ့တယ်။ အခု အဲဒီကိုယ်တော်လေးက ကျွဲပွဲမှာ ကျောင်းထိုင်ဖြစ်နေတယ်။ သူ့ကို ဒေါ်သန်းဝင်းက ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းပြီးတော့ ကိုးကွယ်တယ် ပေါ့။ ဒီဆရာတော်လေးက ဘုန်းကြီးရဲ့စာအုပ်တွေကို အရင်ကတည်းက ဝယ်ဖတ်လေ့ရှိတော့ စာအုပ်ထွက်တိုင်းဝယ်ပြီး ဒေါ်သန်းဝင်းကိုလည်း ဖတ် ခိုင်းတတ်တယ်။

ဟော. . . တစ်ရက်တော့ ထူးထူးခြားခြား ကြုံပါပြီတဲ့။ ဇာတ်လမ်းက အဲဒီနယ်ဘက်မှာ ဒေါ်သန်းဝင်းက ကိစ္စတစ်ခုရှိလို့ပေါ့ဗျာ။ အသီးအရွက်တွေ ပေါတဲ့ဒေသမို့ အသီးအရွက်သွားဝယ်တာ၊ လက်ဆောင်ပေးတာတွေရော သွားယူတာ။ တောင်ပေါ်ရောက်တဲ့အခါ အဲဒီတောင်ပေါ်မှာ ပြိတ္တာမနှစ်ယောက် ရှိတယ်။ သူတို့က အရင်တုန်းက ဘာသာခြားတွေ။ ပြိတ္တာမနှစ်ယောက် သားအမိတွေတဲ့။ သူတို့က အမေရော၊ သမီးရော ပြိတ္တာဖြစ်နေကြတာပါ။ ဘယ်လိုကြောင့်ပြိတ္တာဖြစ်ရတာလဲဆိုတော့ နားထောင် တော်တော်စိတ်ဝင်စားဖို့ ကောင်းတယ်။ သမီးဖြစ်သူကောင်မလေးက အရင်ဘဝတုန်းက ဘွဲ့ရပညာတတ်ပါ။ တောင်ငူမြို့က ယောကျ်ားတစ်ယောက်နဲ့ညားတယ်။ အဲဒီယောကျ်ားကို ယူသာယူရတာ မချစ်ဘူးတဲ့။ ကိုယ်ဝန်ရလို့ မီးဖွားခါနီးကျတော့ မိဘတွေထံ ပြန်ပြီးဖွားပါရစေ ခွင့်တောင်းတယ်။ သူတို့ ရွာကို ပြန်သွားတယ်။ သူတို့ရွာကို ရောက်တော့ သူတို့မိဘတွေက သူ့ယောကျ်ားကို မတရားမုန်းတာကိုး။ အဲဒီတော့ မွေးလာတဲ့ကလေးလေးကို ချောင်းထဲပစ်ချ သစ်ပစ်လိုက်ကြတယ်။ အဆက်သွယ် မလုပ်တော့ဘူး။ သားမက်နဲ့ ရှင်ခန်းသေခန်း ဖြတ်ပစ်လိုက်တယ်။

သူတို့နေတဲ့ နယ်မှာသူပုန်တွေရှိတော့ တပ်မတော်အစိုးရက ထိုးစစ် ဆင်တဲ့အခါ သူတို့လည်း ဟိုဟိုဒီဒီ ပြေးရလွှားရတာပေါ့။ ပြေးရင်းလွှားရင်း သူပုန်ဘက်က ပစ်လိုက်တဲ့ ကျည်ဆံကသူ့အမေကိုမှန်ပြီး သူ့အမေ မြစ်ထဲလိမ့်ကျ သွားတယ်။ သူကလည်း အမေကိုချစ်တော့ သူ့အမေကိုလှမ်းအဆွဲမှာ သူပါ မြစ်ထဲလုံးထွေးကျဆင်းသွားပြီး သားအမိနှစ်ယောက် မြစ်ထဲမှာ ဖက်လျက်သား သေဆုံးသွားကြတယ်။ သေပြီးတော့ ဘာသာခြားလည်းဖြစ် ကုသိုလ်ကောင်းမှု

လည်းမရှိခဲ့တော့ အဲဒီမှာနှစ်ယောက်လုံးပြိတ္တာတွေ ဖြစ်နေကြတယ်။ တစ်ရက်ကျတော့ အဲဒီတောင်ပေါ်ကို စောစောက ဒေါ်သန်းဝင်းက အသီးအနှံတွေလာသယ်ရင်းနဲ့ ရောက်လာတယ်။ ဒီဒကာမကြီးက ဘုရားတရားမြဲတယ်။ ရုတ်တရက်ယောင်ရင်တောင်မှ ဗုဒ္ဓေါဘုရား. . . ဘုရားလို့ ယောင်တာ။ တချို့တကာမတွေ ယောင်တာကျတော့ မကြားဝံ့မနာသာတွေယောင်ကြတာ။ သူကတော့ ဗုဒ္ဓေါဘုရား. . . ဒါမျိုးပဲ ယောင်တတ် တယ်။ အဲဒီလိုယောင်တာကို ဘာသာခြား ပြိတ္တာမက မကြိုက်ဘူးတဲ့။ ဒီလောက်ရှိတဲ့ကောင်မတော့ သေအောင်သတ်မယ် ဆိုပြီး ဒေါ်သန်းဝင်းကို တောင်ပေါ်ကနေ တွန်းချတာဆိုပဲ။ အံ့ဩစရာ ကောင်းတာက ဒေါ်သန်းဝင်းဟာ ဘုရား၊ တရား၊ သံဃာ မြဲတဲ့လူဆိုတော့ ပြိတ္တာမ ဘယ်လောက်တွန်းချချ မကျဘူး။ ဒေါ်သန်းဝင်းကတော့ ဘာမှ မဖြစ်ဘူးလေ။ ဘာမှလည်း မသိဘူး။

သို့သော် တောင်စောင့်နတ်က သိတယ်။ အဲဒီမှာတင် ဘာသာခြား ပြိတ္တာမကို တောင်စောင့်နတ်ကခေါ်ပြီး ကြိမ်နဲ့ရိုက်ဆုံးမတယ်တဲ့။ ဒဏ်ပေး တယ်တဲ့။ ပြီးတဲ့အခါကျမှ နင်အပြစ်ကြီးတယ်တဲ့။ ဘုရား၊ တရား၊ သံဃာစွဲမြဲတဲ့ ဒေါ်သန်းဝင်းကို သေကြောင်းကြံတာ နင့်အပြစ်တွေ မကျေသေးဘူး။ အဲဒီတော့ ဒေါ်သန်းဝင်း အသက်ရှင်နေသမျှ နင်စောင့်ရှောက်ဆိုပြီး တာဝန်ပေးလိုက်တာ အခုထိ စောင့်ရှောက်ရသတဲ့။ ဒေါ်သန်းဝင်းတစ်ယောက်ပဲ မြင်ရတယ်။ တခြားလူတွေသူ့ကို ဘယ်သူမှ မမြင်ရဘူးတဲ့။ အံ့ဩစရာ သိပ်ကောင်းတယ်။ အဲဒီလိုနေရင်းနဲ့ ဆိုကြပါစို့ အကုန်ကူညီတယ်။ ဘယ်နားဆိုမသွားနဲ့ ဘာအန္တရာယ်ရှိတယ် စသဖြင့်ပေါ့။ အံ့ဩစရာ ပြောပြမယ်. . . ကံသဘော တရားလေး။ ဘုန်းကြီးတို့ဘုရားဟောနဲ့ ညီပုံလေးပေါ့။

သူတို့သားအမိနှစ်ယောက်ဟာ ဘုန်းကြီးတို့ ပိဋကတ်စာပေထဲက အတိုင်းပဲ ပြိတ္တာတွေဆိုတော့လေ လူတွေထွေးတဲ့ တံတွေးတွေ၊ နှပ်တွေ အညစ်အကြေးတွေ စားရတာ။ တစ်ခါတစ်ရံဆိုရင် ငှက်ပျောသီးလေးတစ်လုံး လမ်းမှာ ကျကျန်ခဲ့တယ်ဆိုပါတော့. . . သူတို့ကောက်စားလို့မရဘူး။ စားလို့ ကို မရဘူး။ အကုသိုလ်ကံ။ အဲဒီငှက်ပျောသီးကို လူသော်လည်းကောင်း၊ ခွေးသော်လည်းကောင်း တက်နင်းတယ်ပေါ့။ ကွပြဲပြီးတော့ သဲတွေဖုန်တွေနဲ့ ပလဲသွားတော့မှ စားလို့ရတယ်။ ဒါပေမယ့်လို့ တစ်ရက်ကျတော့ သူ့သား

ဘုန်းကြီးက_ဒီဘုန်းကြီးရေးတဲ့ အရှုံးမရှိသော ဒဿနစာအုပ်ကို ဒေါ်သိန်းဝင်း ပေးဖတ်လိုက်တယ်။

အဲဒီစာအုပ်ထဲမှာလည်း အမိုးဆိုတာပါတယ်။ သူလည်း ဘာသာခြားပဲ။ သူ့၁၆နှစ်သမီးအရွယ်မှာ တခြားဘာသာဝင် တစ်ယောက်က ကွမ်းယာထဲမှာ အောက်လမ်းဆေးခပ်ပြီးတော့ ကျွေးလိုက်တာ အဲဒီမှာတင် အမိုးဟာ အဲဒီဘာသာခြား ငမဲကိုစွဲပြီးတော့ လိုက်ပြေးသွားတယ်။ တကယ်တော့ သူ့အသက်က ၁၆နှစ်၊ ဟိုအမျိုးသားက အသက် ၃၀၊ ၄၀လောက်ရှိပြီ။ ပြီးတော့ သားကြီးမယားကြီးတွေလည်း ရှိပြီးသားကြီး။ သို့သော် အောက်လမ်းဆေးရဲ့အစွမ်းကြောင့် သူဘာမှမသိဘူး ပေါင်းနေတာပဲ။ အိမ်ထောင်သက် ၃လကျော်မှ ပကတိမူမှန်စိတ် ပြန်ပေါက်လာတယ်။ အဲဒီအချိန်ကျမှ သူငိုရတယ်လေ။ သူများမယားအရာ မြောက်နေပြီ။ ထားကြပါစို့ သူ့စိတ်ဆင်းရဲရတဲ့အကြောင်းတွေ များကြီးပဲ။ နောက်. . . သူ့အသက် ၇၀အရွယ်ကျမှ ဘုန်းကြီးနဲ့တွေ့ပြီး ဗုဒ္ဓဘာသာဖြစ်တာပါ။ အဲဒီအကြောင်းတွေ ဘုန်းကြီးက အမိုးလို့ပဲ ရေးတာပေ့ါ။ အဲဒီစာအုပ်ဖတ်တဲ့အခါမှာ စောစောက ပြိတ္တာမလည်း အတူတူဝင်ဖတ်တယ်တဲ့။ ဖတ်လည်းပြီးရော ပြိတ္တာမပါ ဗုဒ္ဓဘာသာဖြစ်သွားပါတယ်။ ဓမ္မစာပေရဲ့စွမ်းရည်ပါ။

အရင်တုန်းကတော့ ဒေါ်သန်းဝင်းကိုစောင့်ရှောက်တာ ဘာသာခြားအဖြစ်နဲ့ စောင့်ရှောက်တာတဲ့။ အခုတော့ ဗုဒ္ဓဘာသာဖြစ်သွားပြီ။ ဗုဒ္ဓဘာသာဖြစ်သွားပြီးတော့ ထူးခြားချက်ကို ပြောရအောင်။ အရင်တုန်းကဆိုရင် အဲဒီပြိတ္တာမက အညစ်အကြေးတွေ စားရတာလေ။ အခု သူစားချင်တာတွေ စားလို့ရနေပြီ။ ထားကြပါစို့။ ဒါလေးက ဆက်စပ်မှုရှိလို့ ပြောပြလိုက်တာပါ။ တရားဆက်ရအောင်။

လိုချင်မှုများလေ ဆင်းရဲများလေ၊ လိုချင်မှုနည်းလေ ချမ်းသာများလေ။ ပြိတ္တာမသားအမိတွေဟာ လိုချင်စွဲလမ်းမှုများလို့ ဒုက္ခရောက်ကြတာပဲ။ အဲဒီတော့ ဂါမဏိစန္ဒအမတ်ကြီးက တောမှာ ကိုယ့်ဘာသာကိုယ်ပဲ လယ်လုပ်စားပြီးတော့ နေတယ်။ သူက ဘာလာဘ် လာဘမှမစားခဲ့တော့ အနားယူတဲ့အခါသူ့မှာလေ လယ်ထွန်စားစရာ နွားတောင်မရှိဘူး။ ဒါကြောင့် တခြားလင်မယားနှစ်ယောက်ဆီက နွားတစ်ရှည်းကိုငှားပြီးတော့ လုပ်ရရှာတယ်။ လယ်ကိစ္စထွန်ကိစ္စတွေပြီး နွားပြန်အပ်တဲ့အချိန်ကျတော့ နွားပိုင်ရှင်အမျိုး

သားက ထမင်းစားခေါ်ချင်တာ။ အမျိုးသမီးက မခေါ်စေချင်ဘူး။ အဲဒီလို ဆန့်ကျင်ဖက်အမူအယာတွေ ဖြစ်နေတာကို စောစောက ဂါမဏိစန္ဒအမတ်ကြီးက သိတယ်။ ဒါကြောင့် နွားအပ်တဲ့အကြောင်းကို ပါးစပ်နဲ့အသိမပေးခဲ့တော့ဘူး။ သူတို့လင်မယားစကားများနေကြမှာစိုးလို့။ သူတို့မျက်စိရှေ့မှာတင်ပဲ နွားတစ်ရှဉ်းကို နွားတင်းကုပ်ထဲထည့်ပေးထားခဲ့တယ်။ ပြန်ခဲ့တယ်။ အကျဉ်းချုပ်ကတော့ ပရိသတ်တို့ ကံဆိုးချင်တော့ အဲဒီညမှာပဲ နွားနှစ်ကောင်အခိုးခံ လိုက်ရတယ်။ ပြဿနာက စပြီနော်။ အဲဒီမှာတင် စိတ်ဓာတ်ညံ့တဲ့ အဲဒီလင်မယားက ဂါမဏိစန္ဒအမတ်ကြီးကို တရားစွဲတာတဲ့။

ဂါမဏိစန္ဒအမတ်ကြီး နွားသူခိုးဆိုပြီးတော့ပေါ့။ နွားတွေပြန်မအပ်ရသေးဘူး။ ဂါမဏိစန္ဒအမတ်ကြီးလက်ထဲမှာတင် ပျောက်သွားတယ်ဆိုတဲ့ ပုံစံမျိုးပေါ့။ ခက်တာက ဂါမဏိစန္ဒအမတ်ကြီးကလည်း ပါးစပ်နဲ့ခင်ဗျားတို့ နွားတွေအပ်ခဲ့ပါပြီဆိုပြီး မပြောခဲ့ဘူးလေ။ ဒါနဲ့နွားပိုင်ရှင်ရော၊ နွားသူခိုးရော ဘုရင့်ဆီကို လိုက်ခဲ့ဆိုပြီး ခေါ်တာ။ သွားရတာပေါ့။ ရှေးခေတ်က ဘုရင့်အာဏာဘယ်လောက်တည်သလဲ ဆိုရင်လေ မြေကြီးခဲတစ်ခုကို ကောက်ပြပြီး ဒါမင်းရဲ့တမန်ပဲ. . . အခုလိုက်ခဲ့ဆိုချက်ချင်းလိုက်ရတာ။ ဂါမဏိစန္ဒအမတ်ကြီးခမျာ အိုကြီးအိုမနဲ့ လိုက်သွားရတာပေါ့။ အဲဒီလို လိုက်သွားရင်းနဲ့ ရွာတစ်ရွာဝင်တော့ သူတို့ထမင်းဆာကြပြီ။ တရားလိုနဲ့ တရားခံဆိုတော့လည်း ဘယ်အစေးကပ်မှာတုန်း။ တရားလိုကလည်း သူသိတဲ့ အိမ်တည်းပြီးတော့ ထမင်းစားတယ်။ ဂါမဏိစန္ဒအမတ်ကြီးကလည်း သူသိတဲ့ အိမ်တွေဝင်တယ်။ ကျွန်တော့်ကို ထမင်းလေးတစ်နပ်ကျွေးပါဆိုတော့ အဲဒီ အချိန်မှာ အမျိုးသားက မရှိဘူး။ အမျိုးသမီးက ကိုယ်ဝန်အရင့်အမာကြီးနဲ့။ ဟာ. . . ရတယ် ချက်ကျွေးမယ်ဆိုပြီး အပေါ်တက်ပြီးတော့ ဆန်တက်ယူတာ လှေကားက ပြုတ်ကျလို့ ကိုယ်ဝန်ပျက်ကျသွားတယ်။ အဲဒီမှာတင် အမျိုးသား ပြန်လာတယ်။ ငါ့ဇနီးကို ကိုယ်ဝန်ပျက်ကျအောင်လုပ်ရကောင်းလားဆိုပြီး ကိုယ်ဝန်ဖျက်မှုနဲ့ တရားစွဲတာနှစ်မှုဖြစ်သွားတယ်။

ဒါကြောင့်တို့ပရိသဝ် တစ်မှုတစ်လေဖြစ်တာများ ဂရုစိုက်မနေနဲ့. . . ဟိုမှာ နှစ်မှု။ ဒါတောင် မပြီးသေးဘူး နောက်ထပ်လာဦးမှာ။ ဒါနဲ့ တရားလို နှစ်ဦးဖြစ်သွားတယ်။ ဆက်သွားကြပြန်ရော။ ဘုရင်ကြီးဆီက မရောက်သေးဘူး။ သွားနေကြရင်း ရွာတစ်ရွာထိပ်ရောက်တော့ လူတစ်ယောက်က သူ့မြင်းက

လိုက်မမီဘူး ဖြစ်နေတယ်။ ထိန်းမရဘူးပေါ့။ ဆန့်ကျင်ဘက်အရပ်က ဂါမဏိစန္ဒတို့အဖွဲ့ လာနေတာတွေ့တော့ မြင်းပိုင်ရှင်က ဂါမဏိစန္ဒအမတ်ကို လှမ်းပြောတယ်။ အဘ. . . အဲဒီမြင်း ဒီဖက်ပြန်လှည့်လာအောင် ကျောက်ခဲလေးနဲ့ ခြောက်ထုတ်ပေးလိုက်စမ်းပါတဲ့။ သူကလည်း စေတနာနဲ့ပါ။ မြင်းကို ခဲနဲ့ထုပေးလိုက်တာ မြင်းခြေထောက်ကျိုးသွားတယ်။ ကံမကောင်းရင် တစ်ခုမှအဆင်မပြေချင်ဘူးနော်။

ဘုန်းကြီး မယ်တော်ကြီး ပြောဖူးတယ်။ ငါ့သားနှယ်. . . ကံများ မကောင်းဘူးဆို အလကားရတဲ့ ကန်စွန်းရွက်လယ်ထဲကခူးရောင်းတာတောင် ငွေတစ်မတ်ရှုံးသေးတယ်တဲ့။ မယ်တော်ကြီး ဟုတ်ရဲ့လားဆိုတော့ ဟုတ်တယ် ဘုရားတဲ့။ ကဲ. . . ပြောပါဦးဆိုတော့. . . လူတစ်ယောက်က ကံဆိုးနေတဲ့ အချိန်ပေါ့။ ပိုက်ဆံမရှိတော့ လယ်သမားတွေ ခွင့်ပန်ပြီးလယ်တောထဲက လယ်ကန်စွန်းတွေ အလကားခူးရတာပေါ့။ ခူးလာပြီး အစည်းကလေးတွေ တော်တော်များများ စည်းတယ်။ ဈေးထဲကိုဝင်လာရော. . . ဟော. . . မရောင်းရသေးဘူး ဈေးကောက်တစ်မတ် ပေးရတယ်။ ပုံလိုက်တယ်ရောင်းဖို့ ပျံ့ကျဈေးသည်ဘဝကိုး။ ပုံပြီးတဲ့အချိန်ကျမှ အကြွေအနည်းငယ်အမ်းဖို့ ငွေ ပါမလာတာနဲ့ အိမ်ပြန်ယူတယ်တဲ့။ အဲဒီအချိန်မှာ နွားအုပ်တွေလွတ်ပြီးတော့ ဈေးထဲဝင်လာတာ. . . သူ့ကန်စွန်းရွက်ပုံကြီးစားပစ်လိုက်လို့ ကုန်ပါလေ ရောဗျာ။ ဒါကြောင့် ပရိသတ်ရေ ကံများဆိုးချင်တော့ အလကားရတဲ့ ကန်စွန်းရွက်ခူးရောင်းတာတောင်မှ တစ်မတ်ရှုံးသေးတယ်။

ဒွန်းစဏ္ဍား တစ်ယောက်ကတော့ သူကတော့ တောင်းစားတဲ့လူပေါ့ ဗျာ။ ကံဆိုးချင်တော့ သူကလေ အဲဒီနေ့မှာ ပိုက်ဆံတစ်ပြားမှ မရဘူး။ စာကလေးခွေ(မုန့်ပဲခွေ/မုန့်ဩဇာ) တစ်ခုပဲ ရတယ်။ သူက ဇရပ်ပေါ်မှာ စာကလေးခွေလေးကိုင်ပြီးတော့မှ သူ့ဘဝသူစိတ်နာလို့ပေါ့လေ။ တောက် ခေါက်တာ။ တောက်. . . ငါ့ဘဝ ဖြစ်မှဖြစ်ရလေ သူတောင်းစားဖြစ်လို့ တောင်းစားတာတောင်မှ ပိုက်ဆံတစ်ပြားမှမရဘူး။ ဒီစာကလေးခွေ တစ်ခုပဲ ရတယ်ပေါ့။ ကြည့်. . . ကံဆိုးချင်တော့ အဲဒီဇရပ်အောက်မှာ အိပ်နေတဲ့ ခွေးက သူ့ကိုခေါ်တယ်ထင်ပြီး ဇရပ်ပေါ်တက်လာလို့ တစ်ဝက်ဖဲ့ပြီး ကျွေး လိုက်ရသေးတယ်တဲ့။ တော်တော်ဆိုးတယ်နော်။

ပရိသတ်တို့ဘုန်းကြီးလည်း ကံဆိုးတယ်။ ဘုန်းကြီးအကြောင်းလည်း

ပြောရဦးမယ်။ ဘုန်းကြီးလည်းပရိသတ်တို့ အတိတ်ဘဝက ကုသိုလ်ကံနည်းခဲ့တော့ ရဟန်းဒကာမရှိဘူး။ ဒါဆိုဘယ်လိုလုပ် ရဟန်းဖြစ်လဲဆိုတော့ ရဟန်းတစ်ခါပဲရှိတယ်။ ရဟန်းခံပြီး လှည့်မကြည့်တော့ဘူး။ ဘယ်လိုဖြစ်ရတာလဲဆိုတော့ အကြောင်းကဒီလို ဘုန်းကြီးက မြင်းခြံတောင်သာမှာ နေတယ်။ အဲဒီမှာ ဒကာမကြီးတစ်ယောက် ဘုန်းကြီးကိုကြည်ညိုတယ်။ ဘုန်းကြီးက ကိုရင်ဘဝကတည်းက တရားဟောတာ။ သူကကြည်ညိုလို့ ဘုန်းကြီးကိုရဟန်းခံချင်တာ။ ဖြစ်ချင်တော့ မန္တလေးက တာယာကွန်ပေါင်းလုပ်တဲ့သူတွေကိုလည်း ရဟန်းခံဖို့ ပြောပြီးသား။ ဒကာမကြီးကမေးတယ် ကိုရင်၊ ကိုရင့်မှာ ရဟန်းဒကာ ရှိပြီလား။ ရှိတယ် . . . မန္တလေးက အေးဆေးပေါ့။ ဖြစ်ချင်တော့ ဘုန်းကြီးရဟန်းခံဖို့ လပိုင်းအလိုကျမှ ရန်ကုန်-မန္တလေးလမ်းမကြီးကို အကျယ်ချဲ့တာ ဘုန်းကြီးရဟန်းခံမယ့် ဒကာကြီးအိမ်ဖျက်တဲ့အထဲပါသွားတယ်။ ရဟန်းခံမပေးနိုင်တော့ဘူးတဲ့။ ဒါဆိုလို့ရှိရင် တောင်သာက ဒကာမကြီး သွားပြန်ပြောပါလားဆို ဘယ်ပြောရတော့မှာလဲ။ ကိုယ်က ရဟန်းဒကာရှိတယ်လို့ပြောပြီးသားလေ။ ရဟန်းဒကာနှစ်ဦးစလုံး လွတ်သွားတယ်။ ဖွတ်မရ ဓားမဆုံးလို့ ခေါ်တယ်။ အဲဒါ ဘုန်းကြီးရဲ့ဆရာတော်ကြီးရဲ့ တူတစ်ယောက်က မတတ်သာလို့ အရေးပေါ်ဝင်ပြီးတော့ ရဟန်းခံပေးရပါတယ်။ ဒါကြောင့် အရေးပေါ်ရဟန်းဖြစ်ခဲ့လို့ အရေးပေါ်ဆရာတော်လို့လည်း ခေါ်ချင်ခေါ်နိုင်ပါတယ်နော်။

ကံမျှားမကောင်းချင်တော့ ပရိသတ်တို့ ဒကာတစ်ယောက် ဆင်းရဲလိုက်တာ သူများအိမ်မှာ အဖီကလေးဆွဲနေရတယ်။ အလုပ်က ထင်းခုတ်ရောင်းစားတာပါ။ သူချမ်းသာတဲ့ ပစ္စည်းက ဓားမတစ်ချောင်းနဲ့ ပုဆိုးတစ်ထည်ပဲ။ အင်္ကျီတောင် မရှိဘူး။ ရေချိုးလို့ရှိရင် လူမရှိတဲ့နေရာချောင်းထဲကိုယ်တုံးလုံး ချိုးရရှာတယ်။ အဲဒီလောက် ဆင်းရဲတယ်။ တစ်ခါတော့ တောထဲထင်းခုတ်ထွက်ရင်းနဲ့ ဗေဒင်ဆရာတစ်ယောက် တွေ့တယ်။ လူက ဆင်းရဲပေမယ့် ချမ်းသာချင်စိတ်တော့ ရှိသားပဲ။ ရွာထိပ်ဇရပ်ပေါ်မှာထိုင်နေတဲ့ ဗေဒင်ဆရာကို ဗေဒင်မေးတယ်။ ကျွန်တော် ဗေဒင်ကြည့်ပါရစေတဲ့။ သူ့မှာလေ လေးငါးခြောက်ရက် စုမှရတဲ့ငွေလေးတစ်မတ် ထုတ်ပေးရရှာတယ်။ တစ်မတ်ဖိုးဆိုတော့ ဗေဒင်ဆရာက သိပ်မဟောချင်ဘူးပေါ့ဗျာ။ မင်းသိချင်တာ တစ်ခုပဲမေးတဲ့ အများကြီးမဖြေနိုင်ဘူးလို့ ဆိုတယ်။ ကျွန်တော်ဘယ်

တော့ ချမ်းသာမလဲ။ ဒါပဲမေးလိုက်တယ်။ ဗေဒင်ဆရာကလည်း တွက်တာပေ့ါ။ ကျောက်သင်ပုန်းပေါက်ထွက်မတတ် ဂျောက်ဂျက်ဂျောက်ဂျက်နဲ့ ဟောကိန်းကတော့ အားရစရာပဲ။ ဒီထက်ပိုပြီးဆင်းရဲအုံးမယ်တဲ့။ သူတော်တော်စိတ်ဆင်းရဲသွားတယ်။

ဘယ့်နှယ်တုန်းဟာ. . . ငါ့မှာပိုင်တာဆိုလို့ ပုဆိုးတစ်ထည်နဲ့ဓားတစ်ချောင်းပဲရှိတဲ့ဟာကို ဒါမှမရှိရင် ဘယ်လိုလုပ်နေမလဲပေ့ါ။ သူစိတ်ဆင်းရဲပြီးတော့ တောထဲထင်းခုတ် ထွက်သွားတယ်။ ကြည့်. . . ဒီထက်ပိုပြီး ဆင်းရဲဦးမယ်။ တောထဲရောက်တော့ တောလမ်းကလေးမှာ သူ့ရှေ့ကနေ ဧရာမဖွတ်ကြီးတစ်ကောင်ဖြတ်ပြေးတာ တွေ့လိုက်တယ်။ တောင်ပို့ကြီးတစ်ခုထဲဝင်သွားတာလည်း မြင်လိုက်တယ်။ ဒီတော့ သူစဉ်းစားတယ်။ ဟ. . . ဒီနေ့တော့ ငါပွပြီ။ ထင်းမခုတ်ဘူး။ ဒီဖွတ်ကြီးကို ငါရအောင်ဖမ်းမယ်။ ဖွတ်သားရောင်းစားရရင် ငါပွပြီပေ့ါ။ တစ်ခါတည်း ဖွတ်ထွက်ပြေးနိုင်မယ့် ဂယ်ပေါက်ရှာ၊ ဂယ်ပေါက်လည်းတွေ့ရော ပုဆိုးချွတ်ထည့်ပြီး ဂယ်ပေါက်ကို ပိတ်တယ်။ ဟော. . . အဲဒ်ိကစပြီး ဆင်းရဲပြီလေ။ ပုဆိုးမရှိတော့ဘူး။ ဒီဘက်ကနေ စိမ်ပြေနပြေ ဖွတ်ဝင်သွားတဲ့တောင်ပို့ကို တူးတာ။ တူးသံကြားတော့ တောင်ပို့ထဲက ဖွတ်ကလည်းသိပြီ။ ငါ့ကိုသတ်တော့မယ်ဆိုတာကိုပေ့ါ။

ပရိသတ်တို့ ဘယ်သူမဆို နောက်ဆုံးအချိန်မှာ အားပြည့်တတ်တယ်။ ဘုန်းကြီးတို့ မန္တလေးမီးလောင်တုန်းက အဘွားကြီးတစ်ယောက် တွေ့ဖူးတယ် သိလား။ အားလုံးပြေးကြတာပေ့ါ။ အဲဒီမှာ အဘွားကြီးက ဧရာမဗီရိုကြီးကို သူတစ်ယောက်တည်း ခေါင်းနဲ့ရွက်ချလာတာ။ အိမ်တော့ မပါရှာပါဘူး။ ဇောနဲ့မို့ပေ့ါနော်။ ပရိသတ်တို့ရေ. . . မီးလည်းငြိမ်းရော ဗီရိုကြီးကိုရွက်ဖို့ မပြောနဲ့ မတောင်မ,မနိုင်ဘူး။ အခုလည်း နောက်ဆုံးအချိန်သေဘေးဆိုတဲ့ အခါကျတော့ ဖွတ်က နောက်ဆုံးအင်အားနဲ့တိုးတာ။ တိုးလွန်းမက တိုးအားကြီးတော့ ဂယ်ပေါက်ပွင့်ပြီး ဟိုလူ့ပုဆိုးက ဖွတ်ခေါင်းမှာချိတ်လျက်သားကြီးပါသွားတယ်။ ဒါကို ထင်းခုတ်ဓားနဲ့လှမ်းပစ်လိုက်တယ်တဲ့။ ဖွက်ကို မမှန်ပါဘူး။ မမှန်တဲ့အပြင် ဖွတ်ရော ပုဆိုးရော ဓားရော ချောင်းထဲကျပြီး မျောပါသွားသတဲ့။ ဖွတ်မရ ဓားမဆုံးဆိုတာ အဲဒါပါပဲ။ ကံဆိုးရင် အဲဒီလိုပဲလို့ ပြောချင်တယ်။ ကံကောင်းအောင် ကုသိုလ်တွေများများလုပ်ကြပေရော့။

အခု ကံဆိုးတဲ့ ဂါမဏိစန္ဒအမတ်ကြီး အမှု ၃-မှုဖြစ်သွားပြီ။ နွားခိုးမှု

ရယ်၊ ကိုယ်ဝန်ဖျက်မှုရယ်၊ မြင်းခြေကျိုးမှုရယ်။ အဲဒီမှာတင် ဂါမဏိစန္ဒအမတ်ကြီးဟာ မခံနိုင်တော့ဘူးပေါ့ဗျာ။ စိတ်အရမ်းဆင်းရဲသွားပြီ။ ငါလိုကောင်လူ့လောက မနေသင့်တော့ဘူးတဲ့။ သူ့ကိုယ်သူ သတ်သေတော့မှာ။ တောင်အမြင့်တစ်ခုလည်းရောက်ရော ဂါမဏိစန္ဒအမတ်ကြီးက တော်ပြီ. . . လူ့လောကမှာမနေချင်တော့ဘူး။ ဘုရင့်ဆီရောက်လည်း အပိုပဲ။ နွားဖိုးလည်း မလျော်နိုင်ဘူး။ မြင်းဖိုးလည်း မလျော်နိုင်ဘူး။ ကိုယ်ဝန်ပျက်ကျမှုအတွက်လည်း ဘာမှမတတ်နိုင်ဘူးဆိုပြီး တောင်အောက်ကိုခုန်ချပစ်လိုက်တယ်။ ခုန်ချသေတဲ့ သဘောပေါ့။ ကြည့်. . . ကံကဆိုးတာ မပြီးသေးဘူး။ ခုန်လည်းခုန်ချလိုက်ရော တောင်အောက်ခြေမှာ သားအဖနှစ်ယောက် ဖျာရက်နေကြတာ။ အဲဒီအဖေဖြစ်သူပေါ် သွားကျတာ အဖေသေသွားပါတယ်။ သားက ငါ့အဖေကို သတ်တဲ့ကောင်လာခဲ့ဆိုတော့ ဟော. . . လေးမှု။

အဲဒါကြောင့် မအူပင်က ဒကာ၊ ဒကာမတွေ ခင်ဗျားတို့အမှုဖြစ်ရင် အားမငယ်ကြပါနဲ့။ ခင်ဗျားတို့ဖြစ်ရင် တစ်မှု ဒီမှာလေးမှုဟုတ်တယ်မို့လား။ အဲဒါ ဘုရင့်ဆီသွားကြရောဗျာ။ သွားရင်းသွားရင်းနဲ့ လမ်းမှာ ဘုရင်ထံ မေးပေးဖို့ ပြဿနာလေးတွေပါး လိုက်ကြသေးတယ်တဲ့။ လမ်းမှာ ရွာစားတစ်ယောက်က ဒီခေတ်လိုဆိုရင် ရ. ယ. က ဥက္ကဋ္ဌလိုဟာမျိုးပေါ့။ ဂါမဏိစန္ဒအမတ်ကြီးကို စကားပါးလိုက်တာ။ အမတ်ကြီး. . . အာဒါသမုခမင်းလေးဟာ ပညာဉာဏ်အင်မတန် ကြီးမားတယ်။ ကျုပ်ပြဿနာတစ်ခု မေးလိုက်ချင်တယ်။ မေးလိုက်ပါ။ ကျုပ်အရင်တုန်းကဆိုရင် ပူဇော်သက္ကာရ လာဘ်လာဘတွေများတယ်။ အခု. . . လာဘ်လာဘရှားတယ် အဲဒါဘာကြောင့်လဲ မေးပေးပါတဲ့။ မေးပေးမယ်ပေါ့။

နောက်. . . ဆက်သွားတော့ ပြည့်တန်ဆာမ တစ်ယောက်နဲ့တွေ့။ ပြည့်တန်ဆာမကလည်း မေးပေးပါဦးတဲ့။ ဘာမေးပေးရမလဲဆိုတော့ အရင်တုန်းကတော့ ဖောက်သည်တွေများတယ်။ အခုမများတော့ဘူး။ အဲဒါဘာကြောင့်လဲဆိုတာ မေးပေးပါတဲ့။ နောက်တစ်ခါ လင်ရှိ မိန်းမတစ်ယောက်ကလည်း မေးတယ်။ သူဟာ. . . ယောကျ်ားအိမ်မှာလည်း မပျော်ဘူးတဲ့။ မိဘအိမ်မှာလည်း မပျော်ဘူးတဲ့။ အဲဒါဘာကြောင့်လဲ မေးပေးပါတဲ့။ နောက်. . . မြွေ။ မြွေကလည်း မေးလိုက်တယ်တဲ့။ သူ့တွင်းထဲကနေထွက်တဲ့အခါ ဆာလောင်မွတ်သိပ်ပြီး ပိန်နေတာတောင် တိုးပြီးထွက်ရတယ်။

ကြပ်တယ်။ အစာဝပြီးပြန်ဝင်တဲ့အခါကျတော့ ချောမောလွယ်ကူတယ်။ အဲဒါဘာကြောင့်လဲ သိချင်ပါတယ်တဲ့။ စဉ်းစားစရာ ပညာနဲ့ပတ်သက်တာလေး တွေ့ပေါ့နော်။

နောက်. . . သမင်တစ်ကောင်ကကျတော့ သူဟာ တခြားနေရာက မြတ်တွေစားလို့မရဘူးတဲ့။ သစ်ပင်တစ်ပင်အောက်က မြက်ကိုပဲ သူအမြဲတမ်းစားနေရတယ်။ အဲဒါဘာကြောင့်လဲ မေးပေးပါတဲ့။ ခါတစ်ကောင်ကလည်း မေးတယ်။ သူကကျတော့ တောင်ပို့တစ်ခုပေါ်မှာ သူနားရလို့ရှိရင် သူ့တွန်သံဟာ တအားသာတယ်တဲ့။ တခြားနေရာဆိုရင်တော့ ဒီလိုတွန်သံ မသာဘူးတဲ့ အဲဒါဘာကြောင့်လဲ သိချင်ပါတယ်တဲ့။ ပြီးတော့. . . ရုက္ခစိုး။ ရုက္ခစိုးကလည်းပဲ သူ့အရင်တုန်းက ပူဇော်တဲ့လူတွေပေါတယ်။ အခုပူဇော်မယ့်လူ မရှိတော့ဘူး။ အဲဒါဘာကြောင့်လဲ သိချင်ပါတယ်တဲ့။ နောက်. . . နဂါး။ နဂါးက ဘာမေးလိုက်လဲဆိုတော့ ရှေးကဆိုရင် သူတို့နေတဲ့ ရေကန်ကြီးဟာ ကြည်တယ်။ အခု အနည်တွေထ,ပြီး နောက်နေပါတယ်။ အဲဒါဘာကြောင့်လဲ သိချင်ပါတယ်တဲ့။ နောက်. . . ရသေ့တွေက မေးပြန်တယ်။ အရင်တုန်းကဆို သူတို့တောထဲကအသီးအနှံတွေဟာ အင်မတန်မှ ချိုမြိန်တယ်၊ ဩဇာရှိတယ်။ ခုချိန်မှာ မချိုတော့ဘူး၊ ဩဇာကင်းသွားတယ်။ အဲဒါဘာကြောင့်လဲ မေးပေးပါတဲ့။ နောက်ဆုံး ပုဏ္ဏားငယ်တစ်ယောက်က မေးတယ်။ အရင်တုန်းကဆိုရင် သူတို့ကျက်မှတ်ထားတဲ့ ဗေဒင်ကျမ်းဂန်တွေ မမေ့ဘူး။ အခု မေ့ကုန်ကြပြီ။ အဲဒါဘာကြောင့်လဲ မေးပေးပါတဲ့။ အားလုံးပုစ္ဆာဆယ်ခုနဲ့ အမှုက လေးမှု။

ကဲ. . . ဘုရင့်ဆီရောက်။ ဘုရင်က ဂါမဏိစန္ဒအမတ်ကြီးမှန်း သိသွားတယ်။ သိသွားတော့ အကျိုးအကြောင်းတွေ မေးပြုပြီးတော့ အမှုစစ်ပြီပေါ့။ အမှုစ,စစ်တော့ မေးတယ်။ နွားသမားကိုသူက မေးတယ်။ နွားပိုင်ရှင်ကို မေးတာပါ။ မင်းက ဘာအမှုအတွက် တရားလိုလဲ။ နွားရလိုမှုပါ။ နွားပြန်မအပ်လို့ပါ။ မင်းကို ဂါမဏိစန္ဒအမတ်ကြီးက ပြန်အပ်တယ်လို့ ပြောတယ် မင်းမမြင်ဘူးလားဆိုတော့ မမြင်ဘူးလို့ငြင်းတယ်။ လိမ်တယ်ပေါ့။ အဲဒီခေတ်က လိမ်တာအပြစ်အကြီးဆုံး။ ဟိုမင်းက ပညာရှိတယ်။ လိမ်ပြောနေမှန်းသိတယ်။ ငါ. . . အာဒါသမုခမင်း၊ သင်လိမ်မပြောနဲ့ အမှန်ကိုပြောဆိုတော့မှ လာအပ်သွားတာ မြင်ပါတယ်တဲ့။ အေး. . . အဲဒါဆိုလို့ရှိရင် ငါဆုံးဖြတ်မယ်

တဲ့။ ပညာပါတဲ့ ဆုံးဖြတ်ချက်။ ဂါမဏိစန္ဒ. . . သင်ကလည်းပဲ နွားတွေကို နှုတ်နဲ့ပြောပြီး ပြန်မအပ်တဲ့အတွက် သင့်မှာလည်း အပြစ်ရှိတယ်တဲ့။ ဒါကြောင့်. . . နွားဖိုးနဲ့အသပြာ အလျော်ပေးလိုက်တဲ့။ နွားပိုင်ရှင်လင်မယားကတော့ နွားတွေအပ်တာကိုမြင်ပါလျက်နဲ့ မမြင်ပါဘူးလို့ငြင်းတဲ့အတွက် သွား. . . ချက်ချင်း မျက်လုံးလေးလုံးထုတ်ပစ်။ အမှန်အတိုင်းပဲလေ။ အဲဒီအခါကျမှ နွားပိုင်ရှင်လင်မယားက ကြောက်လန့်ပြီး အမှုရုတ်သိမ်းလို့ တောင်းတောင်းပန်ပန်နဲ့ သူတို့ကတောင် ဂါမဏိစန္ဒအမတ်ကြီးကို ၂၄အသပြာ ပြန်ပေးသွားသေးတယ်။ ဘုရင်ကယ်လို့မို့ ဂါမဏိစန္ဒအမတ်ကြီး ၂၄အသပြာ ရသွားတယ်။ တော်သေးတာပေါ့။

နောက်. . . ကိုယ်ဝန်ပျက်မှု။ နေပါဦး မင်းကရော ဘာမှုလဲ။ ကျွန်တော့်ဇနီးရဲ့ကိုယ်ဝန်ကို ဖျက်ချလို့။ ဖျက်ချတာ သင်မြင်သလား။ အဲဒီလိုတော့ သူမမြင်ပါဘူးတဲ့။ ဟိုက အကျိုးအကြောင်းအကုန်မေးပြီးပြီလေ။ ဒီတော့ သင်က ဘယ်လိုဖြစ်ချင်တာလဲလို့မေးပြီး ပျက်ကျသွားတဲ့ သားအစားရချင်တာတဲ့။ ဒါမဖြစ်နိုင်တာ ပြောတာနော်။ ဂါမဏိစန္ဒအပေါ် သက်သက်ညစ်ပတ်တာ။ ဆုံးဖြတ်တဲ့ဘုရင်လေးကလည်း တော်တယ်။ လွယ်လွယ်လေးပါ-သင့်မယားကို ဂါမဏိစန္ဒအမတ်ကြီးကို တစ်နှစ်ပေးထားလိုက်တဲ့။ သားရတဲ့အခါမှ ပြန်ယူတဲ့။ အမလေး မပေးပါရစေနဲ့ဆိုပြီး အမှုကိုပြန်ရုတ်သိမ်းသွားတယ်။

မြင်းခြေကျိုးတဲ့အမှုကိုလည်း မေးတယ်။ ကဲ. . . မြင်းသမားပြော။ မြင်းအစားရချင်တယ်ပေါ့။ အဲဒီမြင်းကို သင်က ကျုပ်မြင်းလေးကိုခဲနဲ့ထုပြီး ခြောက်ပေးစမ်းပါလို့ ပြောမိသလားဆိုတော့ မပြောမိဘူးလို့လိမ်တယ်။ ဟေ့မလိမ်နဲ့. . . အမှန်ကိုပြောဆိုတော့ ဟုတ်ကဲ့. . . ပြောမိပါတယ်တဲ့။ ဒီလိုဆို ဂါမဏိစန္ဒအမတ်ကြီးကလည်း မြင်းကို မဆင်မခြင်ထုတဲ့အတွက် မြင်းဖိုးလျော်ရမယ်။ သူကဆင်းရဲတော့ နွားတောင်ငှားလုပ်ရတာ လျော်နိုင်မှာမဟုတ်ဘူး။ သွား. . . မင်းဘဏ္ဍာထဲက မြင်းဖိုးငွေအသပြာထုတ်ခဲ့။ ငါစိုက်လျော်ပေးမယ်။ မြင်းပိုင်ရှင်ကတော့ ငါ့ကိုလိမ်တဲ့အတွက် သွား. . . လျှာဖြတ်။ ရှေးခေတ်ကလိမ်တဲ့လူ အဲဒီလိုအပြစ်ပေးတာ။

ဘုန်းကြီး စဉ်းစားမိတယ်။ ငါတို့မြန်မာနိုင်ငံကလူတွေ လိမ်လို့သာလျှာဖြတ်ရရင် တစ်ယောက်မှလျှာကျန်မှာမဟုတ်တော့ဘူးလို့။ အဲဒီမှာ သူကြောက်ပြီးတော့ အမှုပိတ်ပါရစေ ပြောတော့တာပဲ။ မြင်းဖိုးအသပြာကို

မယူတော့ဘဲ သူကတောင် အမတ်ကြီးကို အသပြာတွေနဲ့ ကန်တော့ထားခဲ့သေးတယ်တဲ့။ နောက်. . လူသတ်မှု. . . ။ မင်းက ဘာမှုတုန်းပြောဆိုတော့ ကျွန်တော့် အဖေကိုသတ်တာတဲ့။ ဘုရင်က သိပြီးသား။ ဂါမဏိစန္ဒက တမင်သတ်တာ မဟုတ်ဘူး။ တောင်ပေါ်က သူတောင်သေချင်လို့ခုန်ချတဲ့ဥစ္စာ။ ဒီတော့ မင်းဘာဖြစ်ချင်သလဲ။ အဖေ အစားရချင်တယ်။ လွယ်လွယ်လေးပဲ သင့်အမေကို ဂါမဏိစန္ဒလက်ထဲအပ်လိုက်ပေရတော့တဲ့။ ဟာ. . . အဲဒီလိုတော့ မလုပ်ပါနဲ့ဆိုပြီး သူလည်း အမှုပိတ်လိုက်ရပါတယ်။

နောက် ပြဿနာလေးတွေပေါ့။

ရွာစား ပြဿနာ။ နဂိုက ဒီရွာစားမှာ လာဘ်လာဘများပြီး အခုဘာလို့ မများသလဲဆိုရင် လာဘ်စားလို့တဲ့။ ဟော. . အခုပေါ်ပြီ။ အရင်တုန်းက အမှန်အကန်ဆုံးဖြတ်ပေးတယ်။ အခုတော့ လာဘ်လာဘတွေယူပြီး မမှန်မကန်ဆုံးဖြတ်လို့ ဘယ်သူမှ သူ့ဆီမလာတော့တာတဲ့။ အမှုတွေမရောက်တော့ဘူးတဲ့။ အဲဒီတော့. . . အရင်လို လာဘ်လာဘပြန်ရချင်လို့ရှိရင် မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးဆိုပြီး ပြဿနာရဲ့အဖြေကိုပေးလိုက်ပါတယ်။

နောက်. . . ပြည့်တန်ဆာမ ပြဿနာ။

အရင်တုန်းက ပျော်ပါးသူတွေရှိတယ်။ အခုဘာကြောင့် မရှိတော့သလဲဆိုရင် အရင်တုန်းက သူသစ္စာရှိတယ်။ ဒီလူဆီက ငွေယူထားရင် ဒီလူနဲ့ပဲ ပျော်ပါးတယ်။ တခြားလူ လက်မခံဘူး။ နောက်တော့ ငွေမက်ပြီးတော့ ဒီလူ့ဆီက ပိုက်ဆံယူထားလည်း အဲဒီလူမလာခင်မှာ တခြားလူနဲ့ ပျော်ပါးတယ်။ သစ္စာဖောက်တဲ့အတွက်ကြောင့် ပျော်ပါးတဲ့ပုဂ္ဂိုလ်တွေမရှိတော့တာ သစ္စာပြန်ရှိပါတဲ့။

လင်မရှိတဲ့ မိန်းမ. . .

သူကတော့ အံ့ဩစရာပဲနော်။ သူမေးတဲ့မေးခွန်းက ယောက်ျားအိမ်မှာလည်းမပျော်ဘူးတဲ့။ မိဘအိမ်မှာလည်း မပျော်ဘူးတဲ့။ ဘာမှာမှကြာကြာနေလို့မရဘူး။ အဲဒါဘာကြောင့်လဲတဲ့။ တခြားမဟုတ်ဘူး။ အဲဒီမိန်းမက လင်ငယ်နေတဲ့ မိန်းမတဲ့။ သူ့ယောက်ျားရွာနဲ့ သူ့မိဘရွာကြားက ရွာတစ်ရွာမှာ လင်ငယ်ရှိတယ်။ ဒါကြောင့် သူဟာ ယောက်ျားအိမ်မှာလည်း မပျော်။ မိဘအိမ်မှာလည်း မပျော်ဖြစ်နေတာတဲ့။ နောက်မဖောက်ပြန်နဲ့ အာဒါသမုခ မင်းက ဖမ်းပြီးအပြစ်ပေးလိမ့်မယ်ဆိုတော့မှ မဖောက်ပြန်ရဲတော့ဘူးပေါ့ဗျာ။

မြွေ. . . နားထောင် ဒါက တရားသဘောပါတယ်။

မြွေက သူ့ဗိုက်ထဲအစာမရှိဘဲ ပိန်ချိနေတဲ့အခါကျတော့ တွင်းအပြင်ထွက်တဲ့အခါမှာ ကြပ်နေတယ်။ အစာဝလို့ တွင်းထဲပြန်ဝင်တဲ့အခါကျတော့ ချောင်နေတယ်။ ချောင်နေတယ် ဘာကြောင့်လဲ။ ကြည့်စမ်း. . . ဘုန်းကြီးတို့ဘုရားလောင်းပညာဉာဏ်ကြီးမားလိုက်တာ။ တခြားမဟုတ်ဘူး။ အဲဒီမြွေတွင်းထဲမှာ ရတနာထုပ်ရှိတယ်။ ဒီမြွေဟာ အဲဒီရတနာထုပ်ကိုစွဲပြီးတော့ မြွေဖြစ်နေတာတဲ့။ တို့ပရိသတ် သစ္စာလေးပါး ခဏ ခဏ နာနေတာနော်။ လိုက်ဆိုလိုက်။

လိုချင်လျှင် ဆင်းရဲသည်။

မလိုချင်လျှင် ချမ်းသာသည်။

(၃)ခေါက်ဆိုလိုက်ကြ။ နားထောင်. . . အဲဒါ သစ္စာလေးပါးကို မြန်မာလိုသင်ပေးလိုက်တာ။ ဒုက္ခသစ္စာဆိုတာ ဒီခန္ဓာကိုပြောတာ ဟုတ်တယ်မို့လား။ အို-နာ-သေ နှိပ်စက်လို့ပေါ့နော်။ ရုပ်နာမ်ဖြစ်ပျက်ကြောင့်လည်း ဆင်းရဲတယ်။ ဒါကြောင့် ခန္ဓာဘာသစ္စာတုန်း မေးရင် ဒုက္ခသစ္စာ။ ဆင်းရဲရာအမှန်တဲ့။ သိရမယ့်တရားလို့ မှတ်ပါနော်။ သမုဒယသစ္စာ တဏှာက ပယ်သတ်ရမယ့်တရား။ နိရောဓသစ္စာ-နိဗ္ဗာန်က မျက်မှောက်ပြုမယ့်တရားတဲ့။ မဂ္ဂသစ္စာမဂ္ဂရှစ်ပါးကတော့ ပွားများရမယ့်တရား။ သိ-ပယ်-ဆိုက်-ပွား ကြားဖူးကြတယ်မဟုတ်လား။ အဲဒါကို မြန်မာလိုသင်ပေးနေတာပါ။

လိုချင်လျှင်ဆင်းရဲသည်။ နားထောင်ပါ ရှင်းပြပါ့မယ်။ မိမိနောက်ဘဝခန္ဓာလိုချင်ရင်ဖြစ်စေ၊ သားတွေမယားတွေ လိုချင်စွဲလမ်းရင်ဖြစ်စေ၊ ကျော်ကြားမှုကို လိုချင်ရင်ဖြစ်စေ၊ ထင်ရှားမှုကိုလိုချင်ရင်ဖြစ်စေ၊ ဘွဲ့တံဆိပ်ကိုလိုချင်ရင်ဖြစ်စေပေါ့၊ တိုက်တာခြံမြေတွေ ပေါများတာကို လိုချင်ရင်ဖြစ်စေမှတ်လိုက်ပေါ့ လိုချင်တာမှန်သမျှ သမုဒယသစ္စာ။ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာပဲရတယ်။ အေး. . . ဒါကြောင့် လိုချင်ရင်ဆင်းရဲမယ်လို့ ပြောတာ။ အခုကြည့်စမ်း ပရိသတ်တို့. . . အဲဒီမြွေဟာ လူ့ဘဝတုန်းက သူဌေး။ မလှူရက်မတန်းရက် ရွှေတွေငွေတွေကို အိုးကြီးနဲ့မြှုပ်ထားခဲ့မိလို့ သေလည်းသေရော မြွေသွားဖြစ်တာ။ အဲဒီ. . . မြွေတွင်းအောက်မှာ ရွှေအိုးကြီးရှိတယ်။ အဲဒါကို ဘုရားအလောင်း အာဒါသမုခမင်းက သိတယ်။ ရွှေအိုးကိုတပ်မက်တဲ့စိတ်က မြွေဖြစ်တဲ့အထိကို တပ်မက်တုန်း။ အစာကို ထွက်မရှာချင်ဘူး။ မြွေကတော့ သူ့အကြောင်း သူမသိတော့ဘူးလေ။ မေ့သွားပြီ။ ဘုရားလောင်းက

သိတယ်။ ဒါကြောင့် သူက တွင်းအပြင်ထွက်ခါနီးလို့ရှိရင် ဟိုးယခင်ကတည်းက ဖြစ်နေတဲ့ သူ့ရဲ့စိတ်က ဒီမှာလည်း စွဲလန်းတုန်းဆိုတော့ ငါ့ရတနာအိုးကြီးနဲ့ ခွဲရတော့မယ်ဆိုပြီး စိတ်တွေဆင်းရဲတဲ့အတွက် ထွက်တဲ့အခါမှာ မဆုံမပြန်နဲ့ ထွက်ရတာတဲ့။ တဏှာလောဘစိတ်ကြောင့်နော်။ ပြန်ဝင်တဲ့အခါကျတော့ ပျော်နေတယ်။ အမလေး. . . ငါ့ရွှေအိုးကြီးနဲ့တွေ့ရတော့မယ်ဆိုပြီးတော့ပေါ့။ ချောမောလွယ်ကူစွာ ဝင်သွားတယ်။ သူလည်းပဲ သုံးခွင့်မရတဲ့အတွက်ကြောင့် ဂါမဏိစန္ဒ အဲဒီရွှေအိုးကြီးကို သင်ဖော်ပြီးတော့ အသုံးချ။ ဟောတကယ်ရသွားတယ်။ ဘယ်လောက် ပညာဉာဏ်ကြီးမားလဲလို့။

နောက်. . . သမင်ရဲ့မေးခွန်း။ သူက တခြားအရပ်ကမြက်တွေစားလို့ မရဘူးတဲ့။ သစ်ပင်တစ်ပင်အောက်က မြက်ကိုပဲ စားလို့ရတယ်။ အဲဒါ ဘာကြောင့်လဲ။ အဲဒီသစ်ပင်ပေါ်မှာ ရောမပျားအုံကြီး ရှိတယ်တဲ့။ ပျားရည်တွေမြက်ခင်းပေါ်ကျနေလို့မို့ မြက်ကလေးတွေက ချိုနေတာ။ အဲဒီမြက်တွေကို သမင်က တပ်မက်တာလို့ ရှင်းပြလိုက်တယ်။

နောက်. . . ခါ။ သူက ဒီတောင်ပို့ပေါ်မှာ တွန်မှအသံသာတယ်။ တခြားနေရာမှာ တွန်ရင်အသံမထွက်တော့ဘူး။ အဲဒီခါလည်း အရင်ဘဝက သူဌေးပဲ။ ဥစ္စာပစ္စည်းတွေ မလှူရက်မတန်းရက်စုထား၊ မြှုပ်ထား။ အဲဒါကနေတောင်ပို့ကြီး ဖြစ်တာ။ ဥစ္စာစွဲလမ်းတဲ့စိတ်ကြောင့် အဲဒီနေရာမှာတွန်ရင်အသံသာတာ။ သူလည်း သုံးမရတော့ဘူး။ ဂါမဏိစန္ဒအမတ်ကြီးပဲ တူးယူလိုက်တဲ့။ ဂါမဏိစန္ဒအမတ်ကြီး ချမ်းသာသွားတယ်နော်။ နောက် ရုက္ခစိုး။ အရင်က သူ့ကိုပူဇော်ပသမယ့်သူတွေရှိတယ် အခုမရှိတော့ဘူး။ ဘာကြောင့်လဲဆိုတော့ အရင်ကလူတွေကို စောင့်ရှောက်တယ်။ အခုပျင်းပြီးတော့ မစောင့်ရှောက်ဘူး။ ဒါကြောင့် ပူဇော်ပသမယ့်သူ မလာတော့တာတဲ့။ ဒါကြောင့် အပူဇော်ခံချင်ရင် လူတွေကို တတ်နိုင်သမျှ စောင့်ရှောက်ပေးပါလို့ ပြောလိုက်တယ်။

နောက်. . . နဂါး။ သူတို့ရေတွေဟာ အရင်ကတော့ကြည်တယ်။ အခုမကြည်တော့ဘူး။ အဲဒါ ဘာကြောင့်လဲ။ အရင်က နဂါးတွေဟာ အချင်းချင်း မေတ္တာထားကြတယ်။ အခုတော့ ဒေါသနဲ့ရန်ဖြစ်နေကြတယ်။ အဲဒါကြောင့် ရေတွေ နောက်နေတာ။ ရေကြည်ချင်ရင် ရန်မဖြစ်ကြနဲ့တော့။ နောက်. . . ရသေ့။ ရသေ့တွေကျတော့ သူတို့နေတဲ့ တောအုပ်က သစ်သီးတွေဟာ အရင်

ကတော့ ချိုတယ်၊ ဩဇာရှိတယ်။ အခု. . . မချိုတော့ဘူး၊ ဩဇာမရှိတော့ဘူး။ ဘာကြောင့်လဲဆိုတော့ အရင်တုန်းက တရားလုပ်ပြီး၊ အခုတရားမလုပ်ဘဲ လာဘ်လာဘရအောင်ပဲလုပ်နေကြတာလို့ပဲတဲ့။ သစ်သီးတွေ ဩဇာရှိစေချင်ရင် ရသေ့အလုပ်ရသေ့ပြန်လုပ်ကြ။

နောက်ဆုံးပုဏ္ဏားငယ်၊ အရင်တုန်းက သူတို့ဗေဒင်ကျမ်းဂန်တွေ မမေ့ဘူး။ အခုမေ့တယ်။ မေ့မှာပေါ့ဗျာ။ ပုဏ္ဏားအတတ်သင်ကျောင်းမှာ မွေးထားတဲ့ အရင်ကြက်က အချိန်မှန်တွန်တယ်တဲ့။ လေးနာရီဆို လေးနာရီတိတိမှာ တွန်တယ်။ အဲဒီတော့. . . ကျက်စရာရှိတာကျက်ကြတော့ စာတွေမမေ့ဘူးပေါ့။ အခုမွေးထားတဲ့ကြက်က တွန်တာအချိန်မမှန်ဘူးတဲ့။ တွန်ချင်တဲ့အချိန်မှာ တွန်တယ်။ တစ်ခါတစ်လေမှာ အစောကြီးတွန်၊ သူတို့က အိပ်ရာထ။ အိပ်ရေးတွေပျက်၊ စာတွေက မေ့ကုန်ရော။ တစ်ခါတစ်လေလည်းနေထွက်မှ တွန်တယ်။ ဒါကြောင့် အချိန်မှန်တွန်တဲ့ ကြက်ကိုပြောင်းမွေးတဲ့။ အကြံပေးလိုက်ပါတယ်။

ဒီတော့ ပရိသတ်တို့. . .

နိဂုံးချုပ်ရမယ်ဆိုရင် ခိုးလို့မရတာဟာ ပညာပဲတဲ့။

အဲဒီပညာကို ဆည်းပူးပြီးတော့ ပညာအပြည့်နဲ့ ဟောဒီသံသရာက လွတ်မြောက်အောင် ကြိုးစားနိုင်တဲ့ သူတော်ကောင်းကြီးများ မုချမသွေ ဖြစ်ကြပါစေကုန်သတည်း။

သာဓု. . . သာဓု. . . သာဓု

ပညာပြည့်ဝ၊ နှလုံးလှ၊ ချမ်းမြကြည်သာရှိပါစေ

မေတ္တာရှင်(ရွှေပြည်သာ)

# လိုတာရ သီလ

မေတ္တာရှင်(ရွှေပြည်သာ)

# လိုတရ သီလ

ဒီနေ့ တို့ဒကာ၊ ဒကာမတွေကို ဟောကြားပေးမှာက "လိုတရ သီလ"။ တရားတော်ပါ။ များသောအားဖြင့်

"ဒကာ၊ ဒကာမအများစု ကြီးပွားတိုးတက်ချင်တဲ့ စိတ်တွေ မရှိကြဘူးလား"

"ကြီးပွားတိုးတက်အောင်လည်းပဲ သိတတ်တဲ့ အချိန်ကစ ပြီးတော့ အခုချိန်တိုင်အောင် မကြိုးစားကြဘူးလား"

"လူတိုင်းလူတိုင်း မိမိတို့ရဲ့ လိုအင်ဆန္ဒပြည့်စုံကြရဲ့လား။ ကြီးပွားတိုးတက်ကြရဲ့လား"

များသောအားဖြင့် ကြီးပွားတိုးတက်သူက နည်းတယ် မဟုတ်လား။ မကြီးပွားတဲ့၊ မတိုးတက်တဲ့၊ လိုတာမရတဲ့ ပုဂ္ဂိုလ်တွေမများဘူးလား။ အားနည်းချက်ရှိနေလို့ပါပဲ။ အဲဒီအားနည်းချက်လေးတွေကို ပြင်ပေးချင်ပါတယ်။ ဒကာ၊ ဒကာမတွေရဲ့ လိုအင်ဆန္ဒကိုပြည့်စုံအောင် လုပ်ပေးမယ့် တရားက ကိုယ်ကျင့်သီလပါပဲ။ ဒီနေ့ ပေါ်လွင်သွားအောင်၊ နားလည်သွားအောင်၊ လိုက်နာချင်သွားအောင် ဗုဒ္ဓလက်ထက်က ဖြစ်ရပ်ကို နည်းနည်းပဲ ပြောပြီး ဒီနေ့ဖြစ်ရပ်တွေကို များများပြောပေးပါ့မယ်။

တရားကလည်း ဘုန်းကြီးတို့နာမည်ကြီးတာဟာ သိပ်တော်လို့၊ သိပ်တတ်လို့ နာမည်ကြီးတာမဟုတ်ဘူး။ တရားတိုလို့ နာမည်ကြီးတာ။ သိပ်ကောင်းတဲ့ တရားလေးပဲ ခဏလေးပဲပြီးသွားတယ်။ ချီးမွမ်းခံရပါတယ်။ တရားရှည်ရှည် ဟောလို့လည်း ချီးမွမ်းတာမတွေ့ဖူးဘူး။ အပြစ်ပြောတာပဲ တွေ့ဖူးတယ်။ သေနာကောင် ဘုန်းကြီး. . . ဟောတာကြာပြီ။ တချို့တွေများ

ပေးတောင် ပေးစားလိုက်ကြသေးတယ်။

အဲဒီဘုန်းကြီးတစ်ပါးဆိုရင် သူကလည်းသူပဲ ၇နာရီကနေ ဟောလိုက်တာ ၁၁နာရီထိ ၄နာရီတောင် ကြာတယ်။ မပြီးသေးဘူး. . . အဲဒါတရားက တစ်ဝက်ပဲရှိသေးတယ်။ နောက်ဆုံးတော့ ရှေ့ဆုံးကထိုင်နေတဲ့ အမျိုးသမီးမှာ သူ့ကလေးလေးပါ,ပါတယ်။ သူကလေးက ပေါင်ပေါ် အိပ်ပျော်နေတာကိုး။ သူကတော့ ဒီရန်ကုန်က ဖြစ်ပါလိမ့်မယ်။ သူက ကန်စွန်းရွက်တွေ၊ ချဉ်ပေါင်ရွက်တွေ လက္ကားပေးရတဲ့ ဒကာမကြီး။ ကန်စွန်းရွက်တွေဘာတွေက ညနေဆို လာပုံထားတော့ သူက (၉)နာရီလောက်တရားပွဲပြီးရင် ကန်စွန်းရွက် တွေ၊ ချဉ်ပေါင်ရွက်တွေ အစီးစည်းပြီး ၂ချက်ထိုးလောက်ဆို ထသွားပို့ရမှာ ကိုး။ အဲဒါ ခန္ဓာကိုယ်ကသာ တရားပွဲထဲရောက်နေတာ စိတ်က ကန်စွန်းရွက်ဆီ မှာပဲရှိတယ်။ အဲဒီတော့ တရားပွဲပြီးအောင်လုပ်မယ်ဆိုပြီး သူ့ကလေးလေး တင်ပါးကို ဆိတ်ဆွဲလိုက်တော့ သူ့ကလေးလေးက ဝါးဆိုပြီး ထငိုတော့ ဘုန်းကြီးတရားပွဲရပ်သွားတယ်။ လန့်ပြီးတော့. . . ဘာဖြစ်ပါလဲဆိုပြီး အကဲခတ်တာသိလား။ အဲဒီလိုရပ်သွားတဲ့အချိန်မှာ သူ့သားကို ကြိမ်ဆဲတာ လေ။ ဟဲ့. . . သေနာကောင်လေး နင်းကန်ငိုမနေနဲ့ နင့်အဖေက အခုထိ တရားမသိမ်းသေးဘူး။ အဲဒီကျမှ တရားသိမ်းတော့ ဘုန်းကြီးက အိမ်ထောင်ကျ သလိုဖြစ်သွားတယ်။ ဒါကြောင့်တရားက ရှည်ရှည် မကောင်းဘူး။ တိုတိုပဲကောင်းတယ်နော်။ လိုရင်းတိုရှင်းနဲ့ အနှစ်သားပါဖို့ အရေးကြီး ပါတယ်။ အနှစ်အသားတကယ်ပါရင်နော် တစ်မိနစ်လောက်ဟောတဲ့တရားဟာ ရဟန္တာဖြစ်တယ်။ ဘုရားဟောခဲ့တာနော်. . . ဥဒါန်းပါဠိတော်မှာ။

ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ ဘဝိဿတိ၊
သုတေ သုတမတ္တံ ဘဝိဿတိ။
မုတေ မုတမတ္တံ ဘဝိဿတိ၊
ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။

တစ်မိနစ်လောက်ပဲရှိတယ်။ အဲဒီ တရားအဆုံးမှာ ဗာဟိယအမည်ရှိတဲ့ ပုဂ္ဂိုလ်ထူးကြီး၊ လူထူးလူဆန်းကြီး ရဟန္တာ ဖြစ်သွားတယ်။ တရားက ရှည်ရဲ့ လား။ တစ်မိနစ်ပဲ ရှိတယ်။ အနှစ်အသားလေ. . . အဓိပ္ပာယ်တွေ ပြောပြမယ်။

ချစ်သားဗာဟိယ အဆင်းကိုမြင်ရင် မြင်တယ်လို့ပဲသိလိုက်ပါ၊
နှစ်သက်တဲ့ လောဘနဲ့မနှစ်သက်တဲ့ ဒေါသမဖြစ်စေနဲ့။
ပြီးရော. . . အဲဒါတရား. . . အဲဒီတရားကျင့်တာပဲ။

အသံကြားရင် ကြားတယ်လို့ပဲ သိလိုက်စမ်းပါ။ ဘာသံပဲ. . .
ဘယ်သူ့အသံပဲ ပညတ်ပေါ်တင်ပြီးတော့ နှစ်သက်တဲ့လောဘနဲ့
မနှစ်သက်တဲ့ ဒေါသမပေါ်စေနဲ့။
ပရိသတ်ရေ ရဟန္တာဖြစ်အောင် ကျင့်တဲ့နည်းတွေနော်။

နံရင် နံတာမျှသာ မှတ်လိုက်စမ်းပါ၊ စားရင် စားတာမျှသာ
မှတ်လိုက်စမ်းပါ၊ ထိရင် ထိတာမျှသာ မှတ်လိုက်စမ်းပါ၊ နှစ်သက်
တဲ့လောဘနဲ့ မနှစ်သက်တဲ့ ဒေါသမပေါ်စေနဲ့။
အဲဒါ တရားကျင့်တာ။
တွေးပြီးတော့ သိရင်လည်း သိတာမျှသာ မှတ်လိုက်စမ်းပါ၊ အဲဒီ
အတွေးအာရုံနဲ့ ပတ်သက်ပြီးတော့ နှစ်သက်တဲ့ လောဘနဲ့
မနှစ်သက်တဲ့ ဒေါသမပေါ်စေနဲ့။

ကြည့်စမ်း ပရိသတ်တို့. . . မြန်မာပြန်ပြောလိုက်တာ တစ်မိနစ်ခွဲ
လောက်ပဲရှိတာပါ။ အဲဒါ ရဟန္တာဖြစ်ပါတယ်။

အခုလည်း တို့ပရိသတ်များ အရေးကြီးဆုံး ကြီးပွားတိုးတက်ချင်တဲ့
ပုဂ္ဂိုလ်များ ကြီးပွားတိုးတက်ဖို့အတွက် အထောက်အပံ့တစ်ခုပေးမလို့။
ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဂါထာတစ်ဂါထာ ဟောတော်မူခဲ့ပါတယ်။
ဂါထာကတော့. . .

သီလံ ရက္ခေထ မေဓာဝီ
ပတ္ထယာနော တယော သုခေ။
ပသံသံ ဝိတ္တိ လာဘဉ္စ
ပစ္စသဂ္ဂေ စ မောဒနံ။ ။ (ထေရဂါထာ ပါဠိတော်)
ရဟန်း၊ ရှင်လူတို့၏ စစ်မှန်သော ချီးမွမ်းမှုကိုခံယူလိုလျှင်
ရဟန်းရှင်လူဘယ်သူမှ မတိုက်တွန်းရဘဲ ပစ္စည်းလေးပါးဖြင့်
လှူဒါန်းလာစေလိုလျှင် သေပြီးနောက်ဘဝ၌ နတ်ပြည်တွင်
မွေ့ပျော်လိုလျှင် ပညာရှိသည် သီလကိုသာစောင့်ထိန်းရာ၏တဲ့။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ချစ်သားချစ်သမီးတို့ သူတစ်ပါးရဲ့ ချီးမွမ်းမှုကို လိုချင်ရင်၊ စီးပွားဥစ္စာတွေပေါများ ကြီးပွားချင်ရင်၊ သေပြီးတဲ့ နောက်မှာလည်း နတ်ပြည်မှာ နတ်သား၊ နတ်သမီးဖြစ်ချင်ရင် ငါးပါးသီလ စောင့်ထိန်းကြပါတဲ့။ ဒီနေ့တို့မြန်မာပြည်ကြီး မတိုးတက်ခြင်းအကြောင်းတွေ ထဲမှာ သီလပျက်တာက ထိပ်ဆုံးကပါတယ်။ ကိုယ်ကျင့်သီလ လုံအောင် ထိမ်းကြပါ။ ကိုယ်ကျင့်သီလလုံအောင်ထိန်းရင် မိမိလိုချင်တာ တကယ်ရ တယ်။ ဘုရားရှင်မြတ်ကြီးက ဒီဂါထာအင်္ဂုတ္တိုရ်မှာလည်း ဟောတယ်။ သီလစင်ကြယ်တဲ့ ပုဂ္ဂိုလ်များ လိုအင်ဆန္ဒချက်ချင်းပြည့်တယ်။ သီလစင်ကြယ်တဲ့ အတွက်ကြောင့်ပဲ။ အဲဒီတော့ ဗုဒ္ဓလက်ထက်က သာဓက ဒီနေ့ခေတ် သာဓက နှစ်မျိုးစလုံးပြမယ်။ ဗုဒ္ဓလက်ထက်က သာဓက,က အပဒါန်ပါဠိတော်မှာ ငါးနှစ်သားနဲ့ ရဟန္တာဖြစ်တဲ့ မထေရ်တစ်ပါးရှိတယ်။

သူသည် လွန်ခဲ့သော ၉၁ကမ္ဘာမှာပွင့်တော်မူတဲ့ အနောဒဿီမြတ်စွာ ဘုရားလက်ထက်အခါတုန်းက စန္ဒဝတီနေပြည်တော်မှာ ဆင်းရဲသားဖြစ်ခဲ့ တယ်။ သို့သော် ကိုယ်ကျင့်သီလက ချမ်းသာတယ်။ ဥစ္စာစည်းစိမ်သာ ဆင်းရဲတာ။

ဒီမှာ ဆင်းရဲသားတွေ မများဘူးလား။ ဆင်းရဲသားခြင်းကိုယ်ချင်းစာလို့ နော်။ ဘုန်းကြီးတို့လည်း ဆင်းရဲသားပဲ။ ဘုန်းကြီးစာသင်တိုက်ရောက်တော့ မေးကြတာပေါ့။ ကိုယ်ရင်ဇာတ ကိုယ်ရင်ဇာတအဖေက ဘာလုပ်လဲ။ ဘုန်းကြီးက ငယ်ငယ်ကတည်းက ဟာသဉာဏ်တော့ ရှိတယ်သိလား။ ဒီဘုန်းကြီးက ဖြေတယ်။ အုပ်ချုပ်ရေးမှူး။ ဘေးက အထင်ကြီးတယ်။ ဒီကိုယ်တော်အဖေက အုပ်ချုပ်ရေးမှူး။ ဘာတွေအုပ်ချုပ်လည်း မသိဘူးပေါ့။ ပြောစမ်းပါဦး အရှင်ဘုရား အဖေက ဘာတွေအုပ်ချုပ်တာလဲဆိုတော့ မဟုတ်ဘူး။ အုတ်ခဲတွေကို မလှုပ်နိုင်အောင် ပလာစတာကိုင်ပေးတဲ့ ပန်းရံဆရာပါ။ အုတ်တွေ မလှုပ်တော့ဘူးလေ အဖေလုပ်လိုက်လို့။ အဖေက ပန်းရံဆရာ. . . ဆင်းရဲတာပေါ့။ အမေက ဈေးရောင်းတယ်။ ဆင်းရဲသားခြင်း ကိုယ်ချင်း စာလို့ ဒီတရားကို ဟောနေတာ။

ပရိသတ်တို့ မှတ်စမ်းပါ။ ဥစ္စာစည်းစိမ် ဆင်းရဲလို့ အပါယ်မကျဘူး။ ကိုယ်ကျင့်သီလဆင်းရဲမှ အပါယ်ကျတာ. . . မမှန်ဘူးလား။ သို့သော် ဝမ်းနည်းစရာ လည်းကောင်းတယ်၊ ကြေကွဲစရာလည်း ကောင်းတယ်။ ဒီနေ့ခေတ်

ဗုဒ္ဓဘာသာ အများစုဟာ ဥစ္စာစည်းစိမ်ဆင်းရဲမှာပဲ ကြောက်ကြတာ၊ ကိုယ်ကျင့်သီလ ဆင်းရဲမှာ၊ ကိုယ်ကျင့်သီလပျက်မှာ မကြောက်ကြတော့ဘူး။ အဲဒါ အရမ်းမှားတယ်။ သီလအပျက်ခံပြီးတော့ ငွေရှာတာဟာ ကိုယ်ကျင့်သီလတန်ဖိုး မထားလို့ပေါ့။ အဲဒီလိုမဖြစ်စေနဲ့. . . ။

အခုကြည့်စမ်း ဟောဒီဆင်းရဲသားတွေကတော့ ငါးပါးသီလကို တစ်ဘဝတာ လုံခြုံအောင်စောင့်နိုင်တယ်။ အဲဒီကုသိုလ်ကြောင့် ၉၁ကမ္ဘာ အပါယ်တံခါးပိတ်တယ်။ အကြိမ်၃၀ သိကြားမင်းလည်းဖြစ်တယ်။ ၇၅ကြိမ် စကြာမင်းဖြစ်တယ်။ စကြာမင်းဆိုတာ တစ်ကမ္ဘာလုံးအုပ်ချုပ်တဲ့ မင်း။ ရိုးရိုးဧကရာဇ် ဘုရင်ဘဝအကြိမ်ပေါင်းများစွာ ဖြစ်တယ်။ ဒီဘုရားသာသနာမှာကျတော့ အိန္ဒိယနိုင်ငံမှာ သူဌေးလာဖြစ်တယ်။ သူငါးနှစ်သားအရွယ်မှာ မိဘများနှင့်အတူ ရဟန်းတစ်ပါးထံမှာ သရဏဂုံနဲ့ငါးပါးသီလ ဆောက်တည်တယ်။ အဲဒီ ငါးပါးသီလအဆုံးမှာပဲ ဝိပဿနာဉာဏ်တွေအဆင့်ဆင့်တက်ပြီးတော့ ရဟန္တာဖြစ်သွားတယ်။ အဲဒါအခြားကုသိုလ် ကြောင့်လား၊ သီလကုသိုလ်ကြောင့်လား။ သီလကုသိုလ်ကြောင့်နော်။ စကြာမင်းလည်းဖြစ်တယ်၊ သိကြားမင်းလည်းဖြစ်တယ်၊ နတ်လည်းဖြစ်တယ်၊ ဧကရာဇ်ဘုရင်ကြီးလည်းဖြစ်တယ်။ လိုအင်ဆန္ဒတွေ အကုန်ပြည့်မသွားဘူးလား။ အဲဒါကြောင့် လိုတရတာ သီလပါ။ သီလ စောင့်ကြစမ်းပါ။ ဒီနေ့ခေတ်မှာလည်း ပြောပါ့မယ်။ ဟိုးရာဇဝင်ထဲက စပြီးပြောမယ်။

အနော်ရထာမင်းကြီးဆိုတာ ကြားဖူးတယ်မဟုတ်လား။ မြန်မာတွေကို ဗုဒ္ဓဘာသာဖြစ်အောင်လုပ်ခဲ့တဲ့ မင်းကြီးလေ။ အဲဒီ မင်းကြီးရဲ့ဖခင်ကိုတော့ ကွမ်းဆော်မင်းလို့ခေါ်တယ်။ အဲဒီကွမ်းဆော်မင်းဆိုတာ ပထမကဒီလိုပါ။ သူ့ရဲ့အဖေက တန်နက်မင်းလို့ခေါ်တယ်။ တန်နက်မင်းမှာ မိဖုရားတစ်ဦး ရှိတယ်ပေါ့။ နောက်တော့ အဲဒီတန်နက်မင်းကို စလေငခွေးဆိုတဲ့လူက လုပ်ကြံသတ်ဖြတ်လိုက်တယ်။ ရှေးခေတ်က အဲဒီလိုပဲ။ ဘုရင်ဖြစ်ချင်ရင် ဘုရင်သတ်လိုက်ကြတာ။ တန်နက်မင်း သေသွားတယ်။ သေသွားတော့ သူ့ရဲ့မိဖုရားက ဒီကွမ်းဆော်လူငယ်လေးကိုယ်ဝန်နဲ့ပဲ ရှိသေးတာကိုး။ အဲဒီ ကိုယ်ဝန်ကြီးနဲ့ ဆင်းရဲသားယောင်ဆောင်ပြီး နယ်စွန်နယ်ဖျားမှာ သွားပြီး ဟော့နေတယ်။ ဒီလူငယ်လေးမွေးလာတော့ ကလေးက မင်းသွေးပါလာတော့ ဘုရင်ပဲဖြစ်ချင်တယ်။ မင်းဖြစ်ချင်တယ်ပဲ ပြောတာကိုး။ အဲဒီမှာ ဗုဒ္ဓဘာသာ

တချို့ ရောက်နေပြီပေါ့။ ထင်ထင်ပေါ်ပေါ်တော့ မဟုတ်သေးဘူး။ အဲဒီမှာ ဗုဒ္ဓဘာသာ ရဟန်းတော်နဲ့ သူ့မိခင်က ဆုံးမတယ်။ ငါ့သားလိုအင်ဆန္ဒပြည့် ချင်ရင် လိုတရတာ သီလပဲရှိတယ်။ ဒါကြောင့် ငါးပါးသီလလုံအောင် စောင့်ပါလို့ ဆုံးမတယ်။ ကလေးက လုံအောင်စောင့်တယ်။ နောက် သူ့ အသက် ၁၉၊ ၂၀ကျတော့ သူ့အမေကိုပြောတယ်။ ဘုရင်ဖြစ်ချင်ရင် ဘုရင် နားသွားနေမှ ဖြစ်မှာ။ ကျွန်တော့်ကို ခွင့်ပြုပါပြောပြီး ထွက်လာတယ်။

အဲဒါ ပုဂံမြို့ပေါ်တက်ပြီးတော့ ဘုရင်နားမှာ သွားနေတယ်။ ဒီသူငယ် လေးက ဥပမိသမ္ပတ္တိ ပြည့်စုံတော့ မင်းကြီးက ကွမ်းဆော်ရာထူးပေးလိုက် တယ်။ အဲဒီမှာ ကွမ်းဆော်ဆိုတာဖြစ်လာတာ။ ကွမ်းဆော်မှာ နှစ်မျိုးအဓိပ္ပာယ် ဖွင့်တာတောင် ဖတ်ဖူးတယ်။ ပထမတစ်မျိုးက ကွမ်းဆော်ဆိုတာ ဘုရင် စားမယ့်ကွမ်းတွေ ဆက်သရတယ်လို့လည်း ဆိုပါတယ်။ နောက်တစ်မျိုးက တော့ ဘုရင့်ရဲ့အခွန်ဘဏ္ဍာတွေ ဆက်သဖို့ လူတွေကိုနှိုးဆော်ရတယ် . . . အဲဒါကိုလည်း ကွမ်းဆော်လို့ဆိုပါတယ်။

အဲဒီလိုနဲ့ ငါးပါးသီလကို လုံအောင်စောင့်ရင်းနဲ့ သူ့ရဲ့ဘုန်းကံတွေက တက်လာပြီး ကုသိုလ်တွေကလည်း များများလာတယ်။ ဒါကြောင့် ဘုန်းကံဆိုတာ ကုသိုလ်ကိုပြောတာ။ တချို့က မသိဘူး။ ဘုန်းကံဆိုတာ အကောင်အထည် ကြီးမှတ်လို့။ မဟုတ်တာတွေကို သွားထင်မိတတ်တယ်။

ဒါကြောင့် ကုသိုလ်ဆိုတာ ဘုန်းကံ၊ ဘုန်းကံဆိုတာ ကုသိုလ်ပဲ။ ထိုသူက တောစောင့်နတ်၊ တောင်စောင့်နတ် သစ်ပင်စောင့်နတ်တွေကို မေတ္တာပို့၊ အမျှပေးတယ်။ ဒါကြောင့် ဒကာမကြီးတွေ၊ ဒကာမလေးတွေ နတ်တွေချစ်စေ ချင်ရင် အရက်တွေ အုန်းသီးတွေတင်လို့တော့ အလကားပဲ။ မေတ္တာပို့၊ အမျှပေး တကယ်ချစ်တယ်။

အဲ. . . တစ်နေ့တော့ သူ့ရဲ့ကုသိုလ်ကံ အားကောင်းတဲ့အချိန် မင်းဖြစ်တော့ မယ်။ နားထောင်. . . စိတ်ဝင်စားစရာလေးပါ။ မင်းလောင်းပေါ်ပြီ။ ပုဂံက တူရွင်းတောင်ခြေမှာ မင်းလောင်းပေါ်ပြီ။ သွားဖူးကြမယ်ဆိုပြီး သွားလိုက်ကြ တာ ပုဂံမြို့ထဲက ပြည်သူတွေအကုန်နီးပါးပဲ စစ်တပ်တောင်ပါတယ်။ အဲဒီတော့ ကွမ်းဆော်သတို့သားလေးကလည်း ငါလည်းဘုရင် ဖြစ်ချင်တာ။ အခု မင်းလောင်းပေါ်ပြီတဲ့။ ဘုရင်ဖြစ်မယ့်လူဆိုတာ ဘယ်လိုပုံစံလဲဆိုတာ သိအောင် ငါသွားကြည့်မယ်ဆိုပြီး သွားတယ်။ သူလည်း မင်းလောင်း

ကြည့်ဖို့သွားတာနော်. . . သစ်ပင်ကြီးတစ်ပင်နားရောက်တော့ သူပေးတဲ့ အမျှတွေ သာစုခေါ် ရလို့၊ သူပို့တဲ့မေတ္တာတွေ ခံယူရလို့ အဲဒီသစ်ပင်စောင့် နတ်က အဘိုးကြီးယောင်ဆောင်ပြီးတော့ "ဟေ့ သူငယ် ဘာသွားလုပ်မှာလဲ" လို့မေးတယ်။မင်းလောင်းသွားကြည့်မလို့. . . ဒီတိုင်းမသွားနဲ့ ဒီမြင်းကို စီးပါ"ဆိုပြီး နတ်က ကူညီပေးရှာတယ်. . . ပြီးတော့ ဥဿျောင်လေးကို ဆောင်းပါဆိုပြီး သူ့ခေါင်းပေါ် ဆောင်းပေးလိုက်တယ်။ မင်းဆောင်းတဲ့ ဥဿျောင်ပေါ့။ ရော့ ဒီလှံလေးကို ကိုင်ပါ. . . မင်းအဲဒီအတိုင်းသွားလိုက်. . . ပိုအဆင်ပြေတယ်" လို့ပြောတယ်။ တကယ်တော့ ကွမ်းစော်သတို့သား လေးက မင်းလောင်းကြည့်ဖို့သွားတာ. . . . အခုတော့ သူကိုယ်တိုင် မင်းလောင်းဖြစ်နေပါပြီ။ သူမသိဘူးနော်။ လူအုပ်ကြီးကလည်း ပြည့်နေပြီ. . . တစ်ပြည်လုံးသွားတာနော်။ သူ့ကိုလည်း မြင်ရော. . . မြင်းကြီးနဲ့ကြွားကြွား ဝံ့ဝံ့နဲ့လှံကြီးနဲ့ သူ့ကိုမြင်တော့ "မင်းလောင်းလာပြီဟေ့. . "အဲဒီကျမှ အော်. . . ငါ့ရဲ့ဆရာ ဘုန်းကြီးနဲ့အမေပြောတာ မှန်လိုက်တာ. . . ကြည့်စမ်း ဘာလက်နက်မှလည်းမစုဘူး၊ ဘာလူမှလည်း မစုဘူး။ ငါစုထားတာက သီလကုသိုလ်. . . ပေါ်ပြီ. . .။ ကြည့်စမ်း. . . သီလကုသိုလ်က မင်းအဖြစ် ပို့တော့မှာပါလားဆိုပြီး သူ့အမေနဲ့ဘုန်းကြီးဆီကို လက်အုပ်ချီမိတယ်။ နန်းသိမ်းပွဲခံမယ်ဆိုပြီး အဲဒီပြည်သူလူထုကို ခေါင်းဆောင်ပြီးတော့ ပုဂံ နန်းတော်ကို ပြန်ဝင်လာကြတယ်။

ကဲ. . . နားထောင်။ တကယ့်စိတ်ဝင်စားစရာ ဒီနေရာမှ ရောက်ပြီ။ အဲဒီတုန်းက ပုဂံပြည်ကိုစိုးမိုးအုပ်ချုပ်နေတာက တောင်သူကြီးမင်း။ အဲဒီမင်းက သူများအသက်သတ်ပြီးတော့ မင်းဖြစ်လာတာ။ အရင်တုန်းက သခွားသီးတွေဘာတွေစိုက်တဲ့ တောင်သူ။ တစ်ရက်တော့ အဲဒီပုဂံမင်းက တောလည်ရင်း သူ့အခြွေအရံတွေနဲ့ကွဲပြီးတော့ မောမောပန်းပန်းနဲ့ ပိုင်ရှင်ဆီ ခွင့်မတောင်းဘဲ သခွာသီးကိုခူးပြီးတော့ စားတယ်။ အဲဒီတော့ ဘုရင်က သူခိုးဖြစ်သွားတာပေါ့။ ဘုရင်လည်း ခိုးတာပဲနော်။ အဲဒီမှာ တောင်သူကြီး မင်းက "သယ်. . ." ဘယ်ကမှန်းလည်းမသိဘူးလေ။ ချွေးတွေသံတွေနဲ့ စုတ်ပြတ်နေတော့ အလကားသူခိုး. . . စားချင်ရင် တောင်းမစားဘူး. . . ခိုးစားတယ်. . . သေဖို့သာပြင်ဆိုပြီးတော့ တူရင်းပြားနဲ့ရိုက်တာ အဲဒီမင်း သေသွားတယ်။ အဲဒီခေတ်အချိန်အခါက ဘုရင်ဖြစ်ချင်ရင် ဘုရင်သတ်ရတဲ့

ခေတ်လေ။ အဲဒီမှာပင် မိဖုရားခေါင်ကြီးက တိုင်းပြည်တော့ မင်းသေတယ်ဆိုရင် တိုင်းပြည်ပြိုကွဲလိမ့်မယ်ဆိုပြီး အဲဒီသတင်းကို ဖုံးထားတယ်။ ပြီးတော့လေ အဲဒီတောင်သူကြီးမင်းကို လျှို့ဝှက်နန်းတွင်းထဲခေါ်ပြီးတော့ မင်းတို့ တတ်အပ်တဲ့ အတတ်ပညာတွေ၊ အမူအရာတွေ သင်ပေးပြီးတော့ မင်းမြှောက်လိုက်တာ။ အဲဒီမှာ တောင်သူကြီးမင်းဆိုတာ ဖြစ်လာတာ။

အဲဒီမှာပြောချင်တာက လက်ရှိပုဂံအုပ်ချုပ်နေတဲ့မင်းက သူများအသက်ကိုသတ်ပြီးတော့ မင်းဖြစ်လာတာ။ သီလလုံရဲ့လား။ အခုလာတဲ့ ကွမ်းဆော်သတို့သားလေးက ဘယ်သူ့အသက်မှ မသတ်ဘူး။ သီလတန်ခိုးနဲ့လာတာ။ ဟော သီလရှိန်နဲ့ သီလမဲ့ ပြိုင်ကြပါပြီ။ ကွမ်းဆော်သတို့သားလေးနဲ့ မင်းကြီးနဲ့ နောက်ကလည်း သူ့ပြည်သူတွေအပြည့် . . ။ တောင်သူကြီးမင်းကလည်း သယ် . . . ငါလို ဘုရင်ရှိရဲ့နဲ့ ဘယ်မင်းလောင်းက ပေါ်ရသေးလဲ။ သိကြသေးတာပေါ့။ အဲဒီ မင်းလောင်း ငါကိုယ်တိုင်လည်ပင်းဖြတ်သတ်မယ်ဆိုပြီး သံတူရွင်းစွဲလိုက်ပြီးတော့ နန်းတော်ပေါ်က ဆင်းချလာတယ်။ နန်းတော်အောက်ခြေကျတော့ ဘီလူးရုပ်ကြီးတွေ ထုထားတာရှိလိမ့်မယ်။ ကျောက်ဘီလူးရုပ်ကြီးတွေ ကျောက်နဲ့ထုထားတာ။ တင်းပုတ်ကြီးတွေ၊ ဘာကြီးတွေ ကိုင်ထားတဲ့ပုံကြီးပေါ့။ ကျောက်ဆင်းထုရုပ်ကြီး အောက်လည်းရောက်ရော အဲဒီ ဘီလူးရုပ်ကြီးလက်တစ်ဖက်က ကျိုးကျသွားသတဲ့. . . ကျောက်ဆိုတော့ အကြီးကြီးပေါ့။ အဲဒီကျောက်လက်ကြီးက စောစောက တောင်သူကြီးမင်းရဲ့ခေါင်းပေါ်ကို ပြုတ်ကျတာ ခေါင်းကွဲပြီး သေသွားတယ်။ ကြည့်စမ်း. . . သီလရဲ့တန်ခိုးကြောင့် ကွမ်းဆော်သတို့သားလေး သတ်စရာများလိုသေးလား။ သူ့စရိတ်နဲ့သူသွားတာ။ အဲဒီမှာတင် ကွမ်းဆော်မင်းဆိုပြီး ဘုရင်ဖြစ်ခဲ့တာ။ သူ့ရဲ့သားက အနော်ရထာပါပဲ။ ရှင်းပြီလား. . . ဒါဟာ စိတ်ကူးယဉ်လား။ တကယ်ဖြစ်ရပ်လား။ ရာဇဝင်မှာ တကယ်ဖြစ်ခဲ့တဲ့ တကယ့်ဖြစ်ရပ်နော်။ ဒါဆို လိုတရတာ သီလဆိုတာ မသေချာဘူးလား။

အခုတော့ တို့ဒကာ၊ ဒကာမတွေ၊ မြန်မာအများစုက လိုတရတာက ခိုးတာလို့ထင်နေတယ်။ ခိုးရင် လိုတာရပြီလို့ထင်နေကြတယ်။ အဲဒါခဏသုံးရတာပါ။ အကျင့်တွေ ယနေ့ကစဖျောက်ကြပေါ့။ ခိုးတဲ့ပုဂ္ဂိုလ်တွေ မှတ်ထား ဖြစ်ရာဘဝဆင်းရဲတတ်တယ်. . . . သေချာမှတ်နော်။ အခုဘဝ ဘာစီးပွားမှရှာလို့ မရအောင် အဆင်မပြေတဲ့ ပုဂ္ဂိုလ်တွေသည် ခိုးတဲ့ကံ

ပါလာတယ်။ ပေါ်တင်ပြောတာနော်။ ငါကတော့ ဆင်းရဲတာပဲဟော့ ခိုးမှာပဲဆိုရင်တော့ ပိုဆိုးပြီလို့သာ မှတ်လိုက်တော့။ ဆင်းရဲလို့မပြီးနိုင်တော့ဘူး။

အဲဒီလိုခိုးခဲ့တဲ့ပုဂ္ဂိုလ် နဖူးပေါ်ကချွေး ခြေမကျအောင်
စီးပွားရှာလို့ စီးပွားဖြစ်ထွန်းလာမည်ဆိုလျှင် မီးလောင်ပြီး
တော့ ကုန်တယ်။
မြန်မာပြည် ခဏ. . . ခဏ မီးမလောင်ဘူးလား။ လောင်မှာ
ပေါ့. . . သူနိုးတွေက တအားပေါ်တာကိုး. . . လောင်မှာပဲ။
လောဘ်စားတာလည်း ခိုးခြင်းပဲ. . . အတူတူပဲ။
မီးမလောင်ရင်ရော ရေမျောမည်။
ရေမမျောရင်ရော သူခိုးပြန်ခိုးမည်။
သူခိုး မခိုးရင်ရော မင်းကသိမ်းမည်။
မင်းကမသိမ်းရင်ရော အမွေခံသားဆိုး၊ သမီးဆိုး ဖျက်ဆီး
မည်။
ကဲ. . . ကြောက်စရာမကောင်းဘူးလား။ အဲဒါ ရန်သူမျိုး
ငါးပါးလို့ခေါ်တယ်။

ဟောဒီ ဒကာ၊ ဒကာမတွေက ကိုယ့်ရဲ့စီးပွားဥစ္စာတွေက ရန်သူမျိုးငါးပါးဖျက်ဆီးတာ ကြိုက်သလား။ မကြိုက်ရင် မတရားသောနည်းနှင့် မတရားမယူပါနဲ့။ တို့မြန်မာပြည်မှာ ခိုးတဲ့ပုဂ္ဂိုလ်တွေလည်းရှိတယ်။ သို့သော် ကိုယ်ကျင့်သီလကို အသက်ထက်တန်ဖိုးထားတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးရှိတယ်။

ဒီနေ့ပြောပြဦးမှာပါ. . . စုံအောင်ပြောပြပါ့မယ်။ ခက်တာက တချို့ကလည်း ကိုယ့်မြန်မာတွေ ဘာတွေသိက္ခာကျမှန်း၊ ဘာမှန်းလည်း မသိဘူးပေါ့ဗျာ။ သူတို့ကတော့ ပျက်လုံးဆိုထုတ်လိုက်တာပေါ့။ သို့သော် သိက္ခာ အကုန်ကျသွားတယ်။ တို့ပရိသတ်ကြားဖူးပါလိမ့်မယ်။ ပျက်လုံးတစ်ခု တစ်ခါက အဲဒီသူဌေးကြီးတစ်ယောက်က အနံ့ခံပညာကျွမ်းကျင်တယ်။ အဲဒီတော့ သူ့လေယာဉ်ကြီးနဲ့ ကမ္ဘာပတ်တယ်ပေါ့ဗျာ။ ဗဟုသုတပေါ့. . .။ အဲဒီလိုပတ်သွားရင်းနဲ့ နိုင်ငံတစ်ခုအပေါ်ဖြတ်တဲ့အခါမှာ လေယာဉ်တံခါးလေးဖွင့်ပြီးတော့ သူ့လက် ကလေးအပြင်ထုတ်လိုက်တယ်။ ပြီးတော့အထဲပြန်ယူပြီး

နမ်းကြည့်လိုက်တော့ ရေနံနံ့တွေ ရတယ်။ ဒါ အာရပ်နိုင်ငံဖြတ်နေပြီ။ အာရပ်နိုင်ငံက ရေနံထွက်တာကိုး။ ဒီလိုသိတယ်။ နောက်တစ်ခါ ဆက်မောင်းတယ်။ နိုင်ငံတစ်ခုဖြတ် လက်ကလေးထုတ်ပြီးတော့ အထဲပြန်သွင်းပြီး နမ်းကြည့်တယ်။ ဝက်သားနံ့ရတယ်။ တရုတ်ပြည်ဖြတ်နေပြီ။ တရုတ်တွေက ဝက်သားကြိုက်တယ်လေ။ တရုတ်ပြည်ရောက်ရင် ဝက်သားနံ့ရတယ်။ နောက်တစ်ခါ ဆက်မောင်း နိုင်ငံတစ်ခုဖြတ်. . .။ အဲဒီနိုင်ငံကျတော့ အနံ့ခံစရာမလိုဘူး။ ဖွင့်ကြည့်တာနဲ့သိတယ်။ တံခါးလေးဖွင့် လက်လေးထုတ်. . . ပြန်လည်းသွင်းလိုက်ရော အဲဒီသူဌေးကြီးရဲ့လက်မှာပတ်ထားတဲ့ နာရီမရှိတော့ဘူး။ အောက်က လှမ်းဖြုတ်လိုက်တယ်လေ။ အဲဒီမှာ သူဌေးကြီးကပြောတယ်. . . မြန်မာပြည်ဖြတ်နေပြီတဲ့။ သေရောဗျာ. . . မြန်မာတွေ သူခိုးလို့ပြောတာသိလား။ ကြည့်စမ်း တော်တော်ရှက်စရာကောင်းတဲ့ ပျက်လုံးပဲနော်။ တကယ်တော့ ပြောမယ်ဆိုလည်း ပြောစရာပဲ ခိုးတဲ့ ပုဂ္ဂိုလ်တချို့ တကယ်ရှိတာကိုး. . . မြန်မာက တကယ်ဉာဏ်ကောင်းတယ်။

ကမ္ဘာမှာ ဉာဏ်အကောင်းဆုံးက မြန်မာတွေပဲ။ သို့သော် ကိုယ်ကျင့်သီလတွေနည်းလို့ မြန်မာတွေဟာ တိုးတက်သင့်သလောက် မတိုးတက်တာ။ ကိုယ်ကျင့်သီလသာရှိလိုက်ရင် ဘုန်းကြီးပြောရဲတယ်။ မြန်မာကို ကမ္ဘာက ဘယ်သူ့မှမမီဘူး။ ဉာဏ်ထက်တဲ့နေရာမှာ တကယ်မြန်မာကို ဘယ်သူ့မှ မမီဘူး။ သို့သော်မဟုတ်တဲ့ နေရာအသုံးချမိကြတာ။ အခုကြည့်လေ. . . ခိုးတဲ့နေရာ အသုံးချတဲ့ပုံပြောဦးမယ်။ ခိုးနည်း. . . တစ်နည်းပေါ့။ တောင်ကိုရီးယားကတောင် နည်းယူရသည်။ မြန်မာခိုးနည်းကိုလေ တံတားဆောက်ဖို့ သူတို့အကူအညီယူဖို့ လာကြတယ်ပေါ့။ ဒီရောက်တော့ ကိုရီးယားတွေကပြောတယ်။ သူတို့အချင်းချင်း. . . ဟော့ကောင်တွေ မြန်မာကားမောင်းသမားတွေက စက်သုံးဆီခိုးတယ်။ သူတို့မခိုးအောင်လုပ်ကြမယ်။ ဘယ်လိုလုပ်မလဲ။ မြေသယ်တဲ့ကားတွေကို သူတို့ကိုယ်တိုင် တစ်ရက်မောင်းကြတယ်။ နာရီနဲ့ကြည့်ပြီး အခေါက်အရေနဲ့ သူတို့သေချာတွက်ကြည့်တယ်။ ဆီ(၁၀)ဂါလံ ဆိုရင် အခေါက်(၅၀)နှုန်းနဲ့ ညနေ(၄)နာရီထိုးအထိအကိုက်ပဲဆိုပြီး သူတို့တွက်လို့ရတယ်။ အဲဒီအချိန်မှာ မြန်မာကားသမားတွေ လာကြ. . . မင်းတို့ တစ်စီးစီရော့. . . (၁၀)ဂါလံ အခေါက်(၅၀)ပြည့်အောင် သယ်ကြ။ မြန်မာ ကားသမားတွေက ဉာဏ်ကောင်းတယ်

သိလား။ မေးတယ် အခေါက်(၅၀) ပြည့်ရင် ပြီးရောလား။ အခေါက်(၅၀) ပြည့်ရင် ပြီးရောကွာ။ ပိုရင်ရောင်း စားကြ။ မပိုမှန်းသိနေတာကိုး. . . အဲဒါ သူတို့အရှေ့မှာပဲ အခေါက်(၅၀)လည်း ပြည့်တယ်။ အဲဒီ ကိုရီးယားတွေ ရှေ့မှာပဲ မြန်မာကားသမားတွေက စက်သုံးဆီတွေကို ပေပါလိုက်ရောင်းစား ကြတယ်။ သူတို့တွေ ခေါင်းစားတယ်။ ခေါင်းကုတ်ကြတယ်။ ဘယ်လိုပါလိမ့်။ အခေါက်(၅၀)လည်း အကုန်ပြည့်တယ်။ ဆီတွေလည်း ပိုတယ်။ ဘယ်လိုဖြစ်လဲ ပေါ့။ မြန်မာတွေခိုးနည်း သွားကြည့်ကြတယ်။ ဒီလိုကိုးဗျ။ မြေသယ်တဲ့ကား ၁၀စီးကို ၁စီးစီမသွားဘူး။ ရှေ့ ၅စီး၊ နောက် ၅စီး တည့်တည့်ရပ်တယ်။ ပြီးတော့မှ မြေတွေအပြည့်ထည့်။ ၁၀စီးလုံး အကုန် ပြည့်ပြီဆိုမှ ပရိသတ်များ ရှေ့ ၅စီးပဲ စက်နှိုးတယ်။ နောက် ၅စီးကို စက်မနှိုးဘဲ ကြိုးနဲ့ဆွဲသွားပါတယ်။ နောက် ၅စီးက ဆီတွေပိုတာပေါ့။ အဲဒါကို ရောင်းစားရတာပေါ့။ မြန်မာတွေ ခိုးတဲ့နည်း ကမ္ဘာကတောင် အတုခိုးရပါတယ်ဗျာ။

အဲဒီတော့ ပရိသတ်တို့ရေ ခိုးနည်းကတော့ လူတင်မကပါဘူး. . . မြန်မာပြည်က ကြွက်ဟာ တခြားနိုင်ငံကကြွက်ထက် ပိုခိုးတတ်ပါတယ်။ နားထောင်နားထောင် တကယ်အဖြစ်အပျက်ပြောဦးမှာ။ ရန်ကုန် သာသနာ့ တက္ကသိုလ်မှာ ဟိုတလောက ထူးထူးခြားခြား တခြားပစ္စည်းမပျောက်ဘူး။ သံဃာတွေအတွက် ချက်ပြုတ်မယ့် ကြက်ဥအလုံး ၁၀၀ ညတွင်းချင်းပျောက် တယ်။ အစအနကို ရှာမတွေ့ဘူး။ အကွဲရှာတာလည်း မတွေ့ဘူး။ စားဖိုမှူးကြီးက ဒုက္ခပဲ။ တိရစ္ဆာန်တစ်ကောင်ခိုးရင် အစရှာတွေ့မှာ။ လူများ ခိုးလား။ ဒီသူခိုးကလည်း ကြက်ဥမှခိုးရသလား။ တခြားအဖိုးတန် ဘာဖြစ်လို့ မခိုးတာလဲ။

ကဲ. . . ဒီညစောင့်မယ်။ နောက်ထပ် ကြက်ဥအလုံး ၁၀၀ထပ်ဝယ်ပြီး အရင် နေရာမှာချထားတယ်။ ပြီးတော့ အမှောင်ထဲကနေ ခြင်ထောင် ထောင်ပြီးတော့စောင့်တယ်။ ညသန်းခေါင်ကျတော့ လာပါပြီ။ မြေကြွက်ကြီး ၁၀ကောင် ဝင်ချလာတယ်။ အဲဒီမြေကြွက်ကြီးတွေက ကြက်ဥကို မကွဲမရှအောင် ခိုးပုံလေး ပညာပါ လွန်းလို့ပါ။ ဟော မြေကြွက်ငါးကောင်က ကြက်ဥပုံနားသွား ပက်လက်လေး လှန်လိုက်တယ်။ ပြီးတော့ ကြက်ဥလေး တွေကို သူတို့ဗိုက်ပေါ်ကို ဖြည်းဖြည်းချင်းလိမ့်ပြီးတော့ တင်တယ်။ ပြီးတော့ လက်နှစ်ဖက်ခြေနှစ်ဖက်နဲ့ ကုတ်ထားတယ်။ မျက်စိထဲ မြင်ကြည့်ကြ။

ကြွက်လေးငါးကောင် ပက်လက်လေးနဲ့ ကျန်တဲ့ငါးကောင်က အဲဒီပက်လက် ဖြစ်နေတဲ့ ကြွက်ကလေးတွေရဲ့ အမြီးလေးတွေကို ပါးစပ်နဲ့ကိုက်ပြီးတော့ ဆွဲယူသွားသည်။ ကြက်ဥတစ်လုံးမှ မကွဲပါဘူး။ ပညာသားပါတယ်နော်။ ဘယ်သူသင်ပေးထားလဲ မသိဘူး။ နောက်တော့ သူတို့အပေါက်ကို သွားကြည့်တော့ ကျန်တဲ့ အလုံး၁၀၀အကုန်ပြန်ရတယ်။ တစ်လုံးမှ မကွဲဘူး။

ဘုန်းကြီးကမှန်းတယ်။ ဒီကြွက်တွေ ပညာသားပါလိုက်တာ။ ဘယ်လိုလုပ် ခိုးတတ်ပါလိမ့်။ ဒီကောင်တွေ အရင်ဘဝတုန်းက ခိုးတတ်တဲ့ ဝန်ထမ်းတွေ သေပြီးတော့ ကြွက်ဖြစ်တာနေမှာ။ ကြွက်ဘဝထိ ခိုးတုန်းပဲ။ မလုပ်ကြနဲ့။ မြန်မာဆိုလို့ရှိရင် ဘုန်းကြီးက ဂုဏ်ယူချင်တယ်။ မြန်မာဆိုလို့ရှိရင် ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာဆိုရင် ငါးပါးသီလ လုံပြီးသားပဲ။ အဲဒီလိုဖြစ်စေချင်တယ်။ အဲဒီလို လုံသွားတဲ့ မြန်မာတွေလည်း အများကြီးရှိခဲ့တယ်။ တချို့ မတရားတဲ့ဟာ ဆိုရင် ဘာမှကိုမယူချင်တာ။

အဲဒါက မြိတ်မြို့နယ်က. . . ဂုဏ်ယူစရာ။ အမျိုးသားတွေ ဂုဏ်ယူစရာပေါ့။ မြိတ်မြို့နယ်ကို တို့ပရိသတ်တွေဖိတ်ရဦးမယ်။ မြိတ်မြို့နယ်ကို ရောက်လို့ရှိရင် ဘုန်းကြီးကျောင်းကိုဝင်တည်းကြနော်။ ကျောင်းလိပ်စာလေး ပြောပြမယ်။ သစ်ညီနောင်ဓမ္မရိပ်သာကျောင်း။ ကျောက်ဖြူတောင်ရွာ၊ မြိတ်မြို့နယ်ဆိုရင် တစ်နယ်လုံးသိပါတယ်။ မေတ္တာရှင်(ရွှေပြည်သာ)ရိပ်သာဆိုရင် ပစ်နယ်လုံး သိပါတယ်။ ရောက်တဲ့ အခါ ဝင်တည်းပေါ့။ တစ်ခုတော့ရှိတယ်။ မြိတ်မြို့ကို သွားတည်းမယ်ဆိုရင် မြိတ်စကားတော့ သင်ရတယ်။ မြိတ်စကား မတတ်ဘဲနဲ့ မြိတ်မြို့သွားရင် ပြဿနာတက်တတ်တယ်။ နည်းနည်းသင်ပေးမယ်နော်။ ဗဟုသုတပေါ့။ မြိတ်သူမြိတ်သားတွေက ပျင်းပုံရတယ်။ စကား အကုန်မပြောဘူး။ ထမင်းဆိုရင် 'မင်း'တဲ့၊ 'ထ' မပါဘူး။ တော်တော် ပျင်းတယ်သိလား။ ငပိရည်ဆိုရင် 'ပိဖျော်'။ အတို့အမြုပ်ဆိုရင် 'ပိရှာ'။ အဲဒီတော့ ငပိရည်၊ အတို့အမြုပ်တို့က ရှည်တယ်။ မြိတ်မြို့ကတော့ ပိဖျော်၊ ပိရှာပဲ။ အဲဒီလိုသုံးတယ်နော်။ နောက်တစ်ခါ သုံးတဲ့တစ်ခုက ဖရဲသီးကို 'စိန်ခွား သီး'တဲ့၊ ဖရဲသီးလို့ မခေါ်ဘူး။ ဘယ်လိုမှ သင်လို့မရဘူး။ ပုသိမ်ကကျောင်း ဆရာတစ်ယောက်ဆိုရင် ဆရာတော်ကိုလျှောက်တယ်။ မြိတ်က ကလေး တွေကို ဖရဲသီးသင်တာသင်လို့မရဘူး ဘုရားတဲ့။ ဒကာကြီးကလည်း

စာလုံးပေါင်းပြရင် မတတ်ဘူးလား။ မရဘူး. . . ဘုရား။ ပေါင်းခိုင်းတာပဲ။ ဖထုတ်ရေဖ ရနောက်ပစ်ရဲ သရေလုံးကြီးတင်ဆံခတ်သိဝစ္စနှလုံးပေါက်သီး ပေါင်းစမ်းကွာ ဆိုတော့ စိန်ခွားသီးတဲ့။ ဘယ်လိုမှသင်လို့မရဘူးတဲ့။ သင်္ဘောသီးကျတော့ 'ရှိန်းခိုသီး'လို့ ခေါ်တယ်။ ရာဘာပင်ကျတော့ 'ကော်ပတ်ပင်'။ ရာဘာစေးကျတော့ 'ကော်ပတ်စေး'။ ဒီလိုပေါ့ ကော်ပတ်လို့သုံးတယ်။ နောက် သီဟိုဠ်သရက်စေ့ ဒီမှာမရှိဘူးလား။ သူတို့က အဲဒီလိုမခေါ်ဘူး။ သီဟိုဠ်သရက်ကို 'ခရူပင်'၊ သီဟိုဠ်စေ့ကို 'ခရူစေ့'။ သူတို့ အသုံးအနှုန်းလေး တွေပေါ့နော်။

နောက်ပြီးတော့ ထမင်းစားခေါ်တဲ့အခါမှာလည်း အဲဒီမှာ ရန်ဖြစ်တတ်တယ်။ ရန်ကုန်မှာတော့ ဧည့်သည်တွေ ထမင်းဆာရင် ထမင်းစားကြွပါ။ မြိတ်က အဲဒီလိုမခေါ်ပါ။ မြိတ်ခေါ်တာ နားထောင်ကြည့်။ ဧည့်သည်တွေ ထမင်းငတ်ရင် ထမင်းစားလာကြ။ ငတ်မှ စားတာ မငတ်ရင် မစားဘူးတဲ့။ သူတို့က ဆာတာကို ငတ်တယ်လို့ သုံးတာ။ စိတ်မဆိုးနဲ့ပေါ့ နော်။ တစ်ခါ တို့ပရိသတ်တို့က ညမိုးချုပ်ရင် မှောင်လာပြီလို့ မပြောဘူးလား။ မြိတ်က အဲဒီလိုမပြောဘူး။ မိုက်လာပြီ။ မှောင်တယ်ဆိုရင် မိုက်တယ်။ အဲဒီ အသုံးအနှုန်းမသိတော့ ရန်ကုန်သားတစ်ယောက်နဲ့ မြိတ်သားတစ်ယောက် နောင်ဂျိန်ချဖူးတယ်။ သူကတော့ အဲဒီလိုပေါ့ဗျာ. . . ဘာမှမလေ့လာဘဲနဲ့ မြိတ်သားစကားနားမလည်ဘဲ မြိတ်မြို့ကိုသွားရော။ သူသွားမယ့်. . . တည်းမယ့်အိမ်ကို. . . တက္ကစီဆိုင်ကယ်ငှားတယ်။ တက္ကစီ ဆိုင်ကယ်မောင်းတဲ့ သူက မြိတ်သားပေါ့။ အဲဒါဆိုင်ကယ်ငှားပြီး သွားရှာတော့ သူ့အိမ်က ချောင်ကျတော့ မိုးချုပ်မှတွေ့တယ်။ မှောင်မှတွေ့တယ်။ အဲဒါ ဆိုင်ကယ်ခ ဘယ်လောက်ရှင်းရမလဲဆိုတော့ ငါးထောင်ဆိုတော့ နှစ်ဆလောက်ပိုတောင်းတယ်။ သူကတော့ မိုးချုပ်လို့တောင်းတာပေါ့။ အဲဒါကို ရန်ကုန်သားက မသိတော့ ဟော့ကောင် မင်းတောင်းတာများတယ်။ ဘာဖြစ်လို့အများကြီးတောင်းရတာလဲဆိုတော့ မြိတ်သားကလည်း ခပ်တည်တည်ပြောတယ်။ မိုက်လို့တောင်းတာ မိုက်ရင်ထိုးတယ်ကွာဆိုပြီး ဟိုကလည်း ပြန်ချ နောင်ဂျိန်ချရုံးရောက်ပါတယ်ဗျာ။ ရုံးမှာမေးကြည့်တော့ မှောင်လို့တောင်းတာဆိုတော့ ဒီကထိုးပြီးသွားပြီ။ ဒါကြောင့် မထိုးမိခင် ကြိုပြောထားတာနော်။ မှောင်တာကို မိုက်တယ်လို့ သုံးတယ်။

နောက်တစ်ခု တို့ပရိသတ်ခရီးသွားတဲ့အခါမှာ လက်ဆွဲအိတ်မပါဘူးလား။ အဲဒါကို အဲဒီကလူတွေကျတော့ လက်ဆွဲအိတ်လို့မခေါ်ဘူး။ သိက္ခာလို့ခေါ်တယ်။ လက်ဆွဲအိတ်အောက်ချပါဆိုရင် သိက္ခာချပါ။ ဒီမှာသိက္ခာချတာဘုန်းကြီးလူထွက်တာလေ။ အသုံးအနှုန်းက မတူဘူး။ အဲဒီအခါ မွေကထိကအသစ်တစ်ပါးက မြိတ်ကိုကြွတော့ တစ်ခါတည်း သူကအိတ်ကြီးဆွဲပြီး လေယာဉ်ပေါ်ကဆင်းလာတယ်။ အောက်မှာကြိုနေတဲ့ မြိတ်သူ မြိတ်သားတွေကအများကြီး၊ ဝတ်အသင်းတွေရောပေါ့။ မြိတ်သူမတစ်ယောက်က အာကျယ်ရှာကျယ်နဲ့ လှမ်းအော်လျှောက်တယ်။ သူလျှောက်တာက "အရှင်ဘုရား . . အရှင်ဘုရား သိက္ခာချတပည့်တော်မ ယူမယ်" အဓိပ္ပာယ်ဘယ်ရောက်သွားလဲစဉ်းစားကြည့်ကြပါတော့။ ဘုန်းကြီးမျက်နှာတွေရဲလို့ တရားတောင်မဟောရဲတော့ဘူး။ သူပြောချင်တာကတော့ အိတ်ကိုအောက်ချပါ သူဆွဲခဲ့မယ်လို့ပြောချင်တာ။ အခုတော့ လူထွက် လက်ထက်မယ် ဖြစ်သွားတယ်။

နောက်တစ်ခုက အဲဒီလူက ကိုတင်ဝဏ္ဏတဲ့။ တကယ်လေးစားဖို့ကောင်းလို့ပါ။ ဗုဒ္ဓဘာသာတွေကို အဲဒီလိုမျိုး ဖြစ်စေချင်တယ်။ သူကရန်ကုန်မြို့ကနေပြီးတော့ ကွန်ပျူတာပစ္စည်းတွေ မှာပြီးတော့ ပြန်ရောင်းတယ်။ တစ်ခါမှာရင် သိန်းလေးငါးခြောက်ဆယ်ဖိုးလောက်မှာတယ်။ တစ်ခါတော့ မှာလိုက်ရောပေါ့ဗျာ။ ပစ္စည်းတွေလည်း ရောက်လာပြီ။ ပစ္စည်းနဲ့အတူ ဘောက်ချာကပါပြီးသား ပြီးမှငွေက လွှဲမှာကိုး . . .။ တိုက်ကြည့်တော့ အဲဒီဆိုင်ကကို မှားတာ။ ဆိုကြစို့ ပစ္စည်းကဒီမှာ ၄၅သိန်းဖိုးလို့ စာရင်းပြထားပါတယ်။ သေချာစစ်ကြည့်တဲ့အခါမှာ သိန်း၅၀ဖိုးဖြစ်နေတယ်။ ကဲ. . . သူ့ဘောက်ချာအတိုင်းပဲ ၄၅သိန်းဖိုးစာရင်းဆိုရင် သူ့အတွက် ၅သိန်း အပိုမရဘူးလား။ မယူဘူး. . .။ အဲဒါ ဗုဒ္ဓဘာသာစစ်စစ်ပဲ။ ကိုယ်ကျင့်သီလကို ဘာပစ္စည်းနဲ့မှ ဘာငွေကြေးနဲ့မှမလဲတာဟာ ဗုဒ္ဓဘာသာမြန်မာစစ်လို့ပဲ။ အဲဒီလိုမဟုတ်ဘဲနဲ့ မိမိရဲ့ကိုယ်ကျင့်သီလကို ရာထူးအတွက်ကြောင့်ဖြစ်စေ၊ ဥစ္စာအတွက်ကြောင့်ဖြစ်စေ၊ ငွေအတွက်ကြောင့်ဖြစ်စေ တစ်ခုခုအတွက်နဲ့လဲရင် ဗုဒ္ဓဘာသာမြန်မာမစစ်ဘူး။ အလကား. . . ဗုဒ္ဓဘာသာ ခေါင်းဆောင်းထားတဲ့ ဒေဝဒတ်တပည့်တွေပဲ။ ဒီနေ့ မြန်မာပြည်မှာ စစ်ကြည့်ရင် ဗုဒ္ဓဘာသာယောင်ဆောင်ထားတဲ့ ဒေဝဒတ်တပည့်တွေချည်းပဲ များ တယ်။ အမည်ကတော့ ဗုဒ္ဓဘာသာပဲ၊ ကိုယ်ကျင့်သီလပျက်နေတော့

ဒေဝဒတ်တပည့်တွေပဲ များတယ်။ ကြည့်စမ်း အဲဒီဒကာလေးက မယူဘူး။ ချက်ချင်းပဲ သိန်း၅၀လွှဲလိုက်ပါတယ်။ ခင်ဗျားတို့တွက်တာ မှားနေပါတယ်။ ပစ္စည်းတွေက သိန်း၅၀ဖိုး ပါနေပါတယ်။ သိန်း၅၀လွှဲလိုက်တယ်။ အဲဒါ လိုတရသီလပဲ။ တစ်ခါတော့ ကိုတင်ဝဏ္ဏရန်ကုန်တက်ပြီးတော့ ကားတစ်စီး ဝယ်တယ်။ ကားကလည်းအရမ်းကောင်း၊ ဈေးကလည်း သင့်. . . သို့သော် သိန်း၅၀ချက်ချင်း လိုနေတယ်တဲ့။ လှမ်းပြီးတော့ မှာဖို့အချိန်မရှိတော့ဘူး။ လိုချင်တဲ့လူက ဝိုင်းဝိုင်းလည်နေတယ်။ အဲဒီအခက်အခဲကိုသိသွားတဲ့ လွန်ခဲ့တဲ့ လအတန်ကြာက ငွေ၅သိန်းပိုတာကို ပြန်အပေးခံရတဲ့ဆိုင်ရှင်လည်း သိသွားရော ဟော့ကိုဝဏ္ဏ မင်းသီလငါယုံတယ်ကွ. . . စာချုပ်မလိုဘူး. . . ရော့ သိန်း၅၀ ငါ့ဆီက ယူပေးလိုက်ဆိုပြီး ချက်ချင်းပေးလိုက်တယ်။ အဲဒါ သီလရဲ့တန်ခိုး။ ကြည့်စမ်း ပရိသတ်ရေ. . . ဘာမှဆွေမတော် မျိုးမတော် ပုဂ္ဂိုလ်တစ်ယောက်ကို သိန်း၅၀ချက်ချင်းထုတ်ပေးဖို့ လွယ်ပါ့မလား။ သီလရှိရင်တော့ လွယ်တယ်။ သီလမရှိရင်တော့ မလွယ်ဘူး။ ကိုယ်ကျင့်သီလဟာ စာချုပ်ထက် တန်ဖိုးကြီးမားပါတယ်။ ဒါကြောင့် ကိုယ်ကျင့်သီလကို ဘာနဲ့မှမလဲမိကြစေနဲ့။

နောက် တစ်ယောက်ကလည်း လေးစားစရာပဲ။ အဲဒါကတော့ စစ်ကိုင်းမြို့ကပါ။ အခုမှ အကျွမ်းဝင်တွေ့ရတာ မကြာသေးဘူး။ ဝမ်းသာ လိုက်တာ အော်. . . ဒါမှဗုဒ္ဓဘာသာ မြန်မာ အစစ်ဆိုပြီး ဂုဏ်ယူမိတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေဖြစ်စေချင်တယ်။ အဲဒီဒကာလေးက ဘာလုပ်လဲဆိုရင် ကြေးလုပ်ငန်းပေါ့။ ကြေးရေခွက်တွေ၊ ကြေးဖလားတွေ၊ ကြေးညောင်ရေ အိုးတွေပေါ့ဗျာ။ တစ်ခါတော့ မန္တလေးတိုင်းသာသနာရေးမှူးက အစိုးရသုံးတဲ့ ရေစက်ခွက်တွေ၊ ကြေးရည်ခွက်တွေကို ကြေးရောင်ပြန် တင်ခိုင်းတာပေါ့ဗျာ။ စာရင်းအတိအကျနဲ့ပေါ့။ ရေစက်ခွက်ပေါင်း အစုံ၄၀။ မင်းငွေဘယ် လောက်နဲ့ပေါ့။ အဲဒီလို ကြေးရောင်တင်ဖို့ လုပ်ရင်းလုပ်ရင်းနဲ့ အကြီးဆုံး ကြေးခွက်နှစ်ခွက်က ငွေသားဖြစ်နေတယ်။ ကြည့်စမ်း. . . လုပ်ငန်းစာချုပ် ထဲမှာ ရေစက်ခွက် ၄၀လုံး ကြေးလို့မပါဘူးလား။ ပရိသတ်များ အဲဒါကို လဲထားရင်မရဘူးလား။ ရတာပေါ့။ အဲဒီရေစက်နှစ်စုံကိုရောင်း လိုက်ရင် သိန်း၃၀ကျော်ရတယ်။ မယူဘူးဗျ. . . လုံးဝမယူဘူး။ သေချာအကြောင်း ကြားလိုက်တယ်။ ခင်ဗျားအစုံ၄၀ထဲမှာ ၂စုံကငွေသားစစ်စစ် ဖြစ်နေပါတယ်။

ငွေရည်ခွက်တွေကို ပြန်ပို့လိုက်ပါတယ်။ အဲဒါမှ ဗုဒ္ဓဘာသာ စစ်စစ်။ အဲဒီလိုဖြစ်စေချင်တယ် ပရိသတ်တို့။ မိမိတို့ကိုယ်ကျင့်တရားကို ဘာနဲ့မှမလဲစေချင်ဘူး။

နောက်တစ်ခါ လေးစားစရာ ကလေးမလေးက မရီနွဲ့တဲ့။ မဟာချိုင်မြို့မှာ. . . ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့နဲ့ တစ်နာရီ လောက်မောင်းရပါတယ်။ ပြီးခဲ့တဲ့နှစ်က မရီနွဲ့တို့လူငယ်တွေ ဝိုင်းပင့်လို့ ၄ညလားမသိဘူး သွားဟောပေးရပါတယ်။ မြန်မာအလုပ်သမားတွေ. . . အဲဒီမှာ ဟောပေးတဲ့ တရားကတော့ ဒီမှာစာအုပ်ရှိပါတယ်။ စာအုပ်ထဲမှာ ဖတ်ကြတာပေါ့။ မေတ္တာဖြင့် စီးပွားရှာခြင်းဆိုတဲ့ စာအုပ်ရှိပါတယ်။ ဘုန်းကြီးတို့ ဟောပေးခဲ့ပါတယ်။

ဘုန်းကြီး ၂၀၀၆ခုနှစ် ဩစတြေးလျနိုင်ငံကို ကြွခဲ့တုန်းက လူငယ်တွေက မေးတာကိုး။ သိပ်ကောင်းတဲ့ မေးခွန်းပါ။ သူတို့ မေးခွန်းကတော့ မြန်မာနိုင်ငံကမြန်မာတွေဟာ အမြင့်မြတ်ဆုံး ဗုဒ္ဓဘာသာဖြစ်ပါလျက် ဒါနတွေအများကြီးပြုပါလျက် အခုလိုကမ္ဘာမှာဘာကြောင့် အဆင်းရဲဆုံး ဖြစ်နေရပါသလဲတဲ့။ ဒါဗုဒ္ဓဘာသာဝင်များ မသိသင့်ဘူးလား သိသင့်တယ်။အကျဉ်းလေးဖြေရရင်တော့ ဗုဒ္ဓဘာသာတို့ရဲ့ ဒါနဟာ ပကာသနဒါနတွေများလို့။ လိုတဲ့နေရာမလှူဘဲနဲ့ မလိုတဲ့နေရာအတင်း လှူကြလို့။ တစ်နည်းအားဖြင့် ကုသိုလ်လည်းရ အကျိုးလည်းရှိ။ ဒီနှစ်ချက်နဲ့ ညီတဲ့နေရာ သိပ်မလှူဘူး။ ကုသိုလ်တော့ရပါတယ် အကျိုးမရှိတဲ့ နေရာများတယ်။ ဆိုကြပါစို့ဗျာ ကျောင်းဆောက်တယ်ပေါ့။ ဒီကျောင်း ငါကိုးကွယ်တာ ဒီကျောင်းပဲဆောက်မယ် လိုလိုမလိုလို။ အဲကျောင်းမှာရှိတော့ သံဃာက ၄-ပါး ပဲရှိတယ်။ တိုက်ကျောင်း ၇လုံးလောက်ဖြစ်နေတယ်။ ကဲ. . . ကိုယ်ဆောက် တဲ့ကျောင်းက နေမယ့်သူမရှိဘူးလေ။ သံဃာကမရှိဘူး။ အဲဒီနေရာမှာ ကျောင်းသွားဆောက်တော့ ကုသိုလ်တော့မရဘူးလား။ ကုသိုလ်တော့ရတယ်. . . အကျိုးကျတော့ မရှိဘူး။ သံဃာမှမနေဘဲ အပိုပဲလေ။ သို့ပေမယ့် မြန်မာတွေက အဲဒီအတိုင်း။ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းစွဲ၊ လူမျိုးစွဲနဲ့ ဒါက ငါ့လူမျိုး။ ငါ့မွန်၊ ငါ့ကရင်၊ ငါ့ဗမာ၊ ဒီကျောင်းပဲ ဆိုတာတွေကများတယ်။ တကယ်ဆို ပရိသတ်များ ကျောင်းဆောက်မယ်ဆိုရင် နေတဲ့သံဃာရှိမှ ဆောက်ရမှာလေ။ စာသင်တိုက်တွေ သံဃာတွေများတယ်။ ကျောင်းမရှိကြဘူး။ သွားဆောက်လေ. . . ကိုယ်နဲ့သိသိမသိသိ ကိုယ့်အမျိုး ဟုတ်ဟုတ်

မဟုတ်ဟုတ်။ အဲဒါမှ ကုသိုလ်လည်းရ အကျိုးလည်းရှိဖြစ်တာ။

အဲဒီလို အလှူမတတ်လို့ မြန်မာတွေမွဲကုန်တာ။ ဘုရားတွေတည်တယ်. . . အဆူတစ်ထောင် ဘာလုပ်မှာလဲ လိုမှမလိုဘဲနဲ့။ ကုသိုလ်တော့ရတယ်. . . အကျိုးကျတော့မရှိဘူး။ လွင်တီးခေါင်ထဲမှာ အဲဒီဘုရားတွေဟာ ၁၀နှစ်လောက်ကြာတော့ ပျက်စီးကုန်မှာလေ။

ဒီချိန်မှာ ၁၀တန်းကို ငါးဘာသာ၊ ခြောက်ဘာသာ ဂုဏ်ထူးနဲ့အောင်ပြီး ဆေးတက္ကသိုလ်မတက်နိုင်လို့ လက်ဖက်ရည်ဆိုင် ဝင်လုပ်နေတဲ့ ကလေးတစ်ယောက်ရှိတယ်။ ဘုန်းကြီးတို့ ထောက်ပံ့ထားတယ်။ ဘုန်းကြီးတို့သာ မထောက်ပံ့ထားရင် လက်ဖက်ရည်ဆိုင်မှာပဲ သူ့ဘဝဆုံးတော့မှာလေ။ ကော့သောင်းမှာတကယ့်ကို ငါးဘာသာဂုဏ်ထူးနဲ့အောင်ပြီးသား. . .။ သို့သော် သူဆေးတက္ကသိုလ်ဆက်တက်ဖို့ ထောက်ပံ့မယ့်သူမရှိလို့ဆိုပြီး လက်ဖက်ရည်ဆိုင်လုပ်နေတယ်။ ဘယ်လောက်သနားဖို့ကောင်းလဲ။ အခုဘုန်းကြီးထောက်ပံ့ထားတယ်။ ဘုန်းကြီးထောက်ပံ့ထားတဲ့ ဆေးကျောင်းသား ၂၈ယောက်ရှိတယ်။ ရိုးရိုးတက္ကသိုလ်ကျောင်းသား ၇၂ ယောက်ရှိတယ်။ အဲဒီလို ကုသိုလ်လည်းရ အကျိုးရှိတဲ့နေရာတွေ မလှူတတ်လို့ မြန်မာတွေမွဲကုန်တာ။ နောက်တစ်ချက်ကတော့ သမ္ဗဒါ(၄)ပါး ချို့ယွင်းလို့၊ နောက်တစ်ချက်ကတော့ စီးပွားရေးမှာ မေတ္တာနဲ့မရှာဘဲနဲ့ လောဘနဲ့ရှာလို့။ အကျယ်ကိုတော့ မေတ္တာနဲ့စီးပွားရှာခြင်းစာအုပ်မှာပဲ ဖတ်တော့။ နောက်ပြီးတော့ အချိန်တန်ဖိုးကို မသိလို့။ နောက်ပြီးတော့ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်စွမ်းမရှိလို့။ ပျင်းရိတာကို ရောင့်ရဲတာလို့ အထင်မှားနေလို့။ ကိုယ့်ထက်သာ မနာလိုလို့။ နောက် စာပေ ဗဟုသုတမရှိလို့။ နောက် ခေါင်းဆောင်စိတ်မရှိလို့။ အဲဒီအချက်တွေဟာ ဒါနပြုပေမယ့် မွဲခြင်းရဲ့အကြောင်းရာတွေပါပဲ။

ဘုန်းကြီး ထိုင်းနိုင်ငံမှာ ဟောခဲ့ပါတယ်။ ထိုင်းနိုင်ငံရောက်တော့ မြန်မာတွေ အင်မတန်မျက်နှာငယ်ပါတယ်။ ဖြစ်နိုင်ရင် ထိုင်းနိုင်ငံကို သွားအလုပ်မလုပ်စေချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာတွေကို ထိုင်းတွေက တအားမုန်းတယ်။ ဦးအောင်ဇေယျလက်ထက်က သူတို့နိုင်ငံကိုလာတိုက်၊ နှိပ်စက်လို့ဆိုပြီး မြန်မာတွေကို တအားမုန်းပါတယ်။ တစ်ပတ်တစ်ကြိမ် မြန်မာမုန်းတီးရေးစကားကို နိုင်ငံတော်က တီဗွီကလွှင့်ပေးတယ်။ အဲဒီမှာ တရားသွားဟောတော့ ဘုန်းကြီးကြည့်ဖူးတယ်။ တို့မြန်မာတွေ သူတို့အပေါ်

ရက်စက်ယုတ်မာပုံတွေကို ဇာတ်လမ်းဆင်ပြီး ရိုက်ထားတယ်။ ထိုင်းတွေက မြန်မာတွေကို စိတ်မထင်ရင် မထင်သလို သတ်ပစ်ပါတယ်။ အသတ်ခံရတဲ့ မြန်မာတွေလည်း အများကြီးပါ။ ကိုယ့်နိုင်ငံက ဆင်းရဲနေတော့ အသက်စွန့်ပြီး သွားအလုပ်လုပ်ကြရတာ။ ဘုန်းကြီးဖြစ်နိုင်ရင်လေ အဲဒီမှာတရားကိုမဟော ချင်တာ။ ဖြစ်နိုင်ရင် မကြွချင်ဘူး။ စိတ်မကောင်းလို့. . . တို့မြန်မာတွေ ဆင်းရဲလိုက်တာ. . . အသက်ပါစွန့်ကြရတယ်။ သူတို့မထင်ရင် မထင်သလို သတ်ပစ်တာလေ။ မြန်မာကိုသတ်ရင်လည်း သူတို့ဆီမှာ အရေးမယူဘူး။ ထိုင်းနိုင်ငံက သတ်ချင်တိုင်းသတ်လို့ရတာ မြန်မာအသက်ပဲ။ ဘယ်သူ့မှ ဘာမှလုပ်လို့မရဘူး။

တစ်ခါတော့ ကြွကွဲလိုက်တာ။ ကိုယ့်ဘက်က အမှားတော့အမှားပေါ့လေ။ ထားဝယ်မြို့က ကောင်လေး။ ထိုင်းနိုင်ငံမှာက များသောအားဖြင့် အဲဒီမှာ ထားဝယ်နဲ့မွန်တွေများတယ်။ သူတို့ပြောတာတော့ မှားစီးတာလား၊ ခိုးတာ လားတော့ မသိဘူးပေါ့နော်။ တခြားပုဂ္ဂိုလ်ရဲ့ဖိနပ်ကို စီးမိသွားတာပေါ့။ အဲဒီကလေးကို မိလည်းမိရောဖမ်းပြီးရိုက်လိုက်ကြတာ သံချောင်းတွေနဲ့ လည်းရိုက်၊ နောက်ပြီးတော်တော်လေးကြာတော့ ဘာလုပ်တယ်မှတ်လဲ။ အဲဒီ ကလေးကိုလေ ငါးထည့်တဲ့ ပလတ်စတစ်ပုံးအကြီးထဲမှာထည့်ပြီး အပေါ်က လုံအောင်အသေပိတ်ပြီး ပင်လယ်ထဲကို လွှတ်ချလိုက်တာ။ ဘယ်လောက် ရက်စက်လဲ။ နမူနာတစ်ခုပြောပြမယ်။ တစ်ခါတော့ မြန်မာတွေကို လစာမပေးချင်လို့နေမှာပါ။ မိကျောင်း ကန်ထဲပစ်ချလိုက်တာ မိကျောင်းတွေ ကစား. . . စိတ်မကောင်းဘူး။ တကယ့် ဖြစ်ရပ်တွေပါ။ ဖြစ်နိုင်ရင်တော့ ကိုယ့်နိုင်ငံမှာပဲ အသောက်အစားတွေမလုပ်နဲ့ အလောင်းကစားတွေ မလုပ်နဲ့ မိန်းမမပွေနဲ့ တကယ်ကြိုးစားရင် တကယ်ကြီးပွားမယ်။ အဲဒီနိုင်ငံမှာ အသက်ပါစွန့်ရတယ်. . . မသွားစေချင်ဘူး။ ဘုန်းကြီးက အဲဒီနိုင်ငံတွေ အကုန်အနှံ့ရောက်ခဲ့လို့ တရားဟောခဲ့တာ။ ထားကြပါစို့ အဲဒီနိုင်ငံမှာ မြန်မာမှန်သမျှ ကားမစီးရ။ ကိုယ်ပိုင်ကားမရှိရဘူး။ ကိုယ်ပိုင်ဆိုင်ကယ် မရှိရဘူး။ ဝယ်ခွင့်မပေးဘူး။ စက်ဘီးပဲ စီးရတယ်။ လုံးဝ တိုက်မဆောက် ရဘူး။ များသောအားဖြင့် စာရင်းငှားပဲများပါတယ်။


ပရိသတ်ရေ ဒကာမကြီး တစ်ယောက်လည်း အဲဒီလိုသွားတာပဲ။ ရောက်စကတော့ စာရင်းငှားပဲပေါ့. . . ဒီလိုပဲနေရတာ. . . ကြာတော့

ပရိသတ်ရေ. . . သူက ကိုယ်ကျင့်သီလရှိတယ်။ ပြောခဲ့ပြီလေ. . . သီလဆိုတာ လိုတရပဲ။ သူက မဟုတ်တာလုံးဝမလုပ်ဘူး။ အစကတော့ သူ့ကိုယ်ကျင့်တရားကို စမ်းမှာပေါ့။ ပိုက်ဆံတို့၊ ပစ္စည်းတို့ကို မြင်သာအောင် ထားထားတာပေါ့။ ဒါပေမယ့်. . . မယူဘူးလေ။ မတရားရင် ဘာမှမယူဘူးလို့ ဆုပ်ကိုင်ထားတာ။ သို့သော် ၄၊ ၅၊ စနှစ်ရှိတော့ ယုံသွားပါပြီ။ သူတို့နိုင်ငံမှာတောင် အဲလိုသီလရှိတဲ့လူကို မတွေ့ဖူးဘူးလေ။ အဲဒီမှာတင် သူ့သမီးလို မွေးစားတဲ့သဘောပေါ့ဗျာ။ နောက်ဆုံး ရွှေဆိုင်ကြီးပါ ခွဲပြီးဖွင့်ခိုင်းလိုက်တယ်။ အခုတော့ အဲဒီဒကာမလေးဟာ ရွှေဆိုင်လည်း ရှိတယ်။ ကားလည်းရှိတယ်။ တိုက်လည်း ရှိတယ်။ ဘုန်းကြီးတို့တရားပွဲ သူ့ကားနဲ့ပို့ပေးတာ။ အဲဒီတော့ သူများနိုင်ငံမှာ အားလုံးဒုက္ခရောက်နေတဲ့အချိန်မှာ သူက ကိုယ်ပိုင်တိုက်နဲ့ ကိုယ်ပိုင်ကားနဲ့ ကိုယ်ပိုင်ရွှေဆိုင်နဲ့ ဖြစ်သွားပြီဆိုတော့ သီလတန်ခိုးကြောင့်ပဲ။ အဲဒါကြောင့် လိုတရတာဟာ တခြားလား။ ကိုယ်ကျင့်သီလလား။ ကိုယ်ကျင့်သီလနော်။ အဲဒါကြောင့် ပရိသတ်များ ကိုယ်ကျင့်သီလကိုစောင့်ထိန်းပြီးတော့ တို့ပရိသတ်များ လိုအင်ဆန္ဒတွေ တစ်လုံးတစ်ဝကြီးရရှိပြည့်စုံတဲ့ သူတော်ကောင်းကြီးများ မုချမတွေ ဖြစ်ကြပါစေကုန်သတည်း. . . . ။

သာဓု. . . သာဓု. . . သာဓု

ပညာပြည့်ဝ၊ နှလုံးလှ၊ ချမ်းမြကြည်သာရှိပါစေ

မေတ္တာရှင်(ရွှေပြည်သာ)


ပင်လယ်ရေနဲ့မြစ်ရေ
မေတ္တာရှင်(ရွှေပြည်သာ)

# ပင်လယ်ရေနဲ့မြစ်ရေ

ဘုရားတရားသံဃာ သရဏဂုံ(၃)ပါး စွဲမြဲတဲ့ပုဂ္ဂိုလ်တွေဟာ ကောင်းကျိုးငါးမျိုးရလိမ့်မယ်တဲ့။ အံ့ဩစရာလည်းကောင်း၊ စိတ်ဝင်စားစရာလည်းကောင်းတဲ့ ဖြစ်ရပ်လေးတစ်ခု၊ နှစ်ခုပြောပြချင်ပါတယ်။ မူလပဏ္ဏာသအဋ္ဌကထာမှာ သရဏဂုံတည်တဲ့ ကောင်းကျိုး(၅)မျိုးဖွင့်ပြတယ်။

ဘုရားတရားသံဃာ သရဏဂုံ(၃)ပါးစွဲမြဲရင်. . . ပထမကောင်းကျိုးက ဘေးကင်းတယ်တဲ့။

နောက်ထပ် ကောင်းကျိုးတစ်ခုက. . . လူပြတ်တဲ့နေရာ၊ မှောင်မိုက်တဲ့နေရာရောက်ရင် ကြောက်တဲ့စိတ်တွေ ပေါ်လာတတ်တယ်။ အဲဒီအခါ သရဏဂုံ(၃)ပါးသာ ရွတ်လိုက်. . . ကြောက်တဲ့စိတ်၊ လန့်တဲ့စိတ်တွေပျောက်တယ်။ အဲဒါဒုတိယကောင်းကျိုး။

တတိယကောင်းကျိုးကတော့ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကြုံနေရင်လည်း သရဏဂုံ(၃)ပါးသာရွတ်လိုက် ပျောက်သွားတယ်။

သရဏဂုံ တည်တဲ့ စတုတ္ထကောင်းကျိုးက ဒုဂ္ဂတိ အပါယ်ကို တံခါးပိတ်တယ်။ ဘုရား၊ တရား၊ သံဃာကို သေကာနီးတခဏတာဆောက်တည်ခဲ့တဲ့ ကုသိုလ်ကြောင့် နတ်ပြည်ရောက်သွားတဲ့ ဟိန္ဒူဘာသာဝင် အဘွားတစ်ယောက်အကြောင်းကို ပြောပြမယ်။

ဒိဋ္ဌိကိလေသာဆိုတဲ့ စိတ်ရဲ့ညစ်နွမ်းမှုကို ပယ်ဖျောက်

ပေးလို့ ကောင်းကျိုး(၅)မျိုးရပါတယ်။

ဘုရား၊ တရား၊ သံဃာ သရဏဂုံ(၃)ပါးကြောင့် သေဘေးကလွတ်သွားတဲ့ ဦးရာမဆိုတဲ့ဘာသာခြား ဒကာကြီးတစ်ယောက်အကြောင်း ပြောပြမယ်။ အဲဒီဒကာကြီးကတော့ ဆရာတော်ရဲ့ ဇာတိအမရပူရမြို့ကပဲ။ အချိန်က ဒုတိယကမ္ဘာစစ်ဖြစ်နေတဲ့အချိန်ပေ့ါ။ ဘုန်းကြီးတို့တော့ မမီတော့ပါဘူး။ သက်ကြီးစကား၊ သက်ငယ်ကြား မှတ်သားထားရတယ်။ တစ်ရက်တော့ အဲဒီဒကာကြီးက ရွာတစ်ရွာကို ပိုက်ဆံရစရာရှိလို့ သွားတယ်။ သူဖြတ်သွားတဲ့ရွာက တကယ့် လွင်တီးခေါင်ကြီး။ ဘာသစ်ပင်၊ ဘာအဆောက်အဦမှမရှိဘူး။ အဲဒီအချိန်တုန်းက မဟာမိတ်တပ်တွေက ဂျပန်တပ်တွေကို လေယာဉ်နှစ်စီးနဲ့ ဗုံးကြဲသတ်နေတဲ့အချိန်။ အဲဒီလေယာဉ်နှစ်စီးကိုလည်း မဟာမိတ်တပ်တွေက တိမ်နဲ့ခွဲလို့မရအောင် အညိုရောင်တွေ အမည်းရောင်တွေ သုတ်ထားတယ်။ ဒါ့ကြောင့်မြန်မာတွေက အဲဒီလေယာဉ်နှစ်စီးကို ကျွဲညီနောင်လို့ ခေါ်ကြတယ်။ အဲဒီလွင်တီးခေါင်ကြီးလည်းရောက်ရော ကျွဲညီနောင်လေယာဉ်နှစ်စီးက ဦးရာမခေါင်းပေါ်ရောက်လာပါလေရော။ ပြောရလို့ရှိရင် ဦးရာမကို ဂျပန်တပ်သားလို့ထင်ပြီး ဗုံးကြဲသတ်မယ်လို့ဆိုပြီး တက်လာတာ။ ဦးရာမက ဒီတစ်ခါတော့ ငါသေပြီလို့ထင်လိုက်တယ်။ ဘာကြောင့်လည်းဆိုတော့ ပုန်းစရာ၊ ခိုစရာ သစ်ပင်တစ်ခုမှမရှိတဲ့ လွင်တီး ခေါင်ကြီးဖြစ်နေလို့လေ။

ဒါပေမယ့် အဲဒီမှာ ကိုးထောင်ပြည့်စေတီလေး တစ်ဆူတော့ရှိတယ်။ သူအဲဒီ့နားရောက်သွားတော့ အံ့ဩစရာပဲ။ သူကိုးကွယ်တာက ဘာသာခြား၊ တကယ့်အရေးဘေးဆိုက်လာတော့ ဘုရား၊ တရား၊ သံဃာပဲ သတိရတယ်။ ဘာကြောင့်လဲဆိုတော့ အတိတ်ဘဝက ဗုဒ္ဓဘာသာ ဖြစ်ခဲ့လို့ပဲ။ ဒီဘဝကျမှ ဘာသာခြားဖြစ်သွားတာ။ အဲဒါဘာကြောင့် ဘာသာ ပြောင်းသလဲဆိုရင် သောတာပန်မတည်ခဲ့လို့ပဲ။ အဲဒါကြောင့် တို့ဒကာ၊ ဒကာမတွေ ဘာသာ မပြောင်းချင်ရင် သောတာပန်တည်အောင်ကြိုးစားရမယ်။

အဲဒါ ဒီနေ့တရားနာတဲ့ အမြတ်လေးပဲ။ ဒီနေ့ခေတ် သောတာပန် တည်ဖို့ မခဲယဉ်းတော့ပါဘူး။ ဝိပဿနာတရားမျိုးစုံ ဟောထားတဲ့ခွေတွေ ရှိတယ်။ ကိုယ့်အိမ်မှာ ကိုယ်နာကြ။ တစ်နေ့တစ်ခွေ မဖြစ်မနေတော့ နာကြ။ တရားစာအုပ်တွေ ဖတ်ကြ။ တရားနာတာများလာရင် ဉာဏ်တွေရင့်ပြီး တော့ သောတာပန်တည်ပါလိမ့်မယ်။ တရားလိုချင်ဖို့ပဲ လိုတယ်။

ဒါက အတွေးအခေါ်လေးထည့်ပြောတာ။ အဲဒါနဲ့ ကိုးတောင်ပြည့် စေတီတော် နားလည်းရောက်ရော လက်အုပ်လေးချီပြီးတော့ ဘုရားကိုးကွယ် ပါ၏ ဘုရားကယ်ပါ။ အဲဒါပဲပြောနေတာ။ အဲဒီမှာ ဗုံးတွေချလိုက်တာ တဝုန်းဝုန်း တဒိုင်းဒိုင်းပေါ့ဗျာ။ ၁၅မိနစ်လောက် အားရပါးရ ဗုံးကြဲပြီးတော့မှ လေယာဉ်နှစ်စီးပြန်ထွက်သွားတယ်။ ဒီလောက်ဆို သေပြီပေါ့။ တကယ်လည်း သေနိုင်ပါတယ်။ ဗုံးကျပြီဆိုရင် ဗုံးဆံတွေကွဲပြီးတော့ တွင်းထဲဝင်နေမှ လွတ်တာကိုး။ အခုဟာက မြေကြီးပေါ်မှာ မတ်တပ်ကြီးရပ်နေတာ။ အဲဒါ နောက်ထပ် ၁၀မိနစ်၊ ၁၅မိနစ်လောက်ရှိတော့ မီးခိုးတွေလည်းပျောက် သွားပြီ၊ ဖုန်တွေ ဘာတွေလည်း အကုန်သိပ်သွားပြီဆိုတဲ့အချိန်မှာ ဦးရာမကြီး မတ်တတ်ရပ်ကြီးပဲရှိနေတယ်။ ဗုံးအလုံးပေါင်းများစွာ ကွဲတယ်။ ဗုံးဆံတစ်ဆံမှ မထိဘူး။ အဲဒါ တခြားအစွမ်းလား၊ သရဏဂုံရဲ့အစွမ်းလား။ ကြည့်စမ်း. . . အဲဒါ တခဏတာ သရဏဂုံ။ သေကာနီးအချိန်ကျမှ ဆောက်တည်တဲ့ သရဏဂုံ။ အဲဒါတောင် အန္တရာယ်ကင်း၊ ဘေးရှင်းသေးရင် နေ့စဉ်ဆောက် တည်တဲ့ သရဏဂုံဆိုရင် သူ့ထက်ပိုပြီးအန္တရာယ်မကင်းနိုင်ဘူးလား။ သူ့ထက်ပိုပြီး ဘေးမရှင်းနိုင်ဘူးလား။ နောက်ဆုံး ဦးရာမကြီးနဲ့ သူ့ဆွေမျိုး အားလုံး ဗုဒ္ဓဘာသာဖြစ်သွားတယ်။ ငါ့အသက်ကိုကယ်တာ ဗုဒ္ဓဘာသာပဲဆိုပြီး ယုံကြည်သွားတယ်။

ဒါကြောင့် ဘုရား၊ တရား၊ သံဃာ သရဏဂုံ(၃)ပါးစွဲမြဲရင် မူလပဏ္ဏာသ အဋ္ဌကထာအတိုင်း ဘေးကင်းတယ်ဆိုတာ မမှန်ဘူးလား။ အခု အပါယ် တံခါးပိတ်ပုံပြောဦးမယ်။ ဒါက ပေတဝတ္ထုပါဠိတော်က စန္ဒာလီအမည်ရတဲ့ အဘွားတစ်ယောက်ပေါ့။ အဘွားဆိုတော့ အသက်လည်း (၇၀)နီးပါးတော့ ရှိပြီလို့မှန်းရပါတယ်။ အတိအကျတော့ မပါဘူးပေါ့။ စာထဲမှာ. . . အဲဒီအဘွားက အိမ်တစ်အိမ်မှာ အစေခံအလုပ်လုပ်ရတယ်။ ချက်ပြုတ်၊ လျှော်ဖွတ်ပေါ့လေ။ ဖြစ်ချင်တော့ သူက အဲဒီနေ့ခင်းမှာ သေမှာ။ သေပြီးရင် အပါယ်ငရဲကျမှာကို ဘုရားက သိတယ်။ ဒါပေမယ့် ဒီအဘွားက မသိဘူး။ အကယ်၍ ငါဘုရားကို ရှိသေစွာရှိခိုးပြီးမှ သေရင်တော့ နတ်ပြည်ရောက်မှာပဲ။ အဲဒါသရဏဂုံ စောင့်တည်တာနဲ့ အတူတူပဲ။ ဒီတိုင်းသေရင်တော့ အပါယ်ကျမှာဆိုတာ သိလို့ စန္ဒာလီအဘွားရှိတဲ့အိမ်မှ သူပြန်မယ့်လမ်းတည့်တည့်မှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သံဃာများနှင့်အတူ ကြွလာတော်မူတယ်။ ဆွမ်းခံ

သွားရင်းနဲ့ပေါ့။ ရဟန်းတွေ ကတော့ထင်တယ်။ ဒီနေရာက ဆွမ်းလောင်းမယ့် နေရာမဟုတ်ပါဘူး။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘာဖြစ်လို့သွားတာပါလိမ့်ဟု ထင်ကြတယ်။ အမှန်ကတော့ အဲဒီအဘွား အပါယ်ကျမှာစိုးလို့သွားတာပါ။

အဲဒီအဘွားကလည်း သူ့ရဲ့ကိစ္စတွေပြီးတော့ အိမ်ထဲက ပြန်ထွက်အလာ လမ်းမှာတွေ့တယ်။ ဘုရားရှင်က သူ့ကိုရှိခိုးစေချင်တယ်။ အဲဒီအဘွားက မရှိခိုးဘူး။ သူက ဘာသာမှမတူတော့ ရှောင်ထွက်သွားဖို့ ကြိုးစားတယ်။ လမ်းကလည်း ကျဉ်းနေတယ်။ သူက စဉ်းစားတယ်။ ဘယ်လို ရှောင်ထွက်သွားရင် ကောင်းမလဲ။ အဲချိန်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အရှင်မဟာမောဂ္ဂလာန်ကိုလှည့်ပြီးတော့ ကြည့်တယ်။ အဲဒီလိုလှည့်ကြည့်တဲ့အခါမှာ မြတ်စွာဘုရားပြောချင်တဲ့ စကားတွေပါသွားပြီ။ အရှင်မဟာမောဂ္ဂလာန်က သိတယ်။ ဒကာမကြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒကာမကြီးအတွက် ကြွလာတာ။ ရှိခိုးလိုက်ပါဆိုတော့ သူက ခေါင်းယမ်းတယ်။ ဘာသာမတူလို့ မရှိခိုးနိုင်ဘူးပေါ့။အရှင်မဟာမောဂ္ဂလာန်က ရှိခိုးလိုက်ပါ။ ဒကာမကြီးက ခဏနေရင် သေတော့မှာပါ။ သေရင် အပါယ်ကျမှာ။ ဘုရားရှင်ကိုရှိခိုးပြီးမှ သေရင် အပါယ်တံခါးပိတ်ပြီး နတ်ပြည်ရောက်မှာ။ ဘုရားရှင်က ဒကာမကြီးကို မေတ္တာစေတနာထားပါတယ်ဆိုတော့မှ ဘုရားနဲ့သံဃာတွေကို ရှိခိုးဦးတိုက်ပါတယ်။ အဲဒီတော့မှာ မြတ်စွာဘုရားလည်းပြန်ကြွ သူလည်း ဆက်သွားပေါ့။ အဲဒါလမ်းခုလတ်မှာ သေရှာတယ်။ သေခါနီး ဘုရားနဲ့ သံဃာတွေကို ရှိခိုးတဲ့ကုသိုလ်ကြောင့် နတ်ပြည်ကိုရောက်တယ်။ တကယ်ဆို ဒီအဘွားဟာ ဘာသာခြားပဲ ဗုဒ္ဓဘာသာမဟုတ်ဘူး။ သေကာနီး ကပ်ပြီး ဆောက်တည်တဲ့ သရဏဂုံကတောင် နတ်ပြည်ပို့ပေးရင် နေ့စဉ် စောင့်တည်တဲ့ သရဏဂုံဆိုရင် သူ့ထက်ပိုပြီးတော့ နတ်ပြည်မပို့နိုင်ဘူးလား။ ဒါကြောင့် သရဏဂုံ(၃)ပါး စွဲမြဲကြပါ။ သမန်ကာရှန်ကာ မထင်ပါနဲ့။

အဲဒီလိုစွဲမြဲစွာ ရွတ်ဆိုပြီဆိုရင်လည်းပဲ အနက်အဓိပ္ပာယ်သိရမယ်။

ဗုဒ္ဓံ = မြတ်စွာဘုရားကို၊ သရဏံ = ကိုးကွယ်ရာဟူ၍
ဂစ္ဆာမိ = ဆည်းကပ်ပါ၏။
ဓမ္မံ = တရားတော်မြတ်ကို၊ သရဏံ = ကိုးကွယ်ရာဟူ၍
ဂစ္ဆာမိ = ဆည်းကပ်ပါ၏။
သံဃံ = သံဃာတော်မြတ်ကို သရဏံ = ကိုးကွယ်ရာဟူ၍

ဂစ္ဆာမိ ။ ဆည်းကပ်ပါ၏။

သီလနဲ့ပတ်သက် ပြီးတော့လည်း အတွေးအခေါ် လေးတစ်ခု ပြောချင်သေးတယ်။ ဒီနေ့ ဓမ္မဒါနအလှူရှင်ကလည်း နဂါးစာပေက ဦးထွန်းရွှေတို့ မိသားစုဆိုတော့ ‌ေလးစားစရာကောင်းတဲ့ စာအုပ်သမားတစ်ယောက်ရဲ့ စာရိတ္တသတ္တိကို ပြောပြမယ်။ သတ္တိ (၃)မျိုးရှိတယ်။

ကာယသတ္တိ

စိတ္တသတ္တိ၊

စာရိတ္တသတ္တိလို့ သုံးမျိုးလို့ရှိတယ်။

တစ်ခုထက်တစ်ခု ပိုခက်တယ်။ အဲမှာ စာရိတ္တသတ္တိက အခက်ခဲဆုံးပဲ။ မတရားလုပ်လို့ရရဲ့သားနဲ့ မလုပ်ဘူးဆိုတာ စာရိတ္တသတ္တိပဲ။ လာဘ်စားလို့ ရရဲ့သားနဲ့မစားဘူးဆိုတာ စာရိတ္တသတ္တိပဲ။ ဆရာတော်တို့ မြန်မာပြည်မှာ စာရိတ္တသတ္တိ. . . ကိုယ်ကျင့်သီလကို တန်ဖိုးမထားတဲ့လူတွေရှိနေသလို။ ဒီကိုယ်ကျင့်သီလကို အသက်ထက်တန်ဖိုးထားတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးရှိတယ်။ အဲဒီခံစားချက်နဲ့ ဘုန်းကြီး စာရိတ္တသတ္တိစာအုပ်ကိုရေးတာ။

ရန်ကုန်လမ်း(၅၀)က ဖိုးသင်းနိုင်ဆိုတဲ့ ရခိုင်ကြီးတစ်ယောက်ပေါ့။ သူကတော့ စာအုပ်အဟောင်းရောင်းဝယ်တာပေါ့။ သူက အရက်တော့ ကြိုက်တယ်။ ငါးပါးသီလထဲက သုရာမေရယက်တော့မလုံဘူး၊ ဒါပေမယ့် အဒိန္နာဒါနကိုတော့ အသက်နဲ့လဲပြီးလုံတယ်။ သိပ်လေးစားဖို့ ကောင်းတယ်။ လွန်ခဲ့တဲ့ ၁၀နှစ်ခန့်လောက်ကပေါ့။ သူ့ဆိုင်ကို မိန်းကလေး တစ်ယောက်က မြန်မာ့စွယ်စုံကျမ်း အတွဲလိုက်ကြီးလာရောင်းတယ်။ ဒီမိန်းကလေးက ငွေအခက်အခဲရှိလိုလာရောင်းတာဆိုတော့ စာအုပ်တန်ဖိုး အမှန်မသိဘူး။ အဲဒီတော့ ဈေးစကားပြောတယ်ပေါ့။ ဖိုးသင်းနိုင်က ပြောတယ်. . . တူမကြီး ဘယ်လောက်နဲ့ရောင်းမလဲဆိုတော့ သုံးထောင်ပေးပါတဲ့. . . တွေ့လား ရောင်းမယ့်လူကတောင်းတဲ့ဈေးနော်။ ဖိုးသင်းနိုင်က ပြန်ပြောတယ်. . . တူမကြီးကတော့ စာအုပ်တန်ဖိုးအမှန် ဘယ်သိမလဲတဲ့။ ဒီစာအုပ်အဟောင်းတွေ ရောင်းဝယ်လာတာ နှစ်၄၀ကျော်ပြီ. . . ဒါကြောင့် စာအုပ်မြင်တာနဲ့ ဘယ်လောက်တန်လဲ၊ ဘယ်လောက်ပေးသင့်တယ်၊ ငါ့အတွက် ဘယ်လောက် ကျန်လဲတွက်ပြီးသားတဲ့။ ဦးကြီးမတရားတာ ဘယ်တော့မှမလုပ်ဘူးတဲ့။ ဒီ စာအုပ်ဘယ်လောက်တန်လဲဆိုတာ ရောင်းမယ့် တူမကြီးမသိသော်လည်း

ဦးကြီးကသိတယ်။ ဦးကြီးက အပြည့်ပဲပေးမှာပါဆိုပြီး သုံးသောင်း ပေးလိုက်တယ်။ အဲဒီလိုစာရိတ္တသတ္တိကောင်းစေချင်တာ၊ စာရိတ္တ သတ္တိကောင်းတယ်ဆိုတဲ့နေရာမှာ မခိုးဘူးဆိုတဲ့ သူများဥစ္စာမတရားမယူဘူး တစ်ဖက်သားကတန်ဖိုးအမှန်မသိလို့ရောင်းထား သုံးသောင်းတန်ရင် သုံးသောင်းပေးရဲရတယ်။ အဲဒါကို စာရိတ္တသတ္တိလို့ခေါ်တယ်။ ဒီနေ့တို့မြန်မာတွေဟာ ကာယသတ္တိတော့ အင်မတန်အားကောင်းတယ်။ စိတ္တသတ္တိ၊ စာရိတ္တသတ္တိ မကောင်းလို့ မြန်မာတွေ မကြီးပွားဘူး။ အဲဒီသတ္တိနှစ်မျိုး အရမ်းလိုအပ်တယ်။ ဘုန်းကြီးတို့ စာရေးတယ်ဆိုတာ တကယ်လိုမှရေးတာ။ ဘုန်းကြီးတို့ စာအုပ်အများကြီး ဖတ်နေတာ စာအုပ်များအောင်ထုတ်ရင်. . . လာခဲ့စမ်း အုပ်၁၀၀၊ ၂၀၀ ဆက်တိုက်ရေးလို့ရတယ်။ မရေးဘူး. . . မလိုတာမရေးဘူး။ တကယ်လိုတာ ဘုန်းကြီးရေးမယ်။ စာရိတ္တသတ္တိရှိကြပါလို့ ပန်ကြားချင်ပါတယ်။ အဲဒီလို စာရိတ္တသတ္တိရှိတဲ့ လူငယ်တွေအများကြီးပေါ်လာရင် ဘုန်းကြီးရေးရကျိုးနပ်တယ်။ ဘုန်းကြီးနောက်တစ်ခုပြောဦးမယ် စာအုပ်တစ်အုပ်ရဲ့ အောင်မြင်မှုကို ဘာနဲ့တိုင်းတာကြသလဲ။ အုပ်ရေအနည်းအများနဲ့ တိုင်းတာတာဟာ တကယ်မမှန်ဘူး။ ရေးလိုက်တဲ့အတိုင်းဖြစ်တဲ့ပုဂ္ဂိုလ်စိတ်ဓာတ်ပြောင်းလဲသွားမှ အောင်မြင်တဲ့စာအုပ်လို့ ခေါ်ပါတယ်။

အခု မိန်းကလေးတွေဘက်က အတုခိုးစရာပြောပြမလို့ ဟဲ်ာတနယ်ထဲမှာ ဘုန်းကြီးရဲ့မှတ်တမ်းစာအုပ်ထဲမှာတော့ လိပ်စာပါရေးထားပါတယ်။ ဒီကလေးမက အလွန်ဆုံးရှိလှ အသက်၂၅နှစ်ပဲ။ ဆရာတော့်တရားပွဲလိုချင်လို့ ဆိုပြီး ၁နှစ်ကြိုပြီးတော့ လာပင့်တယ်။ ဟိုမှော်ဘီ ဘက်ကိုလိုက်လာတာ။ သူ့အဘွားက အသက်၇၀ကျော်ပြီ။ မြေးအဘွားနှစ်ယောက်ပဲရှိတယ်။ ဘုန်းကြီးတို့တရားပွဲဆိုရင် မဟောရသေးတဲ့နေရာဖြစ်မယ်၊ ဆင်းရဲတဲ့နေရာဖြစ်မယ်၊ ခေါင်တဲ့နေရာဖြစ်မယ်၊ လူမိုက်များတဲ့နေရာဖြစ်မယ်ဆိုရင် ဘုန်းကြီးကြွပါတယ်။ သူတို့နေရာတွေက အဲဒီအချက်တွေနဲ့ညီတဲ့အတွက် ပေးလိုက်တယ်။ အဲဒီကလေးမလေးက ကြီးပွားပါတယ်။ သူတို့ရဲ့ရွာမှာ ကုန်စုံဆိုင်အကြီးကြီးဖွင့်ထားပါတယ်။ ပစ္စည်းမျိုးစုံရတယ် စက်သုံးဆီတွေ ပါရတယ်။ အကြီးပွားဆုံးပဲ။ သူကပြောတယ်။ တပည့်တော်ကြီးပွားတာ ဆရာတော့်ရေးတဲ့ မေတ္တာဖြင့်စီးပွားရှာခြင်း စာအုပ်ကိုဖတ်ပြီးတော့

အဲဒီစာအုပ်အတိုင်းကျင့်လို့တဲ့။ တွေ့လား လက်တွေ့အကျိုးပေးတယ်။

တစ်ခါတော့ စက်သုံးဆီမှာတာ ၁၈လုံးပေါ့၊ ၁၈ပီပါပေါ့။ အဲဒါ လာချတဲ့ကားက ပေပါအလုံး ၂၀ချသွားတယ်။ ရောင်းတဲ့သူတွေက လာချသွားတာပဲ။ အဲတော့ ၁၈လုံးဖိုးပဲ ရှင်းလို့ကောမရဘူးလား။ ဘောက်ချာမှာ ၁၈လုံးဖိုးပဲ ရှင်းဖို့ပါလာတယ်။ တပည့်တော်လေ ဆရာတော်ရဲ့တရားတွေနာ စာအုပ်တွေဖတ်တော့ မတရားဘူးလို့ထင်ရင်၊ မရိုးသားဘူးလို့ထင်ရင် မယူချင်တော့ဘူး။ တပည့်တော်လေ အလုံး၂၀ဖိုးလုံး ရှင်းပေးလိုက်တယ်တဲ့။ အဲဒီလိုမျိုး ဖြစ်စေချင်တာ။ ဗုဒ္ဓဘာသာမြန်မာတွေဆိုရင် စာရိတ္တသတ္တိက ပြောစရာမလိုဘူးလို့ ဖြစ်စေချင်တယ်။ အခုတော့ မြန်မာဆိုရင် သူခိုးပဲဟော့လို့ ဒီလိုဖြစ်နေပါတယ်။ ကောင်းတဲ့ပုဂ္ဂိုလ်ရှိသလို၊ ဆိုးတဲ့ပုဂ္ဂိုလ်လည်း ရှိတာကိုး။ ဘုန်းကြီးက အကုန်ကောင်းစေချင်ပါတယ်။ အဲဒါကြောင့် ဘုန်းကြီးဟောလည်းဟော ရေးလည်းရေးနေပါတယ်။ ကောင်းကြစမ်းပါ။ ဗုဒ္ဓဘာသာတစ်ယောက် မဟုတ်တာလုပ်ရင် မိဘ၊ ဆရာသာမက ဗုဒ္ဓပါ သိက္ခာကျလို့ပါပဲ။ ဒါကြောင့် စာရိတ္တသတ္တိကောင်းအောင် လုပ်ကြပါ။

ဘုန်းကြီးဟောမယ့် တရားခေါင်းစဉ်ကတော့ ပင်လယ်ရေနဲ့မြစ်ရေတဲ့။ ဒီအကြောင်းလေးကို မေတ္တာဖြင့်စီးပွားရှာခြင်းစာအုပ်ထဲမှာ ခေါင်းစဉ်တစ်ခု အခန်းတစ်ခန်းအနေနဲ့ ရေးထားတယ်။ ဒီမှာအကျယ်ပြောပြချင်တယ်။ အမှန်ကတော့ အင်္ဂုတ္တိုရ် ပါဠိတော်ထဲက သမ္ဗဒ(၄)ပါးကို လူတွေစိတ်ဝင်စားအောင် ပြောပေးချင်တာပါ။ လိုက်နာကျင့်ကြံအောင် ပြောပေးချင်တာပဲ။

ခေါင်းစဉ်လေးကို ရှင်းရအောင်။ ပင်လယ်ရေက မများဘူးလား။ သို့သော် လူသားတွေ သောက်လို့သုံးလို့ရလား . . . မရဘူးနော်။ ငန်နေလို့ . . .။ ဒါအဖြေပဲ။ အဲဒီထဲမှာ မသူတော်တွေ၊ လူယုတ်မာတွေ ချမ်းသာတာက ပင်လယ်ရေနဲ့တူတယ်။ ဒီနေ့ မြန်မာတစ်ပြည်လုံး ကြည့်လိုက်စမ်း လူယုတ်မာတွေ၊ မသူတော်တွေ ချမ်းသာနေတာ များတယ်။ သူတော်ကောင်းတွေ ဆင်းရဲတယ်၊ လမ်းဘေးရောက်နေတယ်။ ဟိုးမြို့ပြင် ရောက်နေကြတယ်။ အဲဒီ မသူတော်တွေ ချမ်းသာတာက ပင်လယ်ရေလိုပဲ။ ဘယ်သူ့အတွက်မှ အကျိုးမရှိတဲ့အပြင် လောကကြီးပါဖျက်ဆီးခံရတယ်။

မြစ်ရေတဲ့ . . .။ မြစ်ရေဆိုတာ နည်းနည်းလေးပါပဲ။ ပင်လယ်ရေနဲ့စာရင် နည်းနည်းလေးပါ။ ဒါပေမယ့် လူတွေ သောက်လို့သုံးလို့ မရဘူးလား။

ထို့အတူပဲ သူတော်ကောင်းတွေ ချမ်းသာရင် လောကကြီးအများကြီး အကျိုးရှိတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာထဲက ဟောဒီသူတော်ကောင်းတွေ ချမ်းသာအောင် ကြိုးစားကြပါ။ ပေါ့ပေါ့တန်တန် မလုပ်ပါနဲ့။ ဟောဒီ ဗုဒ္ဓဘာသာ သူတော်ကောင်းတွေ ချမ်းသာမှ လောကကြီးချမ်းသာမှာ။ ဟောဒီ ဗုဒ္ဓဘာသာ သူတော်ကောင်းတွေဆင်းရဲရင် ဗုဒ္ဓဘာသာလည်း ပျောက်ပြီလို့သာ မှတ်တော့။ ဗုဒ္ဓဘာသာပျောက်သွားတဲ့ ရွာ(၃)ရွာကို ဘုန်းကြီးဗီဒီယိုရိုက်ထားတယ်။

မြိတ်မြို့နယ်က ကသောင်းရွာ၊ တက်ကထီးရွာ၊ တုန်းပျောငယ်ရွာ တွေပဲ။ လုံးဝဗုဒ္ဓဘာသာမရှိတော့ဘူး။ နောက်တစ်ခုက တောင်ရှည်ရွာတဲ့။ ဗုဒ္ဓဘာသာပျောက်တော့မယ်။ အိမ်ခြေသုံးရာမှာ ဘာသာခြားက ၂၀၀ကျော် ဖြစ်သွားတယ်။ ဗုဒ္ဓဘာသာ ၁၀၀တောင်မပြည့်တော့ဘူး။ အရင်တုန်းက ဗုဒ္ဓဘာသာအိမ်ခြေ ကြီးတွေပဲ။ ဘာသာခြားက အိမ် ၂၀၊ ၂၅ပဲ။ အခုတော့ ဘာသာခြားတွေက မျိုးသွားပြီလေ။ ဘုန်းကြီးက တစ်ပြည်လုံး သွားနေတာ မြင်နေရတယ်။

အဲဒီထဲက ကြေကွဲစရာလေးတစ်ခုပြောပြမယ်။ တက်ကထီးရွာတဲ့။ ကိုယ်တိုင်ရောက်ခဲ့ပြီး ဗီဒီယိုပါရိုက်ယူလာတာ။ ကြေကွဲလို့ ရိုက်ယူလာ တာပါ။ ဝမ်းသာစရာ မဟုတ်ဘူး။ ဝမ်းနည်းစရာပါ။ အဲဒါလည်း ဘာသာခြား တွေချည်းပဲ။ အိမ်ခြေ ၂၄၀မှာ ဗုဒ္ဓဘာသာအိမ် ၂အိမ်ပဲ ကျန်တော့တယ်။ ကျောင်းကန်ဘုရား မရှိတော့ဘူး။ အဲဒါ အားလုံးက ဒီရွာကြီးကို ဘာသာခြား ရွာကြီးလို့ပဲ သိကြတယ်ပေါ့။ ပြီးခဲ့တဲ့ ၇နှစ်ခန့်က အဲဒီရွာရဲ့အလယ်မှာ တောင်ကမူကြီးရှိတယ်။ ချုံတွေ၊ ပိတ်ပေါင်းတွေနဲ့ပေါ့။ နွားကျောင်းသားတွေ ကတော့ ဒီကမူကြီးပေါ်မှာ နွားကျောင်းတတ်ကြတယ်။ တစ်ခါတော့ ဒီတောင်ကုန်းပေါ်မှာ တခြားရွာက နွားကျောင်းသားတွေ နွားကျောင်းရင်းနဲ့ ဒီတောင်ပေါ်မှာ တူးစွဆော့ကစားရင်း ဓာတ်တော်တွေ၊ မွေတော်တွေ၊ ဗုဒ္ဓရုပ်ပွားတော်တွေ၊ ဥာပနာပစ္စည်းတွေ သွားတွေ့တာ။ အဲဒါ လင်ပန်းကြီးနဲ့ အပြည့်ပဲ။ ဘုန်းကြီးကိုယ်တိုင်သွားပြီးတော့ နေ့ခင်းတရားတစ်ပုဒ်ဟောပေး ခဲ့တယ်။ လွန်ခဲ့တဲ့ ၇နှစ်ကျော်က တောင်ပေါ်မှာ ကျောင်းလေးတစ်ကျောင်း ပြန်တည်ဖို့ ကြိုးစားကြတယ်တဲ့။ စေတီလည်း တည်မယ်ဆိုပြီးတော့ပေါ့ ပေါ်တော်မူဆိုပြီး တစ်မြို့လုံးလာဖူးကြပေါ့ဗျာ။ တွေ့တဲ့ ဥာပနာပစ္စည်းတွေ ကိုလည်း လင်ပန်းနဲ့ထည့်ပြီး အပူဇော်ခံထားတယ်။ တက်ကထီးရွာက

မြိတ်မြို့နယ်ဆို မိုင်၂၀ပဲဝေးတယ်။ ကားလမ်းက ပေါက်တယ်။

တစ်ရက်ကျတော့ မြိတ်မြို့က ဇလီထဲမှာ အစည်းအဝေးတစ်ခု လုပ်တယ်။ ဒါဘုန်းကြီးတို့က ဓမ္မဓိဋ္ဌာန်ပြောတာပါ။ ဘယ်ဘာသာလို့ မပြောဘူး။ စိတ်ဓာတ်က အရေးကြီးတယ်။ ဗုဒ္ဓဘာသာထဲမှာလည်း မကောင်းတဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။ ဗုဒ္ဓဘာသာတိုင်းလည်း မကောင်းဘူး။ ဗုဒ္ဓဘာသာအမည်ခံ ယုတ်မာတဲ့ကောင်တွေ အများကြီးရှိတယ်။ ရဟန်းလောက၊ လူလောကမှာ ရှိတယ်။ ထို့အတူ အစ္စလာမ်၊ ခရစ်ယာန်၊ ဟိန္ဒူမှာလည်း ဒီအတိုင်းပဲ လူမကောင်းတာက ဘာသာနဲ့မဆိုင်ဘူး။ ဘုန်းကြီးတို့က လူ့ရဲ့စိတ်ဓာတ်ကိုပဲပြောတာ။ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။ အခုဟာက မကောင်းတဲ့ ပုဂ္ဂိုလ်တွေပါ။ အဲဒီရွာဟာ ဘာသာခြားရွာတဲ့. . . ဗုဒ္ဓဘာသာစေတီ မတည်စေရဘူးဆိုပြီး လက်ရွေးစင်တွေရွေး ညအခါကျရင် အဲဒီရွာကိုဝင်စီးပြီးတော့ ဓာတ်တော်မွေတော်တွေ အကုန်လုံးယူပြီးတော့ မြစ်ထဲသွားလွှတ်ပစ်ချမယ်ဆိုပြီး တိုင်ပင်ဆွေးနွေးတယ်။ ကြောက်စရာကောင်းတယ်နော်။ မြန်မာပြည်မှာ ဖြစ်နေတာ။ အဲဒီတုန်းက တိုင်းမှူးက ဗိုလ်ချုပ်အေးကြွယ်ပေါ့။ တို့ဗုဒ္ဓဘာသာဘုန်းကံကလည်း ထိုက်သလောက်တော့ ရှိတယ်။ မသေရုံ၊ ကုန်းလေးတော့ရှိတယ်သိလား။ သူတို့ အစည်းအဝေးထိုင်တဲ့ထဲမှာ ဗုဒ္ဓဘာသာ မြန်မာတစ်ယောက်ပါသွားတယ်။ အဲဒီကောင်က ဗုဒ္ဓဘာသာ မြန်မာစစ်စစ်။ သို့သော် သူ့ရဲ့အသားအယောင်နဲ့မျက်နှာက မွတ်ဆလင်ရုပ်ဖြစ်နေတယ်။ ဇလီထဲမှာ ဗဟုသုတဆိုပြီးတော့ဝင်သွားတော့ အဲဒီအချိန်မှာ သူ့အရှေ့မှာအစည်းအဝေးထိုင်နေကြတာ. . . အကုန်ပေါ်ရော။ တိုင်းမှူးကိုတိုင်လိုက်တယ်. . . တိုင်းမှူးက ကောင်းပါတယ်။ မင်းတို့ကောင်တွေ ဓာတ်တော်မွေတော်တွေထိရဲထိကြည့် တစ်ရွာလုံး ပြောင်း ရမယ်ဆိုတော့မှ မလုပ်ရဲတော့ပါဘူး။ အခုတော့ စေတီလေးတည်ပြီးတော့၊ ကျောင်းလေးတော့ ဆောက်နေပါတယ်။

ပြောပြချင်တာက အရင်တုန်းက ဒီရွာဟာ ဗုဒ္ဓဘာသာရွာ။ အားလုံး အိမ်ခြေ ၂၄၀ဆိုရင် ၂၀၀လောက်က ဗုဒ္ဓဘာသာတွေကြီးပဲ။ ဘာသာခြားက ၄၀လောက်ပဲရှိတယ်။ သို့သော် ဗုဒ္ဓဘာသာမြန်မာတွေဟာ ဗုဒ္ဓဘာသာဖြစ်ပေမယ့် ဘုရားစကားတစ်ခုမှ နားမထောင်ကြဘူး။ ဘုရားက ကြီးပွားတိုးတက်အောင် သမ္မဒါ(၄)ပါးနဲ့ ပြည့်စုံအောင်ကြိုးစားကြလို့ဆိုတယ်။

ဥဋ္ဌာနသမ္ပဒါ၊
အာရက္ခသမ္ပဒါ၊
သမဇီဝိတသမ္ပဒါ၊
ကလျာဏမိတ္တသမ္ပဒါ. . . သမ္ပဒါ(၄)ပါး။

ဥဋ္ဌာနသမ္ပဒါဆိုတာ စီးပွားဥစ္စာကို ထထကြွကြွ လုံ့လဝီရိယရှိရှိ ရှာဖွေကြပါတဲ့။ ဝတ်ကျေတန်းကျေလေး ရှာဖွေနေရင် နောက်ကျကျန်ခဲ့လိမ့်မယ်တဲ့။ တစ်ဆင့်နဲ့တစ်ဆင့်မြင့်နေအောင် ကြိုးစားရမှာနော်။ ငါကတော့ ဒီလောက်ဆိုရင် ပြည့်စုံပြီတော်ပြီဆိုပြီး ရှေ့ဆက်မကြိုးစားရင် ရှေ့ဆက်ကြိုးစားတဲ့ ပုဂ္ဂိုလ်နဲ့တွေ့ရင် ကိုယ်ကကျန်ခဲ့တာပေ့ါ။ ကိုယ်ရဲ့လုပ်ငန်းကို တိုးတက်သထက် တိုးတက်အောင် ကြီးမားသထက်ကြီးမားအောင် ကောင်းသထက် ကောင်းအောင် နေ့တိုင်းကြိုးစားရမယ်။ အဲဒါ ဥဋ္ဌာနသမ္ပဒါလို့ခေါ်တယ်။ အဲဒါနဲ့ပတ်သတ်ပြီးတော့ ကားကုမ္ပဏီတစ်ခုအကြောင်း ပြောပြမယ်။

ပထမဆုံး ထင်ထင်ရှားရှား ပေါ်ထွန်းခဲ့တဲ့ ကားကုမ္ပဏီက ဖို့ထ်ကုမ္ပဏီ ဖို့ထ်ကားလို့ခေါ်တယ်။ အမေရိကန် ဟင်နရီဖို့ထ်ဆိုတဲ့သူဌေးကြီးထုတ်တော့ အဲဒီကားကို ဖို့ထ်ကားလို့ ခေါ်ပါတယ်။ သူရဲ့ကားတွေက တစ်ကမ္ဘာလုံးက ဘာကြောင့်သုံးလဲဆိုရင် မေတ္တာစေတနာကြောင့်ပဲ။ အဲဒါကြောင့် စီးပွားလုပ်တဲ့ ပုဂ္ဂိုလ်များ အတုယူပါ။ သူတို့ဟာ ဘာသာခြားတွေဖြစ်သော်လည်း စီးပွားရေးမှာ မေတ္တာထားတယ်။ အဲဒါကြောင့် ဖို့ထ်ရဲ့ကားတွေက နံပါတ်(၁) ပစ္စည်းကောင်းတယ်၊ နံပါတ်(၂) ဈေးသက်သာတယ်၊ အဲဒါကြောင့် ဘယ်အလုပ်မဆို ကြီးပွားတိုးတက်ချင်တဲ့ပုဂ္ဂိုလ်တွေ ဒီနှစ်ချက်ကို နမူနာထားရမယ်။ မပြီးသေးဘူးနော် မူပဲရှိသေးတယ်။ အဲဒီမူရှိရင် အောင်မြင်ပြီလို့မှတ်ထား။ သို့သော် တိုးတက်ဖို့က လိုသေးတယ်။ အဲဒီတုန်းက ဖို့ထ်ကားတွေကို သုံးကြပါတယ်။ အဲဒီတုန်းက ဒေါ်လာ၁၀၀၀ပဲရှိတယ်။ သုံးကြတယ်ပေ့ါဗျာ. . .

နောက်တော့ ဂျင်နရယ်မော်တာ ကုမ္ပဏီဆိုတာ ထပ်ပေါ်လာတယ်။ အမေရိကန်က ကားကုမ္ပဏီပဲ။ သူတို့ကျတော့ ဥဋ္ဌာနသမ္ပဒါနဲ့ ပြည့်စုံတယ်။ ဖို့ထ်ရဲ့ကားတွေ အောင်မြင်တာက ပစ္စည်းကောင်းတယ်၊ ဈေးသက်သာတယ်။ တို့လည်းပဲ ပစ္စည်းကောင်းမယ်၊ ဈေးသက်သာရမယ်။ သူ့ရဲ့ကားထက်သာအောင် ကြိုးစားမယ်။ အားလုံးပရိသတ်တွေ တို့လူငယ်လူတ်လတ်ပိုင်းတွေ

ကြီးပွားတိုးတက်စေချင်လို့ သေချာပြောပြနေပါတယ်။ လက်တွေ့အသုံး ချတတ်စေချင်လို့ပါ။ အဲဒါဆို ဘာတွေလိုမလဲ။ ဝယ်တဲ့ပုဂ္ဂိုလ်တွေဟာ ဘာတွေကြိုက်တတ်လဲ။ တကယ်လုပ်တယ်။ မြို့ထဲကိုဆင်းလာကြပြီးတော့ ကားဝယ်စီးတဲ့ပုဂ္ဂိုလ်တွေဆီလွှတ်ပြီးတော့ သူ့လူတွေကို လေ့လာခိုင်းတယ်။ အဒေါ်ကြီး. . . အဒေါ်ကြီးက ကားဝယ်လို့ရှိရင် အရောင်တစ်မျိုးတည်း ကြိုက်လား၊ နှစ်မျိုးကြိုက်လား။ ဟဲ့. . . အမျိုးမျိုးရွေးချင်တာပေါ့။ ဖို့ထ်ကား တွေက အနက်ရောင်တစ်မျိုးတည်းရှိတာ။ ငါတို့မှာ ရွေးစရာမရှိလို့တစ်မျိုး တည်းဝယ်ရတာ။ ရွေးစရာရှိရင် ရွေးတာပေါ့။ ဪ. . . သိသွားပြီ။ ငါတို့ကားတွေထုတ်ရင် အရောင်အမျိုးမျိုးထုတ်မယ်။ အဲတုန်းက ဖို့ထ်ကားက အနက်ရောင်တစ်မျိုးတည်း ထုတ်တယ်။ ဘာရောင်မှမရှိဘူး။ အဲဒါ ဥဒ္ဒါန သမ္ပဒါလို့ခေါ်တယ်။ သူများထက်သာအောင် ကြိုးစားတာ။

ဒီနေ့မြန်မာတွေရဲ့ စိတ်ဓာတ်က အများစုက ညံ့သွားပြီ။ သူများထက်သာ အောင် မကြိုးစားတဲ့အပြင် သူများကိုလည်း ရိုက်လှဲပစ်တာ။ ဟော့ဒီ မန္တလေး မှာတင် ဖြစ်ဖူးတယ်တဲ့။ ဘုန်းကြီးစာအုပ်တွေ ဖတ်တော့သိတယ်။ စိတ်မကောင်းလိုက်တာ။ မြန်မာချင်း ချပစ်လိုက်တာ။ ဆိုကြပါစို့. . . ဆေးလိပ်တစ်ခုက တစ်အားအောင်မြင်နေတယ်။ မအောင်မြင်တဲ့ ဆေးလိပ် တစ်ခုကလေ အောင်မြင်တဲ့ဆေးလိပ်ကိုချချင်တော့. . . အောင်မြင်တာက နဂါးတံဆိပ်ထားပါတော့ မအောင်မြင်တာက ဆင်တံဆိပ်ထားပါတော့။ အဲဒီတော့ ဆင်တံဆိပ်ကလူက နဂါးတံဆိပ်ကိုချချင်တော့လေ နဂါးတံဆိပ် ဆေးလိပ်တွေကို အကုန်ဝယ်တာ။ အကုန်ပေးဆိုပြီး သိမ်းသွားတာ။ ဒ္ဒပဟုတ်မှတ်လို့ အကုန်ပေးရှာတယ်။ နာမည်ကြီးကာစလေးကိုး။ အကုန် ရောင်း အကုန်သိမ်း။ အဲဒါ ရသမျှအကုန်သိမ်းပြီးရော အဲဒါတွေ မထုတ်တော့ဘူး။ အဲဒီ နဂါးတံဆိပ်တွေပြန်ခွာပြီးတော့ ဆင်တံဆိပ်တွေ ကပ်ပြီးတော့ ပြန်ရောင်းတာ။ အဲဒီတော့ ဆေးလိပ်လောကမှာ နဂါးတံဆိပ် ပျောက်သွားတယ်။ အဲဒီမှာ နဂါးတံဆိပ်လုပ်တဲ့သူမှာ မွဲသွားရှာတယ်။ အဲဒီမွဲသွားတဲ့ပုဂ္ဂိုလ်ကိုယ်တိုင် ဘုန်းကြီးကို ပြောပြဖူးတယ်။ ကဲကြည့်စမ်း. . . စိတ်ဓာတ်တွေက ဘယ်လောက်ညံ့သွားသလဲ။ ဥဒ္ဒါနသမ္ပဒါလေ. . . သူ့ထက်ပိုပြီးကြိုးစားရမှာ။ ကိုယ်က ကောင်းအောင်ကြိုးစားရမှာကို ရိုက်ချိုးပစ်တာ။ အဲဒါ ဒေဝဒတ်နည်းလို့ ခေါ်တယ်။ အဲဒီလိုပုဂ္ဂိုလ်တွေ

ဘုန်းကြီးက ဗုဒ္ဓဘာသာထဲမှာ ရှိကိုမရှိစေချင်ဘူး။ ဗုဒ္ဓဘာသာ သိက္ခာကျတယ်။ ဘယ်လောက် စိတ်ဓာတ်က ယုတ်ညံ့ သွားသလဲ။ တစ်ယောက်သာရင် တစ်ယောက်က ဖြုံချတယ်။ မလုပ်ကောင်းဘူး. . . အဲဒါအောက်လမ်း နည်းလို့ခေါ်တယ်။ ရေသွားမယ့် နည်းတွေပဲ။

အခုကြည့်စမ်း ဂျင်နရယ် မော်တာကုမ္ပဏီက ကြိုးစားနေတာ။ သူက အရောင်မျိုးစုံထုတ်မယ်။ နောက်ပြီး ဆက်လေ့လာပြန်တယ်။ ဦးလေး ဦးလေးတို့ကားဝယ်တဲ့အခါမှာ ဈေးနှုန်းတစ်မျိုး ကြိုက်သလား။ နည်းတဲ့ ဈေးနှုန်း၊ အလတ်စား ဈေးနှုန်း၊ ကြီးတဲ့ ဈေးနှုန်းအမျိုးမျိုးဘယ်လိုဝယ်ချင်လဲ။ ဟာ. . . ဖြစ်နိုင်ရင်တော့ ငါတို့က ဈေးနှုန်းအမျိုးမျိုးလေးကို လျှောက်ကစားဝယ်ချင်တာပေါ့ကွာ။ တစ်မျိုးတည်းရှိတော့ တစ်မျိုးတည်းရတယ် ဆိုတာ သိသွားတော့. . . ငါတို့ကားတွေကို ဈေးနှုန်းအမျိုးမျိုး ထုတ်ပေးမယ်။ ဝယ်တဲ့လူတွေ ပိုစိတ်ဝင်စားမယ်။ ကားကို ဈေးအလတ်စား၊ အကောင်းစား၊ အညံ့စား (၃)မျိုးခွဲလိုက်တယ်ပေါ့။ နောက်တစ်ခါ ဆက်လေ့လာပြန်တယ်။ ဟာ. . . ဦးကြီး. . . ဦးကြီးကကော ကားတွေဝယ်တဲ့အခါမှာ ပုံစံတစ်မျိုးတည်း ကြိုက်လား။ ပုံစံအမျိုးမျိုးကို ရွေးချင်သလား။ ပုံစံအမျိုးမျိုးကိုရွေးချင်တာ ပေါ့ကွ. . . အခုကားတွေက တစ်မျိုးတည်းရှိလို့ တစ်မျိုးတည်းဝယ်ရတာ။ သိသွားပြန်ပြီ. . . အဲဒီအခါ ဂျင်နရယ်မော်တာ ကုမ္ပဏီက မူဖြစ်တဲ့ ဈေးသက်သာရမယ်၊ ပစ္စည်းကောင်းရမယ် သူတို့လည်း ဒီနှစ်ချက်ညီတယ်။ သူ့ထက်သာတဲ့ အရောင်အမျိုးမျိုးထုတ်ပေးလိုက်တယ်။ ဖို့ထ်ကားထက် သာမသွားဘူးလား။ အဲဒါ ဉဿာနသမ္ပဒါလို့ မှတ်ပါ။ ထက်ြွလုံ့လ ဝီရိယရှိတာကို ပြောနေတာ။ ကြိုးစားစမ်းပါ. . . ဘုန်းကြီးတရား တွေက နားထောင်ကောင်းအောင် မဟုတ်ဘူး။ လက်တွေ့ အသုံးချဖို့ပဲ။ နောက်ပုံစံ အမျိုးမျိုးထုတ်လိုက်တယ်။ ဈေးနှုန်းအမျိုးမျိုး ထုတ်လိုက်တယ်။ အဲဒီမှာတင် ဖို့ထ်ကားတွေအကုန်ရှုံးကုန်ပြီးတော့ ဂျင်နရယ်မော်တာ ကုမ္ပဏီက အကုန်အောင်ပွဲခံပါတယ်။ ဒါနှစ်ပေါင်းကြာခဲ့ပါပြီ။ နောက်ထပ် ဂျပန်ကားတွေအောင်ပွဲခံတာလည်း ဒီပုံစံမျိုးပဲ။ ပစ္စည်းကောင်းမယ်၊ ဈေးသက်သာမယ်၊ အရောင်အမျိုးမျိုးနဲ့အကုန်ပေါ့နော်. . . အဲဒီမှာတင် အကုန်လုံး ကမ္ဘာမှာပြန့်နေတာ။ ဒါကြောင့် စီးပွားရေးမှာ တကယ်အောင်မြင်ချင်ရင် ဉဿာနသမ္ပဒါနဲ့ပြည့်အောင် နေ့တိုင်းကြိုးစားရမယ်။

စိန်ပေဒါကြီးလိုလည်း ကြိုးစားကြပါ။ စိန်ပေဒါတော်တယ်ဆိုတာ သူက အမြဲတမ်းသူ့ကိုသူ ပြိုင်နေတာတဲ့။ မနေ့က စိန်ပေဒါကို ဒီနေ့စိန်ပေဒါက သာရမယ်။ ဒကာကိုထွန်းရွှေတို့လည်း မနေ့က နဂါးထက် ဒီနေ့နဂါးက သာရမယ်. . . ဟုတ်လား။ အမှန်တော့ အောင်မြင်သွားတဲ့ ပုဂ္ဂိုလ်တွေဆိုတာ မေတ္တာစေတနာပါပဲ။ ကိုယ်ဆိုင်ထဲဝင်လာတဲ့ ပုဂ္ဂိုလ်ကို ဘယ်လို အကျိုးဆောင်ပေးလိုက်ရမလဲ။ ဘယ်လိုပိုကောင်းအောင် လုပ်လိုက်ရမလဲ။ အဲဒီစိတ်ကို အမြဲတမ်းမွေးထားပါ။ သူများကို ချမ်းသာစေချင်တဲ့စိတ် တကယ်ရှိနိုင်ရင် ကိုယ်လည်းတကယ် ချမ်းသာသွားပါတယ်။ သူများကို တကယ်ချမ်းသာချင်တဲ့စိတ်ကို ရအောင် မွေးစမ်းပါ။ အောင်မြင်တဲ့ပုဂ္ဂိုလ်တွေ တကယ်အဲဒီစိတ်တွေရှိလို့ပါ။

မြန်မာတွေအများစုမှာ အဲဒီဉဿာနသမ္ပဒါ မရှိဘူး။ တစ်နေ့လာလည်း ဒါပဲ။ တစ်နေ့လာလည်း ဒါပါပဲ။ ဘာမှမတိုးတက်တော့ဘူး။ ဉဿာနသမ္ပဒါ ရှိတဲ့ ဘာသာခြားတွေက မြန်မာတွေကို ကျော်ခွနင်းသွားပြီ။ မြန်မာတွေ နယ်စပ်တွေ မြို့ပြင်ဘက်တွေ ရောက်သွားပြီ။ မြို့လယ်ခေါင်မှာ မြန်မာတွေ မရှိတော့ဘူး။ သူများကို ဣဿာမစ္ဆရိယ မရှိနဲ့။ ကိုယ်ညံ့လို့ဖြစ်တာ ပြန်ကြိုးစားပေါ့။

တစ်ခါ သက်ကယ်ထီးရွာလေးက မြန်မာတွေ ဉဿာနသမ္ပဒါ လုံးဝမရှိဘူး။ ဘာသာခြားတွေက ရှိတယ်။ တအားကြိုးစားကြတယ်။ ဟော. . . နောက်တစ်ချက် ဘုရားကဟောလိုက်ပြန်ပြီ။ မင်းတို့ ထကြွလုံ့လရှိရုံနဲ့ မကြီးပွားသေးဘူးကွ။ အာရက္ခသမ္ပဒါရှိရမယ်။ အာရက္ခသမ္ပဒါဆိုတာ ရရှိလာတဲ့စီးပွားဉစ္စာတွေကို မကုန်သင့်အောင် မကုန်အောင်စောင့်ရှောက်ကြတဲ့။ မြန်မာတွေက စောင့်ရှောက် ပါတယ်။ နှစ်လုံး၊ သုံးလုံးကစားရင်လည်း မြန်မာတွေပဲ။ ဖဲကစားရင်လည်း မြန်မာတွေပဲ။ ဂျင်ကစားရင်လည်း မြန်မာတွေပဲ။ ခြောက်ကောင်ဝိုင်းကြည့် မလား မြန်မာတွေ။ လောင်းကစားဆို အကုန်လုပ်တယ်။ မြန်မာတွေက ရှိသမျှဟာတွေ လောင်းကစားလုပ်တော့ ပေါင်နှံ၊ ဘာသာခြားတွေက အကုန်ယူ။ ကြာတော့ မြန်မာတွေအိမ်တွေ ကုန်တာ။ အိမ်တင်မကဘူး လူပါကုန်တယ်။ မြန်မာမတွေပါ ကုလားတွေနဲ့ရ။ ပြောင်ရော. . . အဲဒါဟာ ဘုရားစကား နားမထောင်လို့ပါပဲ။

သမဇီဝိတသမ္ပဒါ တဲ့။ အဝင်အထွက် မျှတအောင်သုံးစွဲတဲ့။ မြန်မာ

တွေက သုံးစွဲပါတယ်။ တစ်နေ့မှာ လုပ်ခရတာက ၂၅၀၀တဲ့။ ကြက်သား တစ်ပိဿာဝယ်ချက်တာက ၄၀၀၀တဲ့။ အဲဒီတော့ ကြည့်စမ်း. . . နေ့တိုင်း အကြွေးတင်နေပြီလေ။ အကြွေးတင်ရင် ကျွန်ဖြစ်တာပဲ။ မြန်မာတွေ ကျွန်ဖြစ်သွားပြီလေ။ တကယ် ကျွန်ဖြစ်သွားတာ။ တကယ်ကြည့်စမ်း ကုမ္ပဏီကြီးတွေ၊ စတိုးဆိုင်တွေ၊ တကယ့်ကြီးမားတဲ့အလုပ်ရုံတွေမှန်သမျှ ဘာသာခြားတွေ၊ လူမျိုးခြားတွေ ပိုင်တာလေ။ တို့မြန်မာတွေက စာရေးလေးတွေ၊ ဘာလေးတွေ ဝင်လုပ်၊ တောက်တိုမယ်ရ. . . အဲဒါ ကျွန်ဖြစ်သွားတာလေ။ အဲဒါ ကြွေးတင်လို့ ကျွန်ဖြစ်သွားတာလေ။ လုံးဝ အဝင်အထွက်မျှတအောင် မသုံးစွဲဘူး။

အရင်တုန်းက မြန်မာပြည်ဝင်လာခဲ့တဲ့ ကုလားတွေက သူတို့ဝင်လာစတုန်းကလေ လံကွတ်တီလောက်ပဲ ပါတာ။ အရှက်လုံရုံဖုံးတဲ့ အစလေးနဲ့ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ရှိသမျှလေးတွေကိုစုပြီး လ. ဝ. က တွေကိုပေးရတာ။ ဒီမြန်မာပြည်ထဲဝင်ဖို့. . . ရွှေကို ၄၊ ၅ကျပ်သား ၁၀သားလောက်ပေးပြီး ဝင်ခဲ့ရတာ။ မြန်မာပြည်ထဲရောက်တော့ ဘာမှမကျန်တော့ဘူး။ သူတို့က မကျန်လည်းရတယ်။ ရှာတယ်လေ. . . အဲဒီတော့ ကုလားတွေစီးပွားရှာစမှာ ကျစ်ကျစ်ပါအောင်စုတယ်. . . အလုပ်မျိုးစုံနဲ့စုတယ်။ ရသမျှ စုတယ်။ ထမင်းကို ဆားနဲ့စားပြီးစုတယ်. . . တကယ်ပြောတာနော် စီးပွားရေးလေး အဆင်ပြေလို့ရှိရင် အဲဒီကုလားတွေ ဟင်းကောင်းစားတယ်တဲ့။ တခြား အသားငါးမထင်နဲ့ ငရုပ်သီးတစ်တောင့်တို့လိုက်တယ်။ ငရုတ်သီးလေး တစ်တောင့်ထည့်တာဟာ ဟင်းကောင်းစားလိုက်တာပဲတဲ့။ စီးပွားရေး အဆင်ပြေလို့ ပရိသတ်များ အထင်မသေးနဲ့ မရယ်နဲ့နော်။ အခုအဲဒီ ကုလားတွေက ချမ်းသာသွားပြီလေ။ ခင်ဗျားတို့ ကျန်ခဲ့ပြီလေ။ အဲဒါ သမဇိဝိတသမ္ဗဒါ မရှိတာ။ ပြင်ကြစမ်းပါ. . . ဘုန်းကြီးလက်တွေ့ကျင့်ဖို့ ပြောနေတာနော်. . . အဖြစ်ပြောနေတာ မဟုတ်ဘူးနော်။ တို့မြန်မာတွေ ကြည့်စမ်း မြို့ရော. . . တောရော အစားအသောက်ကို. . . ဥစ္စာဖြို စားဖိုကတဲ့။ စားဖိုက အကုန်ကုန်သွားတာ။ ချက်ပါပြီ ဝက်သားတွေဆိုလည်း ပိဿာလုံး လိုက်. . . ပြီးတော့ ဘာအသီးမှလည်းမရောဘူး. . . ပြောင်ချက်တာ။ အိုးကပ်တာနဲ့သွန်ပစ်တာနဲ့ကုန်တာပဲ။ စည်းကမ်းမရှိ အလဟဿ ကုန်တော့ မြန်မာတွေ မွဲပါတယ်။

နောက် ကလျာဏမိတ္တသမ္ပဒါတဲ့။ မိတ်ဆွေကောင်း ရှိရမယ်တဲ့။ ဘာမိတ်ဆွေကောင်းမှ မရှိဘူး။ မြန်မာချင်းလည်း မကူညီဘူး။ တစ်ယောက် ချမ်းသာရင် တစ်ယောက် ဖျက်ဆီးတယ်။ တစ်ယောက်ကြီးပွားရင် တစ်ယောက်နင်းချေတယ်။ ဟော ဘာသာခြားတွေကျတော့ ကူညီတယ်။ ငွေချေးရင်လည်း အတိုးပေးစရာမလိုဘူး။ မြန်မာတွေ အဲဒီလို ကူညီတာ ရှားသားပဲ။

အဲလို သမ္ပဒါ(၄)ပါးချို့ယွင်းလိုက်တာ မြိတ်မြို့နယ် သက်ကထီးရွာက ဗုဒ္ဓဘာသာအားလုံး အိမ်တွေခြံတွေပေါင်ပြီးတော့ ပြောင်းသွားရပါတယ်။ အဲဒီမှာအားလုံးပဲ ဘာသာခြားတွေပိုင်ပြီးတော့ ဘာသာခြားရွာကြီးဖြစ်သွားတယ်။ ဘာသာခြားရွာကြီးဖြစ်တော့ အဲဒီရွာကြီးရဲ့အလယ်ခေါင်က ကုန်းကမူကြီးပေါ်မှာ ဘုရားတွေ၊ ကျောင်းတွေ၊ ကန်တွေ၊ စေတီတွေ၊ ရုပ်ပွားတွေကို ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာတစ်ယောက်မှ မရှိဘူးဆိုတော့ ဘုန်းကြီးတွေနေလို့ ရသေးလား။ ဘုန်းကြီးတွေ အကုန်ပြောင်းသွားကြတယ်။ လှူမယ့်သူမရှိတော့ဘူးလေ။ ဒီဘုန်းကြီးတွေက ဒကာ ဒကာမတို့ ငွေကိုမှီပြီးတော့ သာသနာပြုရတာလေ။ ဘုန်းကြီးတို့ငွေ တစ်ပြားမှမရှိဘူး။ လှူမယ့်သူမရှိတော့ ဘုန်းကြီးတွေအကုန်ထွက်သွားပြီး နှစ်တွေကြာလာတော့ ဒီတိုက်ကျောင်းကြီးတွေက ပြိုကျ၊ စေတီကြီးတွေပြိုကျ ရုပ်ပွားတော်တွေ ပြိုကျပြီး မြေကြီးဖြစ် ကုန်းကြီးမြင့်လာတာ။ အဲဒီမှာပဲ ဓာတ်တော်တွေ သွားတွေ့တာ။ အဖြေက ဒါပဲ။ ဗုဒ္ဓဘာသာရွာတွေ ပျောက်ပျောက်ပြီးတော့ ဘာသာခြားရွာတွေ ဖြစ်ဖြစ်သွားတာ မရေနိုင်ဘူး။ အဲဒါတောင် မြိတ်နဲ့နီးတဲ့ ရွာမှာသွားရိုက်တာ ဝေးတဲ့နေရာတွေမှာ အများကြီးအများကြီးရှိသေးတယ်။ သူများအပြစ်မမြင်နဲ့။ နောက်ဆုံးတော့ ဗုဒ္ဓဘာသာဒီရွာမှာ ဘာကြောင့် ပျောက်သလဲဆိုရင် ဗုဒ္ဓဘာသာတွေ ဆင်းရဲလို့ပဲ။ ချမ်းသာအောင်လုပ်ကြလေ. . . ကြိုးစားကြလေ။

ခက်တာက တို့ဗုဒ္ဓဘာသာတွေက ပျင်းရိခြင်းနဲ့ ရောင့်ရဲခြင်းကို မခွဲတတ်ဘူး။ ပျင်းရိတာက အကုသိုလ်. . . . ရောင့်ရဲတာက ကုသိုလ်ပဲ။ အခုတော့ ပျင်းရိတဲ့ အကုသိုလ်ကို ရောင့်ရဲတယ်ထင်ပြီးတော့ မြန်မာတွေ မွဲပါတယ်။ လက်တွေ့တစ်ခု ပြောပြမယ်။ ကိုရီးယားသူဌေးနဲ့ မြန်မာသူဌေး တစ်ယောက် ရန်ကုန်မှာစကားပြောကြတယ်။ အဲဒီကိုရီးယားက ရန်ကုန်

ရွှေပြည်သာမှာ အထည်ချုပ်စက်ရုံဆောက်တာ (၂)ရုံတောင် ဆောက်တယ်။ ပထမတစ်ရုံအဆင်ပြေတော့ ဒုတိယတစ်ရုံဆောက်တယ်။ နောက်ပြီး ကိုရီးယားမှာလည်း ထပ်ဆောက်ဦးမယ်ပေါ့၊ မြန်မာနိုင်ငံမှာလည်း ထပ်တိုးဦးမယ်ဆိုတော့ မြန်မာသူဌေးကပြောတယ်။ ခင်ဗျားဗျာ စက်ရုံ တစ်ရုံနဲ့ ခင်ဗျားမိသားစု၊ ဆွေမျိုးသားချင်းတွေ စားလို့မကုန်ပါဘူး။ ခင်ဗျား ဘာဖြစ်လို့ တိုးချဲ့နေရတာလဲ တော်ရောပေါ့။ ကဲ ကြည့်စမ်း မြန်မာသူဌေးက ပြောတာ။ အဲဒီမှာ ကိုရီးယားသူဌေးကပြောတယ်။ မဟုတ်ဘူးလေကွာတဲ့. . . ကျွန်တော့် မိသားစုအတွက်ရှာပြီးရင် ကျွန်တော့်မြို့အတွက် ရှာမှာလေ။ မြို့သူမြို့သား အားလုံးအတွက် ဒီထက်ရှာနိုင်ရင် ကျွန်တော်နေတဲ့ တိုင်းအတွက် ပြည်နယ်အတွက်ရှာမှာပေါ့တဲ့။ ဒီထက်ရှာနိုင်ရင် ကျွန်တော်ချမ်းသာရင် ကျွန်တော်နိုင်ငံ ချမ်းသာအောင် ဆက်လုပ်ဦးမှာပဲတဲ့။ ကိုရီးယားတွေချမ်းသာတာဟာ ပျင်းရိခြင်းနဲ့ရောင့်ရဲခြင်းကို ခွဲခြားတတ်လို့ပဲ။ မြန်မာတွေက ငပျင်းတွေလေ။ စက်ရုံလေးတစ်ရုံရ တော်ရုံပေါ့။ အဲဒါ ငပျင်း. . . အဲဒါ သေရင် ငရဲကျမှာ။ ပျင်းတာ အကုသိုလ်။ အလုပ်တောင် မလုပ်ရသေးဘူး ငါတို့ ထမင်းလေး နပ်မှန်ရင် တော်ရောပေါ့။ အဲဒါ ငပျင်း. . . အကုသိုလ်ကောင်။ တကယ်ဆိုရင် ရသလောက်ရှာရမယ်။

စီးပွားရှာရင် တစ်ကပ်တစ်ကမ္ဘာလောက် စားရမလောက်ရှာရတယ်။ တရားရှာရတဲ့အခါကျမှသာ မနက်ဖြန်သေမလို သဘောထားရတယ်။ အခုဟာက စီးပွားရှာနေတာ။ တခြားဟာတွေ ဝင်မရောနဲ့။ အဲဒါကြောင့် မြန်မာတွေ ဆင်းရဲတာ။ စိတ်ဝင်စားစရာ မေးခွန်းလေးတစ်ခု အမေးခံရဖူးတယ်။ မေးခွန်းလေးက တော်တော်ကောင်းပါတယ်။ နွားသတ်တဲ့ မွတ်ဆလင်ကုလားတွေ အရမ်းချမ်းသာတယ်။ ဘုရားဟောတော့တဲ့ အကုသိုလ်လုပ်ရင် မကောင်းကျိုးပေးမယ်လို့လည်းဆိုသေးတယ်တဲ့။ နွားတွေ ဆိတ်တွေ သတ်ရောင်းတဲ့ ကုလားတွေကျတော့ ဘာဖြစ်လို့ မကောင်းကျိုးမပေးတာတုန်းတဲ့။ အဲဒါ မေးခွန်းပဲ။ အဲဒီမေးခွန်း မသိသင့်ဘူးလား။ သိသင့်ရင်သွား ကိုယ့်ကျောင်းဆရာတော်တွေ ကိုယ်ပြန်မေးကြတော့။ အဖြေက သူ့အသတ်သတ်တာက အကုသိုလ်၊ သေရင် အပါယ်ကျရင်ကျမှာလေ။ ဒါက အကုသိုလ်နဲ့ဆိုင်တယ်။ ချမ်းသာတာက သမ္ပဒါ(၄)ပါးနဲ့ ပြည့်စုံလို့။ အဲဒီကုလားတွေက မနက်ဆိုဈေးမျိုးစုံအကုန်ရောက်ပြီးနေပြီ။ ဘယ်နေရာမှာ

ဘယ်နှစ်မျိုးရှိလဲ၊ ဘယ်နေရာမှာ ဘယ်နှစ်သည်ရှိလဲ၊ ငါတို့ ဦးအောင်သွားမယ်။ မိုးမလင်းသေးဘူး အမဲဆိုင်မှာ အမဲရောက်ပြီးသား။ အဲဒါ ဥဋ္ဌာနသမ္ပဒါလို့ခေါ်တယ်။ ထကြွလုံ့လဝီရိယ ရှိတာလေ။ ရောင်းရသမျှ အလဟဿတစ်ခုမှ မသုံးဘူး။ ပြောခဲ့ပြီပဲ သူတို့စီးပွားရှာစက ဆားနဲ့ ထမင်းစားတာပါဆို။ အဆင်ပြေရင် ငရုတ်သီးတစ်တောင့်တို့လိုက်တာပဲ။ အခုချမ်းသာတဲ့အချိန်ကျ စားလို့ရပြီလေ။ မြန်မာတွေက ဘယ်ကြီးပွားမှာတုန်း။ မချမ်းသာသေးဘူး သုံးနေတာ သူဌေးသုံး သုံးပစ်တာ။ ဘယ်တော့မှ မချမ်းသာဘူး။ နောက် သမဇီဝိတသမ္ပဒါ အဝင်အထွက်မျှသအောင် သုံးစွဲတယ်။ ကလျာဏမိတ္တသမ္ပဒါ မိတ်ဆွေကောင်းရှိတယ်။ အဲဒီသမ္ပဒါ(၄) ပါးပြည့်စုံလို့ သူ့အသတ်သတ်ပြီးတော့ ကုလားတွေ ချမ်းသာ နေတာပါ။ သမ္ပဒါ(၄)ပါးနဲ့ပြည့်စုံနေရင် ဘယ်လူမျိုး၊ ဘယ်ဘာသာဖြစ်ဖြစ် ချမ်းသာတယ်။ သမ္ပဒါ(၄)ပါးနဲ့ မပြည့်စုံရင်တော့ ဗုဒ္ဓဘာသာဖြစ်ရင်လည်း မွဲနေဦးမှာပါပဲ။ အဲဒါကြောင့် ကြိုးစားကြပါ။

နောက်ပြီး ကြေကွဲစရာလေးတစ်ခုပြောပြမယ်. . . အဲဒါလေးပြီးရင်တော့ တရားသိမ်းကြမယ်။ ယောဂီတို့ကိုပြောပြီးသားပဲ။ တရားဆိုတာ တိုလေ ကောင်းလေပဲ။ နောက်ဆို မဟောဘဲနေပြီး ပြန်သွားရင်အကောင်းဆုံးပဲ။ အရင်တုန်းကတော့ ဒီဘုန်းကြီးက အင်မတန် ပေရှည်တဲ့ဘုန်းကြီးပဲ။ ဘုန်းကြီးမစိုးရိမ်တိုက်သစ်မှာ နေတဲ့အခါကျတော့ ဟိုဘက်ရွာကြီးတစ်ရွာက ဘုန်းကြီးတို့ အကြီးတန်းတွေကို ပဋ္ဌာန်းပင့်တာ ဘုန်းကြီးနဲ့အကြီးတန်း(၃၀) လောက်ပါသွားတယ်။ ပဋ္ဌာန်းသိမ်းပွဲကျတော့ ဒကာကြီးက အရှင်ဘုရားတို့လည်း အကြီးတန်းတွေပဲ. . . ဘုရား အကုန်တတ်ကျွမ်းပါတယ်။ အရှင်ဘုရားတို့ထဲက ပဋ္ဌာန်းသိမ်းပွဲမှာ အနုမောဒနာတရား ဘယ်သူဟောမလဲ ဘုရားဆိုတော့ ဒီဘုန်းကြီးက ဘိုးဟောချင်လေ။ ကျုပ် ဟောမယ်လို့ ထပြောတယ်။ ဟောပါ. . . ဘုရားတဲ့။

ဘုန်းကြီးအလိုက်ကမ်း ဆိုးမသိတာပြောတာပါ။ တကယ်ဆို ပဋ္ဌာန်းသိမ်းပွဲဆိုတာ အခမ်းအနားလေ. . . တရားပွဲသက်သက်မဟုတ်ဘူး။ အဲတော့ အရှည်ကြီးမဟောရဘူး။ အဲလို အခမ်းအနားဆိုတာ ၁၀မိနစ်၊ ၁၅မိနစ်နဲ့ အပြီးဟောရတာ။ ဒီဘုန်းကြီးကလေ တစ်နာရီကျော်ထိဟောတာ မပြီးသေးဘူး။ တချို့ပရိသတ်က ဆင်းပြန်သွားပြီ. . . မသိဘူး။ ကိုယ့်ဟာကိုယ် မျက်စိ

မှိတ်ပြီးချနေတာ သိလား။ မျက်စိဖွင့်ကြည့်တော့ အရင်တုန်းက ပရိသတ် ၁၀၀လောက်က ရှေ့ပိုင်းထိုင်တဲ့ ၂၀ လောက်ပဲကျန်ခဲ့တယ်။ ရှေ့က ဒကာကြီးက တိုးလာတယ်။ ဖြည်းဖြည်းချင်း တိုးလာတယ်။ ဘုန်းကြီး ထင်တာက ဒီဒကာကြီးက ငါတရားကောင်းလို့ ချီးမွမ်းမလို့ထင်တယ် ပေါ့။ အနားရောက်တော့ တိုးတိုးလေးပြောတယ်။ မြန်မြန်သိမ်းတော့ဘုရားတဲ့။ လူတွေ လည်း သိပ်မကျန်တော့ဘူးတဲ့. . . အဲဒီအခါကျမှ တရားသိမ်းရတယ်။ တရားက ရှည်ရှည်ဟောတာ မကောင်းဘူး။ အဲဒီတော့ ဘုန်းကြီးဟောခဲ့တာ လည်း ကြာပြီပေါ့ဗျာ။ နှစ်ပေါင်း၂၀အတွေ့အကြုံမနည်းတော့ဘူး။

တရားရှည်ရှည် ဟောလို့ချီးမွမ်းသွားတာ တကယ်မတွေ့ဖူးဘူး။ အပြစ် ပြောပြီးတော့ ပေးစားသွားတာပဲ တွေ့ဖူးတယ်။ တရားတိုတိုဟောလို့ အပြစ် ပြောတာမတွေ့ဖူးဘူး။ ချီးမွမ်းသွားတာပဲ တွေ့ဖူးတယ်။ တကယ်အမှန်ပြော တာပါ။ ကိုယ်တော်တစ်ပါးဆိုရင် ဦးသောမတဲ့။ သူက မကွေးဘက်ကပေါ့။ ဘုန်းကြီးကို သူကတပည့်တော် တရားဟောချင်တယ်ဘုရားဆိုတော့ ဟောပေါ့။ ဘုန်းကြီးတင်ပေးတယ်။ အရှင်ဘုရားတစ်ခုတော့ ရှိတယ်နော်။ တပည့်တော် ပရိသတ်က သိတယ်နော်။ အရှည်ကြီးဟောလို့မရဘူးလို့။ အရှင်ဘုရား (၁)နာရီပဲဟော။ သိမ်းပါ. . . တပည့်တော်က ဒုတိယပိုင်း နာရီဝက် ဟောမယ် တပည့်တော်ဟောနေကျလို့ဆိုပြီးပြောတော့ ရတယ်ဆိုလို့ တက်တာပေါ့။ သူဟောလို့ ၄၅မိနစ်လောက်ရှိပြီဆိုတော့ နားတဲ့အချိန်မှာ အအေးတိုက်မှာကိုး။ အအေးထဲမှာ ရေခဲတုံးကြီးထည့် လိုက်တာပေါ့ဗျာ။ ၁၅မိနစ်ဆိုပြီးပြီ. . . အတော်ပဲပေါ့ဗျာ။ ဘုန်းကြီးက လေကောင်းပြီးတော့ ဆက်ဟောတာ နာရီဝက်ကြာတယ်။ ၁နာရီခွဲလောက်လဲ ရှိရော ရေခဲတွေ လည်းအကုန်ပျော်ပြီးတော့ အအေးတွေသောက်လို့ မရတော့ဘူး။ အချိုရည်တွေ သောက်လို့မရတော့ဘူး ပျက်စီးသွားတာပေါ့။ သူက တရားပွဲကမဆင်းသေးဘူး။ အဲဒီမှာ ဘွဲ့တစ်ခုရတယ်။ ရေခဲပျော် ဆရာတော်. . . ရေခဲပျော်အောင် ဟောပစ်လိုက်တာကိုး။

အရှင်ဘုရား ရေခဲတွေပျော်ကုန်ပြီဆို မဆင်းသေးဘူး။ အဲဒီမှာ ဘုန်းကြီးကျောင်းက ပလ္လင်နေရာမှာ မီးသီးလေးတပ်ထားတယ်။ အကယ်၍ ဟောတဲ့ ပုဂ္ဂိုလ်က ပေရှည်နေရင် သတိပေးရအောင် အောက်ကပုဂ္ဂိုလ်က မှိတ်တုတ် မှိတ်တုတ်လုပ်ပေးရတယ်။ အဲဒါ သတိပေးလိုက်တာပေါ့ဗျာ။ ဒါနဲ့

မှိတ်တုတ် မှိတ်တုတ်လုပ်ရင်း ကြာတော့မီးသီးသာ ကျွမ်းသွားတယ်. . . ကိုယ်တော်က မရပ်ဘူး။ ဘွဲ့တစ်ခုထပ်ရတယ်။ မှိတ်တုတ် မှိတ်တုတ် ဆရာတော်တဲ့။

အဲဒါနဲ့ဆရာတော် မရဘူးဘုရားတဲ့။ ကိုင်း ဘယ်လိုမှမရရင်လည်း နောက်ကျောကနေ ပလ္လင်ကိုတုတ်နဲ့ထိုးဆိုပြီး တုတ်နဲ့ထိုးမှ ရပ်တယ်။ အဲဒါ ဘွဲ့တစ်ခုထပ်ရတယ် တုတ်ထိုးဆရာတော်တဲ့။ အဲဒါရှည်တာ မကောင်းဘူး။ လိုရင်းတိုရှင်းပေါ့။

ကဲ. . . ယောဂီတို့ နားထောင်ပါ။ ခံစားချက်လေးပါ၊ ကြေကွဲစရာလည်း ကောင်းလို့။ ဒါ သင်ခန်းစာယူစရာပေါ့ဗျာ။ အံ့ဩစရာလည်း ကောင်းတယ်။ အဲဒီဘာသာခြားသူဌေးနဲ့ ဘုန်းကြီးကလေ ဟိုးထားဝယ်မှာထပ်ဆုံရတာ ပိုအံ့ဩဖို့ကောင်းတယ်။ ဒီဘာသာခြားသူဌေးအကြောင်းကို ဘုန်းကြီးက စာစောင်တစ်စောင်ကနေ ဖတ်ရတာ။ ဒီစာစောင်က နိုင်ငံတော်အကြီးအကဲ တွေဆီအထိ ရောက်တယ်။ အကျဉ်းချုပ်ကတော့ဗျာ အဲဒီဘာသာခြားသူဌေးက တအားချမ်းသာတယ်။ သူနိုင်ငံခြားသွားရင် မြန်မာမလေးတွေခေါ်ပြီးတော့ ယာယီမယားပေါ့ အမြဲဖျက်ဆီးနေကျပဲ။ နောက်တော့ သိပ်ပြီးချောမောလှပ တဲ့ ပညာတတ်တဲ့မိန်းကလေးကိုမှ ခြေတော်တင်တာကိုး။ အဲဒီတော့ သူ့ကို မိန်းကလေးတွေရှာပေးရတဲ့ အမျိုးသမီးတွေရှိတယ်။ အဲဒါ မြန်မာမတွေ ဘယ်လောက် စိတ်ဓာတ်ယုတ်ညံ့လဲ။

တစ်ခါတော့ တောင်ဥက္ကလာဘက်က သိပ်ချောမောလှပတဲ့ ပညာတတ်တဲ့ ကောင်မလေးတစ်ယောက်ကို သူ့ရဲ့ ကုမ္ပဏီကြီးမှာ အတွင်းရေးလိုဟာမျိုး ပေါ့ဗျာ၊ ကိုယ်ရေးအရာရှိလိုပေါ့ ရာထူးပေးတယ်။ ပိုက်ဆံများများနဲ့ပေါ့။ ကောင်မလေးကတော့ တကယ်ကိုပဲ ဝမ်းရေးအတွက် အလုပ်ဝင်တာပေါ့။ အဲဒီကောင်က ကောင်မလေးကို ဝင်ရောတယ်ပေါ့နော်။ သူ့ခြေတော်တင်ခံဖို့ ကောင်မလေးက လက်မခံဘူး။ ကျွန်မဝမ်းရေးအတွက် ကျွန်မလုပ်တာ။ သိက္ခာပျက်မယ့် အလုပ်မလုပ်ဘူးပေါ့ဗျာ။ ဘယ်လိုမှ နူးလို့နှပ်လို့မရတော့ အဲဒီဘာသာခြားလူက ဘာလုပ်လဲဆိုတော့ အဲဒီကောင်မလေးသောက်တဲ့ ဖျော်ရေထဲမှာ အိပ်ဆေးထည့်ပေးလိုက်တယ်။ ကောင်မလေးလည်းမေ့သွား ရော အမွှေကျင့်လိုက်တယ်။ ဒါ ရန်ကုန်က တကယ့်ဖြစ်ရပ်နော်။ ဒါကြောင့် ပင်လယ်ရေဟာ ဘယ်လောက်များများ အကျိုးရှိရဲ့လား။ အဲဒါပဲ လူယုတ်မာ

တွေချမ်းသာတာ လောကအတွက် အကျိုးမရှိဘဲနဲ့ အကျိုးယုတ်တယ်။ ဒီလူဟာကြည့်စမ်း. . . ငွေပေါက်ပြီးတော့ မြန်မာမလေးတွေကို ဖျက်ဆီးနေတယ်။ နောက်တော့ သူ့ကိုလက်ထပ်ဖို့၊ ယူဖို့ပြောတော့ ကောင်မလေးကလည်း တအားငြင်းတယ်။ သူ့ကိုစေ့စပ်ပေးထားတဲ့ ကောင်လေးက ရှိပြီးသားလေ။ အဲဒါ မတရားကျင့်လိုက်တာ။ နောက်ဆုံးတော့ မယူဘူးဆိုပြီးတော့ အိမ်ပြန် ပြေးသွားတယ်။ မြန်မာတွေက အရှက်ကကြီးတယ်။ တိုင်ချက်ဖွင့်လိုက်ရင် တန်းဖမ်းမှာပဲ။ သူက မတိုင်ဘူး။ ဒီအတိုင်း အိမ်ပြန်ပြေးသွားတယ်။

ဒီတိုင်း ပြန်ပြေးသွားလို့ ဘာလုပ်တယ်မှတ်လဲ။ အဲဒီတုန်းက ထောက်လှမ်းရေးခေတ်လေ။ ထောက်လှမ်းရေးတွေကိုငွေပေး ရဲတွေကိုငွေပေးပြီးတော့ ဘိန်းဖြူတွေအရောင်းဝယ်လုပ်တယ်ဆိုပြီးတော့ တိုက်လိုက်တယ်။ ငွေဝသိန်းပေးတော့ ကောင်မလေးအိမ်မှာ သွားရှာတာပေါ့။ တကယ်တော့ မဟုတ်ဘူးနော်. . . မဟုတ်မှန်း သိတယ်။ သိက္ခာကျအောင်လို့. . . ကောင်မလေးကြောက်ပြီး သူ့ဆီ ပြန်လာအောင်လို့ လုပ်နေတာ။ သူတို့ သိက္ခာကျတာပေါ့. . . ဘိန်းဖြူ အရှာခံရတယ်။ ဘာမှတော့မတွေ့ဘူး။ သူက ဖုန်းဆက်တယ်. . . တွ့လား မင်းနောက်ထပ် မင်းတို့မိဘတွေ အရှက်မကွဲစေချင်ရင် ငါ့ဆီပြန်လာခဲ့။ ငါ့ မယားအဖြစ်လာနေဆိုပြီး ပြောတယ်။ ဟိုကလည်း မလာဘူး။ ဘာသာလည်း မတူဘူး။ လူမျိုးလည်း မတူဘူးလေ။ ပြီးတော့ သူ့မတရားကျင့်ပြီး ယူထားတာ။ ဒါ မုဒိမ်းကောင်ပဲကိုး။

မလာဘူးဆိုရင်သိမယ်ဆိုပြီး နောက်တစ်ခါ ရဲကို ပိုက်ဆံပေးပြီး အဲဒီအိမ်က ချဲတွေအရောင်းအဝယ်လုပ်တယ်ဆိုပြီး တိုင်တယ်။ သွားရှာပြီးတော့ အရှက်ကွဲတာပေါ့နော်။ နောက်ဆုံးတော့ ဘယ်လိုမှမတတ်နိုင်လို့ ယူလိုက်ရ တယ်။ သူ့မယားဖြစ်သွားတယ်။ အရှုံးပေးလိုက်ရတယ်။ ဘုန်းကြီးပြောလိုက်တဲ့အကြောင်းအရာတွေက အကြီးအကဲတွေဆီ ရောက်ပြီးသားပါ။ နောက်ပိုင်းကျမှရောက်တာ။ အရင်တုန်းက မရောက်သေးဘူး လိမ့်ပိတ်ခံနေရတာ။ ယူပြီးတော့လည်း နှိပ်စက်တယ်။ သူ့လက်ထဲရောက်မှ သူ့ရှေ့မှာတင် ကောင်မလေးတွေကို ဖျက်ဆီးတယ်။

တစ်ခါကဆိုရင် အဲဒီကောင်မလေးက ကိုယ်ဝန်ကြီးရှိနေပြီ. . . အဲဒီကောင်နဲ့မြို့ထဲသွားရင်းနဲ့ တိုက်တစ်တိုက်နားမှာ ရပ်ပြီးတော့

မင်းကားပေါ်မှာခဏစောင့်ဆိုပြီး သူကတိုက်ခန်းထဲ ဝင်သွားတယ်။ ကောင်မလေးက စောင့်လို့ပေါ့။ တော်တော်နဲ့ပြန်မလာဘူးတဲ့. . . ဘာဖြစ်လဲဆိုပြီး စိတ်မချလို့လိုက်သွားတော့ အတွင်းကအခန်းတံခါးလည်း ဖွင့်ကြည့် လိုက်ရော အဲဒီတိုက်ပိုင်ရှင်ရဲ့သမီးပျိုလေးတစ်ယောက်ကို ဖျက်ဆီးနေတာ တွေ့ရတယ်။ ကြည့်စမ်း. . . ဒီကောင်က နေ့တိုင်းဖျက်ဆီး နေတာ။ ရက်နဲ့တွက်ကြည့်စမ်း။ တို့မြန်မာအမျိုးသမီးတွေ ဘယ်လောက်ပါ သွားမလဲလို့။ ဘုန်းကြီးပြောတာ အဲဒါပါပဲ။ ပင်လယ်ရေဟာ ဘယ်လောက် များများ. . . လောကအတွက် အကျိုးမရှိတော့ကြည့်စမ်း ဖျက်ဆီးခံရတယ်။ လောကကြီးပါ ပျက်ဆီးတယ်။ အဲဒီကောင်မလေးလည်း မြင်သွားရော ဒီကုလားက ရှက်ယမ်းရမ်းပြီးတော့ မင်းကဘာလို့လိုက်လာတာလဲလို့ဆိုပြီး မျက်နှာကိုလက်သီးနဲ့ထိုး ခြေထောက်နဲ့ ပိတ်ကန်တယ်လေ။ ဗိုက်ကန်မိတော့ ကောင်မလေး ကိုယ်ဝန်ပျက်ကျသွားရှာတယ်။

အဲဒီမှာ ကောင်မလေးက တအားကြောက်ပြီးတော့ ထွက်ပြေးသွား ပြီး သီလရှင်ဝတ်ပြီးတော့ ဟိုးပဲခူးထိပြေးတယ်။ နောက်ဆုံးကျတော့ ကောင်မလေးနောက်ကိုလိုက်တာပဲ။ အဲဒါလည်းပဲ သာသနာရေးဌာနက ပုဂ္ဂိုလ်တွေကိုငွေပေးပြီးတော့ လိုက်ခေါ်ခိုင်းတာ. . . သူနဲ့ပြန်ပေါင်းဖို့ပေါ့။ နောက်ဆုံးဘယ်လိုမှမရတာနဲ့ မန္တလေးထိပြေးလာတယ်။ မန္တလေးကျမှ သံဃာတွေကဝိုင်းပြီးကာကွယ်ပေးပြီးတော့ သူ့ရဲ့ဖြစ်ကြောင်းကုန်စင် အတိ အကျနာမည်တွေနဲ့ လာဘ်စားတဲ့သူတွေပါ ပါတယ်။ နောက်ဆုံးတော့ တိုင်လိုက်တယ်။ အမျိုးသမီးရေးရာမှာပါ အကုန်စစ်ပြီးတော့ အဲဒီဘာသာခြား သူဌေးကို ထောင်ဒဏ်(၄၅)နှစ်ချလိုက်တယ်။ ဝမ်းမသာဘူးလား။ ဝမ်းသာမနေနဲ့ သူကငွေပေးလိုက်တာ (၂၅)နှစ် ပြုတ်သွားတယ်။ နှစ်(၂၀)ပဲဖြစ်သွားတယ်။ ဒါတကယ့်ဖြစ်ရပ်နော်။ ဒီဘာသာခြားဟာ ဘယ်ရောက်သွားလဲဆိုတော့ ထားဝယ်မြို့ ရောက်သွားတယ်။ အဲဒီမှာ ဘုန်းကြီးနဲ့သွားတွေ့တာ။ ဘုန်းကြီးကလေ ကုလားနဲ့ အကျိုးပေးတယ်သိလား။ တရားသွားဟောတာပေါ့။ အခုကတော့ ဟောလို့ရပါပြီနော်. . . ပြီးသွားပါပြီ. . . အခုလည်း ထားဝယ်မှာမရှိတော့ဘူး။ တရားဟောလိုက်လို့လေ။

ဒီခေတ်ဟာလေ လုံးဝကိုယ်ကျင့်သီလကို တန်ဖိုးထားတဲ့ ခေတ်မဟုတ် တော့ဘူး။ တချို့ပုဂ္ဂိုလ်တွေက ငွေပဲတန်ဖိုးထားကြတယ်။ အဲဒီ ထားဝယ်

ထောင်မှာနေတော့လည်း ဒီဘာသာခြားသူဌေးက ဟိုတယ်မှာနေတာ. . . ထောင်ထဲမှာ မနေဘူး။ အပြင်မှာနေတာ စီးပွားရေးလုပ်နေတယ်။ အဲဒီအချိန်မှာ နိုင်ငံတော်အစိုးရက ရာဘာပင်တွေစိုက်ခိုင်းတော့ ရာဘာပင်တွေနဲ့ စီးပွားရေးလုပ်နေတာ။ လုပ်ခွင့်ရအောင် ဘာလုပ်ရသလဲဆိုတော့ အဲဒီထောင်ပိုင်ကြီးကို ကား၂စီးအပြီးဝယ်ပေးလိုက်တယ်လေ။ ပြီးပြီလေ. . . အဲဒီကလူကြီးတွေက သူ့လက်ထဲက လူဖြစ်သွားတယ်။ သူ့စီးပွားရေးသူ လုပ်နေတယ်။ တကယ်တော့ သူက ထောင်ကျနေတာနော်။ အမည်က ထောင်ကျတယ်. . . လုပ်တာက စီးပွားရေး။ ရိုးရိုးလုပ်ရင် ထားပါတော့. . . ညတိုင်းညတိုင်း ထားဝယ်က ဗုဒ္ဓဘာသာ ကလေးမတွေကိုတစ်ည တစ်ယောက်ဖျက်ဆီးတယ်။ ငွေတအားပေါတာကိုး. . .။

ပင်လယ်ရေဆိုတာ အဲဒါကိုပြောတာ. . . လူယုတ်မာတွေများလာရင် လောကကြီးပျက်ဆီးသွားတယ်။ လူယုတ်မာတွေ ချမ်းသာသွားတာကိုး. . . သူတော်ကောင်းဖြစ်တဲ့ ဗုဒ္ဓဘာသာတွေက မွဲအောင်မနေနဲ့။ လောကကြီး စောင့်ရှောက်ချင်တယ်ဆိုရင် လူကြီးရော၊ လူငယ်ရော ကြိုးစားကြ။ ဒါနော် ဘုန်းကြီး ကိုယ်တိုင်တစ်ပြည်လုံးလှည့်သွားလို့ တွေ့ရတာ။ နို့မို့ဆို ဘယ်သိမှာတုန်း။ ဆိုကြပါစို့. . . အဲဒီမှာ ရိုးရိုးစီးပွားလုပ်ရင်ထား. . . ဘုန်းကြီး အလောင်းတော်ဘက်ရောက်သွားတော့ အဲဒီကဒကာတစ်ယောက်က ဘုန်းကြီးကို လာလျှောက်တယ်။ ဆရာတော်. . . တပည့်တော်ရဲ့ ပျဉ်းကတိုး စိုက်ခင်းကြီးကို အဲဒီဘာသာခြားသူဌေးက ဆိုကြပါစို့ သိန်း၁၅၀လောက် တန်တဲ့ဟာကို ၁၅သိန်းနဲ့လာဝယ်တယ်တဲ့။ တပည့်တော်ဘယ်ရောင်းနိုင်မလဲ ဘုရားတဲ့။တပည့်တော်အရင်းနှီးတွေအများကြီးပဲတဲ့။ မရောင်းချင်လည်းနေ မရောင်းရင်လည်း သိမ်းတယ်ဆိုပြီးတော့ အဲဒါ သူပိုက်ဆံပေးထားတဲ့ လူကြီးတွေအာဏာနဲ့ သိမ်းပစ်လိုက်တာ။ သိမ်းပြီးတော့ အဲဒီအပင်တွေ လှဲပြီးတော့ ရာဘာပင်တွေ ပြန်စိုက်တာ။ ဟိုလူမှာ ငိုလို့. . . တိုင်စရာလူလည်းမရှိဘူး။ နောက်ဆုံးတော့ ဘုန်းကြီးလာတိုင်တယ်။ ဘုန်းကြီး က အာဏာရှိရဲ့လား။ ဘာရှိမှာလဲ. . . ဘုန်းကြီးက သူများကျွေးမှ စားရတဲ့ဘုန်းကြီး. . . စိတ်တော်တော်မကောင်း ဖြစ်သွားတယ်။

ဩော်. . . ဗုဒ္ဓဘာသာမြန်မာနိုင်ငံဖြစ်ပြီးတော့ ဗုဒ္ဓဘာသာ မြန်မာတွေ အဲဒီလောက်နှိပ်စက်ခံနေရပါလားဆိုပြီး တော်တော်စိတ်မကောင်း ဖြစ်သွား

တယ်။ စိတ်ချ. . . ဘုန်းကြီးက ဓမ္မကထိက၊ စာရေးဆရာဆိုတော့ ဘုန်းကြီးက ဒီနေ့ညဟောမယ်လို့ဆိုပြီး အဲဒီညက ဘာသာတန်ဖိုးဆိုပြီးဟောတာ ဒီကုလားအကြောင်း တိုက်ရိုက်ဟောတာ. . . ဒီသူဌေးအကြောင်း အစအဆုံး ဟောပေးတာ. . . အဲဒီတော့ ငါတို့က ဗုဒ္ဓဘာသာမြန်မာနိုင်ငံ ငါတို့နှိပ်စက် ခံနေရ တယ်. . . ငါတို့ဘက်က ဘယ်သူ့မှမပါဘူးလို့. . . ဒီအကြောင်းကို ဟောတယ်။ ဒီက တနင်္သာရီတိုင်းမှူးသိစေချင်တယ်လို့. . . ဘုန်းကြီး တိုင်တည်လိုက်တယ်။ သိစေချင်တယ်. . . ကိုယ့်မြန်မာတွေ ဒုက္ခရောက်နေ တာ။ အဲဒါ ဘုန်းကြီးက အဲဒီမှာတင် ဟောလို့အားမရဘူး မြိတ်မြို့မှာ သွားဟောတယ်။ မြိတ်မှာ တိုင်းမှူးရှိတယ်လေ။ အဲဒီမှာတင် ကံကောင်း တယ်။ ပြီးလည်းပြီးရော တစ်ပတ်တောင်မကြာဘူး. . . အဲဒီမှာ ထောင်ပိုင် ကြီးလည်းပြုတ်. . . အဲဒီဘာသာခြားလည်း ဟိုးအဝေးကြီး နယ်လွှန်ကိုပို့လိုက် ပြန်ပြီတဲ့။ ဒီမှာမရှိတော့ဘူး။ အဲဒီတော့ ဘယ်နယ်လည်းဆိုတာ ဘုန်းကြီးစုံစမ်းနေတယ်သိလား။ နောက်ကိုလိုက်ဦးမယ်. . . သိလား. . . . အဲဒီမှာလည်း သွားဟောပေးဦးမယ်။ ဒီကောင့်ကို မြန်မာပြည်အပြင်ဘက် ရောက်အောင် ဟောပေးရမယ်။

ဒီတော့ ပရိသတ်များရေ မြစ်ရေဟာရေနည်းသော်လည်း လောကအတွက် အကျိုးမရှိဘူးလား။ အဲတော့ ဗုဒ္ဓဘာသာတွေ ချမ်းသာရင် လောကကြီး မချမ်းသာဘူးလား။

အခုဒီအကြောင်းတွေကြားရတာ စိတ်မကောင်း ဖြစ်ကြရတော့ အခု ဝမ်းသာစရာလေးတစ်ခုပြောရင်း နိဂုံးချုပ်မယ်နော်။ ဝမ်းနည်းစရာပြောပြီး သွားပြီလေ. . . ဝမ်းသာစရာပြောဦးမယ်။ အခု စစ်ကိုင်းမြို့နယ် ဒေါင်းမရွာတဲ့။ ဦးစိုးနိုင်ဆိုတာရှိတယ်။ သူက ကျောက်လုပ်ငန်းလုပ်ရင်းနဲ့ အရမ်းကြီးပွား သွားတယ်။ သူဟာ တကယ်တော့ ခြောက်တန်းပဲအောင်တာ။ သို့သော် သူ့ကုမ္ပဏီမှာ ဘွဲ့ရတွေကိုခိုင်းထားလို့ရတယ်။ သမ္ပဒါ(၄)ပါးနဲ့ ပြည့်စုံလို့။ ဥဋ္ဌာနသမ္ပဒါ. . . ထထကြွကြွလုပ်တယ်။ မနေ့က စိုးနိုင်ထက် ဒီနေ့စိုးနိုင်က သာစေရမယ်။ အမြဲတမ်းကြိုးစားတယ်။ နေ့တိုင်းကြိုးစားတယ်။ အဲဒီတော့ အောင်မြင်ချင်တဲ့ပုဂ္ဂိုလ်များအတွက် နည်း(၄)ချက်ထပ်ပေးဦးမယ်။ အဲဒါက တော့ အလုပ်တစ်ခုကို တကယ်အောင်မြင်ချင်တယ်ဆိုရင် ဘုရားရဲ့နည်းပေါ့ ဗျာ။ ဘာဝနာ(၄)ချက် ခေါ်တယ်။ စိရကာလဘာဝနာတဲ့. . . အကြာကြီး

လုပ်ရတယ်။ အလုပ်ကို စွဲစွဲမြဲမြဲလုပ်လို့ ဆိုလိုတယ်။ အခု နဂါးစာပေ. . . အောင်မြင်မှာပေါ့ မိဘလက်ထက်က လုပ်လာတာလေ. . . ကြာပြီလေ. . . အဲဒါ စိရကာလဘာဝနာလို့ခေါ်တယ်။ အခုလုပ် အခုမအောင်မြင်နိုင်ဘူးလေ။ အကြာကြီးလုပ်ရမယ်။

နိရဝသေသဘာဝနာတဲ့. . . အစွမ်းကုန်လုပ်ရမယ်။ မိမိကိုယ်တိုင် အစွမ်းကုန်လုပ်ရမယ်တဲ့။ ဘုန်းကြီးစာအုပ်တစ်အုပ်ရေးရင် အစွမ်းကုန် ရေးပစ်တာ။ ဘယ်တော့မှ သမန်ကာရှန်ကာမရေးဘူး။ ကောင်းတဲ့ဟာ မှန်သမျှ အကုန်ပါအောင်ရေးတာ။ ကိုယ်ဒီအကြောင်းရာရေးတော့မယ်ဆိုရင် အဲဒီအကြောင်းရာနဲ့ပတ်သက်သမျှစာအုပ် အကုန်ထိုင်ဖတ်တာ။ ပြီးတော့ ကိုယ်ရေးတဲ့အခါ အဲဒီထဲမပါတဲ့ အချက်တွေ ရှာရေးတယ်။ သူတို့ထဲက ကောင်းတဲ့အချက်အချို့လည်း ယူတယ်ပေါ့။ အဲလိုအစွမ်းကုန်လုပ်ပါ။

နိရန္တရဘာဝနာ. . . မပြတ်လုပ်ပါတဲ့။ မနားရဘူး. . . နေ့ရောညပါ အမြဲလုပ်နေရမယ်။ ဒါမှတိုးတက်လာမယ်။ အဘိရတိဘာဝနာဆိုတာ. . . ကိုယ့်အလုပ်အပေါ် မြတ်မြတ်နိုးနိုး လေးလေးစားစား လုပ်ရတယ်။ အဲဒါ ကြီးပွားတိုးတက်တာပဲ။ အဲဦးစိုးနိုင် အဲဒီလိုကြိုးစားတာ. . . သူ ကျောက်တူး သမားလေးဘဝကနေ ကျောက်တွင်းပိုင်ရှင်ဖြစ်လာတယ်ဆိုတာ ကြိုးစားလို့။ ပြီးတော့ လုံးဝအသောက်အစား ကစား မရှိဘူး။ ဆေးလိပ်မသောက်ဘူး၊ ကွမ်းမစားဘူး။ ကြည့်စမ်း. . . အဲဒါသူဌေး. . .။ သူဌေး ဟိုတယ်မတက်ဘူး။ မိန်းမတစ်ယောက်ပဲ ယူတယ်။ တချို့သူဌေးကြည့်စမ်း. . . သူ့အလုပ်ကချမ်းသာ တာ သိန်းလေးငါးရာလောက်ရှိပြီး မိန်းမက ၄၊ ၅ယောက် ယူတဲ့လူကရှိသေး တယ်။ လုံးဝ မရှုပ်မပွေဘူး။ အံ့သြဖို့ကောင်းတယ်။ နောက်ဆုံးကြည့်စမ်း. . .

သူ့ရဲ့ပရဟိတအလုပ်တွေ စစ်ကိုင်းမြို့ထဲက ရွာတွေသွားတဲ့လမ်းတွေ တစ်ဦးတည်းဖောက်တယ်။ တံတားတွေ တစ်ဦးတည်းဆောက်တယ်။ အခု ဆိုရင် စစ်ကိုင်းမြို့နယ်က ဒေါင်းမရွာကြီးကို ရွာပေါင်း (၂၅)ရွာသွားတဲ့ လမ်းတွေ ကောင်းသွားပြီ။ ဦးစိုးနိုင်တစ်ဦးတည်း လှူပါတယ်။ ဘေးကလူက နည်းနည်းလေးပဲ။ ဘုန်းကြီးမှန်းကြည့်တယ်။ သူလမ်းတွေ တံတားတွေ လှူတာတင် သိန်း၂၀၀၀အထက်မှာ ရှိလိမ့်မယ်။ ဘယ်လောက် လေးစားစရာ ကောင်းလဲ။ အဲဒါ မြစ်ရေတဲ့။ ကဲ. . . ယောဂီတို့ရေ မြစ်ရေဟာ နည်းသော် လည်းပဲ မချိုဘူးလား။ လောကအတွက် အကျိုးမရှိဘူးလား။ ကြည့်စမ်း. . .

သူတော်ကောင်းတွေ ချမ်းသာတာ ဘယ်လောက်အကျိုးရှိလဲ။ သူတော်ကောင်းဖြစ်တဲ့ ဟောဒီပရိသတ်တွေ ချမ်းသာစေချင်ပါတယ်။ သို့သော် ဘုန်းကြီးချမ်းသာစေချင်သော်လည်း တို့ပရိသတ်က သမ္မဒါ(၄)ပါးနဲ့မကြိုးစားရင် ချမ်းသာပါ့မလား။ ချမ်းသာအောင် ကြိုးစားပေါ့။ တချို့လူတွေလည်း အများကြီးပါပဲဗျာ။

အဲဒီထဲက လေးစားစရာအကောင်းဆုံးတစ်ခု ပြောပါ့မယ်။ အဲဒီနယ်ထဲက ဆရာတော်ကြီးတစ်ပါး. . . ရေဖျဉ်းရောဂါကြီးစွဲနေတယ်. . . မကုနိုင်ဘူး။ မကုနိုင်ရင် သေရတာပဲလေ။ အဲဒါ ဦးစိုးနိုင်က တာဝန်ယူပြီးတော့ သိန်း(၅၀)ကုန်တယ်။ ကုပေးလိုက်တယ်. . . ဘယ်လောက်လေးစားစရာကောင်းသလဲ။ သူတော်ကောင်းချမ်းသာတာ လောကကြီး မချမ်းသာဘူးလား။ သူတော်ကောင်းတွေကြီးပွားရင် လောကကြီးချမ်းသာတယ်။ အဲဒါကြောင့် သူတော်ကောင်းတွေ ချမ်းသာစေချင်တာ။ မေတ္တာနဲ့စီးပွားရှာခြင်းဟာ ခံစားချက်နဲ့ရေးလို့ အောင်မြင်တာ။ သမန်ကာရှန်ကာ(ပေါ့တီးပေါ့ဆ၊ ဖြစ်သလို)ဘုန်းကြီးတို့က စာရေးဆရာအမည်ခံမဟုတ်ဘူး. . . ။ ကြိုးစားစမ်းပါ။

ဒီထက်လေးစားစရာတစ်ခုပြောပြမယ်။ သူ့ရဲ့စစ်ကိုင်းမြို့ထဲမှာ နောက်ရွာတစ်ရွာ ရှိတယ်။ အဲဒီရွာက သူခိုးရွာ။ တစ်ရွာလုံး ခိုးစားနေကြတာ။ နှစ်ပေါင်းရှစ်ဆယ်ကျော်လောက်ရှိပြီ။ ဘာဖြစ်လို့ ဒီရွာဟာ သူခိုးရွာဖြစ်သွားလဲဆိုတော့ ပြောရရင်တော့ ဗုဒ္ဓဘာသာမြန်မာတွေရဲ့ လူမှုရေးအလှူမလှူတတ်လို့။ လူမှုရေးမှာ မလှူတတ်ဘူး. . . ဘာသာရေးမှာပဲ လှူတတ်တယ်။ လူ့အချင်းချင်း မထောက်ပံ့တတ်ဘူး. . . မကူညီတတ်ဘူး။ ဟောဒါကိုယ်နဲ့ သိသိ မသိသိ. . . မြန်မာဆို ကူညီလိုက်လေ။ ချမ်းသာအောင်. . . မကူညီဘူး။ ကိုယ့်အမျိုးချင်းတောင်. . . အစ်ကိုကတိုးတက်ရင် ညီမက မနာလိုတဲ့လူက ရှိတယ်။ တော်တော်ကို ဆိုးတယ်။ အဲဒီစိတ်ဓာတ် ပြင်ရမယ်။ အဲဒီ ရွာကြီးကို မြစ်ရေတွေတိုက်စားပြီးတော့ လယ်တွေ၊ ယာတွေဟာ မြစ်ရေထဲပါသွားပါတယ်။ လုပ်ကိုင်စားစရာ မရှိတော့ဘူး။ သူတို့ကို ဆုံးမမယ့် ဘုန်းကြီးကျောင်းလည်း မြစ်ရေထဲပါသွားပါတယ်။ ဆုံးမမယ့်ဘုန်းကြီးကျောင်းလည်း မရှိတော့ပါဘူး။ နောက်ပြီးတော့ သူတို့ကိုစာတတ်အောင် သင်ပေးမယ့် အတန်းကျောင်းကြီးလည်း မြစ်ရေထဲပါသွားပါတယ်။ စာလည်း မတတ်ကြတော့ဘူး။ လုံးဝ အမှောင်ပိကျသွားပြီးတော့ အဲဒီကလူတွေဟာ

ခိုးစားတဲ့ ဘဝရောက်သွားပါတယ်။ နောက်ဆုံး ဘယ်လောက်ထိဆိုးသလဲ ဆိုရင် အမရပူရမြို့၊ တံတားဦးမြို့၊ စစ်ကိုင်းမြို့ကလူတွေ ကောင်းကောင်းအိပ်၊ ကောင်းကောင်းမစားရပါဘူး။ မြို့ပေါ်ထိ တက်ခိုးတာ။ အုပ်စုလိုက်ခိုးကြတာ. . . အဲဒီမှာ ဘယ်လိုမှမတတ်နိုင်တော့ အဲဒီစစ်ကိုင်းမြို့က ရွာတွေဆိုရင် အစောင့်နဲ့အိပ်ရတာတဲ့။ အဲဒီမှာ သူ့ရွာပြန်တဲ့အခါကျတော့ တွေ့တယ်။ ကင်းတွေများလှချည်လား. . . ဟာ အဲဒီရွာ တစ်ရွာလုံးသူခိုးတွေ၊ ညညဆို တအားခိုးလို့ အလှည့်နဲ့ ကင်းစောင့်ရတာ။ အဲဒါ ပြီးခဲ့တဲ့တစ်နှစ်ကျော်က စစ်ကိုင်းက ရဲတွေကော၊ မန္တလေးကရဲပါပေါင်းပြီးတော့ ရဲပေါင်း (၂၀၀)ကျော် အဲဒီရွာကို သွားဝိုင်းရတယ်။ ၂ယောက်၊ ၃ယောက်မသွားနဲ့ ရဲပါသေတယ်။ ရွာတွေက တော်တော်ကို မိုက်တယ်။ အဲဒီမှာ ဝိုင်းဖမ်းတာ ၁၁ယောက် အားလုံး ထောင်ချပစ်လိုက်တယ်။

အဲဒီတော့ ပရိသတ်တို့ရေ. . . အတွေးခေါ်လေးတစ်ခုပြောပြရဦးမယ်။ သူခိုးထောင်ချတယ်ဆိုတော့. . . ကောင်းမြတ်တဲ့ အလေ့အကျင့်တစ်ခု လူတိုင်းကျင့်စေချင်ရင် နိဂ္ဂဟဆိုတဲ့ နှိပ်ကွပ်တဲ့ကံတစ်မျိုးထဲ မရဘူး။ ပဂ္ဂဟဆိုတဲ့ ချီးမြှောက်တဲ့ကံလည်းပါရမယ်။ နိုင်ငံတော် အစိုးရဝန်ထမ်း အများစုမရှိဘူးလား။ လာဘ်စားတဲ့ပုဂ္ဂိုလ်တွေ၊ ခိုးတာဝှက်တာစားတဲ့ ပုဂ္ဂိုလ်တွေ ခိုးတာဝှက်တာများရင်တော့ ဖမ်းပြီးတော့ ထောင်မချဘူးလား။ သို့သော် လုံးဝလာဘ်မစားဘဲနဲ့ ပင်စင်ယူတဲ့အထိ အိမ်တောင် နေစရာမရှိတဲ့ ရိုးသားတဲ့ဝန်ထမ်းတွေလည်းမရှိဘူးလား။ ဆိုလိုတာက. . . ခိုးတဲ့ပုဂ္ဂိုလ် ထောင်ချရင် ပင်စင်ယူတဲ့အထိ မခိုးတဲ့ပုဂ္ဂိုလ်ကိုလည်း တိုက်တွေ ကားတွေနဲ့ ဆုချသင့်တယ်. . . အဲဒါ ပဂ္ဂဟလို့ခေါ်တယ်။ ချီးမြှောက်ရမယ်။ အဲလို မချီးမြှောက်တော့ ရိုးသားတဲ့ပုဂ္ဂိုလ်ဟာ ကြာတော့မရိုးသားတော့ဘူး။ ငါတို့ ရိုးသားတော့လည်း ငတ်တာပါပဲလားဆိုပြီး ဖြစ်သွားတယ်။ ချီးမြှောက်တဲ့ ကံလိုနေလို့ပါ။ ဒါက ဘုန်းကြီးသိစေချင်လို့ပါ။ လူ့လောကမှာလည်း ကြည့်လေ. . . လမ်းဘေးမှာ သူခိုးမိပြီဆိုရင် ကြိုးတုပ်ထားလို့ရှိရင် ဝိုင်း မရိုက်ကြဘူးလား။ အဲဒါ နိဂ္ဂကံ. . . နှိပ်ကွပ်တာလို့ခေါ်တယ်။ ယောကျ်ား မပြောနဲ့. . . မိန်းမတွေတောင် ခုံဖိနပ်ချွတ်ပြီးတော့ ခေါင်းခေါက်သေးတယ် မဟုတ်လား။ အဲဒါ နှိပ်ကွပ်တဲ့ကံလို့ ခေါ်တယ်။ အဲဒီကံတစ်ခုတည်းနဲ့ သူခိုးမပျောက်ဘူး။ မခိုးတဲ့ပုဂ္ဂိုလ် စာရိတ္တကောင်းတဲ့ပုဂ္ဂိုလ်ပေါ်လာလို့ရှိရင်

လည်း များများကြီးချီးမြှောက်ရတယ်။ ဒါမှ ခိုးတဲ့အကျင့်ကြီးပျောက်ပြီးတော့ ရိုးသားတဲ့အကျင့်ကြီး ပေါ်လာမှာ။

ပြီးခဲ့တဲ့ ၂နှစ်က ဘုန်းကြီးရဲ့ကျောင်းက ကျောင်းမှာ သိမ်ဆောက်တဲ့အချိန်မှာပဲ လာကြည့်တဲ့ဒကာမလေးတစ်ယောက်ဟာ လက်စွပ်လေးတစ်ကွင်းကျွတ်ကျခဲ့တာ ပရန်သမားလေးတစ်ယောက်က ကောက်ရတယ်။ တန်ဖိုးတော့ မရှိပါဘူး။ ၂၀၀၀၀/- ၃၀၀၀၀/-လောက်ပဲတန်ပါတယ်။ သေးသေးလေး. . . အဲဒါ မယူဘူးဗျာ. . . လာအပ်တယ်။ ပိုင်ရှင်ပြန်ရှာပေးပါဆိုတော့. . . ပိုင်ရှင်က ဘုန်းကြီးရဲ့ဒကာတွေပါပဲ။ ဘုန်းကြီးက ဒကာမကြီးလို့ သူ့စာရိတ္တက လေးစားဖို့ကောင်းတယ်. . . ချီးမြှောက်ရမယ်လို့. . . ဘယ်လောက်ချီးမြှောက်မလဲလို့ဆိုတော့ ငါးထောင်ချီးမြှောက်ပါမယ်တဲ့။ အဲဒါ ဘုန်းကြီးက ငါးသောင်းချီးမြှောက်ပါမယ်လို့ပြောလိုက်တယ်။ လက်စွပ်က ၂၀၀၀၀-၃၀၀၀၀ ဘုန်းကြီးက ငါးသောင်းချီးမြှောက်လိုက်တာ။ အဲဒါ ဘာလဲဆိုရင် ခိုးတဲ့အကျင့်ပျောက်စေချင်လို့ပဲ။

မခိုးတဲ့ပုဂ္ဂိုလ်တွေ စာရိတ္တကောင်းတဲ့ပုဂ္ဂိုလ်တွေ များစေချင်တယ်။ အဲဒါကြောင့် ကံနှစ်မျိုးလုံး ချီးမြှောက်ရမယ်။ ဆိုကြပါစို့။ အလုပ်ပိုင်ရှင်တွေ ရှိတယ်။ ခိုးတဲ့ပုဂ္ဂိုလ်ဆိုရင် အလုပ်မထုတ်ဘူးလား။ ထုတ်တယ် အပြစ်ပေးတယ်။ ရဲအပ်တယ်။ ထောင်ချပစ်လိုက်တယ်။ သို့သော် ကိုယ့်ရဲ့လုပ်ငန်းမှာ မခိုးမဝှက်ဘဲနဲ့ နှစ်ပေါင်းများစွာ အလုပ်လုပ်တဲ့သူကို ထိထိရောက်ရောက် မခိုးတဲ့သူကို ဘယ်အလုပ်ရှင်မှ မချီးမြှောက်ဘူး ။ ဆုလည်း မချဘူး။ ဒါ အရေးကြီးလို့ ပြောပြတာပါ။ သူ ၅နှစ်တိတိမခိုးဘူးဆိုရင် ၅သောင်း၊ သို့ မဟုတ် ၅သိန်း အဲဒီလို ချီးမြှောက်ရဲရတယ်။ ဒါဆို စာရိတ္တအရမ်းကောင်းလာလိမ့်မယ်။ တိုးတက်လာလိမ့်မယ်။ မြန်မာတွေမှာ နှိပ်ကွပ်တဲ့ကံပဲရှိပြီးတော့ ချီးမြှောက်တဲ့ကံမရှိတာဟာလည်း မှားတယ်။ ပြင်ရမယ်. . . အစိုးရကော. . . ပြည်သူကော။ နှစ်ဘက်လုံး ပြင်ရမယ်။ အခုဆက်ပြောမယ်။ ထောင်ချတာဟာ နှိပ်ကွပ်တဲ့ကံပဲ။

ထောင်ကျပြီးတဲ့အချိန်မှာ ဦးစိုးနိုင်က သူခိုးရွာကိုသွားတယ်။ မသွားနဲ့ ဒီရွာကိုသွားရင် ရဲတောင်မှ သေတယ်။ ကျွန်တော်စိတ် ကျွန်တော်ယုံတယ် ဆိုပြီးသွားတယ်။ သူက ကူညီချင်လို့သွားတာလေ။ ချီးမြှောက်ချင်လို့ သွားတာ။ ဘုန်းကြီးလည်း ရောက်တယ်။ ဦးစိုးနိုင်နဲ့သွားတာ။ သီးသန့်ကို တရားဟော

ပေးတာ. . . သူတို့မပင့်ပါဘူး။ လူဖြစ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကို သေချာဟောပေးခဲ့တယ်။ တချို့မျက်ရည်တောင် ကျတယ်။ သူတို့တစ်ခါမှ တရားမနာဖူးဘူး။ ဒီကစက်တွေ အကုန်သယ်သွားတယ်။ အဲဒီရွာမှာက ချမ်းသာတဲ့ပုဂ္ဂိုလ် တစ်ယောက်မှမရှိဘူး။ သူတို့တဲလေးတွေ ကြည့်လိုက်. . . မြေစိုက်တဲလေးတွေ။ မိုးထားတဲ့ဟာတွေက မြက်မိုးတဲ့ ဟာမျိုးပေါ့နော်။ အောက်က အခင်းမရှိဘူး။ အကာလည်း မရှိဘူး။ တချို့ကလေးတွေများ မြေကြီးထဲမှာ အိပ်နေလိုက်ကြတာ။ တချို့ကလေးတွေဆို အောက်က ပုဆိုးထမီမပါဘူး။ အပေါ်အင်္ကျီလေးတွေနဲ့ ဆင်းရဲကြတာ . . . ဘုန်းကြီးတို့ ဘုရားအဟောနဲ့ အကိုက်ဖြစ်နေတယ်။ သူများဥစ္စာ ခိုးတဲ့ပုဂ္ဂိုလ်တွေ ဆင်းရဲတယ်တဲ့။ ခိုးရင်ဘယ်တော့မှ မကြီးပွားဘူး။ ဦးစိုးနိုင်က ဒီရွာကို သူခိုးမျိုးပျက်စေရမယ်ဆိုပြီး ရပ်မိရပ်ဖတွေဖိတ်၊ အုပ်ချုပ်ရေးတွေ ဖိတ်ပြီးတော့ အဲဒီရွာက ကလေး၄၅ယောက်ကို ရန်ကုန်ကိုခေါ်ပြီးတော့ သူ့ရဲ့တိုက်မှာထားပြီးတော့ ကျောင်းထားပေးတယ်။ ပညာသင်ပေးနေတယ်။ အသက်အရွယ်ရတဲ့ကလေးတွေကို သူ့ကုမ္ပဏီမှာ အလုပ်ခန့်ပေးတယ်။ တချို့ကလေးတွေ တစ်လ တစ်သိန်းခွဲရတဲ့လူတွေရှိတယ်။ ကြီးပွားပြီလေ။ ဒီထက်ပညာတော်ရင် နိုင်ငံခြားပို့ပေးဦးမယ်။ ကျေးဇူးတင်တယ်။ ပြီးတော့ အဲဒီအိမ်ခြေ ၈၀၊ ၁၀၀လောက် ကျန်ရစ်ခဲ့တဲ့ပုဂ္ဂိုလ်တွေလည်း သူတို့ရဲ့အိမ်သားတွေ ထောင်ကျသွားပြီဆိုတော့ စားစရာမရှိတော့ဘူးလေ။ သူက တစ်လကို တစ်အိမ်လျှင် ငွေ ၅၀၀၀နဲ့ဆန် ၆ပြည် လတိုင်း ဝေပေးတယ်။ တစ်နှစ်ကျော်ပြီ. . . ဘယ်သူမှ မခိုးကြတော့ပါဘူး။ အဲဒီရွာကြီးက သူတော်ကောင်းရွာကြီး ဖြစ်သွားပါပြီ။ အဲဒါမြစ်ရေလို့ခေါ်တဲ့ သူတော်ကောင်းတစ်ယောက် ချမ်းသာလိုက်တာ လောကကြီး ကောင်းစားမသွားဘူးလား။ ဒါကြောင့် တို့ပရိသတ်ကြီးကို ချမ်းသာစေချင်တာ။ သူတော်ကောင်းတွေ ချမ်းသာစေချင်တယ်ဆိုတာ လောကကြီး ချမ်းသာစေချင်လို့ပါ။

ကိုယ် ချမ်းသာတဲ့အခါ ဘာသာ၊ လူမျိုး ခွဲခြားစရာမလိုဘူး. . . အကုန် ထောက်ပံ့စမ်းပါ။ ကိုယ်ရှိမှ ထောက်ပံ့နိုင်မှာကိုး. . . ရနိုင်သမျှ ရှာကြ။ အဲဒါ သူပြောတဲ့စကားလေးပြောပြီး နိဂုံးချုပ်ရအောင် သိပ်ကောင်းလို့။ ဆရာတော် တပည့်တော်က သေခြင်းတရားကို အမြဲသတိရတယ်တဲ့။ အမြဲတမ်း သေနိုင်တယ်တဲ့။ တပည့်တော်များ ရုတ်တရက်သေသွားရင်

ပောဒီမွေးစားပြီးတော့ ပညာသင်ပေးတဲ့ ကလေးတွေ စကောစကဖြစ်မှာတဲ့။ ကျန်ခဲ့တဲ့ ဇနီးမယားနဲ့ သားသမီးတွေက တပည့်တော်လို စေတနာထားချင်မှ ထားမှာတဲ့။ ဟုတ်တယ် ပရိသတ်. . . မသေချာဘူး။ ဗုဒ္ဓဘာသာ ၁၀၀မှာ ၉၉ယောက်ဟာ ကျောင်းကံဘုရား၊ စေတီကိုသာလျှင် သိန်းကို ရာနဲ့ချီ လှူတာပါတဲ့။ နွမ်းပါးတဲ့ ဗုဒ္ဓဘာသာအချင်းချင်း ၁၀သိန်းတောင်မထောက် ပံ့ဘူး။ ထောက်ပံ့ရကောင်းမှန်းလည်း မသိဘူး။ ဦးစိုးနိုင် သိတယ်။ လောက အတွက် အကျိုးရှိရင် လှူရတယ်။ အဲဒါကြောင့် တပည့်တော်လေ ဒီကလေး တွေရဲ့နာမည်နဲ့ ဘဏ်မှာသီးသန့် သိန်း၅၀၀အပ်ပေးထားတယ်။ သူရှုတ်တရက် သေသွားတောင် ဒီကလေး ၄၅ယောက်ရဲ့ ပညာရေးစကောစက မဖြစ် အောင်လို့ပါတဲ့။ အကုန်လုပ်ပေးထားခဲ့တယ်။ တကယ်တော့ သူ့အသက်ဟာ ဘုန်းကြီးတို့နဲ့ အဲတူတူပါပဲ။ သူလည်း ၄၅လောက်ရှိပြီ။ သို့သော် သေခြင်းတရားကို အမြဲတွက်ထားတယ်။ ကုသိုလ်အချိန်မဆွဲဘူး။ နောက်ပြီး တော့ အဲဒီရွာမှာဆိုရင် ဘုရားလည်း တည်ပေးပြီးပါပြီ။ ဘုန်းကြီးကျောင်းလည်း ဆောက် ပေးပြီးတော့ ဘုန်းကြီးတွေလည်း ရှာပေးထားပါတယ်။ အခုတော့ ကျောင်းတွေ၊ ကန်တွေ၊ ဘုရားတွေ၊ နောက်တစ်ခါ အတန်းကျောင်းကြီးလည်း ဖွင့်ပေးထားပြီးပါပြီ။ အဲဒီရွာကိုသွားတဲ့ လမ်းကြီးကိုဖောက်ပေးထားတာ သိန်း၇၀၀လောက်ကုန်တယ်။ အဲဒီရွာကို သွားတဲ့လမ်းမရှိဘူး။ သူမြေဝယ် ပြီးတော့ လမ်းဖောက်ပေးတယ်။ အခုဆိုရင် သူတော်ကောင်းရွာ ဖြစ်သွား ခဲ့ပါပြီ။ ဒါဘာလဲဆိုရင် ဘုန်းကြီးလက်လှမ်းမီသလောက် မြစ်ရေနဲ့တူတဲ့ သူတော်ကောင်းတစ်ယောက် ချမ်းသာတာဟာ ဘယ်လောက်ကြီးပွားသွား သလဲ။ လောကကြီး ဘယ်လောက်တိုးတက်သွားသလဲ။

ဒါကြောင့် ပင်လယ်ရေနဲ့ မြစ်ရေမှာ မသူတော်တွေချမ်းသာတာက ပင်လယ်ရေပါပဲ။ ပင်လယ်ရေဟာ ဘယ်သူ့အတွက်မှ အသုံးမကျသလို၊ သုံးလို့မရသလို၊ မသူတော်တွေ ချမ်းသာတာဟာ လောကကြီးမှာဘယ်သူ့ အတွက်မှ အကျိုးမရှိဘူး။ အကျိုးမရှိတဲ့အပြင် လောကကြီးပါ ပျက်စီးပါတယ်။ ဒါကြောင့် ပရိသတ်တို့ ဒီနေ့ကစပြီးတော့ ဒကာ၊ ဒကာမများ မိမိတို့ကြီးပွား တိုးတက်အောင်လည်း ကြိုးစား၊ မိမိတို့ တိုးပွားကြီးပွားသလောက် လောကကြီးချမ်းသာအောင် ချီးမြှောက်ထောက်ပံ့ကြပါ။ ထောက်ပံ့တဲ့အခါ လူမျိုးလည်းမရွေးနဲ့. . . ဘာသာလည်းမရွေးနဲ့။ ဟုတ်လား. . . ဘုန်းကြီး

တို့ ဗုဒ္ဓရဲ့မေတ္တာဟာ လူရောရွေးရဲ့လား။ ဘာသာကော ရွေးရဲ့လား။

အခုဆိုလို့ရှိရင် ဘုန်းကြီးတို့ကျောင်းမှာ မျက်စိမမြင်တဲ့ပုဂ္ဂိုလ်တွေ ခွဲစိပ်ပေးတယ်။ လာခဲ့. . . မွတ်ဆလင်လည်း ခွဲပေးတယ်၊ ခရစ်ယာန်လည်း ခွဲပေးတယ်။ တကယ်မတက်နိုင်ဘူးဆိုရင်ပေါ့နော်။ ဗုဒ္ဓဘာသာလည်း ခွဲပေးတယ်။ ဘယ်သူ့မှ ဘုန်းကြီးချန်မထားဘူး။ ဗုဒ္ဓကလည်း မေတ္တာ၊ ကရုဏာ မျက်စိနဲ့ကြည့်တဲ့အခါမှာ ကရုဏာမျက်စိ(ဗြဟ္မစိုရ်) မျက်စိလို့ခေါ်ပါတယ်။ ပုဂ္ဂိုလ်လည်း မခွဲရဘူး၊ လူမျိုးလည်း မခွဲရဘူး။ ဒါကြောင့် ယောဂီတို့ ချမ်းသာရင် တစ်ကမ္ဘာလုံးချမ်းသာမယ်။

ဆိုကြပါစို့ ဆော်ဒီအာရေးဘီးယားနိုင်ငံမှာ အစ္စလာမ်ဘုရားဖူးတွေ နှစ်တိုင်းနှစ်တိုင်း မသွားဘူးလား။ အဲဒီ မက္ကာမှာလေ မင်းတုန်းမင်းကြီးက ဇရပ်ကြီးဆောက်ပေးထားတယ်။ အစ္စလာမ်ဘာသာတွေ တည်းခိုဖို့လှူတာ။ ဒါဗုဒ္ဓဘာသာတွေ ဂုဏ်ယူစရာပေါ့။ ဆိုလိုတာက ပရိသတ်တို့ရေ ဗုဒ္ဓဘာသာ ချမ်းသာရင် ဘာသာအားလုံး ချမ်းသာသွားကြလိမ့်မယ်။ ဘုန်းကြီးတို့ ဘာသာက ဗုဒ္ဓမြတ်စွာဘုရားက ငါတို့ဗုဒ္ဓဘာသာကိုလှူ. . . တခြားဘာသာကို မလှူနဲ့လို့ တစ်စက်မှမဟောဘူး။ ကြည့်စမ်း. . . ဘယ်လောက်ကြည်နူးစရာ ကောင်းသလဲ။ ဘယ်လောက် ဝမ်းသာစရာကောင်းသလဲ။ ဗုဒ္ဓဘာသာမှာ ပဥ္စမသံဂါယနာ တင်ပေးတဲ့ ဘုရင်ကြီးကိုယ်တိုင် အစ္စလာမ်ဘာသာတွေ တည်းခိုဖို့ဇရပ်ကြီးကို သိန်းပေါင်းများစွာအကုန်ခံပြီး ဆော်ဒီအာရေးဘီးယားမှာ ဆောက်လှူပေးထားတယ်။ ဒါကိုကြည့်ပြီးတော့ တို့ဗုဒ္ဓဘာသာ ဒကာ၊ ဒကာမတို့ ကြီးပွားအောင် ကြိုးစားကြပါ။ ကြီးပွားတိုးတက်တဲ့အခါ ဘာသာ၊ လူမျိုးမခွဲခြားဘဲနဲ့ ထောက်ပံ့ကြပါလို့ မှာကြားရင်းနဲ့ ဘုန်းကြီးတရားကို နိဂုံးချုပ်ပါတယ်။

သာဓု. . . သာဓု. . . သာဓု

ပညာပြည့်ဝ၊ နှလုံးလှ၊ ချမ်းမြကြည်သာရှိပါစေ

မေတ္တာရှင်(ရွှေပြည်သာ)

‘ငါ’ ဆိုတာရှာလို့မှမရတာ။

ငါ မရှိတဲ့အတွက်

ငါ့စည်းစိမ်ဥစ္စာ၊

ငါခံစားတယ်ဆိုတာလည်း

တယ်လိုလုပ်ရှိနိုင်ပါ့မလဲလေ။

# မီးတောင်ထိပ်က
# နတ်တောင်းသံများ

အရှင်ဝိစိတ္တာလင်္ကာရ
(ရွှေစုန်းချောင်းဆရာတော်)

# မီးတောင်ထိပ်က နတ်စောင်းသံများ
# အပိုင်း(၁)

၁၃. ၉. ၂၀၁၀ ရက်နေ့က မေတ္တာရှင်(ရွှေပြည်သာ) ဆရာတော် ဦးဇဝနထံရောက်ခဲ့တယ်။ စာပေသမားချင်းလည်းဖြစ်၊ သာသနာ့ဝန်ထမ်းရှင်ရဟန်းလည်းဖြစ်လို့ မေတ္တာတော်အနန္တရယ်နဲ့ အောင်မြင်ရေးလမ်းညွှန်ဩဝါဒတစ်ခုကို အောက်ပါအတိုင်း မိန့်ကြားလိုက်တဲ့အတွက် လေးစားစွာပဲ ဦးထိပ်ပန်ဆင် ကျင့်သုံးပါ့မယ့်အကြောင်း လျှောက်ထားခဲ့ရတယ်။

## မေတ္တာရှင်(ရွှေပြည်သာ)၏ အောင်မြင်ရေး လမ်းညွှန်ဩဝါဒ

ဦးဇင်းလေး. . . .

တရားပဲဟောဟော. . .

စာပဲရေးရေး. . .

၁။ စိတ်ဝင်စားအောင် ဟောပါ/ရေးပါ။

၂။ နားလည်အောင် ဟောပါ/ရေးပါ။

၃။ အနှစ်အသားပါအောင် ဟောပါ/ရေးပါ။

၄။ လိုရင်းတိုရှင်း ဟောပါ/ရေးပါ။

အဲဒါဆို သေချာပေါက်အောင်မြင်ပါလိမ့်မယ်။

စာရေးသူတို့ ပြန်မယ်လို့ ကန်တော့ကြတဲ့အခါ ဆရာတော်က ရွာစာကြည့်တိုက်အတွက် စာအုပ်တစ်စုံစာ။ စာရေးသူအကျိုးဆောင်နေတဲ့ စာကြည့်တိုက်မရှိတဲ့ရွာများမှာ စာကြည့်တိုက်တည်ဆောက်ရေး ပရဟိတလုပ်ငန်းအတွက် အလှူငွေကျပ် သုံးသိန်း။ ဘိုမသက်န်း တစ်စုံ။ နဝကမ္မ

သုံးသောင်းကျပ်တို့ကို ပေးကမ်းစွန့်ကြဲတော်မူပါတယ်။ အဲဒီအတွက်. . . ဆရာတော်ဘုရား အေးချမ်းသာယာစွာ သာသနာပြုတော်မူနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာများ အစဉ်အမြဲပို့သလျက်ပါ။

မေတ္တာရှင်ဆရာတော်
ဆင်းရဲကင်းကွာ
ချမ်းသာတော်မူပါစေ
အမနုဿတို့အပြစ်ဖွဲ့ခြင်းခံရတဲ့ဘေးမှ ဝေးပါစေ။

❁ ❁ ❁

အခု. . . စာရေးသူ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းက ရွှေစုန်းချောင်းရွာကလေးဆီ ပြန်ရောက်နေပါပြီ။ သနပ်ခါးပင်လေးတွေ စိမ်းစိမ်းစိုစို၊ ထန်းတောအိုတွေက ညို့ညို့မှိုင်းမှိုင်းနဲ့ အညာသားတစ်ယောက်ရဲ့ မျက်စိပသာဒမှာ သာယာမှုအရှိဆုံးရှုခင်း။ မိုးရွာတဲ့အခါ ရွှံ့တစိုစို။ နေပူတဲ့အခါ ခြောက်သရောင်း။ မြွေတွေအရေခွံပြောင်းသလို အမှုအယာပြောင်းတတ်တဲ့ တောလမ်းတွေဟာ စာရေးသူလိုတောသားတစ်ယောက်အတွက် ပန်းခင်းလမ်းအလား မှတ်ထင်စရာ။ ကျန်းမာရေးအတွက် အနားယူစရာ အကောင်းဆုံးဟာ ရွာပဲလို့ သိလိုက်ရတဲ့အချိန်မှာ ရွာကိုပြန်လာခဲ့လိုက်တယ်။ ချင်းတွင်းတံတားပေါ်က လေနုအေးအေးနဲ့ ထိတွေ့လိုက်ရသလို ခံစားရပြန်တယ်လေ။ ရွာမှာ တစ်ပတ်လောက်စာမရေး စာမဖတ်ဘဲ အေးအေးဆေးဆေး နားနေပြီးမှ စာပြန်ရေးဖို့ ပြန်စီစဉ်ရတယ်။ ကိုယ်တွေက စာမဖတ်ရမနေနိုင်၊ စာမရေးရမနိုင်တဲ့ လူစားတွေပါ။ မေတ္တာရှင်(ရွှေပြည်သာ) မိန့်တော်မူဖူးသလိုပေါ့။

“တပည့်တော်တို့က နာမည်ကြီးချင်လို့ စာရေးနေတာမဟုတ်ဘူး။ စာမရေးရင် မနေနိုင်လို့ကို ရေးနေတာ။ စာရေးတဲ့အခါ ဒီခေတ်စာဖတ်ပရိသတ်က စာအရှည်ကြီးတွေကို အချိန်ကုန်ခံပြီး သိပ်မဖတ်ချင်ကြတော့ဘူး။ လိုရင်းတိုရှင်းပဲ ကြိုက်ကြတယ်”

. . . တဲ့။ ဟုတ်တာပေါ့။ မလိုအပ်ဘဲ စာကိုစာချဲ့ရေးနေရင် ပရိသတ်အချိန်ကို ဖြုန်းပစ်ရာရောက်တယ်။ အချိန်ဆိုတာ လူ့အသက်။ စက္ကန့်၊

မိနစ်၊ နာရီတွေစုပေါင်းထားတဲ့အချိန်ဟာ အသက်ပဲပေါ့။ အချိန်ကိုဖြုန်းပစ်တာဟာ အသက်ကိုဖြုန်းပစ်တာနဲ့ အတူတူပဲ။ ဒီတော့. . . မေတ္တာရှင် (ရွှေပြည်သာ)ရဲ့ ဩဝါဒကိုနာခံသောအားဖြင့် ဓနသိဒ္ဓိမှာအခန်းဆက်ရေးနေတဲ့ ဝိပဿနာဘဏ်တိုက်ကြီးကိုရပ်ပြီး ပိဋကတ်(၃)ပုံထဲက စိတ်ဝင်စားဖွယ်အကြောင်းအရာတွေကို လိုရင်းတိုရှင်းရေးသားတင်ပြသွားမယ်လို့ စိတ်ကူးလိုက်မိပါတယ်။ တစ်ပတ်တစ်ပုဒ် အပြတ်ပေ့ါလေ။

စာမူအားလုံးကို စုပေါင်းပြီး လုံးချင်းထုတ်ဝေဖို့ ရည်ရွယ်ထားတဲ့အတွက် ခေါင်းစဉ်ကြီးတစ်ခုတော့ ပေးထားမှဖြစ်မယ်။ စာမူခေါင်းစဉ်ကြီးက "မီးတောက်ထိပ်က နတ်စောင်းသံများ" ဖြစ်ပါတယ်။ (မှတ်ချက်။ ဝိပဿနာဘဏ်တိုက်(ပ-ဒု)နှစ်တွဲကို ကောင်းထွန်းစာပေမှ မကြာမီထုတ်ဝေပါမည်) ခေါင်းစဉ်အကြောင်း အနည်းငယ်ရှင်းပြပါဦးမယ်။ အတွင်းမှာ ကိလေသာမီး။ အပြင်မှာ ကာမဂုဏ်မီး။ အဲဒီ မီးနှစ်မျိုးအချိန်တိုင်း လောင်ကျွမ်းခံနေရတဲ့ ပုထုဇဉ်ဘဝကို 'မီးတောင်'နဲ့တင်စားပြီး နိမိတ်ပုံယူလိုက်တယ်။ အေးမြတဲ့ တရားတော်ကိုတော့ နတ်စောင်းသံနဲ့ တင်စားလိုက်ပါတယ်။ ရေးသားပုံအစီစဉ်ကတော့. . . အစ်မတစ်ယောက်ကို မောင်ရဟန်းက နားဝင်အောင်ပြောပြနေတဲ့ ပုံနဲ့ရေးသားထားပါတယ်။

ဟုတ်တယ်. . .

စာရေးသူမှာ အစ်မတစ်ယောက်ရှိခဲ့ဖူးတယ်။

အရမ်းချော။ အရမ်းလှ။ သဘောမနောဖြူစင်ပြီး ဘာသာတရားကိုင်းရှိုင်းတဲ့ အစ်မတစ်ယောက်ပါ။ သူ့နာမည် မခင်စန်းမူလို့ ခေါ်ပါတယ်။ စစ်ကိုင်းတိုင်း၊ ကလေးခရိုင်၊ ကလေးမြို့မှာ နေပါတယ်။ ဒီစာတမ်းလေးဟာ မခင်စန်းမူနဲ့တကွ သံသရာအဆက်ဆက်က တော်စပ်ခဲ့ကြဖူးတဲ့ စာရေးသူရဲ့ အစ်မတွေအတွက် ကျေးဇူးဆပ်ရည်ညွှန်းပါတယ်။ စာဖတ်ပရိသတ်များ နှစ်သက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

# သေဘာက်သို့နီး သက်တော်ကြီး၍

အစ်မရေ. . .

ငါသတိရမိတဲ့ မဃဒေဝလင်္ကာတစ်ပုဒ်ကို ရွတ်ပြရဦးမယ်။ နားထောင်နော်။ နင်လည်း တိုးတိုးလေး လိုက်ရွတ်ချင်ရွတ်ပေါ့။ အကျယ်ကြီးတော့ မရွတ်နဲ့ဟ။ အိမ်ပေါ်က အဘွားဒေါ်ခင်စန်းထွေးကြားရင် ဒေါသထွက်နေလိမ့်မယ်။ သူက အသံကျယ်ရင် နားမခံနိုင်ဘူး။ ကဲ. . . စပြီ။

ဇရာအားဖြင့်၊ ဖောက်ပြားနှိပ်စက်၊
သေမင်းလက်၌၊ သေဘာက်သို့နီး၊
သက်တော်ကြီး၍ ခရီးလမ်းတို
ရွယ်တော်အိုခဲ့၊ ဤကိုယ်ညှိုးမြန်း၊
ပျို့မလန်းသည်၊ သေပန်းပွင့်လာတော့ပြီတည်း။

မန်လည်ဆရာတော်၊ မဃဒေဝ

ဟုတ်တယ် အစ်ရေ။ နင်တို့ ငါတို့ဟာ တစ်နေ့ပြီးတစ်နေ့ ပိုအိုသွားကြတာပဲ။ နောက်ပြန်လို့ မပျိုတော့ဘူး။ ဇရာက အင်နဲ့အားနဲ့ ဖောက်ပြားနှိပ်စက်တဲ့အတွက် သေမင်းရဲ့ကမ်းလက်ဆီ တဖြည်းဖြည်း နီးလာခဲ့ကြပါပြီဟာ။ အသက်တွေက ကြီးလာကြတာကိုး။ ဒီဘဝ ဒီခန္ဓာ ရှင်သန်မှု ခရီးလမ်းတာကလည်း တိုလာခဲ့ပြီ။ ဟိုတစ်ချိန်က မြင်သူတကာ ပုရိသတို့ တမက်တမော ငေးယူရတဲ့ နင့်အလှတွေ အခုမရှိတော့ဘူး။ နင့်ခန္ဓာကိုယ် နင်ပြန်ကြည့်လေ။ ကျောက်ဖရုံသီးကို အင်္ကျီထဘီဝတ်ပေးထားသလို ဖြစ်နေပြီ မဟုတ်လား။ ပေပါရှိုတ်ဆိုလား ဘာဆိုလား။ ငါ့တပည့် ကိုရင်လေးတွေက ခေတ်စကားနဲ့ ပြောကြတယ်။ ဆရာတော့်အစ်မ အပျိုကြီးက ပေပါ

ရှိတ်ကြီးဘုရားတဲ့။ ထားပါတော့။ ငါပြောချင်တာက နင့်ခန္ဓာကိုယ်ဟာ ငယ်ငယ်တုန်းကနဲ့ မတူတော့ဘူးဆိုတာပါ။ တစ်နေ့ထက်တစ်နေ့ ပိုလို့သာ ညှိုးနွမ်းပုံပျက်လာခဲ့ပြီ။ နုပျိုလန်းဆန်းတဲ့ အမူရာ ဘာတစ်ခုမှ ရှာမရတော့ပါဘူး။ ဒီကရှေ့. . . နင်ရော ငါပါ သေပန်းပွင့်ကြဖို့ပဲ ရှိတော့တယ်။ ဟုတ်တယ် ဟုတ်။

"ခန္ဓာကိုယ်ဟာ မွေးကတည်းက အသေဘက်ကို ပြေးနေတာ။ ခန္ဓာက သူ့လမ်းသူပြေးနေတော့ မနေ့ကထက် ဒီနေ့ဟာ သေဖို့တစ်ရက်ပိုနီးသွားပြီဆိုတာသာ ယုံလိုက်ပါ။ ခန္ဓာရဲ့ဝတ္တရားက အသေရှာတာ။ ဉာဏ်ရဲ့ဝတ္တရားက အသေရှောင်တာ။ အပြေးမရပ်တဲ့ ခန္ဓာကိုယ်၊ သုသာန်မရောက်ခင် မဂ္ဂအလုပ် မြန်မြန်လုပ်ပါ"

ဆိုတဲ့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကို နင့်အတွက် လက်ဆောင်ပေးလိုက်ပါတယ်။ ဒီစာကိုဖတ်ပြီးတာနဲ့ အသေမဦးခင် ဉာဏ်ဦးအောင် မဂ္ဂင်အလုပ် မြန်မြန်သာလုပ်ပေတော့။ မဂ္ဂအလုပ်လုပ်ဆိုတာ တရားအားထုတ်ခိုင်းတာပါ။ ကလေးမြို့မှာ ရိပ်သာတွေ ရှိသားပဲ။ မဟာစည်သာသနာ့ရိပ်သာ၊ မြစည်တော်သာသနာ့ရိပ်သာ စသဖြင့်ပေါ့။ နင်ကြိုက်တဲ့ ရိပ်သာဝင်လေ။ နင့်မှာက အားကိုးစရာလင်သားလည်း ရှိတာမဟုတ်ဘူး။ ဒီအရွယ်ကျမှတော့ ဆေးပေးမီးယူရယ်လို့လည်း ရှာမနေပါနဲ့တော့။ ဒီခေတ်မှာ ဆေးပေးမီးယူဆိုတာ ရှာတွေ့ဖို့မလွယ်တော့ပါဘူး။ နင့်ဆီကဆေးတွေယူပြီး နင့်ကိုမီးတွေပြန်ပေးခဲ့မယ့်သူတွေပဲ အလွယ်တကူတွေ့နိုင်မှာ။ ဒီတော့ ငါ့အတွက် အားကိုးရာအစစ်ဟာ တရားပဲလို့ စိတ်ဆုံးဖြတ်ပြီး တရားသာကြိုးစားအားထုတ်ပါ အစ်မရယ်။ ။

ဆင်းရဲတင်းတွာ ချမ်းသာကြပါစေ။

# မီးတောင်ထိပ်က နတ်စောင်းသံများ
# အပိုင်း(၂)
# အမာတာပုတ္တိကဘေး

အစ်မရေ. . .

အဲဒါ ပါဠိလိုပြောတာဟ။ မြန်မာလိုတော့ အမိနှင့်သားအချင်းချင်း မကာကွယ်နိုင်သောဘေးလို့ ခေါ်တယ်။ အကြားအမြင် ဗဟုသုတမရှိတဲ့ ပုထုဇဉ်ဟာ အမာတာပုတ္တိကဘေး(၃)မျိုး ရှိတယ်လို့ အောက်ပါအတိုင်း ပြောလိမ့်မယ်။

**နံပါတ်(၁) အမာတာပုတ္တိကဘေး**

မီးကြီးစွာလောင်တဲ့အခါ ဆိုတာဖြစ်တတ်တယ်။ မီးကြီးစွာ စွဲလောင်တဲ့အခါမှာ မီးက ရွာတွေကိုရော နိဂုံးတွေကိုရော မြို့တွေကိုရော စွဲလောင်တတ်တယ်။ ဒီအခါမှာ အမေကလည်း မီးဘေးကာကွယ်ပေးနိုင်တဲ့ သူ့သားကို မတွေ့ရဘူး။ သားကလည်း မီးဘေးကာကွယ်ပေးနိုင်တဲ့ သူ့အမေကို မတွေ့ရဘူး။ ဒါဟာ သားအမိအချင်းချင်း မကာကွယ်နိုင်တဲ့ ပထမအမာတာပုတ္တိကဘေးပဲ. . .။

**နံပါတ်(၂) အမာတာပုတ္တိကဘေး**

နောက်တစ်မျိုးကတော့ မိုးကြီးစွာရွာသွန်းတဲ့အတွက်ကြောင့် ရေကြီးတယ်။ ငါတို့ ကလေးမြို့မှာဖြစ်သာ မြစ်ရေလျှံရင် ရေကြီးသလိုမျိုး နေမှာပေါ့။ ဒါမှမဟုတ်လည်း ဆူနာမိတို့ နာဂစ်တို့လိုဖြစ်မယ်။ ရေကြီးတဲ့ အခါမှာ ရေယာဉ်က ရွာတွေ၊ နိဂုံးတွေ၊ မြို့တွေကို မျောပါသွားစေတယ်။ အဲဒီလို မြို့တွေ၊ ရွာတွေ၊ နိဂုံးတွေ ရေထဲမျောပါသွားကြတဲ့အခါ အမေကလည်း

ရေဘေးကာကွယ်ပေးနိုင်တဲ့ သူ့သားကို တွေ့ခွင့်မရဘူး။ သားကလည်း ရေဘေးကာကွယ်ပေးနိုင်တဲ့ သူ့အမေကို တွေ့ခွင့်မရဘူး။ ဒါဟာ သားအမိ အချင်းချင်း မကာကွယ်နိုင်တဲ့ ဒုတိယအမာတာပုတ္တိကဘေး. . . တဲ့။

**နံပါတ်(၃)အမာတာပုတ္တိကဘေး**

နောက်တစ်မျိုးကတော့ သူပုန်ဘေး။

တောပုန်း သူပုန်ဘေးပေါ့။ တောပုန်းသူပုန်ဆိုတဲ့ကောင်တွေက များသောအားဖြင့် လူမဆန်တဲ့အလုပ်တွေပဲ လုပ်ကြတာများတယ်။ အပြစ်မဲ့တဲ့ ရွာသူရွာသားတွေကို သတ်တာဖြတ်တာ၊ တံတားတွေကို ဖျက်ဆီးပစ်တာ၊ ရေတွင်းရေကန်၊ သာသနိကအဆောက်အဦတွေကို ဖျက်ဆီးတာ၊ ရွာတွေကို မီးရှို့၊ ရွာသူတွေကို မတရားပြုကျင့်တာ ဒါတွေအားလုံးကို တောပုန်းသူပုန်တွေလုပ်ကြတယ်။

လွတ်လပ်ရေးရပြီးကာစ ငါတို့မြန်မာနိုင်ငံတော်မှာ ရောင်စုံသူပုန်တွေ သောင်းကြမ်းခဲ့ဖူးတာ ပြန်တွေးကြည့်ရင် သူပုန်တွေရဲ့လုပ်ရပ်ကို ခန့်မှန်းမိမှာပါပဲ အစ်မ။ တောပုန်းသူပုန်ဘေးကြီး ဆိုက်ရောက်လာတဲ့အခါ ရွာသူရွာသားတွေဟာ ရှိစုမဲ့စုပစ္စည်းလေးများကို လှည်းနဲ့တစ်မျိုး၊ လှေနဲ့တစ်ဖုံတင်ဆောင်လို့ ဘေးလွတ်ရာအရပ်ဒေသတွေဆီ ပြေးကြသပေါ့။ ဒီအခါ. . . အမိခမျာလည်း သူပုန်ဘေးကနေ ကာကွယ်ပေးနိုင်တဲ့သားကို တွေ့ခွင့်မရ။ သားခမျာလည်း သူပုန်ဘေးကနေ ကာကွယ်ပေးနိုင်တဲ့အမိကို တွေ့ခွင့်မရ။ အဲဒါ. . . တတိယအမာတာပုတ္တိကဘေးပဲ။

တကယ်တော့ အဲဒီဘေး(၃)မျိုးတို့ဟာ အမာတာပုတ္တိကဘေး(သားအမိအချင်းချင်း မကာကွယ်နိုင်တဲ့ဘေး) အစစ်တွေ မဟုတ်ကြသေးဘူးလို့ မြတ်စွာဘုရားရှင် ဟောတော်မူတယ်။ မီးဘေးသင့်တဲ့အခါ သားအမိအချင်းချင်း ကာကွယ်နိုင်ခွင့် ရကောင်းတယ်။ ရနိုင်တဲ့အခွင့်အရေး ရှိတယ်။ ရေဘေးသင့်တဲ့အခါလည်း သားအမိအချင်းချင်း ကာကွယ်နိုင်ခွင့်ရကောင်းတယ်။ ရနိုင်တဲ့ အခွင့်အရေးရှိတယ်။ တောပုန်းသူပုန်ဘေးသင့်တဲ့အခါမှာလည်း သားအမိအချင်းချင်း ကာကွယ်နိုင်ခွင့် ရကောင်းတယ်။ ရနိုင်တဲ့ အခွင့်ရေး ရှိတယ်။ အကြားအမြင်မရှိတဲ့ ပုထုဇဉ်ဟာ မီဘေး၊ ရေဘေး၊ သူပုန်ဘေး လောက်ကို တကယ့်ဘေးကြီးတွေလို့ ထင်နေတာတဲ့။ ဒါတွေထက် ပိုဆိုးတဲ့

အမာတာပုတ္တိကဘေး(၃)မျိုးရှိတယ်။ အိုဘေး၊ နာဘေး၊ သေဘေးတို့ပါပဲ။ အမေဖြစ်တဲ့သူက သားဖြစ်သူအိုဘေးသင့်နေတာကို မကြည့်ရက်လို့ "ငါ့သားလေး မအိုပါစေနဲ့. . . ငါပဲအိုပါရစေ" ပြောပြီး အိုမင်းနေတဲ့သားကို ကာကွယ်ခွင့်မရ။ တစ်ဖန် သားဖြစ်တဲ့သူကလည်း အမေဖြစ်သူအိုဘေးသင့်နေတာကို ကြည့်ပြီး "ငါပဲ အိုပါရစေ. . . ငါ့အမေ မအိုပါစေနဲ့" လို့ အိုမင်းနေတဲ့အမေကို မအိုအောင် ကာကွယ်ပေးလို့မရ။ နာဘေးနဲ့သေဘေးတို့လည်း ထိုနည်းတူစွာပါပဲ အစ်မ။

"ငါ့သားလေး မနာပါစေနဲ့. . . ငါပဲနာပါရစေ"

"ငါ့အမေ မနာပါစေနဲ့. . . ငါပဲနာပါရစေ"

"ငါ့သားလေး မသေပါစေနဲ့. . . ငါပဲသေပါရစေ"

"ငါ့အမေ မသေပါစေနဲ့. . . ငါပဲသေပါရစေ"

လုံးဝ ကာကွယ်ပေးလို့ မရနိုင်ပါဘူးလေ။ ငါတို့. . . ကလေးမြို့မှာ လမ်းဟိုဖက် ဒီဖက်ဖြတ်ကူးနေတဲ့ အဘိုးကြီး၊ အဘွားကြီးတွေ တွေ့ဖူးမှာပေါ့။ သူတို့သားသမီးတွေ၊ တူ၊ တူမတွေ၊ ဆွေမျိုးသားချင်းတွေအားလုံးက သူတို့ကို မအိုအောင် ကာကွယ်မပေးနိုင်ကြဘူး မဟုတ်လား။ ငါတို့ သာမညလူသားတွေ မပြောနဲ့ မဟာလူသားဖြစ်တဲ့ တုဘက်မဲ့မြတ်ဗုဒ္ဓတောင်မှ အိုရသေးတယ်။ ဒါနဲ့ပတ်သက်ပြီး ဣန္ဒြိယသံယုတ်ထဲက ဇရာဓမ္မသုတ္တန်ဆိုတာကို ပြောပြချင်သေးတယ်။ ဇရာ-ဆိုတာက မြန်မာလို အိုတာ၊ ဆွေးတာ၊ ဓမ္မ-ဆိုတာက တရားပေါ့။ အဓိပ္ပာယ်နှစ်ရပ်ပေါင်းတော့ "အိုခြင်းတရား၊ ဆွေးခြင်းတရား" ပေါ့။ အဲဒီ အိုခြင်းတရားသုတ္တန်ကို တုဘက်မဲ့ဗုဒ္ဓမြတ်စွာက ညီတော်အာနန္ဒာကို ဟောကြားတယ်။

နေရာက သာဝတ္ထိပြည်၊ ပုဗ္ဗာရုံကျောင်းတိုက် မိဂါရမာတာဝိသာခါ ကျောင်းအစ်မကြီး ဆောက်လုပ်လှူဒါန်းထားတဲ့ ပြာသာဒ်ကျောင်းဆောင်။ အချိန်ကတော့ ညနေချမ်းကာလလေး။ တုဘက်မဲ့ဗုဒ္ဓမြတ်စွာဟာ တစ်ပါးတည်း ကိန်းအောင်းနေရာကနေ ထ,တော်မူပြီး ကျောင်းအနောက်ဘက် နေပူဆာလေးဆီ ကြွလာတယ်။ ကျောကုန်းတော် အနွေးဓာတ်ရအောင် နေပူဆာလှုံတယ်။ အလုပ်အကျွေးဖြစ်တဲ့ ညီတော်အာနန္ဒာက မြတ်စွာဘုရားရဲ့ ကျောကုန်းတော်ကို အဖန်ဖန်ပွတ်သပ်ဆုပ်နယ်ပေးနေတယ်။ ခေတ်စကားနဲ့ ပြောရင် ညီတော်အာနန္ဒာက မြတ်စွာဘုရားကို နှိပ်ပေးနေတယ်ပေါ့။ ငါတို့

သာသနာ့နယ်ပယ်မှာတော့ ဝတ်ဖြည့်တယ်ခေါ်တာပဲ။ ညီတော်အာနန္ဒာက မြတ်စွာဘုရားကို ဝတ်ဖြည့်ရင်းနဲ့ အောက်ပါစကားတွေ လျှောက်ထားတယ်။

"အရှင်ဘုရား. . . အံ့ဩဖွယ်ရှိပါစွ။ မဖြစ်ဖူးမြဲဖြစ်ပါပေစွ။ အရှင်ဘုရား ယခုအရှင်ဘုရားရဲ့ အရေအဆင်းတော်ဟာ ရှေးယခင်တုန်းကလို စင်ကြယ်ဖြူစင်ခြင်း မရှိတော့ပါ။ ခန္ဓာကိုယ်အားလုံးတို့ဟာ လျော့ပါးပြီး တော့ အရေတွေတွန့်လိပ်ကုန်ပါပြီ။ ခန္ဓာကိုယ်ဟာလည်း အရှေ့ကိုကိုင်းနေပြီ ဘုရား။ ဣန္ဒြေတွေ ဖောက်ပြန်ကုန်ပြီ ထင်ပါတယ်"

ဒီစကား ရွှေနားတော်ကြားပြီးတဲ့နောက် မြတ်စွာဘုရားက ညီတော် အာနန္ဒာကို အောက်ပါအတိုင်း မိန့်ကြားတော်မူတယ်။

"အာနန္ဒာ. . . ဒီစကားအမှန်ပဲ။ ပျိုနုခြင်းသဘောရှိခဲ့သော် အိုခြင်း သဘောရှိတယ်။ ကျန်းမာခြင်းသဘောရှိခဲ့သော် နာခြင်းသဘောဆိုတာလည်း ရှိတယ်။ အသက်ရှင်သန်ခြင်းသဘော ရှိခဲ့သော် သေဆုံးခြင်းသဘောဆိုတာ ရှိတယ်။ အရေအဆင်းဟာ ရှေးယခင်တုန်းကလို စင်ကြယ်ဖြူစင်ခြင်းမရှိ တော့ပေဘူး။ ခန္ဓာကိုယ်အားလုံးတို့ဟာ လျော့ပါးသွားကြလို့ အရေတွေ တွန့်လိပ်ကုန်ပြီ။ ခန္ဓာကိုယ်ဟာ အရှေ့ကိုကိုင်းနေပြီ။ ဣန္ဒြေတွေဖောက်ပြန် ကုန်ပြီပေါ့"

ဘုန်းတော်ကြီးမားတော်မူတဲ့ မြတ်စွာဘုရားက တစ်ဆက်တည်း ဇရာဝမ္မ သုတ္တန်ဂါထာ အနှစ်ချုပ်ကို ဟောတော်မူတယ်။

ယုတ်မာလှတဲ့ ဟယ် ဇရာတရား. . .

အဆင်းပျက်အောင်ပြုလုပ်တတ်တဲ့ ဟယ် ဇရာတရား

နှစ်သက်ဖွယ်ကောင်းတဲ့ ခန္ဓာကိုယ်အတ္တဘောကို ဇရာတရားက ဖိစီး နှိပ်စက်လေစွတကား။

အနှစ်တစ်ရာ အသက်ရှည်တဲ့လူလည်း သေဆုံးခြင်းသာလျှင် လဲလျောင်း ရာရှိတယ်။ သေခြင်းတရားဟာ ဘယ်သူ့ကိုမှ မရှောင်ကြဉ်ဘူး။ သတ္တဝါ အားလုံးကို ဖိစီးနှိပ်စက်တတ်တယ်။

ဒီတော့ အစ်မရယ် တကယ်အိုပြီဆိုရင် မြတ်စွာဘုရားတောင် ကောင်းကောင်း မနေရပါဘူး။ အိုတော်မူရရှာပါတယ်။ ငါတို့တွေတော့ ပြောကိုမနေနဲ့ အိုရမှာ သေချာပေါက်ပဲ။ အိုခြင်းဆိုးမဖြစ်အောင်ပဲ အခုကစပြီး ကြိုးစားဖို့လိုတာပါ။ အကုသိုလ်တွေ နေ့စဉ်လုပ်ပြီး အိုသွားရင်တော့ အိုခြင်း

ဆိုးပဲ။ ကုသိုလ်တွေ နေ့စဉ်လုပ်ပြီး အိုသွားရင်တော့ အိုခြင်းကောင်းပေါ့။ အကုသိုလ်တွေနေ့စဉ်လုပ်ပြီး နာသွားရင် နာခြင်းဆိုး။ ကုသိုလ်တွေနေ့စဉ်လုပ်ပြီး နာသွားရင်တော့ နာခြင်းကောင်းပေါ့။ အကုသိုလ်တွေ နေ့စဉ်လုပ်ပြီးမှ သေသွားရင် သေခြင်းဆိုး။ ကုသိုလ်တွေနေ့စဉ်လုပ်ပြီးမှ သေသွားရင်တော့ သေခြင်းကောင်းပေါ့။ ဒါကို သဘောပေါက်ဖို့လိုတာပေါ့။

အိုတာကတော့ အိုမှာပဲ၊ အိုရဲအောင်သာ ကြိုးစားပါ

နာမှာကတော့ နာမှာပဲ၊ နာရဲအောင်သာ ကြိုးစားပါ

သေမှာကတော့ သေမှာပဲ၊ သေရဲအောင်သာ ကြိုးစားပါ။

ဆိုတဲ့ ထုံးနှလုံးမူကြရအောင်လား အစ်မရယ်။ အိုရဲ၊ နာရဲ၊ သေရဲဆိုတာ ကုသိုလ်တွေလုပ် အိုတာ၊ နာတာ၊ သေတာပဲပေါ့။ အဲဒီကုသိုလ်တွေက မအိုရာ၊ မနာရာ၊ မသေရာ နိဗ္ဗာန်ကိုပို့ပေးနိုင်ပါကြောင်း လေးစားစွာသိစေအပ်ပါတယ်။

ဆင်းရဲကင်းကွာ ချမ်းသာကြပါစေ။

# မီးတောင်ထိပ်က နတ်စောင်းသံများ
## အပိုင်း(၃)
## ဆရာမိုက်

အစ်မ. . .

အဲဒီနေ့တုန်းက ငါရယ်. . . ကဗျာဆရာသော်တာစံရယ်။ ပြီးတော့ ကဗျာဆရာ မောင်ကိုမောင်နဲ့ အောင်မှူးတို့ရယ်။ ဟောင်ကောင်(၃)ကဖေးမှာ ထိုင်နေကြတယ်။ တပည့်မိုက်တွေအကြောင်း ပြောကြဆိုကြတာပေါ့။ သော်တာစံက ကျောင်းဆရာကိုး။ သာစည်ရွာ ပရဟိတ စာသင်ကျောင်းနဲ့ နေသာပညာဒါနကျောင်းတွေမှာ စာသင်ပေးနေတဲ့ ကျောင်းဆရာ။ အရပ်ပုပု၊ အသားဖြူဖြူ၊ နှုတ်ခမ်းထူထူ၊ မျက်စိမှေးမှေးနဲ့ ကော်လံကတုံး အင်္ကျီဖြူလေးတွေ အမြဲဝတ်တတ်တယ်။ သူမို့ လမ်းပေါ်လျှောက်လာပြီဆိုရင် မိန်းကလေးတွေ မပြောနဲ့ ယောကျ်ားချင်းတောင် တအံ့တဩငေးယူရတာဟ။ "ဩော်. . . ကိုယ့်ကိုယ်ကိုတောင် ကြည့်ကောင်းအောင် မပြင်တတ်ရှာပါလားနော်" ဆိုတဲ့ ကရုဏာနဲ့ပေါ့။ မောင်ကိုမောင်ကတော့ အသားပြာပြာ၊ အရပ်မြင့်မြင့်၊ မျက်လုံးပြူးပြူး၊ နှုတ်ခမ်းမည်းမည်းတွဲတွဲကြီးနဲ့။ အရာတော်သား။ မုံရွာနားက အရာတော်ပေါ့။ ကလေးမြို့မှာ အခြေလာကျနေတယ်ဆိုပါတော့။ ကိုအောင်မှူးကတော့ ပန်းချီဆရာ။ ဆိုင်းဘုတ်ကလေးတွေ ရေးတယ်။ အင်္ကျီတံဆိပ်တွေ ရိုက်တယ်။ ရေဆေးဆီဆေး ကားလေးတွေလည်း စိတ်ပါရင်ပါသလို ရေးတာပဲ။ ကလေးမြို့ပင်လုံလမ်းမတော်က သူ့ဆိုင်ခန်းလေးကို အောင်မှူးဂယ်လာရီဆိုပြီး ပြခန်းဖွင့်ထားတယ်။ သော်တာစံက သူ့အယူအဆနဲ့ သူ့နာမည်ပေးထားတယ်။ အောင်မှူး၏ အနုပညာဝပ်ကျင်းတဲ့။ ထားပါတော့။ ငါတို့လေးယောက်။ ဟောင်ကောင်(၃)ကဖေးမှာ ထိုင်ကြတယ်။ တိတိကျကျပြောရရင် ဆိုင်အနောက်ဘက် ပိတောက်ပင်ရိပ်က ခုံတွေမှာထိုင်ကြတာ။ စကားကုန်က မဂ္ဂဇင်း၊ ဂျာနယ်တွေအကြောင်းပြောကြရင်းကနေ တပည့်မိုက်

အကြောင်း စကားစပ်မိသွားကြတယ်။ အဲဒီကမှတစ်ဆင့် ဆရာမိုက်အကြောင်း ရောက်သွားပြန်တာပေါ့။ အမေရိကန်နိုင်ငံက ဆရာမိုက်တစ်ယောက် အကြောင်းပေါ့။ ၁၃နှစ်၊ ၁၄နှစ်အရွယ် ကျောင်းသူမလေးတွေကို ဘိန်းဖြူစွဲအောင်လုပ်ပြီး လူမှုရေးအမြတ်ထုတ်တဲ့အကြောင်း အွန်လိုင်းပေါ်မှာ တွေ့ရတယ်ဆိုရာကနေ ဇာတကပါဠိတော်ထဲက ဆရာမိုက်တစ်ယောက်အကြောင်းဆီ ငါတို့ရောက်သွားကြပါလေရော။

❁ ❁ ❁

တစ်ခါတုန်းက ဗာရာဏသီမှာ ဗြဟ္မဒတ်မင်းအုပ်ချုပ်နေတဲ့ အချိန်။ ရွာငယ်လေးတစ်ရွာမှာ ဝေဒဗ္ဗမန္တရားတတ်မြောက်တဲ့ ပုဏ္ဏားတစ်ယောက် နေသတဲ့။ ဝေဒဗ္ဗမန္တရားကို ရွတ်ဖတ်လိုက်ရင် ရတနာ(၇)ပါးမိုးရွာချတယ်လို့ ဆိုပါတယ်။ ဘုရားလောင်းက အဲဒီပုဏ္ဏားထံမှာ တပည့်ခံပြီး ပညာသင်ကြားနေပါတယ်။ တစ်နေ့. . . ဆရာတပည့်နှစ်ယောက် ရွာကနေ"စေတတိုင်းကို ခရီးထွက်လာခဲ့ကြတယ်။ လမ်းတစ်ဝက်မှာ ပေသနကစောရလို့ ခေါ်တဲ့ ပြန်ပေးဓားပြငါးရာနဲ့ တွေ့ကြပါလေရော။ ပြန်ပေးဓားပြတွေက ဆရာတပည့်နှစ်ယောက်လုံးကို ဖမ်းတာပေါ့။ ဆရာပုဏ္ဏားကို ဓားစားခံလုပ်ထား။ တပည့်ကိုရွာပြန်လွှတ်ပြီး ငွေယူခိုင်းတယ်။ တပည့်လုပ်သူ ဘုရားလောင်းက ဆရာပုဏ္ဏားကို ရိုသေစွာရှိခိုးပြီး. . .

"ဆရာ မကြောက်ပါနဲ့. . . ကျွန်တော့်စကားကို နားထောင်ပါ။ ဒီနေ့ ရတနာမိုး ရွာစေနိုင်တဲ့ နက္ခတ်နဲ့ယှဉ်ပါလိမ့်မယ်။ ပြန်ပေးဓားပြတွေအတွက် ရတနာမိုးရွာအောင် လုပ်မပေးပါနဲ့။ လုပ်ပေးရင် ဆရာသေလိမ့်မယ်"

လို့ မှာခဲ့တယ်။ ညအခါ လမင်းထွက်လာတဲ့အခါကျတော့ ဆရာပုဏ္ဏားက ကောင်းကင်ကိုမော့ပြီး နက္ခကြည့်တယ်။ ရတနာမိုးရွာစေနိုင်တဲ့ နက္ခနဲ့ယှဉ်နေပြီ။ ဒီအခါမှာ ဆရာပုဏ္ဏားက ပြန်ပေးဓားပြတွေကိုမေးတယ်။

"ငါ့ကို ဘာကြောင့်ဖမ်းတာလဲ"

"ဥစ္စာပစ္စည်းလိုချင်လို့ ဖမ်းတာပေါ့ဗျ"

"ဒါဖြင့် လွှတ်ကွာ. . . ငါ ရတနာမိုးရွာတဲ့မန္တရားကို တတ်ကျွမ်းတယ်။ သင်တို့အတွက် ရတနာမိုးရွာအောင်လုပ်ပေးမယ်"

လို့ဆိုတယ်။ ပြန်ပေးဓားပြတွေကလည်း ဆရာပုဏ္ဏားဆန္ဒအတိုင်း ကြိုးဖြည်ပေးလိုက်ကြပါတယ်။ ဆရာပုဏ္ဏားက ကိုယ်လက်သန့်စင်ပြီး ကောင်းကင်မော့ကြည့်ကာ မန္တရားကို ရွတ်ဆိုတယ်။ ခဏလေးအတွင်း ရတနာမိုးတွေ ရွာချပါလေရော။ ပြန်ပေးဓားပြတွေက ရတနာတွေကို ဝမ်းသာအားရထုပ်ပိုးသယ်ဆောင်ပြီး ဆရာပုဏ္ဏားကိုပါ တစ်ပါတည်းခေါ်ဆောင်သွားကြသတဲ့။ နောက်ထပ်တစ်နေရာရောက်တဲ့အခါ နောက်ထပ်အင်အားငါးရာရှိတဲ့ လူဆိုးတစ်ဖွဲ့နဲ့ထပ်တွေ့ကြပြန်တယ်။ နောက်ထပ်တွေ့တဲ့ လူဆိုးအုပ်စုက တိုက်ရည်ခိုက်ရည်ပိုကောင်းတဲ့အတွက်ကြောင့် ပထမပြန်ပေးဓားပြအဖွဲ့ရှုံးသွားတယ်။ ပထမအဖွဲ့က ဒုတိယအဖွဲ့ကိုမေးကြတယ်။

"ငါတို့ကို ဘာကြောင့် တိုက်ခိုက်ဖမ်းဆီးတာလဲ"

"မင်းတို့မှာပါလာတဲ့ ဥစ္စာပစ္စည်းတွေကို လိုချင်လို့ပေါ့ကွ"

"ဥစ္စာပစ္စည်းလိုချင်တယ်ဆိုရင် ငါတို့ကိုမဖမ်းနဲ့။ ငါတို့နောက်က ပါလာတဲ့ ပုဏ္ဏားကိုဖမ်းကြ။ ဒီပုဏ္ဏားက မန္တရားရွတ်ဖတ်ပေးလို့ ငါတို့မှာ ဥစ္စာပစ္စည်းတွေရရှိကြတာ ဖြစ်ပါတယ်"

လို့ပြောကြတယ်။ အဲဒါကြောင့် ဒုတိယလူဆိုးအုပ်စုက ပထမအုပ်စုကို လွှတ်ပေးလိုက်ပြီး ပုဏ္ဏားကိုပဲဖမ်းထားလိုက်ကြတယ်။ ကဲ. . . ရွတ်စမ်း။ ရတနာခုနစ်ပါးမိုးရွာစေတဲ့ မန္တရား။ ဓားမိုးပြီးခိုင်းကြပါလေရော။ မရတော့ဘူး။ နက္ခက မယှဉ်တော့တဲ့အတွက် ဆရာပုဏ္ဏားဘာမှမတတ်နိုင်ရှာတော့ပါဘူး။ နက္ခယှဉ်မယ့် နောက်နှစ်အထိ စောင့်ကြဖို့တောင်းပန်တယ်။ မရ။ ဆရာပုဏ္ဏားလည်ပင်းပြတ်သွားတယ်။ လူမိုက်ဆိုတာ လူလိမ္မာလောက် စိတ်မရှည်ဘူးလေ။ ဆရာပုဏ္ဏားအလောင်းကို ပစ်ထားခဲ့ပြီး ပထမအုပ်စုနောက်ကို လိုက်ကြပြန်တယ်။ ပထမလူဆိုးအုပ်စုနဲ့ ဒုတိယလူဆိုးအုပ်စုတို့ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြတာ နောက်ဆုံးတော့ လူဆိုးနှစ်ယောက်ပဲ ကျန်တော့သတဲ့။ ဒီလောက်လက်ကျန်လူဆိုးနှစ်ယောက်လည်း အချင်းချင်းအကောက်ကြံသတ်ဖြတ်ကြလို့ သေကုန်ကြပြန်ရော။ ဘုရားလောင်း ငွေယူပြီးပြန်လာတော့ အားလုံး သေနေကြတာပဲ တွေ့တော့တယ်။ ဆရာမိုက်ရဲ့အလောင်းကို ကောင်းမွန်စွာသင်္ဂြိုဟ်ပြီး ရတနာတွေယူလို့ လာရာလမ်းအတိုင်း ပြန်လာခဲ့တော့တယ်။

အစ်မ. .

ငါတို့စကားဝိုင်းလေးသိမ်းတဲ့အခါ မှတ်ချက်က နှစ်ခုထွက်လာတယ်။ လောကမှာ ဆရာပြောတာချည်းပဲ တပည့်က နားထောင်ရမယ်ဆိုတဲ့ တရားသေဝါဒဟာ မကောင်းဘူး။ ဆရာက ဒေဝဒတ်လို ဆရာမျိုးရဲ့စကားကို နားထောင်မိတဲ့ အဇာတသတ်ကိုကြည့်။ တစ်ခါတစ်လေ ဆရာကလည်း တပည့်ရဲ့စကားကို နားထောင်သင့်ရင် နားထောင်ရမယ်။ တပည့်ရဲ့ အကြံပေးစကားက သင့်လျော်ကောင်းမွန်နေရင် လက်ခံရမယ်။ ပြီးတော့. . . ကိုယ်တတ်ထားတဲ့ အသိပညာအတတ်ပညာကို အကျိုးရှိရာမှာပဲသုံး။ အကျိုးမဲ့တဲ့နေရာမှာ မသုံးမိစေနဲ့။ ဒုက္ခရောက်တတ်တယ်. . . ဆိုတာပါပဲလေ။

ဆင်းရဲကင်းကွာ ချမ်းသာကြပါစေ။

# မီးတောင်ထိပ်က နတ်စောင်းသံများ
# အပိုင်း(၄)
# သံယောဇဉ် အကျဉ်းသား

အစ်မရေ. . .

ငါတို့ကျောင်းဝန်းထဲက သနပ်ခါးတောလေး အညာရဲ့ရာသီဥတုဟာ စိမ်းစိုအေးမြနေတယ်ပေါ့။ ကဗျာစာဆိုတို့ စိတ်ကြိုက်ရာသီတစ်ခုပါပဲ။ ရန်ကုန်ကနေ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စာအုပ်ကြီးတွေ၊ အထွေထွေ ဗဟုသုတစာအုပ်တွေ၊ ရသစာအုပ်တွေကို အိတ်ကြီးအိတ်ငယ် အသွယ်သွယ်နဲ့ ထည့်သယ်လာခဲ့တာ မှန်သွားတယ်။ ကျန်းမာရေးအတွက် အနားလည်းယူရင်း စာဖတ်စရာအကြွေးကျန်နေတဲ့ စာအုပ်တွေလည်း ဖတ်ရင်း၊ စာရေးစရာရှိ တာလေးတွေလည်း ရေးရင်း အဆင်ကိုပြေလို့။ ငါ့ဆရာတော် ဦးသူရိယက သုံးဆူတန်း ဘုရားတိုက်ကျောင်းကလေးနဲ့ သနပ်ခါးတောကလေးမှာ ငါ့ကို နေရာချပေးတယ်။ စာဖတ်၊ စာရေး၊ တရားနာ၊ တရားအားထုတ်ဖို့ အလွန် ကောင်းတဲ့နေရာလေးပေါ့။ ရွာထဲက ဒကာကြီးတွေ၊ ဒကာမကြီးတွေလည်း စာအုပ်လာငှားတတ်ကြတယ်။ ဖတ်ပြီးမှတ်ပြီးသမျှ စာအုပ်တွေနဲ့ပတ်သက် ပြီးတော့ ပြောဆိုဝေဖန် ဆွေးနွေးကြတာတွေလည်း ရှိတယ်။ ငါက မုံရွာကို တစ်ခါသွားရင် တရားတော် ဗီစီဒီ၊ ဒီဗွီဒီအခွေသစ်ကလေးတွေ ဝယ်ဝယ်လာ တတ်တော့ တရားချစ်ခင်သူတော်စင်တွေလည်းပဲ တရားခွေလာငှားတတ် ကြတယ်။ တရားဝါသနာမပါတဲ့ လူငယ်တချို့ကျတော့ ဟောလိဝုဒ်က ထုတ်တဲ့ ကမ္ဘာကျော်ရုပ်ရှင်ဇာတ်ကားတွေ ဘွန်ဂျိုဗီ၊ လေဒီဂါဂါ၊ ရှာကီရာတို့ရဲ့ သီချင်း ခွေတွေ ငှားရမ်းချင်လို့ လာကြတယ်။ အကြည်တော်၊ နီကိုရဲ၊ တာရာမင်းဝေ၊ သျှင်မ၊ လွန်းထားထား၊ ဆုမြတ်မွန်မွန် ကြိုက်တဲ့စာဖတ်ပရိသတ်တွေလည်း ငါ့ဆီ လာကြတာပဲ။ ငါ့မှာ စာအုပ်က စုံတာကိုး။ ရန်ကုန်မှာနေစဉ်က မစားရက် မသောက်ရက် စုဆောင်းထားတဲ့ နဝကမ္မလေးတွေ၊ စာမူခငွေလေးတွေနဲ့

ဝယ်ယူလာတဲ့ စာအုပ်တွေဟာ အခုမှ. . . သူတို့ အလုပ်သူတို့ လုပ်ကြရတော့တာပဲ။ ငါတို့ရွာက လူတွေကို ငါက အထင်သေးထားတာ။ စာဖတ်မယ့်လူတွေ မဟုတ်ပါဘူးလို့။ ငါ့အထင်ကြီး မှားသွားတယ်။ စာဖတ်တာများ ငါတို့တောင် လိုက်မမီဘူး။ ကလေးပေါက်စတွေဆို ရွှေသွေး၊ တေဇ၊ မိုးသောက်ပန်း တစ်ဝကြီးဖတ်ကြရဲ့။ တစ်ပတ်တစ်ခါထွက်တဲ့ မြသန်းစံရဲ့ ယဉ်ကျေးလိမ္မာ ကလေးဂျာနယ်ဆို တစ်ခါဝယ်ရင် သုံးစောင်ဝယ်ရတယ်။ အသစ်မထွက် သေးရင် အဟောင်းလေးတွေကို ပြန်ဖတ်ပြီး. . .

"ဘုန်း. . . ဘုန်း မုံရွာ မကြွသေးဘူးလား။ ယဉ်ကျေးလိမ္မာအသစ် ထွက်လောက်ပြီ ထင်တယ်နော်"

လို့ ငါ့ကို သတိပေးကြတယ်။ ဗေဒင်၊ လောကီစီရင်၊ လက္ခဏာပညာ ဝါသနာထုံသူတွေကျတော့ နေသိဒ္ဓိ၊ ဘုန်းရောင်၊ နေလ၊ မနောမယဂျာနယ် တွေ အလုလယက်ဖတ်ကြတယ်။ ဒီတစ်ပတ် ဘယ်ဂျာနယ်က ဆရာဘယ်သူရဲ့ ဟောစာတမ်းက သိပ်ကောင်းတာပဲ။ ယတြာကလည်း အစွမ်းထက်မှထက် စသဖြင့် ဒီလိုင်းက ပရိသတ်တစ်မျိုး။ သူတို့တွေ အားလုံးအတွက် အဆင်ပြေ အောင် မုံရွာကို တစ်ပတ်တစ်ခါလောက် သွားပေးရတယ်။ ဆရာမင်းဆွေနှစ် (မုံရွာ)ရဲ့ ချင်းတွင်းအိမ်စာပေ၊ အဓိပတိစာပေတို့မှာ လိုချင်တဲ့ ဂျာနယ် တွေ သွားဝယ်ရတာပေ့ါ။ လေးငါးဆယ်ခေါက်လောက် ဝယ်ပြီးသွားတော့ သူတို့နဲ့ငါ ရင်းနှီးလာတယ်။ ငါဝယ်နေကျ ဂျာနယ်တွေကို တသီးတသန့် ကျန်အောင် ချန်ထားပေးကြတယ်။ နေသိဒ္ဓိတို့၊ နေလတို့က နောက်ကျရင် မရတော့ဘူး။ မုံရွာမှာ မရတော့ရင်ခက်တယ်။ မန္တလေးအထိ လမ်းစရိတ် ၂၅၀၀အကုန်ခံပြီး သွားဝယ်ရမယ့်ကိန်းပ။ ရွာကနေ မုံရွာကို ဆယ်မိုင်လောက် သွားရတာပါ။ ခြေလျင်တော့ ဘယ်သူသွားမှာလဲ။ ဆိုင်ကယ်နဲ့ပေ့ါ။ ချင်းတွင်း တံတားပေါ်ကနေ ဖြတ်သွားရတာ။ ရွာဥက္ကဋ္ဌဦးသန်းစိန်က အပတ်စဉ် ဆိုင်ကယ်နဲ့ ပုံမှန်လိုက်ပို့တယ်။ တစ်ခါတစ်လေလည်း ငြိမ်းဇော်တို့၊ ဘိုအေး တို့၊ အောင်ကျော်ဆန်းတို့က သူတို့ဆိုင်ကယ်တွေနဲ့ လိုက်ပို့ကြတယ်။ သူတို့ တွေရှိနေလို့သာ အပတ်စဉ်ထုတ်၊ လစဉ်ထုတ်၊ ဂျာနယ်၊ မဂ္ဂဇင်းလေးတွေ ပုံမှန်ဖတ်နေရတာပါ။ အဲဒီအတွက် သူတို့ကို အထူးပဲကျေးဇူးတင်ရတယ်။ ကျန်းမာချမ်းသာကြပါစေလို့လည်း ဆုတောင်းမေတ္တာပို့သရပါတယ်။

ကျောင်းဝင်းထဲက သနပ်ခါးတောအုပ်အုပ်ကလေး ဆောင်းဦးပေါက်မို့ သနပ်ခါးပင်တွေက အရွက်စိမ်းစိမ်းတွေ တဝေဝေပေါ့။ လှတယ်။ သနပ်ခါးတောအလယ် မြေကွက်လပ်မှာ ထန်းလက်ကုလားထိုင်၊ ထန်းလက်ကိုကြိမ်ကွပ်ထားတဲ့ စာရေးစားပွဲ။ စားပွဲပေါ်မှာတော့ ဖတ်လက်စ စာအုပ်တစ်အုပ်။ စာရေးချင်စိတ်ထက်သန်လာရင် စာရေးဖို့လို့ စာရွက်အလွတ်(၂၀)လောက်နဲ့ ကလစ်ဘုတ်။ စာရေးဘောလ်ပင်(၅)ချောင်း။ တရားနာဖို့ အမ်ပီဖိုက်စက်နဲ့ ၁၂-ဗို့ထ်ဘက်ထရီ၊ စစ်လက်နက်ကတော့ အပြည့်အစုံပေါ့လေ။ ကျောင်းသားတွေဖျော်ပြီးလာပို့ထားတဲ့ ကော်ဖီတစ်ခွက်။ ကော်ဖီငုံလိုက် စာဖတ်လိုက်။ စာအုပ်ပိတ်ပြီး တွေးလိုက်။ ရေးချင်စိတ်ပေါ်လာရင် ချရေးလိုက်။ စာဖတ်စာရေးရတာ ပျင်းလာရင် ခဏနား။ အမ်ပီဖိုက် စက်ကလေးကိုခပ်တိုးတိုးဖွင့်ပြီး တရားနာ။ ရွာမှာ ငါလုပ်တဲ့အလုပ်က ဒါတွေပါပဲ။ ဉပုသ်နေ့နဲ့ သာရေးနာရေးပွဲလေးတွေ ပင့်တဲ့အခါ တရားလေးဘာလေးတတ်သလောက်ဟောပေ့ါ။ များသောအားဖြင့်တော့ စာရေး၊ စာဖတ်လုပ်နေတာက များပါတယ်။

နှလုံးအထူးကုဆရာဝန်က စာရေးစာဖတ်သိပ်မလုပ်ဖို့၊ ကောင်းကောင်းအနားယူဖို့ပြောပေမယ့် ငါနားမထောင်ဖြစ်ဘူး။ ငါက စာဖတ်သမား စာရေးဆရာ။ စာဖတ်တာ စာရေးတာဟာ ငါ့ဘဝပဲ။ စာရေးတာ စာဖတ်တာဟာ ငါ့အသက်ပဲ။ စာမဖတ်ရတဲ့နေ့ စာမရေးရတဲ့နေ့တွေဟာ ငါ့အတွက် ဘဝမရှိတဲ့နေ့ အသက်မရှိတဲ့နေ့တွေလို ငါက ယူဆတယ်။ ဒါကြောင့် ကျန်းမာရေးကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ စာဖတ်တယ်။ စာဖတ်လို့ရလာတဲ့ အသိဉာဏ်၊ ဗဟုသုတတွေကို ငါ့စာဖတ်ပရိသတ်ထံ မျှဝေတယ်။ သေချိန်ရောက်တဲ့အထိ ဒီအလုပ်ကိုတမြတ်တနိုး ငါလုပ်သွားချင်တယ်။ ဒီနေ့ ငါဖတ်မိတာက မိလိန္ဒရှင်ဘုရင်ရဲ့မေးခွန်းတွေကို နာဂသေနမထေရ်က ဖြေကြားပုံတွေဟာ ဖတ်ရှုသူအတွက် တန်ဖိုးကြီးမားလှတဲ့အသိပညာတွေ ရရှိစေပါတယ်။ အဲဒီမိလိန္ဒပဉှာကျမ်းမှာ မိလိန္ဒရှင်ဘုရင်မေးခွန်းတစ်ခုက စိတ်ဝင်စားစရာကောင်းတယ်။

"အရှင်ဘုရား နာဂသေန. . . သံယောဇဉ်အနှောင်အဖွဲ့ဆိုတာ ဘယ်လောက်တောင် ရှိသလဲဖြေတော်မူပါ"

"မင်းမြတ်. . . သံယောဇဉ်အနှောင်အဖွဲ့ဆိုတာတွေဟာ အမိသံယောဇဉ် အဖသံယောဇဉ်၊ မယားသံယောဇဉ်၊ သားသမီးသံယောဇဉ်၊ ဆွေမျိုးသံယော

ဇဉ်၊ မိတ်ဆွေသံယောဇဉ်၊ ဥစ္စာသံယောဇဉ်၊ လာဘ်ပူဇော်မှု သံယောဇဉ်၊ အစိုးရခြင်းသံယောဇဉ်၊ ကာမဂုဏ်ငါးပါး သံယောဇဉ်ဆိုပြီး သံယောဇဉ် ဆယ်ပါးရှိတယ်။ ဒီသံယောဇဉ်တွေနဲ့နှောင်ဖွဲ့ခြင်းခံထားကြရတဲ့အတွက် ကြောင့် သတ္တဝါတွေဟာ လွတ်ရာကျွတ်ရာကို မထွက်ခွာနိုင်ကြဘူး။ ထွက်ခွာ ပြီးတော့လည်း ပြန်လာကြရပေတယ်။

ဒါက မိလန္ဒရှင်ဘုရင်ရဲ့အမေးကို နာဂသေနမထေရ်မြတ်ဖြေတဲ့အဖြေ။ သံယောဇဉ်ဆယ်ပါး။ ငါရောနင်ပါ သတ္တဝါအားလုံး သံယောဇဉ်ရဲ့အကျဉ်း သားတွေချည်းပဲ။ အရိယာမဖြစ်သေးသူအားလုံး သံယောဇဉ်နှောင်ကြိုးနဲ့ အခိုင်အမာ မရုန်းနိုင်အောင် ချည်နှောင်ခံထားကြရတယ်။ ရုန်းထွက်ဖို့ မလွယ်ဘူး။ ဒုက္ခလွတ်ရာကိုရုန်းလို့ မထွက်နိုင်ကြပေဘူး။ ရုန်းထွက်နိုင်တဲ့ တိုင်အောင် သံယောဇဉ်ချည်တိုင်ကို ပြန်လာကြရတာပဲတဲ့။ သံယောဇဉ်ရဲ့ ဆိုးရွားပုံကိုတော့ ပေတဝတ္ထုပါဠိတော်မှာ လေ့လာသိရှိနိုင်တယ်။ အစမ်း နမူနာအနေနဲ့ ဝတ္ထုတစ်ပုဒ်ကိုထုတ်နှုတ်ပြောပြမယ်။ ငါတို့မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး ပထမသင်္ဂါယနာတင်ကြတဲ့အချိန်ပေါ့။ အရှင်မဟာ ကဿပမထေရ်မြတ်ကြီးဟာ နောက်ပါရဟန်း(၁၂)ပါးတို့နဲ့အတူ ကောသမ္ဗီ ပြည်အနီးက တောအုပ်ကြီးတစ်ခုထဲမှာ သီတင်းသုံးတော်မူနေတယ်။ အဲဒီ အချိန်မှာ ဘာဖြစ်သလဲဆိုတော့ ကောသမ္ဗီပြည့်ရှင် ဥတေနဘုရင်ရဲ့အမတ် ကြီးတစ်ဦး သေသွားတယ်။ အမတ်ကြီးရဲ့သား ဥတ္တရလုလင်က ဖခင်ရဲ့ အမတ်တာဝန်ကို ဆက်လက်ထမ်းဆောင်တယ်။ ဥတ္တရလုလင်အမတ်ဖြစ်ပြီး တဲ့နောက် သူအပိုင်စားရတဲ့မြို့ကို ပြုပြင်တည်ဆောက်လိုတာကြောင့် တောထဲ ဝင်ပြီး သစ်တွေအခုတ် ပုံ့သကူသင်္ကန်းဆောင်ကာ တည်ငြိမ်စွာသီတင်းသုံး တော်မူနေတဲ့ အရှင်မဟာကဿပမထေရ်မြတ်ကို ဖူးတွေ့လိုက်ရတယ်။ ဥတ္တရလုလင်က ရိုသေစွာရှိခိုးတဲ့အခါမှာ မထေရ်မြတ်က သရဏဂုံသီလပေး၊ တရားဒေသနာတွေ ဟောပြတဲ့အတွက် ဥတ္တရလုလင်ဗုဒ္ဓဘာသာဝင်ဖြစ်လာ ခဲ့ပါတယ်။

"အရှင်မြတ်ဘုရား. . . တပည့်တော်အား အစဉ်သနားစောင့်ရှောက် သောအားဖြင့် နံနက်ဖြန်နံနက်ဆွမ်းကို ရဟန်းသံဃာတော်များနှင့်တကွ အလှူခံတော်မူပါ ဘုရား"

လို့လည်း လျှောက်ထားတယ်။ အရှင်မဟာကဿပမထေရ်ကလည်း

လက်ခံတော်မူကြရော ဆိုကြပါစို့။ ဥတ္တရလုလင်က သံဃာတော်အရှင်မြတ်တွေကို ပန်းနံ့သာတွေနဲ့ပူဇော်တယ်။ ဆွမ်းကပ်တယ်။ နောက်နေ့တွေမှာလည်း သူ့အိမ်ကိုအမြဲတမ်းဆွမ်းခံကြွတော်မူကြဖို့ လျှောက်ထားတယ်။ မထေရ်မြတ်တို့ရဲ့ ဩဝါဒကို ခံယူကျင့်သုံးခွင့်ရတဲ့အတွက် သောတာပတ္တိဖိုလ်မှာ တည်သွားခဲ့တယ်။ ဥတ္တရလုလင်က သံဃာတော်တွေကို ကြည်ညိုသလောက်သူ့အမေကျတော့ သံဃာတော်တွေကို မုန်းလိုက်တာ လွန်ပါရောတဲ့။ ဥစ္စာပစ္စည်းတွေကိုလည်း နှမြောဝန်တိုမှုဖြစ်သတဲ့။ ဥစ္စာသံယောဇဉ်ပေါ့ အစ်မရေ။ သူ့သားအရင်ကိုတောင်မှ လျှုလွန်းလို့အမြင်ကပ်လာသတဲ့။ အဲဒါကြောင့်အခုလိုကျိန်ဆဲရေရွတ်တယ်။

"ငါ့သား. . . နင်ဟာ ငါမလိုလားဘဲ သံဃာဦးပြည်းကတုံးတွေကို ဆွမ်းလှူတယ်။ ငါသဘောမတူဘဲ လှူတဲ့အတွက် ထမင်း၊ အဖျော်တွေဟာ တမလွန်ဘဝမှာ နင့်အတွက်သွေးအတိဖြစ်ပါစေသတည်း"

မိခင်သဘောတူတူ မတူတူ ဥတ္တရကတော့ လှူတာပဲ။ သံဃာတော်တွေ သီတင်းသုံးဖို့ ကျောင်းတစ်ဆောင်တောင် ဆောက်လှူလိုက်သေးတယ်။ ကျောင်းရေစက်ချတဲ့နေ့ကျတော့ ဥတ္တရလုလင်ရဲ့အမေကြီးက စိတ်ပြောင်းသွားပြီးတော့ ကျောင်းမှာအသုံးပြုဖို့ ဥဒေါင်းမြီးယပ်တစ်ခုပေးလှူလိုက်တယ်။ ဥတ္တရမိခင်ကြီးကွယ်လွန်တော့ ဥစ္စာသံယောဇဉ်ကြောင့် ပြိတ္တာမကြီးသွားဖြစ်တယ်။ ဥဒေါင်းယပ်လှူဒါန်းတဲ့အတွက်တော့ ဆံပင်အင်မတန်ကောင်းသတဲ့။ ပြိတ္တာမရေသောက်မယ်လို့ ဂင်္ဂါမြစ်ထဲကိုဆင်းတိုင်း သွေးအတိပဲတွေ့ရတယ်။ ရေမတွေ့ရဘူး။ ပြိတ္တာဆင်းရဲတွေခံစားနေရင်း အရှင်ကဿပရေဝတနဲ့တွေ့ပြီး အရှင်ကဿပရေဝတက ကူညီတဲ့အတွက် ပြိတ္တာဘဝကကျွတ်လွတ်ပြီး နတ်သမီးဘဝရောက်သွားရပါတယ်။ ဒီလောက်ဆို သံယောဇဉ်ရဲ့ဆိုးရွားပုံကို ရိပ်မိလောက်ပြီလို့ ထင်ပါတယ်။ တစ်ဘဝတာပြုခဲ့သမျှ ကုသိုလ်ကောင်းမှုတွေကို အထပ်ထပ်အာရုံပြု၊ ကုသိုလ်အသစ်အသစ်တွေ အမြဲမပြတ်လုပ်၊ ဝိပဿနာတရားတွေ ကြိုးစားပွားများအားထုတ်ပြီး သံယောဇဉ်အကျဉ်းသားဘဝက ရုန်းထွက်လွတ်မြောက်နိုင်ပါစေဆိုတဲ့အကြောင်း သနပ်ခါးတောလေးထဲကနေ ဒီစာရေးရင်း ငါဆုတောင်းလိုက်ပါတယ် အစ်မရယ်။

ဆင်းရဲကင်းကွာ ချမ်းသာကြပါစေ

# မီးတောင်ထိပ်က နတ်စောင်းသံများ
## အပိုင်း(၅)
## ချမ်းသာအတု

မိမိ၏ ဉာဏ်အမြင်အရ လောကစည်းစိမ်များသည် ချမ်းသာဖြစ်ကြောင်း 'လောက'ကဆိုသော်လည်း တကယ် တမ်းချမ်းသာမဟုတ်။ သောကဖြင့် ဝန်းရံနေသော ချမ်းသာအတုဖြစ်၏။

ဆရာကြီး ဦးရွှေအောင်
မဟာဝိဇ္ဇာ-သတ္တတ
ဝဋ်သတာနှင့်သိရောမဏိ
ဓမ္မပဒ-အပ္ပမာဒဝဂ်-စာ-၄၉

အစ်မ. . .

ဒီနေ့တော့ အဲဒီ ဓမ္မအတွေးအခေါ်လေးနဲ့ သက်ဆိုင်တဲ့အကြောင်းအရာတွေကိုပဲ ဆွေးနွေးချင်ပါတယ်။

ငါတို့ ပုထုဇဉ်လူသားတွေရဲ့ ဉာဏ်အမြင်က စင်ကြယ်တာမှမဟုတ်ဘဲ။ ကိလေသာ အပူငွေ့တွေသင့်ထားလို့ အဝါကိုမြင်ရသော်လည်း အနီလို့မြင်ချင်မြင်နေတတ်တာမျိုး။ ဒီတော့ လောကစည်းစိမ်တွေဟာ ငါတို့အမြင်မှာ တကယ့်ချမ်းသာတွေကို မြင်နေတယ်။ ငါရှာထားတာ ငါ့ဥစ္စာ၊ ငါ့စည်းစိမ်၊ ငါခံစားဖို့ပဲ၊ ငါခံစားနေတယ်လို့ ထင်နေတတ်ကြပါရဲ့။ တကယ်တမ်း စီးပွားရှာတာက ဝီရိယနဲ့ဉာဏ်ပညာ၊ ကိုယ်ခန္ဓာ။ ရလာတဲ့ဥစ္စာ ငါနဲ့ဘာဆိုင်လဲ။ လုံ့လဝီရိယ၊ ဉာဏ်ပညာ၊ ကိုယ်ခန္ဓာတို့နဲ့သာဆိုင်တော့မှာပေါ့။ ခံစားတာ စံစားတာကလည်း ငါမဟုတ်ပါဘူး။ ဝေဒနာစေတသိက်ကလေးက ခံစားတာပါပဲ။ အရိယာဉာဏ်မျက်လုံးနဲ့ကြည့်တဲ့အခါ 'ငါ'ဆိုတာရှာလို့မှမရတာ။ ငါ

မရှိတဲ့အတွက် ငါ့စည်းစိမ်ဥစ္စာ၊ ငါခံစားတယ်ဆိုတာလည်း ဘယ်လိုလုပ်ရှိနိုင်ပါ့မလဲလေ။

သံယုတ္တနိကာယ်၊ ဒေဝတာသံယုတ်၊ သတ္တိဝဂ်မှာ စတုစက္ကသုတ္တန်ဆိုတဲ့ ဒေသနာတစ်ခုရှိတယ် အစ်မ။ နတ်သားတွေမေး၊ မြတ်စွာဘုရားဖြေတရားတော်တွေစုစည်းမှတ်တမ်းတင်ထားတာကို ဒေဝတာသံယုတ်ခေါ်တာပါ။ စတုစက္ကဆိုတာကတော့ စက်လေးပါးလို့ အဓိပ္ပာယ်ရတယ်။ အဲဒီသုတ္တန်မှာ နတ်သားတစ်ယောက်က မြတ်စွာဘုရားကိုမေးတယ်။

"လုံ့လကြီးတော်မူတဲ့ မြတ်စွာဘုရား (က္လရိယာပုတ်) စက်လေးပါးလည်းရှိသော၊ အပေါက်ကိုးပေါက်လည်းရှိသော၊ မစင်တွေနဲ့ပြည့်နေသော၊ လိုချင်မှုလောဘနဲ့ယှဉ်တွဲနေသော၊ အမိဝမ်းခေါင်းတည်းဟူသော ညွန်မှာဖြစ်တဲ့ ဒီကိုယ်ဟာ ဘယ်လိုထွက်မြောက်မှုဖြစ်နိုင်ပါ့မလဲ"

စက်ဆိုတာ လည်ပတ်နေတာပဲ မဟုတ်လား အစ်မ။ နင်တို့အိမ်က မုန့်တီကြိတ်တဲ့စက်တွေ လည်နေသလိုပေါ့။ သွား၊ ရပ်၊ ထိုင်၊ လျောင်း. . . က္လရိယာပုတ်လေးပါးဆိုတာကလည်း လည်ပတ်နေရတယ်။ လည်ပတ်နေမှ ကောင်းတယ်။ လည်ပတ်လွန်းပြန်ရင်လည်း မကောင်းဘူး။ မြန်မြန်ပျက်တတ်တယ်။ မပျက်စီးအောင် သွေးလေညီညွတ်မျှတအောင် က္လရိယာပုတ်စက်လေးခုဟာ လည်ပတ်ပေးရတယ်။ လေးချက်ခုတ်အင်ဂျင်တစ်လုံးနဲ့တူတဲ့ ခန္ဓာကိုယ်ပဲလေ။ သွားချိန်တန်ရင်သွားပေးရတယ်။ ရပ်ချိန်သင့်တဲ့အခါ ရပ်ရပြန်ပါလေရော။ ထိုင်ပေးသင့်ပြီဆို ထိုင်ပေးလိုက်။ အိပ်ချိန်ရောက်ရင် အိပ်ပေ့ါ။ စက်လေးပါ။ အဲသလို လည်ပတ်နေတာကောင်းတယ်။ လေးခုလုံး မလည်ပတ်ဘဲ တစ်ခု၊ နှစ်ခုလောက်ပဲလည်ပတ်ရင်တော့ ဒုက္ခများပြီ။

ဥပမာ ကွန်ပျူတာစာစီတဲ့သူတွေပဲ ဆိုကြပါစို့။ တစ်နေကုန် အထိုင်က္လရိယာပုတ် စက်လည်ကြတယ်။ သွား၊ ရပ်၊ လျောင်းဆိုတဲ့ စက်(၃)ခုကိုကျတော့ ရပ်ထားတယ်။ တစ်ရက်နှစ်ရက်လောက်ဆိုရင် သိပ်မဆိုးဘူး။ ရက်ပေါင်းများစွာ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာဆိုရင်တော့ ဆိုးလာပြီ။ ခါးအောက်ပိုင်းတွေ ချိနဲ့လာတယ်။ ပေါင်ရင်းတွေ ဒူးဆစ်တွေ ခြေသလုံးတွေက အောင့်အောင့်လာတယ်။ ကြွက်တက်တဲ့ဝေဒနာလည်း ခံစားရတတ်တယ်။ အဆိုးဆုံးကတော့ လိပ်ခေါင်းပဲ။

ငါ့အသိဒကာမလေး တစ်ယောက်ဆို ဂျာနယ်တိုက်တစ်တိုက်မှာ

နှစ်ရှည်လများ ကွန်ပျူတာစာစီတဲ့အလုပ်လုပ်တယ်။ အလုပ်တွေက နေ့စဉ်ပုံနေတာပဲ။ အလုပ်ပါးတဲ့နေ့ဆိုတာ မရှိဘူး။ လစာကောင်းကောင်းရတဲ့ ဂျာနယ်တိုက်ဖြစ်လေတော့ လုပ်နိုင်လေအကျိုးရှိလေ။ ဘောက်ဆူးတွေရလေဆိုပြီး အထိုင်ကြတဲ့ ကွန်ပျူတာစာစီအလုပ် ပြင်းပြင်းထန်ထန်ကြိုးစားပြီး လုပ်တယ်။ တခြားသော လုပ်ဖော်ကိုင်ဖက် ကောင်မလေးတွေက ဟိုနား ဒီနား သွားဖို့ ခေါ်ရင်တောင် ထ,မလိုက်ဘူးတဲ့။ အဲဒီလောက် အစွန်းရောက်တာကျတော့ ဘယ်ကောင်းမလဲ။ အဲဒီ ဒကာမလေး လိပ်ခေါင်း ရောဂါဖြစ်ရော။ သက်ရင်းကြီးမြစ်သွေးလိမ်းရင် ပျောက်တယ်ဆိုလို့ သက်ရင်းကြီးမြစ်ရှာသွေးလိမ်း။ မပျောက်။ လူကြား သူကြားထဲအဲဒီနေရာက ယားလာ။ ကုတ်လို့ မတော်။ ငိုရမလိုလို၊ ရယ်ရမလိုလို။ ထဘီခါးတောင်း ကျိုက်ပြီး ထ,ကလိုက်ရတော့မလိုလို။ ယားတော့မပေါ့။ ရန်ကုန်သူစစ်စစ် သက်ရင်းကြီးမြစ်ဆိုတာ ဘာမှန်းမှမသိဘဲ။ ဆူးလေလမ်းဘေးဆိုင်လေးတွေမှာ မှော်ဘီတိုက်ကြီးဘက်က လာရောင်းတဲ့ ပိစပ်ရွက်အပါဝင် တောထွက် ဆေးမြစ်ဆေးဥတွေရှိပါရော။ အဲဒီမှာ သက်ရင်းကြီးမြစ်ပေးပါရှင့်. . . ဆိုပြီး ဝယ်လိမ်းတာ။ ဆေးမြစ်ပေးတဲ့ ကောင်က သက်ရင်းကြီးမြစ်နဲ့တခြား ယားတဲ့အမြစ်တစ်ခု မှားပေးလိုက်သတဲ့။ စဉ်းစားကြည့်ပေါ့။ လိမ်းမယ့်နေရာက လိပ်ခေါင်း။ ယားလိုက်တဲ့ ဖြစ်ချင်း ရမ်းခါပြီးကို နေရတော့တာပါပဲ။

ဒါကြောင့်. . . ဟ္ဂရိယာပုတ် စက်လေးပါး ညီညွတ်မျှတစွာ လည်ပတ်စေရမယ်ပေါ့။ နောက်. . . ဒီခန္ဓာကိုယ်မှာ အပေါက်ကိုးပေါက်ရှိတယ်။ မျက်စိပေါက်၊ နားပေါက်၊ နှာခေါင်း၊ ပါးစပ်ပေါက် စသဖြင့်ပေါ့။ ဒီအပေါက်အသီးသီးက ချစ်ခင်နှစ်သက်စရာတွေ ယိုထွက်လာတာမဟုတ်ဘူး။ ရွံ့စရာ မစင်အညစ်အကြေးတွေနဲ့ ပြည့်နေတာ။ ထွက်ရင် မစင်အညစ်အကြေးတွေပဲ ထွက်တယ်။ သိပ်လှတဲ့ မျက်လုံးလေ။ အံမယ်. . . သမင်မျက်ဝန်းနဲ့တောင်တူပြန်သတဲ့။ ငါရေတဲ့ ကဗျာတစ်ပုဒ်ထဲမှာ နင်ဖတ်လိုက်ဖူးမှာပေါ့. .

"ငါ့ ရင်ခုန်ခြင်းခံတပ်ကို

သမင်မျက်ဝန်းလေးဆီ အပ်လိုက်ရ"

ဆိုတဲ့ကဗျာလေ။ ကဗျာနာမည်က "အလွမ်းပြေသီဆိုရတဲ့သီချင်း" ပြန်ဖတ်ကြည့်ပေါ့။ အဲဒီလို လှတဲ့မျက်ဝန်းလေးက ဘာတွေထွက်လဲ မျက်ချေးထွက်တယ် မဟုတ်လား။ မျက်လုံးလှလှ၊ မျက်တောင်ကော့ကော့၊ မျက်ခုံး

ထူထူကြီးတွေကိုမြင်ရတော့ ဘာဖြစ်လဲ။ စိတ်ထဲမှာ လှုပ်ခတ်တယ်။ လောဘနဲ့ လှုပ်ခတ်တာ။ တပ်မက်စိတ်နဲ့လှုပ်ခတ်တာ။ သိမ်းပိုက်ရယူလိုခြင်းနဲ့ လှုပ်ခတ်တာ။ အဲဒီမျက်လုံးက မျက်ချေးတွေ ထွက်တာမြင်တော့ရော. . . လှုပ်ခတ်တာပါပဲ။ အလိုမကျတဲ့ ဒေါသတနဲ့လှုပ်ခတ်တာပဲပေါ့။ နားရွက်ကလေးလှ။ နားဖာချေးတွေ ထွက်တာပဲ။ နှာခေါင်းလေး ချွန်တွန်တွန်။ ဆွဲလိမ်ချင်စရာလေး။ ရန်ကုန်မြို့လယ်ခေါင် ထရိတ်ဒါးဟိုတယ်နားကဖြတ်သွားတိုင်း ကမ္ဘာလှည့်ခရီးသည် နှာခေါင်းချွန်မလေးတွေ တွေ့ရတယ်။ အသားအရေက ပွစိစိပါ။ ဝက်ဆီဖတ်တွေမိုးမိထားသလား အောက်မေ့ရတာပဲ။ အဝေးကကြည့်ရင်တော့ တယ်မဆိုးလှပါဘူး။ ရှုချင်စဖွယ်လေးတွေပါပဲ။ အနီးနားကပ်ကြည့်လိုက်တော့မှ ချွေးပေါက်ကြီးတွေက အကျယ်ကြီးဖြစ်နေတော့တာကိုး။ ငါတို့မြန်မာအမျိုးသမီးတွေလောက် အသားအရေမကောင်းကြရှာဘူး။ သနားစရာပဲ။ သူတို့နှာခေါင်းချွန်ချွန်လေးတွေဟာ နှပ်ချေးတွေထွက်မလာခင်မှာတော့ သာယာချင်စရာ၊ နှစ်သက်စရာ၊ သိမ်းပိုက်ချင်စရာပါပဲ။ နှပ်ချေးတွေ ထွက်လာတွေ့ပြီဆိုရင်တော့ မနှစ်သက်နိုင်တော့ပါဘူး။ ကျန်တဲ့အပေါက်တွေလည်း ဒီအတိုင်းပဲနားလည်သဘောပေါက်ရမယ် အစ်မ။

ဒီခန္ဓာကိုယ်ရဲ့ နောက်ထပ်သဘောတစ်ခုက လောဘနဲ့ယှဉ်တွဲနေခြင်းတဲ့။ လောဘဆိုတာ လိုချင်တာပဲ။ ဒီခန္ဓာကိုယ် မြင်ရသမျှ၊ ကြားရသမျှ၊ အနံ့ခံလို့ရသမျှ၊ စားလို့ရသမျှ၊ တွေ့ထိလို့ရသမျှ လိုချင်နေတာလေ။ ကောင်းတယ်လို့ထင်ရင် လိုချင်နေတာပဲ။ တကယ်ကောင်းတာလား။ ဘယ်လိုကောင်းတာလဲ။ ဘယ်လောက်အထိ ကောင်းမှာလဲ။ အမြဲကောင်းနေမှာလား။ ချမ်းသာမှာလား ဆင်းရဲမှာလား။ အစိုးရမှာလား။ ဖြစ်ပြီးတဲ့နောက်ပျက်သွားမှာလား။ ဒါတွေမသိဘူး။ တွေးလည်းမတွေးဘူး။ သိလည်း မသိချင်ဘူး။ သိတာက တစ်ခုပဲ။ လိုချင်တယ်။

ဒါကြောင့်. . . ဒီခန္ဓာကိုယ်ဟာ မေတ္တာရှင် ဆရာတော်လို သဘောမနောကောင်းတာပါပဲ။ မှော်ဘီရိပ်သာ ဆွမ်းစားကျောင်းပေါ် မှာရှိသမျှ တရားခွေတွေကြိုက်တာယူ။ စာအုပ်တစ်စုံစာယူ။ အစ်မတော်ကြီးက ပြုံးလို့။ ပေးတဲ့လူက ပြုံးပေးမှ ယူရတဲ့လူမှာ စိတ်ချမ်းသာတာပါ။ ပေးတဲ့လူက မဲ့ရွဲ့နေရင် ယူရတဲ့လူမှာ စိတ်ကသိကအောက် ဖြစ်ရတော့တာပဲ။ ပေးရတာချင်းအတူတူ ပြုံးပြီးပေးတာကောင်းတယ်။ မဲ့ရွဲ့ပြီးပေးတာ မကောင်းဘူး။ မဲ့ရွဲ့ပြီးပေးရင် ပေးတဲ့ကုသိုလ်ကြောင့်

ချမ်းသာမှုတော့ရပါရဲ့ စိတ်ချမ်းသာမှုတော့ ပြည့်ပြည့်ဝဝမရနိုင်ဘူးလို့ ဆိုတယ်။ တူသောအကျိုးပေးတယ်လို့ ကျမ်းဂန်က ပြောတယ်လေ။

မေတ္တာရှင်ဆရာတော်ရဲ့ တရားအခွေတွေရလာတော့ ငါ့ DVD စက်ကလေးနဲ့ တစ်နေ့လျှင် တရားနှစ်ပုဒ်နှုန်းနာယူဖြစ်တယ်ပေါ့။ ရွာမှာ ဆိုတော့ဟာ လျှပ်စစ်မီးဘယ်ရှိပါ့မလဲ။ ၁၂ဗို့ထ် ဘက်ထရီတစ်လုံးဝယ်ထား ရတာပေါ့။ အားကုန်တဲ့အခါ စုန်းချောင်းတောရွာက ဦးအောင်သိန်းမြင့် မိသားစုဘက်ထရီလုပ်ငန်းက အားသွင်းပေးပါတယ်။ ဘက်ထရီအားသွင်းခ ပိုက်ဆံမယူရှာပါဘူး။

"တပည့်တော်တို့က တစ်သိန်းမျိုး၊ နှစ်သိန်းမျိုး၊ ရော့ခနဲအင့်ခနဲ လှူနိုင် တာမဟုတ်ဘူး ဘုရား။ အခုလိုကိုယ့်လုပ်ငန်းနဲ့ဆက်ဆံရာ ဆက်ဆံကြောင်း ပတ်သက်ရာ ပတ်သက်ကြောင်း ဒါနလေးတွေပဲ အားစိုက်ပြုရတာ"

လို့ပြောကြတယ်။ ကောင်းတာပေါ့။ ကုသိုလ်ဆိုတာ ယူတတ်သူအတွက် နေရာမရွေးယူလို့ရနိုင်တယ်။ ငါ့မှာ DVD စက်ကလေးရှိလို့ ပျော်ရပြီ မှတ်နေတာ။ ဘယ်ကလာ ပျော်ရလိမ့်မတုန်း။ စိုးရိမ်သောက များလိုက်ရ တာမပြောပါနဲ့တော့။ စက်ကလေး ပူလာရင်လည်း စိုးရိမ်ရ။ အခွေထစ်နေ ပြန်ရင်လည်း စိုးရိမ်ရ။ ကိုရင်ကျောင်းသားတွေ ဝင်ပြီး လက်ဆော့သွားမှာ ကိုလည်း စိုးရိမ်ရနဲ့ အတော်ကိုဆင်းရဲပါတယ်။ အထူးသဖြင့်တော့ စက် ကလေးပျက်စီးဆုံးရှုံးလိုက်ရမှာကို စိုးရိမ်တာပါပဲ။

ဒါကြောင့်. . . လောဘနဲ့ယှဉ်တွဲနေတဲ့ ခန္ဓာကိုယ်ဟာ ဆင်းရဲတယ်။ ခန္ဓာက ဝေဒနာခံစားရတဲ့အရာတွေဟာ ချမ်းသာအတုတွေချည်းပဲ။ ခန္ဓာက လွတ်မြောက်တဲ့ နိဗ္ဗာန်တရားသည်သာ ချမ်းသာအစစ်ကောန်ဖြစ်ကြောင်း သဘောပေါက်စေချင်ပါတယ်။

ဆင်းရဲကင်းကွာ ချမ်းသာကြပါစေ

## မိုးတောင်ထိပ်က နတ်ဖောင်းသံများ
## အပိုင်း(၆)
## တစ်ခုလှူကာ လေးမျိုးရ

အစ်မရေ. . .

နင်လည်း ခေတ်ရဲ့သမီးပျိုပဲ။ ခေတ်အမြင်တော့ ရှိမှာပေါ့။ အရင်း အနှီးစိုက်ထုတ် လှူဒါန်းလိုက်တဲ့အရာတစ်ခုက ကောင်းကျိုးလေးမျိုးရတယ် ဆိုရင် စိတ်ဝင်စားမှာပဲ။ ဘာအလှူလည်း သိချင်မှာပေါ့။ ဆွမ်းအလှူတဲ့။ ဒါနဲ့ပတ်သက်ပြီး စတုက္ကင်္ဂုတ္တရပါဠိတော် ပုညာဘိသန္ဒဝဂ်မှာ သုတ္တန်(၃) ခုဟောထားတာရှိတယ်။

၁။ သုပ္ပဝါသာသုတ္တန်

၂။ သုဒတ္တသုတ္တန်

၃။ ဘောဇနသုတ္တန်

သုပ္ပဝါသာမင်းသမီးကို ဟောတဲ့တရား။ သုဒတ္တခေါ် အနာထပိဏ်ကို ဟောတဲ့တရားနဲ့ ရဟန်းတော်တွေကို ဟောတဲ့တရားများပါ။ တစ်ပုဒ်ချင်းစီ လေ့လာကြည့်ကြရအောင်။

## သုပ္ပဝါသာသုတ္တန်

တစ်ခါတုန်းက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ကောဠိကဇနပုဒ်၊ ကောဠိယမင်းမျိုးတို့ရဲ့ ပဇ္ဇနိကနိဂုံးမှာ သီတင်းသုံးတော်မူနေတယ်။ နံနက်ဆွမ်းခံချိန်ရောက်တဲ့အခါ မြတ်စွာဘုရားက သပိတ်သင်္ကန်းတို့ကိုယူဆောင်ပြီး ကောဠိသမင်းသမီး သုပ္ပဝါသာရဲ့အိမ်ကိုဆွမ်းခံကြွတော်မူတယ်။ ကောဠိယမင်းသမီး သုပ္ပဝါသာကလည်း ဝမ်းမြောက်ဝမ်းသာစွာနဲ့ မြတ်စွာဘုရားရှင်ကို ဆွမ်းကပ်ပါတယ်။ မွန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်တွေနဲ့ မြတ်စွာဘုရားက တော်ပြီ. . . တန်ပြီ. . . ပြည့်စုံပြီလို့ တားယူရလောက်အောင် ရိုရိုသေသေတာဝန်ကျေကျေ တမြတ်တနိုးကပ်လှူတာပါ။ ဆွမ်းကိစ္စပြီးတဲ့နောက် မြတ်စွာဘုရားက သုပ္ပဝါသာမင်းသမီးကို ဆွမ်းအနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပါတယ်။

သုပ္ပဝါသာ. . .

ဘောဇဉ်ကိုပေးလှူတဲ့ အရိယာတပည့်မဟာ

အလှူခံပုဂ္ဂိုလ်များကို လေးခုလေးမျိုးပေးတယ်လို့ ခေါ်တယ်။

လေးခုလေးမျိုးဘာတွေလဲ. . .

၁။ အသက်ကိုပေးလှူခြင်း မည်တယ်။

၂။ အဆင်းကိုပေးလှူခြင်း မည်တယ်။

၃။ ချမ်းသာမှုကိုပေးလှူခြင်း မည်တယ်။

၄။ ခွန်အားကိုပေးလှူခြင်း မည်တယ်။

အသက်ကိုပေးလှူတာဖြစ်တဲ့အတွက် နတ်သက်သော်လည်းကောင်း၊ လူ့သက်သော်လည်းကောင်း ရှည်တယ်။ အဆင်းကိုပေးလှူတာဖြစ်တဲ့အတွက်

နတ်အဆင်းသော်လည်းကောင်း၊ လူအဆင်းသော်လည်းကောင်း လှရတယ်။ ချမ်းသာကိုပေးလှူတာဖြစ်တဲ့အတွက် နတ်ချမ်းသာသော်လည်းကောင်း၊ လူချမ်းသာသော်လည်း ရရှိတယ်။ ခွန်အားကိုပေးလှူတာဖြစ်တဲ့အတွက် နတ်ခွန်အားသော်လည်းကောင်း၊ လူခွန်အားသော်လည်းကောင်း ကြီးမားတယ်။

ပုပ္ပဝါသာ. . .

အရိယာတပည့်မဟာ ရဟန္တာပုဂ္ဂိုလ်တို့အား စင်ကြယ်သော၊ မွန်မြတ်သော အရသာနဲ့ပြည့်စုံသော ကောင်းစွာစီရင်အပ်သော ဆွမ်းဘောဇဉ်ကို ပေးလှူတယ်။ အဲဒီအရိယာတပည့်မရဲ့ အလှူကို ကောင်းမှုအချင်းချင်း ဆက်စပ်လျက် ကြီးမြတ်သော အကျိုးရှိတယ်လို့ လောကသုံးပါးကိုသိမြင်တော်မူကြတဲ့ မြတ်စွာဘုရားရှင်တိုင်းက ချီးမွမ်းတော်မူကြတယ်။

လောကမှာ လူတွေဟာ သုပ္ပဝါသာကဲ့သို့ သဘောရှိပြီး ကောင်းမှုကို အဖန်တလဲလဲအောက်မေ့၊ ကောင်းမှုကို နှစ်သက်ခြင်းဖြစ်၊ နှမျောဝန်တိုခြင်း အညစ်အကြေးကို အမြစ်လှန်ပယ်ရှားနိုင်ကြမယ်ဆိုရင် သူတော်ကောင်းတွေကဲ့ရဲ့တာမခံရဘဲ နတ်ပြည်ဌာနကို ရောက်ရလေကုန်သတည်း။

## သုဒတ္တသုတ္တန်

သုဒတ္တဆိုတာ ဇေတဝန်ကျောင်းဒကာ အနာထပိဏ်ရဲ့ငယ်နာမည်ပါ။ သူလှူထားတဲ့ ဇေတဝန်ကျောင်းတော်ကြီးဆီ တစ်နေ့(၃)ကြိမ်ရောက်တယ်လို့ အဓမ္မပဒဋ္ဌကထာမှာ ဖွင့်ပြပါတယ်။ မနက်ပိုင်းလာတဲ့အခါယာဂု ဆန်ပြုတ်တွေယူလာတယ်။ ဆွမ်းစားချိန်ဆိုရင် ဆွမ်းပေါ့။ နေ့လည်ပိုင်းကျတော့ ရဟန်းသံဃာတော်တွေနဲ့ အပ်စပ်တဲ့အဖျော်ရည်စသဖြင့်။ ညနေပိုင်းကျတော့ ပန်းနံ့သာ။ လှူစရာမပါဘဲ ကျောင်းကိုလာတဲ့အခါရယ်လို့ မရှိဘူး။ အနာထပိဏ်သူဌေးကြီးကျောင်းကို လာတိုင်းပဲ လက်ထဲမှာလှူစရာတစ်ခုမဟုတ် တစ်ခုကတော့ ပါလာတာချည်းပဲတဲ့။ ဒီခေတ်ကျောင်းဒကာတချို့နဲ့တော့ ကွာတာပ။

ကျောင်းရေစက်ချတဲ့နေ့တစ်နေ့ပဲ လာတယ်။ နောင်သေတဲ့အထိကိုယ်လှူထားတဲ့ ကျောင်းတစ်ခါမှ ရောက်မလာတော့တဲ့ ကျောင်းဒကာတွေအများကြီးရှိတယ်။ အနာထပိဏ်သူဌေးကြီးကို မြတ်စွာဘုရားဟောတော်မူတဲ့တရားက သုပ္ပဝါသာမင်းသမီးကိုဟောတဲ့ တရားနဲ့အတူတူပါပဲ။ မတူတဲ့အပိုင်းကလေးကိုတော့ ကောက်နှုတ်တင်ပြလိုက်ပါမယ်။

အကြင်သူသည်(ကိုယ်နှုတ်နှလုံးကို) စောင့်စည်းတတ်ကုန်သော၊ သူတစ်ပါးတို့ပေးသည်ကို စားရကုန်သော ပုဂ္ဂိုလ်တို့အား သင့်လျော်သောအခါကာလ၌ ရိုသေစွာဘောဇဉ်ကိုပေးလှူ၏။ ထိုသူသည် အသက်ကိုလည်းကောင်းအဆင်းကိုလည်းကောင်း၊ ချမ်းသာကိုလည်းကောင်း၊ ခွန်အားကိုလည်းကောင်းဤလေးမျိုးသောအရာတို့ကို ပေးလှူသည်မည်၏။ အသက်၊ အဆင်း၊ချမ်းသာ၊ ခွန်အားကို ပေးလှူတတ်သူသည် အကြင်အကြင်ဘုံဌာန၌ဖြစ်၏။

ထိုထိုဖြစ်လေရာရာ ဘုံဌာန၌ အသက်ရှည်ခြင်းသည်လည်းကောင်း၊ အခြံရံ များခြင်းသည်လည်းကောင်း ဖြစ်ရလေသတည်း။ ။

ဒါက သုဒတ္တသုတ္တန်ပေါ့။ နောက်. . . ဘောဇနသုတ္တန်။

## ဘောဇန သုတ္တန်

ဒီသုတ္တန်ကတော့ ရဟန်းတော်တွေကိုဟောတဲ့ သုတ္တန်ဖြစ်ပါတယ်။ ဆွမ်းဘောဇဉ်လှူဒါန်းတာဟာ အသက်၊ အဆင်း၊ ချမ်းသာ၊ ခွန်အားတို့ကို ပေးလှူရာရောက်တယ်။ ဆွမ်းဘောဇဉ်လှူတဲ့လူဟာ လူဖြစ်ရင်လည်း သက်ရှည်။ နတ်ဖြစ်ရင်လည်း နတ်သက်ရှည်သတဲ့။ လူဖြစ်တဲ့အခါ လူချောလူလှ။ နတ်ဖြစ်တဲ့အခါ နတ်ချောနတ်လှ။ လူဖြစ်တဲ့အခါ လူချမ်းသာ။ နတ်ဖြစ်တဲ့ အခါနတ်ချမ်းသာ။ လူဖြစ်တဲ့အခါ ခွန်အားကောင်းတဲ့လူ။ နတ်ဖြစ်တဲ့အခါ မှာလည်း ခွန်အားကောင်းတဲ့နတ်။ အခြွေရံများတဲ့လူ။ အခြွေရံများတဲ့နတ်။ ဒီအကျိုးတွေရမယ်လို့ ဟောကြားတော်မူပါတယ်။

## နိဂုံး

အစ်မ. . .

တစ်ခုလှူရုံနဲ့ အကျိုးလေးမျိုးရတယ်ဆိုတာဟာ ဆွမ်းခဲဖွယ်အလှူပါ။ ကြိုးစားပြီးလှူပါလို့ တိုက်တွန်းလိုက်ပါတယ်။ အသက်ရှည်သူ၊ အဆင်းလှသူ၊ ချမ်းသာသူ၊ ခွန်အားကောင်းသူ၊ အခြွေရံများသူဖြစ်ချင်တယ်ဆိုရင်ပေါ့လေ။

ဆင်းရဲကင်းကွာ ချမ်းသာကြပါစေ။

# မီးတောင်ထိပ်က နတ်ဓောင်းသံများ
# အပိုင်း(၇)
# ယမမင်းရဲ့အကြံအစည်

အစ်မ. . .

ဒီနေ့တော့ အင်္ဂုတ္တရနိကာယ်ထဲက စိတ်ဝင်စားစရာ သုတ္တန်တစ်ခုကို ပြောပြချင်တယ်။ ယမရာဇသုတ္တန်လို့ ခေါ်တယ်။ ယမမင်း. . . ငရဲဘုရင်ပေါ့။ ငရဲရှစ်ထပ်ကို အစိုးရတဲ့ မင်းပေါ့။ တစ်ခါတော့ ငရဲမင်းမှာ အကြံတစ်ခုဖြစ်ပေါ်လာသတဲ့။

"အချင်းတို့. . . လောကလူသားတွေဟာ ယုတ်ညံ့တဲ့ ကာယဒုစရိုက် ဝစီဒုစရိုက်၊ မနောဒုစရိုက်တွေကို ပြုလုပ်နေကြတယ်။ ငါသာ လူ့ဘဝကိုရမယ်ဆိုရင်. . . လောကမှာ အပူဇော်ထူးကို ခံယူတော်မူထိုက်တဲ့ မြတ်စွာဘုရားရှင်လည်း ပွင့်ထွန်းတော်မူမယ်ဆိုရင် ငါကလည်း အဲဒီမြတ်စွာဘုရားကို ဆည်းကပ်ရမယ်ဆိုရင်. . . မြတ်စွာဘုရားက ငါ့ကိုတရားဟောမယ်ဆိုရင် ငါကလည်း မြတ်စွာဘုရားရှင်ဟောတော်မူတဲ့ တရားကိုသိမြင်မယ်ဆိုရင် သိပ်ကောင်းမှာပဲ။

ငရဲမင်းဖြစ်တဲ့ အကြံပေါ့။ ဟုတ်သားပဲ လူတွေကိုကြည့်စမ်း။ လူ့ဘုံကို ကြည့်လိုက်စမ်းပါ အစ်မ။

နေ့စဉ်ပျော်ပါး၊ မော်ကြွားချိန်ကုန်
စားလားသောက်လား၊ တရားမထုံ
ကုသိုလ်ကိစ္စ၊ စိတ်က သုံ့မှုံ(သုန်မှုန်)
သတိပေါ့၊ ကြည့်တော့လူတို့ဘုံ. . .။ ။

လူတွေဟာ အိုရနာရသေရမှာကို သတိမရကြဘူး။ သတိတွေပေ့ါနေကြပြီ။ နေ့စဉ်ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ရမယ့်အစား အပျော်အပါးအမော်အကြွားတွေနဲ့ အချိန်ကုန်နေကြတယ်။ စားဖို့ရှာလိုက်၊ ဝတ်ဖို့ရှာ၊ နေဖို့ရှာ၊ စားဝတ်နေပျော်လို့။ ကုသိုလ်စိတ်တွေနဲ့ဘဝကို ထုံမွမ်းဖို့ မေ့နေကြပြီ။ အရပ်ထဲ ရွာထဲကနေ စုပေါင်းလုပ်ဆောင်ကြဖို့ ကုသိုလ်အရေးနှိုးဆော်လာတော့ စိတ်ကမကြည်လင်ဘူး။ သုန်မှုန်နေတာပဲ၊ ထုံထိုင်းနေတာပဲ။ ဒါဟာ လူတွေဖြစ်ပျက်နေကြပုံပေါ့ အစ်မရယ်။ အကြမ်းဖျင်း မှတ်ချက်ဆွဲကြည့်ရတာပေါ့။

မီးဘေး၊ ရေဘေး၊ ပြည်ပျက်ဘေးထား၊ ဆယ်ရေးတစ်ရေး ကယ်နိုင်သေး၏။ အိုဘေး၊ နာဘေး၊ သေဘေးဟု ဤဘေးသုံးပါး လွန်ကြီးမားကာသားနှင့်အမိဖြစ်တဲ့ဘိလည်း မျက်စိအောက်တွင် ရင်ခွင်တင်လျက်၊ သက်သက်ရှုပိုင်၊ မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ၊ နေရစ္စာရှင့် . . .။

မီးဘေး၊ ရေဘေး၊ တိုက်ပြည်ပျက်တဲ့ဘေးတွေကမှ ဆယ်ခါပျက်ရင် တစ်ခါလောက်ကယ်နိုင်လိမ့်ဦးမယ်။ အိုဘေး၊ နာဘေး၊ သေဘေးကတော့ လုံးဝကို ကယ်လို့မရပေဘူး။ အမေအိုနေတာကို သားကကယ်လို့မရပေဘူးပေါ့။ ရှေးဆောင်းပါးတစ်ပုဒ်မှာ ပြောခဲ့ပြီးပြီနော်။ တချို့တချို့ ကိုယ်တစ်ယောက်ထဲအတွက်တော့ ဘာအရေးလဲ ရှာဖွေနေစရာမလိုပါဘူး။ ရတာလေးနဲ့ဝ၊ အောင်စား။ ရှိတာလေးနဲ့လှအောင် ဝတ်လို့ရသားပဲ။ အခုဟာက သားစာမယားစာ ရှာရတာ။ ယဉ်ကျေးအောင်ပြောရရင် မိသားစုစားဝတ်နေရေးလို့ပြောရမယ်ထင်ပါရဲ့။ မန်လည်ဆရာတော်ဘုရားကတော့ . . .

လောကီစီးပွား

တစ်လမ်းသွားသာ

မယားစားဖို့

သားစားဖို့ဟု

ကိုယ်ဖို့နောင်ရေး

မတွေးမဆ

မိုက်အန္ဓဖြင့်

လောဘအလို

လိုက်မပိုနှင့်
ဤကိုယ်ပျက်ပြား
ဘဝလားသော်
မယားမပါ
သားမပါဘူး
ကိုယ့်တာကိုယ်ခံ စာရေးထံသို့ . . .။

လို့ မဃဒေဝမှာဖွဲ့ဆိုတော်မူထားတယ်။ ဆရာတော်ဘုရားကြီးတို့ ခေတ်အခါက များသောအားဖြင့် ယောက်ျားသားတွေပဲ အိမ်ထောင်တာဝန်ကို ထမ်းဆောင်ကြတာမို့ "မယားစားဖို့ . . . သားစားဖို့ဟု" ဆိုတဲ့ အပိုဒ်ကို ဖွဲ့ဆိုတော်မူပုံရပါတယ်။ ဒီနေ့ခေတ်အနေအထားနဲ့ဆိုရင်တော့ "လင်ကြီး စားဖို့ . . . သမီးစားဖို့ဟု" လို့ပြင်ရေးရမလို ဖြစ်နေမယ်။ မယ်တစ်ထမ်း မောင်တစ်ရွက်ခေတ်ကိုး။ များသောအားဖြင့် အိမ်ထောင်ရေး၊ စီးပွားရေးကို ဇနီးသည်က ဦးဆောင်။ လင်သားက အိမ်မှုကိစ္စတွေလုပ်။ အိမ်မှာသတင်း ဂျာနယ်မျိုးစုံ၊ အားကစားဂျာနယ်မျိုးစုံဖတ်၊ ကလေးထိန်း၊ အနှီးလျှော်၊ သီချင်း တကြော်ကြော်နဲ့ ဟန်ကိုကျလို့ပေါ့။ အစပိုင်းတော့ လင်ရောမယားပါဘွဲ့ရ။ ကွန်ပျူတာလေးလည်းတတ်။ ဘာသာစကားလေးငါးမျိုးလောက်လည်း တတ် လို့မို့ မောင်တစ်ထမ်းမယ်တစ်ရွက်လုပ်ငန်းခွင် ဝင်ကြတာပါပဲ။ နောက် တော့ သိတဲ့အတိုင်း မောင်တို့ယောက်ျားတွေရယ် မိန်းမတွေကို ဘာညာ သာရကာ. . . ဆိုပြီး "ရှင်အိမ်မှာနေ၊ အိမ်မှုကိစ္စလုပ်၊ ကျွန်မစီးပွားရှာမယ်" ဖြစ်သွားရော။

ငါ့ရဟန်းဒကာမကြီးတစ်ယောက်ဆို အိမ်ထောင့်တာဝန်သူပဲ ကုန်း ထမ်းနေရရှာတယ်။ သူ့ခင်ပွန်းက အိမ်မှုကိစ္စတွေလုပ် ဂျာနယ်ဖတ်၊ လက်ဖက်ရည်ဆိုင်ထိုင် လေပစ်။ ထားပါတော့။ ဆိုလိုတာက မယားစားဖို့၊ သားစားဖို့။ လင်သားစားဖို့ သမီးစားဖို့ . . . လောကီစီးပွားတွေချည်းပဲ အချိန်ပြည့်ရှာမနေနဲ့။ ကိုယ့်အတွက် ဘဝနောက်ရေးစိတ်အေးရအောင် ဒါန၊ သီလ၊ ဘာဝနာ အလုပ်ကလေးတွေလည်း စီးပွားရှာချိန်ထဲကနေ ဖဲ့ဖဲ့ပြီး လုပ်ဦးလို့ ဆိုလိုပါတယ်။ လောကီစီးပွားဆိုတာမျိုးက မသုံးတတ်ရင် တစ်လမ်းသွားပဲ။ အပါယ်စာ။ လောကီစီးပွားကို လောဘကြီးစွာ အားစိုက်

ရှာနေရင်း သေသွားရင် လောဘစိတ်နဲ့သေလို့မို့ ပြိတ္တာဖြစ်မယ်။ ပေးရမယ့် စာရင်းတွေ ယူရမယ့်စာရင်းတွေ တွက်ရင်းချက်ရင်း အဖြေမထွက်ခင် တွေတွေဝေဝေသေသွားရင် မောဟစိတ်နဲ့သေတာမို့လို့ တိရစ္ဆာန်ဖြစ်တတ်တယ်။ စီးပွားရေးအဆင်ပြေတဲ့နေ့ဆိုတာ ဘယ်တော့မှရှိမှာမဟုတ်ဘူး။ လောဘရှိနေသမျှ ရှာနေဖွေနေရဦးမှာပဲ။ စီးပွားရှာတာ ဘယ်တော့မှပြီးလဲမေး။ သေမှပဲပြီးတယ်။ စီးပွားအရှာရပ်တဲ့နေ့ဟာ သေတဲ့နေ့ပဲ။ ဒီတော့ မိုက်အန္ဓလုပ်မနေကြနဲ့။ မိုက်အန္ဓဆိုတဲ့စကားက မြန်မာစကားနဲ့ပါဠိစကား နှစ်ခုတို့ကို ပေါင်းစပ်ထားတာပါ။ အန္ဓ-ဆိုတာ ပါဠိစကား။ ကန်းတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့။ မိုက်ကန်းတယ်လို့ဆိုလိုတယ်။ လောကီစီးပွားတွေချည်း အားစိုက်ရှာနေတယ်။ မယားစားဖို့ သားစားဖို့။ လင်စားဖို့ သမီးစားဖို့။ နောက်မယားဝတ်ဖို့ သားဝတ်ဖို့၊ လင်ဝတ်ဖို့ သမီးဝတ်ဖို့။ မယားနေဖို့ သားနေဖို့၊ လင်နေဖို့ သမီးနေဖို့။ တိုက်တာကြီးတွေ မော်တော်ကား အကောင်းစားတွေ၊ အဝတ်အထည်အကောင်းစားတွေ စသဖြင့် ရှာဖွေပေးနေရတဲ့အချိန်မှာ ကိုယ့်အတွက် ကုသိုလ်ကောင်းမှုလုပ်ရမှာကို မမြင်ဘဲ ကန်းနေတတ်တယ်။ စီးပွားလည်းရှာပါ။ ကိုယ့်အတွက်ကုသိုလ်လည်း လုပ်ပါ။ ဒါမှ ကလျာဏ‌ လူကောင်း။ ဉာဏ်အမြင်ရှိတဲ့လူဖြစ်မှာ။

တကယ်တမ်း တွေးကြည့်ရင် ငါတို့ရထားတဲ့ လူ့သက်တမ်းဆိုတာ ဘာမှမပြောပလောက်ပါဘူး။ တကယ်တိုတိုလေးပါဟာ။ နင်တို့ ငါတို့နောက်မှ မွေးလာကြတဲ့ တူလေးတွေ၊ တူမလေးတွေကို ကြည့်စမ်း။ အရွယ်ရောက်လာ လိုက်ကြတာတွေ မြန်လွန်းတယ်လို့မထင်မိဘူးလား။ သူတို့လူလားမြောက် လွယ်လိုက်ကြတာဆိုပြီး ဝမ်းသာမနေနဲ့ဦး။ သူတို့လေးတွေ အသက်ကြီးလာ လေလေ ငါတို့တတွေဟာ သူတို့ထက်ပိုပြီး အိုမင်းလာလေလေလို့ သဘော ထား။ နင်တို့အပျိုကြီးတွေရဲ့ စိတ်သဘောကလည်း စောကြောရတာ အခက် သား ကလား။ လူကသာ အသက်(၃၀)ကျော်လာတယ်။ မျှော်တုန်း။ အရင်လို လှနေ၊ နုနေ၊ ဥနေတုန်းပဲလို့ ထင်တုန်း။ ကိုယ်နဲ့သက်တူရွယ်တူတွေ ဆံပင် တစ်ချောင်းတစ်လေ ဖြူတာတွေ့တော့ ဘာပြောလဲ။ “အံမယ်. . . ကောင်မ ညည်းဆံပင်တွေတောင် ဖြူလို့တော်. . . စောစောအိုတယ်ထင်တာပဲ”တဲ့။ မပြောဘူးလား။ ကိုယ့်ဆံပင် လေးငါးချောင်းဖြူတာကျတော့ မမြင်ဘူးလား။ အိုခြင်းတရားက မျက်စိနဲ့နားရွက်လိုပါပဲ။ နီးလျက်နဲ့ဝေး မမြင်နိုင်သေး။

ကိုယ့်ကိုယ်ကိုယ်တော့ အသက်(၂၀)အရွယ်ကနေ ရှေ့ဆက်မတက်လာဘူး ထင်မိတာပဲ။ မအိုဘူး၊ မနာဘူး၊ မသေဘူး. . . လို့ ဘယ်လောက်ပဲထင်ထင် ဒီခန္ဓာက အိုတယ်၊ နာတယ်၊ သေတယ်။ ဒီခန္ဓာကိုယ်ပျက်ပြားပြီးနောက်ဘဝ ရောက်သွားတဲ့အခါ ကိုယ်နှိုက်တဲ့ မဲလိပ်ထဲက ပစ္စည်းကိုယ်ရသလိုကိုယ်ပြု ထားတဲ့ ကုသိုလ်အကုသိုလ်ကံတွေရဲ့ အကျိုးကို ကိုယ်တိုင်ခံစားရလိမ့်မယ်။

ဒီသဘောကို နှလုံးမသွင်းမိသူတွေ၊ သံဝေဂဉာဏ်မရှိသူတွေက လောဘ ဒေါသ မောဟ ထူပြောစွာနဲ့ အကုသိုလ်တွေပြုကြရော။ သေတော့ ငရဲရောက် ရော။ ငရဲရောက်တော့ ယမမင်းနဲ့တွေ့တော့တာပေါ့။ ဒီနေရာမှာ ငရဲခံရပုံ အသေးစား သာဓကနှစ်ခုကို ထုတ်ပြမယ်။ အကျယ်သိချင်ရင်တော့ ဆရာ တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ-ဘီအေ) ရေးတဲ့ ငရဲဟူသည်စာအုပ်မှာ ကြည့်ပေတော့။ ဒီသာဓက နှစ်ခုကိုတော့ ငါ့အာဘော်နဲ့မရေးဘူး။ မူရင်း စာရေးဆရာရဲ့ အာဘော်အတိုင်းပဲ ကောက်နှုတ်ဖော်ပြပေးလိုက်တယ်။

## ကြိမ်ပိုက်ချောင်း ငရဲ

ထိုငရဲတွင် ငရဲသားတို့က မီးလျှံတောက်နေသည့် သန်လျက်၊ လှံ၊ ခက်ရင်း၊ ဆောက်ပုတ်စသော လက်နက်တို့ဖြင့် ငရဲကောင်တို့ကို ထိုး ခုတ်ရိုက်နှက် နှိပ်စက်ညှင်းဆဲကြသည်။ ငရဲကောင်(ငရဲခံရသူ)တို့သည် ယင်း သို့ ညှဉ်းဆဲသည်ကို မခံနိုင်ကြသဖြင့် အလွန်ထက်သော သံဆူးကြီးတွေ ပေါက်နေသော မီးလျှံတောက်နေသည့် သံကြိမ်နွယ်တို့ဖြင့် ဖုံးအုပ်နေသော မြစ်ထဲသို့ ပြေးဆင်းကြကုန်သည်။ ထိုမြစ်ထဲ၌ ငရဲကောင်တို့သည် သင်ဝုန်း စားသွားသမျှ ထက်လှစွာသော မီးလျှံတောက်နေသော ကြိမ်ဆူးတို့ဖြင့် ထိုး မိကာ အပိုင်းပိုင်းပြတ်လျက် အစုန်အဆန်မျောပါနေကြကုန်၏။ ငရဲထိန်း တို့ကလည်း လမ်းပေါ်မှနေ၍ သန်လျက်စသည်တို့ဖြင့် ထိုးခုတ်ရိုက်နှက်ကာ နေကြလေသည်။

### သူတို့ပြုခဲ့သည့် အကုသိုလ်

ဤငရဲခံစားရသောသူတို့သည် လူဖြစ်စဉ်အခါက လက်ရုံးအားကိုး၊ ပစ္စည်းအားကိုး၊ အာဏာအားကိုးဖြင့် ခွန်အားမဲ့၊ ပစ္စည်းမဲ့၊ အာဏာမဲ့တို့ကို နိုင်ထက်ကလူ ညှင်းဆဲနှိပ်စက်သောသူတို့ ဖြစ်ကြသည်။

❀ ❀ ❀

## ခွေးစားငရဲ

ဤငရဲ၌ ဆင်ကောင်သမျှ ကြီးမားလှသော ငရဲခွေးကြီးတို့သည် ငရဲကောင်တို့ကိုလိုက်၍ ကိုက်သတ်လေသည်။ ကိုက်မိသောအခါ ငရဲကောင်တို့သည် မီးလျှံတောက်နေသော သံမြေပြင်၌ ပက်လက်လဲကြသည်။ ထိုအခါ ငရဲခွေးတို့သည် ရှေ့လက်နှစ်ဖက်ဖြင့် ရင်ဘတ်ကိုနင်းကာ အသားများကုန်အောင် ကိုက်စားကြသည်။ လင်းတငှက်တို့ကလည်း ကတ်ကြေးတမျှ ထက်လှစွာသော သံနှုတ်သီးတို့ဖြင့် ထိုးဆိတ်ကြသည်။ ကျီးကန်းကြီးများကလည်း သံနှုတ်သီးတို့ဖြင့် ထိုးဆိတ်ဖောက်စားကြလေသည်။

### သူတို့ပြုခဲ့သည့် အကုသိုလ်

ဤငရဲ၌ လူဖြစ်စဉ်အခါက မိမိကိုယ်တိုင်လည်း မလှူရက်၊ မတန်းရက် နှမြောဝန်တိုလျက် သူတစ်ပါးလှူဒါန်းသည်ကိုလည်း တားမြစ်ပိတ်ပင်ကြသူများ၊ ရဟန်းပုဂ္ဂိုလ်တို့ကို ရေရွတ်ရှုတ်ချထိပါး ပုတ်ခတ်ပြောဆိုကြသူများသည် ထိုခွေးစားငရဲ၌ ခံကြရလေသည်။

ယမမင်းဆိုတာ ငရဲဘုံကို တာဝန်ခံအုပ်ချုပ်နေရတာပဲ အစ်မရယ်။ ကာလကြာမြင့်စွာ ငရဲသားတွေကို စစ်ဆေးအပြစ်ပေးနေရတော့ ငြီးငွေ့ပြီး ဒီအကြံအစည်ကို ကြံမိတယ်ထင်ပါရဲ့။ သူ့အကြံကောင်းသားပဲ။ တို့က ငရဲမင်းထက်သာနေတာပဲဟာ အားထုတ်ဖို့လိုတာပါ. . . လို့ လေးစားစွာ တိုက်တွန်းလိုက်ပါရစေ။

ဆင်းရဲကင်းကွာ ချမ်းသာကြပါစေ။

# မီးတောင်ထိပ်က နတ်စောင်းသံများ

## အပိုင်း(၈)

## ပိဋကတ်တော်ထဲက ဝိတ်လျှော့နည်းကလေး

အစ်မ. . .

ငါ့စိတ်ကလည်း တော်တော်နားလည်ရခက်တယ်ဟ။ ငယ်ငယ်ကနေ ဒီနေ့အထိ ရင်ထဲစွဲနေတဲ့ ဝါသနာတစ်ခုကို ပြောချင်တယ်။ ငါက ခပ်ဝဝ ကောင်မလေးတွေဆို အင်မတန်သဘောကျတာကလား။ တဏှာစိတ်နဲ့တော့ မဟုတ်ပါဘူး။ လှလို့ဝလို့နော်. . . စသဖြင့် စ,ချင်နောက်ချင် ခင်မင်ချင်တာ တစ်ခုတည်းပါ။ အဲ. . . ယောကျ်ားလေးတွေ ဝ,ရင်တော့ တယ်သဘောမကျချင်ဘူး။ ငါတို့နဲ့ခင်တဲ့ဒကာကြီးတစ်ယောက်ဆို ဝ,လိုက်ပုံတော့ အန်ကြီး ကွင်းကျယ်ပုဆိုးနှစ်ထည်ဆက်ချုပ်ပြီး ဝတ်ရတယ်။ ဘယ်ဆိုက်ကားဆရာကမှ သူ့ကို တင်မနင်းချင်ကြဘူး။ ဆိုက်ကားရှေ့ခုံကတက်ထိုင်ရင် ဆိုက်ကားနောက်မြီးက အပေါ်ထောင်သွားတယ်။ ဆိုက်ကားနောက်ခုံကနေ ထိုင်ချလိုက်ရင်တော့ ဆိုက်ကား ရှေ့ပိုင်းက မိုးပေါ်ထောင်သွားတယ်။ ဒီတော့ ဆိုက်ကားသမားတွေ လန့်မယ်ဆိုလည်း လန့်ချင်စရာပေါ့ဟ။ သူဟာ မတရား ဝ,နေပေမယ့် သူ့ဇနီးကျတော့ သူလိုမဝဘူး။ ပိန်ပိန်သွယ်သွယ်ကလေးရယ်။ သမီးကျတော့ သူနဲ့တူပြီး ဝဝ တုတ်တုတ်ကလေး ဖြစ်နေပြန်ရော။ မော်လမြိုင်သူ 'ခင်ဖက်တီး' ကလေး ပေါ့။ သူ့အဖေထက်သူတစ်ခုသာတာက သူ့မှာ ပါးချိုင့်လေးနှစ်ဖက်ပါတာနဲ့ သွားတက်ကလေးတစ်ခုပါတာပဲ။ ခန္ဓာကိုယ်က ပုံပန်းမကျဝ,ပေမယ့် မျက်နှာ ကလေးကလှ ဆံပင်လေးကကောင်း၊ အသားအရေလေးက စိုပြေဆိုတော့ ဘာပဲပြောပြော ကြည့်ကောင်းတယ်။ အဲဒီ ခင်ဖက်တီးလေးက ငါနဲ့တစ်နေ့တည်း မွေးတာဟ။ အံ့သြစရာပဲ။ မွေးနေ့တူတွေပေါ့။ အသက်ကလည်း အတူတူပဲလေ။

ဆုံစည်းကြတာကတော့ ရန်ကုန်မြို့ ဆူးလေစေတီတော် ဗုဒ္ဓဟူး

နံထောင့်မှာပေါ့။ အဲဒီနေ့က ငါအသက်(၂၆)နှစ်ပြည့်တဲ့နေ့မို့လို့ ကုသိုလ်ကောင်းမှုသွားပြုတာပါ။ သူလည်း သူ့မွေးနေ့မှာ ဘုရားဖူးရင်း ကုသိုလ်လာပြုတာပေါ့။ ထောင့်တစ်ထောင့်တည်းမှာ နှစ်ယောက်တွေ့ကြရော။ ဆံပင်ရှည်ရှည်ကတစ်ယောက်၊ ခေါင်းတုံးပြောင်ပြောင်က တစ်ယောက်ဆိုပါတော့။ သူက ဝါဆိုဖယောင်းတိုင်ကြီး တစ်တိုင်ပါလာတယ်။ ဖယောင်းတိုင်ပေါ်မှာတော့ အင်းကွက်တွေရော၊ ဂြိုဟ်ကိုးလုံးတံဆိပ်တွေရော ရှုပ်ယှက်ခတ်နေအောင် ရိုက်ထားတာတွေ့ရဲ့။ ဗေဒင်ဆရာက ယတြာချေဖို့ပေးလိုက်တာလို့ပြောတယ်။ မွေးနံ့တူမွေးနေ့တူ အမျိုးသားတစ်ယောက်က မီးညှိပေးရမတဲ့။ ငါ့ကိုမွေးနေ့တွေ၊ မွေးနံတွေမေးပြီး အကူအညီတောင်းပါလေရော။ငါကူညီလိုက်ပါတယ်။ ဘုရားဖူးတဲ့ကိစ္စဝိစ္စတွေပြီးတော့ ငါ့ကို ကော်ဖီလိုက်တိုက်တယ်။

အင်တာနက်သုံးသလား မေးတာနဲ့ ငါ့ Gmail အကောင့်ပြောပြလိုက်တယ်။ အဲဒီနောက်ပိုင်း သူနဲ့ငါ အွန်လိုင်းပေါ်မှာ မကြာခဏဆုံဖြစ်ကြတော့တာပဲ။ ငါနေတဲ့ ကျောင်းနဲ့တစ်ရပ်ကွက်ကျော် ပန်းပွင့်နာမည်ပေးထားတဲ့လမ်းမှာ သူနေတယ်။ ခင်ဖက်တီးလေးက လှူဝ,သလို နာမည်ကလည်း ဝ,တယ်။

"ခင်ဝင့်ဝင့်ဝါပေရယ်လ်သဲမာစိမ်း"

နာမည် ဆယ်လုံးတောင်မှပဲ။

❀ ❀ ❀

အစ်မရေ. . .

ငါ့ရဲ့ဒကာမလေးယောက်ျားအကြောင်း ပြောပြချင်ပါတယ်။ သူဝ,တာကို ဝိတ်ချနေကြောင်းကနေ စကားစပ်မိပြီး ပါဠိစာပေမှာရော ဝိတ်လျှော့ချတဲ့နည်းရှိသလားဆိုတာကို သူမေးလာတယ်။ ရှိပါတယ်ပေါ့။ သုတ္တန္တပိဋကတ်၊ ဥဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်နဲ့ အဋ္ဌကထာ၊ နာဂဝဂ်ထဲက ပသေနဒီကောသလမင်း ဝတ္ထုအကြောင်းလေး ငါပြောပြလိုက်တယ်။

ကောသလတိုင်း သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလမင်းကြီးဟာ အစားတော်တော်ပုပ်သတဲ့။ ထမင်းတစ်ခါစားရင် ဆန်တစ်စိတ်(လေးပြည်) ချက်ကုန်အောင် စားတယ်။ နေ့တိုင်းဒီလိုစားတော့ သူမှမဝ,ရင် ဘယ်သူ

ဝ,မလဲ။ ဝ,လိုက်တာ အလွန်ပဲ။ သူအစားကြီးမှန်းတော့ သူသိတယ်။ အရမ်းဝ, လွန်းတာကိုလည်း စိတ်ပျက်မိတာပါပဲ။ ဒါပေမယ့် အစားလျှော့တဲ့ကိစ္စ ဘယ်လိုဖြေရှင်းရမှန်း သူမသိဘူး။ ဝ,နေတဲ့ ခန္ဓာကိုယ်ကို ဝိတ်ဘယ်လို လျှော့ရမလဲ သူမသိဘူး။ တစ်နေ့တော့ နံနက်စာစားပြီး နာရီဝတ်လောက် ထမင်းအဆီယစ်တာကို မဖျောက်ဘဲ မြတ်စွာဘုရားထံသူသွားတယ်။ အမှန်က ထမင်းဆီယစ်နေတုန်း ထမင်းဆိပ်တက်နေတုန်း မြတ်စွာဘုရားဆီ သူမသွား သင့်ဘူး။ နာရီဝက်လောက်တော့ သလွန်ညောင်စောင်းပေါ်မှာ တစ်ရေး တစ်မှေးအိပ်ပြီး ထမင်းဆိပ်သင့်တာကို ဖြေသင့်တယ်။ နို့မဟုတ်ရင် ထိနမိဒ္ဓ တွေနှိပ်စက်ပြီး ခေါင်းတွေ ဘာတွေကိုက်၊ ဇက်တွေလေး ဖြစ်တတ်တယ်။

ဒီခေတ်တရားအားထုတ်နေကြတဲ့ ယောဂီသူတော်စင်တွေလည်း ဒီအချက်ကို သတိပြုသင့်တာပဲ။ ထမင်းစားပြီးကာစ ထမင်းစားဝကြီး တရားမထိုင်သင့်ဘူး။ ထိနမိဒ္ဓဝင်လို့ တရားထိုင်ပျက်တတ်တယ်။ အိပ်ချင်ရက်နဲ့မအိပ်ဘဲ ပေနေရတဲ့ ဒုက္ခဟာတော်တော်ကြီးတာကိုး။ လှုံ့အိပ်ပစ်ချင်စိတ်တွေ တဖွားဖွားပေါ်နေတော့ တရားနာရတာလည်း စိတ်မပါ။ တရားထိုင်တဲ့ထဲလည်း စိတ်မရောက်ဖြစ်နေ တတ်တယ်။ ဒါကြောင့်. . . တချို့ချို့သောရိပ်သာကြီးတွေမှာ ထမင်းစား ပြီးပြီးချင်း တရားဆက်ထိုင်ခိုင်းလေ့မရှိဘူး။ နာရီဝက်(သို့) လေးဆယ့်ငါးမိနစ် လောက်တော့ ထမင်းဆိပ်ဖြေချိန်ပေးလိုက်တယ်။ ပြီးမှ ရေချိုးသံချောင်းခေါက်။ ယောဂီအားလုံး အိပ်ရာကထ, ရေမိုးချိုးလိုက်ပြီး တဲ့အခါ လန်းလန်းဆန်းဆန်း ဖြစ်လာတယ်။ ထိနမိဒ္ဓ သိပ်မဝင်တော့ဘူး။ ဒီလိုမှမဟုတ်ရင် ယောဂီမှာ အလွန်ပင်ပန်းမယ်။ အထူးသဖြင့် ပဲပုပ်(ပဲငပိ) ဟင်း၊ ဆူးပုပ်ပဲကြီးဟင်း၊ ဒညှင်းသီးတို့စရာ ဝက်သားနဲ့ပုန်းရည်ကြီးဟင်း၊ ဒန်ပေါက်၊ ထောပတ် ထမင်းများအစရှိတဲ့ အတက်စာတွေစားမိတဲ့နေ့ဆို ပိုပင်ပန်းပါတယ်။

အခုပဲကြည့်. . . ဆန်လေးပြည်ချက်ကုန်အောင် စားလာတဲ့ ကောသလ ဘုရင် မြတ်စွာဘုရား ရှေ့မှာပင်ပန်းနေပြီ။ အိပ်ငိုက်နေပြီလေ။ မြတ်စွာ ဘုရားက. . .

"ဘယ်လိုလဲ မင်းကြီး. . . ပင်ပန်းမှုကို မဖျောက်ဘဲ(ထမင်းဆီယစ်တာ ကိုမဖြေဖျောက်ဘဲ) လာခဲ့ထာလား"

လို့မေးတော်မူလိုက်တဲ့အခါ ကောသလမင်းကလည်း. . .

"တပည့်တော်မှာ ကြီးစွာသောဆင်းရဲဖြစ်နေတာတော့ အမှန်ပါပဲဘုရား"

လို့ပြန်လည်လျှောက်ထားပါတယ်။ ဒီအခါမှာ မြတ်စွာဘုရားက ကောသလမင်းအတွက် ဝိတ်လျှော့တရား အစားအသောက်ဆင်ခြင်ရေး တရားကို ဟောကြားတော်မူပါတယ်။ အဲဒီဒေသနာကတော့. . .

ပါဠိလို-

**မိဒ္ဓီ သဒါ ဟောတိ မဟဂ္ဃသောစ၊**

**နိဒ္ဒါယိတာ သမ္ပရိဝတ္တသာရီ။**

**မဟာတရာဟောဝ နိဝါပပုဋ္ဌော၊**

**ပုနပ္ပုနံ ဂဗ္ဘ'မုပေတိ မန္ဒော။**

(ဓမ္မပဒဂါထာ-၃၂၅)

လို့ရှိတယ်။ မြန်မာလိုတော့. . .

အိပ်ငိုက်အစားကြီးသည့် အိမ်၌ကျွေးမွေးထားသော ဝက်ကြီးပမာ တလူးလူး အိပ်လေ့ရှိသည့်ပညာနုံ့သူသည် အနိစ္စစသည်တို့ကို မဆင်ခြင်နိုင်သောကြောင့် တဖန်ဖန်အမိဝမ်း၌ ပဋိသန္ဓေနေရ၏။

လို့အဓိပ္ပါယ်ရတယ်။ တချို့ ပါရမီလည်းရင့် ဉာဏ်ပညာလည်းထက်တဲ့ သူတွေဆိုရင် ဂါထာတစ်ပုဒ်ဆုံးတာနဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ အသီးသီးဖြစ်တော်မူလို့ နိဗ္ဗာန်မျက်မှောက်ပြုကြရတယ်။ ကောသလ မင်းကတော့ ဉာဏ်အလွှန်ထိုင်းလို့မို့ ဝိတ်တွေဘာတွေ လျှော့သွားတယ်။ ဒီနေရာမှာ ပိဋကတ်တော်ထဲက အစားပုပ်သူ(၅)ယောက်အကြောင်းလေး ပြောချင်တယ်။

<u>"ပိဋကတ်တော်ထဲက အစားပုပ်သူ(၅)ယောက်"</u>

၁။ သူများကျွေးတာတွေ နင်းကန်စားပြီး မထ,နိုင်လို့လုပ်ကြပါဦး၊ ကူညီကြပါဦး၊ လက်ကလေးဆွဲပြီး ထူပေးကြပါဦး ပြောရတဲ့ လူတစ်ယောက်။

၂။ ပုဆိုး၊ ထမီတွေကျွတ်သွားအောင် ပြန်ဝတ်လို့မရနိုင်အောင်စားတဲ့ လူတစ်ယောက်။

၃။ သေလုအောင်စားပြီးတဲ့နောက် လူးလှိမ့်နေရတဲ့ လူတစ်ယောက်။

၄။ ဗိုက်ထဲမှာသာမက ပါးစပ်ဝ,အထိအစာတွေက ပြည့်နေလို့ ကျီးကန်းတွေ ခိုတွေ စာကလေးတွေတောင် လာနှိုက်စားခြင်းခံရတဲ့ လူတစ်ယောက်။

၅။ စားထားသမျှ အစာတွေ ပြန်အန်ထွက်အောင်စားတဲ့ လူတစ်ယောက်။

ဆိုပြီး ပိဋကတ်တော်ထဲက အစားကြီးသူ(၅)ယောက်ကို သိမှတ်အပ်တယ် အစ်မ။

ကောသလမင်းကြီး အစားလျှော့ပုံလေးက မှတ်သားဖို့ကောင်းတယ်။ ဥတ္တရအမည်ရှိတဲ့လုလင်က မြတ်စွာဘုရားဟောထားတဲ့ ဂါထာတစ်ပုဒ်ကို ပွဲတော်တည်တိုင်း ထမင်းစားတိုင်း ရွတ်ပြတယ်။ နောက်ဆုံးထမင်းလုတ်ရောက်တာနဲ့ စ,ရွတ်တာပဲ။ ဂါထာရွတ်တဲ့အတွက် ကောသလမင်းမှာ သတိထားဆင်ခြင်မိတာပေါ့။ ဒီလိုနဲ့ လေးပြည်ချက်စားတဲ့ အခြေအနေက ပြောင်းလဲသွားပြီး ဆန်နို့ဆီဗူး(၂)ဗူးချက်သာ စားတဲ့အခြေနေရောက်သွားတယ်။ ဒီခန္ဓာကျမှ ခန္ဓာကိုအလေးချိန်တွေလျှော့ပြီး ပေါ့ပါးချမ်းသာသွားတော့တာပဲတဲ့။ ဒီစာစုကို ပိဋကတ်တော်ထဲက ဝိတ်လျှော့ဂါထာလင်္ကာနဲ့ နိဂုံးချုပ်ပေးလိုက်တယ်။ ကမ္ဘာအေးဆရာတော် အရှင်ပညာဒီပရဲ့ အင်္ဂလိပ်ဘာသာပြန်ဆိုချက်ပါထည့်ပေးလိုက်တယ်။ ဒါလေးတွေကို အဖန်ဖန်အထပ်ထပ် နှလုံးသွင်းဖတ်ရှုခြင်းအားဖြင့် အောင်မြင်စွာဝိတ်လျှော့နိုင်ပါလိမ့်မယ်ပေါ့။

<u>လင်္ကာ</u>

ငိုက်လိုက်၊ အိပ်လိုက်၊ အစားမိုက်လှ၊ အကြိုက်ကျွေးထား၊
ဝက်ကြီးလားသို့၊ ထ-လူးစားလျက်၊ အအိပ်မက်ရှာ၊ လူနုံချာကား၊
အနိစ္စာဒိမရှုမိကြောင့်၊ အမိဝမ်းဝယ်၊ သန္ဓေတွယ်သည်၊
ဆုံးဖွယ်မရှိ- ဖန်ဖန်တည်။

(ဘဒ္ဒန္တဝိစာရိန္ဒမထေရ်)

<u>အင်္ဂလိပ်ဘာသာပြန်</u>

when one is torpid, gluttonous, drowsy and rolling over and over in sleep, such a dull man, like a great hog nourished on pig-wash, a gain and again comes to rebirth.

(ကမ္ဘာအေးဆရာတော် အရှင်ပညာဒီပ)

ဆင်းရဲကင်းကွာ ချမ်းသာကြပါစေ

# မိုးတောင်ထိပ်က နတ်စောင်းသံများ
# အပိုင်း(၉)
# သောကကင်းအောင် . . .

မသိလို့ လိုချင်ပါသည်။
လိုချင်ရတော့ ရအောင်လုပ်သည်။
ရတာက
အို
နာ
သေ ဖြစ်လို့နေပြန်သည်။

ခင်မွန်ဆရာတော် ဘဒ္ဒန္တဝိသုတ

ဆောင်း. . .

ရန်ကုန်ဆောင်းလို့ အေးပြီးရော အေးတဲ့ဆောင်းမဟုတ်ဘူး။ ဖင်တုန်အောင်အေးတဲ့ ဆောင်း။ ဆောင်းလေတစ်ချက် ထိလိုက်တိုင်း အပျိုကြီးတွေ အမလေးတော့် တော်ယူရတဲ့ ဆောင်း။ တမာပင်တွေ ထနောင်းပင်တွေကြားမှာ တဟားဟား အော်ရယ်နေတဲ့ မြောက်ပြန်လေက သူ့ရဲ့လက်နက်ပုန်းတွေ ဖြစ်ကြတဲ့ နှင်းဆီလေးများနဲ့လူကို လှမ်းလှမ်းပစ်နေတယ်။ ဘေးလမ်းတဲ့ လျှောက်ကြည့်တော့ အအေးမိထားတဲ့ တာယာတွေကိုယ်စီနဲ့ ဖိမ်ခံကားလေးများ တပွီပွီတပွမ်ပွမ် ဟွန်းသံပေးမောင်းနှင်နေကြပါရဲ့။ ဆိုင်ကယ်တွေလည်း ပေါ်တယ်။

"ကိုင်း. . . တိုက်ပဟ"
"အုန်း"
"ဂျိမ်း"
"အား"

ကားလမ်းနံဘေး တမာပင်ကြီး။ စတင်စိုက်ပျိုးစဉ်အခါတုန်းက နှစ်ပင်ပူးစိုက်ခဲ့ဟန် တူပါတယ်။ တစ်ပင်နဲ့တစ်ပင်ယှက်လို့မို့ အလယ်ခေါင်မှာ 'ခွ'ကြီးဖြစ်နေတာ။ ဆိုင်ကယ်က အဲဒီ'ခွ'ထဲ ခေါင်းထိုးဝင်သွားပြီး ရှေ့ဘီးကြီးတဝှိုးဝှိုးလည်နေတာတွေ့ရတယ်။ ဆိုင်ကယ်မောင်းလာတဲ့ ကောင်လေးကတော့ ဆိုင်ကယ်နဲ့သေအတူ ရှင်မကွာရယ်လို့ သစ္စာဆိုထားပုံပါပဲ။ တမာပင်ခွကြားမှာ ဆိုင်ကယ်နဲ့အတူတူ ညပ်လျက်သား။ လျှာတစ်လစ်ထွက်ပြီး ဇိဝိန်ချုပ်လို့။ ဆိုင်ကယ်နောက်ကနေပဲပေးပြီး လိုက်လာတဲ့ ကောင်မလေးကတော့ ကျွမ်းဆယ်ပတ်လောက် ပစ်တဲ့ပြီ။ ဆေးရုံကားပေါ် ရောက်သွားလေရဲ့။ နဖူးကွဲ။ ဒူးကွဲ။ ပေါင်နှစ်ချောင်းလုံး သွေးတွေလည်းရဲလို့။ ဒီကလေးမ ဝတ်တာစားတာ တယ်ကလက်တာကိုးလို့တော့ တွေးမနေချင်တော့ပါဘူး။ ခေတ်အလိုက်ခေတ်အကြိုက်ဝတ်ကြ စားကြတာပေပဲ. . . လို့ဖြေပါတယ်။

ဆေးရုံကားပေါ် ကနေ ထမ်းစင်မ,ပြီး ဆင်းလာတဲ့လူနှစ်ယောက်ကတော့

"ဒီကလေးမနှယ်. . . ကျွမ်းပစ်တဲ့လက်စနဲ့များ ဆေးရုံရောက်တဲ့အထိ ဂျွမ်းပစ်သွားလိုက်တာ မဟုတ်ဘူး"

လို့ တဗျစ်တောက်တောက်ပြောဆို သွားကြတယ်။ ဆိုင်ကယ်တိုက်မှုဆိုတာကို ဆေးခါးတစ်ခွက်သောက်ရတာလို ခံတွင်းပျက်နေကြတဲ့။ ယာဉ်ထိန်းရဲတွေကတော့ စကားပြောစက်တွေနဲ့ အလုပ်ရှုပ်လို့ပေါ့။

"အရမ်းကာရော မမောင်းကြပါနဲ့။ သတိနဲ့မောင်းကြပါဆိုတာ နားမှမထောင်ကြဘဲ။ စိတ်ညစ်သဗျာ"

လို့ ငါ့မိတ်ဆွေ ယာဉ်ထိန်းရဲအရာရှိက ညည်းရှာတယ်။ ဒီကောင်က ငါနဲ့ကျောင်းနေဖက်ပေါ့ အမ. . ။

အမေ့အိမ်တိုက်က ဆရာမကြီးဒေါ်ဌေးဌေးကိုသိတယ်မဟုတ်လား။ ဝဝတုတ်တုတ် အသားညိုညိုနဲ့ဟုတ်တယ်။ ငါတို့ငယ်ငယ်က အဲဒီဆရာမကြီးဒေါ်ဌေးဌေးထံမှာ ပညာသင်ကြားခဲ့ကြရတယ်။ ဆရာမကြီးက အသင်အပြကောင်းသလို အရိုက်လည်း ကြမ်းတယ်။ ငါတို့ယောကျ်ားလေးတွေကို ရိုက်စရာရှိရင်လည်း အတန်းရှေ့ထွက် ခုံပေါ်တက် ဘောင်းဘီချွတ်၊ ကြိမ်လုံးရေဆွတ်တွယ်တာပဲ။

မိန်းကလေးတွေလည်း ထိုနည်းမခြား အလားတူစွာ ပါပဲဟာ။ ဆရာမကကျောသားရင်သား မခွဲခြားပါဘူး။ ငါတို့အတန်းထဲက ကေဇာမိုးမြင့်၊

ကျိန်လွှီး၊ နော်တူးမာ၊ ဧကရီစံ၊ ရတနာထိုက်၊ ဘုတ်ဆုံ. . . တို့ တစ်သိုက်ရဲ့ အရိုက်ခံရပုံကို ရှုခင်းဆိုတစ်သက် မမေ့နိုင်စရာပါ။

အဲဒီနေ့ မနက်ခင်း. . . ဆရာမသိပ်နေမကောင်းလို့ ကျောင်းမလာနိုင်ကြောင်း သတင်းရတယ်။ သတင်းကို သယ်လာတာက ယာဉ်ထိန်းရဲ အရာရှိ ဖြစ်လာမယ့် အာကာတင့်ကျော်ပေါ့။ ဒီကောင်က ဆရာမတို့ အိမ်နားမှာနေတာကိုး။ တစ်တန်းလုံးယုံပြီး ပျော်ကြတယ်။ ငါတို့အတန်းကို ဆရာမကလွဲပြီး တခြားဘယ်ဆရာမှမနိုင်ဘူးဟ။ ကျောင်းအုပ်ဆရာကြီးက တောင် လက်မြှောက်ထားရတဲ့ အတန်း။ မင်းငိုအတန်း။ ဆရာငိုအတန်းတဲ့။ ဆရာမ မလာဘူးဆိုတာကြောင့် ငါတို့ဆရာငိုအတန်း တစ်တန်းလုံး မိုးပျံမတတ် ဆော့ကြတော့တာပဲ။ အရပ်ပုပု ခပ်ဝဝနဲ့ ခင်စန်းထွေးဆိုရင် ပြတင်းပေါက် လိုက်ကာကြီးဝတ်။ စာရေးခုံတွေ လေးငါးလုံးလောက်ဆက်။ အဲဒီပေါ်တက်ပြီး လေဘာတီမဖြရင် သီချင်းတွေဆိုဆိုက,တော့တာပဲ။

"မောင်မောင်ကိုကို ဘိုကေလာရင် ကလေးကြီးနဲ့တွေ့တော့ ပေါင်ဆွဲ လိမ်သလို နှစ်ယောက်ထဲကြိတ်ဆို. . . တွေးကြည့်ပါ ခင်အပျိုရယ်. . . ကလေးချီတာအရင်လိုတယ်တဲ့" ဆိုတာပဲ။ ကျွဲမကြည်အောင်ရဲ့ ကျွဲမသီချင်း လည်း ဆိုတတ်တယ်။ "ဘိုကေတစ်ထောင်မှာ တစ်ယောက်လောက်တော့ စွဲလောက်ပါရဲ့. . . ကျွဲမ. . . ကျွဲမ. . . အသားလေးညို. . . "ဆိုတဲ့သီချင်း ပေါ့ဟာ။ ခင်စန်းထွေးက အဆိုကောင်းအကကောင်းပါ။ သူတို့မိန်းကလေး တွေကလည်း သူတို့နည်းသူတို့ဟန်နဲ့ မိုးပျံ။ ငါတို့ယောကျ်ားလေးတွေ ကလည်း ငါတို့နည်း၊ ငါတို့ဟန်နဲ့မိုးပျံနေကြတုန်း ဆရာမဒေါ်ဌေးဌေးက ကြိမ်ဆွဲခြင်းလေးဆွဲပြီး အတန်းထဲဝင်လာပါလေရော။ ငါတို့ကျောင်းသူ ကျောင်းသားတွေ အကုန်လုံးပဲ မျက်ကလူးဆန်ပြာဖြစ်ကုန် ကြတော့တာပဲ။

ဆရာမက နေမကောင်းတာကိုတောင် ဂရုမစိုက်ဘဲ သူ့ တပည့်တွေ စာတတ်ပါစေဆိုတဲ့စေတနာနဲ့ ဆေးသောက်ပြီး လာခဲ့ရှာတာပါ။ ကျောင်းခန်းထဲ ရောက်တော့ မြင်လိုက်ရတဲ့မြင်ကွင်းက မကောင်းဘူးမဟုတ် လား။ အဲဒီနေ့ ငါတို့အတန်းတစ်တန်းလုံး ကျောင်းအစောကြီးဆင်းလိုက်ကြရတယ်။ မဆင်းလို့မှ မရတော့ဘဲ။ တင်ပါးတွေက ဆရာမရိုက်လို့ အရမ်းနာနေကြပြီကိုး။ ခင်စန်းထွေးက မင်းသမီးဆိုတော့ ပိုနာတယ်။ သူ့တင်ပါး လေးပွတ်ပွတ်ပြီး မျက်ရည်ဝေ့နေတဲ့ မျက်ဝန်းရွှဲရွှဲကြီးတွေနဲ့ ဆရာမကိုငေးနေပုံများ ဒီနေ့အထိ

ငါ့မျက်စိထဲက မထွက်ဘူး။ ဒီအသက် ဒီအရွယ်ရောက်တော့ ဆရာမရဲ့ တပည့်တွေလည်း သူ့နေရာနဲ့သူဟန်ကျနေကြပါပြီ။ တချို့ ဆရာဝန်၊ တချို့ ကျောင်းဆရာ၊ တချို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ထဲမှာ၊ တချို့လည်း တပ်မတော်ထဲမှာ အရာရှိတွေဖြစ်၊ တချို့လည်း ငါ့လိုဘုန်းကြီးတွေဖြစ်၊ သီလရှင်ဝတ်တဲ့ တပည့်မတော့ မရှိပါဘူး။ ငါတို့အသက်အရွယ်ရလာ ချိန်မှာ ငါတို့တတွေ မူလတန်း၊ အလယ်တန်း ပညာသင်ယူခဲ့ကြဖူးတဲ့ အောင်သစ္စာရပ်ကွက်ထဲက အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းဟာ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ဖြစ်သွားခဲ့ပါပြီ။ ငါတို့ကို ပညာသင်ပေးခဲ့ကြတဲ့ ဆရာ၊ ဆရာမတွေလည်း အငြိမ်းစားယူသွားခဲ့ကြပြီ။

အခုကာလမှာ ကျောင်းနေဖော်သူငယ်ချင်းတွေနဲ့လည်း သိပ်မတွေ့ဖြစ်တော့ပါဘူး။ ကိုယ်စီကိုယ်ငှ ကိုယ့်ဒေသမှာပျော်ကြစပ်ရာ ဘာညာသာရကာ အသီးသီးတွေနဲ့မဟုတ်လား။ အပျော်မရှာဘဲ တစ်ဦးတည်းရှိနေကြတာကတော့ ငါနဲ့စောစောက ယာဉ်ထိန်းရဲအရာရှိတို့ပါပဲ။ ငါကတော့ ရဟန်းမို့ထားပါတော့။ အဲဒီကောင်ကတော့ ဘာကြောင့်ရယ်မသိဘူး။

"ဦးဇင်းရေ. . . အမှုကိစ္စလေး ဆောင်ရွက်လိုက်ဦးမယ်၊ နောက်ကျမှ ထပ်တွေ့ကြတာပေါ့"

"အေးပါ. . ."

တမာပင်ခွကြားညှပ်သေသွားတဲ့ ကောင်လေးရဲ့မိဘတွေက ကောင်လေးရဲ့ အလောင်းကို ဖတ်ငိုနေကြတယ်။ လမ်းဘေးမှာ မရှုမလှသေရမယ့် ခန္ဓာမှန်း သူသိခဲ့မယ်ဆိုရင် ဒီခန္ဓာကိုယ်ကို သူလိုချင်ခဲ့မှာ မဟုတ်ပါဘူး။ မသိလို့သာ လိုချင်ခဲ့တာပေါ့။ လိုချင်တော့ ရအောင်လုပ်တယ်။ ရလာတာက ကောင်းတာတွေ တစ်ခုမှမပါ။ အိုတတ်၊ နာတတ်၊ သေသတ်တာတွေချည်းပဲ။ မုံရွာမြို့ကျောက္ကာလမ်းပေါ်မှာ ငါတို့သူငယ်ချင်းနှစ်ယောက် စကားရပ်ပြောနေကြတုန်း ဖြစ်ပျက်သွားခဲ့တဲ့အကြောင်းရာလေးတစ်ခုပါ အမရယ်။ သံဝေဂယူမယ်ဆို ယူချင်စရာပေါ့။ သေခြင်းတရားဆိုတာ-

- ရုပ်လှသူကိုလည်း ချမ်းသာမပေးတတ်ဘူး။
- ရုပ်ဆိုးသူကိုလည်း ချမ်းသာမပေးတတ်ဘူး။
- ပညာတတ်ကိုလည်း ချမ်းသာမပေးဘူး။
- ပညာမဲ့ကိုလည်း ချမ်းသာမပေးဘူး။

- ပိုက်ဆံချမ်းသာသူကိုလည်း ချမ်းသာမပေးဘူး။
- ဆင်းရဲသားကိုလည်း ချမ်းသာမပေးဘူး။
- အရွယ်ငယ်သူကိုလည်း ချမ်းသာမပေးဘူး။
- အရွယ်ကြီးသူကိုလည်း ချမ်းသာမပေးပါဘူး။

လေပြင်းမုန်တိုင်းကြီးဟာ သစ်ပင်ကြီးငယ်မရွေး တိုက်ခတ်ဖျက်ဆီးတတ်သလိုပါပဲ သေခြင်းတရားဟာလည်း ကြီးငယ်မရွေးသတ်ဖြတ်ဖျက်ဆီးတတ်ပါတယ်။ သေခါနီးပြီဆိုမှဖြင့် ကိုယ့်မှာတရားသတ္တိမရှိရင် စိုးရိမ်သောကရောက်ရတတ်တယ်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မရဏာနုဿတိအခန်းက ပောဒီဂါထာလေးကို ကြည့်ပေါ့။

သကလံ မေဒနိံ ဘုတွာ၊ အန္တေ မလက ဣဿရော။
မရဏာ ဘိ မုခေါ သောပိ၊ အသောကော သောကမာဂတော
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

<u>ဂါထာ၏အနက်</u>

| | |
|---|---|
| သောပိ အသောကော | = ထိုသိရီဓမ္မာသောက(မစိုးရိမ်ရသော) မင်းမြတ်သော်မှလည်း။ |
| သကလံ-မေဒနိံ | = ဇမ္ဗူသောင်ခွင် မြေတစ်ပြင်လုံးကို။ |
| ဘုတွာ | = မြေနှင့်မိုး အစိုးတရခံစားပြီးမှ။ |
| အန္တေ | = နောက်ဆုံး၌ |
| အမလက ဣဿရော | = သျှိသျှားသီးတစ်ခြမ်းမျှ အစိုးတရဆုပ်ကိုင်လျှက်။ |
| မရဏာဘိမုခေါ | = သေခြင်းသို့ရှေးရှုရသည်ရှိသော်။ |
| သောကံ | = စိုးရိမ်ခြင်းသို့၊ |
| အာဂတော | = ရောက်ရှာလေသတည်း။ |

ဂါထာရဲ့အဓိပ္ပာယ်ကတော့ဟာ ဇမ္ဗူဒီပါတစ်ခွင်လုံးကို အစိုးရတဲ့အသောကမင်းတရားခမျာ နောက်ဆုံးတော့ သေခါနီးအချိန် သျှိသျှားသီးလေးတစ်ခြမ်းကိုသာ အစိုးရတော့တဲ့အတွက် စိုးရိမ်သောကရောက်ရှာတယ်တဲ့။ သေခါနီးစိုးရိမ်သောကတွေမရောက်ရလေအောင် အခုကတည်းကတရားသတ္တိတွေများများ စုဆောင်းပါဟုလို့ပေါ့ အစ်မရယ်။ ။

ဆင်းရဲကင်းကွာ ချမ်းသာကြပါစေ

# မီးတောင်ထိပ်က နတ်စောင်းသံများ
## အပိုင်း(၁၀)
## ပြောတဲ့အတိုင်း လုပ်ဆောင်ပါ

၁။ သာဝတ္ထိပြည်မှာ ဘိက္ခုနီမတစ်ပါး ရှိခဲ့ဖူးပါတယ်။ သူက တခြား တစ်ပါးသော ဘိက္ခုနီမတွေ ဆွမ်းခံမရောက်တဲ့ရပ်ကွက်၊ လမ်းတွေကို ဆွမ်းခံကြွလေ့ရှိတယ်။

ထိုထိုရပ်ကွက်က ဒကာ၊ ဒကာမတွေလည်း ရှားရှားပါးပါးရောက်လာတဲ့ အလှူခံပုဂ္ဂိုလ်မို့လို့ ဖွယ်ဖွယ်ရာရာမွန်မွန်မြတ်မြတ် လောင်းလှူကြပါတယ်။ ကြည့်ရတာ ရဟန်းသံဃာအရောက်အပေါက်နည်းတဲ့ ရပ်ကွက်တစ်ခုဖြစ်ပုံ ရပါတယ်။ ရသတဏှာတပ်စွန်းလှတဲ့ အဲဒီဘိက္ခုနီမက သူဆွမ်းခံတဲ့လမ်း၊ ရပ်ကွက်ထဲကို တခြားတစ်ပါးသော ဘိက္ခု၊ ဘိက္ခုနီမတွေ ဆွမ်းခံကြွလာမှာကို မလိုလားဘူးတဲ့။ သူရနေတဲ့ ဆွမ်းကောင်း၊ ဟင်းကောင်း လာဘ်လာဘ ကလေးတွေကို တစ်ပါးသူတွေရရှိသွားမှာ စိုးရိမ်လာတယ်။ ဒါကြောင့်အတူနေ ဘိက္ခုနီမတွေကို. . .

"တပည့်တော် ဆွမ်းခံကြွတဲ့ရပ်ကွက်ထဲကို ယောင်လို့တောင် ဆွမ်းခံ မကြွကြလေနဲ့နော်"

"ဘာပြုလို့တုန်း ရှင်မရဲ့"

"အို. . . အဲဒီရပ်ကွက်ထဲမှာ မည်းမည်းမြင်ရာ နင်းသတ်ချင်တဲ့ ဆင်ဆိုးကြီးတစ်ကောင်ရှိတယ်။ နင်းသတ်ခံရလိမ့်မယ်၊ နောက်ပြီးတော့ လူမြင်ရင် ကန်ချင်တဲ့ မြင်းဆိုးတစ်ကောင်လည်း ရှိတယ်။ စေတနာနဲ့ပြောတာနော် နောက်ပြီး လူမြင်ရင် ဝှေ့ခတ်ချင်တဲ့ဆိတ်သိုးကြီးတစ်ကောင်လည်းပဲ ရှိသေးတယ်"

လို့ ပြောဆိုဆုံးမသတဲ့။ ဒီဘိက္ခုနီမရဲ့ ဆုံးမပုံဟာ မမှန်ပါဘူး။ ဆုံးမ

ရခြင်းရဲ့ အဓိကရည်ရွယ်ချက်က မှားနေတယ်။ ဆုံးမတယ်ဆိုတာမျိုးဟာ အဆုံးမခံရသူအတွက် အကျိုးကောင်း ဖြစ်စေရမယ်။ သူကောင်းဖို့ ရည်ရွယ်ပြီး ဆုံးမပါမှ ဆုံးမနည်းအမှန်ပါ။ ငါကောင်းဖို့လို့ ရည်ရွယ်ပြီးဆုံးမတာ ကျတော့ ဆုံးမနည်းအမှားကြီးလို့မှတ်ပေါ့။ လောကရဲ့သဘောက နည်းမှန် လမ်းမှန်လုပ်မှ ကောင်းကျိုးချမ်းသာခံစားရတဲ့ သဘောရှိပါတယ်။ နည်းမှား လမ်းမှားလုပ်ရင်တော့ ဆိုးကျိုးဆင်းရဲခံစားရမှာပဲ။ သူတစ်ပါးကို နည်းမှားစွာ ဆုံးမတဲ့ ဘိက္ခုနီမကို ဆိုးကျိုးဆင်းရဲပေတာကြည့်။ တစ်နေ့ ထုံးစံအတိုင်း သူဆွမ်းခံရပ်ကွက်ထဲ ဆွမ်းခံလို့နေတုန်း အင်မတန်ထွားကြိုင်းပြီး ဆိုးသွမ်းလှတဲ့ ဆိတ်သိုးကြီးတစ်ကောင်က ပေါင်ကြားကို ဝင်ဝှေ့ထည့်လိုက်တာ ပေါင်နှစ်ချောင်း ကျိုးသွားပါလေရော။ နာလိုက်မယ့်ဖြစ်ချင်း ဖျပ်ဖျပ်ကိုလူးနေမှာပဲ။ ဘယ်လောက် ဆင်းရဲလိုက်သလဲ တွေးကြည့်ပေါ့။ ဒီဖြစ်ရပ်ကို သိတော်မူမြင်တော်မူတဲ့ မြတ်စွာဘုရားက အတိတ်ဇာတ်ကြောင်းတစ်ခုကို ဟောပြတော်မူပါတယ်။

⊛ ⊛ ⊛

၂။ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံတော်မူစဉ်အခါတုန်းက ဘုရားလောင်းဟာ ငှက်မင်းဖြစ်နေခဲ့တယ်။ ငှက်အကောင်ရေထောင်ပေါင်း များစွာ ခြံရံပြီးတော့မှ ဟိမဝန္တာတောကြီးထဲမှာ နေထိုင်တယ်။ ဘုရားလောင်း ငှက်မင်းရဲ့တပည့်တွေထဲက ငှက်မတစ်ကောင်ဟာ လှည်းလမ်းကြောင်းကို သွားပြီး အစာရှာလေ့ရှိတယ်။ လှည်းတွေပေါ်က ကျကျန်နေခဲ့တဲ့ စပါးစေ့ ပဲစေ့ကလေးတွေကို စားရတာပေါ့။ သူ့စားကျက်သူများလာမှာ စိုးရိမ်တယ်။ ဒါကြောင့် တခြားငှက်တွေကို အခုလို အဆုံးအမပေးသတဲ့။

“လမ်းမတို့မည်သည် အန္တရာယ်များသည်။

ဆင်၊ မြင်း၊ လှည်းယာဉ်တို့ သွားလာနေကြသည်။

ထို့ကြောင့် လမ်းမသို့ မသွားသင့်”

ငှက်ဆိုတာ ကောင်းကင်မှာ သစ်ပင်ပေါ်မှာသာ အန္တရာယ်ကို ကျွမ်းကျွမ်းကျင်ကျင် ရှောင်ရှားတတ်တာပါ။ မြေပြင်ဆိုရင်တော့ အန္တရာယ်ကို မရှောင်နိုင်တာက များပါတယ်။ တချို့မြေပြင်မှာ ကျက်စားကြတဲ့ ငှက်တွေ ကတော့ ခြွင်းချက်ပေါ့။ ငှက်မက သူ့စားကျက်ထဲ တခြားငှက်တွေမလာကြ

ရလေအောင် စေတနာဆိုးနဲ့တားတာမို့သာရယ်။ နို့မဟုတ်ရင်တော့ ၄က်တွေအတွက် တော်တော်ကောင်းတဲ့ အဆုံးအမပါပဲ။ အဆုံးအမဆိုတာက ကိုယ်တိုင်လိုက်နာမှ ပြောလို့ဟောလို့ကောင်းတာပေါ့။

အရက်ဖြတ်နည်း စာအုပ်တွေရေးတဲ့ စာရေးဆရာကြီး ဘယ်ရောက်နေလဲ? ဟိုး. . . အရက်ဆိုင်ထဲမှာဆိုတာမျိုး။ တက်ကျမ်းရေးတဲ့ စာရေးဆရာကြီးရော. . . အပေါင်ဆိုင်သွားတယ်ဆိုတာမျိုးတို့ဟာ တယ်ဟန်မကျတဲ့ အဆုံးအမဩဝါဒပေးသူ ဟောပြောရေးသားသူတွေပေါ့။ ပြောတဲ့အတိုင်း ဟောတဲ့ရေးတဲ့အတိုင်း ကိုယ်က တကယ်ကျင့်မှ တရားနည်းလမ်းကျပါတယ်။ တချို့. . . ရေးတာ ဟောတာပြောတာနဲ့ ကျင့်သုံးနေထိုင်တာတွေက တခြားစီဖြစ်နေတတ်ကြပါတယ်။

လက်တွေ့သာဓကေ တစ်ခုပြောပြမယ်။ စာရေးသူရန်ကုန်ရောက်ကာစတုန်းက လေထန်ကုန်းမှာ ဗုဒ္ဓဝင်ရသရေးသူနှစ်ဦးနဲ့ ခင်ခဲ့တယ်။ တစ်ဦးက အသားမဲမဲဝဝ။ နောက်တစ်ဦးကတော့ အသားလတ်လတ် နှုတ်ခမ်းမွှေးဖားလျားနဲ့ပဲ။ ဗုဒ္ဓဝင်ဆိုတာကို စာရေးသူတို့သဘောပေါက်ထားတာက ဗုဒ္ဓဝံသ မြတ်ဗုဒ္ဓအဆက်ဆက်တို့အကြောင်းလို့ သဘောပေါက်ထားကြတာလေ။ သံဂါယနာတင်ကျမ်း တစ်ကျမ်းဖြစ်တဲ့အတွက် ထေရဝါဒမူအရ ပြုပြင်ပြောင်းလဲခြင်း၊ အစားထိုးခြင်း၊ နှုတ်ပယ်ခြင်းတွေ မလုပ်ရဘူးလို့ နားလည်ထားတယ်။ အဲဒီ ဗုဒ္ဓရသရေးသူဆိုတဲ့ ဒကာနှစ်ယောက်ထဲက မဲမဲဝဝနဲ့လူကတော်တော့်ကို ဆိုးရွားပါတယ်။ မထေရ်အစဉ်အဆက်က 'ဓမ္မပဒ'လို့ မိန့်တော်မူထားတာကိုလည်း 'ဗုဒ္ဓဝင်' ပဲခေါင်းစဉ်တပ်။ သံယုတ္တပါလို့ဆိုလည်း 'ဗုဒ္ဓဝင်'ပဲ။ တော်တော်ခွကျတဲ့လူ။ ပရိယတ္တိစာပေလည်း အခြေခံလောက်တောင် တတ်တာမဟုတ်တော့ အပြောရကြေပ်တယ်ပေါ့။ ဆရာကြီးလုပ်ချင်ကြတာကလည်း လွန်လို့ ဆရာကြီးခေါ်ရလောက်တဲ့အရည်အချင်းကလည်း မရှိကြရှာဘူး။ သနားစရာတွေ။

၃။ အခု. . . လက်ရှိ ဓမ္မစာပေရေးသားသူတွေထဲမှာ အဲဒီသနားစရာတွေက ရှေ့တန်းရောက်နေကြတာ တွေ့ရတယ်။ ဘုန်းရောင်ဂျာနယ်မှာ စာမူခသွားထုတ်တုန်းက တွေ့ခဲ့ရတဲ့ စာရေးဆရာမအသစ်ကလေး တစ်ယောက်နဲ့ဆုံဖူးတယ်။ အသက်က(၁၈)နှစ်၊ (၁၉)နှစ်လောက်ပဲရှိဦးမှာပါ။ ပိန်ကိုင်းကိုင်း အရပ်အမောင်းနဲ့ပါဝါမျက်မှန်လေးထောင့် ရွှေရောင်လေးစွပ်ထားတယ်။ မျက်နှာပေါက်ကတော့ အိန္ဒိယနွယ်ဝင်မျက်နှာပေါက်ပါ။ ရှေ့သွားနှစ်ချောင်းနည်းနည်းကြီးတယ်။ ထင်ရှားတဲ့ အမှတ်အသားပေါ့လေ။ သူ့နာမည်အရင်ကတော့ "ဂွက်ထာကြီး"လို့ပြောပါတယ်။ ကလောင်နာမည်ကတော့ 'သမုဒယ' တဲ့။ မှူခင်းစုံမဂ္ဂဇင်း အယ်ဒီတာကတောင် 'မုဒယဆိုတော့ ဂျပုနှမပေါ့ဟ' လို့ နောက်လိုက်သေးရဲ့။ အဲဒီသမုဒယက ပြောပြတယ်။

"(. . . . .)မဂ္ဂဇင်းကို တပည့်တော်မ စာမူပို့လာတာ ငါးနှစ်လောက်ရှိသွားပြီ တစ်ပုဒ်မှမပါဖူးသေးဘူး ဘုရား။ ဒါနဲ့ အဲဒီဆရာကြီးနှစ်ယောက်ကနေတဆင့်ပို့တော့ တစ်လတည်း စာမူသုံးပုဒ်ပြိုင်ပါတယ်။ ဘုရားသမိုင်းက တစ်ပုဒ်။ ယတြာဆောင်းပါက တစ်ပုဒ်။ ပြီးတော့. . . ဗုဒ္ဓဝင်ရသက တစ်ပုဒ်။ အံ့ဩစရာကောင်းတာတစ်ခုက အဲဒီဆရာကြီးနှစ်ယောက်တို့ စာရေးတဲ့နေရာ၊ စာမူရွေးတဲ့နေရာပဲ ဘုရား"

"ဘယ်နေရာမို့လို့ အံ့ဩရတာလဲ ဒကာမရဲ့"

"ဘီယာဆိုင်မှာ ဘုရာ့"

"ဗုဒ္ဓေါ"

ဘယ့်နှယ် ကိုယ်ကရေးတော့ လူသားတွေသီလလုံခြုံဖို့ သမာဓိပွားများဖို့ ပညာပွားဖို့ ဓမ္မစာပေတွေ ရေးသားနေပြီး ငါးပါးသီလတောင် မလုံပါလား။ အပြောနဲ့အလုပ်ထပ်တူညီမျှမဖြစ်ရင် မကောင်းဘူး။ တရားတော်ဂုဏ်ညစ်ညူးပါတယ်။ သူတို့ကိုမုန်းလို့၊ ဂုဏ်သိက္ခာကျဆင်းစေလိုလို့ အခုလိုရေးပြနေတာတော့ မဟုတ်ပါဘူး။ အပြောတွေ အရေးတွေနဲ့ကိုယ်လုပ်တဲ့ အလုပ်ဟာ တစ်ထပ်တည်းကျနေစေချင်လို့ပါ။ စေတနာ. . . စေတနာ စာရေးသူတို့တတွေ ကိုးကွယ်အားထားနေကြတဲ့ မြတ်စွာဘုရားက သူကိုယ်တိုင်လည်း ပြောတဲ့အတိုင်းလုပ်ပြီး လုပ်တဲ့အတိုင်းပြောပါတယ်။ အပြောနဲ့ အလုပ်ညီညွတ်တဲ့ မြတ်စွာဘုရားပေါ့။ သူ့ရဲ့တပည့်သာဝကတွေကိုလည်း သူ့လိုပဲ အပြောနဲ့အလုပ် ညီညွတ်စေလိုတော်မူပါတယ်။ အဆုံးအမပေးသူက

သူတစ်ပါးကို ဆုံးမတဲ့အတိုင်း ကိုယ်တိုင်လည်း လက်တွေ့ကျင့်ကြံရတယ်ဆိုတာကို အဓိကပြောလိုရင်းပါ။

ရိပ်သာဘုန်းကြီးတစ်ပါး သူဟောတဲ့တရားနဲ့အညီ မကျင့်တဲ့အတွက် နိုင်ငံခြားသားယောဂီတစ်ယောက် လန့်ဖျပ်ပြီးတော့ နိုင်ငံခြားကိုပြန်ပြေးရတဲ့ ဇာတ်လမ်းကလေးလည်း ပြောပြချင်သေးတယ်။ ဆရာကြီး မော်စရိယ ဦးဌေးလှိုင်ရဲ့. . . "အိုဘယ့်. . . ခရီးသည်" စာအုပ်ထဲမှာပါတာပါ။ အထောက်အထားခိုင်လုံစေလိုတဲ့အတွက် မူရင်းအတိုင်းပဲ ကောက်နှုတ်တင်ပြလိုက်ပါတယ်။

## ရိပ်သာဘုန်းကြီး၏လုပ်ရပ်ကြောင့် နိုင်ငံခြားသားယောဂီ လန့်ပြေးရခြင်း

တိုတိုလျှောက်ထားရရင် အင်္ဂလိပ်တစ်ယောက်ကို မြန်မာနိုင်ငံမှာ လက်တွေ့တရားအားထုတ်ဖို့ လွှတ်လိုက်တယ်။ လွှတ်လိုက်တဲ့အခါ ရိပ်သာတစ်ခုမှာ အားထုတ်တယ်။ အားထုတ်ပြီး ၃-၄ရက်နဲ့ သူဟာ အင်္ဂလန်ကိုပြန်သွားတယ်။

" 'ဟ'ဒီကောင် မြန်လှချည်းလား။ ဘယ့်နှယ် ဒီကောင်အစတုန်းကတော့ တရားလိုချင်လှချည်းရဲ့ ဘာရဲ့နဲ့။ ဗီဇာ- ပတ်စပို့ခက်ခဲတဲ့အချိန်မှာ မင်းငါလွှတ်လိုက်တာ၊ မင်းသဘောပေါက်အောင် ကျေနပ်အောင်လွှတ်လိုက်တာ၊ မင်းဟာအချိန်ပေးမလေ့လာဘဲ ဘာလို့ပြန်လာတာလဲ"

"ဟာ. . . တပည့်တော်ကို တရားပြတဲ့ဘုန်းကြီးက သူ့ကျောင်းနားမှာ လာဝပ်တဲ့ ခွေးကို ရိုက်လိုက်တာဘုရား။ ဟင့်. . . ချီးပါအောင်ကိုရိုက်တာ။ ရက်ရက်စက်စက်ကို ရိုက်တာ။ ဒီကမ္မဋ္ဌာန်းဆရာပေးတဲ့တရား တပည့်တော် မလိုချင်တော့ဘူး"

တဲ့ ဘယ့်နှယ်တုံး ဘုရား။ တပည့်တော်တို့လည်းပဲ အရိုက်ခံပြီးတော့ သင်ခဲ့ရတာပါပဲနော်။ ဟိုအကျိုးရှိတဲ့နေရာရှိတာပေါ့နော်။ ကျေးဇူးလည်း ကြီးပါရဲ့၊ သို့သော်လည်း ဒီခေတ်ဒီစနစ်ဟာ ဘယ်အခြေအနေလဲ၊ ဘယ်ခေတ်လဲဆိုတာ တပည့်တော်တို့စဉ်းစားပြီး ဆောင်ရွက်ကြဖို့ပါ။

ဆရာကြီး ဓမ္မာစရိယ ဦးဒွေးလှိုင်
(အိုဘယ့်. . . ခရီးသည်။ စာမျက်နှာ-၅၈)

၄။ အထက်ပါ ဖြစ်ရပ်ကလေးကို ဆရာကြီးဦးဌေးလှိုင်က နိုင်ငံခြားသားတစ်ဦး၏ ကိုယ်တွေ့လို့ အမည်ပေးထားပါတယ်။ ဒီဖြစ်ရပ်ကလေးကိုပဲ (၂၅. ၁၁. ၂၀၁၀)ရက်နေ့က မုံရွာ၊ အလုံ အင်္ဂါနာဘုရားထီးတင်ပွဲမှာ တရားလာဟောတဲ့ မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော် ဦးဇဝနကိုလျှောက်ထားလိုက်သေးတယ်။ ဆရာတော်က သဘောကျပြီး တခစ်ခစ်ရယ်လို့။ သူဟောတဲ့ တရားတစ်ပုဒ်ကြောင့် ဝက်သား၊ အမဲသားမစားတော့ကြောင်း ပြောကြရာက စကားစပ်မိသွားကြတာရယ်ပါ။ အဲဒီတရားတော်ရဲ့နာမည်က "နာဂစ်အန္တရာယ်ကာကွယ်ရေး တရားတော်" တဲ့။ ဟုတ်တယ်။ တော်တော်ကောင်းတဲ့ တရားပါ။ တရားချစ်ခင် သူတော်စင်တွေ နာယူကြည့်ဖို့တိုက်တွန်း ညွှန်းဆိုချင်ပါတယ်။ ဝက်သား၊ အမဲသားရောင်းသူတွေကတော့ ရောင်းအားတွေကျလို့မို့ မေတ္တာရှင်ကိုမေတ္တာတွေ ဝိုင်းပို့နေကြတယ်လို့ မေတ္တာရှင်ဆရာတော်က ရယ်ရယ်မောမော ပြောပါတယ်။ မြန်မာတွေ အခါတိုင်းဝက်သားတစ်ပိဿာ ဝယ်စားရာက အစိတ်သားစီလောက် လျှော့စားလာနိုင်ရင်ကို မဆိုးပါဘူးလို့ စာရေးသူကတော့ တွေးမိပါတယ်။ ဟင်းဖိုးသက်သာတာပေါ့။ ထားပါတော့။

ငှက်မလေးအကြောင်း ပြန်ဆက်ကြရအောင်။ လမ်မကိုမသွားကြနဲ့ လမ်းမဆိုတာ အန္တရာယ်များတယ်လို့ ဆုံးမတတ်တဲ့ငှက်မဟာ တစ်နေ့တော့ ပျောက်ဆုံးသွားခဲ့တယ်။ ဘုရားလောင်းငှက်မင်းက တခြားသောငှက်တွေကို လိုက်ရှာခိုင်းတဲ့အခါ လှည်းလမ်းမကြီးပေါ်မှာ လှည်းကြိတ်ခံလိုက်ရလို့မို့ ခန္ဓာကိုယ်နှစ်ပိုင်းပြတ်ပြီးသေဆုံးနေတာ တွေ့လိုက်ရပါသတဲ့။ ဇာတ်တော်ကို ပေါင်းတဲ့အခါ ငှက်မင်းက မြတ်ဗုဒ္ဓဖြစ်လာတယ်။ ဇာတ်တော်ကိုပေါင်းတဲ့အခါ ငှက်မင်းက မြတ်ဗုဒ္ဓဖြစ်လာတယ်။ ငှက်မကတော့ ဆိတ်ဖွေ့ခံရတဲ့ ဘိက္ခုနီမဖြစ်လာတယ်လို့ ပေါင်းပါတယ်။ မြတ်ဗုဒ္ဓအလိုကျ ကိုယ်ပြောသလို ကိုယ်တိုင် ကျင့်သုံးကြဖို့လေးစားစွာ တိုက်တွန်းလိုက်ပါရစေ။

ဆင်းရဲကင်းကွာ ချမ်းသာကြပါစေ။

# မီးတောင်ထိပ်က နတ်စောင်းသံများ
## အပိုင်း(၁၁)
## နေရာ

အစ်မရေ. . .

ဒီတစ်ပတ်တော့ဖြင့် ဇာတ်တော်တစ်ပုဒ်နဲ့နေရာအကြောင်း ငါ တွေးမိတာပြောချင်တယ်။ ဇာတ်တော်က သကုဏဇာတ်တော်. . . တဲ့။ ဇာတကပါဠိတော် အစဉ်မှာ(၃၆)ခုမြောက်ဇာတ်တော်ပေါ့။ ဇာတ်တော်ရဲ့ နိဒါန်းက ဒီလိုပါ။ မြတ်စွာဘုရား လက်ထက်တော်အခါတုန်းက ရဟန်းတစ်ပါးဟာ ကျောင်းမီးလောင်တာနဲ့ကြုံရသတဲ့။ တောရကမ္မဋ္ဌာန်းကျောင်းဆိုတော့ တောမီးကတစ်ဆင့် လောင်တာပေါ့။

ကျောင်းမီးလောင်တယ်ဆိုတာနဲ့ ပတ်သက်လို့ အင်တာနက်ကနေ တစ်ဆင့် သိရတဲ့ဖြစ်ရပ်ကလေးတစ်ခုကို ပြောပြချင်သေးတယ်။ ဂျပန်နိုင်ငံက မဟာယာနဘုန်းကြီးနှစ်ပါး အကြောင်းပါ။ ဂျပန်က မဟာယာနဘုန်းကြီးတွေက အိမ်ထောင်ပြုလို့ရသတဲ့။ အဲဒီဘုန်းကြီးနှစ်ပါးက ကောင်မလေး တစ်ယောက်တည်းကို ပြိုင်တူကြိုက်ကြလိုက်ကြတယ်ဆိုပဲ။ လက်ဆောင်တွေ ပြိုင်တူပို့ကြ။ ချစ်စကား၊ ကြိုက်စကားတွေပြိုင်တူပြောကြ။ လက်ထပ်ခွင့် အလုအယက် တောင်းကြပေါ့။ ကြာတော့ ကောင်မလေးက စိတ်ညစ်လာတယ်။ သူတို့ မဟာယာနဘုန်းကြီးနှစ်ပါးကို လက်မခံဘဲ အရပ်ထဲမှာ ဂိုဏ်းဂဏဖွဲ့ပြီး သောင်းကျန်းဆိုးသွမ်းနေတဲ့ လူငယ်တစ်ယောက်ရဲ့ ချစ်မေတ္တာ ကမ်းလှမ်းမှုကိုပဲ လက်ခံလိုက်တော့တယ်။ ဒီအခါမှာ ကောင်လေးက မျက်နှာမသာမယာဖြစ်နေတဲ့ ကောင်မလေးကို ဘာဖြစ်နေလဲ၊ ဘာအခက်အခဲရှိလဲ မေးတာပေါ့။ အခက်ခဲက တခြားမဟုတ်ဘူး။ မဟာယာနဘုန်းကြီးနှစ်ပါး လာရောက်နှောင့်ယှက်နေတာပဲလို့ဆိုတော့ ဆိုးသွမ်းလူငယ်က ညသန်းခေါင်

လည်းရောက်ရော မဟာယာနဘုန်းကြီးနှစ်ပါးကို ဖမ်းဆီးရိုက်နှက်ပြီးကျောင်းတွေကို မီးရှို့ဖျက်ဆီးထားခဲ့သတဲ့။ ဒါက အင်တာနက်မှာ ဖော်ပြထားတဲ့ သတင်းတစ်ရပ်ပါ။ တောရကမ္မဋ္ဌာန်းကျောင်းမှာ သီတင်းသုံးတဲ့ရဟန်းကတော့ တောမီးကြောင့် ကူးစက်လောင်ကျွမ်းခံရတာပါ။

တောရကျောင်းအနီးရွာက ဒါယကာတွေ ကျောင်းများပြန်ဆောက်ပေးလေမလား မျှော်လင့်ရင်းနဲ့ တရားအလုပ်မလုပ်နိုင်ဘဲ တစ်ဝါတွင်းကာလလွန်သွားသတဲ့။ တစ်ဝါတွင်းဆိုတော့(၃)လပေါ့။ ကျောင်းမရှိတော့ သစ်ပင်တွေခြေရင်း ဖြစ်သလိုနေထိုင် သီတင်းသုံးရမယ်။ မှက်၊ ခြင်၊ ယင်၊ မြွေ၊ ကင်း၊ လေပူ၊ နေပူ၊ မိုးဒဏ်တွေနဲ့ ကြုံရမယ်။ တိုအောင်ပြော တစ်ဝါတွင်းလုံး ဆင်းရဲတယ်။ ဘာတရားမှမရခဲ့ဘူး။ ဝါကျွတ်တော့ မြတ်စွာဘုရားကို သွားဖူးပြီး အကြောင်းစုံလျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားက. . .

"ချစ်သားရဟန်း. . . သင်နဲ့သင့်လျော်လျောက်ပတ်တဲ့ နေရာကို ဘာကြောင့် မသိရတာလဲ၊ ရှေးအခါက တိရစ္ဆာန်များတောင်မှ မိမိနဲ့သင့်လျော်တဲ့နေရာကို သိရှိကြပေတယ်"

လို့မိန့်ကြားတော်မူပြီး အကုဏာဇာတ်တော်ကို ဟောကြားတော်မူပါတယ်။

တစ်ခါတုန်းက ဗာရာဏသီမှာ ဗြဟ္မဒတ်မင်းကြီးအုပ်ချုပ်နေတဲ့အချိန်။ ဒီနေရာမှာ ပြည်မသိဗာရာဏသီမင်း မသိ။ ဗြဟ္မဒတ်လို့ ဆိုနေကြတာလေး ရှင်းပြချင်တယ်။ ဗာရာဏသီဆိုတာကတော့ အထူးအထွေ ရှင်းပြနေစရာမလိုပါဘူး။ ဒီကနေ့အထိ အိန္ဒိယမှာ ဗာရာဏသီဆိုတဲ့ နာမည်နဲ့အထင်အရှားရှိနေတာပဲ မဟုတ်လား။ ဇာတ်သမားတွေ လက်လွတ်စပယ် ပြောပြောနေကြတဲ့ မင်းမသိဗြဟ္မဒတ်ဆိုတာလေးပဲ ရှင်းချင်တယ်။ တကယ်တော့ ဗာရာဏသီမှာ ဖြစ်လာသမျှ မင်းတိုင်းမှာ နာမည်ကိုယ်စီရှိကြတယ်။ ဘယ်တုန်းက ဘာနာမည်ပဲ ရှိခဲ့ရှိခဲ့ဘုရင်ဘဝရောက်ပြီဆိုတာနဲ့ ဗြဟ္မဒတ္တ(ဝါ) ဗြဟ္မဒတ်ဆိုတဲ့ နာမည်ကိုခံယူကြရတဲ့ ထုံးစံရှိသတဲ့။ ဗြဟ္မ-ဆိုတာက ဗြဟ္မာ၊ ဒတ္တ-ဆိုတာပေးတာ။ အဓိပ္ပါယ်ကတော့ ဗြဟ္မဒတ်-ဗြဟ္မာကပေးတဲ့ မင်း။ အိန္ဒိယနိုင်ငံရဲ့ ဘုရားမပွင့်မီ ဘာသာရေးနယ်ပယ်ဟာ ဗြဟ္မာကိုးကွယ်တဲ့ ဗြဟ္မဏဝါဒီတွေ အင်အားကောင်းတာမို့ ဆင်းရဲသား၊ နင်းပြားကအစ၊ ထိပ်ဆုံးအစိုးရအဖွဲ့အစည်းတိုင်အောင် ဗြဟ္မာကို အလေးအမြတ်ထားကြတယ်။ အဲဒါကြောင့် ဗြဟ္မာကပေးတဲ့မင်း=ဗြဟ္မဒတ်ဆိုတဲ့အမည်ကို ခံယူကြ

တာပါ။ ဘုရင်မှာနာမည်မရှိလို့၊ ဘုရင့်နာမည်ကိုမသိလို့ ဗြဟ္မဒတ်ဘုရင်လို့ ရမ်းသုံးတာမဟုတ်ဘူး။ ဒါကို နားလည်သဘောပေါက်ရမယ်။ ဥပမာ-သတ္တမ မြောက်အက်ဒွပ်ဘုရင်တို့ ဆဋ္ဌမမြောက်ပုပ်ရဟန်းမင်းတို့ ဆိုတာလိုမျိုးပေါ့။ အစဉ်အဆက်ခံယူရတဲ့ အမည်နာမတစ်မျိုးသာ ဖြစ်ပါတယ်။ အဲဒီဗာရာဏသီ ပြည်မှာ ဗြဟ္မဒတ်မင်းတစ်ပါး အုပ်ချုပ်နေတဲ့အချိန် ငါတို့ဘုရားလောင်းက ငှက်မျိုးမှာ ဖြစ်နေတယ်။ ငှက်မင်းပေါ့။ ဘုရားလောင်းငှက်မင်းက ငှက်တပည့် ပေါင်းများစွာ ခြံရံပြီးတော့ သစ်ပင်ကြီးတစ်ပင်မှာနေတယ်။ ငှက်တို့ ဘာသာ ဘာ၀တစ်ပင်က တစ်ပင်ကူး တစ်တောဝင်တစ်ခြုံတိုး ရှာဖွေစားသောက် တေးသီပျော်ပါး ကြည်နူးစရာကြီးပေါ့ အစ်မရယ်။ ငါငယ်ငယ် သူငယ်တန်း အရွယ်တုန်းက နင်သင်ပေးတဲ့ ကဗျာလေးကိုတောင် အမှတ်ရမိပါသေးရဲ့။

တောင်တောရယ်သာ
မာလာက ငုံဖူး။
တစ်ပင်ကိုတစ်ပင်ယှက်တယ်
ကျေးငှက်ကမြူး။ ။

ဆိုတဲ့ကဗျာလေးလေ။ ငါက စကားမပီတော့ တစ်ပင်ကိုတစ်ပင်ချစ် တယ်လို့ ချည့်ဆိုနေတာနဲ့ နင်တောင်စိတ်မရှည်ဖြစ်ခဲ့ရသေးတယ် မဟုတ် လား။ အင်း. . . ငါဆိုခဲ့တာလည်း မှားတော့ မမှားပေဘူး။ တစ်ပင်ကိုတစ်ပင်က ချစ်လို့သာ အပင်ချင်းယှက်ကြတာပေါ့ မဟုတ်ဘူးလား။ ထားပါတော့။ တစ်နေ့သောအခါ ဘုရားလောင်းငှက်မင်းတို့နေတဲ့ သစ်ပင်ကြီးရဲ့ အကိုင်း အခက်တွေဟာ လေတိုက်လို့တဲ့ အချင်းချင်းထိခတ်ပွတ်ကြိတ်ရာက မီးခိုး တွေထ,လာတယ်။ ဒါကို ဘုရားလောင်းငှက်မင်းကမြင်တော့ စဉ်းစားတယ်။

"ဒီလို သစ်ကိုင်းချင်းကြိတ်ရင်း မီးစွဲလာမယ်။ မီးပွားတွေ အောက်ကို ကျပြီး သစ်ရွက်ခြောက်တွေကို မီးလောင်မယ်။ အဲဒီကမှတဆင့် ဟောဒီ သစ်ပင်ကြီးကိုလည်း မီးလောင်မယ်။ ဒီနေရာမှာ ဆက်နေလို့မသင့်တော် ဘူး။ တခြားနေရာကို ပြောင်းမှတော်မယ်"

စဉ်းစားမိတဲ့အတိုင်း ငှက်တပည့်တွေကို ပြောပြတယ်။ ငှက်တချို့ ဘုရားလောင်းငှက်မင်းနဲ့အတူ ပြောင်းရွှေ့ကြပေမယ့် တချို့ကျတော့ မပြောင်း

ရွှေ့ဘဲနေရစ်ကြတယ်။ သူတို့က ဘုရားလောင်းငှက်မင်းရဲ့စကားကို မယုံကြည်ဘူး။ အလကား၊ ကြောက်စရာမရှိ ရှာကြံကြောက်တယ်ဆိုပြီး ကဲ့ရဲ့လိုက်ကြသေးသတဲ့။ မကြာပါဘူး သစ်ပင်ကြီးကိုရော တောအုပ်ကြီးကိုပါ မီးလောင်ပစ်လိုက်တာ နေရစ်ခဲ့တဲ့ငှက်မိုက်တွေ အကုန်လုံး ငှက်ကင်တွေဖြစ်ကုန်ကြပါလေရော။ ဘုရားလောင်းငှက်မင်းနဲ့အတူ လိုက်သွားတဲ့ ငှက်တွေကတော့ လွတ်သွားကြတယ်။ ဇာတ်တော်ကိုပေါင်းတဲ့အခါ ဘုရားလောင်းငှက်မင်းရဲ့စကားကို နာယူတဲ့ငှက်ပရိသတ်က ယခုဘဝမှာဗုဒ္ဓရဲ့ ပရိသတ်တွေဖြစ်လာတယ်။ ဘုရားလောင်းငှက်မင်းကတော့ ယခုဘဝမှာ ငါတို့ရဲ့မြတ်စွာဘုရားဖြစ်တော်မူလာတာပေ့ါ။

ဒီဇာတ်တော်မှာ ဒါအဓိကတွေးမိတာက 'နေရာ'ပဲ။ အဆိုတော်ဗဒင်ရဲ့နေရာကတော့ သူချစ်တဲ့သူအတွက် လာနေသည်ဖြစ်စေ လာမနေသည်ဖြစ်စေ မေတ္တာအပြည့်နဲ့ဦးထားတဲ့ နေရာလို့ဆိုတယ်။ ငါပြောချင်တဲ့ နေရာကတော့ လူသားအားလုံးအတွက် နေရာပါ။ ငါတို့ရထားတဲ့ ခန္ဓာငါးပါးဟာ အကိုင်းအခက်ချင်းပွတ်တိုက်ပြီး မီးလောင်နေတဲ့သစ်ပင်ကြီးနဲ့ သိပ်တူတယ်။ လောင်သမှ ကမ္ဘာဖျက်မီးထက် ပိုပြင်းတဲ့မီးတွေကို လောင်နေတာပါ။ တရားဟော ဓမ္မကထိကဆရာတော်တစ်ပါး ရွတ်ဆိုဟောပြောတဲ့ လင်္ကာလေးတစ်ပုဒ်ရှိတယ်။

ကမ္ဘာမီးထက် ပူချက်ပြင်းထန်
ဘာမီးတွေလဲ ဉာဏ်ထဲဝေဖန်
ကိလေသာမီး ထိန်ညီးဝေလျှံ
ဘဝတိုင်း မဆိုင်းလောင်နေပြန်။
ကမ္ဘာမီးထက် ပူချက်ပြင်းထန်
ဘာမီးတွေလဲ ဉာဏ်ထဲဝေဖန်
ကာမဂုဏ်မီး ထိန်ညီးဝေလျှံ
ဘဝတိုင်း မဆိုင်းလောင်နေပြန်။
ကမ္ဘာမီးထက် ပူချက်ပြင်းထန်
ဘာမီးတွေလဲ ဉာဏ်ထဲဝေဖန်
အိုမီး နာမီး သေမီး ဇာကန်
ဘဝတိုင်း မဆိုင်းလောင်နေပြန်။

တဲ့။ ငါတို့ရဲ့ ခန္ဓာငါးပါးသစ်ပင်ကြီးကို လောဘ၊ ဒေါသ အစရှိတဲ့ ကိလေသာမီးတွေက လောင်နေတယ်။ ရူပါရုံ၊ သဒ္ဒါရုံအစရှိတဲ့ ကာမဂုဏ်မီးတွေကလည်း လောင်နေတာပဲ။ အင်္ဂုတ္တရနိကာယ်၊ ဆက္ကနိပါတ်၊ အနုတ္တရိယဝဂ်၊ ဘယသုတ္တန်မှာ ကာမဂုဏ်ရဲ့အခြားအမည်တွေကို မြတ်စွာဘုရားဟောထားတာရှိတယ်။

၁။ ဘေး
၂။ ဒုက္ခ
၃။ ရောဂါ
၄။ ထွတ်အိုင်းနာ
၅။ ကပ်ငြိခြင်း
၆။ ညွှန်ပျောင်း

ဆိုတဲ့ နာမည်(၆)မျိုးတို့ဟာ ကာမဂုဏ်ရဲ့ အခြားအမည်ခွဲတွေပါပဲ။ ပို့စ်မော်ဒန်ကဗျာဆန်ဆန်ပြောရရင် ကာမဂုဏ်ရဲ့ ကျောင်းနာမည်တွေပေါ့ဟာ။ ကာမဂုဏ်နဲ့ပတ်သက်လို့ မီးအဖြစ်နဲ့လောင်ကျွမ်းပုံကို ရှေးဆရာတော်များက အောက်ပါအတိုင်းဖွဲ့ဆို ဆုံးမတော်မူခဲ့ကြဖူးတယ်။

- ရွှေရှိသောသူ၊ ရွှေကြောင့်ပူ၊ လှိုက်ဆူမချမ်းသာ။
- ငွေရှိသောသူ၊ ငွေကြောင့်ပူ၊ လှိုက်ဆူမချမ်းသာ။
- အာဏာရှိသောသူ၊ အာဏာကြောင့်ပူ၊ လှိုက်ဆူမချမ်းသာ။
- လင်ရှိသောသူ၊ လင်ကြောင့်ပူ၊ လှိုက်ဆူမချမ်းသာ။
- မယားရှိသောသူ၊ မယားကြောင့်ပူ၊ လှိုက်ဆူမချမ်းသာ။
- သားရှိသောသူ၊ သားကြောင့်ပူ၊ လှိုက်ဆူမချမ်းသာ။
- သမီးရှိသောသူ၊ သမီးကြောင့်ပူ၊ လှိုက်ဆူမချမ်းသာ။
- ရုပ်နာမ်ရှိသောသူ၊ ရုပ်နာမ်ကြောင့်ပူ၊ လှိုက်ဆူမချမ်းသာ။

ဒီလင်္ကာလေးတွေက ထီးချိုင့်-တည်တောဆရာတော်ဘုရားကြီးရဲ့ ကာမဟူသည် ကျမ်းစာ။ စာမျက်နှာ (၁၃၁)ကနေ ကြိုက်လွန်းလို့ အလွတ်

ကျက်မှတ်ထားတဲ့ လင်္ကာလေးတွေပါ။ ညတရားပွဲတွေဟောတဲ့အခါ ဝါရင့်ကမ္မဌာန်းရင့် ဝိပဿနာယောဂီ ပရိသတ်ကို ငါကတိုင်ပေး သူတို့ကလိုက်ဆိုလုပ်ရတာ။ ဓမ္မကထိကဆိုတာ နင်သိတဲ့အတိုင်းပဲ အစ်မရယ်။ ပလ္လင်ပေါ်တက်ထိုင်လိုက်ပါပြီဆိုကတည်းက ပြောရတဲ့စကားနားရတယ်ကို မရှိပါဘူး။ သူတို့တတွေ သာဓုခေါ်နေကြတဲ့အချိန်၊ ဆောင်ပုဒ်ဆိုနေကြတဲ့အချိန်ကလေးတွေမှာပဲ ငါတို့ဓမ္မကထိကတွေ ခဏနားခွင့်ရကြတာပါ။ ထားပါတော့။ ကာမဂုဏ်ဆိုတာ မီးပဲ။ ငါးခန္ဓာသစ်ပင်ကြီးကို လောင်နေတယ်။ နောက်ထပ်ဘာမီးလောင်သေးလဲ။ အိုမီး၊ နာမီး၊ သေမီးတွေ လောင်ကြသေးတယ်။ ငါတို့ရှေ့တင်လောင်နေကြတာပဲ။ လောင်မှန်းသိသူက ရှားပါတယ်။ ခန္ဓာငါးပါးဆိုတဲ့သစ်ပင်ကြီးကို မီးလောင်နေတာ မသိလို့ ဒီသစ်ပင်ကြီးကို တွယ်တာနေမိကြတာပေါ့။ ဒါဟာနေရာမှန် မဟုတ်ဘူး။ ဆင်းရဲပေးမယ့် နေရာသာဖြစ်တယ်။ နေရာမှန် ချမ်းသာပေးမယ့် နေရာကတော့ ဘာမီးမှမလောင်တဲ့နိဗ္ဗာန်ပါ။ နိဗ္ဗာန်ရောက်ချင်ရင်တော့ တရားအားထုတ်ပေါ့။ အထောက်အကူပြုစာအုပ်အနေနဲ့ကတော့ မေတ္တာရှင်(ရွှေပြည်သာ)ရဲ့ သညာသိနှင့်ပညာသိစာအုပ်ဟာ အကောင်းဆုံးပါပဲ။

ဆင်းရဲကင်းကွာ ချမ်းသာကြပါစေ

# မီးတောင်ထိပ်က နတ်ဇောင်းသံများ
## အပိုင်း(၁၂)
## အနာဂတ်ဘေး

မြန်မာတွေ
လူမျိုးရေး မျိုးချစ်စိတ်၊
ဘာသာရေး သာသနာရေးစိတ်
သွေးအေးရင်
ခွေးဖြစ်လိမ့်မယ်ဟေ့
အဲဒါ အနာဂတ်ဟောကိန်းပဲ. . .။

ဆရာတော်ဦးသူရိယ
လောကမာရ်အောင်ကျောင်း
စုန်းချောင်းအနောက်ရွာ

ဆရာတော်က အရပ်ပုပု စိတ်ဆတ်ဆတ်ရယ်။

ဗေဒင်လာလာမေးတတ်တဲ့ ဒကာမတွေကို အဲဒီဩဝါဒပေးပေးလွှတ်တာပဲ။ ဗေဒင်ဆရာကိုချည်းအားကိုးပြီး ဘာအုပ်မှလက်ကြောတင်အောင် မလုပ်ချင်တဲ့ ယောင်တောင်တောင် ဗုဒ္ဓဘာသာတွေကလည်း အများသားပဲ မဟုတ်လား။ ဗေဒင်ဆရာက ခင်ဗျားဘယ်အသက်အပိုင်းအခြားလောက်ရောက်ရင် တိုးတက်ကြီးပွားချမ်းသာမယ်လို့ ဟောလိုက်တဲ့အခါ အဲဒီသက်တမ်းရောက်အောင် စောင့်နေတော့တာပဲ။ ဘာအလုပ်မှ ဟုတ်တိပတ်တိမလုပ်ချင်တော့ဘူး။ မရှိရင် သူများဆီက ချေးငှားသုံးစွဲလိုက်တယ်။ ကိုယ့်ရှိတာက တစ်ဆယ်၊ စားတာ ဝတ်တာက တစ်ရာဖိုးလောက်ဆိုတော့ ဝင်ငွေထွက်ငွေက မမျှတော့ဘူးလေ။ အချိန်တန်တော့ ဗေဒင်ဆရာက မမှန်ဘူးဖြစ်ရပြန်ရော။

ပေဒင်ဆိုတာကလည်း တစ်ခါတည်း သပိတ်ဝင် အိတ်ဝင်ရအောင့် . . . လို့ အဆင်ပြေသွားအောင် ဘယ်ပေးနိုင်ပါ့မလဲ။ သူတို့တတ်ထားတဲ့ အတွက် အချက်ပညာလေးနဲ့ လောကလူသားတွေ စိတ်ချမ်းသာအောင်ဟောပြောရ တာမဟုတ်လား။ စိတ်ချမ်းသာတဲ့ လူတစ်ယောက်ဟာ လုပ်ငန်းအောင်မြင်ဖို့ ၇၅-ရာခိုင်နှုန်းသေချာတယ်။ ကိုယ်တွေကတော့ ပေဒင်ဆရာဘာဖြစ်တယ် ညာဖြစ်တယ် မပြောတတ်ပါဘူး။ ပြောချင်စိတ်လည်း မရှိပါဘူး။ ပေဒင် ဆရာဆိုတာ သာသနာဖျက်ပဲလို့ ဟောတဲ့ပြောတဲ့ ဓမ္မကထိကတွေရှိတယ်။ ဒါလည်း ဖြစ်သင့်တဲ့ကိစ္စမဟုတ်ဘူး။ သူတစ်ပါးကို နှိပ်ကွပ်လွှန်းရာ ကျတယ်။ သူတစ်ပါးကို စော်ကားရာ ထိခိုက်အောင်လုပ်ရာကျတယ်။

တကယ်တမ်း စမ်းစစ်ရမှာက ဒီလူတွေဘာကြောင့် ပေဒင်မေးကြတာ လဲ. . . ဆိုတဲ့အချက်ပေါ့။ ကိုယ်စိတ်နှစ်ပါး ဆင်းရဲလို့။ ဆင်းရဲကနေလွတ် ချင်လို့။ အခက်အခဲတွေ ရင်ဆိုင်နေရလို့။ အခက်အခဲကနေ လွတ်ချင်လို့။ ဒီအတွက် ပေဒင်မေးကြ၊ ယတြာချေကြ၊ ဓာတ်ရိုက် ဓာတ်ဆင်လုပ်ကြရှာ တာပါ။ ကိုယ့်ကိုယ်ကို ဘာသာရေးခေါင်းဆောင်(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ သံဃာနုဿတိပိုင်း ဖွင့်ဆိုချက်အရ သာသနာတော်ရဲ့စစ်သူကြီး)လို့ ကြွေး ကြော်နေသူတွေအနေနဲ့က ပေဒင်ဆရာကို ရန်လုပ်နေစရာမလိုပါဘူး။ ကိုယ့်ကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့နေကြတဲ့ ဒကာ၊ ဒကာမတွေရဲ့ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုတွေ တရားသဖြင့် ကူညီဖြေရှင်းပေးလိုက်ဖို့ပဲ လိုတာပါ။ သူတို့ ကိုးကွယ်အားထားတဲ့ သံဃာတော်အရှင်မြတ်တွေက သူတို့ရင်ဆိုင်ကြုံတွေ့ နေရတဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲအခက်အခဲများကို စိတ်ပါလက်ပါ စနစ် တကျတရားသဖြင့် ကူညီဖြေရှင်းပေးတယ်ဆိုရင် ဘုရား၊ တရား၊ သံဃာမှ တစ်ပါး တခြားအားကိုးစရာ ဘယ်ရှာပါ့မလဲလေ။

ဒီအချက်ဟာ အင်မတန် စဉ်းစားသင့်တဲ့အချက်ပါ။ စဉ်းစားတဲ့အခါမှာ ကိုယ့်ဘက်ကချည်း စဉ်းစားနေလို့ရတာ မဟုတ်ဘူး။ သူတို့နေရာမှာ ငါသာဆိုရင် ဘယ်လိုနေမလဲဆိုတာလည်း ထည့်စဉ်းစားရသေးတာ။ ဒါမှ အမှန်မြင်တာ။ အမှန်မြင်မှလည်း အမြင်က မှန်တာလေ။ အမှားမြင်နေ သရွေ့တော့ အမြင်တွေက မှားနေဦးမှာပါပဲ။ ဒါက မကောင်းဘူးလို့ ပြောပြီးရင် ဒါကကောင်းတယ်လို့ အစားထိုးပေးရတယ်။ မကောင်းတာ လောက်ပဲမြင်ပြီးတော့ ကောင်းတာကို မမြင်ပြန်ရင်လည်း အဲဒါ တစ်ဖက်ကန်းပါ။

အကြောင်းနဲ့အကျိုး။ အကောင်းနဲ့ အဆိုး။ အမှားနဲ့အမှန်၊ တွဲလျှက်တွဲလျှက် နေတဲ့ လောကထဲမှာ မကောင်းတာတွေကိုချည်းလိုက်ကြည့် အပြစ်ပြော တတ်ရုံနဲ့ လူလူ ရှင်ရှင် ရဟန်း ဘယ်နှဝါရရ အသုံးမကျသေးပါဘူး။ ကောင်းတာလေးတွေ ရွေးကြည့်ကောင်းကွက်ကလေးတွေ အစားထိုးယေတတ်ပါမှ အသုံးကျတဲ့လူ အသုံးကျတဲ့ရှင် အသုံးကျတဲ့ ရဟန်းဖြစ်မယ်။ အသုံးကျတော့ ဘာဖြစ်လဲ မေးစရာရှိတာပေါ့။ အသုံးကျတော့ တန်ဖိုးရှိတာပေါ့။ လောကမှာ တန်ဖိုးရှိတယ်လို့ သတ်မှတ်ထားတဲ့အရာတွေဟာ အသုံးကျလို့မို့ တန်ဖိုးရှိ နေကြတာ။ အသုံးမကျတဲ့ အရာတွေဟာ တန်ဖိုးမရှိကြဘူး။ အခုခေတ်. . . ဆရာဒကာတွေဖြစ်နေကြပုံက ဘာနဲ့ဥပမာတူသလဲဆိုရင်. . . ဦးသာအေးတို့ ဆရာတပည့်ပုံပြင်နဲ့ ဥပမာတူနေကြတယ်။

တစ်ခါတုန်းက ရွာတစ်ရွာမှာ ဦးသာအေးဆိုတဲ့ လူကြီးတစ်ဦးရှိသတဲ့။ ဦးသာအေးက စီးပွားရေးအဆင်ပြေတယ်။ လယ်ကလေး၊ ယာကလေးက ပေါပေါများများဆိုတော့ ကိုယ်တိုင်လယ်ထဲယာထဲ မဆင်းဘဲ သီးစားချထား တာနဲ့တင် စားလောက်နေတယ်။ သီးစားချတယ်ဆိုတာကို တချို့ဒေသတွေက ဒဏ်သေချတယ်လို့လည်း သုံးကြတယ်။ အထူးသဖြင့် ချင်းတွင်းမြစ် အနောက် ဘက်ကမ်းက ရွာတွေမှာ ဒဏ်သေချတယ်လို့ သုံးနှုန်းကြပါတယ်။ အဓိပ္ပါယ် ကတော့ မြေပိုင်ရှင်က မြေစိုက်၊ မျိုးစေ့စိုက်၊ သီးစား(သို့)ဒဏ်သေလုပ်ချင် တဲ့လူက လုပ်အားစိုက်။ သီးနှံပေါ်ချိန်ရောက်တော့ မြေအတွက်တစ်ခု မျိုး အတွက်တစ်စု လုပ်အားအတွက်တစ်စုဆိုပြီး ခွဲဝေယူကြတယ်ဆိုတဲ့ အဓိပ္ပါယ် ပါပဲ။

ဦးသာအေးက အသက်၆၀ကျော်နေပါပြီ။ ဘုရား၊ တရားဆိုတာ ရွာ နာမည်တွေလား မေးမတတ်ကို နားမလည်။ ဥပုသ်သီတင်းစောင့်ဖို့ဝေလာ ဝေး။ ဩကာသအဓိပ္ပါယ်သိဖို့မပြောနဲ့ တစ်ပုဒ်လုံးဆုံးအောင် ဖြောင့်ဖြောင့် တောင်မှမဆိုတတ်ဘူး။ နေ့ရှိသရွေ့ ကြက်တိုက်၊ ဖဲရိုက်၊ အရက်သောက် အချိန်တွေ အလဟာသဖြုန်းပစ်နေတဲ့လူကြီး။ ရွာထဲမှာ အလှူလေး ဘာလေး ရှိတဲ့အခါကျရင်တော့ဖြင့် အရှက်မရှိ အိမ်ဦးခန်းတက်ထိုင်တတ်သေးတယ်။ ရွာဦးကျောင်းဆရာတော်က. . .

"သြော်. . . သာအေး. . . သာအေး. . . ခွာသေးသေးကောင်ဖြစ်မှန်း မသိဖြစ်နေပါရော့လား။ ကျောင်းခေါ်ပြီး ဆုံးမဦးမှပဲ"

ဆိုပြီး ဦးသာအေးကိုခေါ်ခိုင်းလိုက်တယ်။ ဦးသာအေးရောက်လာတော့ အောက်ပါအတိုင်း အဆုံးအမပြဩဝါဒပေးသတဲ့။

"ဒကာကြီး. . . ခင်ဗျာ၊ အချိန်ရှိသရွေ့မကောင်းမှုတွေချည်း လုပ်နေတာပဲ၊ မကောင်းတာလုပ်ရင် မကောင်းတဲ့လမ်းသွားရမယ်။ ကောင်းတာလုပ်ရင်တော့ ကောင်းတဲ့လမ်းသွားရမှာပေါ့။ ဒကာကြီးမှာ အချိန်တွေရှိပါသေးတယ်။ အခုချိန်ကစပြီးတော့ မကောင်းမှုအကုသိုလ်တွေကိုပယ်ပြီး ကောင်းမှုကုသိုလ်တွေလုပ်ပါဦး။ ဒါမှ အသေဖြောင့်မယ်။ ကဲ. . . ဒကာကြီး ဘုန်းကြီးပြောတာသဘောပေါက်ရဲ့လား"

"မှန်ပါ့. . . သဘောပေါက်ပါတယ် ဘုရား"

"တကယ်သဘောပေါက်တာလား"

"မှန်ပါ. . . တကယ်သဘောပေါက်တာပါ"

"ကိုင်း. . . သဘောပေါက်တယ်ဆိုရင် မေးရဦးဗျာ။ ကုသိုလ်နဲ့အကုသိုလ် ဘာကွာတုန်းဗျ"

ဘုန်းကြီးကြားချင်တာက ကုသိုလ်ကကောင်းကျိုးချမ်းသာပေးတယ်။ အကုသိုလ်ကတော့ ဆိုးကျိုးဆင်းရဲပေးတယ်။ အဲဒီလိုကွာခြားပါတယ် ဘုရား ဆိုတဲ့ အဖြေ။ ဦးသာအေးပြန်ဖြေတာက အဲသလိုမဟုတ်ဘူး။ တလွဲကြီးဖြစ်နေတယ်။ ဦးသာအေး ပြန်ဖြေလိုက်တဲ့အဖြေကြောင့် ကျောင်းထိုင်ဘုန်းကြီး ပက်လက်လန်သွားတယ်။ ဦးသာအေးရဲ့ အဖြေက. . .

"ကုသိုလ်နဲ့အကုသိုလ်ပါဆိုနေမှ အ,တစ်လုံးတည်းကွာတာပေါ့ အရှင်ဘုရားကလည်း"

တဲ့။ အခုလည်း ငါတို့ ဗုဒ္ဓဘာသာဝင်တွေအဖြစ်က ကုသိုလ်နဲ့အကုသိုလ် ဘာကွာမှန်းမသိတဲ့ ဦးသာအေးလိုအဖြစ်မျိုး။ ဆရာရဟန်းတော်များကလည်း ကိုယ့်ဒကာဒကာမတွေ နားလည်အောင်သဘောပေါက်အောင် ရှင်းတော့ ရှင်းပြကြသားပဲ။ သဘောပေါက်သွားကြသလားမေး သဘောပေါက်တာနဲနဲ။ ဝါးတားတားက များများဖြစ်နေတယ်။ ဒီတော့. . . ဆရာဒကာအတိုင်အဖောက် အပေးအယူက မညီမျှတော့ဘူးလေ။ မြတ်စွာဘုရား ဟောတော်မူတဲ့ ဒေသနာတစ်ခုရှိတယ်။

"သမဂ္ဂါနံ တပေါ သုခေါ"

ညီညွတ်မျှတစွာ ကျင့်ကြံကြမှ ချမ်းသာရတယ်လို့ ဆိုလိုတယ်။ ရဟန်း

ရဟန်းချင်း၊ လူလူချင်း၊ ဆရာရဟန်းနဲ့ တပည့်ဒကာ၊ ဒကာမ အသီးသီး ဆိုသလိုပဲ ယုံကြည်ချက်ချင်း စိတ်ဓာတ်ချင်း ညီညွတ်နိုင်သမျှ ညီညွတ်စွာ ကျင့်ကြံကြမှသာ ချမ်းသာမယ်။ ဘာသာခြားတွေကို ကြည့်စမ်း။ သူတို့ ဘာသာဝင်တွေနဲ့ ဘယ်လောက်ညီညွတ်ထားလဲ။ ဒါအတုယူစရာပဲ မဟုတ်လား။ သူတို့ဘာသာရေးစိတ်ဓာတ်ကို မြင့်သထက်မြင့် ရင့်သထက်ရင့်အောင် တည်ဆောက်ကြတယ်။ လူမျိုးရေး စိတ်ဓာတ်ကလည်း ထုထည်ကြီးမားပါဘိသနဲ့။ အားကျပြီး တခြားဘာသာထဲဝင်ဖို့ ပြောနေတာမဟုတ်ဘူး။ သူတို့ရဲ့ ဘာသာရေးအသိစိတ်ဓာတ်ပြည့်ဝပုံ၊ မျိုးချစ်စိတ်ဓာတ်ရှိပုံမျိုး ငါတို့ ဗုဒ္ဓဘာသာဝင်တွေမှာသာ ရှိမယ်ဆိုရင်ဆိုတဲ့ အတွေးအခေါ်ဝင်စေချင်လို့ ပြောနေတာပါ။ ဒီလိုမှမဟုတ်ရင် ဆရာတော်ဦးသူရိယပြောသလို လူမျိုးရေး မျိုးချစ်စိတ်၊ ဘာသာရေး သာသနာရေးစိတ်တွေ သွေးအေးပြီး အနာဂတ်မှာ ဒုက္ခရောက်လိမ့်မယ်ဆိုတာကို လေးလေးနက်နက် မြော်မြင်ဆင်ခြင်စေအပ်ပါတယ်. . .

ဆင်းရဲကင်းကွာ ချမ်းသာကြပါစေ

# မီးတောင်ထိပ်က နတ်စောင်းသံများ
## အပိုင်း(၁၃)
## ရဟန္တာတွေ ကြောက်ကြသေးသလား

အစ်မရေ. . .

ဒီတစ်ပတ် ငါပြောချင်တဲ့အကြောင်းအရာကတော့ ရဟန္တာတွေ ကြောက်ကြသေးသလား. . . ဆိုတဲ့အကြောင်းအရာပါပဲ။ စစ်ကိုင်းတိုင်း မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်ထဲက စုန်းချောင်းရွာကို ငါပြန်ရောက်နေတာ (၃)လလောက်တော့ ကြာသွားပြီ။

စာရေးဆရာတစ်ယောက် ငါတို့ရွာမှာ ရှိပါလား၊ သိချင်တာလေးတွေ သွားရောက်မေးမြန်းဦးမှဆိုတဲ့ လူက အင်မတန်နည်းတာပဲ။ မြန်မာ့အလင်းခေတ်မီစာကြည့်တိုက်မှာ စာအုပ်ငှားဖတ်နေတဲ့စာဖတ်ပရိသတ်က အယောက်ရှစ်ဆယ်လောက်ရှိတယ်လို့ စာကြည့်တိုက်မှူး ဦးသန်းဝင်းကပြောတယ်။ တစ်ရွာလုံး အတိုင်းအတာနဲ့တွက်ကြည့်ရင် နည်းသေးတာပေါ့။ အိမ်ခြေ ရှစ်ရာကျော်ကျော်ရှိတဲ့ ရွာကြီးတစ်ရွာက စာဖတ်သူ(၃၀၀)လောက်တော့ အနည်းဆုံး ရှိသင့်တာ။ စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်တွေ၊ စာဖတ်သူအချင်းချင်း ကိုယ်ဖတ်ထားတဲ့ ဘာသာရပ်အလိုက် ဆွေးနွေးဖလှယ်မှုတွေ၊ စာမဖတ်ချင်တဲ့လူတွေကို စာဖတ်ချင်စိတ်ပေါ်လာအောင် စည်းရုံးမှုတွေ၊ စာဖတ်ချင်စိတ်ရှိပြီးသားလူတွေကို စာဖတ်ချင်စိတ်ပို၍ပို၍ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးမှုတွေ လုပ်ကိုလုပ်ရမှာပါ။ စာကြည့်တိုက်မှူးက မလုပ်ဘူး။ စာအုပ်လာငှားတဲ့ လူတွေကလည်း သိုင်းဝတ္ထုတို့၊ အချစ်ဝတ္ထုတို့၊ ဆွေလှိုင်ဦးရဲ့ ရင်သိမ့်တုန် ဝတ္ထုတို့၊ အရေမရ အဖတ်မရရယ်စရာတို့လောက်သာ အဖတ်များကြတာမို့ သူက စိတ်ဓာတ်ကျသတဲ့။ မေတ္တာရှင်(ရွှေပြည်သာ)၊ ဖေမြင့်၊ ဦးနု၊ ဓမ္မဘေရီ-အရှင်ဝီရိယ၊ အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)၊ ရဝေနွယ်

(အင်းမ)၊ ချစ်စံဝင်း. . . အစရှိတဲ့ စာအုပ်တွေကို အသည်းအသန်တစ်အုပ်ပြီးတစ်အုပ် ဝါးစားသလိုဖတ်သူတွေလည်း ရှိပါရဲ့။ အထူးသဖြင့် မေတ္တာရှင်စာအုပ်တွေအဖတ်များကြတယ်။ ဖတ်ထား ဖတ်၏ မမှတ်မိ. . . ဆိုသူတွေက ခပ်များများဆိုတော့လည်း အခက်သားကလား။

ဘယ်မှတ်မိကြမှာလဲ ဖတ်ပြီးပြီးရောနေကြတာကိုး။ ကိုယ်ဖတ်ထားတဲ့ အကြောင်းအရာတွေ သူတစ်ပါးဆီဖြန့်ဝေတာလည်း မလုပ်။ မရှင်းတာတွေ ရှင်းသွားအောင် တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်မေးမြန်းဆွေးနွေးတာမျိုးလည်း မလုပ်ကြဘူးလေ။ အဲဒါကြောင့်လည်း ငါတို့ရွာ ပဌမအကြိမ်မြောက် မဟာဘုံကထိန်အကြိုတရားပွဲမှာ မျက်နှာပူစရာဖြစ်ခဲ့တာပေါ့။ ပင့်ထားတဲ့ မေ့ကထိက ဆရာတော်က မေတ္တာရှင်(ရွှေပြည်သာ)။ ရတဲ့အချိန်က ဆည်းဆာ။ ညပွဲက ကျောက္ကာဆီမီးတစ်ထောင်ပူဇော်ပွဲမှာ ဟောရမယ်။ ယာဉ်အလှူလှူတဲ့ စုန်းချောင်းရွာသား ကိုအောင်ပိုင်ရဲ့ ပါဂျဲရိုးဖင်တိုကားလေးနဲ့ ကျောက္ကာသွားပင့်ကြတယ်။ ကျောက္ကာက ဒကာဒကာမတွေက "ဆရာတော်ကို စောစောပြန်ပို့ပေးပါ" လို့ပြောနေကြသေးတာ။ နှစ်ကြိုပင့်မှ ရတောင့်ရခဲရလာတဲ့ နိုင်ငံကျော်မေ့ကထိကဆိုတော့လည်း တစ်နေကုန်ထိုင်ပြီးတစိမ့်စိမ့်ကြည့်ချင် ကြည်ညိုချင်ကြရှာပေမယ်ပေါ့။ တစ်ပါးသူထံ ဘယ်ပို့ချင်ပါ့မလဲ။ ကိုယ်ချင်းစာပါတယ်။

ငါက ရွာမှာ မေတ္တာရှင်စာဖတ်ပရိသတ်တွေကို နှစ်ရက်ကြိုတင်ပြောထားတာ ရှိတယ်။ ဘာလဲဆိုတော့ မေတ္တာရှင်ဆရာတော်ကြွလာတဲ့အခါ စာကြည့်တိုက်ထဲပင့်ပြီး ရေးသူဖတ်သူ ဆွေးနွေးပွဲလေး နာရီဝက်လောက်လုပ်မယ်။ ဆရာတော်ရေးတဲ့ ဘယ်စာအုပ်က ဘယ်လိုကောင်းတာ။ ဘယ်စာအုပ်ထဲက ဘယ်အချက်ကိုတော့ သိပ်မရှင်းဘူး။ နားလည်ရခက်နေတယ် ရှင်းပြပါဦး။ ဘယ်စာအုပ်ထဲက ဘယ်နေရာမှာ ဘယ်လိုလေးရေးလိုက်ရင်တော့ အခုထက်ပိုကောင်းသွားမှာစသဖြင့် ဖတ်သူတွေကို လှုံ့ဆော်ထားတယ်။ စာအုပ်တွေပြန်ဖတ်။ မှတ်စုထုတ်သင့်တာထုတ်။ တချို့ဒဿနစကားတွေ အာဂုံကျက်သင့်ရင် ကျက်ထားပေါ့။ မေးရမယ့်မေးခွန်း မေးချင်တဲ့မေးခွန်းတွေ စာရွက်နဲ့အစီအစဉ်တကျ ချရေးထားခိုင်းတယ်။ စာကြည့်တိုက်မှူးနဲ့ ရ. ယ. က ဥက္ကဋ္ဌတို့ကို စာဖတ်ပရိသတ်အစစ်တွေ စာကြည့်တိုက်ထဲမှာ စုဝေးထားခိုင်းတယ်။ ငါက ဆရာတော်ကို စာကြည့်တိုက်ထဲ ပင့်လာမယ်ပေါ့။

တကယ်တမ်း ရေးသူဖတ်သူ ဆွေးနွေးပွဲလည်းလုပ်ရော မေးမြန်းဖို့ ဆွေးနွေးဖို့ လူတွေကတစ်ယောက်မှ မရှိဘူး။ စာကြည့်တိုက်ကလေး လှည့်ပတ်ကြည့်ပြီး ခမ္ဘကထိက နားနေဆောင်ဘက် ပြန်ကြွခဲ့ရတယ်။ ကဲ. . . ဘယ်လောက် မျက်နှာပူစရာကောင်းထားလဲ။ မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊ မေးမြန်းဉာဏ် ထက်သည်. . . ဆိုတာကို သူတို့သဘောမပေါက်ကြရှာဘူး။

တစ်ရွာလုံးမှာမှ ကိုငွေးမြင့်ဆိုတဲ့ ဒကာတစ်ယောက်ပဲ စာဖတ်သန်၊ အမေးအမြန်၊ အတိအကျဆွေးနွေးမှု လုပ်ရတာဝါသနာပါတာတွေ့ရတယ်။ တကယ့်ရှားရှားပါးပါး စာဖတ်သမားတစ်ယောက်ပါ။ ကိုငွေးမြင့်တို့ မိသားစုက သိပ်အဆင်ပြေတဲ့ မိသားစုတော့မဟုတ်ပါဘူး။ ကိုငွေးမြင့်ဇနီး မမိုးစိန်ဆို လည်း ရောဂါသည်။ လေဖြတ်ရာကနေ ပြန်ကောင်းလာတာ ဘာကြာသေး လို့တုန်း။ သမီးက (၄)ယောက်၊ သားက တစ်ယောက်။ သူတို့လင်မယားနဲ့ဆို (၇)ယောက်။ ကိုငွေးမြင့်ရဲ့ အစ်ကို(၃)ယောက်ကလည်း ကိုငွေးမြင့်အိမ်မှာပဲ နေကြတယ်ဆိုတော့ (၁၀)ယောက်စာအိုး။ စားအိုးကကြီးတယ်။

ကိုငွေးမြင့် သမီးအကြီးမ စောခိုင်ဦးရယ်၊ အလတ်မ ဇင်မင်းခိုင်ရယ်၊ အငယ်မ ဂျမ်းပုပ်ရယ် မိဘကိုသက်သာပါစေတော့ဆိုပြီး အရပ်ထဲရွာထဲမှာ နေ့စားအလုပ်ကလေးတွေ လုပ်ကြတာရှိတယ်။ ကွမ်းခူး၊ ကွမ်းညွှန့်ချည်၊ ပဲကောက်၊ နှမ်းရိတ်၊ ဂျုံရိတ်၊ နေကြာခုတ်. . . စသဖြင့်ပေါ့ဟာ။ တစ်နေ့ ထောင့်ငါးရာ နှစ်ထောင်တော့ရတယ်ဆိုလား။

ကိုငွေးမြင့်ကတော့ အောင်ရတနာထီ ရောင်းဝယ်ရေးဆိုပြီးတော့ ထီရောင်းတယ်။ စုန်းချောင်းရွာအနီးတဝိုက်က စည်သူရွာ၊ သံပိုလ်ရွာ၊ ပန်းထိမ်ပြင်ရွာ၊ ကျောက်မော်ရွာ၊ နိဗ္ဗူတောရွာတွေ ဆီကို စက်ဘီးလေးနဲ့ လှည့်ရောင်းတာပေါ့။ သူ့မိသားစု စားအိုး(စားဝတ်နေရေး)ကိုတော့ ကောင်းကောင်းထိန်းသိမ်းနိုင်ပါတယ်။ ကိုငွေးမြင့်က ငါ အပတ်စဉ်ရေးနေတဲ့ ဓနသိဒ္ဓိသတင်းစုံဂျာနယ်ကို အပတ်စဉ်ဝယ်ဖတ်တယ်။ အတွဲလိုက် အတွဲလိုက် ဖိုင်တွဲပြီး သိမ်းထားတယ်။ လွန်ခဲ့တဲ့(၂)နှစ်လောက်က ငါရေးထားတဲ့ ဆောင်းပါးတချို့ ငါပြန်ဖတ်ချင်တဲ့အခါဆို ကိုငွေးမြင့်ဆီ သွားရတာပဲ။

ငါ့ဆီမှာ ဓနသိဒ္ဓိဂျာနယ်က အစုံမရှိဘူး။ ရတာနဲ့စာကြည့်တိုက်တွေ လှူပစ်တာကိုး. . . ဘယ်ကျန်ပါ့မလဲ။ တချို့ကျတော့လည်း ဗေဒင်လေး ကြည့်ချင်လို့၊ ဟိုဆောင်းပါးလေးဖတ်ချင်လို့ဆိုပြီး ငှားသွားကြတာ ပြန်မပေး

ကြတော့ဘူး။ ရှားရှားပါးပါး ပြန်ပေးလာရင်လည်း ဂျာနယ်က စုတ်ပြတ်မဲ့သဲ့လာတော့ ငါက ပြန်မယူချင်တော့ဘူးလေ။ ငါက ငါ့စာအုပ်တွေကို သန့်သန့်ပြန့်ပြန့်ပဲ ကိုင်တာ။ စာအုပ်အသစ်ဝယ်တာနဲ့ တစ်ခါတည်း ဖလင်ပြားနဲ့ဖုံး၊ စာမှတ်ကဒ်ပြား တပ်ထားလိုက်တာ။ ဖလင်ပြားနဲ့မဖုံးရင် စာအုပ်က ညစ်ပတ်သွားရောလေ။ စာမှတ်ကဒ်ပြားလေးကလည်း မထည့်လို့ မဖြစ်ဘူး။ ဖတ်လက်စ စာမျက်နှာကို စာရွက်တွေခေါက်မှတ်တာမျိုး ငါ မကြိုက်ဘူး။ ခေါက်ပါများရင် အခေါက်ခံရတဲ့ စာရွက်က ရိဆွေးစုတ်ပြတ်သွားရော။

ကိုဌေးမြင့်က ငါ့လိုပဲ စာဖတ်ဝါသနာထုံသလို စာအုပ်တွေအပေါ် မေတ္တာထားတယ်။ စာအုပ်ကို ရိုသေတယ်။ ဒါကြောင့်လည်း ဓာတ်တူနံ့တူချင်း ပေါင်းမိသွားကြတယ်ပေါ့။ တစ်ပတ်တစ်ခါလောက် မုံရွာအတူတူသွား မဂ္ဂဇင်း၊ ဂျာနယ်၊ ဘာသာရေးလုံးချင်းစာအုပ်တွေ ဝယ်ကြတယ်။ သူ့မှာရှိတဲ့ စာအုပ်တွေနဲ့ ငါ့မှာရှိတဲ့ စာအုပ်တွေလဲလှယ်ဖတ်ရှုကြတယ်။ သူနဲ့ငါခကြာခဏ ဆွေးနွေးပွဲလေးတွေ ဆင်နွှဲတတ်တယ်။

တစ်နေ့တော့သူက မိလိန္ဒပဉ္ဟာစာအုပ်ကြီး အစအဆုံး နှစ်ခေါက်လောက်ဖတ်ပြီး အရဟန္တအဘာယနပဉ္ဟ(ခေါ်)ရဟန္တာပုဂ္ဂိုလ်ကြောက်ရွံ့ခြင်းကင်း၊ မကင်းပြဿနာဆိုတာကို လာဆွေးနွေးပါတယ်။

ကိုဌေးမြင့်။ ။ ရဟန္တာပုဂ္ဂိုလ်တို့သည် ကြောက်ခြင်းထိတ်လန့်ခြင်းမှ ကင်းလွတ်ကုန်၏။ . ဆိုတဲ့စကားကို မြတ်စွာဘုရားဟောတော်မူတယ်။ တစ်ဖန်ရာဇဂြိုဟ်ပြည်မှာ မြတ်စွာဘုရားကို ထိုးသတ်မယ်ဟဲ့လို့ ရှေ့ရှူဦးတည်လာတဲ့ နေပါလက ဆင်ကြမ်းကြီးကိုမြင်တဲ့အခါမှာ ရဟန္တာငါးရာတို့ဟာ မြတ်စွာဘုရားအနားကနေ ဖယ်ခွာပြီးတော့ ဟိုဟိုဒီဒီကြွတော်မူကြတယ်။ မြတ်စွာဘုရားအနီးမှာ အရှင်အာနန္ဒာတစ်ပါးထဲ ကျန်ရစ်တယ်။ အဲဒါဘယ်လို သဘောလဲ ဘုရား။ ရဟန္တာတွေက ကြောက်လို့ မြတ်စွာဘုရားအနီးကနေ ဖယ်ခွာသွားကြတာလား။ မြတ်စွာဘုရားကို အသက်ဆုံးရှုံးစေလိုလို့လား။ ဒါမှမဟုတ်

မြတ်စွာဘုရားရဲ့ တန်ခိုးပြဋ္ဌိဟာကို မြင်တွေ့လိုလို့လား။ ရဟန္တာပုဂ္ဂိုလ်တွေ ကြောက်ခြင်းကင်းတယ်ဆိုတဲ့ စကားသာမှန်ရင် ရာဇဂြိုဟ်အဖြစ်အပျက်ဟာ မှားတယ်။ ရာဇဂြိုဟ်အဖြစ်အပျက်ကမှန်တယ်ဆိုရင် ရဟန္တာပုဂ္ဂိုလ်တွေ ကြောက်ခြင်းကင်းတယ်ဆိုတဲ့စကားဟာ မှားတယ်။ ဒါကို တပည့်တော် မိလိန္ဒပဉ္ဟာထဲမှာ ဖတ်ရတယ်ဘုရား။

ကျွန်ုပ်။ ။ အေးလေ. . . ဖတ်တော့ ဘာဖြစ်တုန်း။ အမေးနဲ့ အဖြေတစ်ခါတည်း ပါပြီးသားဥစ္စာ မရှင်းဘူးလား။

ကိုဌေးမြင့်။ ။ အမေးပဲ ရှင်းတယ်။ အဖြေကျတော့ စာသုံး၊ ပေသုံးတွေနဲ့မို့ သိပ်မရှင်းချင်ဘူး။ အဲဒါ အရှင်ဘုရားက ခြုံငုံပြီးတော့ နားလည်အောင်ဖြေပေးစေချင်ပါတယ်။

ကျွန်ုပ်။ ။ အေးဗျာ. . . ကျုပ်နားလည်သလောက်ကလေး ဖြေရမှာပဲ။ စာဖတ်တဲ့အခါ အဓိကကျတဲ့ စာသားတွေကို လိုင်းတားပြီး အထပ်ထပ်အခါ သဘောပေါက်တဲ့အထိ ဖတ်တာ အကောင်းဆုံးပဲဗျ။ တကယ်တော့ ရဟန္တာပုဂ္ဂိုလ်မှန်ရင် ကြောက်ရွံ့ခြင်း ကင်းတော်မူပြီးပြီ။ မကြောက်တော့ဘူးတဲ့။ ရဟန္တာဆိုတာ မဟာပထဝီမြေကြီးနဲ့တူတယ်။ မြေကြီးဟာ သူ့ကိုပေါက်တူးတွေ ဂေါ်ပြားတွေ ဘက်ဟိုးတွေ ဒိုဇာတွေနဲ့ဘယ်လောက် ထိုးခွဲထိုးခွဲ မတုန်လှုပ် မကြောက်ရွံ့တော့သလိုပါပဲ။ ရဟန္တာဆိုတာလည်း ကြောက်တတ်တဲ့ ဒေါသကိလေသာကိုပယ်ပြီးသားမို့ မကြောက်တော့ပါဘူး။ နောက်ဥပမာတစ်ခု ရဟန္တာဆိုတာ တောင်ထွတ်နဲ့တူသတဲ့။ တောင်ထွတ်ဟာ သူ့ကို ဖြတ်လျှင်ဖြစ်စေ၊ ခွဲလျှင်ဖြစ်စေ၊ မီးရှို့လျှင်ဖြစ်စေ၊ ဖြိုချလျှင်ဖြစ်စေ၊ ဘယ်လိုလုပ်လုပ် မတုန်လှုပ်တော့သလို ရဟန္တာပုဂ္ဂိုလ်ဟာလည်း မတုန်လှုပ်တော့ဘူးတဲ့။ ဒီစကားမှန်တယ်။

ကိုဌေးမြင့်။ ။ ဒါဖြင့် ရာဇဂြိုဟ်က အဖြစ်အပျက်က မှားသလားဘုရား။

ကျွန်ုပ်။ ။ ဆန္ဒမစောပါနဲ့ဗျ။ ပြောမှာပေါ့။ ရာဇဂြိုဟ်ကအဖြစ် အပျက်လည်း မမှားဘူးမှန်တာပဲ။ ရဟန္တာတွေမြတ်စွာ ဘုရားအနီးမှာ အရှင်အာနန္ဒာတစ်ပါးတည်း ချန်ထား ခဲ့ပြီး စွန့်ခွာသွားကြတာဟာ ကြောက်လို့မဟုတ်ဘူး။ ရဟန္တာဆိုတာက လောကဓာတ်တစ်သိန်းလုံးက လူတွေ အကုန်လုံး ဓားတွေ၊ လှံတွေ၊ သေနတ်တွေကိုင်ပြီး သတ် မယ်ဟေ့လို့ ခြိမ်းခြောက်ရင်တောင် မကြောက်တော့ ဘူး။ မြတ်စွာဘုရားရဲ့အသက်တော်ကို ဆုံးရှုံးစေလိုတဲ့ အတွက်ကြောင့်လည်း မဟုတ်ဘူး။ တန်ခိုးပြတာကြည့် ချင်လို့လည်း မဟုတ်ဘူး။

မြတ်စွာဘုရားရဲ့ ညီတော်လည်းဖြစ် အလုပ်အကျွေးလည်း ဖြစ်တော်မူတဲ့ အရှင်အာနန္ဒာဟာ ဘယ်လိုအခြေအနေနဲ့ပဲ ကြုံရကြုံရ မြတ်စွာဘုရားအနီးက တစ်ဖဝါးမှ မခွာဘူး ဆိုတဲ့ ဂုဏ်ကိုထင်ရှားစေလိုတဲ့အတွက် ဖယ်ခွာပေး တော်မူကြတာပါ။ ကြည့်နေတဲ့လူတွေလည်း လွတ်လပ်စွာ တရားနာယူနိုင်ပြီး မဂ်တရားဖိုတရားတွေ ရကြမှာကို မြင်လို့ပါ။ ရှင်းတယ်နော်

ကိုဌေးမြင့်။ ။ တင်ပါ့ဘုရား။ ရှင်းပါပြီ။

အစ်မရေ. . .

အဲဒီနေ့က ရဟန္တာတွေကြောက်တော်မူကြသေးလား ဆိုတာကို အထက်ပါအတိုင်း ဆွေးနွေးခဲ့ကြကြောင်းပါ. . .။ ။

ဆင်းရဲကင်းကွာ ချမ်းသာကြပါစေ

# မီးတောင်ထိပ်က နတ်စောင်းသံများ
## အပိုင်း(၁၄)
## လှူမဲ့တစ်ယောက်ရတဲ့ ကုသိုလ်

ဒီလောက်ဆိုးရွားရက်စက်တဲ့ရောဂါမျိုး ငါ့အမုန်းဆုံး ငါ့ရန်သူကို တောင်မှ မဖြစ်စေချင်ပါဘူး။

အစ်မရေ. . .

အဲဒီစကားလေးကို စာအုပ်တစ်အုပ်ထဲက ငါရခဲ့တယ်။ စာဖတ်တတ်စအရွယ် ဟိုလူဒီလူ ဝါသနာတူတွေဆီက စာအုပ်မျိုးစုံ ငှားဖတ်စဉ်အခါမှာ ငါဖတ်ခဲ့ဖူးခဲ့တာပါ။ များသောအားဖြင့်တော့ ဩဘာလမ်းထဲမှာ နှစ်ထပ်တိုက်ကြီးနဲ့နေတဲ့ မခင်စန်းထွေးဆီက ငှားဖတ်တာများပါတယ်။ သူက စာအုပ်စုရတာ ဝါသနာကြီးတယ်။ စာအုပ်တွေကိုလည်း ရိုသေတယ်။ စာအုပ်တွေကို ဗီရိုလှလှကြီးတွေနဲ့ဖတ်ချင်စဖွယ် တန်းစီထည့်ထားတာ ခမ်းခမ်းနားနားပဲ။ စာကြည့်ခန်းကလည်း ပါကေးပြားအညိုရောင် တောက်တောက်ပြောင်ပြောင်တွေနဲ့ တန်ဆာဆင်ထားတာ။ ကျွန်းသားစားပွဲအကြီးကြီးတစ်ခုပေါ်မှာ လစဉ်ထုတ်မဂ္ဂဇင်းတွေ(အလှအပနဲ့ ကျန်းမာရေးမဂ္ဂဇင်းကများပါတယ်) အပတ်စဉ်ထုတ်ဂျာနယ်တွေ စနစ်တကျ ထပ်လျက်သားပုံထားတယ်။ နိုင်ငံခြားမဂ္ဂဇင်းဂျာနယ်တွေလည်း ရှိတယ်။

ငါနဲ့ဆရာသော်တာစံတို့ စာအုပ်ဖတ်ချင်ရင် မခင်စန်းထွေးကို မျက်နှာချိုသွေးကြရတာပဲ။ ငါဆိုရင် မျက်နှာချိုတင် မကသေးဘူး။ ပါးစပ်ချိုပါသွေးပေးရတတ်တယ်။ မြို့မဈေးထဲက အပျိုကြီးမုန့်ကြိုးလိမ် ရှည်ရှည်တုတ်တုတ်ကြီးတွေ ဝယ်ကျွေးရတာကို ပါးစပ်ချိုသွေးတယ်လို့ တင်စားပြောတာပါ။ အပျိုကြီးမုန့်ကြိုးလိမ်ကလည်း ဘာချိုသလဲမမေးနဲ့ မော်လမြိုင်သံနဲ့ပြောရရင် ချိုမှချိုဆိုတာထဲကပဲ။ မုံရွာဘက်ကနေ စက်လှေနဲ့ဆန်တက်

လာတဲ့ နံ့သာရောင်ထန်းလျက်ခဲ သန့်သန့် မွှေးမွှေးကြီးတွေကို အရည်ကျိုပြီး မုန့်ကြိုးလိမ်ပေါ်မှာ ဆမ်းပေးထားတာကို ချိုတာပေါ့။ ကောက်ညှင်းကလည်း ငါတို့ကလေးမြို့နယ်မှာ ဆန်ကောင်း ဆန်သန့်ထွက်တယ်လို့ ကျော်ကြားလှတဲ့ရာဂြိုဟ်ခုံသာရွာဘက်ကလာတဲ့ ကောက်ညှင်းဆန်။ ငါတို့ငယ်ငယ်က ငါးကျပ်ဖိုးဆို အပျိုကြီးမုန့်ကြိုးလိမ် တစ်တောင်သာသာလောက် (၃)ချောင်းတောင် ရတယ်။ မခင်စန်းထွေးက အကုန်ထုတ်တာပဲ။ သူစားချင်တဲ့ မုန့်ကြိုးလိမ်ကို ဝ,အောင်စားပြီးမှ သူ့ စာကြည့်တိုက်ထဲ ဝင်ခွင့်ပေးတာပါ။ ချွေးခံအကျီထဲက စာကြည့်တိုက်ဗီရို သော့ကြီးတွေကို ဆွဲထုတ်လိုက်တဲ့အခါ ငါတို့မှာရင်ခုန်လို့ မဆုံးတော့ဘူး။ ကိုယ်ဖတ်ချင်တဲ့ စာအုပ်တွေ ရွေးချယ်ခွင့် ရတော့မယ်။ ဖတ်ရှုခွင့်ရတော့မယ်ဆိုတဲ့စိတ်က ဂွမ်းထုပ်ကို အင်ဂျင်ဝိုင်ပုံးထဲ နှစ်ထည့်လိုက်သလိုပဲ အိအိထွေးထွေး ခံစားရတာကလား။ (ဖရဏာပီတိ ဂွမ်းဆီထိဆိုတဲ့ ဝေါဟာရကရိုး သွားလို့ ဝေါဟာရပြောင်းသုံးလိုက်တာပါ)

မခင်စန်းထွေးမို့ စာအုပ်ဗီရိုတွေမဖွင့်လိုက်နဲ့ စာအုပ်ဗီရိုတွေပွင့်တာနဲ့ တပြိုင်နက် ပရုတ်လုံးနံ့တွေကို ကြိုင်လှိုင်သွားတော့တာ။ စာအုပ်တွေကို တစ်လတစ်ခါ သန့်ရှင်းရေးလုပ်ပြီးတိုင်း ကြက်ဥလောက်နီးပါးကြီးတဲ့ ပရုတ်လုံးကြီးတွေ စာအုပ်ဗီရိုထဲထည့်ထည့်ထားတာကိုး။ မွှေးတော့တာပေါ့။ မခင်စန်းထွေးက စာကြည့်တိုက်ထိန်းသိမ်းတဲ့နေရာမှာ လွှတ်တော်တာ။ အသက် (၃၀)ပြည့်တဲ့အထိ အိမ်ထောင်မပြုဘဲ စာဖတ်လိုက် စာအုပ်တွေစုလိုက်နဲ့ ပျော်လာခဲ့တာပါ။

"စာအုပ်တွေက လူတွေထက်ပေါင်းရသင်းရ လွယ်ကူတယ် ငါ့မောင်ရဲ့ သူတို့ကိုဆုံးအောင်ဖတ်ချင်ရင် ဖတ်လို့ရသလို မဖတ်ချင်လို့ရောက်တဲ့နေရာ ရပ်ထားလိုက်ရင်လည်း ရပြန်တာပဲ။ လူတွေကျတော့ ဒီလိုမဟုတ်ဘူး။ တစ်ခါ ပေါင်းပြီးတာနဲ့ တစ်သက်လုံးပေါင်းရတော့တာပဲ။ သူကလွဲပြီး တခြား တစ်ယောက်ကိုပေါင်းမိပြန်ရင် စိတ်ဆိုးတတ်ပြန်ရော။ သဝန်ကြောင်တယ် ခေါ်ရမလားဘဲ။ စာအုပ်တွေက ကိုယ်ခေါ်ရာလိုက်တယ်။ ဥပမာ-အသုဘ ပို့သွားတယ်ဆိုပါတော့။ စာအုပ်ကိုခါးကြားထဲထိုးယူသွားလို့လဲ ရတယ်။ အသုဘမို့လို့ မလိုက်ချင်ပါဘူး ပြောသလား။ ဟော. . . ချိုင်းကြားထဲညှပ် ယူသွားဦးမလား ရတယ်။ ကျက်သရေမရှိတဲ့နေရာ မလိုက်ချင်ပါဘူး။ တစ်ခွန်းမှ မပြောပေါင်။ ကဲ. . . လူတွေကြည့်စမ်း. . . ကိုယ်နဲ့ခင်တဲ့လူဆယ်ယောက်

ရှိတယ်ဆိုပါစို့ရဲ့။ လာပါဟယ် ဘယ်သူ့နာရေးဘယ်ဝါ့နာရေးဖြင့် သွားမေးကြရအောင်ပါ ခေါ်ကြည့်ပါလား။ ဆယ်ယောက်လုံး ဘယ်လိုက်မလဲနော့်။ ဗေဒင်က တုံးလုံးအိမ် ပက်လက်အိမ်ရှောင်ရမယ်ဆိုသလိုလို နေမကောင်းဘူးဆိုသလိုလိုနဲ့ ရှောင်တိရှောင်ဖယ်လုပ်နေကြတာများတယ်။ တို့မြန်မာတွေက ခါးတောင်းကျိုက်တခြား ဟိုဟာတခြားရယ်လေ"

"အောင်မယ်. . . ခင်ဗျားက ခါးတောင်းကျိုက်ဖူးလို့လား"

ငါက ကတ်တီးကပ်ဖဲ့ဝါသနာပါတဲ့ ကောင်ဆိုတော့ မခင်စန်းထွေးလစ်ကွက်ဟာကွက်တွေ့တာနဲ့ မညှာစတမ်း ဖိတွယ်တာပဲ။ ဘီလူးဖြစ်မယ့်ကောင် ငယ်ငယ်ထဲက အစွယ်နဲ့ဆိုတာလိုပေါ့။ မခင်စန်းထွေးက သဘောထားပြည့်ဝပါတယ်။ ငါဘယ်လိုပြောပြော စိတ်မဆိုးရှာပါဘူး။ (တော်တော်ထူတဲ့ကောင်စားလေးပါလားဆိုပြီး သနားလို့သည်းခံခွင့်လွှတ်ထားတာလားတော့ မသိဘူးပေါ့ဟာ)

"ဟဲ့. . . မိန်းကလေးပါဆိုနေ ခါတောင်းကျိုက်စရာလား။ ဒါက ဥပမာပြောတာ။ တို့မြန်မာတွေ အစွဲလမ်း မကြီးသင့်တဲ့နေရာမှာ အစွဲလမ်းကြီးကြလွန်းလို့ ပြောတာဟဲ့။ ပြီးတော့ စာအုပ်တွေက ရုပ်ရှင်ကြည့်တို့၊ ပျော်ပွဲစားတို့ မလိုက်ရလို့လည်း လူတွေလို စိတ်မကောက်ဘူး။ အဲဒါကြောင့် ငါကတော့ စာအုပ်တွေကိုပဲချစ်တယ်။ မြတ်နိုးတယ်။ စာအုပ်တွေနဲ့ပေါင်းတယ်"

မခင်စန်းထွေးဟာ အပြောနဲ့အလုပ်နဲ့ညီပါတယ်။ ချီးမွမ်းစရာပဲ။ ချီးမွမ်းစရာဆိုလို့ ပြောရဦးမယ်။ တို့လူတွေက နိဂ္ဂဟနဲ့ပဂ္ဂဟ သိပ်အချိုးမကျဘူးဖြစ်နေတယ်။ နိဂ္ဂဟဆိုတာ ကဲ့ရဲ့တာနှိပ်ကွပ်တာပဲ။ ပဂ္ဂဟဆိုတာကတော့ ချီးမွမ်းတာမြှောက်စားတာပေါ့။ လူတစ်ယောက်မှာ ကဲ့ရဲ့စရာ နှိပ်ကွပ်စရာများ မတွေ့လိုက်နဲ့ အဲဒီလူမသက်သာဘူးသာမှတ်ပေရော့။ တစ်ယောက်ကစ,တစ်ရာ၊ တစ်ရပ်လုံး၊ တစ်ရွာလုံး ဝိုင်းပြီးတော့ ကဲ့ရဲ့ကြနှိပ်ကွပ်တတ်ကြတယ်။ လူတစ်ယောက်မှာ ကောင်းကွက်(၁၀)ခုလောက် တွေ့နေရစေဦးတော့ "ဒီလူက ဒါတွေတော့ သိပ်ကောင်းတာပဲ" လို့ ချီးမွမ်းရခက်နေတတ်ကြတယ်။ ဒါလည်း ကောင်းတဲ့သဘောမဟုတ်ဘူး။ ကဲ့ရဲ့စရာတစ်ခုတည်းကိုသာမြင်ပြီး ချီးမွမ်းစရာကျတော့ မမြင်ဘူးဆိုတာဟာ တစ်ဖက်ကန်းနေတဲ့ သဘောသာဖြစ်ပါတယ်။ နှစ်ဖက်မြင်တဲ့ပုဂ္ဂိုလ်မှ ပညာရှိသူတော်ကောင်းမဟုတ်ဘူး။ သူ့မှာရှိတဲ့ ကဲ့ရဲ့စရာဆိုးကွက် ညံ့ကွက်တွေကို ထောက်ပြ

ဝေဖန်ပြီးရင် သူ့မှာရှိတဲ့ချီးမွမ်းစရာကောင်းကွက်ကလေးတွေကိုလည်းပဲ ထောက်ပြချီးမွမ်းရမယ်။

မေတ္တာရှင်ဆရာတော်ကတော့ ဘဝတူလုပ်ငန်းတူချင်းဖြစ်ပါလျက်ကယ်နဲ့ သူ့လောက်ကိုယ့်မှာ အောင်မြင်မှုမရဘူးဆိုတာဟာ ကဲ့ရဲ့ဖို့လောက် အားသန်ပြီး ချီးမွမ်းဖို့မေ့နေလို့. . . တဲ့။ ငါသဘောကျတယ်။ ထောက်ခံတယ်။ သူ့ဂုဏ်ချီးမြှောက်ပါမှ ကိုယ့်ဂုဏ်ကလည်း မြှောက်တယ်။ သူလိုချင်တာသူ့ကို အရင်ပေးမှ သူကလည်း ကိုယ်လိုချင်တာကို ကျေနပ်ဝမ်းမြောက်စွာ ပြန်ပေးလိမ့်မယ်လေ။

အဲဒါကြောင့် ငါကတော့ သူများကောင်းကွက်ရှာကြည့်ပြီး ချီးမွမ်းတဲ့ အလုပ်ကိုကြိုးစားလုပ်ကြည့်နေမိတယ်။ အခု မခင်စန်းထွေးကို ချီးမွမ်းတာဟာ ငါ့အတွက်လေ့ကျင့်မှု တစ်ခုပဲပေါ့ဟာ။

မခင်စန်းထွေးရဲ့ ကျေးဇူးကြောင့် "ဒီလောက်ဆိုးရွားတဲ့ ရောဂါမျိုး ငါ့အမုန်းဆုံး ငါ့ရန်သူကိုတောင်မှ မဖြစ်စေချင်ပါဘူး". . . ဆိုတဲ့ စာပိုဒ်ကလေးကို ငါဖတ်ခွင့်ရခဲ့တယ်။ အမေရိကန်နိုင်ငံမှာ လူဖြူ လူမဲခွဲခြားဆက်ဆံတဲ့အခါတုန်းက လူမဲတွေကို ကျွန်ပြုထားကြတာ။ လူဖြူတွေက လူမဲတွေကို လူလိုမဆက်ဆံဘဲ တိရစ္ဆာန်လိုဆက်တံတာ အဲဒီစာအုပ်ထဲမှာ ဖတ်ရတယ်။ လူမဲတွေကို ကျင်းနက်နက်ကြီးတစ်ခုထဲ စုပြုံထည့်ထားတာတွေ မညှာမတာနှိပ်စက်တာတွေဟာ အေ့နှလုံးနာစရာပါပဲ။ ဒါကြောင့်လည်းပဲ လူမဲတွေက အခွင့်သာတော့ လူဖြူတွေကိုပြန်သတ်တာပေါ့။

သဗ္ဗေ သတ္တာ ကမ္မ သကာ. . . ပဲလေ။ ဒီဝေါဟာရလည်း တို့မြန်မာတွေက အသံအမှန်မထွက်ကြဘူး။ သဗ္ဗေ သတ္တာ ကမ္မသကာလို့ချည်း ထွက်နေကြတယ်။ အမှန်က သဗ္ဗေသတ္တာ ကမ္မသ် သကာ. . . လို့ သသတ်သံလေး ထည့်ရွတ်ရမှာလေ။ ထားပါတော့။ လူဖြူတွေဟာ လူမဲတွေကို တိရစ္ဆာန်နဲ့ တစ်တန်းတစ်စားတည်း ထားပြီးတော့ ခိုင်းစေကြတယ်။ ကျွေးတော့လည်းပဲ ခပ်ညံ့ညံ့အစားအစာ တွေကိုကျွေးတယ်။ ဝအောင်တောင်မှ မကျွေးဘူး။ မဝ,ရေစာပဲ ကျွေးတယ်။ ဝတ်ရတော့လည်း ဂုံနီအိတ်လို အကြမ်းထည်ကြီးတွေပေါ့၊ လုံခြုံအောင် နွေးထွေးအောင် ဝတ်ခွင့်ရကြတာတော့ မဟုတ်ပါဘူး။ တိုတိတိုနန့် အရှက်လုံရုံလောက်ကလေး ဝတ်ကြရရှာတာပါ။ နေစရာဆိုတာကလည်း လူလိုသူလို နေရတာမဟုတ်ပါဘူး။ ကျွဲတွေ၊ နွားတွေ၊ သိုးတွေ၊

ဆိတ်တွေလို ခြံတွေ ဂိုဒေါင်တွေထဲ စုထည့်ထားတာပဲတဲ့။ အစားက ဆင်းရဲ အနေက ဆင်းရဲဆိုတော့ လူမဲတွေခမျာရောဂါပေါင်းစုံ ဖြစ်ပွားခံစားရတယ်လေ။

အဲဒီလိုဖြစ်နေတာကို လူဖြူတွေက မသနားတဲ့အပြင် "လူမဲဆိုတာ ကျွန်ခံဖို့ ဘုရားသခင်က ဖန်ဆင်းပေးထားတဲ့ သတ္တဝါ". . . လို့တောင် ကြွေးကြော်နေလိုက်ကြသေးရဲ့။ လောကမှာ လူတွေအတွက် ကြောက်စရာ အကောင်းဆုံးသတ္တဝါဆိုတာ တစ္ဆေမဟုတ်ဘူး။ သရဲမဟုတ်ဘူး။ ဘီလူးလည်း မဟုတ်ဘူး။ လူတွေပဲ။

ကျွန်ပြုခံရတဲ့ လူမဲတွေဟာ အသက်(၄၅)နှစ်လောက်ရှိတဲ့ လူမဲကြီး တစ်ယောက်ဟာ ဝါခင်းတွေထဲမှာ အလုပ်လုပ်ရတယ်။ သူ့မှာအဆုတ်နာ ရောဂါပြင်းထန်စွာ ခံစားနေရတဲ့အတွက် အလုပ်လုပ်ရင်းနဲ့ သွေးတွေလည်း တပွက်ပွက်အန်နေတယ်။ အစားအသောက်က မသန့်ရှင်းတဲ့အတွက် သွေး ဝမ်းတွေလည်း တဗျစ်ဗျစ်ထွက်နေတယ်။ အနေအထိုင်မသန့်ရှင်းတဲ့အတွက် ခန္ဓာကိုယ်မှာ ဝဲတွေ ပွေးတွေကလည်း တစိုစိုပေါ့။ အဲဒီလူက ငါ့ကို ဒီလို ဘဝရောက်အောင်လုပ်တဲ့ လူဖြူတွေသေပါစေ၊ ကြေပါစေ၊ ပျက်စီးပါစေလို့ ဆုမတောင်းရှာပါဘူး။ သူခံစားနေရတဲ့ ရောဂါတွေက ဆိုးဝါးလွန်းလို့ လွတ် မြောက်ချင်တာရယ်။ ပြီးတော့. . . သူ့လိုတခြားလူတွေ မဆင်းရဲကြပါစေနဲ့ ဆိုတဲ့ မေတ္တာစိတ်ရယ်။ သူ့ဆီမှာဒါတွေပဲ တွေ့ရတယ်။ မြင့်မြတ်တဲ့စိတ်ထား ပါပဲ။ မြတ်စွာဘုရားက အနာထပိဏ်သူဌေးကို ဟောတဲ့ဒေသနာတစ်ခုမှာ "ကြီးကျယ်များပြားမြတ်တဲ့ ဒါနတွေထက် သရဏဂုံတည်တဲ့ ကုသိုလ်က ပိုမြတ် တယ်။ သရဏဂုံကုသိုလ်ထက် သရဏဂုံသုံးပါးနဲ့တကွ ငါးပါးသီလခံယူ ဆောင်တည်ရတဲ့ ကုသိုလ်က ပိုမြတ်တယ်။ အဲဒီကုသိုလ်ထက် သူတစ်ပါးတွေ ဆင်းရဲကင်းကြပါစေ၊ ချမ်းသာကြပါစေလို့ တခဏလောက် မေတ္တာပွားရတဲ့ ကုသိုလ်က ပိုမြတ်တယ်"

ဆိုတာမှတ်သားခဲ့ရဖူးပါတယ်။ ဒီတော့ လူမဲကြီးရဲ့ မေတ္တာဟာ ဒါန၊ သီလထက်ပိုမြတ်တဲ့ ကုသိုလ်ကိုရရှိစေမှာ သေချာတယ်လို့ ငါတွေးမိတယ် လေ။ ဘယ်ကမ္ဘာက ဘယ်သူပဲဖြစ်ဖြစ်၊ အချင်းချင်းအပေါ် မေတ္တာထားနိုင် လေလေ ကောင်းလေလေပဲပေါ့ အစ်မရယ်။

မေတ္တာတရား၊ လက်ကိုင်ထား၊ အများချမ်းသာမည်

# မီးတောင်ထိပ်က နတ်စောင်းသံများ
## အပိုင်း(၁၅)
## ဆူးရဲ့အလှုန်

ဥစ္စာပစ္စည်း ရန်မီးသွယ်သွယ်
ကုသိုလ်ပစ္စည်း ရန်မီးလွတ်တယ်
တွေးဆ ဘေးဘယ မအေးမြနိုင်တယ်။
နိဗ္ဗာန်နန်း စံမြန်းတို့ယူမယ်။ ။

လယ်တီဦးဝိလာသ

အစ်မရေ. . .

အဲဒါကတော့ အနီးစခန်းဆရာတော်ဘုရားကြီးနဲ့ ခေတ်ပြိုင်ထင်ရှားကျော်ကြားတော်မူခဲ့တဲ့ လယ်တီဦးဝိလာသရဲ့ တရားဆောင်ပုဒ်ကလေးပါ။ လာဇာနတ်သမီးတရားခွေထဲက တရားဆောင်ပုဒ်ကလေးပေါ့။ လာဇာနတ်သမီးတရားခွေ ပထမပိုင်းမှာပါတဲ့ ပုံပြင်ကလေးကလည်း သဘောကျစရာ ကောင်းလွန်းလို့ ပြောပြရဦးမယ်။

တစ်ခါတော့ တောရဘုန်းကြီးလေးတစ်ပါးဟာ တောရကျောင်းကနေ မြို့ကို ကိစ္စတစ်ခုနဲ့တက်လာသတဲ့။ နှစ်ထပ်ပျဉ်ထောင် သွပ်မိုးအိမ်ကြီး တစ်လုံးနားရောက်တော့

"အင်း. . . ငါမှာလဲ မနက်အစောကြီး တောကျောင်းကနေ ထွက်လာခဲ့ရတာ။ ဆန်ပြုတ်လေးတစ်ဇွန်းတောင် မသောက်ခဲ့ရ။ ထမင်းကြော်လေးတစ်ဇွန်းမှ မစားခဲ့ရ။ ဟောဒီအိမ်ကြီးကတော့ဖြင့် သဒ္ဓါတရားကောင်းမယ့်ပုံပဲ။ ဆွမ်းချိန်လည်း နီးနေပြီမို့ ဆွမ်းဖိတ်လေဦးမှ"

လို့တွေးမိသတဲ့။ တောရဘုန်းကြီးလေးဝင်လာတာကို အိမ်ရှင်မိန်းမကြီးက ပြောင်းဖူးဖက်ဆေးလိပ်ကြီး တထောင်းထောင်းဖွာရင်း ကြည့်နေတယ်။

အနီးနားရောက်ကာမှ. . .

"ကိုယ်တော်. . . ဘာကိစ္စတုန်း"

လို့ မေးသတဲ့။

"သြော်. . . ဒီလိုပါ ဒကာမကြီးရယ်။ ဘုန်းကြီးက တောရဆောက်တည်နေတာပါ။ မြို့ကိုကိစ္စရှိလို့ တက်လာတယ်ပဲဆိုပါတော့။ အဲဒါ မနက်ကတည်းက ဘာတစ်ခုမှ ဘုဉ်းမပေးခဲ့ရသေးတော့ ဗိုက်ဆာလာတယ် ဒကာမကြီးရေ။ ဆွမ်းချိန်ကလည်း နီးနေပြီမဟုတ်လား။ ဆွမ်းလေးတစ်ပန်းကန်ပြားလောက် ဆီဆမ်းဆားဖြူးပြီး ကပ်နိုင်မလားလို့"

"ဒုက္ခပါပဲ အရှင်ဘုရားရယ်. . . တပည့်တော်မတို့မှာက ဟန်သာရှိတယ်။ အဆန်မရှိဘူး ဘုရား။ အခုတလော ဆန်ပြုနေလို့ ဆန်ပြုတ်တစ်လှည့် ပြောင်းထမင်းတစ်လှည့် စားနေကြရတာ"

"လုပ်ပါ ဒကာမကြီး"

"မရလို့ပါ ဘုရား. . . တပည့်တော်မလည်း ဗုဒ္ဓဘာသာပဲ။ ရဟန်းသံဃာမြင်ရင် လှူချင်တာပေါ့. . . အခုဟာက"

"လုပ်ပါ ဒကာမကြီး။ ဆွမ်းချိန်က အင်မတန်နီးနေလို့ပါ. . . ကြံစမ်းဖန်စမ်းပါဦးဗျာ"

အိမ်ကြီးရှင် ဒကာမ တော်တော်စိတ်ပျက်သွားပုံရတယ်။

"ဒါဖြင့် အရှင်ဘုရားခဏစောင့်ဦး. . . ခင်ရာမင်ရာအိမ်ကလေးတွေ ဆန်လှည့်ချေးလိုက်ဦးမယ်"

"အင်း. . . အင်း"

အိမ်ကြီးရှင်ဒကာမ ပြောင်းဖူးဖက်ဆေးလိပ်ကြီး ငေါ့တော့ငေါ့တော့နဲ့ တခြားအိမ်ဘက်ထွက်သွားတယ်။ ဆန်ချေးတာတော့ မဟုတ်ပါဘူး။ ရောက်တတ်ကရ ပေါက်တတ်ကရတွေပြောပြီး ဆေးလိပ်ထိုင်ဖွာနေတာပါပဲ။ ဒကာမ အထင်က တောရဘုန်းကြီးတော့ စောင့်ရတာကြာရင် ပြန်သွားလိမ့်မယ်ပေါ့။ ကျန်ခဲ့တဲ့ တောရဘုန်းကြီးက စဉ်းစားတယ်။

"အင်း. . . ဒီလောက် ခမ်းနားထည်ဝါတဲ့အိမ်ကြီးမှာ ဆန်ပြတ်တယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ ယုံနိုင်စရာမရှိတာကြီး. . . မှန်းစမ်း. . . အိမ်မှာ ငါတစ်ပါးတည်းရှိတာ မီးဖိုချောင်ထဲ လျှောက်ကြည့်ဦးမှ"

တောရဘုန်းကြီး မီးဖိုချောင်ထဲလျှောက်ကြည့်တဲ့အခါ ကြောင်အိမ်ကို

အရင်ဖွင့်ကြည့်ပါတယ်။

"ဟမ်မလေး. . . နည်းတဲ့ ငါးရံ့ခြောက်ပြားကြီးလား ဟရို့။ အံမယ်. . ဒီမှာလည်း ထောပတ်ဆီတွေ၊ အခန်းထောင့်မှာ ကြံချောင်းကြီးလည်း ထောင်ထားလိုက်သေး။ ဒီမှာ. . . ထန်းလျက်ခဲကြီးတွေဆိုတာ လူကိုထုရင်သေလောက်တယ်။ ဟော. . . ဆန်အိုးထဲမှာလည်း ပေါ်ဆန်းမွှေးဆန်တွေ အပြည့်။ တန်တော့. . . ဒီဒကာမကြီး သက်သက်မဲ့ကပ်တီးကပ်ဖဲ့ လုပ်တာ။ တွေ့ကြသေးတာပေါ့၊ သူ့အိမ်က ဆွမ်းတစ်လုတ်လောက်မှ မစားရရင် ငါမပြန်ဘူး။ ကိုင်း. . . ပေထိုင်နေမယ်မှတ်ကရော"

အိမ်ကြီးရှင်ဒကာမက ဒီလောက်ဆိုတောရဘုန်းကြီးတော့ စိတ်ပျက်ပြီး ကြွသွားလောက်ပြီလို့ ထင်တာနဲ့အိမ်ပြန်လာခဲ့တယ်။

"အံမလေးတော်. . . ပြန်သေးဘူး။ စွင့်စွင့်ကြီးထိုင်လို့"

"ဘယ့်နှယ်လဲ ဒကာမကြီး၊ ဆန်ချေးတာရခဲ့သလား"

"မရခဲ့ဘူး ဘုရား၊ တပည့်တော်မလည်း အရှင်ဘုရားကို ဆွမ်းကပ်ချင်လွန်းလို့ အိမ်တော်တော်များများကို ဆန်လှည့်ချေးခဲ့တာပါပဲ မရပါဘူး"

"ရှိပါစေတော့ ဒကာမကြီး။ ကျုပ်တော့ မနက်ကတည်းက နိမိတ်မကောင်းလို့ ဒီနေ့သေချာပေါက် ငတ်မယ့်နေပဲဆိုတာ ထင်မိသား"

"ဘာလိုနိမိတ်မကောင်းတာလဲ ဘုရား"

"ကျောင်းက ထွက်ထွက်ချင်း လမ်းမှာ မြွေကြီးတစ်ကောင်တွေ့တယ်လေ။ မြွေက နဲနဲနောနောမဟုတ်ဘူး။ အကြီးကြီးဗျာ"

"ဟုတ်လား. . . မြွေက ဘယ်လောက်တောင် ကြီးသလဲဘုရား"

"တော်တော်ကြီးတယ် ဒကာမကြီး. . . မီးဖိုချောင်ထဲထောင်ထားတဲ့ ကြံချောင်းကြီးလောက် ရှိတယ်"

"ဟောတော်. . ."

"ဒီလောက်ရှိတဲ့မြွေ ကျောက်ခဲနဲ့ထုမယ်ဟဆိုပြီး အနီးနားကျောက်ခဲလိုက်ရှာလိုက်တာ ကျောက်ခဲက သေးသေးမတွေ့ဘူး။ အကြီးပဲတွေ့တယ်"

"ကျောက်ခဲ ဘယ်လောက်ကြီးသလဲ ဘုရား"

"မီးဖိုချောင်ထဲက ထန်းလျက်ခဲကြီးတွေလောက် ရှိတယ်"

"ဟောတော်"

"အံမယ်. . . ကျောက်ခဲနဲ့ထုတော့ မြွေကပါးပျဉ်းကြီးရှုးခနဲထောင်လိုက်

တာ နဲတာကြီးမဟုတ်ဘူး"

"မြွေပါးပျဉ်းက ဘယ်လောက်ကြီးသတုန်းဘုရား"

"ဒကာမကြီးရဲ့ သိမ်းထားတဲ့ ငါးခြောက်ပြားကြီးလောက် ရှိတယ်"

"ရှိစုမဲ့စုအကုန် မွှေနှောက်ထားတာပါလားနော်"

"မြွေပါးစပ်ထဲက အစွယ်လေးတွေဆိုတာကလည်း ဘာလှသလဲမမေးနဲ့"

"ဘယ်လောက်လှလဲ ဘုရား"

"ဒကာမကြီး ဆန်အိုးထဲက ပေါ်ဆန်းမွှေးဆန်လေးတွေလောက် လှတယ်"

ဒီလိုနဲ့ အိမ်ကြီးရှင်ဒကာမလည်း မငြင်းရဲတော့ဘဲ တောရဘုန်းကြီးကို ဆွမ်းချက်ကပ်လိုက်ရတော့သတဲ့။ ဒီပုံပြင်ကလေးဟာ တကယ်ဟုတ်ချင်လည်း ဟုတ်မယ်။ မဟုတ်ချင်လည်း မဟုတ်ပေဘူး။ ဒါပေမယ့်. . . ဒါနနဲ့ ပတ်သက်တဲ့ အတွေးအမြင်တစ်ခုတော့ သေချာပေါက်ရလိုက်တာ အမှန်ပဲ။

လောကမှာ ဒါနကုသိုလ်တစ်ခု အောင်အောင်မြင်မြင်ပြုဖြစ်ဖို့ရာ အင်မတန်ခဲယဉ်းတယ်။ အလှူခံပုဂ္ဂိုလ်လည်း အဆင်သင့်ရှိ၊ လှူဖွယ်ဝတ္ထုကလည်း အဆင်သင့်ရှိ၊ နောက်ပြီး လှူချင်စိတ်လည်းရှိဦးမှ ဒါနကုသိုလ် အောင်မြင်တာ။ အလှူခံပုဂ္ဂိုလ်နဲ့ လှူဖွယ်ဝတ္ထုတော့ ရှိပါရဲ့ လှူချင်တဲ့စိတ်ကမရှိဘူးဆိုရင် ပြဿနာ။ ပြဿနာဆိုတာ သူစိမ်းမဟုတ်ပါဘူး။ လူသားတွေနဲ့ အရင်းနှီးဆုံးနေရာမှာ ရှိတယ်။ ဥပမာ-နှင်းဆီပန်းတွေနဲ့ အနီးဆုံးနေရာမှာ ဆူးတွေရှိနေသလိုပဲပေါ့။ ဆူးတွေဟာ ပြဿနာတွေ အခက်အခဲတွေ့လို့ သဘောထား။ ဆူးရဲ့အလွန်မှာ မွှေးပျံ့ချိုအီတဲ့နှင်းဆီပွင့်လှလှကြီးနဲ့ တွေ့လိမ့်မယ်။ ဒီလိုပါပဲ။ ပြဿနာဆိုတာတောင် ရှိလာသေးရင် ပြဿနာကို ဖြေရှင်းတဲ့နည်းဆိုတာလည်းပဲ သေချာပေါက်ရှိရမယ်။ ပြဿနာကိုဖြေရှင်းဖို့ အချိန်ဟာ အခုအချိန်ပဲလို့ ခံယူလိုက်တာနဲ့ တပြိုင်နက် ဖြေရှင်းနိုင်စရာ နည်းလမ်းတွေ တစ်ခုပြီးတစ်ခုပေါ်ပေါက်လာမှာ အမှန်ပဲ။ ကောင်းပြီ။ လှူစရာရှိတယ်။ အလှူခံပုဂ္ဂိုလ်လည်းရှိတယ်။ လှူချင်စိတ်မရှိတာ။ "ငါ. . . လှူနိုင်တယ်။ လှူသင့်တယ်။ ပညာရှိတဲ့ပုဂ္ဂိုလ်ဟာ မီးတောက်သေးသေး လေးကို မှုတ်ပြီးမီးပုံကြီးဖြစ်အောင် လုပ်သလို ဥစ္စာပစ္စည်းအနည်းငယ်ကနေ အများကြီးဖြစ်အောင် လုပ်ရသတဲ့။ လှူတာဟာ ယူတာပဲ။ မြတ်စွာဘုရား

အလောင်းတော်တွေတောင် ပါရမီဆယ်ပါးမှာ ဒါနပါရမီကို စ,ဖြည့်ကြသေးတာ။ ငါ. . . လှူမယ်" ဒီစိတ်ထားလေးဖြစ်အောင် တွေးယူ။ အလုပ်မှန်သမျှ အတွေးကစ,ကြရတာချည်းပဲ။ အတွေးကောင်းသလောက် အလုပ်ကောင်းပြီး အလုပ်ကရမယ့် အကျိုးတွေလည်း ကောင်းလာမှာ သေချာတယ်။ အတွေးကောင်းဖို့ကတော့ အကောင်းတွေရမှာပေါ့လေ။ အဆိုးတွေတွေးနေသမျှတော့ အတွေးတွေက ဆိုးနေဦးမှာပါပဲ။ လိုရင်းအနှစ်ချုပ်ကတော့ ကုသိုလ်ရေးအပါဝင် အရေးကိစ္စအားလုံးကို ဆူးရဲ့အလွန်. . . ဆိုတာလေးတွေးပြီး ပြောင်မြောက်စွာ လုပ်သွားရမယ့် အကြောင်းကောင်းကောင်း သဘောပေါက်စေချင်တာပါ။ ။

ဆင်းရဲကင်းကွာ ချမ်းသာကြပါစေ။

## မေတ္တာလမ်း

မသိမှုတကာ မသိမှုတွေထဲမှာ မေတ္တာတရားရဲ့ အတိမ်အနက်ကို မသိတာက အဆိုးဆုံးပဲ။ အဲသလိုလူမျိုး ဘယ်တော့မှ ထိပ်တန်းလည်း မရောက်ဘူး။ ကိုယ်စိတ်နှစ်ပါးလည်း မချမ်းသာဘူး။

မဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒ
မင်္ဂလာဥယျာဉ် ဆရာတော်
ကလေးမြို့

လွန်တော်မူခဲ့ပြီဖြစ်တဲ့ ငယ်ဆရာတော်ဘုရားရဲ့ဩဝါဒ တစ်ပုဒ်ပါ။ ဥပုသ်နေ့ညချမ်းရောက်တိုင်း ဩဝါဒပေးတဲ့ရလဒ်ဟာ တပည့်ကောင်းတွေ အများကြီး ပေါ်ထွန်းစေခြင်းတည်းဟူသော ကောင်းကျိုးရသကွလို့ မြိန်ရေယှက်ရေ အားပါးတရ မိန့်တော်မူတတ်ပါတယ်။

အခု ဆရာ မရှိတော့ပြီပဲ။ တကယ့် လွမ်းစရာ. . . ။

"တို့မန္တလေးမယ် လက်ဖက်အစိုအခြောက်ရောင်းသူတွေ ဒုနဲ့ဒေးပဲ ကွယ့်။ လက်ဖက်ရောင်းသူတိုင်း အရှိုးတောင်းလို မအောင်မြင်ကြဘူး။ စီးပွားရှာတဲ့အခါ မေတ္တာအလင်းရောင်ကို ထွန်းညှိပြီး မရှာကြလို့ မအောင်မြင်ကြတာပဲ။ လက်ဖက်သည်တော်တော်များများ သူတို့ရောင်းတဲ့လက်ဖက်ကို ယောင်လို့တောင် မြည်းမကြည့်ကြဘူး။ အရှိုးတောင်းလက်ဖက် ဦးကျော်သိန်း ဒေါ်ကြွယ်ကြွယ်တို့ကတော့ အောင်မြင်ပြီးသားဆိုပေမယ့် မာန်မတက်ဘူး။ မနက်လေးနာရီကတည်းက အိပ်ရာထ,တယ်။ ဒီကနေ့မနက် လာရောက်ဝယ်ယူအားပေးကြမယ့် ဈေးဝယ်တွေကို မေတ္တာပို့တယ်။ လက်ဖက်လာဝယ်

သူတွေ စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်ကြစေဖို့ အမြဲစိတ်ကူးတယ်။ ဦးကျော်သိန်း ဒေါ်ကြွယ်ကြွယ်တို့ဟာ နောက်တစ်နေ့ရောင်းချမယ့် လက်ဖက်ကို သူတို့ကိုယ်တိုင် ညကိုးနာရီ၊ ဆယ်နာရီအထိ အပင်ပန်းခံပြီး စပ်ကြတယ်။ ကောင်းမကောင်း မြည်းကြတယ်။ စိတ်ကြိုက်ဖြစ်မှ အိမ်ပြန်တယ်။ သူတို့မကြိုက်လျှင် ဝယ်သူကြိုက်စရာအကြောင်းမရှိဘူး။ ဝယ်သူပေါ် မေတ္တာထားတဲ့အတွက် အရိုးတောင်းလက်ဖက်ဟာ အောင်မြင်တာ ဘယ်အလုပ်မဆို မေတ္တာနဲ့လုပ်မှအောင်မြင်တာပဲ။ တစ်ဖက်လူအပေါ် မေတ္တာမထားဘဲ ရိတ်မယ်၊ လှီးမယ်၊ ဆော်ပစ်မယ်ဆိုတဲ့လူတွေဟာ ဘယ်တော့မှ မအောင်မြင်ဘူး။ အောင်မြင်လည်း ခဏပဲ။ ခွေးရူးတောင်းစား တစ်မွန်းတည့်ပဲ။ ဒီတော့ ငါ့တပည့်တွေ ဘယ်နေရာ ဘယ်ဒေသမှာ ဘာအလုပ်ပဲလုပ်လုပ် မေတ္တာထားပြီးလုပ်ကြ။ ထိပ်ဆုံးရောက်တဲ့အထိ အောင်မြင်မယ်။ အောင်မြင်တဲ့အခါ ပီပီသသ အောင်မြင်မယ်။ ခဏလေး အောင်မြင်တာမျိုး မဟုတ်ဘဲ ရေရှည်အောင်မြင်မယ်"

ဆရာတော်ဘုရားထံက ပရိယတ္တိအခြေခံ စာပေအမွေသာမက စိတ်ဓာတ်အမွေကိုပါ ရအောင်ယူခဲ့ကြတဲ့စာရေးသူတို့ဟာ ဆရာကောင်းတပည့် ပန်းကောင်းပန်ခဲ့ကြရပြီ။ စာသင်သားဘဝတုန်းကလည်း စာသင်သားဘဝမို့လို့ စာချဆရာတော်များ ကျန်းမာချမ်းသာကြပါစေ မေတ္တာပို့၊ ကိုယ်နဲ့စာသင်ဖော် စာသင်ဖက်တွေကို မေတ္တာပို့၊ စာဖြောင့်ဖြောင့်သင်ယူနိုင်အောင် ပစ္စည်းလေးပါးထောက်ပံ့ လှူဒါန်းကြတဲ့ ဒကာဒကာမတွေကို မေတ္တာပို့၊ စာမေးပွဲဖြေတော့လည်း စာမေးပွဲအခန်းစောင့်ဆရာတော်များက အစ စာစစ်ဆရာတော်တွေအဆုံး အားလုံးကို မေတ္တာပို့။ မေတ္တာအစွမ်းက အံ့မခန်းပါပဲ။ စာမေးပွဲတစ်နှစ်မှ မကျခဲ့ဘူး။ ကိုယ်တိုင်စာချဘုန်းကြီးဖြစ်လာတော့လည်း စာချဖော်စာချဖက် ဆရာတော်များကိုမေတ္တာပို့၊ ကိုယ့်ဆီစာလာလိုက်တဲ့ သံဃာတွေကို မေတ္တာပို့၊ စာဖြောင့်ဖြောင့်ချနိုင်အောင် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းကြတဲ့ ဒကာဒကာမတွေကို မေတ္တာပို့။ ဒါလည်း အောင်မြင်တာပါပဲ။ စာပေဝါသနာကြီးလွန်းလို့ စာတွေဖတ်တော့လည်း ငါ့ဘာသာငါပိုက်ဆံပေးဝယ်ဖတ်ရတာပဲ ဘာမှအပိုတွေလုပ်နေစရာမလိုဘူး ဆိုတဲ့ အောက်တန်းစားစိတ်ဓာတ်ကို မမွေးမိ။ မေတ္တာပို့နေကျအတိုင်း ဒီစာအုပ်ကိုရေးသားတဲ့ စာရေးဆရာကြီး၊ ဆရာမကြီးများ ကျန်းမာ

ချမ်းသာကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။ စာကောင်းပေမွန်များ အပုဒ်ပေါင်း ထောင်သောင်း သိန်းသန်းမက ရေးသားနိုင်ကြပါစေ။ အဲသလို မေတ္တာပို့ပြီးဖတ်ဖြစ်တယ်။ မေတ္တာအရင်းခံပြီး စာဖတ်တော့ စိတ်နှလုံး ကြည်လင်အေးမြနေတာမို့ သာမန်ထက်နှစ်ဆပို မှတ်မိတယ်။ ပြီးတော့ ကုသိုလ်လည်း ရတယ်။ မေတ္တာဆိုတာ ဘာဝနာကုသိုလ်ပဲ မဟုတ်လား။ မြတ်စွာဘုရားက နိဒါနဝဂ္ဂသံယုတ်မှာ-

-ထမင်းအိုးကြီးတစ်ရာ၊ ဟင်းအိုးကြီးတစ်ရာဖြင့် နံနက်တစ်ကြိမ်၊ နေ့လည်တစ်ကြိမ်၊ ညနေတစ်ကြိမ် ကျွေးမွေးလှူဒါန်းခြင်းထက် မေတ္တာစိတ်ကို နံနက်တစ်ကြိမ်၊ နေ့လည်တစ်ကြိမ်၊ ညနေတစ်ကြိမ် နွားနို့တစ်ခါ ညှစ်စာလောက်မျှ ပွားများသူသည်ပို၍ အကျိုးတရားကြီးမား၏။

လို့ ထင်ရှားစွာဟောပြတော် မူခဲ့တယ်။ ဒါကိုပဲ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ဆောင်ပုဒ်လင်္ကာဖွဲ့သီ ပြပြန်တယ်။

တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်
ချက်ကာထမင်း၊ ကျွေးမွေးခြင်းထက်
မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ
ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ
ကျိုးကြီးမားသည် ဘုရားမြတ်စွာမိန့်ခွန်းတည်။

မဟာစည်ဆရာတော်

ခက်တော့လည်း အခက်သားလား။ နည်းကောင်းလမ်းကောင်းပြောပြ ပေမယ့် မလိုက်နာချင်သူကျတော့ ကြံဖန်ပြီး ဆင်ခြေကန်တတ်တာပဲ။ စာရေး သူထက် အသက်(၂)နှစ်လောက်ကြီးတဲ့ အစ်မ မခင်စန်းထွေးကို မေတ္တာပွား များဖို့ ပြောတော့ "အို. . . တပည့်တော်မှ နွားနို့မညှစ်ဖူးတာ" တဲ့၊ နို့ တစ်ညှစ်စာဆိုတာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်စာလောက်ဆိုတာကို သူ မသိလေရော့သလား မသိ။ ဒါကြောင့်လည်း "ကျွန်မဓာတ်ပုံကို ပြစရာမလို ထမင်းအိုးဖင်ကိုသာ ကြည့်ပါအစ်ကို" ဆိုတာလိုအခုထိ တစ်ကိုယ်တည်း

အပျိုကြီးဖြစ်နေတာ နေမှာပါပဲ။ မင်္ဂလာဥယျာဉ်ဆရာတော်ဘုရားပေးတဲ့ ဩဝါဒထဲက. . .

**“မသိမှုတကာ မသိမှုတွေထဲမှာ မေတ္တာတရားရဲ့ အတိမ်အနက်ကို မသိတာက အဆိုးဆုံးပဲ”**

ဆိုတဲ့အပိုဒ်ကလေးကို အဖန်ဖန်အထပ်ထပ် ရွတ်ဆိုနှလုံးသွင်းနေတုန်း လမ်းပေါ်ဖြတ်သွားတဲ့ ထီလှည်းကနေ သီချင်းသံတွေလွင့်ပျံ့လာတယ်။

“မေတ္တာကို မေတ္တာနဲ့သာ. . . တုံ့ပြန်ခဲ့ပါရင်. . .

ကိုယ်ကပဲ အနိုင်ယူမယ်. . . ”

တဲ့။ အဲဒါ ဆရာကိုသန်းလှိုင်ရဲ့ သီချင်းလေးပါလေ။

(အရာရာကို မေတ္တာဖြင့် အနိုင်ယူကာ ထိပ်တန်းသို့ တက်လှမ်းနိုင်ကြပါစေ)

# ဒဏ်ရာနဲ့ဒါန

လူတွေက များသောအားဖြင့် စိတ်ကူးလေးရွက်လွှင့်နေရတာကို သဘောကျတတ်တယ်။ စိတ်ကူးထဲက ရှန်းကြွလူးလွင့်ပေါ် ထွက်လာတဲ့ စကားလုံးလေးတွေကို ကဗျာလို့ အမည်တပ်ကြတယ်။ စကားလုံးနဲ့ သံစဉ်တွေကို ပေးစားလိုက်ပြန်တော့ သီချင်း. . . တဲ့။ ဖြစ်လာတာပဲ။ လုပ်ရင်ဖြစ်တယ်။ မဖြစ်သေးဘူးဆိုတာတွေဟာ မလုပ်သေးလို့ မဖြစ်တာပါ။ ဒီအထိ ပြဿနာ မရှိပါဘူး။ လူဆိုတာ သီချင်းကြိုက်တဲ့ သတ္တဝါမို့ သီချင်းစာသားတွေ စိတ်ကူးကြ၊ ရေးသားကြ၊ သီဆိုကြ၊ နားဆင်ကြတယ်။ ပြဿနာက ဘာသာရေးကို ထိခိုက်တဲ့ စာသားတွေ ရေးသားသီဆိုကြတာပဲ။ ဥပမာ. .

"မြတ်စွာဘုရားတော်မှ နို့တစ်လုံးဖိုးသာကြေ"

"ဒဏ်ရာတွေကို ခေါင်းလောင်းထိုးပြီး လှူရင်ကောင်းလိမ့်မယ်. . ."

ဆိုတဲ့ စကားလုံးတွေပေါ့။ သက်ဆိုင်ရာ ဆင်ဆာအဖွဲ့တွေက အလားတူစာသားတွေကို ကာယကံရှင်သီချင်းရေးဆရာတွေခေါ်ပြီး ပြင်ဆင်သင့်တယ် ထင်တာပဲ။ မြတ်စွာဘုရားကို နို့ဖိုးကြေပါပြီ ဘုရားလို့ မိထွေးတော် မဟာပဇာပတိဂေါတမီက လျှောက်ထားတဲ့စကားဟာ သံဂါယနာ(၆)တန် တင်ထားတဲ့ ထေရီပဒါန်ကျမ်းထဲမှာ ရှိပြီးသား။ လောကီအမြင်နဲ့ မိခင်နို့ တစ်လုံးဖိုးကို ဘယ်လောက်သတ်မှတ်ထားလို့ အခုထိနို့တစ်လုံးပဲ ကြေတယ် ပြောနေရတာလဲ။ မြတ်စွာဘုရားကို စော်ကားရာရောက်မနေဘူးလား။

သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ မိခင်ကျေးဇူးကိုကျေအောင်ဆပ်ခဲ့တာပါ။ သာမန်ဉာဏ်နဲ့ ဆပ်ခဲ့တာမှမဟုတ်တာ။ ပြင်သင့်ပြီထင်တယ်။ တချို့ ခေတ်

လွန်ဦးနှောက်ပိုင်ရှင် အရှူးလောင်းလျာတွေက ဘုရားရှိတာတော့ ဟုတ်ပါပြီ။ အဲဒီဘုရားမြင့်မြတ်တယ်ဆိုတာ ဘယ်လိုပုံမြင့်မြတ်တာလဲ။ ဒီလိုမေးကြပါတယ်။ မေးခွန်းက အဟောင်းကြီးပါ။ မေးတဲ့လူကသာ အသစ်ဖြစ်လာတာ။ ဒီမေးခွန်းကို မိလိန္ဒမင်း (သို့မဟုတ်) ဂရိဘုရင်မေနန္ဒာရို့စ်က အရှင်နာဂသေနမထေရ်ကိုမေးပြီးသား။ ဘုရားရှင်ရဲ့ မြင့်မြတ်ပုံကို မေးခြင်းအခန်းကို မိလိန္ဒပဉှာပါဠိတော်ကနေ ကောက်နှုတ်တင်ပြလိုက်ပါတယ်။

## "ဘုရားရှင်မြင့်မြတ်ပုံကို မေးခြင်း"

"အရှင်ဘုရား၊ အရှင်ဘုရားတို့ဟာ ဘုရားရှင်ကို ကိုယ်တိုင်မမြင်ဖူးပါဘဲ မြင့်မြတ်ပုံကို ဘယ်လိုလုပ်သိပါသလဲ"

"မင်းကြီး မဟာသမုဒ္ဒရာဆိုတာ ကျယ်ဝန်းတယ်။ ရေနက်တယ်။ သမုဒ္ဒရာကြီးထဲကို ဂင်္ဂါ ယမုနာအစရှိတဲ့ မြစ်ကြီးတွေ စီးဆင်းဝင်ရောက်ကြရတယ်။ အဲဒီ မဟာသမုဒ္ဒရာတွေလျော့သွားတယ်ဆိုတာ မရှိသလို ပြည့်လျှံပြီးတော့ ကမ်းကို ကျော်သွားတယ်ဆိုတာလည်း မရှိဘူး. . . လို့ သိနိုင်သလား။

"သိနိုင်ပါတယ် အရှင်ဘုရား"

"ဘယ်လိုသိနိုင်တာလဲ မင်းတရား"

"အရှင်ဘုရား အသိဉာဏ်ရှိသူတွေထံကနေ တစ်ဆင့်ကြားသိရတာရယ်။ မြင်တွေ့ရတဲ့ သက်သေအထောက်အထားကို ကြည့်ရှုပြီးတော့ရယ် ကောင်းကောင်းသိနိုင်တယ် ဘုရား"

နောက်ပြဿနာတစ်ခုက လက်နှိပ်ဓာတ်မီးထိုးပြီးတော့ ကဗျာရေးတယ်ဆိုတဲ့ ကဗျာဆရာတစ်ယောက်ရဲ့ သီချင်းစာသားပါ။

"ဒဏ်ရာတွေကို ××× ခေါင်းလောင်းထိုးပြီး ××× လျှုရင် ကောင်းလိမ့်မယ် ×××"

တဲ့. . .။ ဘယ်လောက်မိုက်ကန်းတဲ့ သီချင်းစာသားလဲဆိုတာ တွေလို့တောင် မကြည့်ရဲဘူး။ သီချင်းရေးစရာ စာသားဒီလောက်တွေမှာ ဖြစ်တဲ့ ဒဏ်ရာများလာလျှုရင် ဒုက္ခ။ ဒဏ်ရာနဲ့ ဒါန ဘာများဆိုင်လို့လဲ။ သီချင်းရေးစရာ စာသားဒီလောက်ရှားသလား။ ဒါနဆိုတာ ဘုရားအလောင်းတော်တွေ အမွန်အမြတ်ထားပြီး ပထမဦးဆုံး စတင်လုပ်ဆောင်တော်မူကြတဲ့ ပါရမီလုပ်ငန်းပါ။ မစော်ကားသင့်ပါဘူး။ ရွှေစုန်းချောင်းဆရာတော်ကိုတော့ ဒဏ်ရာတွေ ခေါင်းလောင်းထိုးပြီး လာလျှုမယ် မကြံလေနဲ့ ပန်းကန်ပြား ထဲထည့်ပြီး သင်းကိုပြန်ကျွေးလွှတ်လိုက်မယ်။ မစားရင် သေဒဏ်။

မှတ်ချက်။ ။(စာကောင်းကောင်းရေးပါဆိုတဲ့ နောင်တော်ကြီး အက်ဆေးဆရာ ကိုအောင်သူထွန်းအတွက် ရွှေရတုမွေးနေ့အကြို အမှတ်တရဆောင်းပါးပါ)

သံသရာခရီး၊ အဝေးကြီး၊ သွေးစည်းရပါလို . . .

# လူ့အစစ်မှာ ရှိတဲ့သတ္တိ

တာဝန်သိတဲ့လူမှာ တာဝန်ရှိတယ်။ တာဝန်သိတတ်တဲ့ လူတွေမှ တာဝန်ကျေကြတယ်။ တာဝန်ကျေမှလည်း လူပီသတယ်လို့ မင်းကွန်း တိပိဋကရေ ဆရာတော်ဘုရားကြီးက မိန့်တော်မူဖူးတယ်။ ဟုတ်တာပေါ့။ ဒီစကားဟာ လေးလေးနက်နက်တွေးလေ မှန်လေ။ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေ အသုရကာယ်တွေ၊ ငရဲသားတွေမှာ တာဝန်ဆိုတာမှ မရှိဘဲ။ တာဝန်သိဖို့တော့ ဝေးကြရောပေါ့။ လူတွေမှာက ဆောင်ရွက်လုပ်ကိုင်ရမယ့် တာဝန်တွေ များတယ်။ မိဘတာဝန်၊ သားသမီးတာဝန်၊ ဆရာ့တာဝန်၊ တပည့်တာဝန်၊ ရဟန်းတာဝန်၊ ဒကာ ဒကာမတာဝန်၊ လင်တာဝန်၊ မယားတာဝန်၊ သခင်တာဝန်၊ ကျွန်တာဝန်။ များပြားလှတဲ့ တာဝန်တွေရှိတယ်။

ဒီတော့ အခု ကိုယ်ဘယ်နေရာမှာ ရောက်နေသလဲ။ ဒါကို အရင်တွေးပါ။ ကိုယ်က မိဘနေရာမှာရောက်နေရင် မိဘတာဝန်တွေ သိအောင်လုပ်။ ပြီးရင် တာဝန်သိတဲ့အတိုင်း တာဝန်ကျေအောင် ဆောင်ရွက်ပေါ့။ ကိုယ်က သားသမီးနေရာမှာဆိုရင် သားသမီးတာဝန်ကို ကျေအောင်ဆောင်ရွက်ပေါ့။ တာဝန်သိ၊ တာဝန်ကျေမှ တကယ်လူပီသမယ်။ လူချမ်းသာကို ခံစားရမယ်လို့ သဘောပေါက်ရပါတယ်။

တာဝန်ကျေဖို့ဆိုတဲ့ ကိစ္စမှာ အရေးကြီးတာက တာဝန်သိဖို့ပဲ။ တာဝန်သိမှ သိတဲ့တာဝန်ကို ကျေပွန်အောင်လုပ်နိုင်မှာ မဟုတ်လား။ ဥပမာဆိုကြပါစို့ ကိုယ်က သားသမီးနေရာမှာ သားသမီးတာဝန်ဆိုတာ ဘာတွေလဲ။ ဘယ်လောက်များပြားသလဲ။ ဒါတွေကို သူတစ်ပါးကမပြောရဘဲ ကိုယ့်ဘာသာ ရှာဖွေစူးစမ်းရမယ်။ တွေးတောရမယ်။ စာရေးသူရဲ့ဇာတိကလေးမြို့မှာ ဦးချန်စိန်ဝင်း ဆိုတဲ့ လူတစ်ယောက်ရှိတယ်။ စာရေးသူရဲ့ ခမည်းတော်ဦးမောင်ရွှေနဲ့

ကျောင်းနေဖက်သူငယ်ချင်းတွေပါ။ ဦးချန် စိန်ဝင်းတို့ငယ်ငယ်က မရှိမရှား လူတန်းစားပဲ။ ဒါပေမယ့် ဦးချန်စိန်ဝင်းရဲ့ တာဝန်သိစိတ်၊ လူပီသတဲ့စိတ်ကတော့ မရှိမရှား မဟုတ်ဘူး။ ပြည့်စုံတယ်၊ ပိုလျှံလို့တောင် နေသေးတယ်။ သူ့ရဲ့မိဘနှစ်ပါးအပေါ်မှာ. . .

ကျွေးမွေးမပျက်
ဆောင်ရွက်စီမံ
မွေခံထိုက်စေ
လှူမျှဝေ၍
စောင့်လေမျိုးနွယ်
ဝတ်ငါးသွယ်
ကျင့်ဖွယ်သားတို့တာ။

ဆိုတဲ့ သားသမီးတာဝန်ကျေခဲ့သလို သူ့ရင်ထဲက နှလုံးသွေးကိုထုတ်ပြီး သွန်းလုပ်အပ်သော ရင်သွေးတွေအပေါ်မှာလည်း. . .

မကောင်းမြစ်တာ
ကောင်းရာညွှန်လတ်
အတတ်သင်စေ
ပေးဝေနှီးရင်း
ထိမ်းမြားခြင်းလျှင်
ဝတ်ငါးအင်
ဖခင်မယ်တို့တာ။

ဆိုတဲ့ မိဘတာဝန်ကျေခဲ့တယ်။ ဒီလိုမိသားစုတာဝန်သိတဲ့လူ။ တာဝန်ကျေတဲ့လူဆိုတာ ဘယ်နေရာရောက်ရောက် ဘယ်အချိန်ပဲဖြစ်ဖြစ် ချမ်းသာတယ်။ ဘာကိုမှကြောက်စရာမလို။ နောက်ဆုံး ကြောက်စရာကောင်းလှပါတယ်ဆိုတဲ့ သေမင်းကိုတောင် ကြောက်စရာမလိုတော့ဘူး။ မဟာသုတသောမမင်းက ပေါရိသာဒကိုပြောတဲ့စကားကို ကြည့်လေ။

**မဟာသုတသောမမင်း၏ သေမှာမကြောက်သော တရားစကား**

၁။ ကောင်းမှုမှန်သမျှ၊ မကျန်ရ၊ စံပြလုပ်ခဲ့သည်။
ဘယ်ချိန်သေပျောက်၊ ငါမကြောက်၊ နောက်ဘဝလမ်းဖြောင့်ပြီ။
၂။ မိဘနှစ်ပါး၊ ဝတ္တရား၊ ကြိုးစားပြုခဲ့သည်။
ဘယ်ချိန်သေပျောက်၊ ငါမကြောက်၊ နောက်ဘဝလမ်းဖြောင့်ပြီ။
၃။ မင်းကျင့်ဆယ်ဖြာ၊ ညီအညာ၊ ပြည်ရွာအုပ်ခဲ့သည်။
ဘယ်ချိန်သေပျောက်၊ ငါမကြောက်၊ နောက်ဘဝလမ်းဖြောင့်ပြီ။
၄။ ဆွေးမျိုး ညတကာ၊ မိတ်သဟာ၊ သင့်ရာပံ့ပိုးကူခဲ့သည်။
ဘယ်ချိန်သေပျောက်၊ ငါမကြောက်၊ နောက်ဘဝလမ်းဖြောင့်ပြီ။
၅။ လှူခံပုဂ္ဂိုလ်၊ မတွန့်တို၊ ပိုလျှံမောက်အောင် လှူခဲ့သည်။
ဘယ်ချိန်သေပျောက်၊ ငါမကြောက်၊ နောက်ဘဝလမ်းဖြောင့်ပြီ။
၆။ ဝတ္တရား ကျေမှ၊ ပျော်ရွှင်ရ၊ နောက်တ မရှိပြီ။

(မဟာသုတသောမမင်း)

ဝတ္တရားကျေတဲ့လူ၊ တာဝန်သိ တာဝန်ကျေတဲ့ လူဟာ နောင်တမရဘဲ ပျော်ရွှင်ချမ်းမြေ့ရတယ်ဆိုပါလား။ တာဝန်သိ တာဝန်ကျေတဲ့လူ ဝတ္တရားနားလည်တဲ့လူကို လူတိုင်းက ချစ်ခင်လေးစားတယ်။ ကြည်ညိုတယ်၊ နေရာပေးပါတယ်။ ယုံကြည်စွာနဲ့ တာဝန်ပေးချင်တယ်။ အခု . . . ရန်ကုန်မှာ ဦးချန်စိန်ဝင်းက ကလေးမြို့နယ်အသင်းရဲ့ ဥက္ကဋ္ဌကြီးလေ။ ချင်းတောင်လွင်ပြင် ကလေးမြို့မှာ သူနဲ့အတူတူ အထက်တန်းကျောင်းတက်ခဲ့တဲ့ စာရေးသူရဲ့ခမည်းတော်ကြီးကျတော့ ကြည့်ဦး။ မိဘအပေါ် မှာလည်း သားသမီးတာဝန်မကျေခဲ့။ သိုက်သိုက်ဝန်းဝန်းမိသားစုကလေးတွေကို မြင်တိုင်းခမည်းတော်ကြီး နောင်တရနေပြီ။ ငါ့မိသားစုအပေါ် တာဝန်မဲ့ခဲ့မိလေခြင်းဆိုတဲ့ နောင်တနဲ့ သူ့စိတ်နှလုံးကို သူအကျဉ်းချထားမိခဲ့ပြီ။ မိသားစုတစ်စုပြိုကွဲသွားတာဟာ တိုင်းပြည်တစ်ပြည် ပျက်စီးသွားဖို့အတွက် ခရီးအစပဲမဟုတ်လား။ ခမည်းတော်ကြီးဟာ အသက်(၆၀)ကျော်နေပြီ။ အထီးကျန်ရတဲ့အထဲ ဆင်းရဲတာက ပိုသေး။ ဆိုက္ကား နင်းစားနေရတာကိုး။ စာရေးသူမမွေးခင်ကတည်းက နင်းလာတဲ့ ဆိုက္ကား။ အခုထိဆိုက္ကားနင်းစားနေရတုန်းပဲ။ သေတဲ့အထိလည်း ဆိုက္ကားနင်းစားရဦးမယ်လို့ သူကပြော

တယ်။ စာရေးသူမှာ ငယ်ငယ်တုန်းကတော့ ဘဝတူကိုရင်လေးတွေ နောက်ကြရင် စိတ်ဆိုးတယ်၊ ရှက်တယ်။

"ဆိုက္ကားသမားသား နားကားကား၊ အလကားကောင်"

"ဆိုက္ကားသမားသား ဆိုက္ကားသမားပဲ ဖြစ်မှာပေါ့။ အခုကတည်းက လူထွက်ပြီး ဆိုက္ကားစောစောနင်းပါလား။ စုမိဆောင်းမိဖြစ်တာပေါ့"

လို့ ထေ့ကြငေါ့ကြတယ်။ ဒီကနေ့ လာကြည့်။

ဓမ္မကထိက၊ ကျောင်းထိုင်ဘုန်းကြီး။ ဘယ်လိုလုပ်အလကားကောင် ဖြစ်တော့မှာလဲ။ ဒီနေရာရောက်အောင် နှစ်ပေါင်းများစွာကြိုးစားခဲ့ရတာပါ။ ဒီအချိန်မှာ ကျေးဇူးတင်မိတာက ကဲ့ရဲ့ထေ့ငေါ့ခဲ့သူတွေကိုပါပဲ။ သူတို့ကဲ့ရဲ့ကြလို့သာ မခံချင်စိတ်တွေဖြစ်။ ခံချင်စိတ်ဖြစ်လို့ "ငါဘာလုပ်ရမလဲ၊ ဘာတာဝန်ယူရမလဲ" တွေးမိတွေးမိတော့ လုပ်ရမယ့်အလုပ်က ဘာလဲဆိုတဲ့ အဖြေထွက်လာ. . . အဖြေအတိုင်းလုပ်ဆောင်ခဲ့လို့ ဒီကနေ့ ဒီနေရာ ရောက်လာခဲ့တာပါ။ သူတို့ကို အသက်တမျှ ကျေးဇူးတင်ပါတယ်။ စာရေးသူကို ဆိုက္ကားသမားသားတစ်ယောက်တောင် ဒီလောက်ကြိုးစားနိုင်သေးရင် စာရေးသူထက် ဘဝအဆင့်အတန်းမြင့်မားကြတဲ့ မိဘအသိုင်းအဝိုင်းက ပေါက်ဖွားလာသူတွေဟာ ဒီထက်ပိုပြီး ကြိုးစားနိုင်လိမ့်မယ်ဆိုတဲ့ စေတနာနဲ့ ပြောပြတာပါ။ ဝင့်ဝါမောက်ကြွားလိုတဲ့ စိတ်နဲ့ပြောနေတာတော့ မဟုတ်ပါဘူး။ အဓိကပြောချင်တာက တာဝန်သိ တာဝန်ယူ တာဝန်ကျေတဲ့လူနဲ့ တာဝန်မသိ တာဝန်မယူ တာဝန်မကျေတဲ့လူတို့ အခြေအနေချင်း အင်မတန်ကွာခြားတယ်ဆိုတာပါပဲ။

⊛ ⊛ ⊛

တာဝန်သိ တာဝန်ယူ တာဝန်ကျေတဲ့ လူဟာ လူအစစ်ပဲ။

ဘယ်တော့မှ မဆင်းရဲဘူး။ မနိမ့်ပါးဘူး။ လူမျိုးမရွေး၊ ဘာသာမရွေး ချစ်ခင်နှစ်သက်မှုကို ခံယူရပါတယ်။ လက်တွေ့သာဓကလေးတွေ ထုတ်ပြမယ်ပေါ့။ စာရေးသူကိုယ်တွေ့တွေတော့ မဟုတ်ပါဘူး။ ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်ရဲ့ ဘဝခုံရုံးစာအုပ်ထဲက ကိုယ်တွေ့သာဓကတွေပါ။ ပထမတစ်ဦးက ပဲရေ့ဦးဆန်နီဖြစ်တယ်။ အင်္ဂလိပ်တွေ မြန်မာနိုင်ငံကို အုပ်ချုပ်စဉ်အခါ

တုန်းက ရန်ကုန်မြို့ ကမ်းနားလမ်းမှာ ရုံးကြီးတစ်ရုံးရှိခဲ့တယ်။ ရုံးထဲရှိသမျှ ရာထူးကြီးကြီး အမြီးရှည်ရှည်ဆို အင်္ဂလိပ်မျက်နှာဖြူတွေချည်းပဲ။ ရာထူး သေးသေး အစွယ်တိုတိုဆို မြန်မာတွေတဲ့။ စာရေးစာချီ ရုံးလုလင်ခေတ်ကိုး။ အင်္ဂလိပ်မျက်နှာဖြူအရာရှိကြီးက ခုံမြင့်မြင့်ကြီးနဲ့ ရုံးထိပ်မှာထိုင်နေတယ်။ သူ့ရဲ့ဝဲယာတွေမှာ ခုံနိမ့်ကလေးတွေနဲ့ ထိုင်နေကြတာက လက်ထောက် အရာရှိတွေ၊ ရုံးအုပ်တွေ၊ စာရေးကြီးတွေ၊ စာရေးလေးတွေ၊ ရုံးဝန်ထမ်းတွေ ပြောတာ(သို့မဟုတ်) ပွွန်း (သို့မဟုတ်) TTMY လို့နောက်ခေါ်ရတဲ့ တောက်တိုမယ်ရ အခိုင်းအစေ ရုံးလုလင်တွေနေကြတယ်။ အထက်လူကြီး တွေခိုင်းတဲ့အခါ အဆင်သင့်လုပ်ပေးနိုင်အောင် ရုံးလုလင်လေးတွေဟာ မြင်သာတဲ့နေရာမှာ ထိုင်စောင့်ပေးနေကြရတယ်။ ပဲရော့ဦးဆန်နီဖြစ်လာ မယ့် မောင်ဆန်နီကလေးက ရုံးလုလင်ကလေးပါ။

တစ်နေ့ လူပေါင်း၂၀၀လောက်အလုပ်လုပ်နေကြတဲ့ အဲဒီရုံးကြီးမှာ မိုးဦးကာလ လေရောမိုးပါ အားပါးတရဆော်မြူးတဲ့အတွက် တံခါးပေါက်တွေ ဝုန်းဒိုင်းကြဲကုန်ကြပါတယ်။ မိုးသက်လေက အမှိုက်သရိုက်တွေ မိုးရေတွေ ခေါ်ပြီး ရုံးထဲခုန်ပေါက် ဝင်ရောက်လာခဲ့တယ်။ အင်္ဂလိပ်မျက်နှာဖြူအရာရှိ ကြီးက ဘာမှမပြောပါဘူး။ သူ့ရဲ့စားပွဲမြင့်မြင့်ကြီးပေါ်မှာ သူ့အလုပ်ပဲ သူ အာရုံစိုက်ပြီး လုပ်နေတယ်။ တခြားလူတွေလည်း ကိုယ့်စားပွဲမှာကိုယ် အလုပ် ကိုယ်လုပ်နေကြတာပဲ။ သူ့တို့ကို ဘယ်သူကမှတံခါးထ,ပိတ်လိုက်လို့ မပြော တဲ့အတွက် တံခါးပိတ်ရကောင်းမှန်း မသိကြဘူး။ ရုံးထဲမှာ မိုးရေတွေ အမှိုက် သရိုက်တွေ ပွစာတက်နေပြီ။ ညစ်ပေစိုစွတ်နေပြီ။ အခိုင်းစောင့်နေလို့ရတဲ့ အချိန်မဟုတ်တော့ဘူး။ ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ် နီးရာတံခါးဆွဲပိတ်ရ မယ့် အခြေအနေ၊ ရာထူးရာခံရှိတဲ့ မြန်မာတွေ တံခါးထ,မပိတ်ကြဘူး။

ရာထူးရာခံမရှိတဲ့ မောင်ဆန်နီကလေးက ဘာမှမပြောဘဲ ထ,ပြီး တံခါးတွေ ပိတ်ချိတ်တွေ ချိတ်လုပ်တယ်။ တုံးခုသင့်တဲ့တံခါးတွေကို တုံးခုတယ်။ အမှိုက်သရိုက်တွေကို လှဲကျင်းသန့်ရှင်းပစ်လိုက်တယ်။ ဒီတော့ နားလည်း မဆူ တော့ဘူး။ သန့်ရှင်းလည်း သန့်ရှင်းသွားပါတယ်။ နောက်ထပ် တစ်လလောက် ကြာတဲ့အခါ အဲဒီရုံးမှာ ရာထူးတက်ပေးဖို့ သုံးနေရာပေါ်လာ တယ်။ ထုံးစံ အတိုင်း ရာထူးတိုးပေးတယ်ဆိုတာမျိုးက လုပ်သက်ကြာရမယ်။ လုပ်သင့်ရင့်ရမယ်။ ပညာအရည်အချင်းရှိရမယ်။ ၁၀တန်းအောင်တွေ

ကြားထဲမှာ ကိုယ်ကဘွဲ့ရပြီးသားလောက်ကို ဖြစ်နေမှ။ အားလုံးထက်ကိုယ်က အရာရာ သာလွန်နေမှ ရာထူးတိုးပေးတတ်တာမျိုး။ ကွန်ဆာဗေးတစ် ပရိုမိုးရှင်း မစွတန်လို့ ဆိုရလေမလား မပြောတတ်ပါဘူး။ မောင်ဆန်နီတို့ ရုံးရဲ့အရာရှိကြီးကတော့ အဲဒီလိုမဟုတ်ဘူး။ လုပ်သက်နုပြီး ပညာအရည် အချင်းသိပ်မရှိတဲ့ မောင်ဆန်နီကို စာရေးရာထူးတိုးပေးလိုက်တယ်။ (ပြာတာ ဘဝနဲ့ စာရေးဘဝဆိုတာ သိပ်တော့မကွာပါဘူးနော့)

နောင်တစ်ချိန်မှာ ပဲရော့ဦးဆန်နီဖြစ်လာမယ့် မောင်ဆန်နီရဲ့ တစ်ခုသော မိုးဥတု၏ တစ်နေ့သ၌. . . "တာဝန်သိမှုကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီရာထူးတက် ပေးရတာလို့ အင်္ဂလိပ်အရာရှိကြီးက ပြောပါတယ်" ဒီကနေ့ ခေတ် ကုမ္ပဏီပိုင်ရှင်ကြီးတွေ၊ လုပ်ငန်းရှင်ကြီးတွေ သတိပြုရမယ့်အချက် တစ်ခုပါ။ ဘယ်ကုမ္ပဏီက ဘယ်ဝန်ထမ်းဟာ ငွေဘယ်လောက်ကို အလွဲသုံးစား ပြုလုပ်သွားပါသဖြင့်. . . ဆိုတဲ့သတင်းတွေ မှုခင်းဂျာနယ်၊ မဂ္ဂဇင်းများထဲ ရောက်လာရခြင်းအကြောင်းတရားဟာ တာဝန်သိသူကို နေရာမပေးတဲ့ အတွက်ပဲလို့ဆိုရင် ရနိုင်ကောင်းပါရဲ့။ လောကမှာ တကယ်တာဝန် သိသူတွေသာ သစ္စာရှိကြတယ်လို့ မှတ်ထားပါ။ တာဝန်မဲ့တွေဆီက သစ္စာတရားကို သင်ဘယ်တော့မှ မမျှော်လင့်ပါနဲ့။ မျှော်လင့်မိ မှားကြီးဖြစ်သွားပါလိမ့်မယ်။ မောင်ဆန်နီဟာ ကုမ္ပဏီရုံးကြီးအတွက် တာဝန်သိရုံသာမက အမျိုးဘာသာ၊ သာသနာအတွက်လည်း တာဝန်သိခဲ့သူ တစ်ယောက် ဖြစ်ပါတယ်။

လယ်တီဆရာတော်ဘုရားကြီးရဲ့ ဒီပနီကျမ်းတွေကို ပုံနှိပ်ထုတ်ဝေ လိုက်တာ သာသနာ့ဒါယကာကြီး ဖြစ်သွားတယ်။ ဒီလိုလူမျိုးမှ မကောင်း စားရင် ဘယ်လိုလူမျိုးကောင်းစားမှာလဲ။ နောက်ထပ် တာဝန်သိသူ တစ်ယောက်ကတော့ အင်္ဂလိပ်မောင်ဆန်နီကလေးပါ။ အထက်တန်း စာမေးပွဲအောင်ပြီးတဲ့နောက် ဘဏ်ကြီးတစ်ခုမှာ အလုပ်သွားလျှောက် ပါတယ်။ ဘဏ်အရာရှိကြီးက နေရာလွတ်မရှိသေးကြောင်းပြောလို့ နှုတ်ဆက်ပြီးထွက်အလာ ဘဏ်တံခါးပေါက်နားရောက်တဲ့အခါကျတော့ သူ့ဘဝတစ်ခုလုံးကို ပြောင်းလဲပေးနိုင်မယ့် အသေးအဖွဲလေးတစ်ခုက စောင့်ကြိုနေတယ်။ တခြားတော့ မဟုတ်ပါဘူး။ ပင်အပ်ကလေး တစ်ချောင်း ပါ။ စာရွက်တွေ တစ်ရွက်နဲ့တစ်ရွက် ရွှေဖူးစာဂဟေဆက်တဲ့ ပင်အပ်ကလေး

ပေါ့။ အင်္ဂလိပ်မောင်ဆန်နီက ကြမ်းပျဉ်ပေါ်ကျနေတဲ့ ပင်အပ်ကလေးကို ကုန်းကောက်ပြီး စားပွဲတစ်ခုပေါ်မှာ သွားတင်ထားလိုက်တယ်။ ဘဏ်အရာရှိကြီးက တာဝန်သိတတ်တဲ့ အင်္ဂလိပ်မောင်ဆန်နီကို သဘောကျသွားတယ်။ လှမ်းခေါ်ပြီး. . .

"ဟေ့ သူငယ်. . . မင်းကို ငါတို့သဘောကျသွားပြီး မင်းအတွက် နေရာတစ်ခု စီစဉ်ပေးမယ်. . . မနက်ဖြန်ကစ,ပြီး ရုံးတက်တော့"

လို့တစ်ခါတည်း ရာထူးခန့်အပ်လိုက်ပါတယ်။ အဲဒီတာဝန်သိစိတ် တာဝန်ယူမှုကလေးက အင်္ဂလိပ်မောင်ဆန်နီကို ဘဏ်အရာရှိကြီးဘ၀၊ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးဘ၀၊ သူဌေးကြီးဘ၀ရောက်အောင် ပို့ဆောင်ပေးလိုက်တာပါပဲ။ ဒါတွေဟာ ယုံတမ်းပုံပြင် မဟုတ်ပါဘူး။ တကယ့်သာဓကတွေပါ။ တာဝန်သိစိတ်နဲ့ တာဝန်ယူရဲတဲ့ သတ္တိဆိုတာကလည်း လူတွေအတွက် သိပ်ခက်ခဲတဲ့ အလုပ်မဟုတ်ပါဘူး။ နှလုံးသားရှိသူ ဦးနှောက်ရှိသူတိုင်း လေ့ကျင့်ယူလို့ရကြောင်း ကောင်းမွန်စွာသဘောပေါက်စေအပ်ပါတယ်။

COURAGE

Courage may be taught,as a
child is taught to speak.

Euripides

သတ္တိ

ကလေးငယ်တစ်ဦးကို စကားပြောတတ်အောင်
သင်ကြားပေးလို့ရသလို သတ္တိရှိအောင်လည်း
သင်ကြားပေးလို့ရတယ်။

ယူရီပိုက်

တာဝန်သိရဲ၊ တာဝန်ယူရဲတဲ့ သတ္တိများရှိကြပါစေသတည်း။

▲ သုံသရာခရီး အဝေးကြီး သွေးစည်းရပါလို့။

▲ အမျိုးဘာသာ၊ သာသနာ တာဝန်သိပါလို့။

# သေခြင်းကင်းအောင် ဒါကိုဆောင်
# နိဒါန်း

မိမိအသက် (၂၅)နှစ်ပြည့်မြောက်တဲ့ (၁၃. ၂. ၂၀၀၉)ရက်နေ့မှာ "အို နာ သေ" ဘေး(၃)ပါးဆိုတာ ခေါင်းထဲ ဝင်လာခဲ့ပါတယ်။ တစ်နေကုန် ထိုင်တွေးပြီး တစိမ့်စိမ့်ကြောက်. . . လို့ ဆိုရမလားပဲ။ (တကယ်ကြောက်သွားတာပါ) တစ်ဆက်တည်းဆိုသလို အတွေးထဲ ဝင်လာတာက ပြင်သာသုဿန် မြင်ကွင်းကျယ်ပါ။ ယခင်အခါ ငယ်စဉ်ဘဝမှာ လူကြီးတွေနဲ့ အသုဘပို့သွားရင်း မြင်တွေ့ခဲ့ရတာလေးတွေပေါ့။ ပြင်သာသုဿန်ဆိုတာ ကလေးမြို့နဲ့ သိပ်ဝေးလှတာမဟုတ်လေတော့ များသောအားဖြင့် ခြေလျင်ပဲ အသုဘပို့ကြပါတယ်။ အရှေ့ဆုံးမှာ ကြေးစည်ထမ်းလူ(၂)ယောက် သူတို့နောက်မှာမှ အခေါင်းထမ်းတွေပေါ့လေ။ အဲဒီနောက်မှာမှ လိုက်ပို့တဲ့လူတွေ တစ်တန်းကြီး။ သုဿန်ထဲဝင်ကာနီးကျတော့ အလောင်းကစားကြတယ်။ အခေါင်းထမ်းတဲ့လူတွေက ရှေ့တိုးနောက်ဆုတ်၊ ဘယ်ယိမ်းညာယိမ်း လုပ်ကြတာပါ။ လူကြီးတွေပြောပုံအရ ရှိနှင့်ပြီးသား ဝိညာဉ်တွေက ငနောက်ထပ် အဖော်သစ်ကို ကြိုဆိုကြတာလို့ သိရတယ်။

နောက်ထပ် အကြောင်းတစ်ခုရှိသေးတယ်။ အခေါင်းပေါ်မှာပါလာတဲ့ စားမြိန်ထုပ်ကို ဝါရင့်ဝိညာဉ်ကောင်တွေက လုယက်စားသောက်ကြတာဆိုပဲ။ အလောင်းမြှုပ်ဖို့ ကျင်းတူးတဲ့အခါလည်း တစ်နေရာကနေ နောက်တစ်နေရာ ပြောင်းမတူးရဘူး။ နောက်တစ်လောင်း ထပ်သေတတ်တယ်တဲ့။ ကျောက်စရစ်ကုန်းပဲဖြစ်ဖြစ်၊ ကျင်းဟောင်းမို့ အရိုးတွေပဲ ထွက်လာထွက်လာ တူးသာတူးပေရော့။ ဗြဟ္မာဏအယူတွေ အရောင်ဆိုးထားတဲ့ ဝါဒအတုတွေပါ။ လူဆိုတာ သေပြီးရင် ဝိညာဉ်လိပ်ပြာဘဝကို (လုံးဝ) ရောက်မနေဘူးပါဘူး။

လူဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝရောက်ရင်လည်း ရောက်မယ်။ ငရဲကျချင်လည်း ကျသွားမယ်။ တိရစ္ဆာန်ဘဝ၊ ပြိတ္တာ၊ အသုရ ကာယ်ဘဝလည်း ရောက်သွားတတ်တာပါပဲ။ ကြားကာလ ဆိုတာမရှိပါဘူး။ ရဟန္တာမဖြစ်သေးသမျှ ကာလပတ်လုံး ဒီဘဝသေ၊ နောက်ဘဝတန်းဖြစ်တာ အသေအချာပဲ။ ဒါကြောင့် . . . အလောင်းကစားတယ်ဆိုတာရော၊ သေသူအတွက် စားမြိန်ထုပ်ဆိုတာရော အဓိပ္ပာယ်သိပ်မရှိလှဘူးလို့ ဆိုချင်တယ်။ ကျင်းတစ်ကျင်း ပိုတူးရင် နောက်တစ်လောင်း ထပ်ရောက်လာတတ်တယ်ဆိုတာလည်း မဟုတ်ပါဘူး။ တိုက်ဆိုင်မှုသက်သက်ပါ။ အသေကောင်မသာမြှုပ်ဖို့ အတွက် တစ်ခါမှမသာမမြှုပ်ဖူးတဲ့နေရာကို ရှာဖို့ဆိုတာ မလွယ်တဲ့ကိစ္စပါပဲ။ တခြားဘယ်အသေကောင်မှ မမြှုပ်ဖူးတဲ့ မြေနေရာမှာ ကိုယ့်အလောင်းကို မြှုပ်ချင်လို့ မရပါဘူး။ ကမ္ဘာပေါ်ရှိ မြေနေရာအားလုံး အသေကောင်မြှုပ်ဖူးတဲ့ နေရာတွေချည်းပါပဲ။ ဒီသဘောသွားကို မနောကြားမှာ ပြောစကားအဖြစ် သက်သေတင် စွဲမှတ်ဖို့အတွက် ဇာတကပါဠိတော်၊ ဒုကနိပါတ်၊ သန္ထဝဝဂ်၊ ဥပသာဠှကဇာတ်ဆိုတာ ထည့်သွင်းတင်ပြရမယ်။

## မြေသန့်ကြိုက်၍ သုဿန်မဟုတ်သော မြေနေရာကို ရှာဖွေသူပုဏ္ဏား

တဘက်မှဲ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိတော်စဉ်အခါက မဂဓတိုင်း ရာဇဂြိုဟ် မင်းနေပြည်တော်မှာ မိစ္ဆာဝါဒယုံကြည်တဲ့ ဥပသာဠှက ပုဏ္ဏားကြီးဆိုတာ ရှိခဲ့ဖူးပါတယ်။ သူက ဘယ်အရာမဆို သန့်မှကြိုက်တယ်။ အဝတ်အစားဆိုလည်း ဖြူဖြူသန့်သန့်ကလေးမှ ဝတ်သလို အိုးခွက်ပန်းကန်ဆိုလည်း သန့်ပြန့်ဝင်းလက်တောက်ပနေမှ သုံးတဲ့ ပုဏ္ဏားပေါ့။ အပေါင်းအသင်း မိတ်ဆွေသူငယ်ချင်းလည်း အမျိုးဇာတ်သန့်မှ ပေါင်းတယ်။ ယုတ်စွအဆုံး သူ့ဇနီးသည် ပုဏ္ဏေးမ ရွှတ်တီး ရွှတ်တွကြီးကိုတောင်မှ တစ်နေ့ရေနှစ်ခါ

လောက်မချိုးရင် အိပ်ရာထဲ ဝင်မလာနဲ့ဆိုတဲ့စကားမျိုး။ ပုဏ္ဏားလည်း ဘာသာနဲ့ထုထားတာမို့လဲ။

-As with a staff the herdsman drives kine to pasture, even so do old age and death driveout the lives of beings.

-ဆိုတဲ့ ဓမ္မပဒ (Dhammapada) ဂါထာ(၁၃၂)အတိုင်းပဲပေါ့။ ဂါထာရဲ့ အဓိပ္ပာယ်က. . .

"နွားကျောင်းသားဟာ တုတ်နှင်တံနဲ့ သူ့ရဲ့နွားတွေကို စားကျက်ဆီ မောင်းနှင်ပို့သလိုပဲ အိုမင်းခြင်းနဲ့သေခြင်းတရားတို့ဟာ သတ္တဝါတွေရဲ့ အသက်ကို သေမင်းနိုင်ငံဆီ မောင်းပို့နေတယ်"

-တဲ့ ပုဏ္ဏားလည်း လူတည်းဟူသော သတ္တဝါပေပဲ။ အိုခြင်းတရား၊ နာခြင်းတရားတွေက သူ့အသက်ကို သေမင်းနိုင်ငံဆီ မောင်းပို့နေကြပြီ။ တစ်နေ့ကွယ် သေနယ်သို့ တစ်ခါကူး. . . ဆိုတဲ့အချက်ကို ဥပသာဋကပုဏ္ဏားသိလာတယ်။ အသန့်ကြိုက်တဲ့သူလည်း တစ်နေ့တော့ သေရတာပဲလို့ သူတွေးတယ်။ ဒါပေမယ့်လည်း သေတဲ့အထိတော့ သန့်သွားချင်သေးတာ။ ဒီတော့ သူက ဘယ်သူမှ မမြှုပ်နှံဖူးသေးတဲ့ မြေနေရာကို ရာဇဂြိုဟ်နေပြည်တော်တစ်ဝိုက်မှာ လိုက်ရှာတယ်။ သူ့အလောင်းကို မြေသန့်သန့်လေးမှာ မြှုပ်စေမယ်ပေါ့။ ရှာလို့တွေ့တဲ့အခါမှာ သူ့သားပုဏ္ဏားလေးကို ခေါ်ပြောတယ်။

"ငါသေသွားရင် ဘယ်သူမှ မမြှုပ်နှံဖူးတဲ့ မြေသန့်သန့်လေးမှာ မြှုပ်ပါ"

-ဆိုတဲ့ စကားပါ။ သူ့သားနာမည်ကလည်း ဥပသာဋကကြီးက ဂိဇ္ဈကုဋ်တောင်ပေါ် ခေါ်သွားပြီး တောင်သုံးလုံးကြားထဲမှာရှိနေတဲ့ ချိုင့်ဝှမ်းမြေနေရာလေးကို ပြတယ်။ လက်ညှိုးတထိုးထိုးနဲ့. . .

"ငါ့သားရေ ဒီနေရာလေးဟာ ဘယ်သူ့အလောင်းမှ မမြှုပ်ရသေးတဲ့ နေရာပဲကွာ။ ငါသေရင် အဲဒီမှာသာ မြှုပ်ပေတော့"

လို့လည်း ပြောသေးတယ်။ မြေသန့်ရွေးခြင်းကိစ္စပြီးသွားတဲ့ သားအဖနှစ်ယောက်ဟာ ဂိဇ္ဈကုဋ်တောင်ပေါ်ကနေ စကားတပြောပြောနဲ့ ပြန်ဆင်းလာကြတော့တယ်။ အဲဒီအချိန် တောင်ခြေမှာ ဘယ်သူစောင့်နေတုန်းဆိုတော့ တုဘက်မဲ့ ဗုဒ္ဓမြတ်စွာ စောင့်တော်မူနေပါတယ်။ ဗုဒ္ဓရဲ့သဗ္ဗညုတ ဉာဏ်ကွန်ယက်မှာ ဥပသာဋကသားအဖ သောတာပန်ဖြစ်မယ့် အကြောင်းထင်တော်မူ

လာလို့ အမြင်မှန်ရအောင် တရားဟောဖို့ စောင့်နေတာပါ။ ဒီခေတ်နဲ့တော့ ကွာသွားတာပေါ့။ ဆီနဲ့ရေလောက် ကွာသွားတာပါ။ ဒီခေတ်မှာ တရားဟော ဘုန်းကြီးကိုပဲ ပရိသတ်ကပြန်ပြန်စောင့်နေရတယ် မဟုတ်လား။ မ,တည်ခြွေ ပူဇာလေးလည်း များများစားစားဖြစ်ပါမှ အသံချဲ့စက်ကလေးလည်း ကောင်း ပါမှ။ ကားအကောင်းစားနဲ့ လာကြိုတာမျိုးလည်း ဖြစ်ရမယ်။ ရုပ်ရှင်သရုပ် ဆောင်၊ အဆိုတော်၊ မော်ဒယ်လ်မလေးတွေက အသံနေအသံထားနဲ့ တရား တောင်း ရွတ်ဆိုဦးမယ်ဆိုရင်တော့ ဒကာနေနော်ဆိုတဲ့သီချင်းလို အတိုင်း ထက်အလွန်ပဲပေါ့လေ။ ပြောချင်ပါဘူး စောခင်သာဦးရယ် . . ။ ကောင်းမှ ကောင်း။ မသင့်တော်ပါဘူး။ ဘာသာခြားတွေကြားရင် ဘုရားသာသနာ သိက္ခာကျတယ်။ ထားပါတော့။ မနာလိုလို့ ပြောတယ်ထင်သွားရင် အခက်။ ဗုဒ္ဓက ဥပသာဋ္ဌတတို့ သားအဖကို ဂိဇ္ဈကုဋ်တောင်ခြေမှာ စောင့်နေတယ်။ တရားဟောမလို့၊ ရောက်လာကြပြီ။ ပုဏ္ဏား သားအဖ။ တုဘက်မဲ့ ဗုဒ္ဓကို မြင်သွားပြီ။ သားဖြစ်သူ စကားလှမ်းပြောဖို့ ပြင်လိုက်စဉ်မှာပဲ ဗုဒ္ဓ နှုတ်တော်က. . .

"အသင်ပုဏ္ဏားတို့ ဘယ်က ပြန်လာကြသလဲ"

ဆိုတဲ့စကားတော် ထွက်ပေါ်လာပါတယ်။ ဘုရား၊ တရား၊ သံဃာကို ကြည်ညိုတဲ့ သားပုဏ္ဏားလေးက. . .

"တပည့်တော်ရဲ့ဖခင် ပုဏ္ဏားကြီးပေါ့ဘုရား။ သူသေရင် ဘယ်သူမှ မမြှုပ်ဖူးသေးတဲ့ မြေနေရာသန့်သန့်လေးမှာ မြှုပ်ဖို့အတွက် နေရာ လိုက်ပြတာ။ အဲဒါကိုကြည့်ပြီးတော့ ဂိဇ္ဈကုဋ်တောင်ပေါ်က ပြန်ဆင်း လာခဲ့ကြတာပါပဲ ဘုရား"

လို့ တရိုတသေ လျှောက်ထားတယ်။ အဲဒီနေရာက ဂိဇ္ဈကုဋ်တောင်ပေါ် မှာတဲ့လားကွယ်. . . လို့ တုဘက်မဲ့ ဗုဒ္ဓမြတ်စွာနှုတ်တော်ကနေ ပြောပြော ဆိုဆိုပါပဲ ပုဏ္ဏားသားအဖနှစ်ယောက်နဲ့အတူ ဂိဇ္ဈကုဋ်တောင်ပေါ် တက်တော် မူသွားတယ်။ တောင်ပေါ် ရောက်တဲ့အခါ သားပုဏ္ဏားလေးက မြတ်စွာဘုရား ဘက် မျက်နှာမူ၊ နေရာလေးဆီ လက်ညှိုးညွှန်လို့. . .

"ဘယ်သူမှ မမြှုပ်နှံရသေးတဲ့ နေရာလေးဆိုတာ တောင်သုံးလုံး ကြား ချိုင့်ဝှမ်းဖြစ်တဲ့ ဟောဒီနေရာလေးပါပဲ ဘုရား"

ဆိုတဲ့ စကားကို လျှောက်ထားပါတယ်။ တုဘက်မဲ့ ဗုဒ္ဓမြတ်စွာ တရား

ဟောစကားစတင် ဟောကြားတော်မူပါပြီ။

"အို ပုဏ္ဏားလုလင် သင့်ဖခင်က သူသေရင် ဒီတောင်သုံးလုံးကြား နေရာလေးမှာမြှုပ်နှံပါလို့ပြောတာ အခုမှ မဟုတ်၊ ငါဘုရား ရသေ့ ဖြစ်စဉ်အခါ တုန်းကလည်း ဒီနေရာလေးကို သချိုင်းမြေလွတ်ရာ မြေသန့်ထင်ပြီး သူသေရင် ဒီနေရာမှာ မြှုပ်နှံပါလို့ ပြောခဲ့ဖူးလေပြီ။ အိုပုဏ္ဏား လုလင် ဟောဒီ တောင်သုံးလုံးကြား ချိုင့်ဝှမ်းနေရာလေးမှာ သင့်ဖခင်ဟာ ဥပသာဋကအမည်တစ်ခုတည်းနဲ့ပင် ဘဝပေါင်း ခန္ဓာပေါင်း တစ်သောင်းလေးထောင် မြှုပ်နှံဖူးခဲ့ ပေတယ်။ တခြားဘဝ၊ တခြားခန္ဓာ၊ တခြားအမည်တွေနဲ့တော့ ပြောဖွယ်မရှိ ရေတွက်လို့မရနိုင်အောင် များလှလေပြီ"

"အို ပုဏ္ဏားလုလင် လောကမှာ ဘယ်သူမဆို မမြှုပ်နှံဖူးတဲ့ နေရာရယ်လို့ မရှိ၊ သချိုင်းမြေမဖြစ်ဖူးတဲ့နေရာဆိုတာလည်း မရှိ၊ မသေဖူးတဲ့အရပ်ဆို တာလည်း မရှိ"

အဲဒီလို ဟောတော်မူတဲ့အဆုံး၊ ပုဏ္ဏားသားအဖတို့ဟာ မရဏာနုဿတိ ဘာဝနာကနေတဆင့် သောတာပတ္တိမဂ်ဖိုလ်တည်လို့မို့ အရိယာစခန်း တက် လှမ်းသွားခဲ့ကြပါသတဲ့။

## မရဏာနုဿတိဘာဝနာ

မသေချင်လျှင် သုဿာန်သွား၊ မနုဿာနုဿတိကို နာနာပွား. . . ဆိုတဲ့ ဩဝါဒကထာလေး၊ နာကြားဖူးပါတယ်။ ဆရာတော် ဦးဉာဏိဿရရဲ့ တရား တစ်ပုဒ်ထဲမှာပါ။ မရဏာနုဿတိဆိုတာ ဘာပါလဲ။ စတုရာရက္ခ. . . (အစောင့် အရှောက်လေးပါး)ထဲမှာ တစ်ပါးပါဝင်တဲ့ အစောင့်အရှောက်ပါ။ အနုဿတိ (၁၀)ပါးထဲမှာလည်း တစ်ပါးအပါအဝင် ဖြစ်ပါတယ်။ မရဏာဿတိလို့ အလွယ်ခေါ်ချင်လည်း ခေါ်လို့ရပါတယ်။ မရဏာဿတိရဲ့ အဓိပ္ပာယ်ကတော့ သေခြင်းတရားကို အောက်မေ့သတိရခြင်းပဲဖြစ်တယ်။ မရဏာနုဿတိဘာဝနာ

ဆိုတာလည်း ဒါပါပဲ။ သေခြင်းတရားကို အဖန်ဖန် အထပ်ထပ်ပွားများနေတာ ဖြစ်ပါတယ်။ သင် မလုပ်နိုင်လောက်ဘူးလို့ ထင်မှတ်နေပါသလား။ သင်လည်း သေရမယ့်သတ္တဝါတစ်ဦးဖြစ်တဲ့အတွက် မရဏာဿတိကို ကောင်းကောင်းပွားနိုင်တယ်ဆိုတာ ယုံကြည်လိုက်စမ်းပါ။ သင်လုပ်ရမယ့် လုပ်ငန်းစဉ်တွေကို ကျေးဇူးတော်ရှင် သင်္ဂဟာဆရာတော်ဘုရားကြီးက သူ့ရဲ့ စတုရာရက္ခကျမ်း မရဏာဿတိ နိဒ္ဒေသအခန်းမှာ ဒီလို ပြဆိုတော်မူထားပါတယ်။

၁။ မရဏာဿတိဘာဝနာ ကောင်းစွာအားထုတ်လိုတဲ့ ပုဂ္ဂိုလ်ဟာ ရှေးဦးစွာ မြတ်စွာဘုရားရဲ့ စကားတော်ကို ငြိမ်သက်တည်ကြည်တဲ့စိတ်နဲ့ ရိုသေစွာ ဂရုတစိုက် နာကြားလိုက်ပါဦး။ အခု ပြောဆိုမယ့် စကားတွေဟာ မြတ်စွာဘုရားရဲ့ စကားအစစ်ဖြစ်ပေတယ်။

၂။ လောကမှာ သတ္တဝါတွေရဲ့ အသက်လို့ခေါ်တဲ့ ဇီဝိတိန္ဒြေဟာ မှတ်သားလောက်အောင် နှိုင်းယှဉ်ပြစရာ အကောင်အထည်မရှိ။ သိစရာအကြောင်းကင်းမဲ့ပြီး တိုတောင်းတဲ့အပြင် ပူပင်စရာမရှိ ပကတိချမ်းသာသောသဘော မဟုတ်သေးဘဲ စိုးရိမ်ပူဆွေးငိုကြွေးရခြင်း အစရှိတဲ့ ဆင်းရဲသဘောမျိုးစုံနဲ့ ဆက်ဆံနေရပေတယ်။

၃။ မွေးဖွားလာကြသော သတ္တဝါဟူသမျှ အသက်မသေ အမြဲနေရအောင် ကြံဆောင်ပြုပြင်နိုင်တဲ့ အင်း, အိုင်, မန္တရား, ဆေးဝါး, ပယောဂ, လုံ့လ, ပညာ ဘယ်မှာမှ မရှိနိုင်။ "အိုပြီးရင် သေကြရမယ်" ဆိုတဲ့ သတ္တဝါတွေရဲ့ သဘောတံထွာမွေတာအတိုင်းသာ ဖြစ်ကြရရှာပေတယ်။

၄။ အရည်တလဲ့လဲ့ ဝင်းဝါမှည့်ရွှမ်းပြီးတဲ့ သစ်သီးကြီးငယ် အသွယ်သွယ်တို့ဟာ နံနက်အခါဝယ် ကြောက်ဖွယ်လိလိ ကြွေကျရသောဘေးကြီးရှိသလိုပါပဲ မွေးဖွားလာသမျှ သတ္တဝါတွေလည်း သေရခြင်းဘေးကြီး မြဲမြဲခိုင်ခံ့စွာ ရှိနေတယ်။

၅။ အိုးထိန်သည်တွေ ပြုလုပ်ထားတဲ့ မြေအိုးမြေခွက် အမျိုးမျိုးတို့မှာ ကွဲခြင်းသာ အဆုံးရှိကြသလိုပါပဲ။ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့ရဲ့ အသက်ဟာလည်း သေရခြင်း၊ ကုန်ဆုံးပျက်စီးရခြင်းမှာသာ အဆုံးရှိတယ်။

၆။ ငယ်သောသူ, ကြီးသောသူ၊ မိုက်မဲသူ, ပညာရှိသူ၊ အားလုံးပဲ သေမင်းနောက်ကို ကောက်ကောက်ပါအောင် လိုက်ကြရပေတယ်။

၇။ သေမင်း နှိပ်စက်မှုကြောင့် တမလွန်လောက သွားရောက်ရတဲ့ သတ္တဝါတွေဟာ တောင်မင်း၊ မြောက်မင်း မကယ်နိုင်ဆိုသလို မိဘကလည်း သားသမီးမကယ်နိုင်၊ ဆွေမျိုးများကလည်း တခြားသော ဆွေမျိုးကို မကယ်နိုင်ပါချေ။

၈။ ချစ်လှစွာသော ဆွေမျိုးသားချင်းတို့ ပင်ပန်းကြီးစွာ ငိုကြွေးမြည်တမ်းကာ ကြည့်နေကြစဉ်မှာပဲ သတ်မယ့်နွားကို နွားသတ်ရုံထဲ ဆွဲခေါ်သွားသလို သတ္တဝါတွေထဲကနေ တစ်ယောက်ပြီးတစ်ယောက် သေမင်းဆွဲခေါ်သွားတာကို ရှုပါလော့။

၉။ အိုခြင်းတရား၊ သေခြင်းတရားတို့က တစ်လောကလုံးကို အဲဒီလောက် မထောက်မညှာ နှိပ်စက်နေတာကြောင့် ကြောင်းကျိုးမြင်သိ ပညာရှိတွေဟာ ဖောက်ပြန်မှုသဘောကို နက်နဲစွာသိလို့မို့ စိုးရိမ်ပူဆွေး ငိုကြွေးခြင်း မပြုကြပါဘူး။

၁၀။ ကောင်းမှု၊ မကောင်းမှုအားလျော်စွာ ဘဝတစ်ပါးပြောင်းသွားကြတဲ့ လူတွေကိုလည်း ကြည့်ပါလေ ဒီလောကမှာ သေမင်းအလိုနိုင်ငံကို မလွန်ဆန်သာ လိုက်ပါသွားကြရတဲ့ သတ္တဝါတွေဟာ ကြောက်လန့်တုန်လှုပ် ခြောက်ခြားရကြရှာတာပါပဲ။

၁၁။ ပစ္စည်း ဥစ္စာ ရတနာရွှေငွေ သားသမီးတွေနဲ့ မကွေမကွင်းဘဲ အမြဲနေရလိမ့်မယ်လို့ မှတ်ထင်နေတဲ့သူမှာ ထင်တဲ့အတိုင်းမဖြစ်ဘဲ မလွဲသာ ခွဲခွာကြရရှာတယ်။ လောကရဲ့ ဖောက်ပြန်ခြင်းကို အကုန်အစင်မြင်အောင်ရှုပါလို့ အလ္လသုတ်မှာ ဘုရားရှင်ဟောတော်မူခဲ့တယ်။

၁၂။ မိုးထိလုမတတ် အလွန်ကြီးကျယ် မြင့်မားလှတဲ့ ကျောက်တောင်ကြီးတွေဟာ အရပ်လေးမျက်နှာမြို့ရွာတို့ကို ချေမှုန်းဖို့အတွက် အပေါ်ကနေ လိမ့်ပြိုကျလာသလိုပါပဲ အိုခြင်း, သေခြင်းတို့ဟာ သတ္တဝါတွေအပေါ် ပြိုကျနှိပ်စက် ချေမှုန်းပစ်ကြတယ်။ မင်း, ပုဏ္ဏားနဲ့ ဆင်းရဲသား, ကုန်သည်, ဒွန်းစဏ္ဍား, ပန်းမှိုက်သွန် အားလုံးတို့အပေါ်ကို ရှောင်ကွင်းလို့မရအောင် ပြိုကျနှိပ်စက်ချေမှုန်းပစ်ပါ

တယ်။

၁၃။ အဲဒီလို သေမင်းနှိပ်စက်ရာမှာ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ် လေးပါးသော စစ်ဗျူဟာခင်းကာ ထိုးစစ်ဆင် တိုက်ခိုက်သော် လည်း မအောင်မြင်။ အင်း၊ အိုင်၊ ဆေးဝါး၊ မန္တရားစုပ်ပြီး တိုက် ခိုက်ခြင်း၊ ဥစ္စာတန်စိုးလက်ဆောင် ထိုးခြင်းပြုလုပ်လို့လည်း သေမင်းကို မနိုင်ပါလေ။

၁၄။ အဲဒီလို သေမင်းကို ဘယ်နည်းနဲ့မှမနိုင်တဲ့အတွက်ကြောင့် မြဲမြဲ တည်ကြည်တဲ့ ပညာရှင် မိမိအကျိုးကို ရည်ရွယ်သိမြင်တတ်တဲ့ ယောက်ျားဟာ- ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ် ယုံကြည်မှု သဒ္ဓါသွင်းထားရမယ်။

၁၅။ ကိုယ်နှုတ်နှလုံး သုံးပါးတို့ဖြင့် တရားတော်အတိုင်း ကျင့်ကြံနေထိုင် တဲ့သူကို ယခု လက်ရှိဘဝမှာပဲ ရဟန်း၊ ရှင်၊ လူတို့က ချီးမွမ်း ကြတယ်။ တမလွန်ဘဝ နတ်ပြည်ကို ရောက်ရတဲ့ကာလမှာလည်း နှစ်သိမ့်မွေ့လျော် ပျော်ပိုက်ရတယ်လို့ ပဗ္ဗတူပမသုတ်မှာ ဘုရားရှင် ဟောတော်မူပါတယ်။

၁၆။ မြစ်လုံးပြည့်လျှံအောင် စီးဆင်းတဲ့ရေအလျင်က ကမ်းနားသစ်ပင် တွေကို အမြစ်ပါမချန် လှဲဖြိုတိုက်စားသွားသလိုပါပဲ။ အိုရေး၊ သေရေး၊ ဒုက္ခဘေးတွေကလည်း သတ္တဝါတွေကို တိုက်စားပစ် တတ်တယ်။

၁၇။ မိန်းမ၊ ယောက်ျား လူအများတို့ဟာ နုထွားပျိုရွယ် အသက်ငယ် ငယ်လေးနဲ့လည်း သေဆုံးတတ်တဲ့အတွက် အသက်ရှင်မှု စည်း စိမ်စုမှာ ယစ်မူးမေ့လျော့နေချိန်မရပါ။

၁၈။ နေ့မြင်ညပျောက်ဆိုတဲ့ စကားအတိုင်းပါပဲ။ မနက်ပိုင်းက မြင်ရတဲ့ လူတွေကို ညနေပိုင်းမှာ သေပျောက်ကုန်ကြလို့ အချို့မမြင်ရ တော့ပါ။ ညနေပိုင်းမှာ မြင်ထားရတဲ့လူတွေကိုလည်း နံနက် ရောက်က သေပျောက်ကြလို့မို့ အချို့ မမြင်ရတော့ဘူး။

၁၉။ ကောင်းအားထုတ် ပြုလုပ်ထိုက်တဲ့ ဒါန၊ သီလ၊ ဘာဝနာကိစ္စတွေကို ဟိုလ၊ ဟိုနေ့ ရက်မရွှေ့ဘဲ ယနေ့ပင် ပြုလုပ်သင့်ပါတယ်။ မနက် ဖြန်ကျမှ သေရလိမ့်မယ်လို့ ဘယ်သူမှမသိဘူး။ အနာမျိုး (၉၆)ပါး၊

ဘေး(၂၅)ပါး၊ (၃၂)ပါးသော ကံကြမ္မာစ,စွာသောင်းသောင်း လက်နက်ကောင်းတွေ စစ်သည်ကောင်းတွေရှိတဲ့ သေမင်းနဲ့ ဘယ်နေ့ဘယ်ရက်ကျမှ ခေါ်ပါလို့ ဥစ္စာတန်စိုး လက်ဆောင်ထိုးကာ ငါတို့ ချိန်းဆိုထားတာမရှိချေ။

၂၀။ ယခုလိုအခါမျိုးမှာ မိမိကိုယ်တိုင်နဲ့ ဘုရားစကားတော်အပြင် သွန်သင်ဆုံးမ ဩဝါဒပေးမယ့်သူဆိုတာ မရှိပါ။ သံသရာဘေးတွေးတွေးပြီး ကြောက်တဲ့ ရဟန်းရှင်လူတို့ဟာ ဘုရားစကားတော်ကို ဆင်ခြင်စဉ်းစား နှလုံးသွင်းပြီးတော့မှ မိမိကိုယ်ကိုမိမိ ဆုံးမရမယ်။

၂၁။ ဆုံးမပုံ ဆုံးမနည်းကတော့. . .

၁။ ငါဟာ မြွေကိုက်ခံရလို့ သေသွားနိုင်တယ်။

၂။ တခြားသော အဆိပ်ရှိသတ္တဝါတွေ ကိုက်သတ်လို့လည်း သေနိုင်တယ်။

၃။ ငါ့ကိုမုန်းတဲ့သူတွေက သတ်ကြလို့လည်း သေနိုင်တယ်။

၄။ အနာရောဂါဆိုးတွေ ဖြစ်လို့လည်းပဲ ငါသေသွားနိုင်တယ်။

ဆိုတဲ့ နည်းပါပဲ။

၂၂။ ကိုယ်တွင်းကိုယ်ပမှာ သေမင်းရဲ့စစ်သည်၊ သေမင်းရဲ့ လက်နက်တွေဟာ မရေတွက်နိုင်လောက်အောင် များပြားစွာ ရှိနေပါတယ်။ သေမင်းရဲ့စစ်သည်၊ လက်နက်တွေက နှိပ်စက်ကြလို့မို့ အသက်ဆုံးပြီး ယနေ့ မနက်ဖြန် ကေန်မုချ ငါသေရလိမ့်မယ်။

၂၃။ ခွေးရူး၊ မြွေ၊ ကျား၊ ကျွဲ၊ နွားအစရှိတဲ့ သားရဲတိရစ္ဆာန်။

ဓားပြ၊ သူခိုး ရန်သူမျိုး။

အမြဲမပြတ်စုဝေး ကပ်ရောက်တတ်တဲ့ ကိုးဆယ့်ခြောက်ပါး ရောဂါများ။

လူတွေအပေါ် ကျေးဇူးများတဲ့ ထမင်း၊ ရေ. . . .

အစရှိသော အာဟာရတို့ ဝေါပြတ်နှိပ်စက် ညှင်းဆဲချက်ကြောင့် အမြဲမုချ ငါသေရမယ်။ ရုပ်နာမ်နှစ်ချက် ငါ့အသက်က ဒီနေ့မှာတောင် ချုပ်ပျက် သေဆုံးသွားနိုင်တယ်။

၂၄။ သုံးဘုံပိုင်နင်း ရှင်သေမင်းဟာ သနားခြင်းကင်းမဲ့စွာပဲ ဘုံသုံးပါး

စစ်မြေပြင်မှာ ပုန်းခိုရာမဲ့နေတဲ့ သတ္တဝါများဆီကို များပြားလျှင်မြန် ထက်မြက်တဲ့လက်နက်တွေကို ရက်ရက်စက်စက် ပစ်လွှတ်နေ တယ်။

၂၅။ ဝါသုဒေဝ၊ ဗလဒေဝ အစရှိတဲ့ ကာယဗလ ပြည့်ဝသူ။
အရှင်သာရိပုတ္တရာ အစရှိတဲ့ ဉာဏဗလပြည့်ဝသူ။
အရှင်မောဂ္ဂလာန် အစရှိတဲ့ ဣဒ္ဓိဗလ ပြည့်ဝသူ။
ဇောတိကသူဌေး၊ ဇဋိလသူဌေး အစရှိတဲ့ ဘောဂဗလ ပြည့်ဝသူ။
ဒီဗလလေးတန်နဲ့ အမှန်ပြည့်ဝပါတယ်ဆိုတဲ့ သူတို့လည်း သေမင်းရဲ့ လက်နက်ဘေးကနေ လွတ်မြောက်အောင် မရှောင်နိုင်။ သုံး လောကပိုင်စိုး၍ သတ္တဝါတို့အပေါ် အမျိုးမျိုးစောင့်ရှောက် တော်မူတဲ့ မြတ်စွာဘုရားသော်မှ မရှောင်နိုင်ခဲ့ပါ။

၂၆။ ငါနဲ့ရွယ်တူ၊ ငါ့အောက်လူ၊ ငါ့ထက်ကြီးသူတွေဟာ ပြင်းထန် ထက်မြက်တဲ့ သေမင်းလက်နက်ဘေးကြောင့် သေခဲ့ကြရလေပြီ။ ငါလည်း သူတို့လိုပဲ သေရပေလိမ့်ဦးမယ်။ အတိတ်ကာလတုန်း က ပြုခဲ့ရတဲ့ ကုသိုလ်ကောင်းမှုအစုသာလျှင် ငါ့အတွက် အားကိုး ရာဖြစ်ပေမယ်။

၂၇။ ပထဝီ၊ အာပေါ . . . အစရှိသည်တို့ဟာ 'ဓာတ်'။ စားသောက် ဖွယ် အာဟာရ အပူ၊ အအေးတို့ဟာ ဥတု။ သည်းခြေ၊ သလိပ်၊ လေတို့က တြိဒေါသ။
ဓာတ်၊ အာဟာရ၊ ဥတု၊ တြိဒေါသတို့ အယုတ်အလွန်မရှိ ပကတိ ညီညွတ်မှသာ အသက်ရှည်ကြာစွာ တည်နိုင်တယ်။ ဖောက်ပြန် ချို့ယွင်း အချင်းချင်း မညီညွတ်ရင်တော့ သူတို့ကို မှီခိုနေတဲ့ အသက်ကလေးဟာ ခဏလေးအတွင်းမှာ သေသွားမှာပါပဲ။

၂၈။ ဓာတ် အစရှိတဲ့ မှီရာတရားတွေ ဖောက်ပြန်ချို့ယွင်းခြင်းကြောင့် မနက်ဖြန်မှာလည်း မကျန်းမမာ ဖျားနာနိုင်တယ်။ မဖျားမနာဘဲ ကျန်းမာနေတဲ့အခါမှာ လုပ်စရာရှိတဲ့အလုပ်တွေကို ကြိုးစား လုပ်ဆောင်သင့်ပါတယ်။ မကျန်းမမာ ဖျားနာနေတဲ့သူဟာ ဘာ အလုပ်မှ မလုပ်နိုင်တော့ဘူး။

၂၉။ မနက်ဖြန်ခါမှာလည်း မသက်မသာ ကျင်နာခံခက် ရက်စက်

ကြမ်းကြုတ်တဲ့ အနာရောဂါတွေ ဖြစ်နိုင်တယ်။ ၉၆-ဖြာ ဘေးရောဂါတွေရောက်မလာခင် ကုသိုလ်ဖြစ်အောင် အားထုတ်ရမယ်။ ရောဂါနဲ့ အိပ်ယာထဲလဲပြီး လက်ခြေလောက်တောင် မသယ်နိုင်တဲ့အခါကျမှ မိုက်ခဲ့လေခြင်း၊ မှားလေခြင်းရယ်လို့ နောင်တပူပန်ခြင်း မဖြစ်သင့်ပါလေ။

၃၀။ ကံနိမ့်တဲ့အခါ သတ္တဝါတို့ရဲ့ မှီခိုအားထားရာကလည်း ဘေးကြီးသင့်အောင် ပြုတတ်ပါတယ်။ ကံကောင်း၊ ကံဆိုး ဒီနှစ်မျိုးကို မသိနိုင်ရိုး အမှန်ပါ။ သေဘေးကြီး နီးလာတာကိုလည်း ငါမသိနိုင်ပေ။

၃၁။ ကံဆိုး၊ ကံညံ့ အဖိနှိပ်ခံလိုက်ရတဲ့ သတ္တဝါမှာ တခဏအတွင်း ဘေးဖြစ်နိုင်တယ်။ ဒီနေ့ဖြစ်စေ၊ မနက်ဖြန်ဖြစ်စေ ငါသေရလိမ့်မယ်။ ငါ သေသွားနိုင်တယ်။ မေ့လျော့ ပေါ့တန်စွာ မနေသင့်ပါတကား

၃၂။ ကုသိုလ်ကံအဟုန် ကုန်လေတဲ့သတ္တဝါဟာ သေလောက်တဲ့အကြောင်းဘာတစ်ခု မရှိဘဲ ရုတ်တရက် လဲကျပြီး သေဆုံးသွားနိုင်တယ်။ ကြည်လင်သန့်ရှင်း အပြစ်ကင်းတဲ့စိတ်နဲ့ ငါသေမယ်။ ညစ်ညူးနောက်ကျိတဲ့ စိတ်နဲ့မသေဘူး။

၃၃။ ဘဝအဆက်ဆက် ဆည်းပူးခဲ့လို့မို့ အခုဘဝမှာ နောက်ကပါလာတဲ့ ဥပစ္ဆေဒကကံများစွာတို့လည်း ငါ့မှာ ရှိကြပေတယ်။ အဲဒီ ဥပစ္ဆေဒကကံတွေဟာ ယနေ့ချက်ချင်း အသက်ကိုဖြတ်ခွင်းပစ်နိုင်တယ်။ သူတော်ကောင်းဆိုတာ မအိုမသေ အမြဲနေရတဲ့ နိဗ္ဗာန်ရောက်အောင် အားထုတ်သင့်တယ်။

ဒါတွေကတော့ သင်္ဃာဆရာတော်ရဲ့ စတုရာရက္ခကျမ်းထဲက မရဏာဿတိ နိဒ္ဒေသပိုင်းကို ကောက်နုတ်တင်ပြခဲ့တာ ဖြစ်ပါတယ်။ မူရင်းအတိုင်း အရသာလည်း မပျက်အောင် ခေတ်နားထဲလည်း အဝင်ချောရလေအောင် ကြိုးစားတင်ပြခဲ့တာ ဖြစ်ပါတယ်။ မရဏာနုဿတိ ဘာဝနာပွားမယ်ဆိုရင် မသေရာနိဗ္ဗာန်ကိုရောက်မှာ အသေအချာပါပဲ။ မြတ်စွာဘုရားကိုယ်တော်တိုင် တာဝန်ခံထားတာမို့ ယုံမှားစရာ မရှိပါဘူး။

## တုဘက်မဲ့ဗုဒ္ဓမြတ်စွာ၏ မရဏာနုဿတိကာထာ ဘာဝန်ယူမှုအပိုင်း

အခါတစ်ပါး. . . တုဘက်မဲ့ ဗုဒ္ဓမြတ်စွာဟာ နာတိကရွာ အုတ်ကျောင်းမှာ သီတင်းသုံးနေတော်မူတော့ ရဟန်းတွေကို ဒီလို မိန့်ကြားတော်မူခဲ့ဖူးပါတယ်။

"ရဟန်းတို့ မရဏာနုဿတိကို ပွားများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အားထုတ်အပ်သည်ရှိသော် အကျိုးကြီး၏။ အာနိသင်ကြီး၏။ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏။ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏"

ဒါကြောင့်. . . မရဏာနုဿတိကိုသာ ပွားပါ။ ထပ်ခါထပ်ခါ အကြိမ်များစွာ အားထုတ်ပါ။ သေခြင်းကင်းရာ အမြိုက်နိဗ္ဗာန်ဆိုတဲ့ အကျိုးကြီးကို မုချရမယ်လို့ ယုံကြည်အပ်ပါတယ်။ ပွားများပုံကတော့ ရှေ့မှာတင်ပြခဲ့တဲ့အတိုင်း ပထမ သေခြင်းတရားနဲ့ပတ်သက်တဲ့ ဘုရားစကားတော်တွေကို လေးနက်စွာ နှလုံးသွင်းရပါမယ်။ ဒုတိယအနေနဲ့ သေရမယ့်ခန္ဓာကိုယ်ကြီးကို အကြောင်းပြုပြီး အကုသိုလ်မလုပ်တော့ဘူး။ လုပ်ထားပြီးသား အကုသိုလ်တွေ ပြန်သတိရလာရင်လည်း ရှုမှတ်ပြီးတော့ ပယ်ရမယ်. . . လို့ သဘောကျပြီး အားထုတ်လိုက်ပါလေ။ အားထုတ်ပုံ နမူနာကို အောက်ပါအတိုင်း တင်ပြလိုက်ပါတယ်။

## မရဏာနုဿတိ ဘာဝနာပွားများနည်း အကျဉ်းချုပ်

သူများတွေသေသလို ငါသေရမယ်။ တစ်နေ့နေ့တော့ တကယ် သေရမယ်။ မကြာမီသေရတော့မယ်လို့ သေဘေးကြီးကို အဟုတ်ထင်မြင် သံဝေဂရလာအောင် ပွားများရပါတယ်။

## မရဏာနုဿတိပွားများရကျိုးလင်္ကာ

မရဏဿတိ၊ ပွားနည်းသိ၍ ပွားဘိသောသူ၊ များဗိုလ်လူတို့၊ မှတ်ယူအကျိုး၊ မော်ကွန်းထိုးအံ့၊ သေမျိုးသေမြဲ၊ ရှုရနဲကြောင့်၊ သေကွဲမပူ၊ မဲ့မပူရှင့်၊ စွဲယူမရဏ၊ သတိရ၍ နိဝရဏကင်းကွာ၊ ဈာန်အင်္ဂါနှင့်၊ ထင်စွာသံဝေ၊ ထိတ်လန့်နေ၍ ရောက်စေမဂ်ပြ၊ ဈာန်တက်ရလျက်၊ ပေါ့ဆမေ့ကင်း၊ ဘဝရင်းကို မုန်းပြင်းမှတ်ထင် သက်မခင်ခဲ့။ ဆိုးမြင်ပါပ၊ ကဲ့ရဲ့ချ၍ ကင်းပသိုမှီး၊ တစ်ကိုယ်တည်းဖြင့်၊ ပစည်းလေးသွယ်၊ မခင်တွယ်၍ စင်ကြယ်မစွဲ၊ ဖြစ်ပျက်သေကို၊ ရှုနေအနစ္စ၊ ဘိဇ္ဇနဟု၊ စိတ်ကထင်မြင်၊ ဒုက္ခစင်တွေး၊ လွတ်ထင်သေးရှင့်၊ မြင်တွေ့အနတ္တ၊ သိလွယ်လှ၏။ ဘေးမှုမကြောက်၊ စိတ်မနောက်ဘဲ၊ သေပျောက်ရလျက်၊ ရောက်မြဲနိဗ္ဗာန်၊ မရောက်ပြန်သေး၊ ထောက်ခံအေးလှ၊ မဆွေးလှသည့် ပေးချနတ်ရွာ၊ ရောက်ကြောင်းဖြာသည်။ ပွားပါ မရဏဿတိ ကောင်းကျိုးတည်း။

## နိဂုံး

မိမိအသက်(၂၅)နှစ်ပြည့်တဲ့နေ့မှာ သေခြင်းတရားဆိုတာကို စဉ်းစားမိရင်း ဒီစာမူလေးကို ရေးဖြစ်သွားတာဖြစ်ပါတယ်။ သုဿန်မှာ မဟုတ်မမှန်တဲ့ အယူအဆတွေ လုပ်နေကြမယ့်အစား တကယ်လုပ်သင့်တဲ့ မရဏာနုဿတိဘာဝနာကို လေးနက်စွာ အားထုတ်လိုက်ကြမယ်ဆိုရင် သေခြင်းကင်းရာ နိဗ္ဗာန်ကို မရောက်ပေဘူးလား။

ဆင်းရဲကင်းကွာ ချမ်းသာကြပါစေ။

# ရှိလောင်ဇာတ်လမ်း

ရှိလောင်ဇာတ်လမ်းဆိုတော့ တရုတ်ဝတ္ထုများလားလို့ တွေးစရာပေါ့။ မဟုတ်ပါဘူး။ ရှိတာတွေက လောင်သွားလို့ ရှိလောင်ဆိုတဲ့ နာမည်တပ်ပေးလိုက်တာပါ။ သူများတွေရဲ့ ရှိလောင်ဇာတ်လမ်းကိုမပြောသေးခင် ကိုယ့်ရှိလောင်ဇာတ်လမ်းကိုယ်ပြောရဦးမယ်။ ကိုယ့်မှာစာပေဝါသနာ ရှိတယ်မဟုတ်လား။ ရှိနေတာက လောင်ပါတယ်။ ရန်ကုန်မြို့ပြနေပူကျဲကျဲ ပန်းဆိုးတန်းလမ်းပေါ် လျှောက်သွားပြီ ဆိုကြပါစို့။ တကတဲအေးငြိမ်းရာ အရိပ်တစ်ခုဆီ လျှောက်မသွားနိုင်ဘူး။ လမ်းမှာတွေ့တဲ့ စာအုပ်အဟောင်းဆိုင်လေးတွေကို ငေးဖြစ်အောင် ငေးနေလိုက်သေးတာကိုး။ စာအုပ်ဆိုင်ရှေ့ဆောင့်ကြောင့်လေးထိုင်လို့ ဟိုစာအုပ်ကလေး ကောက်ကိုင်လိုက်၊ ဒီစာအုပ်ကလေး ကောက်ကိုင်လိုက်နဲ့ ပူမှန်းမသိလောင်မှန်းမသိဖြစ်နေတာ။ ဟိုက ဒီက ကိုယ်ကြိုက်တဲ့ စာအုပ်လေးတွေ အဟောင်းရောအသစ်ပါ ဝယ်ယူစုဆောင်းလို့ ကျောင်းစာအုပ်စင်မှာ တင်ထား။ ခင်ရာမင်ရာ ရဟန်းမိတ်ဆွေတွေ လူမိတ်ဆွေတွေ ရောက်လာ။ စာအုပ်စင်ကိုမွှေကြ။ ကြိုက်တာတွေ ငှားသွားကြ။ ပြန်ပေးတဲ့ လူဆိုတော်ရဲ့ ပြန်မပေးတဲ့လူဆို ကိုယ့်စိတ်ထဲ ဒေါသမီးလောင်နေတော့တာပဲ။ မှတ်မှတ်ရရ ဆရာကြီးမောင်ထင်ရေးတဲ့ ကမ္ဘာ့စာပေအညွှန်းစာအုပ်ကြီးနဲ့ ဆရာကြီးမွှာစရိယ ဦးဌေးလှိုင်ရေးတဲ့ သီဟိုဠ်ခေတ်စံတော်ဝင်အရိယာများစာအုပ်ကြီးတို့ကို မိတ်ဆွေတစ်ယောက်က ငှားသွားတာပါ။ ၂၀၀၇-ခုနှစ် ဒီဇင်ဘာလ ၂၁ရက်နေ့က ငှားသွားတာပါ။ ဒီနေ့အထိ ပြန်လာမပို့တော့ဘူး။ ဒါက ဘာထူးဆန်းလို့လဲ။ စာအုပ်ကလည်း ပျောက်တတ်တဲ့အမျိုးမို့လို ပျောက်တာပဲ။

စာအုပ်ငှားသွားတဲ့သူကလည်း ရုပ်ခတ်ရှစ်ပါးနဲ့ဖွဲ့စည်းထား တဲ့လူပဲ။ ဖောက်ပြန်ပျက်စီး ပျောက်ဆုံးတတ်တဲ့သဘာဝရှိတာမို့ ဖောက်ပြန် ပျက်စီး ရတာပေါ့. . . လို့ ပြောစရာရှိတယ်။ တကယ်တမ်း တရားသဘော ဆင်ခြင် မိဖို့က အင်မတန်ခက်တယ်။ "တရားကတရား. . . ဓားကဓား" ဆိုပြီး စိတ်ကိုလွှတ်ပေးမိလို့ ဒေါသမီးလောင်မြိုက်ခံရတာက များပါတယ်။ ဒါက ကိုယ်တွေ့ရှိလောင်ဇာတ်လမ်းပဲ။ ပုထုဇဉ်ပီပီ ကိုယ့်သဘောကလည်း အတော်ကိုရိုင်းတယ်။ ကိုယ်ကြိုက်တဲ့ စာအုပ်ဆိုရင် မာတာမိခင်ကျေးဇူးရှင် ကိုတောင် ပေးဖတ်ချင်တာ မဟုတ်ဘူး။ ဒါပေမယ့် အတွေးတစ်ခုတွေးမိပြန် တော့လည်း ကိုယ်ကြိုက်တဲ့စာအုပ်ကလေးတွေကို အမေနဲ့တကွ စာပေမြတ်နိုး သူတွေ အားလုံးဖတ်စေ့ချင်တဲ့ စိတ်ကလေးဖြစ်လာရပြန်ရော။ အဲဒီအတွေးက ဘာလဲ. . .။ ငါသေသွားရင် ဒီစာအုပ်တွေလည်း ထားခဲ့ရမှာပါပဲဆိုတဲ့ အတွေးပဲ။ ကိုယ်က စာအုပ်ကို ရွှေလိုစုတဲ့ကောင်ပါ။ စာအုပ်တွေမြင်နေရရင်ကို စိတ်ကအတော် ချမ်းသာနေပြီ။ ရန်ကုန်ရောက်ကာစကတည်းက မြို့ထဲသွား တိုင်း စာအုပ်တစ်အုပ်လောက်မှမပါရင် ဘယ်တော့မှကျောင်းမပြန်ဘူး။ မြို့ထဲကပြန်လာတိုင်း စာအုပ်တစ်အုပ်တော့ ပါလာခဲ့တာချည်းပဲ။ စာအုပ် တွေရှိတော့ စာအုပ်နဲ့ပတ်သက်တဲ့ လောဘမီး၊ ဒေါသမီး အစရှိတဲ့ ကိလေသာ မီးတွေက လောင်တယ်။ ကိုယ့်ဘက်က နှလုံးသွင်းမှားနေသရွေ့ အလောင်ခံ နေရဦးမှာပဲလို့ အလောင်ခံရတာပဲလို့ သဘောပေါက်သွားတဲ့နေ့ကစပြီး အလောင်ခံရတာ သက်သာသွားတယ်။ ဝယ်လာတဲ့ စာအုပ်ချက်ချင်းဖတ်၊ မှတ်စုထုတ်ထား။ ပြီးရင် စာအုပ်စင်ပေါ်တင်ထားပေးလိုက်တယ်။ ငှားဖတ် လိုက ဖတ်ကြပါစေ။ ပြန်မအပ်ဘဲနေလိုက နေစေ။ ငါဖတ်ချင်သလို သူတို့ လည်း ဖတ်ချင်ကြရှာမှာပဲဆိုတဲ့ နှလုံးသွင်းကို မွေးယူလိုက်တော့တယ်။ စာအုပ်စင်မှာ စာတန်းလေးတစ်ခုလည်း ချိတ်ပေးထားလိုက်သေးတယ်။

စာအုပ် လုံးဝမငှားပါ။
လိုချင်လျှင် အပိုင်ပေးပါမည်။

ပုံ

ဆရာတော်

ဒီလိုကျပြန်တော့လည်း လူတွေက သူတို့ကိုရွဲ့တယ်ထင်သလားမသိ။ စာအုပ်တွေကို ကိုင်တောင်မကြည့်ကြတော့ပြန်ဘူး။ ဒါလည်း ကောင်းတာပဲ လေ မဟုတ်ဘူးလား။

❁ ❁ ❁

ဆိုလိုတာက ကိလေသာတစ်ခုရှိရင် တစ်ခုလောင်တာခံရမယ်။ ကိလေသာရဲ့အာရုံ ကာမဂုဏ်လောင်စာတစ်ခုရှိရင် တစ်ခုလောင်တာခံရမယ်။ အဲဒါကို ဆိုလိုတာပါ။ လောင်စာတွေ ဘယ်လောက်ရှိရှိ လောင်တတ်တဲ့ မီးဆိုတာမရှိရင်တော့ အလောင်ခံရမှာ မဟုတ်ပါဘူး။ အဆိပ်ပင်ကိုဘယ်လောက် ကိုင်ကိုင် လက်မှာအနာမရှိရင် အဆိပ်မသင့်သလိုပဲပေါ့။ ဒီတော့. . . လောင်မီးကိလေသာငြိမ်းဖို့ လိုတယ်။ ကိလေသာမငြိမ်းသရွေ့ လောင်မြိုက်ခံဘဝကနေ ဘယ်တော့မှ လွတ်မှာမဟုတ်ဘူး။ ရာထူး၊ အာဏာ၊ ပစ္စည်းဥစ္စာ၊ ဇနီးလင်သားသမီးများ ရှိတဲ့လူကို အဲဒါတွေကို တိုက်ရိုက်လောင်ပစ်တာ မဟုတ်ဘူး။ သုံးရုံတင်မသုံးဘဲ စွဲတဲ့အဆင့်ထိ တွန်းပို့လောင်မြိုက်စေတတ်တဲ့ တဏှာ၊ ဥပါဒါန်တို့က လောင်စေတာပါ။ တဏှာ၊ ဥပါဒါန်တို့နဲ့သာ မစွဲဘူးဆိုရင် အဲဒီအရာတွေက ကုသိုလ်ဖြစ်စရာ အထောက်အကူတွေဖြစ်လာမှာ သေချာတယ်လေ။

တရားသဘော မတွေးတောမိသူတွေကျတော့ ဒါတွေဟာ လောင်စရာနဲ့ လောင်စာတွေပဲ။ သာဓက တစ်ခုပြောပြမယ်။ ငရဲပြည်မှာ သံမြားကောက်ငရဲဆိုတာ ရှိတယ်။ ငါးမျှားချိတ်လို သံမြားကောက်အကြီးကြီးတွေရှိတဲ့ ငရဲပေါ့။ မြို့သူမြို့သားတွေ နားလည်အောင်ပြောရရင် သံမျှားချိတ်တစ်ခုတစ်ခုဟာ လမ်းမီးတိုင်တစ်တိုင်စာလောက် ကြီးတယ်။ တောသူတောင်သားများ နားလည်အောင်ပြောရရင်တော့ သံမျှားချိတ်တစ်ခုတစ်ခုဟာ ထန်းပင်လုံးလောက်ရှိတယ်လို့ ဆိုရမယ်။ ငရဲကောင်တွေရဲ့ လျှာကို အဲဒီသံမျှားချိတ်ကြီးတွေနဲ့ ဖောက်ချိတ်နှိပ်စက်ကြတာတဲ့။ ငါးမျှားတဲ့အခါ မျှားချိတ်မှာ ငါးတွေဖျပ်ဖျပ်လူးပြီးပါလာသလို ငရဲသားတွေလည်း သံမျှားချိတ်မှာ ဖျပ်ဖျပ်လူးပြီးပါသွားကြတယ်။ အံမလေးဗျတောင် အော်လို့ရမှာ မဟုတ်ဘူး။ ပါးစပ်မှာ သံမျှားချိတ် ကတန်းလန်းမဟုတ်လား။

အဲဒီ သံမှုးကောက်(ဝါ) သံမှုးချိတ်ငရဲမှာ ခံစားကြရတဲ့ ငရဲကောင်တွေဟာ တချို့က ပွဲစားတွေတဲ့။ လောဘ၊ တဏှာ အလောင်ခံရသူတွေပေါ့။ တစ်ရာတန်တဲ ပစ္စည်းကို ဝယ်သူဘက်က ပွဲခပိုပေးတဲ့အတွက် အဂတိလိုက်ပြီးတော့ ငါးဆယ်ပဲတန်တယ်လို့ မတန်တဆဈေးဖြတ်ခဲ့သူတွေ၊ ရောင်းသူဘက်မှာ နစ်နာအောင်လုပ်ခဲ့ဖူးသူပွဲစားတွေ အဲဒီငရဲကိုကျရောက်တယ်။

တချို့ကတော့ အလေးခိုးတဲ့ ဈေးသည်တွေတဲ့။ သူတို့က ကောက်ကျစ်စဉ်းလဲပေမယ့် လိုချင်တာရအောင် စကားလုံးချိုချိုတွေနဲ့ မှုးတတ်ကြတယ်လေ။ အဲဒါကြောင့် တူသောအကျိုးပေးတာလို့ ကျမ်းဂန်ကဆိုပါတယ်။ ကိုယ်တို့လို ဓမ္မကထိက စာရေးဆရာတွေလည်း အဲဒီငရဲကို ကျရောက်ရတတ်တယ်ဗျ။ ကြောက်စရာပဲ။ နှုတ်ဖြင့် ပြောသည်ဖြစ်စေ၊ စာရေး၍ဖြစ်စေ၊ သူတစ်ပါး အထင်လွဲ၊ အသိလွဲ၊ အမြင်လွဲအောင် မဟုတ်တာတွေရေးမိပြောမိရင် အဲဒီ ငရဲကျတယ်။ ကိုယ်ပြောတာ ရေးတာကြောင့် သူတစ်ပါးတို့မှာ ထိခိုက်ရင် ထိခိုက်သလောက် တန်ပြန်အကျိုးခံစားရတာပါပဲ။ မီးတောက်နေတဲ့ သံမှုးချိတ်ကြီးနဲ့ ငရဲကောင်ရဲ့လျှာကိုဖောက်ချိတ်ပြီး မီးတောက်နေတဲ့ သံမြေပြင်ပေါ်မှာ တရွတ်တိုက်ဆွဲခေါ်နှိပ်စက်တာဆိုပဲ။ ငရဲကောင်တွေခမျာ အော်ကာဟစ်ကာနဲ့ သွေးပွက်ပွက်အန်ကြရရှာတယ်လို့ဆိုပါတယ်။ နောက်. . . ဇာတ်လမ်းတစ်ခု သတိရတုန်း ပြောရဦးမယ်။ သတ္တိသူလာငရဲမှာ ခံရတဲ့ အဇ္ဇုနမင်းရဲ့ ဇာတ်လမ်းပေါ့။

အဇ္ဇုနမင်းဆိုတာက မဟိသကတိုင်း၊ ကာကရာဇဌာနီ မင်းနေပြည်တော်ရဲ့မင်း။ လက်ရုံးတစ်ထောင် အင်အားရှိတယ်။ အဇ္ဇုနမင်းက သမင်သားကို အင်မတန်ကြိုက်တာကိုး။ တစ်တောဝင် တစ်တောင်တက်နဲ့ သမင်လိုက်ပစ်နေတာပဲ။ သမင်တစ်ကောင် ပစ်လို့ရလိုက် ခါးကြားက အမဲလိုက်ဓားမြှောင်ဆွဲထုတ်ပြီး သမင်သားကိုဖျက် မီးကင်စားလိုက်၊ ပျော်လို့ပေါ့။ အလောင်ခံရတာကို ပျော်နေတဲ့သဘောပါပဲ။ ရသာရုံဆိုတဲ့ ကာမဂုဏ်မီးနဲ့ ရသာရုံကိုတပ်မက်တဲ့ တဏှာရာဂ ကိလေသာမီးတို့က အဇ္ဇုနမင်းကိုနှစ်ဖက်ညှပ်ပြီးတော့ လောင်နေတာပါ။ တစ်နေ့. . . အဇ္ဇုနမင်းဟာ တောအုပ်တစ်ခုထဲက သမင်တွေကို ပစ်မယ်လို့ချောင်းနေတယ်။

အဲဒီအချိန် အဲဒီနေရာကို ဘယ်သူရောက်လာသလဲဆိုတော့ အင်္ဂီရသဂေါတမရသေ့ ရောက်လာတယ်။ အဇ္ဇုနမင်း သမင်ချောင်းနေတဲ့ ခြုံဖုတ်အနီးက

ကံပြင်းပင်ပေါ်ကိုတက်ပြီး ကံပြင်းရွက်ကို ကံပြင်းသီးတို့ တက်ခူးတာပါ။ ကံပြင်းရွက်ဆိုတာ ချဉ်တင်တင်ဖန်တန်တန် အရသာရှိတဲ့ အရွက်တစ်မျိုးပေါ့။

စာရေးသူတို့အညာဒေသမှာတော့ ကမလင်းရွက်လို့ခေါ်တယ်။ ရေပေါ်ပြေး ငါးပေါက်စ တစ်ဆုပ်စာလောက်နဲ့ချဉ်ရည်ဟင်းချက်စားရင် ထမင်းတော့ လွတ်မြန်တာကိုး။ တောသူတောင်သားတွေအဖို့တော့ နတ်သုဒ္ဓါအလားထင်မှတ်မှားစေတဲ့ ဟင်းတစ်ခွက်ပေပ။ အညာဒေသတောအရပ်ဆိုတာက ဒီနေ့ခေတ်အထိ ဟင်းသီးဟင်းရွက်ဆိုရင် ဝယ်စားကြတာမဟုတ်ဘူး။ ကိုယ့်လယ် ကိုယ့်ယာထဲမှာ ဘူးဝင်၊ ဖရုံစင်ရှိတယ်။ မုံညင်းခင်း၊ ဂေါ်ဖီခင်းရှိတယ်။ ငရုတ်၊ ကြက်သွန်ရှိတယ်။ ကွမ်းဝါးတတ်သူရဲ့လယ်ယာမြေဆိုရင် ကွမ်းသီးပင်နဲ့ ကွမ်းရွက်ခြံရှိတယ်။ ဆေးလိပ်သောက်တတ်သူရဲ့ လယ်ယာမြေဆိုရင် ဆေးခင်း(ဆေးရွက်ကြီးပင်စိုက်ခင်း)တောင်မှ ရှိသေးရဲ့။ ကွမ်းယာဆိုင်ကနေ ဆေးလိပ်၊ ကွမ်းယာဝယ်မသုံးရဘူး။ ကိုယ့်ဟာကိုယ် စိုက်သုံးတာ။ ဒါဟာ ကိုယ့်အားကိုယ်ကိုးတဲ့ မြန်မာ့စိတ်ရင်းအစစ်ပဲ။ တပ်မတော်ထဲမှာ ဒုတိယ ဗိုလ်မှူးကြီးအဆင့်နဲ့ တာဝန်ထမ်းဆောင်နေတဲ့ ဝမ်းကွဲအစ်ကိုတစ်ယောက်က ဆွမ်းစားပင့်လို့မို့ တပ်ထဲဆွမ်းစားကြွဖူးတယ်။ တပ်ဝင်းကြီးတစ်ခုလုံး စိုက်ခင်းတွေ ဝေဝေဆာဆာတွေ့လိုက်ရတော့ ဘယ်လိုဝမ်းသာမှန်းကိုမသိဘူး။ သူတို့က စစ်ရေးပြကွင်းတောင် အလကားထားတာ မဟုတ်ဘူး။ စိုက်လို့ရတာတော့ စိုက်ထားလိုက်သေးတာ။ မြက်တွေစိုက်ထားတာလေ။ စိမ်းလို့။ စစ်ရေးပြလျှောက်တဲ့အခါ မျက်စိပသာဒဖြစ်အောင်ပေါ့။ ဆိုင်းဘုတ်ကလေး တစ်ခုဆို မှတ်မိနေသေးရဲ့။

တံငါသည် ငါးရှာသွားရင် ငါးပါလာရမယ်

မုဆိုးတောလိုက်သွားရင် သားကောင်ပါလာရမယ်

စစ်သားစစ်တိုက်သွားရင် ရန်သူ့အလောင်းလက်နက်ပါလာရမယ်။

တဲ့ဟုတ်တာပေါ့။ တိုင်းပြည်ရဲ့ ရန်စွယ်ဘယ်နှခုကို ငါတို့ရဲ့ ရဲစွမ်းသတ္တိနဲ့ချိုးဖဲ့ဖျက်ဆီးခဲ့ပြီဆိုတာ သက်သေပြနိုင်ရမယ်မဟုတ်လား။ ကိုယ်တောင်သဘောကျလွန်းလို့ ကိုယ့်တပည့်ရဟန်းတစ်ပါးကို ပြောလိုက်သေးတယ်။

"အေး. . ဘုန်းကြီး

ဆွမ်းစားကြွရင် ကန်တော့ပွဲပါရမယ်. . . လို့ဆောင်ပုဒ်ရေးရမလို

ဖြစ်နေပြီ”

ဆက်စပ်တွေးယူမယ်ဆိုရင်တော့ အများကြီးရတာပေါ့လေ။

ယောဂီ. . . ရိပ်သာဝင်ရင် ဝိပဿနာဉာဏ်ပါရမယ်။

ဥပုသ်သည်. . . ဥပုသ်စောင့်သွားရင် သီလကုသိုလ်ပါရမယ်။

စသဖြင့်ပေါ့။ နောင်တော်က ပြောပါတယ်။

“တပည့်တော်တို့ တပ်ထဲမှာတော့ အထက်လူကြီးတွေရဲ့ ညွှန်ကြားချက်နဲ့ အိမ်ထောင်စုတစ်စုကို ဆယ်မျိုးဆယ်ပင်စိုက်ပျိုးကြတယ် ဘုရား။ ဒါကြောင့် ဟင်းသီးဟင်းရွက်ကို အပြင်က ဝယ်စားစရာမလိုဘူး။ ပိုလို့တောင် အပြင်မှာ ပြန်ရောင်းရသေးတယ်”

. . . တဲ့။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပဲ သူ့အိမ်မှာ ဆယ်မျိုးဆယ်ပင်စိုက်စားသွားခဲ့တာပါ။ ဒါဟာ ချီးမွမ်းစရာ ဂုဏ်ယူစရာ မြန်မာ့စိတ်ဓာတ်ပါ။ “ကိုယ့်အားကိုယ်ကိုး၊ စွမ်းအားတိုး၊ အမျိုးသန့်တာ၊ တို့မြန်မာ” ဆိုတဲ့ ခေါင်းစဉ်နဲ့ မြန်မာ့အလင်းတို့၊ ကြေးမုံတို့မှာ ဆောင်းပါး ရေးရင် ပထမဆုများရမလား မသိဘူး။ ထားပါတော့။ ကံပြင်းပင်။ အင်္ဂါရသ ဂေါတမရသေ့တက်နေတဲ့ ကံပြင်းပင်ဆီဆက်ကြဦးစို့။ ကံပြင်းပင်ကတော့ စိုက်ထားတာမဟုတ်ဘူး။ သူ့ဟာသူ အလေ့ကျပေါက်ပြီး ကြီးထွားနေတာပါ။ အင်္ဂါရသဂေါတမရသေ့က ကံပြင်းပင်ပေါ်ကနေ ကံပြင်းသီးတွေခူး မြေပြင်ပေါ်ပစ်ချ၊ ကံပြင်းကိုင်းတွေချိုး မြေပြင်ပေါ်ပစ်ချလုပ်နေတယ်။ အရွက် အသီးတွေကို ပြုတ်စားမယ်ပေါ့။ အင်္ဂါရသဂေါတမရသေ့ရဲ့ သစ်သီးသစ်ရွက် ပစ်ချသံတွေကြောင့် သမင်များလန့်ပြေးကုန်ကြသတဲ့။ သမင်ချောင်းနေတဲ့ အဋ္ဌုနမင်းက အင်မတန်ဒေါသထွက်တာပေါ့။ အင်္ဂါရသဂေါတမရသေ့ကို အဆိပ်လူးမြှားနဲ့ လှမ်းကန်တော့လိုက်တော့ ဘာပြောကောင်းမလဲ ရသေ့ကို ကျွမ်းပြန်ကျကရော။ အင်္ဂါရသဂေါတမရသေ့ခမျာ ကျရလည်း မသက်သာ။ အောက်မှာ အဆင်သင့် ချွန်လျက်သားထောင်နေတဲ့ ရှားငုတ်က စူးပြန်သေး သတဲ့။ ဘယ်နားစူးတယ်ဆိုတာတော့ စာမှာပြမထားလို့ မသိဘူး။ အင်္ဂါရသ ဂေါတမရသေ့ အနိစ္စသဘောနဲ့ ကိစ္စချောသွားတာပဲ သိတယ်။

အဲဒီ အကုသိုလ်မီးက အဋ္ဌုနမင်းကို ချက်ချင်းလောင်ပါတယ်။ အရင်က သမင်သတ်တဲ့ အကုသိုလ်တွေရယ်၊ အခု အင်္ဂါရသဂေါတမရသေ့ကို သတ်တဲ့ အကုသိုလ်တွေရယ် ပူးပေါင်းပြီးတော့ အကျိုးပေးတယ်လို့ ထင်ပါတယ်။

အရှုနမင်း အဲဒီနားတင် အရှင်လတ်လတ်မြေမြှုပြီး သတ္တိသူလာငရဲကို ကျရောက်သွားခဲ့တယ်။

ဒါကလည်း အလောင်ခံရတဲ့ ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ ၂၁ရာစုထဲလူဖြစ်လာတဲ့ ကလေးတချို့ ငရဲရှိတာကိုလက်မခံနိုင်ဘူးလို့ဆိုတယ်။ ဘာသာရေးကဘိန်းပဲ ယစ်မူးစေတယ်လို့လည်း ဆိုပါတယ်။ ဂျွန်မီလ်တန်ရဲ့စကားကိုကိုးကားပြီးတော့မှ ကောင်းကင်ဘုံမှာ အစေခံလုပ်ရခြင်းထက် ငရဲပြည်မှာ ဗိုလ်လုပ်ရခြင်းက ပိုကောင်းတယ်လို့ဆိုသူတွေလည်း မရှားပြန်ဘူး။ ကမ္ဘာတောင်ပြားလာတဲ့ခေတ်မှာ ငရဲလည်းပြားပြီပေါ့လို့ အတိုအန့် အစုတ်အပြဲယဉ်ကျေးမှုပိုင်ရှင်ကောင်မလေးတွေက ဆိုတယ်။ ကိုယ်တွေကတော့ စာလာပေလာအတိုင်း ငရဲရှိကြောင်းပြောရတာပဲ။ ယုံတာမယုံတာ သူတို့အပိုင်းပေါ့။ ယုတ္တိဗေဒနည်းအရကြည့်ရင် ငရဲရှိကြောင်းထင်ရှားနေတာပဲ။ လောကမှာ (တဒင်္ဂလေး)တစ်ကြိမ်တစ်ခါ ကျူးလွန်မိတဲ့အပြစ်အတွက်တောင်မှ အပြစ်ဒဏ်ပေးဖို့ ထောင်တွေရဲဘက်စခန်းတွေ ရှိသေးရင် နှလုံးသွင်းမှားပြီး အကြိမ်ကြိမ်ကျူးလွန်မိတဲ့ အပြစ်တွေအတွက်ရော ပြစ်ဒဏ်ပေးဖို့နေရာဆိုတာ မရှိနိုင်ပေဘူးလားပေါ့။ လောင်စရာရှိရင် လောင်တာမရှိနိုင်ဘူးလား။ အကုသိုလ်ကံလောင်စာရှိရင် လောင်တတ်တဲ့ ငရဲမီး၊ ငရဲဘုံဆိုတာရှိရမယ်ဆိုတဲ့ အကြောင်းကောင်းကောင်း သဘောပေါက်စေအပ်ပါတယ်။

ဆင်းရဲတင်းကွာ ချမ်းသာကြပါစေ။

# ကျမ်းကိုး

၁။ ပါရာဇိကဏ် အဋ္ဌကထာ

၂။ သာရတ္ထ ဒီပနီဋီကာ

၃။ ဝိမတိ နောဒနီဋီကာ

၄။ ပရမတ္ထ ဒီပနီ

၅။ မင်းကွန်းအလယ်တောရ ဆရာတော်နှင့် မန်လည်ဆရာတော်တို့၏ အမေးအဖြေ

၆။ ထေရာပဒါန် ပါဠိတော်၊ ထေရီပဒါန် ပါဠိတော်နှင့် ၎င်း အဋ္ဌကထာများ

၇။ ထေရဂါထာ ထေရီဂါထာပါဠိတော်နှင့် ၎င်း အဋ္ဌကထာများ

၈။ အဋ္ဌသာလိနီ အဋ္ဌကထာ

၉။ မူလဋီကာ

၁၀။ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ။

၁၁။ အင်္ဂုတ္တရ နိကာယ်၊ ဒုစ္စရိတ ဝါပါကသုတ္တန်

၁၂။ အင်္ဂုတ္တရ နိကာယ်၊ ပထမဝေရ သုတ္တန်နှင့် ရာဇာသုတ္တန်။

၁၃။ မောင်ဇေယျာ၏ မြန်မာလူကျော် (၁၀၀) ပထမတွဲ။

၁၄။ ဖေမြင့်၏ စာအုပ်ကမ္ဘာ

၁၅။ လူထုဦးလှ အထုပ္ပတ္တိ

၁၆။ အဏ္ဏဝါစိုးမိုး၏ ပင်လယ်ပျော်ကြီး

၁၇။ စိုးအောင်၏ ဗုဒ္ဓဝင်မှသိမှတ်ဖွယ်ရာများ

၁၈။ အရှင်ဇနကာ ဘိဝံသ၏ အနာဂတ်သာသနာရေး

၁၉။ သံယုတ္တနိကာယ်၊ နိဒါနဝဂ္ဂသံယုတ်

၂၀။ မဟာစည်ဆရာတော်၏ ဓမ္မဆောင်ပုဒ်များ

၂၁။ မိလိန္ဒပဉှ ပါဠိတော်

၂၂။ ဦးရွှေအောင်၏ ကိုယ်ကျင့်ဗုဒ္ဓဝင်

၂၃။ ဇာတကဋ္ဌကထာ မဟာသုတသောမဇာတ်

၂၄။ ဓမ္မာစရိယ ဦးဌေးလှိုင်၏ ဘဝခုံရုံး

၂၅။ ဦးသီလာစာရ၏ ဗုဒ္ဓဂီတိကာ

၂၆။ သင်္ဂဇာဆရာတော်၏ စတုရာရက္ခကျမ်း

၂၇။ ဦးသုနန္ဒ၏ ဘာဝနာ နယသင်္ခေပကျမ်း

၂၈။ အရှင်ဇနကာဘိဝံသ၏ သဂြိုဟ်ဘာသာဋီကာ

၂၉။ မန်လည်ဆရာတော်၏ မယဒေဝ

၃၀။ တိကင်္ဂုတ္တရပါဠိတော်၊ မဟာဝဂ်၊ ဘယသုတ္တန်

၃၁။ သံယုတ္တနိကာယ်၊ ဇရာဝဂ်၊ ဇရာဓမ္မသုတ္တန်

၃၂။ ဇာတကပါဠိတော်၊ ဝေဒဗ္ဗဇာတ်

၃၃။ ပေတဝတ္ထုပါဠိတော်၊ ဥတ္တရမာတုပေတဝတ္ထု

၃၄။ ဦးရွှေအောင်၏ ဓမ္မပဒ၊ အပ္ပမာဒဝဂ်

၃၅။ သံယုတ္တနိကာယ်၊ ဒေဝတာသံယုတ်၊ သတ္တိဝဂ်၊ စတုစက္ကသုတ္တန်

၃၆။ စကင်္ဂုရပါဠိတော်၊ သုပ္ပဝါသာသုတ္တန်၊ သုဒတ္တသုတ္တန်

၃၇။ ဘောဇနသုတ္တန်

၃၈။ အင်္ဂုတ္တရနိကာယ်၊ ယမရာဇသုတ္တန်

၃၉။ တက္ကသိုလ်သျှသီရိ၏ ငရဲဟူသည်

၄၀။ အရှင်ပညာဒီပ၏ ဓမ္မပဒ (အင်္ဂလိပ်-မြန်မာ)

၄၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ

၄၂။ ဓမ္မာစရိယ ဦးဌေးလှိုင်၏ ဗိုဘယ့်. . . ခရီးသည်

၄၃။ ဇာတကဋ္ဌကထာ၊ ဟံစိဝဂ်၊ အနုသာသိကဇာတ်

၄၄။ သကုဏဇာတ်

၄၅။ တည်တောဆရာတော်၏ ကာမဟူသည်

၄၆။ အရှင်ဇောတိသာရ (စဉ့်ကူး)၏ ဟောဖို့ပြောဖို့ကိုးကားဖို့ (ပထမတွဲ)

၄၇။ မိလိန္ဒပဉှာ၊ အရဟတ္တအဘာယနပဉှာ

၄၈။ လယ်တီဦးဝိလာသ၏ လာဇာဒေဝီတရား

၄၉။ ဓမ္မပဒ၊ လာဇာနတ်သမီးဝတ္ထု